# The Constitution

## OF THE REPUBLIC OF SOUTH AFRICA, 1996



As adopted on 8 May 1996 and amended
on 11 October 1996 by the Constitutional Assembly

**ISBN 978-0-621-39063-6**

“This is a direct, unoffical translation of the English version of the Constitution of South Africa published by Department of Justice and Constitutional Development (https://www.justice.gov.za/legislation/constitution/pdf.html). The accuracy of the translated text has not be verified by International IDEA. In case of doubt, the original English version prevails.”

# ဖွဲ့စည်းပုံအခြေခံဥပဒေ

# တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ



၁၉၉၆ ခုနှစ် မေလ ၈ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ
တိုင်းပြုပြည်ပြုလွှတ်တော်မှ ၁၉၉၆ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင်
ပြင်ဆင်ခဲ့သည့်အတိုင်း

**ISBN 978-0-621-39063-6**

“တရားမျှတရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတိုးတက်မှုဆိုင်ရာဌာန
(https://www.justice.gov.za/legislation/constitution/pdf.html) မှ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေထားသော
တောင်အာဖရိကဖွဲ့စည်းပုံအခြေခံဥပဒေကို တိုက်ရိုက် အလွတ်သဘော ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။
ဘာသာပြန်ဆိုထားမှု၏ တိကျမှုကို International IDEA မှ အတည်ပြုပေးနိုင်ခြင်းမရှိသေးပါ။
ဘာသာပြန်ထားမှုမရှင်းလင်းပါက မူရင်းအင်္ဂလိပ်ဘာသာကို အတည်ယူပါ။”

# CONSTITUTION OF THEREPUBLIC OF SOUTH AFRICA

**(Manner of reference to the Act, previously "Constitution of the Republic of South Africa, Act 108 of 1996", substituted by s. 1 (1) of the Citation of Constitutional Laws, 2005 (Act No. 5 of 2005)**

**[Assented to 16 December 1996]**

[DATE OF PROMULGATION: 18 DECEMBER, 1996]

[DATE OF COMMENCEMENT: 4 FEBRUARY, 1997]

(unless otherwise indicated - see also s. 243[5])

(English text signed by the President)

as amended by

Constitution First Amendment Act of 1997

Constitution Second Amendment Act of 1998

Constitution Third Amendment Act of 1998

Constitution Fourth Amendment Act of 1999

Constitution Fifth Amendment Act of 1999

Constitution Sixth Amendment Act of 2001

Constitution Seventh Amendment Act of 2001

Constitution Eighth Amendment Act of 2002

Constitution Ninth Amendment Act of 2002

Constitution Tenth Amendment Act of 2003

Constitution Eleventh Amendment Act of 2003

Constitution Twelfth Amendment Act of 2005

Constitution Thirteenth Amendment Act of 2007

Constitution Fourteenth Amendment Act of 2008

Constitution Fifteen Amendment Act of 2008

Constitution Sixteenth Amendment Act of 2009

Constitution Seventeenth Amendment Act of 2012

In terms of Proclamation No. 26 of 26 April, 2001, the administration of this Act has been assigned to the Minister for Justice and Constitutional Development.

**ACT**

To introduce a new Constitution for the Republic of South Africa and to provide for matters incidental thereto.

# ဖွဲ့စည်းပုံအခြေခံဥပဒေ တောင်အာဖရိက သမ္မတ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ

အမှတ် ၁၀၈ ၊ ၁၉၉၆ ခုနှစ် (ပြဋ္ဌာန်းသည့် ရက်စွဲ- ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်)

(စတင် အာဏာတည်သည့် ရက်စွဲ- ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်)

(အခြားရက်စွဲ ဖော်ပြခြင်းမရှိလျှင်) (အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားသည့် ဥပဒေအား နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးထားပါသည်)

*၁၉၉၇ ခုနှစ် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်အက်ဥပဒေ အမှတ် ၃၅၊*
*၁၉၉၈ ခုနှစ် တောင်အာဖရိက သမ္မတ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်အက်ဥပဒေ အမှတ် ၆၅၊*
*၁၉၉၈ ခုနှစ် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်အက်ဥပဒေ အမှတ် ၈၇၊*
*၁၉၉၉ ခုနှစ် တောင်အာဖရိကသမ္မတနိုင်ငံ၏ အခြေခံ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်အက်ဥပဒေ အမှတ် ၂၊*
*၁၉၉၉ ခုနှစ် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်အက်ဥပဒေ အမှတ် ၃၊*
*၂၀၀၁ ခုနှစ် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်အက်ဥပဒေ အမှတ် ၃၄၊*
*၂၀၀၁ ခုနှစ် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်အက်ဥပဒေ အမှတ် ၆၁၊*
*၂၀၀၂ ခုနှစ် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်အက်ဥပဒေ အမှတ် ၁၈၊*
*၂၀၀၂ ခုနှစ် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်အက်ဥပဒေ အမှတ် ၂၁၊*
*၂၀၀၃ ခုနှစ် တောင်အာဖရိက သမ္မတ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်အက်ဥပဒေ အမှတ် ၂၊*
*၂၀၀၃ ခုနှစ် တောင်အာဖရိက သမ္မတ နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်အက်ဥပဒေ အမှတ် ၃၊*
*တို့ဖြင့် ပြင်ဆင်ထားသည်။*

## အထွေထွေမှတ်ချက်

၁၉၉၈ ခုနှစ် အက်ဥပဒေ အမှတ် ၆၅၊ ပုဒ်မ ၄ အရ "လူ့အခွင့်အရေး ကော်မရှင်" အား၊ ဖော်ပြရန်လိုအပ်သည့် အခြေ အနေတိုင်းတွင် "တောင်အာဖရိကနိုင်ငံ၏ လူ့အခွင့်အရေး ကော်မရှင်" ဟူသော အသုံးအနှုန်းဖြင့် အစားထိုးရမည်။

၂၀၀၁ ခုနှစ် ဧပြီလ ၂၆ရက် နေ့ ရက်စွဲပါ ထုတ်ပြန်ကြေငြာချက် အမှတ် ၂၆ အရ ဤ အက်ဥပဒေကို စီမံအုပ်ချုပ်ရန်အတွက် အခြေခံဥပဒေဖွံ့ဖြိုးတိုးတက်ရေးနှင့် တရားရေး ဝန်ကြီးအား တာဝန်ပေးအပ် ပါသည်။

## အက်ဥပဒေ

ဖွဲ့စည်းပုံ အခြေခံ ဥပဒေအသစ်အား တောင်အာဖရိက သမ္မတနိုင်ငံတွင် စတင် အသက်ဝင်စေရန် နှင့် ထိုအချိန်မှ စ၍ ၎င်းနှင့် ယှဉ်တွဲလျက်ရှိသည့် ကိစ္စရပ်များအတွက် အထောက်အကူပြုရန်။

## CONTENTS


**PREAMBLE**

…………………………………………………………………………………………………………

**CHAPTER 1**
*Founding Provisions*

…………………………………………………………………………………………………………

**CHAPTER 2**
*Bill of Rights*

…………………………………………………………………………………………………………

**CHAPTER 3**
*Co-operative Government*

…………………………………………………………………………………………………………

**CHAPTER 4**
*Parliament*

…………………………………………………………………………………………………………

**CHAPTER 5**
*The President and National Executive*

…………………………………………………………………………………………………………

**CHAPTER 6**
*Provinces*

…………………………………………………………………………………………………………

**CHAPTER 7**
*Local Government*

…………………………………………………………………………………………………………

**CHAPTER 8**
*Courts and Administration of Justice*

…………………………………………………………………………………………………………

**CHAPTER 9**
*State Institutions Supporting Constitutional Democracy*

…………………………………………………………………………………………………………

**CHAPTER 10**
*Public Administration*

…………………………………………………………………………………………………………

**CHAPTER 11**
*Security Services*

…………………………………………………………………………………………………………

**CHAPTER 12**
*Traditional Leaders*

…………………………………………………………………………………………………………

## မာတိကာ


**ပုဒ်မများ**

**နိဒါန်း**

……………………………………………………………………………………………

**အခန်း** ၁ အခြေခံ ပြဋ္ဌာန်းချက်များ

……………………………………………………………………………………………

**အခန်း** ၂ လူတစ်ဦးချင်းစီ၏ အခြေခံအကျဆုံး အခွင့်အရေးများကို အာမခံထားသည့် ဥပဒေ

……………………………………………………………………………………………

**အခန်း** ၃ ပါဝင်ပူးပေါင်းဆောင်ရွက်သည့် အစိုးရ

……………………………………………………………………………………………

**အခန်း** ၄ ဥပဒေပြုလွှတ်တော်

……………………………………………………………………………………………

**အခန်း** ၅ သမ္မတ နှင့် နိုင်ငံတော်အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့

……………………………………………………………………………………………

**အခန်း** ၆ ပြည်နယ်များ

……………………………………………………………………………………………

**အခန်း** ၇ ဒေသဆိုင်ရာ အစိုးရ

……………………………………………………………………………………………

**အခန်း** ၈ တရားရုံးများနှင့် တရားစီရင်ရေး စီမံခန့်ခွဲမှု

……………………………………………………………………………………………

**အခန်း** ၉ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ဒီမိုကရေစီစနစ် အတွက် ပံ့ပိုးကူညီပေးလျက် ရှိသည့် နိုင်ငံတော် အဖွဲ့အစည်းများ

……………………………………………………………………………………………

**အခန်း** ၁၀ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု

……………………………………………………………………………………………

**အခန်း** ၁၁ လုံခြုံရေး ဆိုင်ရာ ဝန်ဆောင်မှုများ

……………………………………………………………………………………………

**အခန်း** ၁၂ ရိုးရာအစဉ်အလာ ခေါင်းဆောင်များ

……………………………………………………………………………………………

CHAPTER 13

*Finance*

……………………………………………………………………………………………………

CHAPTER 14

*General Provisions*

……………………………………………………………………………………………………

SCHEDULE 1 *National Flag*

……………………………………………………………………………………………

SCHEDULE 1A *Geographical Areas of Provinces*

……………………………………………………………………………………………

SCHEDULE 2 *Oaths and Solemn Affirmations*

……………………………………………………………………………………………

SCHEDULE 3 *Election Procedures*

……………………………………………………………………………………………

SCHEDULE 4 *Functional Areas of Concurrent National and Provincial Legislative Competence*

……………………………………………………………………………………………

SCHEDULE 5 *Functional Areas of Exclusive Provincial 138 Legislative Competence*

……………………………………………………………………………………………

SCHEDULE 6 *Transitional Arrangements*

……………………………………………………………………………………………

SCHEDULE 6A *[Schedule 6A inserted by s. 6 of the 172 Constitution Tenth Amendment Act of 2003 and repealed by s. 6 of the Constitution Fourteenth Amendment Act of 2008.]*

……………………………………………………………………………………………

SCHEDULE 6B *[Schedule 6B, previously Schedule 6A, 173 inserted by s. 2 of the Constitution Eighth Amendment Act of 2002, renumbered by s. 6 of the Constitution Tenth Amendment Act of 2003 and repealed by s. 5 of the Constitution Fifteenth Amendment Act of 2008.]*

……………………………………………………………………………………………

SCHEDULE 7 *Laws Repealed*

……………………………………………………………………………………………

INDEX

……………………………………………………………………………………………………

**အခန်း ၁၃** ဘဏ္ဍာရေး

……………………………………………………………………………………………

**အခန်း ၁၄** အထွေထွေ ပြဋ္ဌာန်းချက်

……………………………………………………………………………………………

*ဇယား ၁* *အမျိုးသား အလံ*

……………………………………………………………………………………………

*ဇယား ၂* *ကျမ်းသစ္စာကျိန်ဆိုခြင်း နှင့် ကတိသစ္စာပြုခြင်း*

……………………………………………………………………………………………

*ဇယား ၃* *ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများ*

……………………………………………………………………………………………

*ဇယား ၄* *နိုင်ငံတော်နှင့် ပြည်နယ် ဥပဒေပြုရေးလုပ်ပိုင်ခွင့်အာဏာ၏ လုပ်ကိုင်ဆောင်ရွက်နိုင်သည့် နယ်ပယ်များ*

……………………………………………………………………………………………

*ဇယား ၅* *ပြည်နယ် ဥပဒေပြုရေးလုပ်ပိုင်ခွင့်အာဏာသီးသန့်ဖြင့်သာ လုပ်ကိုင်ဆောင်ရွက်နိုင်သည့် နယ်ပယ်များ*

……………………………………………………………………………………………

*ဇယား ၆* *အသွင်ကူးပြောင်းရေးဆိုင်ရာ အစီအမံများ*

……………………………………………………………………………………………

*ဇယား ၆-က* *နိုင်ငံရေးပါတီပြောင်း၍ အဖွဲ့ဝင်ခြင်း၊ နိုင်ငံရေးပါတီများ ပူးပေါင်းခြင်း၊ နိုင်ငံရေးပါတီများ ခွဲထွက်ခြင်း နှင့် နိုင်ငံရေးပါတီများ ခွဲထွက်၍ ပူးပေါင်းခြင်း များဖြစ်ပြီးနောက် ပြည်သူ့ လွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော် အဖွဲ့ဝင်ဖြစ်မှုကို ဆက်လက်ထိန်းသိမ်းထားခြင်း*

……………………………………………………………………………………………

*ဇယား ၆-ခ* *နိုင်ငံရေးပါတီပြောင်း၍ အဖွဲ့ဝင်ခြင်း၊ နိုင်ငံရေးပါတီများ ပူးပေါင်းခြင်း၊ နိုင်ငံရေးပါတီများ ခွဲထွက်ခြင်း နှင့် နိုင်ငံရေးပါတီများ ခွဲထွက်၍ ပူးပေါင်းခြင်း နှင့်လစ်လပ်ရာထူးများ ဖြည့်စွက် ပြီးနောက် မြူနီစပါယ် ကောင်စီအဖွဲ့ဝင်အဖြစ်မှ ဆုံးရှုံးခြင်း သို့မဟုတ် အဖွဲ့ဝင်ဖြစ်မှု အား ဆက်လက် ထိန်းသိမ်းထားခြင်း*

……………………………………………………………………………………………

*ဇယား ၇* *ဖျက်သိမ်းခဲ့သည့် ဥပဒေများ*

……………………………………………………………………………………………

*နောက်ဆက်တွဲ*

……………………………………………………………………………………………

# PREAMBLE

*We, the people of South Africa, Recognise the injustices of our past; Honour those who suffered for justice and freedom in our land; Respect those who have worked to build and develop our country; and Believe that South Africa belongs to all who live in it, united in our diversity. We therefore, through our freely elected representatives, adopt this Constitution as the supreme law of the Republic so as to -*

> *Heal the divisions of the past and establish a society based on democratic values, social justice and fundamental human rights;*
>
> *Lay the foundations for a democratic and open society in which government is based on the will of the people and every citizen is equally protected by law;*
>
> *Improve the quality of life of all citizens and free the potential of each person; and*
>
> *Build a united and democratic South Africa able to take its rightful place as a sovereign state in the family of nations.*

*May God protect our people.*
*Nkosi Sikelel' iAfrika. Morena boloka setjhaba sa heso.*
*God seën Suid-Afrika. God bless South Africa.*
*Mudzimu fhatutshedza Afurika. Hosi katekisa Afrika.*

## ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်း

*တောင်အာဖရိက ပြည်သူပြည်သားများဖြစ်သည့် ကျွန်ုပ်တို့သည်၊ အတိတ်တွင် ရှိခဲ့သည့် တရားမျှတခြင်း ကင်းမဲ့မှုများအား အသိအမှတ်ပြုလျက် ကျွန်ုပ်တို့၏ အမိမြေပေါ်တွင် တရားမျှတမှုနှင့် လွတ်လပ်မှုတို့အတွက် ထိခိုက်ခံစားခဲ့ကြရသူများအား ဂုဏ်ပြုလျက် ကျွန်ုပ်တို့ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ခဲ့သူများအား လေးစားလျက် တောင်အာဖရိကနိုင်ငံသည် မတူကွဲပြားမှုများကြားမှ စည်းလုံးညီညွတ်ခဲ့သည့် ပြည်သူပြည်သားအားလုံးနှင့် သက်ဆိုင်သည်ဟူ၍ ယုံကြည်ပါသည်။ သို့ဖြစ်၍ကျွန်ုပ်တို့သည်လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ထားသည့်ပြည်သူ့ကိုယ်စားလှယ်များမှတဆင့်ဤဖွဲ့စည်းပုံ အခြေခံဥပဒေအား သမ္မတနိုင်ငံ၏ အမြင့်ဆုံးဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့ခြင်းမှာ -*

*အတိတ်ကာလမှ ခွဲခြားမှုများအား ကုစားပြီး ဒီမိုကရေစီစနစ်၏ တန်ဘိုးများ၊ လူမှုတရားမျှတမှု နှင့် အခြေခံ လူ့အခွင့်အရေး များပေါ်တွင် အခြေခံသည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန်*

*နိုင်ငံသားတိုင်းအား ဥပဒေနှင့် အညီ မျှတစွာ အကာအကွယ်ပေးထားပြီး ပြည်သူ့ဆန္ဒကိုအခြေခံသော အစိုးရတစ်ရပ်ရှိသည့် ဒီမိုကရေစီနည်းကျ ပွင့်လင်းသည့် လူ့အဖွဲ့အစည်းအတွက် အခြေခံအုတ်မြစ်များ ချပေးရန်*

*နိုင်ငံသားတိုင်း၏ ဘဝနေထိုင်မှုအရည်အသွေး ပိုမိုကောင်းမွန်စေရန် နှင့် တစ်ဦးချင်း စွမ်းဆောင်နိုင်စွမ်းရှိသလောက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် နှင့်*

*နိုင်ငံတကာ မိသားစုများအလယ်တွင် အချုပ်အခြာ အာဏာပိုင်သည့် နိုင်ငံတစ်ခုအနေဖြင့် မှန်ကန်စွာ ရပ်တည်နိုင်သော စည်းလုံးညီညွတ်ပြီး ဒီမိုကရေစီကျသည့် တောင်အာဖရိက နိုင်ငံ တည်ဆောက်ရန် ဖြစ်သည်။*

*ကျွန်ုပ်တို့တိုင်းသူပြည်သားတွေကို ဘုရားသခင် စောင့်ရှောက်ပါစေ။*

*အာဖရိက ကို ဘုရားသခင် ကောင်းချီးပေးပါစေ။*

(ဆိုဆာ၊  ဆီဆိုသို၊ ဇူးလူး၊ အာဖရိကန် နှင့် အင်္ဂလိပ်ဘာသာစကားများဖြင့်)

# CHAPTER 1
# FOUNDING PROVISIONS

## Republic of South Africa

1. The Republic of South Africa is one, sovereign, democratic state founded on the following values:

(a) Human dignity, the achievement of equality and the advancement of human rights and freedoms.

(b) Non-racialism and non-sexism.

(c) Supremacy of the constitution and the rule of law.

(d) Universal adult suffrage, a national common voters roll, regular elections and a multi-party system of democratic government, to ensure accountability, responsiveness and openness.

## Supremacy of Constitution

2. This Constitution is the supreme law of the Republic; law or conduct inconsistent with it is invalid, and the obligations imposed by it must be fulfilled.

## Citizenship

3. (1) There is a common South African citizenship.

(2) All citizens are—

(a) equally entitled to the rights, privileges and benefits of citizenship; and

(b) equally subject to the duties and responsibilities of citizenship.

(3) National legislation must provide for the acquisition, loss and restoration of citizenship.

## National anthem

4. The national anthem of the Republic is determined by the President by proclamation.

## National flag

5. The national flag of the Republic is black, gold, green, white, red and blue, as described and sketched in Schedule 1.

## အခန်း ၁

## အခြေခံ ပြဋ္ဌာန်းချက်များ

၁။ **တောင်အာဖရိက သမ္မတနိုင်ငံ** - တောင်အာဖရိက သမ္မတနိုင်ငံသည် အောက်ဖော်ပြပါ တန်ဖိုးများပေါ် တွင် အခြေတည်၍ ဒီမိုကရေစီစနစ်ကိုထောက်ခံသည့် တစ်ခုတည်းသော အချုပ်အခြာ အာဏာပိုင် နိုင်ငံ တစ်နိုင်ငံဖြစ်ပါသည်-

(က) လူ့ဂုဏ်သိက္ခာ၊ သာတူညီမျှမှု ရယူအောင်မြင်နိုင်ခြင်းနှင့် လူ့အခွင့်အရေး နှင့် လွတ်လပ်မှုများ တိုးတက်ရရှိခြင်း

(ခ) လူမျိုးရေးခွဲခြားမှု မရှိခြင်း နှင့် လိင်ခွဲခြားမှု မရှိခြင်း

(ဂ) ဖွဲ့စည်းပုံ အခြေခံ ဥပဒေသည် အထွဋ်အထိပ်ဖြစ်ပြီး တရားဥပဒေစိုးမိုးမှု ရှိခြင်း

(ဃ) တာဝန်ယူမှု၊ တာဝန်ခံမှု၊ နှင့် ပွင့်လင်းမှုတို့ ရှိစေရန် သေချာအောင် ဆောင်ရွက်မည့် အရွယ်ရောက်ပြီးသူတိုင်း မဲပေးပိုင်ခွင့်၊ မဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများ စာရင်း၊ ပုံမှန်ကျင်းပသည့် ရွေးကောက်ပွဲများနှင့် ပါတီစုံစနစ် ဒီမိုကရေစီ အစိုးရ

၂။ **ဖွဲ့စည်းပုံ အခြေခံ ဥပဒေ၏ အထွဋ်အထိပ် ဖြစ်မှု**- ဤအခြေခံဥပဒေ သည် နိုင်ငံ၏ အထွဋ်အထိပ် ဥပဒေဖြစ်ပါသည်၊ ဤ ဥပဒေ နှင့် လျော်ညီမှုမရှိသည့် မည်သည့် ဥပဒေ သို့မဟုတ် ကျင့်ဝတ် မျှ တရားဝင်ခြင်းမရှိချေ၊ ဤဥပဒေမှ ပေးအပ်ထားသည့် တာဝန်ဝတ္တရား များအား ဖြည့်ဆည်း ရမည်ဖြစ်မည်။

၃။ **နိုင်ငံသားဖြစ်မှု** -

(၁) အားလုံးနှင့် ဆိုင်သည့် တောင်အာဖရိက နိုင်ငံသား ဖြစ်မှု အခွင့်အရေးရှိပါသည်။

(၂) နိုင်ငံသားများအားလုံးသည်-

(က) နိုင်ငံသားဖြစ်မှုအတွက် အပ်နှင်းထားသည့်/ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများ၊ အကျိုးခံစားခွင့်များ၊ အကျိုးများအား ညီတူညီမျှ ရပိုင်ခွင့်ရှိပါသည်။

(ခ) နိုင်ငံသားတိုင်း ထမ်းဆောင်ရမည့် တာဝန်နှင့် ဝတ္တရားများအား ညီတူညီမျှ ထမ်းဆောင်ရမည် ဖြစ်သည်။

(၃) နိုင်ငံသားဖြစ်မှု၊ ဆုံးရှုံး ခြင်းနှင့် ပြန်လည်ရယူခြင်း တို့အတွက် နိုင်ငံက ဥပဒေပြု ပြဋ္ဌာန်းပေးရမည် ဖြစ်သည်။

**နိုင်ငံတော် သီချင်း**

၄။ သမ္မတနိုင်ငံ၏ နိုင်ငံတော်သီချင်းအား နိုင်ငံတော် သမ္မတ၏ ကြေငြာချက်ဖြင့် သတ်မှတ် ပါသည်။

**နိုင်ငံတော် အလံ**

၅။ သမ္မတနိုင်ငံ၏ နိုင်ငံတော်အလံသည် အနက်ရောင်၊ ရွှေရောင်၊ အစိမ်းရောင်၊ အဖြူရောင်၊ အနီရောင် နှင့် အပြာရောင်တို့ဖြင့် ဇယား ၁ တွင် ပုံဖော်ရေး ဆွဲထားသည့် အတိုင်း ဖြစ်ပါသည်။

**Languages**

6. (1) The official languages of the Republic are Sepedi, Sesotho, Setswana, siSwati, Tshivenda, Xitsonga, Afrikaans, English, isiNdebele, isiXhosa and isiZulu.

(2) Recognising the historically diminished use and status of the indigenous languages of our people, the state must take practical and positive measures to elevate the status and advance the use of these languages.

(3) (a) The national government and provincial governments may use any particular official languages for the purposes of government, taking into account usage, practicality, expense, regional circumstances and the balance of the needs and preferences of the population as a whole or in the province concerned; but the national government and each provincial government must use at least two official languages.

(b) Municipalities must take into account the language usage and preferences of their residents.

(4) The national government and provincial governments, by legislative and other measures, must regulate and monitor their use of official languages. Without detracting from the provisions of subsection (2), all official languages must enjoy parity of esteem and must be treated equitably.

(5) A Pan South African Language Board established by national legislation must—

(a) promote, and create conditions for, the development and use of—

(i) all official languages;

(ii) the Khoi, Nama and San languages; and

(iii) sign language; and

(b) promote and ensure respect for—

(i) all languages commonly used by communities in South Africa, including German, Greek, Gujarati, Hindi, Portuguese, Tamil, Telegu and Urdu; and

(ii) Arabic, Hebrew, Sanskrit and other languages used for religious purposes in South Africa.

**ဘာသာစကားများ**

၆။ (၁) သမ္မတနိုင်ငံ၏ ရုံးသုံးဘာသာစကားများမှာ ဆယ်ပဲယ့်ဒီ၊ ဆီဆိုထို၊ ဆက်တ်ဆွာနာ၊ ဆစ်စ်ဆွာတီ၊ ရှီဗန်ဒါ ၊ ရှိတန်ဆွန်းဂါ၊ အက်ဖရီကန်းစ်၊ အင်္ဂလိပ်၊ အစ်စင်န်းဒလ်ဘလ်၊ အစ်စ်စီခေါ်ဆာ နှင့် အစ်စီဇူလူး တို့ ဖြစ်ပါသည်။

(၂) သမိုင်းကြောင်းတလျှောက် ကျွန်ုပ်တို့ပြည်သူပြည်သားများ၏ တိုင်းရင်းသားဘာသာစကားများ အသုံးပြုမှု နှင့် အဆင့်အတန်း လျော့ကျလာခြင်းကို သတိမူမိသဖြင့် ထိုဘာသာစကားများ၏ အဆင့်အတန်းမြှင့်တင်ရန် နှင့် အသုံးပြုမှု တိုးတက်လာစေရန် နိုင်ငံတော်အနေဖြင့် လက်တွေ့ကျပြီး အပြုသဘောဆောင်သည့် အစီအမံများ ဆောင်ရွက်မည်ဖြစ်သည်။

(၃) (က) နိုင်ငံတော် အစိုးရ နှင့် ပြည်နယ် အစိုးရများ မှ အသုံးပြုမှု၊ လက်တွေ့ကျမှု၊ အသုံးစရိတ်၊ ဒေသန္တရ ဆိုင်ရာ အခြေအနေများနှင့် ပြည်သူတစ်ရပ်လုံး သို့မဟုတ် သက်ဆိုင်ရာ ပြည်နယ် တို့၏ လိုအပ်ချက် နှင့် နှစ်သက်မှုတို့အား ချိန်ဆပြီး အစိုးရအနေဖြင့် အသုံးပြုရန်ရည်ရွယ်ချက်ဖြင့် ရုံးသုံးဘာသာစကား တစ်ရပ်ရပ် အသုံးပြုနိုင်မည် ဖြစ်ပါသည်။ သို့သော်လည်း နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရများအနေဖြင့် ရုံးသုံးဘာသာစကား အနည်းဆုံး နှစ်မျိုးအသုံးပြုရမည် ဖြစ်သည်။

(ခ) မြူနီစပယ်အာဏာပိုင်များအနေဖြင့် မြူနီစပယ် နယ်နမိတ်အတွင်း နေထိုင်သူများ နှစ်သက်အသုံးပြုသည့် ဘာသာ စကား အား ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။

(၄) နိုင်ငံတော်အစိုးရ နှင့် ပြည်နယ်အစိုးရများသည် ရုံးသုံး ဘာသာစကား အသုံးပြုမှုကို ဥပဒေပြုခြင်း နှင့် အခြား လုပ်ဆောင်မှုများဖြင့် စည်းမျဉ်းစည်းကမ်းထိန်းသိမ်းရန် နှင့် စောင့်ကြည့်ကြီးကြပ်ရမည်ဖြစ်ပါသည်၊ ပုဒ်မခွဲ (၂) တွင် ပါဝင်သည့် ပြဋ္ဌာန်းထားသည်များထက် ယုတ်လျော့ခြင်းမရှိစေဘဲ ရုံးသုံးဘာသာစကားများအားလုံး တန်းတူညီမျှသည့် တန်ဖိုးထားမှုရရှိစေပြီး သာတူညီမျှ ဆက်ဆံခြင်း ခံစေရမည် ဖြစ်သည်။

(၅) နိုင်ငံတော် ဥပဒေ အရ တည်ထောင်ခဲ့သည့် တောင်အာဖရိက ဘာသာစကား ဘုတ်အဖွဲ့တွင် သည်-

(က) ၁) ရုံးသုံးဘာသာစကားအားလုံး

၂) ကွိုင်၊ နာမာ နှင့် ဆန် ဘာသာစကား နှင့်

၃)သင်္ကေတသာသာစကားတို့အားအသုံးပြုရန်နှင့်ဖွံ့ဖြိုးတိုးတက်စေရန် မြှင့်တင်ပေးခြင်းနှင့်အခြေအနေ များဖန်တီးပေးရမည် ။

(ခ) ၁) ဂျာမန်၊ ဂရိ၊ဂူဂျာရတီ၊ ဟင်ဒီ၊ ပေါ်တူဂီ၊ တမီလ်၊ တေလဂူ နှင့် အူရ်ဒူ ဘာသာ စကားများ အပါအဝင် တောင်အာဖရိကရှိ လူမှုအသိုက်အဝန်းများက အသုံးပြုလေ့ရှိသည့် ဘာသာစကားများအားလုံး နှင့်

၂) တောင်အာဖရိကရှိ ဘာသာရေးအတွက် ရည်ရွယ် အသုံးပြုသည့် အာရဗီ၊ ဟီးဘရူး၊ သသက်ရိုင်နှ် နှင့် အခြားဘာသာစကားများအား မြှင့်တင်ရန် နှင့် လေးစားမှုရှိစေရန် သေချာစေရမည်။

# CHAPTER 2
# BILL OF RIGHTS

## Rights

7. (1) This Bill of Rights is a cornerstone of democracy in South Africa. It enshrines the rights of all people in our country and affirms the democratic values of human dignity, equality and freedom.

(2) The state must respect, protect, promote and fulfil the rights in the Bill of Rights.

(3) The rights in the Bill of Rights are subject to the limitations contained or referred to in section 36, or elsewhere in the Bill.

## Application

8. (1) The Bill of Rights applies to all law, and binds the legislature, the executive, the judiciary and all organs of state.

(2) A provision of the Bill of Rights binds a natural or a juristic person if, and to the extent that, it is applicable, taking into account the nature of the right and the nature of any duty imposed by the right.

(3) When applying a provision of the Bill of Rights to a natural or juristic person in terms of subsection (2), a court—

(a) in order to give effect to a right in the Bill, must apply, or if necessary, develop, the common law to the extent that legislation does not give effect to that right; and

(b) may develop rules of the common law to limit the right, provided that the limitation is in accordance with section 36(1).

(4) A juristic person is entitled to the rights in the Bill of Rights to the extent required by the nature of the rights and the nature of that juristic person.

## အခန်း ၂

## လူတစ်ဦးချင်းစီ၏ အခြေခံအကျဆုံး အခွင့်အရေးများကို အာမခံထားသည့် ဥပဒေ

**အခွင့်အရေးများ**

၇။ (၁) လူတစ်ဦးချင်းစီ၏ အခြေခံအကျဆုံး အခွင့်အရေးများကို အာမခံထားသည့် ဥပဒေသည် တောင်အာဖရိကနိုင်ငံ၏ ဒီမိုကရေစီ အခြေခံအုတ်မြစ် ဖြစ်ပါသည်။ ဤဥပဒေတွင် ကျွန်ုပ်တို့နိုင်ငံရှိ ပြည်သူများအားလုံး၏ အခွင့်အရေးများ ထည့်သွင်းထားပြီး လူ့ဂုဏ်သိက္ခာ၊ တန်းတူညီမျှမှုနှင့် လွတ်လပ်ခွင့် ဖြစ်သည့် ဒီမိုကရေစီ တန်ဖိုးများ ကို အမြတ်တနိုး ထားပါသည်။

(၂) နိုင်ငံတော်သည် လူတစ်ဦးချင်းစီ၏ အခြေခံအကျဆုံး အခွင့်အရေးများကို အာမခံထားသည့် ဥပဒေတွင် ပါဝင်သည့် အခွင့်အရေးများအား လေးစားခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ မြှင့်တင်ခြင်းနှင့် ဖြည့်ဆည်း ပေးခြင်းများပြုရမည်။

(၃) လူတစ်ဦးချင်းစီ၏ အခြေခံအကျဆုံး အခွင့်အရေးများကို အာမခံထားသည့် ဥပဒေပါရပိုင်ခွင့်များသည် ဥပဒေ ပုဒ်မ ၃၆ တွင် အခြား မည်သည့် ပြဋ္ဌာန်းချက်တွင်မဆို ပါဝင်သည့် သို့မဟုတ် ရည်ညွှန်းထားသည့် သို့မဟုတ် အခြားဥပဒေ၏ ပြဋ္ဌာန်းချက်များအရ ဖြစ်ပါသည်။

**အကျုံးဝင်မှု**

၈။ (၁) လူတစ်ဦးချင်းစီ၏ အခြေခံအကျဆုံး အခွင့်အရေးများကို အာမခံထားသည့် ဥပဒေသည် ဥပဒေ အားလုံး နှင့် အကျုံးဝင်ပြီး ဥပဒေပြုရေး၊ စီမံအုပ်ချုပ်ရေး၊ တရားစီရင်ရေး နှင့် နိုင်ငံတော်၏ အဖွဲ့အစည်းများ အစိတ်အပိုင်းများ အားလုံးနှင့်လည်း အကျုံးဝင်သည်။

(၂) လူတစ်ဦးချင်းစီ၏ အခြေခံအကျဆုံး အခွင့်အရေးများကို အာမခံထားသည့် ဥပဒေမှ ပြဋ္ဌာန်းချက်သည် လူပုဂ္ဂိုလ်ဖြစ်စေ သို့မဟုတ် ဥပဒေဆိုင်ရာ အခွင့်ရေးနှင့်တာဝန်များရှိသည့် အဖွဲ့အစည်း ဖြစ်စေ အခွင့်အရေး ၏ သဘောသဘာဝ နှင့် အခွင့်အရေး မှပေးအပ်သည့် မည်သည့် တာဝန် တို့နှင့် မဆို အကျုံးဝင်လျှင် ထို အတိုင်းအတာအထိ စည်းနှောင်မှုရှိပါသည်။

(၃) ပုဒ်မခွဲ (၂) အရ လူတစ်ဦးချင်းစီ၏ အခြေခံအကျဆုံး အခွင့်အရေးများကို အာမခံထားသည့် ဥပဒေ ပြဋ္ဌာန်းချက်များအား ပုဂ္ဂိုလ် သို့မဟုတ် ဥပဒေဆိုင်ရာ အခွင့်ရေးနှင့်တာဝန်များရှိသည့် အဖွဲ့အစည်းများအတွက် ကျင့်သုံးလျှင် တရားရုံးသည် -

(က) ဤဥပဒေ မှ ပေးအပ်သည့် အခွင့်အရေး ထိရောက်မှု ရှိစေရန် ကျင့်သုံးရမည် (သို့မဟုတ်) ထိုအခွင့်အရေး အတွက် တရားဥပဒေမှ ထိရောက်မှုရှိသည့် အတိုင်းအတာ မရောက်ရှိသေး သည့်အခါ အင်္ဂလိပ်ရိုးရာဥပဒေ ကိုတိုးတက်စေရန်ဆောင်ရွက်ရမည်ဖြစ်သည်။

(ခ) အခွင့်အရေးများ ကန့်သတ်ရန်အတွက် ပုဒ်မ ၃၆(၁) နှင့် အညီ ပေးအပ်ထားသည့် ကန့်သတ်မှုများအတွက် အင်္ဂလိပ်ရိုးရာဥပဒေ ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ ဖွံ့ဖြိုးတိုးတက် စေရန် ဆောင်ရွက်နိုင်သည်။

(၄) ဥပဒေဆိုင်ရာ အခွင့်ရေးနှင့်တာဝန်များရှိသည့် အဖွဲ့အစည်းတစ်ခုသည် ယင်း၏ သဘောသဘာဝနှင့် အခွင့်အရေး၏ သဘောသဘာဝ တို့အရ လိုအပ်သော အခြေခံအကျဆုံးအခွင့်အရေးများကို ရရှိခံစားခွင့်ရှိသည်။

## Equality

9. (1) Everyone is equal before the law and has the right to equal protection and benefit of the law.

(2) Equality includes the full and equal enjoyment of all rights and freedoms. To promote the achievement of equality, legislative and other measures designed to protect or advance persons, or categories of persons, disadvantaged by unfair discrimination may be taken.

(3) The state may not unfairly discriminate directly or indirectly against anyone on one or more grounds, including race, gender, sex, pregnancy, marital status, ethnic or social origin, colour, sexual orientation, age, disability, religion, conscience, belief, culture, language and birth.

(4) No person may unfairly discriminate directly or indirectly against anyone on one or more grounds in terms of subsection (3). National legislation must be enacted to prevent or prohibit unfair discrimination.

(5) Discrimination on one or more of the grounds listed in subsection (3) is unfair unless it is established that the discrimination is fair.

## Human dignity

10. Everyone has inherent dignity and the right to have their dignity respected and protected.

## Life

11. Everyone has the right to life.

## Freedom and security of the person

12. (1) Everyone has the right to freedom and security of the person, which includes the right—

(a) not to be deprived of freedom arbitrarily or without just cause;

(b) not to be detained without trial;

(c) to be free from all forms of violence from either public or private sources;

(d) not to be tortured in any way; and

(e) not to be treated or punished in a cruel, inhuman or degrading way.

**တန်းတူညီမျှခြင်း**

၉။ (၁) တရားဥပဒေရှေ့မှောက်တွင် လူတိုင်း တန်းတူညီမျှဖြစ်ပြီး ဥပဒေ၏ တန်းတူညီမျှသည့် ကာကွယ်စောင့်ရှောက်မှု နှင့် အကျိုးတို့အား ရယူခံစားပိုင်ခွင့် ရှိပါသည်။

(၂) တန်းတူညီမျှခြင်းတွင် အခွင့်အရေးများ အားလုံးနှင့် လွတ်လပ်ခြင်း တို့အား အပြည့်အဝ နှင့် အညီအမျှ ခံစားပိုင်ခွင့် ပါဝင်ပါသည်။ တန်းတူညီမျှမှု၏ အကျိုးရလဒ် တိုးတက်ဖြစ်ထွန်းစေရန် အတွက် တရားမျှတမှုကင်းမဲ့သည့် ခွဲခြားဆက်ဆံခြင်းကြောင့် အကျိုးမဲ့ခဲ့ရသည့် သူများ သို့မဟုတ် ထိုသူ အမျိုးအစားများ အား ကာကွယ်စောင့်ရှောက်ရန် နှင့် တိုးတက်စေရန် ဥပဒေနှင့် အခြား နည်းလမ်းများ သတ်မှတ် လိုပါသည်။

(၃) နိုင်ငံတော် အနေဖြင့် လူမျိုးနွယ်အားဖြင့်ဖြစ်စေ၊ ကျား/မသဘာဝအားဖြင့် ြဖစ်စေ၊ လိင်ကွဲပြားမှုဖြင့် ြဖစ်စေ၊ ကိုယ်ဝန်ဆောင်ခြင်းအရဖြစ်စေ၊ အိမ်ထောင်ရေးအခြေအနေ အရဖြစ်စေ ၊ မျိုးနွယ် သို့မဟုတ် လူမှုရေး ဇစ်မြစ်၊ အသားအရောင် အရဖြစ်စေ၊ လိင်စိတ်တိမ်းညွတ်မှုအရဖြစ်စေ၊ အသက်အရွယ်အရ၊ မသန်စွမ်းမှု၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေးယူဆချက် အရဖြစ်စေ၊ ယုံကြည်မှုအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ ဘာသာစကားအရဖြစ်စေ နှင့် မျိုးရိုးဇာတိ အရဖြစ်စေတို့အပါအဝင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ မည်သည့် အကြောင်း သို့မဟုတ် အကြောင်းအရာများနှင့်မျှ တိုက်ရိုက်သော်လည်းကောင်း သို့မဟုတ် သွယ်ဝိုက် ၍ သော်လည်းကောင်း တရားမျှတမှုကင်းမဲ့စွာ ခွဲခြားဆက်ဆံခြင်း ပြုမည်မဟုတ်။

(၄) ပုဒ်မခွဲ ၃ တွင် ဖော်ပြထားသည့် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် အကြောင်းအရာများ အပေါ်အခြေတည်၍ မည်သူတစ်ဦး တစ်ယောက်ကမျှ အခြားမည်သူ့ကိုမျှ တိုက်ရိုက်သော်လည်းကောင်း သို့မဟုတ် သွယ်ဝိုက်၍သော်လည်းကောင်း တရားမျှတမှုကင်းမဲ့စွာ ခွဲခြားဆက်ဆံခြင်း မပြုလုပ်ရ။ မျှတမှုကင်းမဲ့စွာ ခွဲခြားဆက်ဆံခြင်းအား ဟန့်တားရန် အမျိုးသားဥပဒေ တစ်ရပ်ရေးဆွဲရမည် ဖြစ်ပါသည်။

(၅) ပုဒ်မခွဲ ၃ တွင် ဖော်ပြထားသည့် အကြောင်းအရာတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသည့် အကြောင်းအရာများဖြင့် ခွဲခြားဆက်ဆံ မှုပြုပါက ခွဲခြားဆက်ဆံမှုပြုခြင်းသည် တရားမျှတသည်ဟု အခိုင်အမာပြဆိုနိုင်ခြင်း မရှိခဲ့လျှင် တရားမျှတမှုမရှိဟု သတ်မှတ်သည်။

**လူ့ဂုဏ်သိက္ခာ**

၁၀။ လူသားတိုင်း မွေးရာပါဂုဏ်သိက္ခာပိုင်ဆိုင်ပြီး ၎င်းတို့၏ဂုဏ်သိက္ခာကို လေးစားခံပိုင်ခွင့် နှင့် ကာကွယ်ပိုင်ခွင့် ရှိသည်။

**အသက်ရှင်ရပ်တည်မှု**

၁၁။ လူတိုင်းတွင် အသက်ရှင်ရပ်တည်နိုင်ခွင့် ရှိသည်။

**လူတစ်ဦးချင်းစီ၏လွတ်လပ်ခွင့်နှင့်လုံခြုံစိတ်ချခွင့်**

၁၂။ (၁) လူတိုင်းတွင် အောက်ပါအခွင့်အရေးအပါအဝင် လွတ်လပ်ခွင့်နှင့် လုံခြုံစိတ်ချခွင့်ရှိသည် -

(က) တရားဥပဒေမဲ့ သို့မဟုတ် တရားမျှတသည့် အကြောင်းရင်းမရှိဘဲ လွတ်လပ်ခွင့်ကို ပိတ်ပင်ခြင်း မရှိစေရ။

(ခ) တရားစီရင်ခြင်း မရှိဘဲ ဖမ်းဆီးခံရခြင်း မရှိစေရ။

(ဂ) အစိုးရ သို့မဟုတ် ပုဂ္ဂလိက ရင်းမြစ်များ၏ အကြမ်းဖက်မှုပုံစံအမျိုးမျိုးမှ ကင်းလွတ်စေရမည်။

(ဃ) မည်သည့်အကြောင်းနှင့်မျှ ညှင်းပန်းနှိပ်စက်မှု ပြုခြင်းမခံရစေရ။

(င) ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော သို့မဟုတ် သိက္ခာချအရှက်ရစေသည့် ပုံစံဖြင့် ဆက်ဆံခြင်း သို့မဟုတ် ပြစ်ဒဏ်ပေးခြင်း မရှိစေရ။

(2) Everyone has the right to bodily and psychological integrity, which includes the right—

(a) to make decisions concerning reproduction;

(b) to security in and control over their body; and

(c) not to be subjected to medical or scientific experiments without their informed consent.

## Slavery, servitude and forced labour

13. No one may be subjected to slavery, servitude or forced labour.

## Privacy

14. Everyone has the right to privacy, which includes the right not to have—

(a) their person or home searched;

(b) their property searched;

(c) their possessions seized; or

(d) the privacy of their communications infringed.

## Freedom of religion, belief and opinion

15. (1) Everyone has the right to freedom of conscience, religion, thought, belief and opinion.

(2) Religious observances may be conducted at state or state-aided institutions, provided that—

(a) those observances follow rules made by the appropriate public authorities;

(b) they are conducted on an equitable basis; and

(c) attendance at them is free and voluntary.

(3) (a) This section does not prevent legislation recognising—

(i) marriages concluded under any tradition, or a system of religious, personal or family law; or

(ii) systems of personal and family law under any tradition, or adhered to by persons professing a particular religion.

(b) Recognition in terms of paragraph (a) must be consistent with this section and the other provisions of the Constitution.

(၂) လူတိုင်းတွင် အောက်ပါ အခွင့်အရေးအပါအဝင် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာ အခွင့်အရေးရှိပါသည်-

(က) မျိုးဆက်ပွားဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရန်

(ခ) ၎င်းတို့၏ ခန္ဓာကိုယ်ကို ကာကွယ်စောင့်ရှောက်ရန် နှင့် ထိန်းချုပ်ရန် နှင့်

(ဂ) ၎င်းတို့၏ သဘောဆန္ဒမရှိဘဲ ဆေးပညာ သို့မဟုတ် သိပ္ပံပညာစမ်းသပ်မှုများ ပြုလုပ်ခြင်း မခံရစေရန်

**ကျွန်ပြုခြင်း၊ အစေအပါးအဖြစ်အနိုင်အထက်ပြုခြင်း နှင့် အဓမ္မခိုင်းစေခြင်း**

၁၃။ မည်သူ့ကိုမျှ ကျွန်ပြုခြင်း၊ အစေအပါး အဖြစ် အနိုင်အထက်ပြုခြင်း နှင့် အဓမ္မခိုင်းစေခြင်း မပြုရ

**ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်**

၁၄။ လူတိုင်း အောက်ပါ အချက်တို့မှ ကင်းလွတ်ခွင့်အပါအဝင် ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်ရှိစေရမည် -

(က) ၎င်းတို့ခန္ဓာကိုယ်နှင့် နေအိမ်အား ရှာဖွေခြင်း

(ခ) ၎င်းတို့၏ ပိုင်ဆိုင်သည့် မြေ၊ အဆောက်အဦ တို့အား ရှာဖွေခြင်း

(ဂ) ၎င်းတို့၏ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုများအား ဖမ်းဆီးခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ်

(ဃ) ၎င်းတို့၏ ပြောဆိုဆက်သွယ်မှုများဆိုင်ရာ ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်ကို ထိပါးချိုးဖောက်ခြင်း

**လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ယုံကြည်ခွင့် နှင့် ထင်မြင်ယူဆခွင့်**

၁၅။ (၁) လူတိုင်းတွင် လွတ်လပ်စွာတွေးခေါ်ခံယူခွင့်၊ ကိုးကွယ်ခွင့်၊ တွေးခေါ်ခွင့်၊ ယုံကြည်ခွင့် နှင့် ထင်မြင်ယူဆခွင့် ရှိသည်။

(၂) အောက်ပါ အခြေအနေများတွင် ဘာသာရေးအရ ကျင့်သုံးခွင့်၊ ဝတ်ပြုကိုးကွယ်ခွင့်အား နိုင်ငံတော်နှင့် နိုင်ငံတော်က အထောက်အပံ့ပေးထားသည့် အဖွဲ့အစည်းများမှ ဆောင်ရွက် နိုင်မည် ဖြစ်သည်။

(က) အဆိုပါ ကျင့်သုံးမှု၊ ဝတ်ပြုကိုးကွယ်မှုများအား သင့်လျော်သည့် အစိုးရ/အများပြည်သူဆိုင်ရာ အာဏာပိုင် များ မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ နှင့်အညီ ဆောင်ရွက်လျှင်

(ခ) သာတူညီမျှ ဆောင်ရွက်လျှင်

(ဂ) ပါဝင်တက်ရောက်မှုများသည် လွတ်လပ်၍ မိမိသဘောဆန္ဒ အလျောက်ဖြစ်လျှင်

(၃) (က) ဤပုဒ်မခွဲမှ အောက်ပါတို့အား တရားဥပဒေအရ အသိအမှတ်ပြုခြင်းအား ဟန့်တားမည်မဟုတ်-

၁) မည်သည့် ဓလေ့ထုံးတမ်းအရ သို့မဟုတ် ဘာသာရေးစနစ် အရ ပုဂ္ဂိုလ်ရေးဆိုင်ရာ သို့မဟုတ် မိသားစု ဆိုင်ရာ ဥပဒေအရ ဆောင်ရွက်သည့် ထိမ်းမြားလက်ထပ်ခြင်း သို့မဟုတ်

၂) မည်သည့် ဓလေ့ထုံးတမ်းအောက်မှ ပုဂ္ဂိုလ်ရေးဆိုင်ရာ သို့မဟုတ် မိသားစုဆိုင်ရာ ဥပဒေ သို့မဟုတ် ကိုးကွယ်သည့်ဘာသာတစ်ခုခုကို ကျင့်သုံးသည့် ပုဂ္ဂိုလ်များ၏ လိုက်နာမှု များ

(ခ) စာပိုဒ် (က) ပါစကားရပ်များ ကို အသိအမှတ်ပြုခြင်းသည် ဤ ပုဒ်မအပါအဝင် အခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်များနှင့် ပါ ကိုက်ညီမှုရှိရမည် ဖြစ်သည်။

## Freedom of expression

16. (1) Everyone has the right to freedom of expression, which includes—

(a) freedom of the press and other media;

(b) freedom to receive or impart information or ideas;

(c) freedom of artistic creativity; and

(d) academic freedom and freedom of scientific research.

(2) The right in subsection (1) does not extend to—

(a) propaganda for war;

(b) incitement of imminent violence; or

(c) advocacy of hatred that is based on race, ethnicity, gender or religion, and that constitutes incitement to cause harm.

## Assembly, demonstration, picket and petition

17. Everyone has the right, peacefully and unarmed, to assemble, to demonstrate, to picket and to present petitions.

## Freedom of association

18. Everyone has the right to freedom of association.

## Political rights

19. (1) Every citizen is free to make political choices, which includes the right—

(a) to form a political party;

(b) to participate in the activities of, or recruit members for, a political party; and

(c) to campaign for a political party or cause.

(2) Every citizen has the right to free, fair and regular elections for any legislative body established in terms of the Constitution.

(3) Every adult citizen has the right—

(a) to vote in elections for any legislative body established in terms of the Constitution, and to do so in secret; and

(b) to stand for public office and, if elected, to hold office

**လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်**

၁၆။ (၁) လူတိုင်း အောက်ပါတို့အပါအဝင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင် ခွင့်ရှိသည်။

(က) သတင်းနှင့်အခြား မီဒီယာများတွင် လွတ်လပ်စွာ ထုတ်ဖော်နိုင်ခွင့်

(ခ) သတင်းအချက်အလက်များ နှင့် အတွေးအခေါ်များအား လွတ်လပ်စွာ ရယူ လက်ခံနိုင်ခွင့် သို့မဟုတ် ဖြန့်ချိဝေငှနိုင်ခွင့်

(ဂ) အနုပညာမြောက်ဖန်တီးမှုများ လွတ်လပ်စွာ ဖန်တီးနိုင်ခွင့်

(ဃ) လွတ်လပ်စွာ ပညာဆည်းပူးနိုင်ခွင့် နှင့် သိပ္ပံနည်းကျ သုတေသန ပြုနိုင်ခွင့်

(၂) ပုဒ်မခွဲ (၁) တွင်ဖော်ပြထားသည့် အခွင့်အရေးတွင် အောက်ပါတို့ပါဝင်ခြင်းမရှိ

(က) စစ်မက်ဖြစ်ပွားရန် ဝါဒဖြန့်ခြင်း

(ခ) ဖြစ်ပွားအံ့ဆဲဆဲ အကြမ်းဖက်မှုများအား လှုံ့ဆော်ခြင်း သို့မဟုတ်

(ဂ) လူမျိုး၊ တိုင်းရင်းသားမျိုးနွယ်စု၊ ကျား/မရေးရာ သို့မဟုတ် ကိုးကွယ်သည့်ဘာသာကို အခြေခံသည့် အမုန်းတရား ပြန့်ပွားစေရန် စည်းရုံးခြင်း နှင့် အန္တရာယ်ဖြစ်စေမည့် လှုံ့ဆော်ခြင်း

**စုဝေးခြင်း၊ ဆန္ဒပြခြင်း၊ သပိတ်တားခြင်းနှင့် အသနားခံလွှာတင်ခြင်း**

၁၇။ လူတိုင်းတွင် ငြိမ်းချမ်းစွာ လက်နက်မဲ့ စုဝေးနိုင်ခွင့်၊ဆန္ဒပြနိုင်ခွင့်၊ သပိတ်တားနိုင်ခွင့်နှင့် အသနားခံလွှာတင်နိုင်ခွင့်ရှိသည်။

**လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းပိုင်ခွင့်**

၁၈။ လူတိုင်းတွင် လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းပိုင်ခွင့်ရှိသည်။

**နိုင်ငံရေး အခွင့်အရေး**

၁၉။ (၁) နိုင်ငံသားတိုင်းတွင် အောက်ပါအခွင့်အရေးများအပါအဝင် နိုင်ငံရေးအရ ရွေးချယ်မှုများအား လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ရှိသည်-

(က) နိုင်ငံရေးပါတီဖွဲ့စည်းခွင့်

(ခ) နိုင်ငံရေးပါတီ တစ်ရပ်၏ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ရန် သို့မဟုတ် ပါတီဝင်များ စည်းရုံးခွင့်

(ဂ) နိုင်ငံရေးပါတီအတွက် သို့မဟုတ် နိုင်ငံရေးပါတီ၏ အကျိုးအတွက် စည်းရုံးလှုံ့ဆော်ပေးခွင့်

(၂) နိုင်ငံသားတိုင်းတွင် အခြေခံဥပဒေနှင့်အညီ တည်ထောင်ထားသည့် မည်သည့် ဥပဒေပြုရေးအဖွဲ့အစည်းအတွက်မဆို လွတ်လပ်သည့်၊ တရားမျှတသည့် ပုံမှန် ရွေးကောက်ပွဲတွင် ပါဝင်နိုင်ခွင့်ရှိသည်။

(၃) အရွယ်ရောက်ပြီးသည့် နိုင်ငံသားတိုင်း သည် -

(က) ရွေးကောက်ပွဲများတွင် အခြေခံ ဥပဒေနှင့်အညီ တည်ထောင်ထားသည့် မည်သည့် အဖွဲ့အစည်း အတွက်မဆို မဲပေးပိုင်ခွင့်ရှိပြီး ထိုသို့ လုပ်ဆောင်ရာတွင် လျှို့ဝှက်စွာ မဲပေးပိုင်ခွင့်ရှိသည် နှင့်

(ခ) အများပြည်သူဆိုင်ရာရုံးအတွက် ဝင်ရောက်အရွေးခံခွင့်နှင့် အကယ်၍ ရွေးချယ်ခံရပါက အများပြည်သူဆိုင်ရာရုံးတွင် တာဝန် ထမ်းဆောင်ပိုင်ခွင့်ရှိသည်။

## Citizenship

20. No citizen may be deprived of citizenship.

## Freedom of movement and residence

21. (1) Everyone has the right to freedom of movement.
    (2) Everyone has the right to leave the Republic.
    (3) Every citizen has the right to enter, to remain in and to reside anywhere in, the Republic.
    (4) Every citizen has the right to a passport.

## Freedom of trade, occupation and profession

22. Every citizen has the right to choose their trade, occupation or profession freely. The practice of a trade, occupation or profession may be regulated by law.

## Labour relations

23. (1) Everyone has the right to fair labour practices.
    (2) Every worker has the right—
        (a) to form and join a trade union;
        (b) to participate in the activities and programmes of a trade union; and
        (c) to strike.
    (3) Every employer has the right—
        (a) to form and join an employers' organisation; and
        (b) to participate in the activities and programmes of an employers' organisation.
    (4) Every trade union and every employers' organisation has the right—
        (a) to determine its own administration, programmes and activities;
        (b) to organise; and
        (c) to form and join a federation.
    (5) Every trade union, employers' organisation and employer has the right to engage in collective bargaining. National legislation may be enacted to regulate collective bargaining. To the extent that the legislation may limit a right in this Chapter, the limitation must comply with section 36(1).
    (6) National legislation may recognise union security arrangements contained in collective agreements. To the extent that the legislation may limit a right in this Chapter, the limitation must comply with section 36(1).

### နိုင်ငံသားဖြစ်မှု

၂၀။ မည်သည့်နိုင်ငံသားကိုမျှ နိုင်ငံသားဖြစ်ခွင့်ဆုံးရှုံးခြင်း မရှိစေရ။

### လွတ်လပ်စွာသွားလာရွှေ့ပြောင်းနိုင်ခွင့်နှင့် နေထိုင်ခွင့်

၂၁။ (၁) လူတိုင်းသည် လွတ်လပ်စွာသွားလာရွှေ့ပြောင်း နိုင်ခွင့် ရှိသည်။

(၂) လူတိုင်းတွင် သမ္မတနိုင်ငံမှ ထွက်ခွာနိုင်ခွင့်ရှိသည်။

(၃) နိုင်ငံသားတိုင်းတွင် သမ္မတနိုင်ငံအတွင်း ဝင်ရောက်နိုင်ခွင့်၊ မည်သည့်နေရာတွင်မဆို ဆက်လက်နေခွင့်နှင့် အခြေချခွင့် ရှိသည်။

(၄) နိုင်ငံသားတိုင်း နိုင်ငံကူးလက်မှတ်ရယူနိုင်ခွင့်ရှိသည်။

### လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ခွင့်၊ အလုပ်လုပ်ပိုင်ခွင့် နှင့် အသက်မွေးပိုင်ခွင့်

၂၂။ နိုင်ငံသားတိုင်းတွင် ၎င်းတို့၏ ကူးသန်းရောင်းဝယ်ခွင့်၊ အလုပ်လုပ်ပိုင်ခွင့်နှင့် အသက်မွေးပိုင်ခွင့် အားရွေးချယ်ခွင့်ရှိသည်။ ကူးသန်းရောင်းဝယ်ခွင့်၊ အလုပ်လုပ်ပိုင်ခွင့်နှင့် အသက်မွေးမှုတို့အား ဥပဒေအရ စည်းမျဉ်းသတ်မှတ်ရန် လိုအပ်သည်။

### အလုပ်သမား ဆက်ဆံရေးများ

၂၃။ (၁) လူတိုင်းသည် တရားမျှတသည့် အလုပ်သမားရေးရာ ကျင့်သုံးမှုများ ခံစားပိုင် ခွင့် ရှိသည်။

(၂) အလုပ်သမားတိုင်းတွင် အောက်ပါအခွင့်အရေးများရှိသည်-

(က) အလုပ်သမား သမဂ္ဂဖွဲ့စည်းနိုင်ခွင့်နှင့် ပါဝင်နိုင်ခွင့်

(ခ) အလုပ်သမား သမဂ္ဂ များ၏ လှုပ်ရှားမှုများနှင့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့်

(ဂ) သပိတ်မှောက်ခွင့်

(၃) အလုပ်ရှင်တိုင်းတွင် အောက်ပါအခွင့်အရေးများရှိသည် -

(က) အလုပ်ရှင်အစည်းအရုံး ဖွဲ့စည်းနိုင်ခွင့် နှင့် ပါဝင်နိုင်ခွင့်

(ခ) အလုပ်ရှင်အစည်းအရုံး၏ လှုပ်ရှားမှုများနှင့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့်

(၄) အလုပ်သမား သမဂ္ဂတိုင်းနှင့် အလုပ်ရှင် အစည်းအရုံးတိုင်းတွင် အောက်ပါအခွင့်အရေးများရှိသည်-

(က) ကိုယ်ပိုင်စီမံအုပ်ချုပ်မှု၊ အစီအစဉ်များနှင့် လှုပ်ရှားမှုများအား သတ်မှတ်ပိုင်ခွင့်

(ခ) စည်းရုံးနိုင်ခွင့် နှင့်

(ဂ) အသင်းချုပ် ဖွဲ့စည်းပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်နိုင်ခွင့်

(၅) အလုပ်သမား သမဂ္ဂတိုင်း၊ အလုပ်ရှင် အစည်းအရုံးတိုင်း၊ အလုပ်ရှင်တိုင်းသည် တစ်စုတစ်စည်းတည်း ညှိနှိုင်းနိုင်ခွင့် ရှိသည်။ တစ်စုတစ်စည်းတည်း ညှိနှိုင်းနိုင်ခွင့် ရရှိစေရန် အမျိုးသား ဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်သည်။ ဤအခန်းတွင် ဥပဒေအရ အခွင့်အရေးကို ကန့်သတ်မည့် အတိုင်းအတာအရ ကန့်သတ်မှုသည် ပုဒ်မ ၃၆ (၁) ကို လိုက်နာရန်လိုပါသည်။

(၆) အမျိုးသားဥပဒေသည် စုပေါင်းသဘောတူညီမှုများတွင် ပါဝင်သည့် သမဂ္ဂလုံခြုံရေးဆိုင်ရာ အစီအမံများအား အသိအမှတ်ပြုရမည်ဖြစ်သည်။ ဤအခန်းတွင် ဥပဒေအရ အခွင့်အရေးကို ကန့်သတ်မည့် အတိုင်းအတာအရ ကန့်သတ်မှုသည် ပုဒ်မ ၃၆ (၁) ကို လိုက်နာရန်လိုပါသည်။

**Environment**

24. Everyone has the right—

(a) to an environment that is not harmful to their health or wellbeing; and

(b) to have the environment protected, for the benefit of present and future generations, through reasonable legislative and other measures that—

(i) prevent pollution and ecological degradation;

(ii) promote conservation; and

(iii) secure ecologically sustainable development and use of natural resources while promoting justifiable economic and social development.

**Property**

25. (1) No one may be deprived of property except in terms of law of general application, and no law may permit arbitrary deprivation of property.

(2) Property may be expropriated only in terms of law of general application—

(a) for a public purpose or in the public interest; and

(b) subject to compensation, the amount of which and the time and manner of payment of which have either been agreed to by those affected or decided or approved by a court.

(3) The amount of the compensation and the time and manner of payment must be just and equitable, reflecting an equitable balance between the public interest and the interests of those affected, having regard to all relevant circumstances, including—

(a) the current use of the property;

(b) the history of the acquisition and use of the property;

(c) the market value of the property;

(d) the extent of direct state investment and subsidy in the acquisition and beneficial capital improvement of the property; and

(e) the purpose of the expropriation.

(4) For the purposes of this section—

(a) the public interest includes the nation’s commitment to land reform, and to reforms to bring about equitable access to all South Africa’s natural resources; and

(b) property is not limited to land.

**သဘာဝပတ်ဝန်းကျင်**

၂၄။ လူတိုင်းတွင် အောက်ပါအခွင့်အရေးရှိသည်

(က) ၎င်းတို့၏ ကျန်းမာရေး သို့မဟုတ် ကိုယ်စိတ်နှစ်ပါး ချမ်းသာသုခရရှိမှုကို အန္တရာယ်မဖြစ်စေမည့် သဘာဝပတ်ဝန်းကျင် နှင့်

(ခ) သင့်လျော်သည့် တရားဥပဒေနှင့်အခြားအစီအမံများဖြင့် လက်ရှိနှင့် အနာဂတ် မျိုးဆက်များ အကျိုးအတွက် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်မှု ရှိစေရန် -

၁) သဘာဝ ပတ်ဝန်းကျင် ညစ်ညမ်းစေခြင်း နှင့် ဂေဟဝန်းကျင် ယိုယွင်းပျက်စီးမှုများကို ကာကွယ်ခြင်း

၂) သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု မြှင့်တင်ခြင်း နှင့်

၃) ကျိုးကြောင်းမျှတသည့် စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် သယံဇာတများထုတ်ယူသုံး စွဲလျက်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသည့် သဘာဝ ဂေဟဝန်းကျင် လုံခြုံစိတ်ချ တည်တံ့မှုရှိစေခြင်း

**ပိုင်ဆိုင်မှု**

၂၅။ (၁) အများနှင့် သက်ဆိုင်သည့် တရားဥပဒေကြောင်းမှလွဲ၍ မည်သူမျှ မိမိတို့၏ ပိုင်ဆိုင်မှုအားဆုံးရှုံးစေမည်မဟုတ်ပါ။ ထို့ပြင် မည်သည့် ဥပဒေမျှ ဥပဒေမဲ့ ပိုင်ဆိုင်မှု ဆုံးရှုံးမှုကို ခွင့်ပြုမည် မဟုတ်ပါ။

(၂) အများနှင့် သက်ဆိုင်သည့် တရားဥပဒေကြောင်းနှင့်သာလျှင် ပိုင်ဆိုင်မှုအား သိမ်းဆည်းခြင်း၊ လက်မဲ့ဖြစ်စေခြင်း

(က) အများပြည်သူအတွက် သို့မဟုတ် အများပြည်သူအကျိုးအတွက် နှင့်

(ခ) ဆုံးရှုံးရသူများ သဘောတူညီသည့် သို့မဟုတ် တရားရုံးမှ အဆုံးအဖြတ် ပေးသည့် သို့မဟုတ် ခွင့်ပြုသည့် နည်းလမ်း၊ အချိန် နှင့် ပမာဏ အလိုက် လျော်ကြေးအနေဖြင့် ရရှိစေခြင်း

(၃) လျော်ကြေးငွေပမာဏ၊ အချိန်နှင့် ပေးသည့်နည်းလမ်းတို့မှာ တရားမျှတမှု နှင့် သာတူညီမျှမှု ရှိရမည်ဖြစ်ပြီး မည်သည့်အခြေအနေတွင်မဆို အောက်ပါတို့အပါအဝင် အများပြည်သူ အကျိုးစီးပွားနှင့် သက်ရောက်မှုရှိသူများ၏ အကျိုးစီးပွားနှစ်ခုကြား သာတူညီမျှမှုရှိသည့် မျှခြေကို ထင်ဟပ်စေရမည်-

(က) ပိုင်ဆိုင်မှု အား လက်ရှိအသုံးပြုမှု

(ခ) လက်ရောက်ရရှိမှု သမိုင်းကြောင်း နှင့် ပိုင်ဆိုင်မှုအား အသုံးပြုမှု

(ဂ) ပိုင်ဆိုင်မှု၏ လက်ရှိပေါက်ဈေး

(ဃ) ပိုင်ဆိုင်မှုအား နိုင်ငံတော်မှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု၊ ပိုင်ဆိုင်မှုအား ရယူရာတွင် အထောက်အပံ့ပေးသည့် အတိုင်းအတာနှင့်ပိုင်ဆိုင်မှု၏ မတည်ရင်းနှီးငွေအား ပိုမိုတိုးတက်စေရန် အကျိုးရှိမည့်အတိုင်းအတာ

(င) သိမ်းယူရခြင်း၏ ရည်ရွယ်ချက်

(၄) ဤ ပုဒ်မ၏ ရည်ရွယ်ချက်များမှာ -

(က) အများပြည်သူအကျိုးစီးပွားတွင် မြေယာပြုပြင်ပြောင်းလဲရေးနှင့် တောင်အာဖရိကနိုင်ငံ၏ သဘာဝသယံဇာတများအားလုံးအား ခွင့်တူညီမျှ လက်လှမ်းမီရရှိစေရေးတို့အတွက် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် အစိုးရ၏ ကတိကဝတ်များ ပါဝင်သည်၊ ထို့ပြင်

(ခ) ပိုင်ဆိုင်မှုတွင်မြေယာကို ကန့်သတ်မထားရန်

(5) The state must take reasonable legislative and other measures, within its available resources, to foster conditions which enable citizens to gain access to land on an equitable basis.

(6) A person or community whose tenure of land is legally insecure as a result of past racially discriminatory laws or practices is entitled, to the extent provided by an Act of Parliament, either to tenure which is legally secure or to comparable redress.

(7) A person or community dispossessed of property after 19 June 1913 as a result of past racially discriminatory laws or practices is entitled, to the extent provided by an Act of Parliament, either to restitution of that property or to equitable redress.

(8) No provision of this section may impede the state from taking legislative and other measures to achieve land, water and related reform, in order to redress the results of past racial discrimination, provided that any departure from the provisions of this section is in accordance with the provisions of section 36(1).

(9) Parliament must enact the legislation referred to in subsection (6).

**Housing**

26. (1) Everyone has the right to have access to adequate housing.

(2) The state must take reasonable legislative and other measures, within its available resources, to achieve the progressive realisation of this right.

(3) No one may be evicted from their home, or have their home demolished, without an order of court made after considering all the relevant circumstances. No legislation may permit arbitrary evictions.

**Health care, food, water and social security**

27. (1) Everyone has the right to have access to—

(a) health care services, including reproductive health care;

(b) sufficient food and water; and

(c) social security, including, if they are unable to support themselves and their dependants, appropriate social assistance.

(2) The state must take reasonable legislative and other measures, within its available resources, to achieve the progressive realisation of each of these rights.

(3) No one may be refused emergency medical treatment.

(၅)	နိုင်ငံတော်အနေဖြင့် နိုင်ငံသားများသာတူညီမျှမှုရှိသော မြေယာရရှိနိုင်ခွင့်ရှိစေမည့် အခြေအနေများကို ဖော်ဆောင်ပေးနိုင်ရန် ၄င်း၏ ရရှိနိုင်မည့် အရင်းအမြစ်များအတွင်းမှ ကျိုးကြောင်းစီလျော်သည့် တရားဥပဒေ နှင့် အခြားအစီအမံများ ဆောင်ရွက်ပေးရမည်။

(၆)	ယခင်က လူမျိုးရေးခွဲခြားသည့် ဥပဒေများ နှင့် ကျင့်သုံးမှုများ၏ ရလဒ်အဖြစ် မြေယာငှားရမ်းအသုံးပြုသူ သို့ မြေယာငှားရမ်းအသုံးပြုသည့် လူမှုအသိုက်အဝန်း ၏ မြေယာငှားရမ်းမှုမှာ တရားဥပဒေကြောင်းအရ အာမခံချက် ကင်းမဲ့ခဲ့ပါက ဥပဒေပြုလွှတ်တော်အက်ဥပဒေမှ ခွင့်ပြုပေးသည့်အတိုင်းအတာအထိ မြေယာငှားရမ်းမှုအား ဥပဒေကြောင်း အရ တရားဝင်စေရန် သို့မဟုတ် အလားတူ ပြန်လည်ပြင်ဆင်ခြင်း ပြုလုပ်ပေးရမည်။

(၇)	ယခင်က လူမျိုးရေးခွဲခြားသည့် ဥပဒေများ သို့မဟုတ် ကျင့်သုံးမှုများကြောင့် ၁၉၁၃ ခုနှစ် ဇွန်လ ၁၃ ရက်နေ့ နောက်ပိုင်း မြေယာငှားရမ်းအသုံးပြုသူ သို့ မြေယာငှားရမ်းအသုံးပြုသည့် လူမှုအသိုက်အဝန်း၏ မြေယာငှားရမ်းမှုဆုံးရှုံးခဲ့လျှင် ဥပဒေပြုလွှတ်တော်အက်ဥပဒေမှ ခွင့်ပြုပေးသည့် အတိုင်းအတာအထိ မြေယာငှားရမ်းမှုအား ဥပဒေကြောင်းအရ ပြန်လည်ပိုင်ဆိုင်ခွင့်ရရှိစေရန် သို့မဟုတ်ခွင့်တူညီမျှသည့် ပြန်လည်ပြင်ဆင်ခြင်း ဆောင်ရွက်ပေးရမည်

(၈)	အတိတ်မှ လူမျိုးရေးခွဲခြားမှုများ၏ အကျိုးဆက်များအား ပြန်လည်ကုစားပြင်ဆင်ရန် ဆောင်ရွက်ရာတွင် ဤပုဒ်မရှိ ပြဋ္ဌာန်းချက်များမှ မည်သည့်သွေဖည်မှုမျိုးမဆို ပုဒ်မ ၃၆(၁) တွင်ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှု ရှိရမည်ဖြစ်ပြီး ဤပုဒ်မရှိ မည်သည့် ပြဋ္ဌာန်းချက်နှင့်မျှ နိုင်ငံတော်မှ မြေယာ၊ ရေထု တို့နှင့် သက်ဆိုင်သည့် ပြုပြင်ပြောင်းလဲမှုများ ရရှိစေရန်အတွက် တရားဥပဒေကြောင်းနှင့် အခြားအစီအမံများဆောင်ရွက်ရာတွင် ဟန့်တားနှောင့်နှေးစေခြင်းမရှိစေ ရမည်ဖြစ်သည်။

(၉)	ဥပဒေပြုလွှတ်တော်မှ ပုဒ်မခွဲ (၆) တွင် ညွှန်းဆိုထားသည့် ဥပဒေကို ပြဋ္ဌာန်းရမည်။

**အိမ်ရာ နေထိုင်ခွင့်**

၂၆။	(၁)	လူတိုင်း လုံလောက်သည့် အိမ်ရာနေထိုင်ခွင့်ကို လက်လှမ်းမီ ရယူနိုင်ခွင့် ရှိသည်။

(၂)	နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ ဤအခွင့်အရေးကို ဆက်လက်တိုးတက်ရရှိနိုင်ရန် ရနိုင်မည့် ရင်းမြစ်များ အတွင်းမှ ကျိုးကြောင်းသင့်သည့် တရားဥပဒေနှင့်အခြား အစီအမံများ ဆောင်ရွက်ပေးရမည်။

(၃)	သက်ဆိုင်သည့် အခြေအနေများအားလုံးထည့်သွင်းစဉ်းစားပြီးမှ ချမှတ်သည့် တရားရုံး၏အမိန့်မပါဘဲ မည်သူမျှ ၎င်းတို့၏ နေအိမ်မှ ဖယ်ရှားခြင်း မခံရစေရ သို့မဟုတ် ၎င်းတို့၏ နေအိမ်အား ဖျက်ဆီးခြင်းမခံရစေရ။ မည်သည့် ဥပဒေမျှ တဖက်သတ် ဖယ်ရှားခွင့်မပြုရ။

**ကျန်းမာရေးစောင့်ရှောက်မှု၊ စားနပ်ရိက္ခာ၊ ရေ နှင့် လူမှုဖူလုံရေး -**

၂၇။	(၁)	လူတိုင်း အောက်ပပါအခွင့်အရေးများအား လက်လှမ်းမီရရှိခွင့်ရှိသည်-

(က)	မျိုးဆက်ပွား ကျန်းမာရေး စောင့်ရှောက်မှုအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှု ပေးသည့် ဝန်ဆောင် မှုများ

(ခ)	လုံလောက်သည့် စားနပ်ရိက္ခာနှင့် ရေ၊ နှင့်

(ဂ)	အကယ်၍ ၎င်းတို့အနေဖြင့် မိမိကိုယ်တိုင်နှင့် ၎င်းတို့၏ မှီခိုသူများအား ထောက်ပံ့မှုမပြုနိုင်ပါက သင့်လျော် သည့် လူမှုထောက်ပံ့ရေးအပါအဝင် လူမှုဖူလုံရေး

(၂)	အဆိုပါ အခွင့်အရေးတစ်ခုချင်းစီတိုင်းကို ရရှိစေရန် နိုင်ငံတော်အနေဖြင့် ရနိုင်မည့် ရင်းမြစ်များအတွင်းမှ ကျိုးကြောင်းသင့်သည့် တရားဥပဒေနှင့်အခြား အစီအမံများ ဆောင်ရွက်ပေးရမည်။

(၃)	မည်သူမျှ အရေးပေါ်ဆေးကုသခွင့်ကို ငြင်းပယ်ခံရခြင်းမရှိစေရ။

### Children

28. (1) Every child has the right—

(a) to a name and a nationality from birth;

(b) to family care or parental care, or to appropriate alternative care when removed from the family environment;

(c) to basic nutrition, shelter, basic health care services and social services;

(d) to be protected from maltreatment, neglect, abuse or degradation;

(e) to be protected from exploitative labour practices;

(f) not to be required or permitted to perform work or provide services that—

(i) are inappropriate for a person of that child's age; or

(ii) place at risk the child's well-being, education, physical or mental health or spiritual, moral or social development;

(g) not to be detained except as a measure of last resort, in which case, in addition to the rights a child enjoys under sections 12 and 35, the child may be detained only for the shortest appropriate period of time, and has the right to be—

(i) kept separately from detained persons over the age of 18 years; and

(ii) treated in a manner, and kept in conditions, that take account of the child's age;

(h) to have a legal practitioner assigned to the child by the state, and at state expense, in civil proceedings affecting the child, if substantial injustice would otherwise result; and

(i) not to be used directly in armed conflict, and to be protected in times of armed conflict.

(2) A child's best interests are of paramount importance in every matter concerning the child.

(3) In this section "child" means a person under the age of 18 years.

### Education

29. (1) Everyone has the right—

(a) to a basic education, including adult basic education; and

(b) to further education, which the state, through reasonable measures, must make progressively available and accessible.

**ကလေးသူငယ်များ**

၂၈။ (၁) ကလေးသူငယ်တိုင်း အောက်ပါအခွင့်အရေးရှိပါသည်-

(က) မွေးဖွားသည့်အချိန်မှစ၍ အမည် နှင့် နိုင်ငံသား ရပိုင်ခွင့်

(ခ) မိသားစု၏ စောင့်ရှောက်မှု သို့မဟုတ် မိဘ၏ စောင့်ရှောက်မှု သို့မဟုတ် မိသားစု ဝန်းကျင်မှ ဖယ်ရှားခြင်းခံရသည့်အခါ သင့်လျော်သည့် အခြားနည်းလမ်းဖြင့် စောင့်ရှောက်မှု

(ဂ) အခြေခံအာဟာရ၊ အမိုးအကာ၊ အခြေခံ ကျန်းမာရေးစောင့်ရှောက်မှု များ နှင့် လူမှုရေး စောင့်ရှောက်မှုများ

(ဃ) မတရားသဖြင့် ဆက်ဆံခံရခြင်း/မလျော်မကန် ဆက်ဆံခံရခြင်း၊ လစ်လျူရှုခံရခြင်း၊ နှိပ်စက်ညှဉ်းပန်း ခံရခြင်း သို့မဟုတ် သိက္ခာချခြင်း တို့မှ ကာကွယ်စောင့်ရှောက်ခံနိုင်ခွင့်

(င) မတရားခေါင်းပုံဖြတ်ခိုင်းစေသည့် အမှုအကျင့်များ မှ ကာကွယ်စောင့်ရှောက်ခံနိုင်ခွင့်

(စ) အောက်ပါ အလုပ် များ ထမ်းဆောင်ရန် သို့မဟုတ် ဝန်ဆောင်မှုများ ပေးရန် လိုအပ်ခြင်း သို့မဟုတ် ခွင့်ပြု ခံရခြင်း မရှိစေရ-

၁) ကလေးသူငယ်တစ်ယောက်၏ အသက်အရွယ်နှင့် မသင့်လျော်သည့် သို့မဟုတ်

၂) ကလေးသူငယ်၏ ကိုယ်စိတ်နှစ်ဖြာ အေးချမ်းစွာနေထိုင်ရေး၊ ပညာရေး၊ ရုပ်ပိုင်း ဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ဘာသာအယူဝါဒဆိုင်ရာ၊ ကိုယ်ကျင့်တရားဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတို့အား ထိခိုက်နိုင်ချေရှိသည့်

(ဆ) အခြားရွေးချယ်စရာနည်းလမ်း လုံးဝမရှိတော့သဖြင့် နောက်ဆုံးနည်းလမ်းအဖြစ် ရွေးချယ်ရသည်မှလွဲ၍ ဖမ်းဆီးချုပ်နှောင်ခြင်းမရှိစေရ။ ဤကိစ္စတွင် ပုဒ်မ ၁၂ နှင့် ၃၅ ပါ ကလေးသူငယ်များ ခံစားနိုင်သည့် ရပိုင်ခွင့်များ အပြင် ကလေးသူငယ်အား သင့်လျော်သည့် အတိုတောင်းဆုံး အချိန်ကာလအတွင်းသာ ဖမ်းဆီးချုပ်နှောင်ရမည် ဖြစ်ပြီး ကလေးသူငယ်တွင် အောက်ပါ အခွင့်အရေးများ ရှိသည် -

၁) ဖမ်းဆီးချုပ်နှောင်ခြင်းခံရသည့် အသက် ၁၈ နှစ်ပြည့်ပြီးသူများနှင့် ခွဲခြားထားရန် နှင့်

၂) ကလေးသူငယ်၏ အသက်အရွယ်ကို ထည့်သွင်းစဉ်းစား၍ ဆက်ဆံရန် နှင့် အသက်အရွယ်နှင့် လိုက်သည့် အခြေအနေများကို ထားရှိပေးရမည်။

(ဇ) ကလေးသူငယ်အား တရားမကြောင်းအရ တရားစွဲဆိုမှုများတွင် အကယ်၍ ရှေ့နေ တစ်ဦးအား နိုင်ငံတော်စရိတ်ဖြင့် တာဝန်ပေးအပ်ခြင်းမပြုသဖြင့် သိသာသည့် မတရားမှုများ ဖြစ်စေနိုင်မည် ဆိုလျှင် နိုင်ငံတော်မှ ကလေးသူငယ်အတွက် ရှေ့နေ တစ်ဦးအား နိုင်ငံတော်စရိတ်ဖြင့် ခန့်ထားပေးရန်နှင့်

(ဈ) လက်နက်ကိုင် ပဋိပက္ခများတွင် တိုက်ရိုက်အသုံးမပြုရန်နှင့် လက်နက်ကိုင် ပဋိပက္ခများဖြစ်ချိန်တွင် ကာကွယ် စောင့်ရှောက်မှုပေးရန်

(၂) ကလေးသူငယ်နှင့် ပတ်သက်သည့်ကိစ္စရပ်တိုင်းတွင် ကလေးသူငယ်၏ အကောင်းဆုံး အကျိုးစီးပွားများမှာ အရေး အကြီးဆုံးဖြစ်သည်။

(၃) ဤ ပုဒ်မ တွင် ကလေးသူငယ်ဆိုသည်မှာ အသက် ၁၈ နှစ်အောက် မည်သူ့ကိုမဆို ဆိုလိုသည်။

**ပညာရေး**

၂၉။ (၁) လူတိုင်း တွင် အောက်ပါ အခွင့်အရေး ရှိသည်-

(က) အရွယ်ရောက် ပြီးသူတိုင်း အတွက် အခြေခံ ပညာရေး အပါအဝင် အခြေခံ ပညာရေး ရပိုင်ခွင့် နှင့်

(ခ) ဆက်လက်ပညာသင်ကြားရန် နိုင်ငံတော် မှ သင့်လျော်သည့် အစီအမံများ အစဉ်အမြဲ ရရှိစေနိုင်ရန် နှင့် လက်လှမ်းမီ စေရန် ဆောင်ရွက်ပေးရမည်

(2) Everyone has the right to receive education in the official language or languages of their choice in public educational institutions where that education is reasonably practicable. In order to ensure the effective access to, and implementation of, this right, the state must consider all reasonable educational alternatives, including single medium institutions, taking into account—

(a) equity;

(b) practicability; and

(c) the need to redress the results of past racially discriminatory laws and practices.

(3) Everyone has the right to establish and maintain, at their own expense, independent educational institutions that—

(a) do not discriminate on the basis of race;

(b) are registered with the state; and

(c) maintain standards that are not inferior to standards at comparable public educational institutions.

(4) Subsection (3) does not preclude state subsidies for independent educational institutions.

**Language and culture**

30. Everyone has the right to use the language and to participate in the cultural life of their choice, but no one exercising these rights may do so in a manner inconsistent with any provision of the Bill of Rights.

**Cultural, religious and linguistic communities**

31. (1) Persons belonging to a cultural, religious or linguistic community may not be denied the right, with other members of that community—

(a) to enjoy their culture, practise their religion and use their language; and

(b) to form, join and maintain cultural, religious and linguistic associations and other organs of civil society.

(2) The rights in subsection (1) may not be exercised in a manner inconsistent with any provision of the Bill of Rights.

(၂) လူတိုင်း ပညာသင်ကြားရန် လက်တွေ့ဖြစ်နိုင်သည့် အများပြည်သူဆိုင်ရာပညာရေး အဖွဲ့အစည်းများတွင် ရုံးသုံးဘာသာစကား သို့မဟုတ် ၎င်းတို့ရွေးချယ်ရာဘာသာစကားများဖြင့် ပညာသင်ကြားခွင့်ရှိသည်။ ဤအခွင့်အရေးကို ထိရောက်သည့်လက်လှမ်းမီမှု၊ အကောင်အထည်ဖော်မှုကို သေချာစေရန်နိုင်ငံတော်အနေဖြင့်ဘာသာစကားတစ်မျိုးတည်းနှင့်သင်ကြားသည့်သင်တန်း ကျောင်းများအပါအဝင်သင့်လျော်သည့်ပညာရေးပြုပြင်ပြောင်းလဲမှုများပြုရာတွင် အောက်ပါအချက်များအားထည့်သွင်းစဉ်းစားရမည်-

(က) တန်းတူညီမျှမှု

(ခ) လက်တွေ့ဆောင်ရွက်နိုင်မှု နှင့်

(ဂ) အတိတ်က လူမျိုးရေးအရ ခွဲခြားသည့်ဥပဒေများမှ ကျင့်သုံးမှုများ၏ အကျိုးဆက်များအား ပြန်လည် ပြုပြင်ရန် လိုအပ်ခြင်း

(၃) လူတိုင်းတွင် ၎င်းတို့ကိုယ်ပိုင် စရိတ်ဖြင့် လွတ်လပ်သည့် ပညာရေး အဖွဲ့အစည်း/ကျောင်းများတည်ထောင် ထိန်းသိမ်း နိုင်ခွင့်ရှိသည် -

(က) လူမျိုးရေးအခြေခံ ခွဲခြားဆက်ဆံမှုမရှိလျှင်

(ခ) နိုင်ငံတော်ထံတွင် မှတ်ပုံတင်ထားပြီးဖြစ်လျှင်

(ဂ) အစိုးရ ပညာရေး အဖွဲ့အစည်း/ကျောင်းများ နှင့် နှိုင်းယှဉ်ပါက နိမ့်ကျခြင်းမရှိသည့် စံသတ်မှတ်ချက်များ ထိန်းသိမ်းထားနိုင်လျှင်

(၄) ပုဒ်မခွဲ (၃) သည် အစိုးရမှ လွတ်လပ်သည့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ/ကျောင်းများ အတွက် ထောက်ပံ့ ပေးခြင်းများကို အဟန့်အတားမဖြစ်စေရ

**ဘာသာစကားနှင့် ယဉ်ကျေးမှု**

၃၀။ လူတိုင်း နှစ်သက်ရာဘာသာစကား အသုံးပြုခွင့် နှင့် ၎င်းတို့ရွေးချယ်သည့် ယဉ်ကျေးမှုဆိုင်ရာ ဘဝနေထိုင်မှုများတွင် ပါဝင်နိုင်ခွင့်ရှိသော်လည်း အဆိုပါအခွင့်အရေးများကို ကျင့်သုံးသူများသည် အခြေခံအကျဆုံးအခွင့်အရေးများကို အာမခံထားသည့်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် မလျော်ညီသည့် အခွင့်အရေးများ ကျင့်သုံးခွင့်မရှိ။

**ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ နှင့် ဘာသာစကားဆိုင်ရာ လူမှုအသိုက်အဝန်းများ**

၃၁။ (၁) ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ နှင့် ဘာသာစကားဆိုင်ရာ လူမှုအသိုက်အဝန်းများနှင့် သက်ဆိုင်သူများသည် အဆိုပါ လူမှုအသိုက်အဝန်းနှင့် သက်ဆိုင်သည့် အခြားသူများထံမှ အောက်ပါအခွင့်အရေးများ ငြင်းပယ်ခံရခြင်း မရှိစေရ-

(က) ၎င်းတို့၏ ယဉ်ကျေးမှုကို ခံစားခွင့်၊ ကိုးကွယ်ရာဘာသာအလိုက် ကျင့်သုံးခွင့်နှင့် ဘာသာစကားကို အသုံး ပြုခွင့် နှင့်

(ခ) ယဉ်ကျေးမှု၊ ဘာသာရေး နှင့် ဘာသာစကားဆိုင်ရာ အသင်းအဖွဲ့များ နှင့် အခြား လူမှုအဖွဲ့အစည်းများ တည်ထောင်ခွင့်၊ အဖွဲ့ဝင်ခွင့် နှင့် ထိန်းသိမ်းခွင့်

(၂) ပုဒ်မခွဲ(၁)တွင် ဖော်ပြထားသည့် အခွင့်အရေးများအား အခြေခံအကျဆုံးအခွင့်အရေးများကို အာမခံထား သည့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မလျော်ညီပါက ကျင့်သုံးခွင့်မရှိ။

## Access to information

32. (1) Everyone has the right of access to—

(a) any information held by the state; and

(b) any information that is held by another person and that is required for the exercise or protection of any rights.

(2) National legislation must be enacted to give effect to this right, and may provide for reasonable measures to alleviate the administrative and financial burden on the state.

## Just administrative action

33. (1) Everyone has the right to administrative action that is lawful, reasonable and procedurally fair.

(2) Everyone whose rights have been adversely affected by administrative action has the right to be given written reasons.

(3) National legislation must be enacted to give effect to these rights, and must—

(a) provide for the review of administrative action by a court or, where appropriate, an independent and impartial tribunal;

(b) impose a duty on the state to give effect to the rights in subsections (1) and (2); and

(c) promote an efficient administration.

## Access to courts

34. Everyone has the right to have any dispute that can be resolved by the application of law decided in a fair public hearing before a court or, where appropriate, another independent and impartial tribunal or forum.

## Arrested, detained and accused persons

35. (1) Everyone who is arrested for allegedly committing an offence has the right—

(a) to remain silent;

(b) to be informed promptly—

(i) of the right to remain silent; and

(ii) of the consequences of not remaining silent;

(c) not to be compelled to make any confession or admission that could be used in evidence against that person;

**သတင်းအချက်အလက်များ လက်လှမ်းမီ ရရှိမှု**

၃၂။ (၁) လူတိုင်း အောက်ပါတို့ကို လက်လှမ်းမီ ရရှိနိုင်ခွင့်ရှိသည်-

(က) နိုင်ငံတော်တွင် ရှိသည့် မည်သည့်သတင်းအချက်အလက်မဆို -

(ခ) မည်သည့်အခွင့်အရေးများအတွက်မဆို ကျင့်သုံးရန် လိုအပ်သည့် သို့မဟုတ် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် အခြားသူတစ်ဦးတွင် ရှိသည့် မည်သည့်သတင်းအချက်အလက်မဆို

(၂) ဤအခွင့်အရေး သက်ရောက်မှုရှိစေရန် ဥပဒေ ပြဋ္ဌာန်းရမည်ဖြစ်ပြီး စီမံအုပ်ချုပ်ရေးဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများ နိုင်ငံတော်အပေါ်တွင် လျော့ကျစေရန် သင့်လျော်သည့် အစီအမံများ ဆောင်ရွက်ပေးရမည် ဖြစ်သည်။

**တရားမျှတသည့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်**

၃၃။ (၁) လူတိုင်းသည် တရားဝင်ဖြစ်ပြီး သင့်လျော်သည့် လုပ်ထုံးလုပ်နည်းအရ တရားမျှတသည့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအတွက် အခွင့်အရေးရှိသည်။

(၂) စီမံအုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၏ ပြောင်းပြန်အကျိုးသက်ရောက်ခြင်းခံရသူတိုင်းအတွက် စာဖြင့် ရေးသားထားသည့် အကြောင်းပြချက်များပေးရမည်။

(၃) အဆိုပါ အခွင့်အရေးများ သက်ရောက်မှုရှိစေရန် နိုင်ငံတော်ဥပဒေ ပြဋ္ဌာန်းရန်လိုပြီး အောက်ပါတို့အား မပျက်မကွက်လုပ်ဆောင်ရန်လိုသည်-

(က) တရားရုံးမှ စီမံဆောင်ရွက်ချက်ကို သုံးသပ်ရန်အတွက် ပံ့ပိုးပေးခြင်း သို့မဟုတ် သင့်လျော်သည့်အချိန်တွင် လွတ်လပ်၍ ဘက်လိုက်မှုကင်းသည့် တရားစီရင်မှု

(ခ) ပုဒ်မခွဲ (၁) နှင့် (၂) တွင်ပါရှိသည့် အခွင့်အရေးများ၏ ထိရောက်မှု ရှိရန် အတွက် အခွန်စည်းကြပ်မှုအား နိုင်ငံတော် မှ ကျခံခြင်း

(ဂ) စွမ်းဆောင်ရည်ပြည့်ဝသည့် စီမံအုပ်ချုပ်မှု ကို မြှင့်တင်ရန်

**တရားရုံးများသို့ လက်လှမ်းမီမှု**

၃၄။ လူတိုင်းတွင် တစ်စုံတရာ အငြင်းပွားမှုဖြစ်ပွားခဲ့ပါက တရားရုံးတော် သို့မဟုတ် လျော်ကန်ပါက လွတ်လပ်ပြီး ဘက်လိုက်မှုကင်းသည့် ခုံသမာဓိ သို့မဟုတ် ဆွေးနွေးခြင်းတို့ဖြင့် အများပြည်သူရှေ့မှောက်တွင် တရားမျှတစွာ ကြားနာပြီးနောက် ဥပဒေကြောင်းအရ ဖြေရှင်းနိုင်သည့် အခွင့်အရေးရှိ သည်။

**ဖမ်းဆီး၊ ထိန်းသိမ်းနှင့် စွပ်စွဲခံရသည့် သူများ**

၃၅။ (၁) ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရပြီး ဖမ်းဆီးခံရသည့် သူတိုင်းတွင် အောက်ပါအခွင့်အရေးများရှိသည်-

(က) နှုတ်ပိတ်နေပိုင်ခွင့်

(ခ) ချက်ခြင်း အသိပေးရန်-

(၁) နှုတ်ပိတ်နေပိုင်ခွင့် ရှိကြောင်း နှင့်

(၂) နှုတ်ပိတ်မနေပါက ဖြစ်လာနိုင်သည့် အကျိုးဆက်များအကြောင်း

(ဂ) ၎င်းပုဂ္ဂိုလ်အား တရားစွဲဆိုရာတွင် သက်သေခံဖြစ်စေရန် ဖြောင့်ချက် သို့မဟုတ် ဝန်ခံချက် တစ်စုံတစ်ရာ ပေးရန် အကြပ်ကိုင်ခြင်း မခံရစေရန်

(d) to be brought before a court as soon as reasonably possible, but not later than—

(i) 48 hours after the arrest; or

(ii) the end of the first court day after the expiry of the 48 hours, if the 48 hours expire outside ordinary court hours or on a day which is not an ordinary court day;

(e) at the first court appearance after being arrested, to be charged or to be informed of the reason for the detention to continue, or to be released; and

(f) to be released from detention if the interests of justice permit, subject to reasonable conditions.

(2) Everyone who is detained, including every sentenced prisoner, has the right—

(a) to be informed promptly of the reason for being detained;

(b) to choose, and to consult with, a legal practitioner, and to be informed of this right promptly;

(c) to have a legal practitioner assigned to the detained person by the state and at state expense, if substantial injustice would otherwise result, and to be informed of this right promptly;

(d) to challenge the lawfulness of the detention in person before a court and, if the detention is unlawful, to be released;

(e) to conditions of detention that are consistent with human dignity, including at least exercise and the provision, at state expense, of adequate accommodation, nutrition, reading material and medical treatment; and

(f) to communicate with, and be visited by, that person's—

(i) spouse or partner;

(ii) next of kin;

(iii) chosen religious counsellor; and

(iv) chosen medical practitioner.

(3) Every accused person has a right to a fair trial, which includes the right—

(a) to be informed of the charge with sufficient detail to answer it;

(ဃ) သင့်တော်သည့်အချိန်တွင် တရားရုံးတော်ရှေ့မှောက်သို့ အမြန်ဆုံး ခေါ်ဆောင်လာရမည်၊ သို့သော် အောက်ပါ တို့ထက် နောက်မကျစေရ

၁) ဖမ်းဆီးပြီးနောက် ၄၈ နာရီအတွင်း သို့မဟုတ်

၂) အကယ်၍ သာမာန်တရားရုံးချိန် ပြင်ပတွင် ၄၈ နာရီ ကျော်လွန်ခဲ့လျှင် သို့မဟုတ် သာမာန် တရားရုံးချိန်မဟုတ်သည့် ရက်တွင် ဖြစ်ခဲ့လျှင် ၄၈ နာရီကျော်လွန်ပြီးနောက် ပထမဆုံး ဆောင်ရွက်သည့် တရားရုံးချိန် မကုန်ဆုံးမီ

(င) ဖမ်းဆီးခံရပြီးနောက် ပထမဆုံးတရားရုံးရှေ့မှောက်တွင် ပြစ်ဒဏ်ချခြင်း သို့မဟုတ် ဆက်လက် ဖမ်းဆီး ထိန်းသိမ်း ထားရခြင်း အကြောင်းရင်း သို့ ပြန်လွှတ်ပေးမည့်အကြောင်းရင်းကို အသိပေးရန် နှင့်

(စ) ကျိုးကြောင်းမှန်ကန်သည့်အခြေအနေများရှိခဲ့လျှင် တရားမျှတရေး အကျိုးစီးပွားအတွက် ဖမ်းဆီး ထိန်းသိမ်းခြင်းမှ လွှတ်ပေးရန်

(၂) ပြစ်ဒဏ်ကျခံထားရသည့် ထောင်သားများအပါအဝင် ထိန်းသိမ်းခံထားရသူတိုင်း အောက်ပါအခွင့်အရေးများ ရှိသည် -

(က) ထိန်းသိမ်းခံရခြင်း အကြောင်းရင်း ကို ချက်ချင်း အသိပေးရန်

(ခ) ရှေ့နေကို ရွေးချယ်ရန် နှင့် တိုင်ပင်ရန် အခွင့်အရေးရှိသည်။ ထိုအခွင့်အရေးရှိကြောင်း ချက်ချင်း အသိပေးရန်

(ဂ) အကယ်၍ ရှေ့နေ မရှိသဖြင့် သိသာသည့် တရားမျှတမှုကင်းမဲ့ခြင်း ဖြစ်နိုင်လျှင် နိုင်ငံတော်မှ နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေ ငှားရမ်းပေးရန် နှင့် ထိုသို့ငှားရမ်းခွင့်ရှိသည့် အခွင့်အရေးကို ချက်ချင်း အသိပေးရန်

(ဃ) အကယ်၍ ထိန်းသိမ်းထားခြင်းသည် တရားဥပဒေနှင့် အညီမဟုတ်ခဲ့ပါက တရားရုံးရှေ့မှောက်တွင် တရား ဥပဒေနှင့် အညီ ထိန်းသိမ်းထားခြင်းမဟုတ်ကြောင်း ချေပ၍ ပြန်လွှတ်ပေးရန် တောင်းဆိုခွင့်

(င) ထိန်းသိမ်းထားသည့်အခြေအနေများတွင် လူ့ဂုဏ်သိက္ခာနှင့် လျော်ညီစေရန် လုံလောက်သည့် နေရာ ထိုင်ခင်း၊ အာဟာရ၊ ဖတ်ရှုလေ့လာစရာများနှင့် ဆေးကုသမှုတို့ကို အစိုးရစရိတ်ဖြင့် အနိမ့်ဆုံးထောက်ခံမှုအနေဖြင့်ကျင့် သုံးဆောင်ရွက်ပေးရမည်။

(စ) ထို ပုဂ္ဂိုလ်နှင့် ပတ်သက်သည့် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း နှင့် ၎င်းတို့မှ လာရောက်တွေ့ဆုံခြင်း -

၁) အိမ်ထောင်ဖက် သို့မဟုတ် အတူနေအဖော်

၂) ဆွေမျိုး

၃) ရွေးချယ်ထားသည့် ဘာသာရေးဆိုင်ရာ ဆွေးနွေးနှစ်သိမ့်ပေးသူ/တရားဟောဆရာ

၄) ရွေးချယ်ထားသည့် ကျန်းမာရေး စောင့်ရှောက်မှုပေးသူ/ဆရာဝန်

(၃) စွပ်စွဲခံရသူတိုင်း အောက်ပါအခွင့်အရေးများအပါအဝင် တရားမျှတသည့် စစ်ဆေးစီရင်ခံပိုင်ခွင့်ရှိသည်-

(က) ဖြေရှင်းနိုင်ရန် လုံလောက်သည့် အသေးစိတ် အချက်အလက်များပါဝင်သည့် စွဲချက်နှင့် ပတ်သက်၍ သိရှိခွင့်

(b) to have adequate time and facilities to prepare a defence;

(c) to a public trial before an ordinary court;

(d) to have their trial begin and conclude without unreasonable delay;

(b) to be present when being tried;

(c) to choose, and be represented by, a legal practitioner, and to be informed of this right promptly;

(d) to have a legal practitioner assigned to the accused person by the state and at state expense, if substantial injustice would otherwise result, and to be informed of this right promptly;

(e) to be presumed innocent, to remain silent, and not to testify during the proceedings;

(f) to adduce and challenge evidence;

(g) not to be compelled to give self-incriminating evidence;

(h) to be tried in a language that the accused person understands or, if that is not practicable, to have the proceedings interpreted in that language;

(i) not to be convicted for an act or omission that was not an offence under either national or international law at the time it was committed or omitted;

(j) not to be tried for an offence in respect of an act or omission for which that person has previously been either acquitted or convicted;

(k) to the benefit of the least severe of the prescribed punishments if the prescribed punishment for the offence has been changed between the time that the offence was committed and the time of sentencing; and (o) of appeal to, or review by, a higher court.

(4) Whenever this section requires information to be given to a person, that information must be given in a language that the person understands.

(5) Evidence obtained in a manner that violates any right in the Bill of Rights must be excluded if the admission of that evidence would render the trial unfair or otherwise be detrimental to the administration of justice.

(ခ) ခုခံချေပရန် အတွက် ပြင်ဆင်ရန် လုံလောက်သည့်အချိန်နှင့် ပံ့ပိုးကူညီသည့်အထောက်အကူ ပစ္စည်းများ ရရှိခွင့်

(ဂ) သာမာန်တရားရုံး ရှေ့မှောက်တွင် အများပြည်သူရှေ့၌ တရားစီရင်စစ်ဆေးခံနိုင်ခွင့်

(ဃ) ကျိုးကြောင်းမဆီလျော်သည့် နှောင့်နှေးမှု မရှိစေဘဲ စစ်ဆေးစီရင်မှု စတင်ခွင့် နှင့် အဆုံးသတ်နိုင်ခွင့်

(င) တရားစီရင်သည့်အခါ ရုံးတော်တွင် ရှိနေခွင့်

(စ) ရှေ့နေရွေးချယ်ခွင့်နှင့် ရှေ့နေမှ ကိုယ်စားပြုပေးခွင့်။ ၎င်းအခွင့်အရေးများအား ချက်ချင်း အသိပေးခြင်းခံနိုင်ခွင့်

(ဆ) အကယ်၍ ရှေ့နေ မရှိသဖြင့် သိသာသည့် တရားမျှတမှုကင်းမဲ့ခြင်း ဖြစ်ပေါ်နိုင်လျှင် နိုင်ငံတော် မှ နိုင်ငံတော်စရိတ်ဖြင့် ရှေ့နေ ငှားရမ်းပေးရန် နှင့် ထိုသို့ငှားရမ်းခွင့်ရှိသည့် အခွင့်အရေးကို ချက်ချင်း အသိပေးရန်

(ဇ) တရားခွင်တွင် ကြားနာနေစဉ်အတွင်း အပြစ်မရှိဟု ယူဆခံပိုင်ခွင့်၊ ဆိတ်ဆိတ် နေပိုင်ခွင့်၊ နှင့် သက်သေ ခံခြင်း မပြုဘဲနေ နိုင်ခွင့်

(ဈ) သက်သေခံအထောက်အထားအား သက်သေခံခွင့်နှင့် စောဒက တက်ခွင့်

(ည) မိမိကိုယ်ကို အပြစ်ရှိကြောင်းသဘောသက်ရောက်စေသည့် အထောက်အထားမျိုး ပေးခိုင်းခံခြင်း မရှိစေ သည့် အခွင့်အရေး

(ဋ) စွပ်စွဲခံရသူနားလည်သည့် ဘာသာစကားဖြင့် တရားစီရင်ခြင်းခံခွင့်ရှိသည် သို့မဟုတ် လက်တွေ့တွင် ထိုသို့ ဆောင်ရွက်ရန် မဖြစ်နိုင်ပါက တရားခွင်တွင် ကြားနာမှုများအား ဘာသာပြန်ပေးရမည်

 (၁) လုပ်ရပ် သို့မဟုတ် ချန်လှပ်ထားမှု ဖြစ်သည့်အချိန်တွင် ပြည်တွင်း နှင့် နိုင်ငံတကာ ဥပဒေများတွင် ပြစ်မှုဟု မသတ်မှတ်သည့် လုပ်ရပ် သို့မဟုတ် ချန်လှပ်ထားမှုအတွက် ပြစ်ဒဏ်ချခံခြင်း မရှိစေရ

 (၂) ထိုပုဂ္ဂိုလ်အနေဖြင့် ယခင်က တရားသေလွှတ်ခြင်း သို့မဟုတ် ပြစ်ဒဏ်စီရင်ခံရခြင်း ဖြစ်ခဲ့သည့် ပြစ်မှုအတွက် တရားစီရင်ခံရခြင်းမရှိစေရ

(ဌ) ပြစ်မှုကျူးလွန်သည့်အချိန်နှင့် ပြစ်ဒဏ်ချမှတ်သည့်အချိန်ကြား ကျူးလွန်သည့်ပြစ်မှု အမျိုးအစားအတွက် သတ်မှတ်ထားသည့် ပြစ်ဒဏ်ပြောင်းလဲသွားပါက သတ်မှတ်ပြစ်ဒဏ်များထဲမှာ အသက်သာဆုံး ပြစ်ဒဏ် အကျိုးခံစားခွင့်နှင့်

(ဍ) ပို၍ အဆင့်မြင့်သည့် တရားရုံး တွင် အယူခံဝင်ခွင့် သို့မဟုတ် ပြန်လည်သုံးသပ်ပိုင်ခွင့်

(၄) ဤ ပုဒ်မ ရှိ သတင်း အချက်အလက်များ အား လူတစ်ဦးဦးအား အသိပေးရန် လိုအပ်ပါက အဆိုပါ သတင်းအချက်အလက်များအား ထိုသူနားလည်သည့် ဘာသာစကားဖြင့် ပေးရမည်။

(၅) အခြေခံအကျဆုံးအခွင့်အရေးများကိုအာမခံထားသည့်ဥပဒေတွင် ဖော်ပြထားသည့် မည်သည့်အခွင့်အရေးမဆို ချိုးဖောက်သည့်နည်းလမ်းဖြင့် သက်သေအထောက်အထားရယူခဲ့သဖြင့် ထိုအထောက်အထားအား တင်ပြခွင့်ပြုခြင်းကြောင့် တရားစီရင်ရေးတွင် မျှတမှုမရှိလျှင် သို့မဟုတ် တရားစီရင်ရေးကို စီမံဆောင်ရွက်ရာတွင် ကြီးမားသည့် အဟန့်အတားဖြစ်လျှင် ထိုသက်သေအထောက် အထားကို ချန်လှပ်ထားရမည်။

## Limitation of rights

36. (1) The rights in the Bill of Rights may be limited only in terms of law of general application to the extent that the limitation is reasonable and justifiable in an open and democratic society based on human dignity, equality and freedom, taking into account all relevant factors, including—

(a) the nature of the right;

(b) the importance of the purpose of the limitation;

(c) the nature and extent of the limitation;

(d) the relation between the limitation and its purpose; and

(e) less restrictive means to achieve the purpose.

(2) Except as provided in subsection (1) or in any other provision of the Constitution, no law may limit any right entrenched in the Bill of Rights.

## States of emergency

37. (1) A state of emergency may be declared only in terms of an Act of Parliament, and only when—

(a) the life of the nation is threatened by war, invasion, general insurrection, disorder, natural disaster or other public emergency; and

(b) the declaration is necessary to restore peace and order.

(2) A declaration of a state of emergency, and any legislation enacted or other action taken in consequence of that declaration, may be effective only—

(a) prospectively; and

(b) for no more than 21 days from the date of the declaration, unless the National Assembly resolves to extend the declaration. The Assembly may extend a declaration of a state of emergency for no more than three months at a time.

The first extension of the state of emergency must be by a resolution adopted with a supporting vote of a majority of the members of the Assembly. Any subsequent extension must be by a resolution adopted with a supporting vote of at least 60 per cent of the members of the Assembly. A resolution in terms of this paragraph may be adopted only following a public debate in the Assembly.

**အခွင့်အရေးဆိုင်ရာ အကန့်အသတ်များ**

၃၆။ (၁) လူတစ်ဦးချင်းစီ၏ အခြေခံအကျဆုံး အခွင့်အရေးများကို အာမခံထားသည့် ဥပဒေတွင် ပါဝင်သည့် အခွင့်အရေးများအား အားလုံးနှင့်အကျုံးဝင်သည့် ဥပဒေတွင် ပါဝင်သည့် လူ့ဂုဏ်သိက္ခာ၊ တန်းတူညီမျှမှု နှင့် လွတ်လပ်ခွင့် နှင့် အခြားသက်ဆိုင်ရာ အချက်အလက်များအား ထည့်သွင်းစဉ်းစားလျက် အောက်ဖော်ပြပါ အခွင့်အရေးများ အပါအဝင် ပွင့်လင်းပြီး ဒီမိုကရေစီ နည်းလမ်းကျသည့် လူမှုအဖွဲ့အစည်းအတွင်း ကျိုးကြောင်းဆီလျော်ပြီး တရားမျှတသည့် အတိုင်းအတာအထိ ကန့်သတ် ရမည်-

(က) အခွင့်အရေး၏ သဘောသဘာဝ

(ခ) ကန့်သတ်ရခြင်း ရည်ရွယ်ချက်၏ အရေးပါမှု

(ဂ) ကန့်သတ်ရခြင်း၏ သဘောသဘာဝနှင့် အတိုင်းအတာ

(ဃ) ကန့်သတ်ခြင်း နှင့် ၎င်း၏ရည်ရွယ်ချက်အကြား ဆက်နွယ်မှု နှင့်

(င) ထိုရည်ရွယ်ချက်ပြီးမြောက်စေရန်အတွက် ကန့်သတ်မှု နည်းသည့်နည်းလမ်းများ

(၂) ပုဒ်မခွဲ (၁) သို့မဟုတ် အခြေခံဥပဒေ၏ ပြဋ္ဌာန်းချက် များ ထဲမှ တစ်ခုခုတွင် တွင် ဖော်ပြထားသည်မှလွဲ၍ အခြေခံအကျဆုံးအခွင့်အရေးများကိုအာမခံထားသည့်ဥပဒေတွင် ပါဝင်သည့် အခွင့်အရေးများအား မည်သည့်ဥပဒေနှင့်မျှ ကန့်သတ်ခြင်းမပြုရ

**အရေးပေါ်အခြေအနေ**

၃၇။ (၁) ဥပဒေပြုလွှတ်တော် အက်ဥပဒေ ဖြင့်သာ အရေးပေါ်အခြေအနေတစ်ရပ် ကို ကြေငြာ နိုင်သည်။ ထို့ပြင် အောက်ပါအခြေအနေ များတွင် ကြေငြာနိုင်သည်-

(က) စစ်၊ ကျူးကျော်မှု၊ အထွေထွေ ပုန်ကန်မှု၊ မငြိမ်မသက်ဖြစ်မှု/ဆူပူမှု၊ သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြား အများပြည်သူ အရေးပေါ်အခြေအနေ တို့ဖြင့် နိုင်ငံတော် ၏ ဖြစ်တည်မှုကို ခြိမ်းခြောက်ခံရခြင်း

(ခ) ငြိမ်းချမ်းရေး နှင့် ငြိမ်ဝပ်ပိပြားရေး ပြန်လည်တည်ဆောက်ရန် လိုအပ်သည့်အတွက် ကြေငြာခြင်း

(၂) အရေးပေါ်အခြေအနေ ကြေငြာခြင်း နှင့် အဆိုပါ အရေးပေါ်အခြေအနေကြေငြာခြင်း၏ အကျိုးဆက်အတွက် ပြဋ္ဌာန်းသည့် ဥပဒေ သို့မဟုတ် အခြား ဆောင်ရွက်ချက်များသည် အောက်ပါအခြေအနေတို့ အတွက်သာ တွင် ထိရောက်မှု ရှိမည် ဖြစ်သည်-

(က) နောင်အနာဂတ် အတွက် အလားအလာ ရှိသော နှင့်

(ခ) ပြည်သူ့လွှတ်တော်မှ အရေးပေါ်အခြေအနေကြေငြာခြင်းကို ဆက်လက်သက်တမ်း တိုးကြောင်း ဆုံးဖြတ်ခြင်း မပြုခဲ့လျှင် အရေးပေါ်အခြေအနေကြေငြာသည့် ရက်မှ ၂၁ ရက်ထက်မပိုရ။ ပြည်သူ့လွှတ်တော် မှ အရေးပေါ်အခြေအနေကြေငြာခြင်းအား တစ်ကြိမ်လျှင် သုံးလထက် ပို၍ မကျော်လွန်စေဘဲ သက်တမ်း တိုးရမည် ဖြစ်သည်။

အရေးပေါ်အခြေအနေအား ပထမဦးဆုံး သက်တမ်းတိုးခြင်းတွင် ပြည်သူ့ လွှတ်တော် အဖွဲ့ဝင် အများစု၏ ထောက်ခံမဲရရှိမှသာ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်၍ သက်တမ်းတိုး ရမည် ဖြစ်သည်။ နောက်ထပ် သက်တမ်းတိုးခြင်းများအား ပြည်သူ့လွှတ်တော်အဖွဲ့ဝင် ၆၀ ရာခိုင်နှုန်း၏ ထောက်ခံမဲ ရရှိမှသာလျှင် သက်တမ်းတိုးနိုင်ရန် ဆုံးဖြတ်ချက် ချမှတ်ရမည် ဖြစ်သည်။ ဤစာပိုဒ်တွင် ပါဝင်သည့် အကြောင်းအရာများနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်အား လွှတ်တော်အဖွဲ့ဝင်အားလုံးမှ အများပြည်သူ ရှေ့မှောက်တွင် ပါဝင် ဆွေးနွေးအဖြေရှာခြင်းဖြင့် ချမှတ်ရမည်ဖြစ်သည်။

(3) Any competent court may decide on the validity of—

(a) a declaration of a state of emergency;

(b) any extension of a declaration of a state of emergency; or

(c) any legislation enacted, or other action taken, in consequence of a declaration of a state of emergency.

(4) Any legislation enacted in consequence of a declaration of a state of emergency may derogate from the Bill of Rights only to the extent that—

(a) the derogation is strictly required by the emergency; and

(b) the legislation—

(i) is consistent with the Republic's obligations under international law applicable to states of emergency;

(ii) conforms to subsection (5); and

(iii) is published in the national Government Gazette as soon as reasonably possible after being enacted.

(5) No Act of Parliament that authorises a declaration of a state of emergency, and no legislation enacted or other action taken in consequence of a declaration, may permit or authorise—

(a) indemnifying the state, or any person, in respect of any unlawful act;

(b) any derogation from this section; or

(c) any derogation from a section mentioned in column 1 of the Table of Non-Derogable Rights, to the extent indicated opposite that section in column 3 of the Table.

**Table of Non-Derogable Rights**

| **1 Section number** | **2 Section title** | **3 Extent to which the right is protected** |
|---|---|---|
| 9 | Equality | With respect to unfair discrimination solely on the grounds of race, colour, ethnic or social origin, sex, religion or language. |
| 10 | Human Dignity | Entirely |
| 11 | Life | Entirely |
| 12 | Freedom and Security of the person | With respect to subsections (1)*(d)* and *(e)* and (2)*(c)*. |
| 13 | Slavery, servitude and forced labour | With respect to slavery and servitude |

(၃) စီရင်ပိုင်ခွင့်ရှိသည့် မည်သည့် တရားရုံးမဆို အောက်ပါတို့၏ တရားဝင်မှုကို ဆုံးဖြတ်နိုင်သည်-

(က) အရေးပေါ်အခြေအနေကြေငြာခြင်း

(ခ) အရေးပေါ်အခြေအနေ ကြေငြာခြင်းအား သက်တမ်းတိုးခြင်း (သို့)

(ဂ) အရေးပေါ်အခြေအနေ ကြေငြာခြင်း၏ အကျိုးဆက်အဖြစ် ဥပဒေတစ်ရပ် ပြဋ္ဌာန်း ခြင်း သို့မဟုတ် အခြား ဆောင်ရွက်ချက် တစ်ရပ် /အရေးယူမှုတစ်ရပ် လုပ်ဆောင်ခြင်း

(၄) အရေးပေါ်အခြေအနေ ကြေငြာခြင်း၏ အကျိုးဆက်အဖြစ် ပြဋ္ဌာန်း သည့် ဥပဒေတစ်ရပ် မှ လူတစ်ဦးချင်းစီ၏ အခြေခံအကျဆုံး အခွင့်အရေးများကို အာမခံထားသည့်ဥပဒေအား အောက်ပါ အတိုင်းအတာအထိ သွေဖည်ခြင်းပြုနိုင်သည်

(က) သွေဖည်ခြင်းမှာ အရေးပေါ်အခြေအနေအတွက် လွန်စွာမှ လိုအပ်လျှင် နှင့်

(ခ) ဥပဒေသည်-

(၁) အရေးပေါ်အခြေအနေ နှင့် ပက်သက်၍ သမ္မတနိုင်ငံမှ ထားရှိသည့် နိုင်ငံတကာ ဥပဒေဆိုင်ရာ ကတိကဝတ်များ နှင့် ကိုက်ညီမှုရှိလျှင်၊

(၂) ပုဒ်မခွဲ (၅) နှင့် လိုက်လျောညီထွေရှိလျှင် နှင့်

(၃) ပြဋ္ဌာန်းပြီးပြီးချင်း တတ်နိုင်သမျှ အမြန်ဆုံး နိုင်ငံတော်အစိုးရ၏ ပြန်တမ်းတွင် ထည့်သွင်းဖော်ပြထုတ်ဝေလျှင်

(၅) အရေးပေါ်အခြေအနေ ကြေငြာရန် ခွင့်ပြုမိန့်ပေးသည့် ဥပဒေပြုလွှတ်တော်၏ အက်ဥပဒေ နှင့် အရေးပေါ်အခြေအနေကြေငြာခြင်း၏ အကျိုးဆက်အဖြစ် ပြဋ္ဌာန်းထားသည့် ဥပဒေ သို့မဟုတ် အခြား ဆောင်ရွက်ချက် နှင့်မှ အောက်ပါတို့အား ခွင့်ပြုခြင်း သို့မဟုတ် လုပ်ပိုင်ခွင့်ပေးခြင်း မရှိစေရ-

(က) တရားဥပဒေနှင့် မညီသည့် မည်သည့်လုပ်ရပ်မဆို နိုင်ငံတော်အတွက် သို့မဟုတ် အခြား တစ်စုံ တစ်ဦးအတွက် ဆုံးရှုံး နစ်နာစေမှု မှ ကင်းလွတ်စေခြင်း

(ခ) ဤပုဒ်မမှ မည်သည့် အခွင့်အရေး ဖယ်ရှား ထုတ်ပယ် ခံရခြင်းမဆို သို့မဟုတ်

(ဂ) ဖယ်ရှား ထုတ်ပယ်၍မရသည့် အခွင့်အရေးများဆိုင်ရာ ဇယား၏ စာတိုင် ၁ နှင့် ဆန့်ကျင်ဖက်ရှိ စာတိုင် ၃ တွင်ဖော်ပြထားသည့် မည်သည့်အခွင့်အရေးဖယ်ရှား ခံရခြင်းမဆို -

**ဖယ်ရှား၍မရသည့် အခွင့်အရေးများ ဇယား**

| ပုဒ်မ နံပါတ် | ပုဒ်မ ခေါင်းစဉ် | အခွင့်အရေး အား စောင့်ရှောက် ကာကွယ်ပေးထား သည့် အတိုင်းအတာ |
|---|---|---|
| ၉ | တန်းတူညီမျှမှု | လူမျိုး၊ အသားအရောင်၊ တိုင်းရင်းသားမျိုးနွယ်စု သို့မဟုတ် လူမှု ဇစ်မြစ်၊ လိင်ကွဲပြားမှု၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် ဘာသာစကားပေါ် အခြေခံ၍ တရားမျှတမှုမရှိသည့် ခွဲခြားဆက်ဆံမှု |
| ၁၀ | လူ့ဂုဏ်သိက္ခာ | လုံးဝဥသုံ |
| ၁၁ | ဘဝရှင်သန်မှု | လုံးဝဥသုံ |
| ၁၂ | လူတစ်ဦး၏ လွတ်လပ်ခွင့် နှင့် လုံခြုံမှု | ပုဒ်မခွဲ (၁) (ဃ) နှင့် (င) နှင့် (၂) (ဂ) တို့နှင့် သက်ဆိုင်သည် |
| ၁၃ | ကျွန်ပြုခံရခြင်း၊ အခိုင်းအစေ နှင့် အဓမ္မအလုပ်ခိုင်းစေခြင်း | ကျွန်ပြုခံရခြင်း နှင့် အခိုင်းအစေအဖြစ် ခိုင်းစေခြင်းတို့နှင့် သက်ဆိုင်သည် |

| | | |
|---|---|---|
| 28 | Children | With respect to:<br>- Subsection (1) *(d)* and *(e)*<br>- the rights in sub-paragraphs (i) and (ii) of subsection (1)(g); and<br>- subsection 1(i) in respect of children of 15 years and younger |
| 35 | Arrested, detained and accused persons | With respect to:<br>- subsections (1) (a), (b) and (c) and 2(d);<br>- the rights in paragraphs (a) to (o) of subsection (3), excluding paragraph (d)<br>- subsection (4); and<br>- subsection (5) with respect to the exclusion of evidence if the admission of that evidence would render the trial unfair. |

(6) Whenever anyone is detained without trial in consequence of a derogation of rights resulting from a declaration of a state of emergency, the following conditions must be observed:

(a) An adult family member or friend of the detainee must be contacted as soon as reasonably possible, and informed that the person has been detained.

(b) A notice must be published in the national Government Gazette within five days of the person being detained, stating the detainee's name and place of detention and referring to the emergency measure in terms of which that person has been detained.

(c) The detainee must be allowed to choose, and be visited at any reasonable time by, a medical practitioner.

(d) The detainee must be allowed to choose, and be visited at any reasonable time by, a legal representative.

(e) A court must review the detention as soon as reasonably possible, but no later than 10 days after the date the person was detained, and the court must release the detainee unless it is necessary to continue the detention to restore peace and order.

| | | |
|---|---|---|
| ၂၈ | ကလေးသူငယ်များ | ပုဒ်မခွဲ (၁) (ဃ) နှင့် (င)<br>ပုဒ်မခွဲ (၁) (ဆ) ၏ အပိုဒ်ခွဲ (၁) နှင့် (၂) တွင်ပါဝင်သည့် အခွင့်အရေးများ<br>ပုဒ်မခွဲ (၁) (ဈ) ပါ အသက် ၁၅ နှစ် နှင့်အောက် ကလေးသူငယ်များတို့နှင့် သက်ဆိုင်သည် |
| ၃၅ | ဖမ်းဆီးခံခြင်း၊ ထိန်းသိမ်းခြင်းနှင့် စွပ်စွဲခြင်း ခံရသူများ | ပုဒ်မခွဲ (၁) (က)၊ (ခ) နှင့် (ဂ) နှင့် (၂) (ဃ)<br>ပုဒ်မခွဲ (၃) ၏ အပိုဒ် (ဃ) မှလွဲ၍ အပိုဒ် (က)မှ (ဏ) တွင်ပါဝင်သည့် အခွင့်အရေးများ<br>ပုဒ်မခွဲ (၄)၊ နှင့်<br>အကယ်၍ သက်သေခံ ဝင်ခွင့်ပြုခဲ့ပါက တရား မျှတမှု မရှိသည့် တရားစီရင်ရေး ဖြစ်မည့် သက်သေ ခံ အထောက်အထားအား ဖယ်ထုတ်ခြင်း နှင့်ဆိုင် သည့် ပုဒ်မခွဲ (၅) |

(၆) အရေးပေါ်အခြေအနေ ကြေငြာခြင်း၏ ရလဒ်ဖြစ်သည့် အခွင့်အရေးများ ဖယ်ရှားခံရခြင်း၏ အကျိုးဆက် အဖြစ် တစ်စုံတစ်ဦးအား တရားစွဲဆိုခြင်းမရှိဘဲ ထိန်းသိမ်းခြင်း ခံရသည့်အခါ အောက်ပါအခြေအနေများအား လိုက်နာကျင့်သုံးရမည် ဖြစ်သည်-

(က) ထိန်းသိမ်းခံရသည့်သူ၏ အရွယ်ရောက်ပြီးသူ မိသားစုဝင် သို့မဟုတ် မိတ်ဆွေအား အတတ်နိုင်ဆုံး အမြန်ဆုံး ဆက်သွယ်၍ ထိုသူ အထိန်းသိမ်းခံရကြောင်း အကြောင်းကြားရမည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးဦးအားဖမ်းဆီးပြီး နောက်ငါးရက်အတွင်း နိုင်ငံတော် အစိုးရပြန်တမ်း တွင် ထိုထိန်းသိမ်း ခံရသူ၏ အမည်၊ ထိန်းသိမ်းသည့်နေရာ နှင့် ထိုသူအား ဖမ်းဆီးခြင်းနှင့် သက်ဆိုင်သည့် အရေးပေါ် အခြေအနေ ဆိုင်ရာ အစီအမံများ အား ရည်ညွှန်းလျက် အသိပေးကြေငြာစာ ထုတ်ပြန်ရမည်။

(ဂ) ထိန်းသိမ်းခြင်းခံရသူအား ကျန်းမာရေး စောင့်ရှောက်ပေးသူ/ဆရာဝန် ရွေးချယ်ခွင့်နှင့် သင့်လျော်သည့် အချိန်တွင် လာရောက်စစ်ဆေး ဆေးကုသခွင့်ပေးရမည်။

(ဃ) ထိန်းသိမ်းခြင်းခံရသူအား ရှေ့နေရွေးချယ်ခွင့်နှင့်သင့်လျော်သည့်အချိန်တွင် လာရောက်တွေ့ဆုံခွင့်ပေးရမည်။

(င) တရားရုံးအနေဖြင့် တတ်နိုင်သမျှအမြန်ဆုံး စစ်ဆေးရန် အဆိုပါ ထိန်းသိမ်းခံရသူ ထိန်းသိမ်းခံရပြီး ၁၀ရက် ထက်မပိုစေဘဲ သုံးသပ်ရန်၊ တရားရုံးအနေဖြင့် ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေး ကို ပြန်လည်ထိန်းသိမ်းရန် လိုအပ်သည်မှ လွဲ၍ ထိန်းသိမ်းခံရသူအား ပြန်လွှတ်ရန် အမိန့်ချမှတ်ပေးရမည်။

(f) A detainee who is not released in terms of a review under paragraph (e), or who is not released in terms of a review under this paragraph, may apply to a court for a further review of the detention at any time after 10 days have passed since the previous review, and the court must release the detainee unless it is still necessary to continue the detention to restore peace and order.

(g) The detainee must be allowed to appear in person before any court considering the detention, to be represented by a legal practitioner at those hearings, and to make representations against continued detention.

(h) The state must present written reasons to the court to justify the continued detention of the detainee, and must give a copy of those reasons to the detainee at least two days before the court reviews the detention.

(7) If a court releases a detainee, that person may not be detained again on the same grounds unless the state first shows a court good cause for re-detaining that person.

(8) Subsections (6) and (7) do not apply to persons who are not South African citizens and who are detained in consequence of an international armed conflict. Instead, the state must comply with the standards binding on the Republic under international humanitarian law in respect of the detention of such persons.

## Enforcement of rights

38. Anyone listed in this section has the right to approach a competent court, alleging that a right in the Bill of Rights has been infringed or threatened, and the court may grant appropriate relief, including a declaration of rights. The persons who may approach a court are—

(a) anyone acting in their own interest;

(b) anyone acting on behalf of another person who cannot act in their own name;

(c) anyone acting as a member of, or in the interest of, a group or class of persons;

(d) anyone acting in the public interest; and

(e) an association acting in the interest of its members.

(စ) အပိုဒ် (င) တွင် ပါဝင်သည့် အချက်များကြောင့် ပြန်လွှတ်ပေးခြင်း မခံရသည့် ထိန်းသိမ်းခြင်းခံရသူ သို့မဟုတ်ဤအပိုဒ်တွင် ဖော်ပြထားသည့်အချက်များအား သုံးသပ်နေခြင်းကြောင့် ပြန်လွှတ်ပေးခြင်း မခံရသည့် ထိန်းသိမ်းခြင်းခံရသူ အနေဖြင့် ပထမအကြိမ် တရားရုံးတွင် သုံးသပ်ချိန်မှရေတွက်လျှင် ၁၀ ရက် ကျော်လွန်သွားသည့်နောက် တရားရုံးမှ ထပ်မံ သုံးသပ်ပေးရန် လျှောက်ထားပိုင်ခွင့်ရှိပြီး တရားရုံး အနေဖြင့် ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေး ကို ပြန်လည်ထိန်းသိမ်းရန် လိုအပ်သည်မှ လွဲ၍ ထိန်းသိမ်း ခံရသူအား ပြန်လွှတ်ရန် အမိန့်ချမှတ်ပေးရမည်။

(ဆ) ထိန်းသိမ်းထားခြင်း ခံရသူအား ထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ စဉ်းစားနေသည့် တရားရုံးတော် ရှေ့မှောက်တွင် လူကိုယ်တိုင် လာရောက်ခွင့် ပေးရန်၊ ကြားနာမှုများတွင် ရှေ့နေ ဥပဒေအကျိုးဆောင် မှ ကိုယ်စား ပြုခွင့် နှင့် ဆက်လက် ထိန်းသိမ်း ထားခြင်းအတွက် ဆက်လက် ကိုယ်စားပြုပေးခွင့်

(ဇ) နိုင်ငံတော်အနေဖြင့် ထိန်းသိမ်းခံထားရသူအား ဆက်လက်ထိန်းသိမ်းထား သင့်သည့်အကြောင်းကို တရားရုံးတော်သို့ စာဖြင့်ပေးအပ်ရမည် ဖြစ်ပြီး ထိုစာ၏ မိတ္တူတစ်စောင်အား ထိန်းသိမ်းခံရသူထံ တရားရုံးမှ အမှုကြားနာ သုံးသပ်သည့် နေ့မတိုင်ခင် အနည်းဆုံးနှစ်ရက် ကြိုတင်ပေးရမည်။

(၇) အကယ်၍ တရားရုံးမှ ထိန်းသိမ်းခံရသူအား လွှတ်ပေးခဲ့လျှင် နိုင်ငံတော်မှ ထိုပုဂ္ဂိုလ်အား ထပ်မံ ထိန်းသိမ်းရန် ခိုင်မာသည့် အကြောင်းရင်းကို ဦးစွာ မပြနိုင်ဘဲနှင့် တူညီသည့် အကြောင်းအရာကြောင့် ထပ်မံ ထိန်းသိမ်းခြင်းမခံရ စေရ။

(၈) ပုဒ်မခွဲ (၆) နှင့် (၇) သည် တောင်အာဖရိက နိုင်ငံသား မဟုတ်သူ များနှင့် နိုင်ငံတကာ လက်နက်ကိုင် ပဋိပက္ခ၏ အကျိုးဆက် အနေဖြင့် ထိန်းသိမ်းခံရသူများ နှင့် မသက်ဆိုင်ပါ။ ထိုအစား နိုင်ငံတော်အနေဖြင့် ထိုကဲ့သို့သော ထိန်းသိမ်းခံရသူများအား လေးစားသည့်အနေဖြင့် သမ္မတနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေဆိုင်ရာ စည်းနှောင်မှုရှိသည့် စံသတ်မှတ်ချက်များနှင့် အညီ လိုက်နာ ဆောင်ရွက်ရမည် ဖြစ်သည်။

**အခွင့်အရေးများအား လိုက်နာဆောင်ရွက်စေခြင်း/အတည်ဖြစ်စေခြင်း**

၃၈။ ဤပုဒ်မတွင်ထည့်သွင်းဖော်ပြထားသည့်မည်သူမဆိုအခြေခံအကျဆုံးအခွင့်အရေးများကို အာမခံထားသည့်ဥပဒေအား ဖောက်ဖျက်ခြင်းသို့မဟုတ် ခြိမ်းခြောက်ခြင်းခံနေရကြောင်း စွပ်စွဲ၍ သက်ဆိုင်ရာ တရားရုံးသို့ ချဉ်းကပ်နိုင်ခွင့်ရှိပြီး တရားရုံးအနေဖြင့် အခွင့်အရေးများ ကြေငြာပေးခြင်းအပါအဝင် သင့်လျော်သည့် ဖြေလျော့မှုများ ခွင့်ပြုပေးနိုင်သည်။ တရားရုံးတော်သို့ ချဉ်းကပ်နိုင်ခွင့်ရှိသူများမှာ -

(က) ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် ကိုယ်တိုင်ဆောင်ရွက်သူ မည်သူမဆို

(ခ) မိမိတို့၏ အမည်ဖြင့် ကိုယ်တိုင်ဆောင်ရွက်ခြင်း မပြုနိုင်သည့်သူများကိုယ်စား ဆောင်ရွက်ပေးသူ မည်သူမဆို

(ဂ) အုပ်စုတစ်စု သို့မဟုတ် အဆင့်အတန်းတစ်ခု၏ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်သူ သို့မဟုတ် ထိုအုပ်စု သို့မဟုတ် အဆင့်အတန်း၏ အကျိုးစီးပွားအတွက် ဆောင်ရွက်သူ မည်သူမဆို

(ဃ) အများပြည်သူအကျိုးစီးပွား အတွက်ဆောင်ရွက်နေသူ မည်သူမဆို နှင့်

(င) အဖွဲ့ဝင် များ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်နေသည့် အဖွဲ့အစည်း

## Interpretation of Bill of Rights

39. (1) When interpreting the Bill of Rights, a court, tribunal or forum—

(a) must promote the values that underlie an open and democratic society based on human dignity, equality and freedom;

(b) must consider international law; and

(c) may consider foreign law.

(2) When interpreting any legislation, and when developing the common law or customary law, every court, tribunal or forum must promote the spirit, purport and objects of the Bill of Rights.

(3) The Bill of Rights does not deny the existence of any other rights or freedoms that are recognised or conferred by common law, customary law or legislation, to the extent that they are consistent with the Bill.

**အခြေခံအကျဆုံးအခွင့်အရေးများကိုအာမခံထားသည့်ဥပဒေ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်**

၃၉။ (၁) အခြေခံအကျဆုံးအခွင့်အရေးများကိုအာမခံထားသည့်ဥပဒေအား အဓိပ္ပါယ်ဖွင့်ဆိုသည့် အခါ တရားရုံး၊ ခုံရုံး သို့မဟုတ် တရားရုံးနှင့် ခုံရုံးတို့ကဲ့သို့သော အမှုကိစ္စများဖြေရှင်းပေးရာနေရာသည် -

(က) ဂုဏ်သိက္ခာ၊ တန်းတူညီမျှမှု နှင့် လွတ်လပ်ခွင့်တို့အား အခြေခံသည့် ပွင့်လင်း သည့် ဒီမိုကရေစီစနစ် ကျင့်သုံးသော လူမှုအဖွဲ့အစည်း၏ အခြေခံ တန်ဖိုးများအား မြှင့်တင်ရမည်

(ခ) အပြည်ပြည်ဆိုင်ရာ ဥပဒေအား ထည့်သွင်းစဉ်းစားရမည်

(ဂ) အခြားနိုင်ငံ၏ ဥပဒေအား ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်

(၂) ဥပဒေအား အဓိပ္ပါယ် ဖွင့်ဆိုသည့်အခါနှင့် အင်္ဂလိပ်ရိုးရာ ဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်းဥပဒေ ရေးဆွဲ ပြုစုရာတွင် တရားရုံးတိုင်း ၊ ခုံရုံးတိုင်း သို့မဟုတ် တရားရုံးနှင့် ခုံရုံးတို့ကဲ့သို့သော အမှုကိစများဖြေရှင်း ပေးရာနေရာတိုင်းသည် လူတစ်ဦးချင်းစီ၏ အခြေခံအကျဆုံး အခွင့်အရေးများကို အာမခံထားသည့်ဥပဒေ၏ အနှစ်သာရ၊ အဓိပ္ပါယ်နှင့် ရည်ရွယ်ချက်များအား မြှင့်တင်ရ မည်ဖြစ်သည်။

(၃) လူတစ်ဦးချင်းစီ၏ အခြေခံအကျဆုံး အခွင့်အရေးများကို အာမခံထားသည့် ဥပဒေသည် အခြား အင်္ဂလိပ်ရိုးရာဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်းဥပဒေ နှင့် ဥပဒေများမှ အပ်နှင်းထားသည့် အခွင့်အရေးများ၏ ဖြစ်တည်မှုအား လူတစ်ဦးချင်းစီ၏ အခြေခံအကျဆုံး အခွင့်အရေးများကို အာမခံထားသည့် ဥပဒေနှင့် ကိုက်ညီနေသရွေ့ ငြင်းပယ်ခြင်း မပြု။

# CHAPTER 3

# CO-OPERATIVE GOVERNMENT

## Government of the Republic

40. (1) In the Republic, government is constituted as national, provincial and local spheres of government which are distinctive, interdependent and interrelated.

(2) All spheres of government must observe and adhere to the principles in this Chapter and must conduct their activities within the parameters that the Chapter provides.

## Principles of co-operative government and intergovernmental relations

41. (1) All spheres of government and all organs of state within each sphere must—

(a) preserve the peace, national unity and the indivisibility of the Republic;

(b) secure the well-being of the people of the Republic;

(c) provide effective, transparent, accountable and coherent government for the Republic as a whole;

(d) be loyal to the Constitution, the Republic and its people;

(e) respect the constitutional status, institutions, powers and functions of government in the other spheres;

(f) not assume any power or function except those conferred on them in terms of the Constitution;

## အခန်း ၃
## ပူးပေါင်းဆောင်ရွက်သည့်အစိုးရ

**သမ္မတနိုင်ငံအစိုးရ**

၄၀။ (၁) သမ္မတနိုင်ငံတွင် ကွဲပြားခြားနားပြီး အပြန်အလှန်မှီခိုကာ အချင်းချင်း ဆက်နွယ်နေသည့် အမျိုးသားအဆင့် ဩဇာသက်ရောက်မှုရှိသည့်အစိုးရ၊ ပြည်နယ်အဆင့် ဩဇာသက်ရောက်မှု ရှိသည့်အစိုးရ၊ ဒေသဆိုင်ရာအဆင့် ဩဇာသက်ရောက်မှုရှိသော အစိုးရများဖြင့် ဥပဒေအရ ဖွဲ့စည်းထားပါသည်။

(၂) အားလုံးသော နယ်ပယ်အလိုက် ဩဇာသက်ရောက်မှုရှိသည့် အစိုးရသည် ဤအခန်းတွင် ပါရှိသည့် မူဝါဒများကို စောင့်ထိန်းလိုက်နာရမည်ဖြစ်ပြီး ဤအခန်းမှ ပေးအပ်ထားသည့် သတ်မှတ်ချက်များ အတွင်းမှ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်သည့် အစိုးရနှင့် အစိုးရအချင်းချင်း ဆက်ဆံရေး၏ အခြေခံမူများ**

၄၁။ (၁) နယ်ပယ်အလိုက် ဩဇာသက်ရောက်မှုရှိသည့် အစိုးရအဖွဲ့အားလုံးနှင့် ဩဇာသက်ရောက်မှု ရှိသည့် နယ်ပယ်တစ်ခုချင်း၌ရှိသည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး အဖွဲ့အစည်း အားလုံးသည်-

(က) သမ္မတနိုင်ငံ၏ ငြိမ်းချမ်းရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ခွဲခြား၍မရနိုင်မှုတို့ကို ထိန်းသိမ်း စောင့်ရှောက်ရမည် ဖြစ်သည်။

(ခ) သမ္မတနိုင်ငံ၏ နိုင်ငံသူ၊ နိုင်ငံသားများ၏ ကောင်းကျိုးချမ်းသာမှု ကို အကာအကွယ်ပေးရမည် ဖြစ်သည်။

(ဂ) သမ္မတနိုင်ငံ တစ်ခုလုံးအတွက် ထိရောက်သော၊ ပွင့်လင်းမြင်သာသော၊ တာဝန်ခံမှုရှိသော၊ စည်းလုံး ညီညွတ်မှု ရှိသော အစိုးရအနေဖြင့် ပံ့ပိုးပေးရမည် ဖြစ်သည်။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သမ္မတနိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားများ အားလုံးအပေါ် သစ္စာ စောင့်သိ ရမည် ဖြစ်သည်။

(င) အခြားဩဇာသက်ရောက်မှုနယ်ပယ်များတွင် အစိုးရ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သတ်မှတ်ထား သည့် အဆင့်အတန်းများ၊ အဖွဲ့အစည်းများ၊ လုပ်ပိုင်ခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို လေးစား ရမည် ဖြစ်ပါသည်။

(စ) ၎င်းတို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်အာဏာနှင့် လုပ်ငန်း တာဝန်မှအပ အခြားမည်သည့် လုပ်ပိုင်ခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များကိုမျှ တာဝန်မယူရ။

(g) exercise their powers and perform their functions in a manner that does not encroach on the geographical, functional or institutional integrity of government in another sphere; and

(h) co-operate with one another in mutual trust and good faith by—

(i) fostering friendly relations;

(ii) assisting and supporting one another;

(iii) informing one another of, and consulting one another on, matters of common interest;

(iv) coordinating their actions and legislation with one another;

(v) adhering to agreed procedures; and

(vi) avoiding legal proceedings against one another.

(2) An Act of Parliament must—

(a) establish or provide for structures and institutions to promote and facilitate intergovernmental relations; and

(b) provide for appropriate mechanisms and procedures to facilitate settlement of intergovernmental disputes.

(3) An organ of state involved in an intergovernmental dispute must make every reasonable effort to settle the dispute by means of mechanisms and procedures provided for that purpose, and must exhaust all other remedies before it approaches a court to resolve the dispute.

(4) If a court is not satisfied that the requirements of subsection (3) have been met, it may refer a dispute back to the organs of state involved.

(ဆ) ၎င်းတို့၏ အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အခြား အစိုးရ၏သြဇာ သက်ရောက်မှုရှိသည့် ဒေသဆိုင်ရာ၊ လုပ်ငန်းတာဝန်ဆိုင်ရာ (သို့မဟုတ်) အဖွဲ့အစည်းဆိုင်ရာ နယ်ပယ်များ၏ တည်တံ့ခိုင်မြဲမှုအား မထိပါးစေရ။

(ဈ) နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်ခြင်းရာတွင် အပြန်အလှန် ယုံကြည်မှုနှင့် ရိုးသား ဖြောင့်မတ်မှုများအား -

၁) ရင်းနှီးသောဆက်ဆံရေးအား ထိန်းသိမ်းစောင့်ရှောက်ခြင်း

၂) အချင်းချင်း အကူအညီပေးခြင်းနှင့် ပံ့ပိုးပေးခြင်း

၃) အကျိုးတူကိစ္စရပ်များအတွက် တဦးနှင့်တဦး အပြန်အလှန် သတင်းပေးခြင်း၊ တိုင်ပင် ဆွေးနွေးခြင်း

၄) အစိုးရများ၏ ဆောင်ရွက်ချက်များနှင့် ဥပဒေပြုရေးတို့တွင် အချင်းချင်း ညှိနှိုင်း ဆောင်ရွက်ခြင်း

၅) သဘောတူထားခဲ့သည့် လုပ်ထုံးလုပ်နည်းများကို ထိန်းသိမ်း လိုက်နာခြင်း နှင့်

၆) နှစ်ဦးနှစ်ဖက် ဥပဒေကြောင်းအရ တရားစွဲဆိုမှုများကိုရှောင်ရှားခြင်း တို့ဖြင့် ဆောင်ရွက်ရမည်ဖြစ်သည်။

(၂) အမြင့်ဆုံး ဥပဒေပြုလွှတ်တော်ဆိုင်ရာဥပဒေတစ်ရပ်အရ -

(က) အစိုးရအချင်းချင်း ဆက်ဆံရေးအားမြှင့်တင်ရန်နှင့် ကူညီပံ့ပိုးပေးရန်အတွက် ဖွဲ့စည်း တည်ဆောက်ပုံ များနှင့် အဖွဲ့အစည်းများအား တည်ထောင်ရမည် (သို့မဟုတ်) ပံ့ပိုးပေး ရမည် ဖြစ်ပါသည်။

(ခ) အစိုးရအချင်းချင်းအငြင်းပွားမှုများအား ဖြေရှင်းရာတွင် ပံ့ပိုးကူညီရန်အတွက် သင့်လျော်မည့် ယန္တရားများ နှင့် လုပ်ထုံးလုပ်နည်းများကို ပံ့ပိုးပေးရမည်ဖြစ်သည်။

(၃) အစိုးရအချင်းချင်းအငြင်းပွားမှုတွင် ပါဝင်ပတ်သက်နေသည့် နိုင်ငံတော်၏ အဖွဲ့အစည်း တစ်ခုသည် အငြင်းပွားမှုကို ဖြေရှင်းရန်အတွက် ပံ့ပိုးပေးထားသည့် ယန္တရားများနှင့် လုပ်ထုံးလုပ်နည်း နည်းလမ်းများအား အသုံးပြု၍ ထိုက်သင့်သည့် ကြိုးပမ်းအားထုတ်မှု အားလုံးကို ဆောင်ရွက်ရမည်ဖြစ်သည်။

(၄) အကယ်၍ ပုဒ်မခွဲ (၃) ၏ လိုအပ်ချက်များအား ပြည့်မီအောင် ဆောင်ရွက်ရာတွင် တရားရုံးမှ ကျေနပ်မှု မရှိခဲ့လျှင် တရားရုံးသည် အငြင်းပွားမှုအား ပါဝင်ပတ်သက်ခဲ့သည့် နိုင်ငံတော်၏ အဖွဲ့အစည်းများထံ ပြန်လည် လွှဲပို့နိုင်သည်။

## CHAPTER 4
## PARLIAMENT

### Composition of Parliament

42. (1) Parliament consists of—

(a) the National Assembly; and

(b) the National Council of Provinces.

(2) The National Assembly and the National Council of Provinces participate in the legislative process in the manner set out in the Constitution.

(3) The National Assembly is elected to represent the people and to ensure government by the people under the Constitution. It does this by choosing the President, by providing a national forum for public consideration of issues, by passing legislation and by scrutinizing and overseeing executive action.

(4) The National Council of Provinces represents the provinces to ensure that provincial interests are taken into account in the national sphere of government. It does this mainly by participating in the national legislative process and by providing a national forum for public consideration of issues affecting the provinces.

(5) The President may summon Parliament to an extraordinary sitting at any time to conduct special business.

(6) The seat of Parliament is Cape Town, but an Act of Parliament enacted in accordance with section 76(1) and (5) may determine that the seat of Parliament is elsewhere.

## အခန်း ၄

## အမြင့်ဆုံး ဥပဒေပြုလွှတ်တော်

**အမြင့်ဆုံး ဥပဒေပြုလွှတ်တော်၏ ပေါင်းစည်းဖွဲ့စည်းမှု -**

၄၂။ ၁) အမြင့်ဆုံး ဥပဒေပြုလွှတ်တော်တွင်

(က) ပြည်သူ့လွှတ်တော် နှင့်

(ခ) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် တို့ပါဝင်ပါသည်။

၂) ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေမှ ချမှတ် ထားသော နည်းလမ်းဖြင့် ဥပဒေပြုရေးလုပ်ငန်းစဉ်တွင် ပါဝင်ပါသည်။

၃) ပြည်သူ့လွှတ်တော်ကို ပြည်သူများအတွက် ကိုယ်စားပြုရန်နှင့် ပြည်သူများရွေးကောက်တင်မြှောက်သည့် အစိုးရတစ်ရပ်ဖြစ်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်တင်မြှောက်သည်။ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်သမ္မတအား ရွေးချယ်ခြင်း ကိစ္စရပ်များကို ပြည်သူများစဉ်းစားနိုင်ရန်အတွက် အမျိုးသားအဆင့် ဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ပေးခြင်း၊ ဥပဒေပြုခြင်းနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ လုပ်ဆောင်မှုများကို စိစစ်ခြင်းနှင့် ကြီးကြပ်ခြင်း တို့ဖြင့် လုပ်ကိုင်ဆောင်ရွက်ပါသည်။

၄) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်သည် အမျိုးသားအဆင့် အာဏာ သက်ရောက်သည့် အစိုးရ၏ဆောင်ရွက်ချက်များတွင် ပြည်နယ်များ၏ အကျိုးစီးပွားအား ထည့်သွင်းဆောင်ရွက်နိုင် စေရန်အတွက် ပြည်နယ်များ ကို ကိုယ်စားပြုပါသည်။ အဆိုပါ လွှတ်တော် သည် အဓိကအားဖြင့် အမျိုးသားအဆင့် ဥပဒေပြုရေး လုပ်ငန်းစဉ်များတွင် ပါဝင်ခြင်း၊ ပြည်နယ်များအား သက်ရောက်မှုရှိစေမည့် ကိစ္စရပ်များအား ပြည်သူများ စဉ်းစားနိုင်ရန်အတွက် အမျိုးသားအဆင့် ဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက် ပေးခြင်း တို့အား ဆောင်ရွက်ခြင်းဖြင့် ပြည်နယ်များအား ကိုယ်စားပြု ပါသည်။

၅) နိုင်ငံတော်သမ္မတသည် အထူးကိစ္စရပ်များဆိုင်ရာ ဆွေးနွေးမှုများ ဆောင်ရွက်ရန်အတွက် မည်သည့် အချိန်၌ မဆို အမြင့်ဆုံး ဥပဒေပြုလွှတ်တော်အား ဆင့်ခေါ်နိုင်ပါသည်။

၆) အမြင့်ဆုံး ဥပဒေပြုလွှတ်တော် ကျင်းပသည့် နေရာသည် ကိပ်တောင်းမြို့ ဖြစ်ပါသည်။ သို့သော် ဥပဒေပြုလွှတ်တော်ဆိုင်ရာဥပဒေ၏ အပိုဒ် (၇၆) (၁) နှင့် (၅) အရ ဥပဒေပြု လွှတ်တော်အား မည်သည့် နေရာ၌မဆို ကျင်းပနိုင်သည်ဟု ပြဋ္ဌာန်း ခဲ့ပါသည်။

## Legislative authority of the Republic

43. In the Republic, the legislative authority—

(a) of the national sphere of government is vested in Parliament, as set out in section 44;

(b) of the provincial sphere of government is vested in the provincial legislatures, as set out in section 104; and

(c) of the local sphere of government is vested in the Municipal Councils, as set out in section 156.

## National legislative authority

44. (1) The national legislative authority as vested in Parliament—

(a) confers on the National Assembly the power—

(i) to amend the Constitution;

(ii) to pass legislation with regard to any matter, including a matter within a functional area listed in Schedule 4, but excluding, subject to subsection (2), a matter within a functional area listed in Schedule 5; and

(iii) to assign any of its legislative powers, except the power to amend the Constitution, to any legislative body in another sphere of government;

and

(b) confers on the National Council of Provinces the power—

(i) to participate in amending the Constitution in accordance with section 74;

**သမ္မတနိုင်ငံ၏ ဥပဒေပြုရေးအာဏာ -**

၄၃။ သမ္မတနိုင်ငံတော်တွင်

(က) အမျိုးသားအဆင့် သြဇာသက်ရောက်သည့် အစိုးရသည် ဥပဒေပြုရေးအာဏာအား ဥပဒေပြု လွှတ်တော်ထံ အပ်နှင်းထားသည်ကို ပုဒ်မ (၄၄) တွင် ပြဋ္ဌာန်းထားပါသည်။

(ခ) ပြည်နယ်အဆင့် သြဇာသက်ရောက်သည့် အစိုးရသည် ပုဒ်မ (၁၀၄) ၌ ပြဋ္ဌာန်းထားသည့်အတိုင်း ဥပဒေပြုရေး အာဏာအား ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်များထံ အပ်နှင်းထားပါသည်။ ထို့ပြင်

(ဂ) ဒေသဆိုင်ရာအဆင့် သြဇာသက်ရောက်သည့် အစိုးရသည် ပုဒ်မ (၁၅၆) ၌ ပြဋ္ဌာန်းထားပါသည့်အတိုင်း ဥပဒေပြုသည့် အခွင့်အာဏာအား မြူနီစပယ်ကောင်စီ (စည်ပင်သာယာရေးကောင်စီ) များထံ အပ်နှင်းထားပါ သည်။

**အမျိုးသားအဆင့် ဥပဒေပြုရေးအာဏာ -**

၄၄။ (၁) ဥပဒေပြုလွှတ်တော်တွင် အပ်နှင်းထားသည့် အမျိုးသားအဆင့် ဥပဒေပြုရေး အာဏာ၏

(က) ပြည်သူ့လွှတ်တော်အပေါ် အပ်နှင်းထားသည့် အာဏာသည်-

၁) ဖွဲ့စည်းပုံ အခြေခံဥပဒေအား ပြင်ဆင်ရန်

၂) ပုဒ်မခွဲ (၂) အရ ဇယား (၅) တွင် စာရင်းပြုစုထားသည့် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအတွင်းမှ ကိစ္စရပ်မှအပ ဇယား (၄) တွင် စာရင်းပြုစုထားသည့် လုပ်ငန်းဆိုင်ရာ ကဏ္ဍများတွင် အကျုံးဝင်သည့် ကိစ္စရပ်အပါအဝင် မည်သည့်ကိစ္စရပ်များမဆို သက်ဆိုင်သည့် ဥပဒေများ အတည်ပြုပြဋ္ဌာန်းရန်၊

၃) ဖွဲ့စည်းပုံအခြေခံပြင်ဆင်ရန် လုပ်ပိုင်ခွင့်အာဏာမှအပ ပြည်သူ့လွှတ်တော်၏ မည်သည့် ဥပဒေပြုရေးဆိုင်ရာ အာဏာများကိုမဆို အခြားအစိုးရ၏ သြဇာ သက်ရောက်မှုရှိသည့် နယ်ပယ်အတွင်းရှိ မည်သည့် ဥပဒေပြုလွှတ်တော်ကိုမဆို ပေးအပ်ရန် နှင့်

(ခ) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်အား အပ်နှင်းသည့် အာဏာသည်-

၁) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၇၄) နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ရာတွင် ပါဝင်ဆောင်ရွက်ရန်

(ii) to pass, in accordance with section 76, legislation with regard to any matter within a functional area listed in Schedule 4 and any other matter required by the Constitution to be passed in accordance with section 76; and

(iii) to consider, in accordance with section 75, any other legislation passed by the National Assembly.

(2) Parliament may intervene, by passing legislation in accordance with section 76(1), with regard to a matter falling within a functional area listed in Schedule 5, when it is necessary—

(a) to maintain national security;

(b) to maintain economic unity;

(c) to maintain essential national standards;

(d) to establish minimum standards required for the rendering of services; or

(e) to prevent unreasonable action taken by a province which is prejudicial to the interests of another province or to the country as a whole.

(3) Legislation with regard to a matter that is reasonably necessary for, or incidental to, the effective exercise of a power concerning any matter listed in Schedule 4 is, for all purposes, legislation with regard to a matter listed in Schedule 4.

(4) When exercising its legislative authority, Parliament is bound only by the Constitution, and must act in accordance with, and within the limits of, the Constitution.

၂)	ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ (၇၆) အရ ဇယား (၄) တွင် စာရင်းပြုစုထားသည့် လုပ်ငန်းဆိုင်ရာ ကဏ္ဍအတွင်းမှ သက်ဆိုင်သည့် မည်သည့်ကိစ္စရပ်ကိုမဆို ဥပဒေ အတည်ပြု ပြဋ္ဌာန်းရန်နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ လိုအပ်သော အခြား မည်သည့်ကိစ္စရပ်ကိုမဆို ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပုဒ်မ (၇၆) နှင့်အညီ ဥပဒေ အတည်ပြု ပြဋ္ဌာန်းရန်နှင့်

၃)	ပြည်သူ့လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သည့် အခြားမည်သည့် ဥပဒေကိုမဆို ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ပုဒ်မ(၇၅)နှင့်အညီ လက်ခံဆွေးနွေးရန်တို့ ဖြစ်ပါသည်။

(၂)	ဇယား (၅) တွင် စာရင်းပြုစုထားသည့် လုပ်ငန်းဆိုင်ရာ ကဏ္ဍအတွင်း ကျရောက်နေသည့် ကိစ္စရပ်နှင့် သက်ဆိုင်သောဥပဒေအား ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၇၆ (၁)နှင့်အညီ အတည်ပြု ပြဋ္ဌာန်းရာတွင် အမြင့်ဆုံး ဥပဒေပြုလွှတ်တော် မှ အောက်ပါ အခြေအနေများတွင် ဝင်ရောက်စွက်ဖက်ရန် လိုအပ်ပါက ဝင်ရောက်စွက်ဖက်ခွင့်ရှိသည် -

(က)	အမျိုးသားလုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်

(ခ)	နိုင်ငံ၏ စီးပွားရေးပေါင်းစည်းမှုအား ထိန်းသိမ်းစောင့်ရှောက်ရန်

(ဂ)	မရှိမဖြစ်လိုအပ်သည့် အမျိုးသားစံနှုန်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်

(ဃ)	ဝန်ဆောင်မှုများ ပေးရန်အတွက် အနိမ့်ဆုံးလိုအပ်သည့် စံနှုန်းများ သတ်မှတ်ရန် (သို့မဟုတ်)

(င)	ပြည်နယ်တခု၏ ကြောင်းကျိုးမညီညွတ်သော လုပ်ဆောင်မှုကြောင့် အခြားပြည်နယ်တစ်ခု (သို့မဟုတ်) တစ်နိုင်ငံလုံး အကျိုးစီးပွား ပျက်ပြားစေခြင်းမျိုး မဖြစ်စေရန်အတွက် ဟန့်တားရန်

(၃)	ဇယား (၄) တွင် စာရင်းပြုစုထားသည့် မည်သည့်ကိစ္စနှင့်မဆို သက်ဆိုင်သည့် လုပ်ပိုင်ခွင့် အာဏာအား ထိရောက်စွာ ကျင့်သုံးရန်အတွက် ကျိုးကြောင်းညီညွတ်စွာ လိုအပ်သည့် (သို့မဟုတ်) ရလဒ်အနေဖြင့် ဖြစ်ပေါ် လာသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဥပဒေပြုခြင်းသည် အမှန်စင်စစ် ဇယား (၄) တွင် စာရင်းပြုစုထားသည့် ကိစ္စရပ်များ အားလုံးအတွက် ဥပဒေပြုခြင်း ဖြစ်ပါသည်။

(၄)	ဥပဒေပြုရေးအာဏာအား ကျင့်သုံးရာတွင် ဥပဒေပြုလွှတ်တော်အား ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြင့်သာ ကန့်သတ်ထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ၏ အကန့်အသတ်များအတွင်းမှ လုပ်ဆောင်ရမည် ဖြစ်ပါသည်။

## Joint rules and orders and joint committees

45. (1) The National Assembly and the National Council of Provinces must establish a joint rules committee to make rules and orders concerning the joint business of the Assembly and Council, including rules and orders—

(a) to determine procedures to facilitate the legislative process, including setting a time limit for completing any step in the process;

(b) to establish joint committees composed of representatives from both the Assembly and the Council to consider and report on Bills envisaged in sections 74 and 75 that are referred to such a committee;

(c) to establish a joint committee to review the Constitution at least annually; and

(d) to regulate the business of—

(i) the joint rules committee;

(ii) the Mediation Committee;

(iii) the constitutional review committee; and

(iv) any joint committees established in terms of paragraph (b).

(2) Cabinet members, members of the National Assembly and delegates to the National Council of Provinces have the same privileges and immunities before a joint committee of the Assembly and the Council as they have before the Assembly or the Council.

### The National Assembly

## Composition and election

46. (1) The National Assembly consists of no fewer than 350 and no more than 400 women and men elected as members in terms of an electoral system that—

(a) is prescribed by national legislation;

**ပူးတွဲစည်းမျဉ်းများ၊ ပူးတွဲအမိန့်များနှင့် ပူးတွဲကော်မတီများ**

၄၅။ (၁) ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်သည် အောက်ဖော်ပြပါ စည်းမျဉ်းများနှင့် အမိန့်များအပါအဝင် ပူးတွဲ ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာများနှင့် သက်ဆိုင်သည့် စည်းမျဉ်းများနှင့် အမိန့်များ ချမှတ်ရေးဆိုင်ရာ ကော်မတီ တည်ထောင်ရမည်-

(က) လုပ်ငန်းစဉ်တွင် အဆင့်တိုင်း ပြီးစီးရန်အတွက် အချိန်ကန့်သတ်ချက် ချမှတ်ခြင်း အပါအဝင် ဥပဒေပြုလုပ်ငန်းစဉ်တွင် ကူညီပံ့ပိုးပေးရန် လုပ်ထုံးလုပ်နည်းများ ဆုံးဖြတ်ရန်

(ခ) ကော်မတီနှင့် ပတ်သက်၍ ရည်ညွှန်းထားသည့် ပုဒ်မ (၇၄) နှင့် (၇၅) တွင် ဖော်ပြထားသည့်အတိုင်း ဥပဒေ ကြမ်း များအား ဆင်ခြင်သုံးသပ်ရန်နှင့် အစီရင်ခံရန်အတွက် ပြည်သူ့ လွှတ်တော် နှင့် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် တို့မှ ကိုယ်စားလှယ်များ ပါဝင်သည့် ပူးတွဲကော်မတီများ တည်ထောင် ရန်

(ဂ) ဖွဲ့စည်းပုံ အခြေခံဥပဒေအား အနည်းဆုံး နှစ်စဉ်ပြန်လည်သုံးသပ်ရန်အတွက် ပူးတွဲကော်မတီ တည်ထောင်ရန်နှင့်

(ဃ) အောက်ဖော်ပြပါ ကော်မတီများအား ၏ လုပ်ငန်းများအား စည်းကမ်းသတ်မှတ်ပေးရန်-

၁) ပူးတွဲဥပဒေများ ကော်မတီ

၂) ကြားဝင်ဖျန်ဖြေရေး ကော်မတီ

၃) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်ရေးကော်မတီ

၄) ပုဒ်မခွဲ(ခ)အရ ဖွဲ့စည်းခဲ့သည့် မည်သည့် ပူးတွဲကော်မတီများမဆို

(၂) အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်၏ အဖွဲ့ဝင်များနှင့် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော် (သို့မဟုတ်) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်တွင် ရရှိသည့် အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များအား ပူးတွဲကော်မတီ ရှေ့မှောက်တွင် တူညီစွာ ရရှိပါသည်။

## ပြည်သူ့လွှတ်တော်

**ဖွဲ့စည်းမှုနှင့် ရွေးကောက်တင်မြှောက်မှု -**

၄၆။ (၁) ဇယား (၆/က) အရ ပြည်သူ့လွှတ်တော်တွင် အဖွဲ့ဝင် အနေဖြင့် ရွေးချယ်ခံရသော အမျိုးသား/အမျိုးသမီး ဦးရေ (၃၅၀) ထက်မနည်း၊ (၄၀၀) ဦးထက် မကျော်လွန်ရ ဟုဆိုသည်ကို ရွေးကောက်ပွဲစနစ် အနေဖြင့်

(က) အမျိုးသားဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။

(b) is based on the national common voters roll;

(c) provides for a minimum voting age of 18 years; and

(d) results, in general, in proportional representation.

(2) An Act of Parliament must provide a formula for determining the number of members of the National Assembly.

*[Sub-s. (1) amended by s. 1 of the Constitution Tenth Amendment Act of 2003 and by s. 1 of the Constitution Fifteenth Amendment Act of 2008.]*

**Membership**

47. (1) Every citizen who is qualified to vote for the National Assembly is eligible to be a member of the Assembly, except—

(a) anyone who is appointed by, or is in the service of, the state and receives remuneration for that appointment or service, other than—

(i) the President, Deputy President, Ministers and Deputy Ministers; and

(ii) other office-bearers whose functions are compatible with the functions of a member of the Assembly, and have been declared compatible with those functions by national legislation;

(b) permanent delegates to the National Council of Provinces or members of a provincial legislature or a Municipal Council;

(c) unrehabilitated insolvents;

(d) anyone declared to be of unsound mind by a court of the Republic; or

(ခ) နိုင်ငံရှိ သာမန်မဲပေးခွင့်ရှိသူများစာရင်းအပေါ် အခြေခံထားပါသည်။

(ဂ) မဲပေးခွင့်ရှိသည့် အသက်အား အနိမ့်ဆုံး (၁၈) နှစ်ဟု သတ်မှတ်ထားပါသည်။ ထို့ပြင်

(ဃ) ရလဒ်များသည် ယေဘုယျအားဖြင့် အချိုးကျ ကိုယ်စားပြုပါသည်။

*[ပုဒ်မခွဲ (၁)အား ၂၀၀၃ ခုနှစ် အက်ဥပဒေအမှတ်(၂) ပုဒ်မ (၁)အရ ပြင်ဆင်ခဲ့ပါသည်။]*

(၂) ပြည်သူ့လွှတ်တော်အဖွဲ့ဝင်အရေအတွက်အား ဆုံးဖြတ်နိုင်ရန်အတွက် တွက်ချက်သည့် နည်းစနစ်ကို ဥပဒေပြုလွှတ်တော်၏ ဥပဒေတရပ်အနေဖြင့် ပံ့ပိုးပေးရမည် ဖြစ်သည်။

***[ပုဒ်မခွဲ ၁ အား ၂၀၀၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဒသမအကြိမ်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၂ ဖြင့် ပြင်ဆင်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၅ ကြိမ်မြောက်ပြင်ဆင်ချက် ၁ အရ ထပ်မံပြင်ဆင်ခဲ့သည်။]***

**အဖွဲ့ဝင် ဖြစ်မှု**

၄၇။ (၁) ပြည်သူ့လွှတ်တော်အတွက် မဲပေးခွင့်ရှိသော မည်သည့်နိုင်ငံသားမဆို ပြည်သူ့လွှတ်တော် ၏ အဖွဲ့ဝင်ဖြစ်ရန် အရည်အချင်းပြည့်မီပါသည်။ ခြွင်းချက်အနေဖြင့် -

(က) အောက်ဖော်ပြသူများမှ လွဲ၍ နိုင်ငံတော်က ခန့်အပ်ခြင်းခံရသည့် (သို့မဟုတ်) နိုင်ငံတာဝန် ထမ်း ဆောင်နေသည့် နှင့် ထိုခန့်အပ်မှု (သို့မဟုတ်) ဝန်ဆောင်မှုများအတွက် အခကြေးငွေ ရယူနေသည့် မည်သူမဆို

(၁) နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများနှင့်

(၂) ၎င်းတို့၏ လုပ်ငန်းတာဝန်များသည် ပြည်သူ့လွှတ်တော် အဖွဲ့ဝင်တစ်ဦး၏ လုပ်ငန်း တာဝန်များ နှင့် လိုက်လျောညီထွေဖြစ်ပြီး အဆိုပါ လုပ်ငန်းတာဝန်များသည် လိုက် လျောညီထွေ ဖြစ်သည်ဟု အမျိုးသား ဥပဒေပြုလွှတ်တော်မှ ကြေငြာပြီးဖြစ်သော အစိုးရအဖွဲ့အတွင်း အခြားတာဝန်ရယူ ထားသူများ

(ခ) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် ၏ အမြဲတမ်းကိုယ်စားလှယ်များ (သို့မဟုတ်) ပြည်နယ်ဥပဒေပြု လွှတ်တော်အဖွဲ့ဝင်များ (သို့မဟုတ်) စည်ပင်သာယာရေး ကောင်စီ အဖွဲ့ဝင်များ

(ဂ) လူမွဲအဖြစ်ကြေငြာထားခြင်းမှ ကင်းလွတ်ခွင့်မရသေးသူများ

(ဃ) သမ္မတနိုင်ငံ၏ တရားရုံးတစ်ခုမှ စိတ်ပေါ့သွပ်ဟု ကြေငြာခြင်း ခံထားရသော မည်သူမဆို (သို့မဟုတ်)

(e) anyone who, after this section took effect, is convicted of an offence and sentenced to more than 12 months imprisonment without the option of a fine, either in the Republic, or outside the Republic if the conduct constituting the offence would have been an offence in the Republic, but no one may be regarded as having been sentenced until an appeal against the conviction or sentence has been determined, or until the time for an appeal has expired. A disqualification under this paragraph ends five years after the sentence has been completed.

(2) A person who is not eligible to be a member of the National Assembly in terms of subsection (1)(a) or (b) may be a candidate for the Assembly, subject to any limits or conditions established by national legislation.

(3) A person loses membership of the National Assembly if that person—

(a) ceases to be eligible; or

(b) is absent from the Assembly without permission in circumstances for which the rules and orders of the Assembly prescribe loss of membership; or

(c) ceases to be a member of the party that nominated that person as a member of the Assembly.

*[Sub-s. (3) substituted by s. 2 of the Constitution Tenth Amendment Act of 2003 and by s. 2 of the Constitution Fifteenth Amendment Act of 2008.]*

(4) Vacancies in the National Assembly must be filled in terms of national legislation.

### Oath or affirmation

48. Before members of the National Assembly begin to perform their functions in the Assembly, they must swear or affirm faithfulness to the Republic and obedience to the Constitution, in accordance with Schedule 2.

(င ) ဤပုဒ်မ အသက်ဝင်ခဲ့ပြီးသည့်နောက်ပိုင်း အကယ်၍ ပြစ်မှုအတွက် တရားစွဲဆိုခြင်းခံရခြင်းသည် သမ္မတ နိုင်ငံအတွင်း ပြစ်မှုမြောက်လျှင်၊ ပြစ်မှုထင်ရှားကြောင်း စီရင်ချက်ချခဲ့ပြီး ဒဏ်ငွေချမှတ်ခြင်း မပါဝင်ဘဲ ၁၂လ ထက် ကျော်လွန်၍ ထောင်ဒဏ်ကျခံစေရန် အမိန့်ချမှတ်ခြင်းခံခဲ့ရသော သမ္မတနိုင်ငံ အတွင်းတွင် (သို့မဟုတ်) နိုင်ငံပြင်ပတွင် ရှိသူ မည်သူမဆို ပြစ်မှုထင်ရှားစီရင်ခြင်းအပေါ် (သို့မဟုတ်) ပြစ်ဒဏ် ချမှတ်ခြင်းအပေါ် အယူခံဝင်ခြင်း (သို့မဟုတ်) အယူခံဝင်နိုင်သည့် အချိန်မကုန်ဆုံးသေးမီ အချိန်ထိ မည်သူ့ကိုမျှ ပြစ်ဒဏ်ချမှတ်ပြီးဟု သတ်မှတ်ခြင်းမပြုပါ။ ဤအပိုဒ်အရ အရည်အချင်းမမီဟု သတ်မှတ်ခြင်းသည် ပြစ်ဒဏ်ကျခံပြီးသည့်နောက် (၅)နှစ် အကြာတွင် ပြီးဆုံးပါသည်။

(၂) ပုဒ်မခွဲ (၁) (က) (သို့မဟုတ်) (ခ) အရ ပြည်သူ့လွှတ်တော်တွင် အဖွဲ့ဝင်ဖြစ်ရန် အရည်အချင်း မပြည့်မီသည့် ပုဂ္ဂိုလ်သည် အမျိုးသားဥပဒေမှ သတ်မှတ်ပြဌာန်းခဲ့သည့် မည်သည့် ကန့်သတ်ချက်များ (သို့မဟုတ်) အခြေအနေများနှင့်မဆို ကိုက်ညီပါက လွှတ်တော်အတွက် ကိုယ်စားလှယ်လောင်း ဖြစ်နိုင်ပါသည်။

(၃) အကယ်၍ ပြည်သူ့လွှတ်တော် ၏ အဖွဲ့ဝင်ပုဂ္ဂိုလ်သည် အောက်ပါ ကိစ္စရပ်များ ရှိခဲ့ပါက အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်း ခံရမည်-

(က) အရည်အချင်းပြည့်မီခြင်းမှ ရပ်စဲခံရလျှင် သို့မဟုတ်

(ခ) လွှတ်တော်မှပြဌာန်းထားသည့် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်းဆိုင်ရာ စည်းမျဉ်းများ၊ အမိန့်များနှင့် သက်ဆိုင် သည့် အခြေအနေများတွင် ခွင့်ပြုချက်မရှိဘဲ ပြည်သူ့လွှတ်တော် တက်ရောက်ရန် ပျက်ကွက်ခြင်း သို့မဟုတ်

(ဂ) လွှတ်တော် ၏ အဖွဲ့ဝင်အဖြစ် အမည်စာရင်း တင်သွင်းခဲ့သည့် ပါတီ၏ ပါတီဝင်အဖြစ်မှ ရပ်စဲခံရပြီး ဇယား (၆) (က) အရ အဆိုပါ အဖွဲ့ဝင်သည် အခြားပါတီ၏ ပါတီဝင် ဖြစ်လာခြင်းမရှိလျှင်

*[ ပုဒ်မခွဲ ၃ အား ၂၀၀၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဒသမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၂ နှင့်* ***၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၅ ကြိမ်မြောက်ပြင်ဆင်ချက် ၁ အရ*** *အစားထိုးခဲ့ပါသည်။]*

(၄) ပြည်သူ့လွှတ်တော် ၏ လစ်လပ်သည့် အဖွဲ့ဝင် နေရာများအား အမျိုးသားဥပဒေ ၏ ပြဋ္ဌာန်းချက်များနှင့် အညီ ဖြည့်ဆည်းရမည် ဖြစ်သည်။

**ကျမ်းကျိန်ခြင်း (သို့မဟုတ်) ကတိသစ္စာပြုခြင်း**

၄၈။ ပြည်သူ့လွှတ်တော်တွင် အဖွဲ့ဝင်များသည် ၎င်းတို့၏ လုပ်ငန်း တာဝန်များအား စတင်မထမ်းဆောင်မီ ဇယား (၂) နှင့်အညီ သမ္မတ နိုင်ငံတော်အပေါ် သစ္စာစောင့်သိခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား လေးစားစွာလိုက်နာရန် ကျိန်ဆိုခြင်း (သို့မဟုတ်) ကတိသစ္စာပြုခြင်းကို လုပ်ဆောင်ရမည် ဖြစ်ပါသည်။

## Duration of National Assembly

49. (1) The National Assembly is elected for a term of five years.

(2) If the National Assembly is dissolved in terms of section 50, or when its term expires, the President, by proclamation must call and set dates for an election, which must be held within 90 days of the date the Assembly was dissolved or its term expired. A proclamation calling and setting dates for an election may be issued before or after the expiry of the term of the National Assembly.

*[Sub-s. (2) substituted by s. 1 of the Constitution Fifth Amendment Act of 1999.]*

(3) If the result of an election of the National Assembly is not declared within the period established in terms of section 190, or if an election is set aside by a court, the President, by proclamation, must call and set dates for another election, which must be held within 90 days of the expiry of that period or of the date on which the election was set aside.

(4) The National Assembly remains competent to function from the time it is dissolved or its term expires, until the day before the first day of polling for the next Assembly.

## Dissolution of National Assembly before expiry of its term

50. (1) The President must dissolve the National Assembly if—

(a) the Assembly has adopted a resolution to dissolve with a supporting vote of a majority of its members; and

(b) three years have passed since the Assembly was elected.

## ပြည်သူ့လွှတ်တော်၏ သက်တမ်း

၄၉။ (၁) ပြည်သူ့လွှတ်တော်အား (၅) နှစ် သက်တမ်းတစ်ကြိမ်အ တွက် ရွေး ချယ်ပါသည်။

(၂) အကယ်၍ ပြည်သူ့လွှတ်တော်အား ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ (၅၀)အရ ဖျက်သိမ်းလျှင် (သို့မဟုတ်) ပြည်သူ့လွှတ်တော်၏ သက်တမ်းကုန်ဆုံးလျှင် နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော်အား ဖျက်သိမ်းပြီး (သို့မဟုတ်) ပြည်သူ့လွှတ်တော်၏ သက်တမ်းကုန်ဆုံးပြီး ရက်ပေါင်း (၉၀) အတွင်း ရွေးကောက်ပွဲ ကျင်းပရန်အတွက် ရက်သတ်မှတ်ပြီး ရွေးကောက်ပွဲကျင်းပရန် ကြေငြာရမည် ဖြစ်သည်။ ရွေးကောက်ပွဲအတွက် ရက်သတ်မှတ်ပြီး ကျင်းပရန် ခေါ်ယူသည့် ကြေငြာချက်အား ပြည်သူ့လွှတ်တော်၏ သက်တမ်း မကုန်ဆုံးမှီ (သို့မဟုတ်) သက်တမ်း ကုန်ဆုံးပြီးနောက် ထုတ်ပြန် ကြေငြာနိုင်ပါသည်။

*[ပုဒ်မခွဲ (၂) အား ၁၉၉၉ ခုနှစ်* ***ဖွဲ့စည်းပုံအခြေခံဥပဒေ ပဥ္စမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏*** *ပုဒ်မ (၁) အရ အစားထိုးခဲ့ပါသည်]*

(၃) အကယ်၍ ပြည်သူ့လွှတ်တော် အတွက် ရွေးကောက်ပွဲရလဒ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၀ တွင် သတ်မှတ်ထားသည့် အချိန်အတိုင်းအတာအတွင်း မကြေငြာလျှင် (သို့မဟုတ်) အကယ်၍ တရားရုံး မှ ရွေးကောက်ပွဲအား ဖျက်သိမ်းလျှင် နိုင်ငံတော်သမ္မတသည် နောက်ထပ်ရွေးကောက်ပွဲအား ကြေငြာရန် သတ်မှတ်ထားသည့် အချိန်ကုန်ဆုံးပြီး (သို့မဟုတ်) ရွေးကောက်ပွဲအား ဖျက်သိမ်းသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း ကျင်းပရန် ရက်သတ်မှတ်ပြီး ရွေးကောက်ပွဲ ကျင်းပရန် ကြေငြာရမည် ဖြစ်ပါသည်။

(၄) ပြည်သူ့လွှတ်တော်သည် ပြည်သူ့လွှတ်တော်အား ဖျက်သိမ်းသည့် အချိန် (သို့မဟုတ်) ပြည်သူ့ လွှတ်တော်၏ သက်တမ်း ကုန်ဆုံးသည့် အချိန်မှစ၍ နောက်လာမည့် ပြည်သူ့လွှတ်တော်အတွက် မဲပေးသည့် ပထမ နေ့ မတိုင်မီအထိ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရန်အတွက် ဆက်လက်၍ အခွင့်အာဏာရှိ နေပါသည်။

## ပြည်သူ့လွှတ်တော်အား ၎င်း၏ သက်တမ်းမကုန်ဆုံးမီ ဖျက်သိမ်းခြင်း -

၅၀။ (၁) အကယ်၍ နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော်အား အောက်ပါအချက်နှင့် ပြည့်စုံလျှင် ဖျက်သိမ်းရမည်

(က) ပြည်သူ့လွှတ်တော်သည် ၎င်း၏ အဖွဲ့ဝင်အများစု၏ ထောက်ခံမဲဖြင့် ဖျက်သိမ်းရန် ဆုံးဖြတ်ချက် ချမှတ် ခဲ့လျှင် နှင့်

(ခ) ပြည်သူ့လွှတ်တော်အား ရွေးကောက်တင်မြှောက်ပြီး (၃)နှစ် လွန်မြောက်ပြီးလျှင်

(2) The Acting President must dissolve the National Assembly if—

(a) there is a vacancy in the office of President; and

(b) the Assembly fails to elect a new President within 30 days after the vacancy occurred.

## Sittings and recess periods

51. (1) After an election, the first sitting of the National Assembly must take place at a time and on a date determined by the Chief Justice, but not more than 14 days after the election result has been declared. The Assembly may determine the time and duration of its other sittings and its recess periods.

*[Sub-s. (1) substituted by s. 1 of the Constitution Sixth Amendment Act of 2001.]*

(2) The President may summon the National Assembly to an extraordinary sitting at any time to conduct special business.

(3) Sittings of the National Assembly are permitted at places other than the seat of Parliament only on the grounds of public interest, security or convenience, and if provided for in the rules and orders of the Assembly.

## Speaker and Deputy Speaker

52. (1) At the first sitting after its election, or when necessary to fill a vacancy, the National Assembly must elect a Speaker and a Deputy Speaker from among its members.

(2) The Chief Justice must preside over the election of a Speaker, or designate another judge to do so. The Speaker presides over the election of a Deputy Speaker.

*[Sub-s. (2) substituted by s. 2 of the Constitution Sixth Amendment Act of 2001.*

(၂) အကယ်၍-

(က) နိုင်ငံတော်သမ္မတရုံးတွင် သမ္မတနေရာ လစ်လပ်နေလျှင် နှင့်

(ခ) သမ္မတနေရာလစ်လပ်ပြီးနောက် ရက်ပေါင်း (၃၀) အတွင်း နိုင်ငံတော် သမ္မတအသစ် အား ပြည်သူ့လွှတ်တော်မှ ရွေးချယ်ရန် ပျက်ကွက်လျှင် လက်ရှိ ယာယီ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံတော်သမ္မတ သည် ပြည်သူ့လွှတ်တော်အား ဖျက်သိမ်းရမည် ဖြစ်သည်။

**အစည်းအဝေးများ ကျင်းပမည့် အချိန်များနှင့် ရပ်နားမည့်အချိန်များ -**

၅၁။ (၁) ရွေးကောက်ပွဲပြီးနောက်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးအား တရားသူကြီးချုပ်မှ သတ်မှတ်ပေးသည့် အချိန်နှင့်နေ့ရက်တွင် ကျင်းပရမည် ဖြစ်ပါသည်။ သို့သော် ရွေးကောက်ပွဲရလဒ်များ ကြေငြာပြီးသည်မှစ၍ (၁၄) ရက်ထက် မကျော်လွန်ရပါ။ ပြည်သူ့လွှတ်တော်သည် ၎င်း၏ အခြားအစည်းအဝေးများ ကျင်းပမည့်အချိန်နှင့် ကြာမြင့်မည့် ကာလနှင့် ရပ်နားမည့်ကာလများအား ဆုံးဖြတ်နိုင်မည် ဖြစ်ပါသည်။

*[ပုဒ်မခွဲ (၁) အား ၂၀၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ (၁) ဖြင့် အစားထိုးခဲ့ပါသည်။]*

(၂) နိုင်ငံတော်သမ္မတသည် အထူးကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက် အရေးပေါ် အစည်းအဝေး ကျင်းပရန် မည်သည့်အချိန်တွင်မဆို ပြည်သူ့လွှတ်တော်အား ဆင့်ခေါ်နိုင်မည် ဖြစ်ပါသည်။

(၃) ပြည်သူ့လွှတ်တော် အစည်းအဝေးများ ကျင်းပရန်နေရာကို ပြည်သူ့လွှတ်တော်၏ စည်းမျဉ်းနှင့် အမိန့်များတွင် ဖော်ပြထားလျှင် ဥပဒေပြုလွှတ်တော် ရုံးစိုက်ရာနေရာမှအပ ပြည်သူလူထု အကျိုးစီးပွား၊ လုံခြုံရေး (သို့မဟုတ်) အဆင်ပြေမှုပေါ်အခြေခံ၍ ကျင်းပနိုင်ခွင့်ရှိပါသည်။

**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ -**

၅၂။ (၁) ရွေးကောက်ပွဲပြီးနောက် ပထမဆုံးကျင်းပသည့် အစည်းအဝေးတွင် (သို့မဟုတ်) အဆိုပါ လစ်လပ်နေရာများကို ဖြည့်စွက်ရန် လိုအပ်သည့်အခါ ပြည်သူ့လွှတ်တော်သည် ၎င်း၏ အဖွဲ့ဝင်များအထဲမှ ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးကို ရွေးကောက် တင်မြှောက်ရမည် ဖြစ်ပါသည်။

(၂) ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရာတွင် တရားသူကြီးချုပ်သည် သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ရမည် ဖြစ်ပါသည်။ (သို့မဟုတ်) အခြားတရားသူကြီး တစ်ဦးအား ထိုသို့ ဆောင်ရွက်ရန် တာဝန်လွှဲအပ်ရမည် ဖြစ်ပါသည်။ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရာတွင် ဥက္ကဋ္ဌ သည် သဘာပတိအဖြစ် တာဝန်ယူ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

*[ပုဒ်မခွဲ (၂) အား **၂၀၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏** ပုဒ်မ ၂ အရ အစားထိုးခဲ့သည်။]*

(3) The procedure set out in Part A of Schedule 3 applies to the election of the Speaker and the Deputy Speaker.

(4) The National Assembly may remove the Speaker or Deputy Speaker from office by resolution. A majority of the members of the Assembly must be present when the resolution is adopted.

(5) In terms of its rules and orders, the National Assembly may elect from among its members other presiding officers to assist the Speaker and the Deputy Speaker.

## Decisions

53. (1) Except where the Constitution provides otherwise—

(a) a majority of the members of the National Assembly must be present before a vote may be taken on a Bill or an amendment to a Bill;

(b) at least one third of the members must be present before a vote may be taken on any other question before the Assembly; and

(c) all questions before the Assembly are decided by a majority of the votes cast.

(2) The member of the National Assembly presiding at a meeting of the Assembly has no deliberative vote, but—

(a) must cast a deciding vote when there is an equal number of votes on each side of a question; and

(b) may cast a deliberative vote when a question must be decided with a supporting vote of at least two thirds of the members of the Assembly.

(၃) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရန်အတွက် ဇယား (၃) အပိုင်း(က) တွင် ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများကို အသုံးပြုပါသည်။

(၄) ပြည်သူ့လွှတ်တော်သည် ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြင့် ဥက္ကဋ္ဌ (သို့မဟုတ်) ဒုတိယဥက္ကဋ္ဌများအား ရာထူးမှဖယ်ရှားနိုင်ပါသည်။ ဆုံးဖြတ်ချက်ချမှတ်သည့် အချိန်တွင် ပြည်သူ့လွှတ်တော်အဖွဲ့ဝင် အများစုသည် လွှတ်တော်အစည်းအဝေး တက်ရောက်နေရမည်ဖြစ်သည်။

(၅) ပြည်သူ့လွှတ်တော်အနေဖြင့် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ များအား အထောက်အကူပေးရန် တာဝန်ယူမည့် မဲပေးခြင်းကိုကြီးကြပ်သူအရာရှိ များအား ၎င်း၏အဖွဲ့ဝင်များအတွင်းမှ စည်းမျဉ်းများ၊ အမိန့်များနှင့်အညီ ရွေးချယ်နိုင်သည်။

**ဆုံးဖြတ်ချက်များ**

**၅၃။** (၁) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းအားဖြင့်ဖော်ပြထားခြင်းမှတပါး-

(က) ဥပဒေကြမ်း (သို့မဟုတ်) ဥပဒေကြမ်းပြင်ဆင်ရန်အတွက် မဲပေးခြင်းမပြုမီ ပြည်သူ့လွှတ်တော်၏ အဖွဲ့ဝင်အများစုသည် လွှတ်တော်အစည်းအဝေးတွင် တက်ရောက် လျက်ရှိနေရမည်ဖြစ်ပါ သည်။

(ခ) ပြည်သူ့လွှတ်တော် ရှေ့မှောက်တွင် မည်သည့်ကိစ္စရပ်အတွက်မဆို မဲပေးခြင်း မပြုမီ အနည်းဆုံး အဖွဲ့ဝင်များ၏ သုံးပုံနှစ်ပုံသည် တက်ရောက်လျက်ရှိနေရမည်ဖြစ်ပါသည်။

(ဂ) ပြည်သူ့လွှတ်တော်ရှေ့မှောက်တွင် ကိစ္စရပ်များအားလုံးနှင့်ပတ်သက်၍ အများစု၏ ဆန္ဒကို မဲခွဲ၍ ဆုံးဖြတ်ပါသည်။

(၂) ပြည်သူ့လွှတ်တော်၏ အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်နေသည့် ပြည်သူ့ လွှတ်တော်အဖွဲ့ဝင်တွင် မဲပေးခွင့်မရှိပါ။ သို့သော် -

(က) ကိစ္စရပ် တစ်ခုအတွက် နှစ်ဘက်စလုံးတွင် မဲအရေအတွက် တူညီနေသည့်အခါ အဆုံးအဖြတ်ပေးမည့် မဲအဖြစ် ပေးရမည်ဖြစ်ပါသည်။

(ခ) ကိစ္စရပ်တစ်ခုအား ပြည်သူ့လွှတ်တော်အဖွဲ့ဝင်များ၏ အနည်းဆုံး သုံးပုံနှစ်ပုံ၏ ထောက်ခံမဲဖြင့် အဆုံးအဖြတ်ပေးရမည့်အချိန်တွင် သဘာပတိ၏ ဆုံးဖြတ်မဲဖြင့် အဆုံးအဖြတ်ပေးနိုင်မည် ဖြစ်ပါသည်။

### Rights of certain Cabinet members and Deputy Ministers in the National Assembly

54. The President, and any member of the Cabinet or any Deputy Minister who is not a member of the National Assembly, may, subject to the rules and orders of the Assembly, attend and speak in the Assembly, but may not vote.

*[S. 54 substituted by s. 3 of the Constitution Sixth Amendment Act of 2001.]*

### Powers of National Assembly

55. (1) In exercising its legislative power, the National Assembly may—

(a) consider, pass, amend or reject any legislation before the Assembly; and

(b) initiate or prepare legislation, except money Bills.

(2) The National Assembly must provide for mechanisms—

(a) to ensure that all executive organs of state in the national sphere of government are accountable to it; and

(b) to maintain oversight of—

(i) the exercise of national executive authority, including the implementation of legislation; and

(ii) any organ of state.

### Evidence or information before National Assembly

56. The National Assembly or any of its committees may—

(a) summon any person to appear before it to give evidence on oath or affirmation, or to produce documents;

(b) require any person or institution to report to it;

**ပြည်သူ့လွှတ်တော်တွင်အစိုးရအဖွဲ့ဝင်များနှင့် ဒုတိယဝန်ကြီးများ၏ အခွင့်အရေးများ**

၅၄။ နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့ဝင် မည်သူမဆို (သို့မဟုတ်) ပြည်သူ့လွှတ်တော်အဖွဲ့ဝင်မဟုတ်သော မည်သည့်ဒုတိယဝန်ကြီးမဆို ပြည်သူ့လွှတ်တော်၏ စည်းမျဉ်းများနှင့် အမိန့်များအရ ပြည်သူ့လွှတ်တော်တွင် တက်ရောက်ခြင်းနှင့် မိန့်ခွန်းပြောကြားခြင်းများပြုနိုင်သည်။ သို့သော် မဲပေးပိုင်ခွင့်ရှိမည် မဟုတ်ပါ။

*[ပုဒ်မ ၅၄ အား ၂၀၀၁ ခုဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၃အရ အစားထိုးထားသည်။]*

**ပြည်သူ့လွှတ်တော်၏ လုပ်ပိုင်ခွင့်အာဏာများ**

၅၅။ (၁) ဥပဒေပြုရေးအာဏာအား ကျင့်သုံး ရာတွင် ပြည်သူ့ လွှတ်တော်သည်

(က) ပြည်သူ့လွှတ်တော်ရှေ့မှောက်တွင် မည်သည့်ဥပဒေကိုမဆို ထည့်သွင်းစဉ်းစားခြင်း၊ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်းများပြုနိုင်မည် ဖြစ်သည်။ ထို့ပြင်-

(ခ) ငွေကြေးဆိုင်ရာ ဥပဒေကြမ်းများမှအပ ဥပဒေအား အစပြုခြင်း (သို့မဟုတ်) ရေးဆွဲနိုင်မည်ဖြစ်သည်။

(၂) ပြည်သူ့လွှတ်တော်သည် အောက်ဖော်ပြပါများအတွက် ယန္တရားများကို ပံ့ပိုးပေး ရမည် ဖြစ်သည်-

(က) အမျိုးသားအဆင့် သြဇာသက်ရောက်မှုရှိသည့် အစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ အားလုံးမှ တာဝန်ခံမှု ရှိစေရန်

(ခ) အောက်ပါလုပ်ငန်းများအပေါ် စောင့်ကြည့်ကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်

(၁) ပြဋ္ဌာန်းဥပဒေများ အကောင်အထည်ဖော်ဆောင်ရေးအပါအဝင် နိုင်ငံတော် အုပ်ချုပ်ရေးအာဏာများကို ကျင့်သုံးခြင်းတွင်လည်းကောင်း

(၂) နိုင်ငံတော်၏ မည်သည့်အဖွဲ့အစည်းကို မဆို

**ပြည်သူ့လွှတ်တော်သို့ တင်ပြသည့် အထောက်အထား (သို့မဟုတ်) သတင်းအချက်အလက်**

၅၆။ ပြည်သူ့ လွှတ်တော် (သို့မဟုတ်) ပြည်သူ့လွှတ်တော်၏ မည်သည့်ကော်မတီမဆို -

(က) ပြည်သူ့လွှတ်တော်၏ရှေ့မှောက်တွင် ကျမ်းကျိန်၍ အထောက်အထားအားတင်ပြရန် (သို့မဟုတ်) အတည် ပြုပေးရန် (သို့မဟုတ်) အထောက်အထားစာရွက်စာတမ်းများအား တင်ပြရန် မည်သူ့ကိုမဆို ဆင့်ခေါ် နိုင်သည်။

(ခ) မည်သူမဆို (သို့မဟုတ်) မည်သည့်အဖွဲ့အစည်း က မဆို ၎င်းထံ အစီရင်ခံတင်ပြရန် လိုအပ်သည်။

(c) compel, in terms of national legislation or the rules and orders, any person or institution to comply with a summons or requirement in terms of paragraph (a) or (b); and

(d) receive petitions, representations or submissions from any interested persons or institutions.

**Internal arrangements, proceedings and procedures of National Assembly**

57. (1) The National Assembly may—

(a) determine and control its internal arrangements, proceedings and procedures; and

(b) make rules and orders concerning its business, with due regard to representative and participatory democracy, accountability, transparency and public involvement.

(2) The rules and orders of the National Assembly must provide for—

(a) the establishment, composition, powers, functions, procedures and duration of its committees;

(b) the participation in the proceedings of the Assembly and its committees of minority parties represented in the Assembly, in a manner consistent with democracy;

(c) financial and administrative assistance to each party represented in the Assembly in proportion to its representation, to enable the party and its leader to perform their functions in the Assembly effectively; and

(d) the recognition of the leader of the largest opposition party in the Assembly as the Leader of the Opposition.

(ဂ) အမျိုးသားဥပဒေ (သို့မဟုတ်) စည်းမျဉ်းများနှင့် အမိန့်များအရ မည်သူမဆို (သို့မဟုတ်) မည်သည့် အဖွဲ့အစည်းမဆို ဆင့်ခေါ်ခြင်းအား လိုက်နာဆောင်ရွက်ရန် (သို့မဟုတ်) အပိုဒ်(က)နှင့် (ခ) တွင် ဖော်ပြထားသည့် အတိုင်း လိုက်နိုင်ဆောင်ရွက်ရန် တောင်းဆိုနိုင်သည်။ ထို့ပြင် -

(ဃ) စိတ်ဝင်စားသည့် မည်သူမဆို (သို့မဟုတ်) မည်သည့်အဖွဲ့အစည်းများထံမှမဆို အသနားခံလွှာ၊ ကိုယ်စား ပြုခြင်း (သို့မဟုတ်) တင်ပြခြင်းများအား လက်ခံနိုင်သည်။

**ပြည်သူ့လွှတ်တော်အတွင်း စီစဉ်ဆောင်ရွက်ထားမှုများ၊ လုပ်ကိုင်ဆောင်ရွက်မှုများ နှင့် လုပ်ထုံးလုပ်နည်းများ**

၅၇။ (၁) ပြည်သူ့လွှတ်တော်သည် -

(က) လွှတ်တော်တွင်း စီစဉ်ဆောင်ရွက်ထားမှုများ၊ လုပ်ကိုင်ဆောင်ရွက်မှုများနှင့် လုပ်ထုံးလုပ်နည်း များကို ဆုံးဖြတ်ပြီး ထိန်းချုပ်နိုင်သည်။

(ခ) လွှတ်တော်၏ လုပ်ဆောင်ရမည့်လုပ်ငန်းများနှင့် သက်ဆိုင်သည့်စည်းမျဉ်းများနှင့် အမိန့်များတွင် ကိုယ်စားပြုဒီမိုကရေစီ၊ အားလုံးပါဝင်သည့် ဒီမိုကရေစီ၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုနှင့် အများပြည်သူ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့အား ထည့်သွင်းစဉ်းစား၍ သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

(၂) ပြည်သူ့လွှတ်တော်၏စည်းမျဉ်းများနှင့်အမိန့်များသည် အောက်ပါတို့ကို ပံ့ပိုးပေးရမည်ဖြစ်ပါသည် -

(က) ပြည်သူ့လွှတ်တော် ကော်မတီများ၏ ဖွဲ့စည်းတည်ထောင်မှု၊ ပေါင်းစပ်ဖွဲ့စည်းမှု၊ လုပ်ပိုင်ခွင့် အာဏာ များ၊ လုပ်ငန်းတာဝန်များ၊ လုပ်ထုံးလုပ်နည်းများနှင့် သက်တမ်း

(ခ) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တွင် ကိုယ်စားပြုမှု အနည်းငယ်သာရှိသည့် ပါတီများမှ ဖွဲ့စည်းထားသည့် ကော်မတီများ၏ လုပ်ကိုင်ဆောင်ရွက်မှုများတွင် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ပါဝင် ဆောင်ရွက်မှုများ

(ဂ) ပြည်သူ့လွှတ်တော်တွင်ပါတီနှင့် ၎င်းပါတီ၏ ခေါင်းဆောင်များ သည် လုပ်ငန်းတာဝန်များကို ထိရောက်စွာ လုပ်ဆောင်နိုင်စေရန် ပြည်သူ့လွှတ်တော်တွင် ကိုယ်စားပြုသည့် ပါတီတစ်ခုချင်းစီ၏ ကိုယ်စားပြုမှုအချိုးနှင့်အညီ ငွေရေးကြေးရေးနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ အထောက်အပံ့များ နှင့်

(ဃ) အကြီးဆုံးအတိုက်အခံပါတီ၏ ပါတီခေါင်းဆောင်အား ပြည်သူ့လွှတ်တော်အတွင်း၌ အတိုက်အခံ ခေါင်းဆောင် အဖြစ် အသိအမှတ်ပြုခြင်း

## Privilege

58. (1) Cabinet members, Deputy Ministers and members of the National Assembly—

(a) have freedom of speech in the Assembly and in its committees, subject to its rules and orders; and

(b) are not liable to civil or criminal proceedings, arrest, imprisonment or damages for—

(i) anything that they have said in, produced before or submitted to the Assembly or any of its committees; or

(ii) anything revealed as a result of anything that they have said in, produced before or submitted to the Assembly or any of its committees.

(2) Other privileges and immunities of the National Assembly, Cabinet members and members of the Assembly may be prescribed by national legislation.

(3) Salaries, allowances and benefits payable to members of the National Assembly are a direct charge against the National Revenue Fund.

[S. 58 amended by s. 4 of the Constitution Sixth Amendment Act of 2001.]

## Public access to and involvement in National Assembly

59. (1) The National Assembly must—

(a) facilitate public involvement in the legislative and other processes of the Assembly and its committees; and

(b) conduct its business in an open manner, and hold its sittings, and those of its committees, in public, but reasonable measures may be taken

**အထူးအခွင့်အရေး**

၅၈။ (၁) အစိုးရအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်၏ အဖွဲ့ဝင်များသည်

(က) ပြည်သူ့လွှတ်တော်၏စည်းမျဉ်း၊ အမိန့်များနှင့်အညီ ပြည်သူ့လွှတ်တော် နှင့် ပြည်သူ့လွှတ်တော် ၏ ကော်မတီများ အတွင်း၌ လွတ်လပ်စွာပြောဆိုနိုင်ခွင့် ရှိပါသည်။

(ခ) တရားမမှု (သို့မဟုတ်) ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုများ၊ ဖမ်းဆီးခြင်း၊ အကျဉ်းချထားခြင်း (သို့မဟုတ်) လျော်ကြေးများတောင်းခံခြင်းများတွင် အောက်ဖော်ပြပါ တို့အတွက် ဥပဒေအရ တာဝန် မရှိပါ။

၁) ပြည်သူ့လွှတ်တော် (သို့မဟုတ်) ပြည်သူ့လွှတ်တော်၏မည်သည့်ကော်မတီ၏ ရှေ့မှောက်တွင် မဆို ထုတ်ဖော် ပြောဆို ခဲ့သည့် မည်သည့်ကိစ္စကြောင့်မဆို (သို့မဟုတ်) တင်ပြခဲ့သည့် မည်သည့် ကိစ္စကြောင့်မဆို

၂) ပြည်သူ့လွှတ်တော် (သို့မဟုတ်) ပြည်သူ့လွှတ်တော်၏မည်သည့်ကော်မတီ၏ ရှေ့မှောက်တွင်မဆို ထုတ်ဖော်ပြောဆိုခဲ့သည့် (သို့မဟုတ်) တင်ပြခဲ့သည့် မည်သည့်ကိစ္စရပ်ကြောင့်မဆိုမှ ပေါ်ပေါက်လာသည့် မည်သည့်ရလဒ်များကြောင့်မဆို

(၂) ပြည်သူ့လွှတ်တော်၊ အစိုးရအဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်အဖွဲ့ဝင်များ၏ အခြားအထူးအခွင့် အရေး များ နှင့် ကင်းလွတ်ခွင့်များအား အမျိုးသားဥပဒေ အရ ဖော်ပြရမည်ဖြစ်ပါသည်။

(၃) ပြည်သူ့လွှတ်တော် အဖွဲ့ဝင်များအတွက် လစာများ၊ ပုံမှန်ခွင့်ပြုငွေများနှင့် နိုင်ငံတော်မှ ချီးမြှင့်ငွေများအား အမျိုးသား ဘဏ္ဍာရေး ရန်ပုံငွေမှ တိုက်ရိုက်ကျခံပါသည်။

*[ပုဒ်မ ၅၈ အား ၂၀၀၁ ခုဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၄ အရ ပြင်ဆင်ထားပါသည်။]*

**ပြည်သူ့လွှတ်တော်သို့ အများပြည်သူမှ လက်လှမ်းမီ ချဉ်းကပ်နိုင်မှုနှင့် ပြည်သူ့လွှတ်တော်တွင် ပါဝင်ပတ်သက်နိုင်မှု**

၅၉။ (၁) ပြည်သူ့လွှတ်တော်သည်-

(က) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်၏ကော်မတီများ၏ ဥပဒေပြုရေးနှင့် အခြား လုပ်ငန်းစဉ်များတွင် ပါဝင်ပတ်သက်နိုင်ရန် ပံ့ပိုးပေးရမည်ဖြစ်သည်။

(ခ) ပြည်သူ့လွှတ်တော်၏ လုပ်ငန်းဆောင်တာများအား ပွင့်လင်းစွာဖြင့် ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော် နှင့် ပြည်သူ့လွှတ်တော်ကော်မတီများ၏ အစည်းအဝေးများအား အများပြည်သူရှေ့မှောက်တွင် ကျင်းပရမည်ဖြစ်ပါသည်။ သို့ရာတွင် အောက်ပါ အစီအမံများ အား ကျိုးကြောင်းညီညွတ်စွာ ဆောင်ရွက်ထားရမည်ဖြစ်သည်-

(i) to regulate public access, including access of the media, to the Assembly and its committees; and

(ii) to provide for the searching of any person and, where appropriate, the refusal of entry to, or the removal of, any person.

(2) The National Assembly may not exclude the public, including the media, from a sitting of a committee unless it is reasonable and justifiable to do so in an open and democratic society.

## National Council of Provinces

### Composition of National Council

60. (1) The National Council of Provinces is composed of a single delegation from each province consisting of ten delegates.

(2) The ten delegates are—

(a) four special delegates consisting of—

(i) the Premier of the province or, if the Premier is not available, any member of the provincial legislature designated by the Premier either generally or for any specific business before the National Council of Provinces; and

(ii) three other special delegates; and

(b) six permanent delegates appointed in terms of section 61(2).

(3) The Premier of a province, or if the Premier is not available, a member of the province's delegation designated by the Premier, heads the delegation.

### Allocation of delegates

61. (1) Parties represented in a provincial legislature are entitled to delegates in the province's delegation in accordance with the formula set out in Part B of Schedule 3.

၁)	ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်၏ကော်မတီများထံသို့ မီဒီယာ အပါအဝင် အများပြည်သူများ ချဉ်းကပ်နိုင်ရန် စည်းမျဉ်းသတ်မှတ်ရန်

၂)	မည်သူ့ကိုမဆို ရှာဖွေခြင်း နှင့် လိုအပ်ပါက မည်သူ့ကိုမဆို ဝင်ရောက်ရန် ငြင်းပယ်ခြင်း (သို့မဟုတ်) ထုတ်ပယ်ခြင်းအတွက်စီစဉ်ရန်

(၂)	ပြည်သူ့လွှတ်တော်သည် ကော်မတီ၏ အစည်းအဝေးကျင်းပနေစဉ် ပွင့်လင်းသည့် ဒီမိုကရေစီ လူမှု အဖွဲ့အစည်း အတွင်း၌ အများပြည်သူအား ချန်လှပ်ထားရန် ကျိုးကြောင်းညီညွတ်ပြီး မှန်ကန်ကြောင်း ထင်ရှားသည်မှအပ မီဒီယာအပါအဝင် အများပြည်သူ များအား ချန်လှပ်ထားခြင်း မရှိစေရ။

## ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်

### ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် ၏ပေါင်းစပ်ဖွဲ့စည်းမှု

၆၀။	(၁)	ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်သည် ပြည်နယ်တစ်ခုစီမှ ကိုယ်စားလှယ် (၁၀) ဦး ပါဝင်သည့် ကိုယ်စားပြုမှုတစ်ခုစီဖြင့် ဖွဲ့စည်းပါသည်။

(၂)	ကိုယ်စားလှယ် (၁၀)ဦးသည်

(က)	အထူးကိုယ်စားလှယ် (၄)ဦးတွင် -

၁)	ပြည်နယ်ဝန်ကြီးချုပ် (သို့မဟုတ်) အကယ်၍ ပြည်နယ်ဝန်ကြီးချုပ် မပါဝင်နိုင်ပါက ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် ရှေ့မှောက်တွင် အထွေထွေ (သို့မဟုတ်) သီးသန့်ဖြစ်သည့် လုပ်ငန်းများအတွက် ဝန်ကြီးချုပ်မှ ခန့်အပ်တာဝန် ပေးသည့် ပြည်နယ်ဥပဒေပြုလွှတ်တော်၏ မည်သည့် အဖွဲ့ဝင် တစ်ဦးမဆို နှင့်

၂)	အခြားအထူးကိုယ်စားလှယ်သုံးဦး နှင့်

(ခ)	ပုဒ်မ ၆၁ (၂)အရ ခန့်အပ်ခဲ့သည့် အမြဲတမ်းကိုယ်စားလှယ် ခြောက်ဦး တို့ဖြစ်ပါသည်။

(၃)	ပြည်နယ်ဝန်ကြီးချုပ် (သို့မဟုတ်) အကယ်၍ ဝန်ကြီးချုပ် မပါဝင်နိုင်ပါက ဝန်ကြီးချုပ်မှ ခန့်အပ် တာဝန်ပေးသည့် ပြည်နယ်၏ ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးသည် ကိုယ်စားလှယ်အဖွဲ့အား ဦးဆောင်ပါသည်။

### ကိုယ်စားလှယ်များခွဲဝေမှု

၆၁။	(၁)	ပြည်နယ်ဥပဒေပြုလွှတ်တော်တွင် ကိုယ်စားပြုသည့် ပါတီများသည် ပြည်နယ်၏ ကိုယ်စားလှယ် အဖွဲ့တွင် ဇယား (၃) အပိုင်း (ခ) တွင် ချမှတ်ထားသည့် ပုံသေနည်းအတိုင်း ကိုယ်စားပြုရန် အခွင့်အရေးရှိပါသည်။

(2) (a) A provincial legislature must, within 30 days after the result of an election of that legislature is declared—

(i) determine, in accordance with national legislation, how many of each party's delegates are to be permanent delegates and how many are to be special delegates; and

(ii) appoint the permanent delegates in accordance with the nominations of the parties.

(b) …….

*[Para. (b) omitted by s. 1 of the Constitution Fourteenth Amendment Act of 2008.]*

*[Sub-s. (2) substituted by s. 1 of the Constitution Ninth Amendment Act of 2002 and by s. 1 of the Constitution Fourteenth Amendment Act of 2008.]*

(3) The national legislation envisaged in subsection (2)(a) must ensure the participation of minority parties in both the permanent and special delegates' components of the delegation in a manner consistent with democracy.

(4) The legislature, with the concurrence of the Premier and the leaders of the parties entitled to special delegates in the province's delegation, must designate special delegates, as required from time to time, from among the members of the legislature.

(၂) (က) အဆိုပါ ဥပဒေပြုလွှတ်တော်၏ ရွေးကောက်ပွဲရလဒ်ကို ကြေငြာပြီးသည့်နောက် ရက်ပေါင်း (၃၀) အတွင်း ပြည်နယ်ဥပဒေပြုလွှတ်တော်သည် -

၁) အမျိုးသားဥပဒေနှင့်အညီ ပါတီတစ်ခုချင်းစီ၏ ကိုယ်စားလှယ် အရေအတွက် မည်မျှသည် အမြဲတမ်း ကိုယ်စားလှယ်များဖြစ်ရန် နှင့် အရေအတွက်မည်မျှသည် အထူးကိုယ်စားလှယ်များ ဖြစ်ရန်ကို သတ်မှတ် ဆုံးဖြတ် ရမည်ဖြစ်ပါသည်။ ထို့ပြင်

၂) ပါတီများ၏ အမည်စာရင်းတင်သွင်းမှုများနှင့်အညီ အမြဲတမ်း ကိုယ်စားလှယ်များကို ခန့်အပ်ရ မည်ဖြစ်ပါသည်။

(ခ) ........

*[ပုဒ်မခွဲ (ခ) အား ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၄ ကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒ၏ ပုဒ်မ ၁ အရ ပယ်ဖျက်ခဲ့ပါသည်။]*

*[ပုဒ်မခွဲ (၂) အား ၂၀၀၂ ခုဖွဲ့စည်းပုံအခြေခံဥပဒေ နဝမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၁ နှင့် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၄ ကြိမ်မြောက်ပြင်ဆင်ချင်၏ ပုဒ်မ ၁ ဖြင့် အစားထိုးထားပါသည်။]*

(၃) ပုဒ်မခွဲ (၂) (က)တွင် အမျိုးသားဥပဒေမှ မျှော်မှန်းထားခဲ့သည့်အတိုင်း ကိုယ်စားလှယ်အဖွဲ့၏ အစိတ်အပိုင်း များဖြစ်သော အမြဲတမ်းကိုယ်စားလှယ်များ နှင့် အထူးကိုယ်စားလှယ်များ နှစ်ခုစလုံးတွင် ဒီမိုက ရေစီ နည်းလမ်း များနှင့်အညီ အနည်းစုသာရှိသည့် ပါတီများ၏ ပါဝင်မှုအား သေချာစေရမည်ဖြစ်သည်။

(၄) ဝန်ကြီးချုပ်နှင့် ပြည်နယ်၏ကိုယ်စားလှယ်အဖွဲ့တွင် အထူးကိုယ်စားလှယ်အဖြစ် အခွင့်အရေးရှိသည့် ပါတီများ၏ ခေါင်းဆောင်များ၏ သဘောတူညီမှုနှင့်အတူ ဥပဒေပြု လွှတ်တော်သည် လိုအပ်သည့်အချိန်များတွင် ဥပဒေပြုလွှတ်တော်၏ အဖွဲ့ဝင်များအတွင်းမှ အထူးကိုယ်စားလှယ်များအား ခန့်အပ်တာဝန်ပေး ရမည် ဖြစ်ပါသည်။

## Permanent delegates

62. (1) A person nominated as a permanent delegate must be eligible to be a member of the provincial legislature.

(2) If a person who is a member of a provincial legislature is appointed as a permanent delegate, that person ceases to be a member of the legislature.

(3) Permanent delegates are appointed for a term that expires—

(a) immediately before the first sitting of the provincial legislature after its next election.

(b) ……

*[Para. (b) omitted by s. 2 of the Constitution Fourteenth Amendment Act of 2008.]*

*[Sub-s. (3) substituted by s. 2 of the Constitution Ninth Amendment Act of 2002 and substituted by s. 2 of the Constitution Fourteenth Amendment Act of 2008.]*

(4) A person ceases to be a permanent delegate if that person—

(a) ceases to be eligible to be a member of the provincial legislature for any reason other than being appointed as a permanent delegate;

(b) becomes a member of the Cabinet;

(c) has lost the confidence of the provincial legislature and is recalled by the party that nominated that person;

(d) ceases to be a member of the party that nominated that person and is recalled by that party; or

(e) is absent from the National Council of Provinces without permission in circumstances for which the rules and orders of the Council prescribe loss of office as a permanent delegate.

## အမြဲတမ်းကိုယ်စားလှယ်များ

၆၂။ (၁) အမြဲတမ်းကိုယ်စားလှယ်အဖြစ် အမည်စာရင်း တင်သွင်း ခြင်း ခံရသောပုဂ္ဂိုလ်သည် ပြည်နယ်ဥပဒေပြုလွှတ်တော်၏ အဖွဲ့ဝင်တစ်ဦးအဖြစ် အရည်အချင်းပြည့်မီ ရမည် ဖြစ်ပါသည်။

(၂) အကယ်၍ ပြည်နယ်ဥပဒေပြုလွှတ်တော်၏ အဖွဲ့ဝင်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးအား အမြဲတမ်း ကိုယ်စားလှယ်အဖြစ် အမည်စာရင်း တင်သွင်းခြင်းခံရပါက အဆိုပါပုဂ္ဂိုလ်သည် ဥပဒေပြုလွှတ်တော်၏ အဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်း ပါသည်။

(၃) သက်တမ်းတစ်ခုအတွက် အမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ခံခဲ့ရသည့် ကိုယ်စားလှယ်များ၏ သက်တမ်း သည် -

(က) ပြည်နယ်ဥပဒေပြုလွှတ်တော်၏ နောက်တစ်ကြိမ်ရွေးကောက်ပွဲ ပြီးဆုံးပြီးနောက် ပထမဆုံးကျင်းပသည့် အစည်းအဝေး မစတင်မီ အချိန်တွင် ကုန်ဆုံးပါသည်။

(ခ) ......

*[ပုဒ်မခွဲ (ခ) အား ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၄ ကြိမ်မြောက်ပြင်ဆင်ချင်အက်ဥပဒေ၏ ပုဒ်မ ၂ အရ ပယ်ဖျက်ခဲ့ပါသည်။]*

*[ပုဒ်မခွဲ (၃) အား ၂၀၀၂ ခုဖွဲ့စည်းပုံအခြေခံဥပဒေ န၀မကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၂ နှင့် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၄ ကြိမ်မြောက်ပြင်ဆင်ချင်၏ ပုဒ်မ ၂ ဖြင့် အစားထိုးထားပါသည်။]*

(၄) အကယ်၍ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် -

(က) အမြဲတမ်းကိုယ်စားလှယ်အဖြစ်ခန့်အပ်ခံရခြင်းမှလွဲ၍ မည်သည့်အကြောင်းကြောင့်မဆို ပြည်နယ်ဥပဒေပြု လွှတ်တော်၏ အဖွဲ့ဝင်အဖြစ် အရည်အချင်းပြည့်မီခြင်း မှ ရပ်စဲလျှင်

(ခ) အစိုးရအဖွဲ့ဝင်တစ်ဦးဖြစ်သွားလျှင်

(ဂ) ပြည်နယ်ဥပဒေပြုလွှတ်တော်၏ ယုံကြည်မှုပျောက်ဆုံး သွားလျှင်နှင့် အဆိုပါ ပုဂ္ဂိုလ်အား အမည်စာရင်း တင်သွင်းခဲ့သည့်ပါတီမှ ပြန်လည်ခေါ်ယူလျှင်

(ဃ) ၎င်းအား အမည်စာရင်း တင်သွင်းခဲ့သည့် ပါတီဝင်အဖွဲ့မှ ရပ်ဆိုင်းလျှင် (သို့မဟုတ်) ပါတီမှ ပြန်လည် ခေါ်ယူလျှင် (သို့မဟုတ်)

(င) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်တွင် ခွင့်ပြုချက်မရှိဘဲ တက်ရောက်ရန် ပျက်ကွက်ခဲ့မှုသည် အမြဲတမ်း ကိုယ်စားလှယ်၏ ရာထူးနေရာ ရပ်ဆိုင်းခြင်းနှင့် ပတ်သက်၍ လွှတ်တော်မှ ပြဋ္ဌာန်းထားသည့် စည်းမျဉ်း နှင့်အမိန့်များနှင့် ကိုက်ညီသည့် အခြေအနေများတွင်ဖြစ်ခဲ့လျှင် အဆိုပါ ပုဂ္ဂိုလ်အား အမြဲတမ်း ကိုယ်စားလှယ်အဖြစ်မှ ရပ်ဆိုင်းမည်ဖြစ်သည်။

(5) Vacancies among the permanent delegates must be filled in terms of national legislation.

(6) Before permanent delegates begin to perform their functions in the National Council of Provinces, they must swear or affirm faithfulness to the Republic and obedience to the Constitution, in accordance with Schedule 2.

## Sittings of National Council

63. (1) The National Council of Provinces may determine the time and duration of its sittings and its recess periods.

(2) The President may summon the National Council of Provinces to an extraordinary sitting at any time to conduct special business.

(3) Sittings of the National Council of Provinces are permitted at places other than the seat of Parliament only on the grounds of public interest, security or convenience, and if provided for in the rules and orders of the Council.

## Chairperson and Deputy Chairpersons

64. (1) The National Council of Provinces must elect a Chairperson and two Deputy Chairpersons from among the delegates.

(2) The Chairperson and one of the Deputy Chairpersons are elected from among the permanent delegates for five years unless their terms as delegates expire earlier.

(3) The other Deputy Chairperson is elected for a term of one year, and must be succeeded by a delegate from another province, so that every province is represented in turn.

(4) The Chief Justice must preside over the election of the Chairperson, or designate another judge to do so. The Chairperson presides over the election of the Deputy Chairpersons.

(၅) လစ်လပ်သွားသည့် အမြဲတမ်းကိုယ်စားလှယ်များ၏ နေရာများအား အမျိုးသားဥပဒေပြုမှုအရ ဖြည့်စွက်ရမည် ဖြစ်သည်။

(၆) ပြည်နယ်များဆိုင်ရာအမျိုးသားလွှတ်တော်တွင် အမြဲတမ်း ကိုယ်စားလှယ်များ သည် ၎င်းတို့၏ လုပ်ငန်းတာဝန်များ ကို စတင်မဆောင်ရွက်မီ သမ္မတနိုင်ငံတော်အား သစ္စာစောင့်သိမှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား လေးစားစွာ လိုက်နာဆောင်ရွက်မည့်အကြောင်း ကျမ်းသစ္စာကျိန်ဆိုခြင်း (သို့မဟုတ်) ကတိသစ္စာပြုခြင်း ကို ဇယား (၂) နှင့်အညီ လုပ် ဆောင် ရ မည် ဖြစ်သည်။

## ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်၏အစည်းအဝေးများ

၆၃။ (၁) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်သည် ၎င်း၏ အစည်းအဝေးများ ကျင်းပမည့်အချိန်၊ ကြာမြင့်မည့်ကာလနှင့် ၎င်း၏ရပ်နားမည့် ကာလအပိုင်းအခြားများကို ဆုံးဖြတ် နိုင်ပါသည်။

(၂) နိုင်ငံတော်သမ္မတသည် အထူးကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် အရေးပေါ် အစည်းအဝေး ကျင်းပရန် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်အား အချိန်မရွေး ဆင့်ခေါ်နိုင်မည် ဖြစ်သည်။

(၃) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် အစည်းအဝေးများကျင်းပရန်နေရာကို ၎င်းလွှတ်တော်၏ စည်းမျဉ်းနှင့် အမိန့်များတွင် ဖော်ပြထားလျှင် ဥပဒေပြုလွှတ်တော် ရုံးစိုက်ရာနေရာမှအပ ပြည်သူလူထု အကျိုးစီးပွား၊ လုံခြုံရေး (သို့မဟုတ်) အဆင်ပြေမှုပေါ်အခြေခံ၍ ကျင်းပနိုင်ခွင့်ရှိပါသည်။

## ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ

၆၄။ (၁) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် သည်ကိုယ်စားလှယ်များ အတွင်းမှ ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးအား ရွေးချယ်တင်မြှောက်ရ မည် ဖြစ်ပါသည်။

(၂) အကယ်၍ အမြဲတမ်းကိုယ်စားလှယ်သက်တမ်းသည် စောလျှင်စွာမကုန်ဆုံးပါက ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများထဲမှ တစ်ဦးကို အမြဲတမ်းကိုယ်စားလှယ်များထဲမှ (၅)နှစ်သက်တမ်းအတွက် ရွေးကောက်တင်မြှောက်သည်။

(၃) အခြားဒုတိယဥက္ကဋ္ဌတစ်ဦးအား တစ်နှစ်သက်တမ်းအတွက် ရွေးချယ်ပြီး အခြားပြည်နယ်မှ ကိုယ်စားလှယ်တစ်ဦးမှ ဆက်ခံရမည်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်နယ်တိုင်းသည် အလှည့်ကျကိုယ်စားပြု ပါသည်။

(၄) တရားသူကြီးချုပ်သည် ဥက္ကဋ္ဌအား ရွေးချယ်တင်မြှောက်ရာတွင် သဘာပတိအဖြစ် တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့မဟုတ် အခြားတရားသူကြီးအား ဤသို့ဆောင်ရွက်ရန် တာဝန် ပေးအပ်ရမည် ဖြစ်ပါသည်။ ဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌများ ရွေးချယ်တင်မြှောက်ရာတွင် သဘာပတိ အဖြစ် တာဝန်ယူ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

*[Sub-s. (4) substituted by s. 5 of the Constitution Sixth Amendment Act of 2001.]*

(5) The procedure set out in Part A of Schedule 3 applies to the election of the Chairperson and the Deputy Chairpersons.

(6) The National Council of Provinces may remove the Chairperson or a Deputy Chairperson from office.

(7) In terms of its rules and orders, the National Council of Provinces may elect from among the delegates other presiding officers to assist the Chairperson and Deputy Chairpersons.

## Decisions

65. (1) Except where the Constitution provides otherwise—

(a) each province has one vote, which is cast on behalf of the province by the head of its delegation; and

(b) all questions before the National Council of Provinces are agreed when at least five provinces vote in favour of the question.

(2) An Act of Parliament, enacted in accordance with the procedure established by either subsection (1) or subsection (2) of section 76, must provide for a uniform procedure in terms of which provincial legislatures confer authority on their delegations to cast votes on their behalf.

## Participation by members of national executive

66. (1) Cabinet members and Deputy Ministers may attend, and may speak in, the National Council of Provinces, but may not vote.

(2) The National Council of Provinces may require a Cabinet member, a Deputy Minister or an official in the national executive or a provincial executive to attend a meeting of the Council or a committee of the Council.

*[ပုဒ်မခွဲ ၄အား ၂၀၀၁ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက်၏ အက်ဥပဒေ ပုဒ်မ– ၅ ဖြင့် အစားထိုးခဲ့ပါသည်။]*

(၅) ဇယား (၃) အပိုင်း(က)တွင် ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းအား ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌများ ရွေးချယ်တင်မြောက်ရာတွင် ကျင့်သုံးပါသည်။

(၆) ပြည်နယ်များဆိုင်ရာအမျိုးသားလွှတ်တော်သည် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ တို့အား ရာထူးမှ ဖယ်ရှားနိုင်မည် ဖြစ်ပါသည်။

(၇) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်သည်၎င်း၏ စည်းမျဉ်းများနှင့် အမိန့်များ အရ ပြည်နယ်များဆိုင်ရာ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများအား ရွေးချယ်ရာတွင် အထောက်အကူပေးရန် မဲပေးခြင်းကိုကြီးကြပ်သူအရာရှိများအား ၎င်း၏အဖွဲ့ဝင်များ အတွင်း မှ ရွေးချယ် နိုင်မည်ဖြစ်ပါသည်။

## ဆုံးဖြတ်ချက်များ

၆၅။ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းအားဖြင့် ဖော်ပြပေးအပ်ထားသည်မှတပါး

(က) ပြည်နယ်တစ်ခုချင်းစီတွင် ပြည်နယ်၏ ကိုယ်စားလှယ်ခေါင်းဆောင်မှ ပြည်နယ်ကိုယ်စား ပေးသည့် မဲတစ်မဲ ရှိပါသည်။

(ခ) ပြည်နယ်များဆိုင်ရာအမျိုးသားလွှတ်တော် ရှေ့မှောက်တွင် ကိစ္စရပ် များအားလုံး သည် အနည်းဆုံး ပြည်နယ်ငါးခုမှ အဆိုပါကိစ္စရပ်အား ထောက်ခံမဲပေးပါက သဘောတူညီ မှု ရရှိပါသည်။

(၂) ပုဒ်မ (၇၆) ပုဒ်မခွဲ (၁) သို့မဟုတ် (၂) မှ ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းနှင့်များ အညီ ထုတ်ပြန်ထားသည့် လွှတ်တော် ဥပဒေတရပ်သည် ပြည်နယ်များဆိုင်ရာ အမျိုးသား ဥပဒေပြုလွှတ်တော်များမှ ၎င်းတို့ကိုယ်စားမဲပေးရန် ကိုယ်စားလှယ်အဖွဲ့များအား အာဏာအပ်နှင်းရာတွင် တူညီသည့် လုပ်ထုံးလုပ်နည်း များအား ပေးအပ်ရ မည်ဖြစ်သည်။

## အမျိုးသားအုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့ဝင်များ၏ ပူးပေါင်းပါဝင်ခြင်း

၆၆။ (၁) အစိုးရအဖွဲ့ဝင်များနှင့် ဒုတိယဝန်ကြီးများသည် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်တွင် တက်ရောက်ပြီး ပြောကြားနိုင်မည်ဖြစ်ပါသည်။ သို့သော် မဲပေး နိုင်ခွင့် ရှိမည်မဟုတ်ပါ။

(၂) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် တွင် အစိုးရအဖွဲ့ဝင်တစ်ဦး၊ ဒုတိယ ဝန်ကြီးတစ်ဦး သို့မဟုတ် အမျိုးသားအဆင့် သို့မဟုတ် ဒေသအဆင့်အုပ်ချုပ်ရေးအရာရှိတစ်ဦးအား လွှတ်တော် သို့မဟုတ် လွှတ်တော်ကော်မတီအစည်းအဝေး သို့ တက်ရောက်ရန် လိုအပ်မည်ဖြစ်ပါသည်။

## Participation by local government representatives

67. Not more than ten part-time representatives designated by organised local government in terms of section 163, to represent the different categories of municipalities, may participate when necessary in the proceedings of the National Council of Provinces, but may not vote.

## Powers of National Council

68. In exercising its legislative power, the National Council of Provinces may—

(a) consider, pass, amend, propose amendments to or reject any legislation before the Council, in accordance with this Chapter; and

(b) initiate or prepare legislation falling within a functional area listed in Schedule 4 or other legislation referred to in section 76(3), but may not initiate or prepare money Bills.

## Evidence or information before National Council

69. The National Council of Provinces or any of its committees may—

(a) summon any person to appear before it to give evidence on oath or affirmation or to produce documents;

(b) require any institution or person to report to it;

(c) compel, in terms of national legislation or the rules and orders, any person or institution to comply with a summons or requirement in terms of paragraph (a) or (b); and

(d) receive petitions, representations or submissions from any interested persons or institutions.

## ဒေသဆိုင်ရာ အစိုးရကိုယ်စားလှယ်များ၏ ပူးပေါင်းပါဝင်ခြင်း

၆၇။ (၁) အမျိုးအစားကွဲပြားနေသည့် စည်ပင်သာယာ အုပ်ချုပ်ရေးအဖွဲ့များအား ကိုယ်စားပြုရန် ပုဒ်မ (၁၆၃) အရ ဖွဲ့စည်းထားသော ဒေသန္တရဆိုင်ရာ အစိုးရမှ တာဝန်ပေးအပ် ထားသည့် (၁၀) ဦး ထက်မပိုသည့် အချိန်ပိုင်းကိုယ်စားလှယ်များသည် လိုအပ်ပါက ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်၏ လုပ်ငန်းဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ သို့သော် မဲပေးနိုင်မည် မဟုတ်ပါ။

## ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်၏ လုပ်ပိုင်ခွင့်အာဏာများ

၆၈။ ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်၏ ဥပဒေပြုသည့် လုပ်ပိုင်ခွင့်အာဏာအား ကျင့်သုံးရာတွင် ပြည်နယ်များဆိုင်ရာ လွှတ်တော်သည်-

(က) ဤအခန်းနှင့်အညီ ပြည်နယ်များဆိုင်ရာ လွှတ်တော်၏ ရှေ့မှောက်တွင် ဆောင်ရွက်သည့် မည်သည့် ဥပဒေပြုခြင်း မဆိုအား စဉ်းစားသုံးသပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြင်ဆင်ချက်များအား အဆိုပြုခြင်း သို့မဟုတ် ပယ်ချခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ နှင့်

(ခ) ဇယား (၄) တွင် စာရင်းပြုစုထားသည့် ဆောင်ရွက်ရမည့် ကဏ္ဍအတွင်း ကျရောက်သည့် ဥပဒေပြုခြင်း သို့မဟုတ် ပုဒ်မ ၇၆(၃) မှ ရည်ညွှန်းသည့် အခြား ဥပဒေပြုခြင်းအား အစပျိုးနိုင်မည် သို့မဟုတ် ပြုစုရေးဆွဲ နိုင်မည်ဖြစ်ပါသည်။ သို့သော် ငွေကြေးဆိုင်ရာဥပဒေကြမ်းများအား အစပျိုးနိုင်မည် သို့မဟုတ် ပြုစုရေးဆွဲ နိုင်မည်မဟုတ်ပါ။

## ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် သို့ တင်ပြသည့် အထောက်အထား သို့မဟုတ် သတင်းအချက်အလက်

၆၉။ ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် သို့မဟုတ် ၎င်းလွှတ်တော် ၏ မည်သည့်ကော်မတီဆို

(က) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် ရှေ့မှောက်တွင် ကျမ်းကျိန်၍ အထောက်အထားအား တင်ပြရန် (သို့မဟုတ်) အတည်ပြုပေးရန် (သို့မဟုတ်) အထောက်အထား စာရွက်စာတမ်းများအား တင်ပြရန် မည်သူ့ ကို မဆို ဆင့်ခေါ် နိုင်သည်။

(ခ) မည်သူမဆို (သို့မဟုတ်) မည်သည့်အဖွဲ့အစည်း က မဆို ၎င်းထံ အစီရင်ခံတင်ပြရန် လိုအပ်သည်။

(ဂ) အမျိုးသားဥပဒေ (သို့မဟုတ်) စည်းမျဉ်းများနှင့် အမိန့်များအရ မည်သူမဆို (သို့မဟုတ်) မည်သည့် အဖွဲ့အစည်းမဆို ဆင့်ခေါ်ခြင်းအား လိုက်နာဆောင်ရွက်ရန် (သို့မဟုတ်) အပိုဒ်(က)နှင့် (ခ) တွင် ဖော်ပြထားသည့်အတိုင်း လိုက်နိုင်ဆောင်ရွက်ရန် တောင်းဆိုနိုင်သည်။ နှင့်

(ဃ) စိတ်ဝင်စားသည့် မည်သူမဆို (သို့မဟုတ်) မည်သည့်အဖွဲ့အစည်းများထံမှမဆို အသနားခံလွှာ၊ ကိုယ်စား ပြုခြင်း (သို့မဟုတ်) တင်ပြခြင်းများအား လက်ခံနိုင်သည်။

### Internal arrangements, proceedings and procedures of National Council

70. (1) The National Council of Provinces may—

(a) determine and control its internal arrangements, proceedings and procedures; and

(b) make rules and orders concerning its business, with due regard to representative and participatory democracy, accountability, transparency and public involvement.

(2) The rules and orders of the National Council of Provinces must provide for—

(a) the establishment, composition, powers, functions, procedures and duration of its committees;

(b) the participation of all the provinces in its proceedings in a manner consistent with democracy; and

(c) the participation in the proceedings of the Council and its committees of minority parties represented in the Council, in a manner consistent with democracy, whenever a matter is to be decided in accordance with section 75.

### Privilege

71. (1) Delegates to the National Council of Provinces and the persons referred to in sections 66 and 67—

(a) have freedom of speech in the Council and in its committees, subject to its rules and orders; and

(b) are not liable to civil or criminal proceedings, arrest, imprisonment or damages for—

## ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် အတွင်း စီစဉ်ဆောင်ရွက်ထားမှုများ၊ လုပ်ကိုင်ဆောင်ရွက်မှုများနှင့် လုပ်ထုံးလုပ်နည်းများ

၇၀။ (၁) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်သည် -

(က) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်အတွင်း စီစဉ်ဆောင်ရွက်ထားမှုများ၊ လုပ်ကိုင်ဆောင်ရွက်မှုများနှင့် လုပ်ထုံး လုပ်နည်းများကို ဆုံးဖြတ်ပြီး ထိန်းချုပ်နိုင်သည်။

(ခ) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်၏ လုပ်ဆောင်ရမည့်လုပ်ငန်းများနှင့် သက်ဆိုင်သည့် စည်းမျဉ်းများနှင့် အမိန့်များတွင် ကိုယ်စားပြု ဒီမိုကရေစီ၊ အားလုံးပါဝင်သည့် ဒီမိုကရေစီ၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုနှင့် အများပြည်သူ ပူးပေါင်း ပါဝင်ဆောင်ရွက်မှုတို့အား ထည့်သွင်းစဉ်းစား၍ သတ်မှတ်ပြဌာန်းနိုင်သည်။

(၂) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် ၏ စည်းမျဉ်းများနှင့် အမိန့်များသည်

(က) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် ကော်မတီများ၏ ဖွဲ့စည်း တည်ထောင်မှု၊ ပေါင်းစပ်ဖွဲ့စည်းမှု၊ လုပ်ပိုင်ခွင့်အာဏာများ၊ လုပ်ငန်းတာဝန်များ၊ လုပ်ထုံးလုပ်နည်းများနှင့် သက်တမ်း

(ခ) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်၏ လုပ်ကိုင်ဆောင်ရွက်မှုများတွင် ပြည်နယ် အားလုံးမှ ဒီမိုကရေစီ နည်းလမ်းနှင့် အညီ ပါဝင်ဆောင်ရွက်မှုများ

(ဂ) ကိစ္စရပ်တစ်ခုအား ပုဒ်မ (၇၅) နှင့်အညီ ဆုံးဖြတ်ရမည်ဆိုပါက ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်နှင့် ၎င်း၏ကော်မတီများ၏ လုပ်ကိုင်ဆောင်ရွက်မှုများတွင် ကိုယ်စားပြုမှု အနည်းငယ် သာရှိသည့် ပါတီ များ၏ ဒီမိုကရေစီ နည်းလမ်းနှင့်အညီ ပါဝင် ဆောင်ရွက်မှု တို့အား ပံ့ပိုး ပေးရ မည်ဖြစ်ပါသည်။

## အထူးအခွင့်အရေး

၇၁။ (၁) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် ၏ ကိုယ်စားလှယ်များနှင့် အပိုဒ် ၆၆ နှင့် ၆၇ မှ ရည်ညွှန်း သည့်သူများသည်-

(က) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် ၏စည်းမျဉ်းများနှင့် အမိန့်များနှင့်အညီ လွှတ် တော်နှင့် ၎င်း၏ကော်မတီ များ တွင် လွတ်လပ်စွာပြောဆိုနိုင်ခွင့်ရှိပါသည်။

(ခ) တရားမမှု (သို့မဟုတ်) ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုများ၊ ဖမ်းဆီးခြင်း၊ အကျဉ်းချထားခြင်း သို့မဟုတ် လျော်ကြေးတောင်းခံခြင်းများကို အောက်ဖော်ပြပါ တို့အတွက် ဥပဒေအရတာဝန်မရှိပါ-

(i) anything that they have said in, produced before or submitted to the Council or any of its committees; or

(ii) anything revealed as a result of anything that they have said in, produced before or submitted to the Council or any of its committees.

(2) Other privileges and immunities of the National Council of Provinces, delegates to the Council and persons referred to in sections 66 and 67 may be prescribed by national legislation.

(3) Salaries, allowances and benefits payable to permanent members of the National Council of Provinces are a direct charge against the National Revenue Fund.

### Public access to and involvement in National Council

72. (1) The National Council of Provinces must—

(a) facilitate public involvement in the legislative and other processes of the Council and its committees; and

(b) conduct its business in an open manner, and hold its sittings, and those of its committees, in public, but reasonable measures may be taken—

(i) to regulate public access, including access of the media, to the Council and its committees; and

(ii) to provide for the searching of any person and, where appropriate, the refusal of entry to, or the removal of, any person.

၁)	ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် (သို့မဟုတ်) လွှတ်တော်၏ မည်သည့် ကော်မတီ၏ ရှေ့မှောက် တွင်မဆို ထုတ်ဖော် ပြောဆိုခဲ့သည့် မည်သည့်ကိစ္စ ကြောင့်မဆို သို့မဟုတ် မည်သည့်တင်ပြခဲ့သည့် ကိစ္စများကြောင့်မဆို

၂)	ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် (သို့မဟုတ်) လွှတ်တော်၏ မည်သည့် ကော်မတီ၏ ရှေ့မှောက်တွင်မဆို ထုတ်ဖော် ပြောဆိုခဲ့သည့် (သို့မဟုတ်) တင်ပြခဲ့သည့် မည်သည့်ကိစ္စရပ်ကြောင့်မဆိုမှ ပေါ်ပေါက်လာသည့် မည်သည့်ရလဒ်ကြောင့်မဆို

(၂)	ပြည်နယ်များဆိုင်ရာအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ပုဒ်မ ၆၆ နှင့် ၆၇ မှ ရည်ညွှန်း သည့် သူများ၏ အခြားအထူးအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များအား အမျိုးသား ဥပဒေပြု လွှတ်တော်မှ ပြဋ္ဌာန်းနိုင်မည်ဖြစ်ပါသည်။

(၃)	ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် ၏ အမြဲတမ်းကိုယ်စားလှယ်များ၏ လစာများ၊ ပုံမှန်ခွင့်ပြု ငွေ များနှင့် ချီးမြှင့်ငွေများအား အမျိုးသား ဘဏ္ဍာရေး ရန်ပုံငွေမှ တိုက်ရိုက်ကျခံပါသည်။

**ပြပည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် သို့အများပြည်သူမှ လက်လှမ်းမီ ချဉ်းကပ်နိုင်မှုနှင့် လွှတ်တော်တွင် ပါဝင်ပတ်သက်နိုင်မှု**

၇၂။	(၁)	ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်သည် -

(က)	ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် နှင့် ၎င်း၏ကော်မတီများ၏ ဥပဒေပြုရေးနှင့် အခြားလုပ်ငန်းစဉ်များတွင် အများပြည်သူမှ ပါဝင်ပတ်သက်နိုင်ရန် ပံ့ပိုးပေးရမည်။ နှင့်

(ခ)	ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် ၏လုပ်ငန်းဆောင်တာများအား ပွင့်လင်းစွာဖြင့် ဆောင်ရွက်ရာလွှတ်တော်နှင့် ကော်မတီအစည်းအဝေးများအား အများပြည်သူ ရှေ့ မှောက်တွင်ကျင်းပရမည်ဖြစ်ပါသည်။ သို့ရာတွင် အောက်ပါ အစီအမံများ အား ကျိုးကြောင်း ညီညွတ်စွာ ဆောင်ရွက် ထားရမည်ဖြစ်သည်-

၁)	ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် နှင့် ၎င်း၏ကော်မတီများထံသို့ မီဒီယာအပါအဝင် အများပြည်သူ ချဉ်းကပ်နိုင်ရန် စည်းမျဉ်းသတ်မှတ်ရန်

၂)	မည်သူ့ကိုမဆို ရှာဖွေခြင်းနှင့် လိုအပ်ပါက မည်သူ့ကိုမဆို ဝင်ရောက်ရန် ငြင်းပယ်ခြင်း သို့မဟုတ် ထုပ်ပယ်ခြင်းတို့အတွက် စီစဉ်ရန်

(2) The National Council of Provinces may not exclude the public, including the media, from a sitting of a committee unless it is reasonable and justifiable to do so in an open and democratic society.

## National Legislative Process

### All Bills

73. (1) Any Bill may be introduced in the National Assembly.

(2) Only a Cabinet member or a Deputy Minister, or a member or committee of the National Assembly, may introduce a Bill in the Assembly, but only the Cabinet member responsible for national financial matters may introduce the following Bills in the Assembly:

(a) a money Bill; or

(b) a Bill which provides for legislation envisaged in section 214.

*[Sub-s. (2) substituted by s. 1(a) of the Constitution Seventh Amendment Act of 2001.]*

(3) A Bill referred to in section 76(3), except a Bill referred to in subsection (2)(a) or (b) of this section, may be introduced in the National Council of Provinces.

*[Sub-s. (3) substituted by s. 1(b) of the Constitution Seventh Amendment Act of 2001.]*

(4) Only a member or committee of the National Council of Provinces may introduce a Bill in the Council.

(5) A Bill passed by the National Assembly must be referred to the National Council of Provinces if it must be considered by the Council. A Bill passed by the Council must be referred to the Assembly.

### Bills amending the Constitution

74. (1) Section 1 and this subsection may be amended by a Bill passed by—

(၂) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် သည် ကော်မတီ၏ အစည်းအဝေး ကျင်းပနေစဉ် ပွင့်လင်းသည့် ဒီမိုကရေစီ လူမှုအဖွဲ့အစည်းအတွင်း၌ အများပြည်သူအား ချန်လှပ်ထားရန် ကျိုးကြောင်းညီညွတ်ပြီး မှန်ကန်ကြောင်း ထင်ရှားသည်မှအပ မီဒီယာအပါအဝင် အများပြည်သူများအား ချန်လှပ်ထားခြင်း မရှိစေရ။

## အမျိုးသားဥပဒေပြုရေးလုပ်ငန်းစဉ်

### ဥပဒေကြမ်းများအားလုံး

၇၃။ (၁) မည်သည့်ဥပဒေကြမ်းကိုမဆို ပြည်သူ့လွှတ်တော်တွင် တင်သွင်းနိုင်မည် ဖြစ်ပါ သည်။

(၂) အစိုးရအဖွဲ့ဝင် သို့မဟုတ် ဒုတိယဝန်ကြီး သို့မဟုတ် ပြည်သူ့လွှတ်တော်၏အဖွဲ့ဝင် သို့မဟုတ် ကော်မတီ သည်သာ ပြည်သူ့လွှတ်တော်တွင် တင်သွင်းနိုင်မည် ဖြစ်ပါသည်။ သို့သော် နိုင်ငံတော်၏ ငွေရေးကြေးရေး ကိစ္စရပ်များအတွက် တာဝန်ရှိသော အစိုးရအဖွဲ့ဝင်သည် ပြည်သူ့လွှတ်တော်တွင် အောက်ဖော်ပြပါ ဥပဒေကြမ်း များအား တင်သွင်းနိုင် ပါသည်။

(က) ငွေကြေးဆိုင်ရာဥပဒေကြမ်း (သို့မဟုတ်)

(ခ) ပုဒ်မ ၂၁၄ တွင် ဖျော်မှန်းထားသည့် ဥပဒေပြုရေး ကိစ္စရပ်များအတွက် ဥပဒေ ကြမ်း

[ပုဒ်မခွဲ ၂ အား ၂၀၀၁ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ သတ္တမကြိမ်မြောက်ပြင်ဆင်ချက်*အက်ဥပဒေ*၏ ပုဒ်မ ၁(က) အရ အစားထိုးခဲ့ပါသည်။]

(၃) ဤပုဒ်မခွဲ ၂(က) (သို့မဟုတ်) (ခ)မှ ရည်ညွှန်းထားသည့် ဥပဒေကြမ်းမှအပ ပုဒ်မ (၇၆)(၃) မှ ရည်ညွှန်းသည့် ဥပဒေကြမ်းအား ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် တွင် တင်သွင်းနိုင်ပါ သည်။

*[ပုဒ်မခွဲ (၃) အား ၂၀၀၁ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ သတ္တမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၁(ခ) အရ ဆက်လက်ထားရှိခဲ့ပါသည်။]*

(၄) ပြည်နယ်များဆိုင်ရာအမျိုးသားလွှတ်တော် အဖွဲ့ဝင် သို့မဟုတ် ကော်မတီသည်သာ လွှတ်တော်တွင် ဥပဒေကြမ်း အား တင်သွင်းနိုင်မည်ဖြစ်ပါသည်။

(၅) ပြည်သူ့လွှတ်တော်တွင် အတည်ပြုပြီးသည့် ဥပဒေကြမ်းအား ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် မှ စဉ်းစား ဆင်ခြင်သုံးသပ်ရန်အတွက် ပေးပို့ရမည်ဖြစ်သည်။ ပြည်နယ်များ ဆိုင်ရာ အမျိုးသားလွှတ်တော် မှ အတည်ပြုပြီးသည့် ဥပဒေ ကြမ်းအား ပြည်သူ့လွှတ်တော် သို့ပေးပို့ရမည်ဖြစ်ပါသည်။

### ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်သည့်ဥပဒေကြမ်းများ

၇၄။ (၁) ပုဒ်မ(၁)နှင့် ဤကဏ္ဍအား အောက်ဖော်ပြပါတို့မှ အတည်ပြုပြီးဖြစ်သော ဥပဒေကြမ်းဖြင့် ပြင်ဆင်နိုင်မည်ဖြစ်ပါသည် -

(a) the National Assembly, with a supporting vote of at least 75 per cent of its members; and

(b) the National Council of Provinces, with a supporting vote of at least six provinces.

(2) Chapter 2 may be amended by a Bill passed by—

(a) the National Assembly, with a supporting vote of at least two thirds of its members; and

(b) the National Council of Provinces, with a supporting vote of at least six provinces.

(3) Any other provision of the Constitution may be amended by a Bill passed—

(a) by the National Assembly, with a supporting vote of at least two thirds of its members; and

(b) also by the National Council of Provinces, with a supporting vote of at least six provinces, if the amendment—

(i) relates to a matter that affects the Council;

(ii) alters provincial boundaries, powers, functions or institutions; or

(iii) amends a provision that deals specifically with a provincial matter.

(4) A Bill amending the Constitution may not include provisions other than constitutional amendments and matters connected with the amendments.

(5) At least 30 days before a Bill amending the Constitution is introduced in terms of section 73(2), the person or committee intending to introduce the Bill must—

(က) ပြည်သူ့လွှတ်တော်တွင် အဖွဲ့ဝင်များ၏ ထောက်ခံမဲ အနည်းဆုံး (၇၅)ရာခိုင်နှုန်း ဖြင့်

(ခ) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် တွင်အနည်းဆုံးပြည်နယ်ခြောက်ခု၏ ထောက်ခံမှုဖြင့်

(၂) အခန်း(၂)အား အောက်ဖော်ပြပါ အတည်ပြုပြီးသည့် ဥပဒေကြမ်းဖြင့် ပြင်ဆင်နိုင်မည် ဖြစ်ပါသည် -

(က) ပြည်သူ့လွှတ်တော်တွင် အဖွဲ့ဝင်များ၏ ထောက်ခံမဲ အနည်းဆုံး ၃ ပုံ ၂ ပုံ ဖြင့်

(ခ) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်တွင် အနည်းဆုံး ပြည်နယ် ခြောက်ခု ၏ ထောက်ခံမဲဖြင့်

(၃) အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် အခြားပြဋ္ဌာန်းချက်များကို အတည်ပြုပြီးသော ဥပဒေကြမ်းဖြင့် အောက်ဖော်ပြပါအခြေအနေများတွင် -

(က) ပြည်သူ့လွှတ်တော်တွင် အဖွဲ့ဝင်များ၏ ထောက်ခံမဲ အနည်းဆုံး ၃ ပုံ ၂ ပုံ ဖြင့်

(ခ) အကယ်၍ ပြင်ဆင်မှုသည်-

၁) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်အား သက်ရောက်မှုရှိသည့် ကိစ္စရပ်များနှင့် ဆက်နွယ်နေလျှင်

၂) ပြည်နယ်များ၏ နယ်နိမိတ်များ၊ လုပ်ပိုင်ခွင့်အာဏာများ၊ လုပ်ငန်းတာဝန်များ သို့မဟုတ် အဖွဲ့အစည်း များအား ပြောင်းလဲ လိုလျှင်

၃) အထူးသဖြင့် ပြည်နယ်ဆိုင်ရာ ကိစ္စများနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက် များအား ပြင်ဆင် လိုလျှင် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် တွင် အနည်းဆုံး ပြည်နယ်ခြောက်ခု၏ ထောက်ခံမဲဖြင့် ပြင်ဆင်နိုင်မည်ဖြစ်ပါသည်။

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်သည့်ဥပဒေကြမ်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ပြင်ဆင်မှုများ နှင့်ပြင်ဆင်မှုနှင့် ဆက်သွယ်နေသည်မှလွဲ၍ ပြဋ္ဌာန်းချက်များ မပါဝင်ရ။

(၅) ပုဒ်မ (၇၃)(၂) အရ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်သည့် ဥပဒေကြမ်းမတင်သွင်းမီ အနည်းဆုံး ရက်ပေါင်း (၃၀) မတိုင်မီ၌ ဥပဒေကြမ်းအား တင်သွင်းရန် ရည်ရွယ်နေသည့် ပုဂ္ဂိုလ် သို့မဟုတ် ကော်မတီသည် -

(a) publish in the national Government Gazette, and in accordance with the rules and orders of the National Assembly, particulars of the proposed amendment for public comment;

(b) submit, in accordance with the rules and orders of the Assembly, those particulars to the provincial legislatures for their views; and

(c) submit, in accordance with the rules and orders of the National Council of Provinces, those particulars to the Council for a public debate, if the proposed amendment is not an amendment that is required to be passed by the Council.

(6) When a Bill amending the Constitution is introduced, the person or committee introducing the Bill must submit any written comments received from the public and the provincial legislatures—

(a) to the Speaker for tabling in the National Assembly; and

(b) in respect of amendments referred to in subsection (1), (2) or (3)(b), to the Chairperson of the National Council of Provinces for tabling in the Council.

(7) A Bill amending the Constitution may not be put to the vote in the National Assembly within 30 days of—

(a) its introduction, if the Assembly is sitting when the Bill is introduced; or

(b) its tabling in the Assembly, if the Assembly is in recess when the Bill is introduced.

(8) If a Bill referred to in subsection (3)(b), or any part of the Bill, concerns only a specific province or provinces, the National Council of Provinces may not pass the Bill or the relevant part unless it has been approved by the legislature or legislatures of the province or provinces concerned.

(က) ပြည်သူ့လွှတ်တော်၏ စည်းမျဉ်းများနှင့် အမိန့်များနှင့်အညီ အများပြည်သူများ၏ မှတ်ချက်ပေးနိုင်ရန် အတွက် အဆိုပြုသည့် ပြင်ဆင်ချက် အကြောင်းအရာအား နိုင်ငံတော်၏ အစိုးရပြန်တမ်းတွင် ထည့်သွင်း ဖြန့်ချိရမည်ဖြစ်သည်။

(ခ) ပြည်သူ့လွှတ်တော်၏ စည်းမျဉ်းများနှင့် အမိန့်များနှင့်အညီ အဆိုပါအကြောင်းအရာများအား ပြည်နယ် ဥပဒေပြု လွှတ်တော်များ၏ အမြင်များ ရယူရန်အတွက် တင်ပြရမည်ဖြစ်သည်။

(ဂ) အကယ်၍ အဆိုပြုသည့် ပြင်ဆင်ချက်သည် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် မှ အတည်ပြုရန်မလိုအပ်သောပြင်ဆင်မှုဖြစ်လျှင် ပြည်နယ်များဆိုင်ရာအမျိုးသားလွှတ်တော်၏ စည်းမျဉ်းများနှင့် အမိန့်များနှင့်အညီ အဆိုပါအကြောင်းအရာအား ပြည်သူလူထုမှ ဝေဖန်ဆွေးနွေးရန်အတွက် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် ထံတင်ပြရမည် ဖြစ်သည်။

(၆) ဖွဲ့စည်းပုံအခြေခံဥပဒေအားပြင်ဆင်သည့် ဥပဒေကြမ်းအား အဆိုပြုတင်သွင်းရာတွင် ဥပဒေ ကြမ်းအား တင်သွင်းမည့်ပုဂ္ဂိုလ် သို့မဟုတ် ကော်မတီသည် ပြည်သူလူထုနှင့် ပြည်နယ်များဆိုင်ရာ အမျိုးသားဥပဒေပြု လွှတ်တော်များ ထံမှ လက်ခံရရှိခဲ့သော စာဖြင့်ရေးသားထားသည့် မှတ်ချက်များအား-

(က) ပြည်သူ့လွှတ်တော် အစီအစဉ်ရေးဆွဲရန်အတွက် သဘာပတိထံ တင်ပြတင်ပြရမည် ဖြစ်ပါသည်။

(ခ) ပုဒ်မခွဲ (၁)၊ (၂) သို့မဟုတ် ၃(ခ)မှ ရည်ညွှန်းထားသည့် ပြင်ဆင်ချက်များအား ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် ၏ အစီအစဉ်ရေးဆွဲရန်အတွက် ဥက္ကဋ္ဌထံ တင်ပြရမည်ဖြစ်ပါသည်။

(၇) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော် တွင် မဲပေးနိုင်ရန် အတွက်

(က) အကယ်၍ ဥပဒေကြမ်းတင်သွင်းနေသည့် အချိန်တွင် ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပနေပါက ဥပဒေကြမ်းတင်သွင်းမှု ၊ သို့မဟုတ်

(ခ) အကယ်၍ ဥပဒေကြမ်းတင်သွင်းသည့် အချိန်၌ လွှတ်တော်ရပ်နားနေသည့် အချိန်ဖြစ်ပါက ဥပဒေကြမ်း အား လွှတ်တော်၏ အစီအစဉ်တွင် ထည့်သွင်းမှုအား ရက်ပေါင်း (၃၀) အတွင်း မပြုလုပ်ရပါ။

(၈) အကယ်၍ ပုဒ်မခွဲ (၃) (ခ) မှ ရည်ညွှန်းသည့် ဥပဒေကြမ်းသို့မဟုတ် ဥပဒေကြမ်း၏ အစိတ်အပိုင်းတစ်ခုသည် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် ပြည်နယ်များနှင့်သာ သက်ဆိုင်လျှင် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် သည် ဥပဒေကြမ်းအား သို့မဟုတ် သက်ဆိုင်သည့် အစိတ်အပိုင်းအား သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် ဥပဒေပြုလွှတ်တော် သို့မဟုတ် လွှတ်တော်များမှ အတည်ပြုခြင်းမရှိဘဲ ပြဋ္ဌာန်းအတည်ပြုနိုင်မည်မဟုတ်ပါ။

(9) A Bill amending the Constitution that has been passed by the National Assembly and, where applicable, by the National Council of Provinces, must be referred to the President for assent.

## Ordinary Bills not affecting provinces

75. (1) When the National Assembly passes a Bill other than a Bill to which the procedure set out in section 74 or 76 applies, the Bill must be referred to the National Council of Provinces and dealt with in accordance with the following procedure:

(a) The Council must—

(i) pass the Bill;

(ii) pass the Bill subject to amendments proposed by it; or (iii) reject the Bill.

(b) If the Council passes the Bill without proposing amendments, the Bill must be submitted to the President for assent.

(c) If the Council rejects the Bill or passes it subject to amendments, the Assembly must reconsider the Bill, taking into account any amendment proposed by the Council, and may—

(i) pass the Bill again, either with or without amendments; or

(ii) decide not to proceed with the Bill.

(d) A Bill passed by the Assembly in terms of paragraph (c) must be submitted to the President for assent.

(ဇ) ပြည်သူ့လွှတ်တော်မှ အတည်ပြုခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်သည့်ဥပဒေမူကြမ်း သည် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် နှင့်လည်းသက်ဆိုင်ပါက ၎င်းဥပဒေကြမ်းကို နိုင်ငံတော်သမ္မတ၏ သဘောတူညီမှုရယူနိုင်ရန်အတွက် သမ္မတထံ ပေးပို့ရမည်ဖြစ်သည်။

## ပြည်နယ်များအား သက်ရောက်မှုမရှိသော ဥပဒေကြမ်းများ

၇၅။ (၁) ပုဒ်မ (၇၄) သို့မဟုတ် (၇၆)တွင် ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းနှင့် သက်ဆိုင်သည့် ဥပဒေကြမ်းမှအပ ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးခဲ့သည့် ဥပဒေကြမ်းအား ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်သို့ လွှဲပြောင်းပေးအပ်ရမည်ဖြစ်ပြီး အောက်ပါ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရမည်ဖြစ်သည် -

(က) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် သည်

၁) ဥပဒေကြမ်းအား အတည်ပြုရမည်ဖြစ်သည်၊

၂) ဥပဒေကြမ်းမှ တင်ပြလာသည့် ပြင်ဆင်ချက်များအပေါ် မူတည်၍ အတည်ပြုရမည်ဖြစ်သည် သို့မဟုတ်

၃) ဥပဒေကြမ်းအား ပယ်ချရမည်ဖြစ်သည်။

(ခ) အကယ်၍ ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် သည် ဥပဒေကြမ်းအား ပြင်ဆင်မှုများ ပြုလုပ်ရန် အဆိုမပြုဘဲ အတည်ပြုခဲ့ပါက ဥပဒေကြမ်းအား နိုင်ငံတော်သမ္မတ၏ သဘောတူညီမှုရ ယူရန်အတွက် ပေးပို့ရမည်ဖြစ်သည်။

(ဂ) အကယ်၍ ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် သည်ဥပဒေကြမ်းအား ပယ်ချခဲ့လျှင် သို့မဟုတ် ပြင်ဆင်ချက်များအပေါ် မူတည်၍ အတည်ပြုလျှင် ပြည်သူ့လွှတ်တော်သည် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် မှအဆိုပြုသည့် မည်သည့် ပြင်ဆင်ချက်ကိုမဆို ထည့်သွင်း၍ စဉ်းစားရမည်ဖြစ်ပြီး

၁) ဥပဒေကြမ်းအား ပြင်ဆင်မှုများပြုလုပ်ပြီး သို့မဟုတ် မပြုလုပ်ဘဲ နောက်တစ်ကြိမ် အတည်ပြု နိုင်မည်ဖြစ်ပါသည်။

၂) ဥပဒေကြမ်းအား ဆက်လက်မဆောင်ရွက်ရန် ဆုံးဖြတ်နိုင်မည်ဖြစ်ပါသည်။

(ဃ) အပိုဒ်(ဂ)အရ ပြည်သူ့လွှတ်တော်မှ အတည်ပြုခဲ့သော ဥပဒေကြမ်းအား နိုင်ငံတော်သမ္မတ၏ သဘောတူညီမှု ရယူနိုင်ရန်အတွက် ပေးပို့တင်ပြရမည်ဖြစ်သည်။

(2) When the National Council of Provinces votes on a question in terms of this section, section 65 does not apply; instead—

(a) each delegate in a provincial delegation has one vote;

(b) at least one third of the delegates must be present before a vote may be taken on the question; and

(c) the question is decided by a majority of the votes cast, but if there is an equal number of votes on each side of the question, the delegate presiding must cast a deciding vote.

## Ordinary Bills affecting provinces

76. (1) When the National Assembly passes a Bill referred to in subsection (3), (4) or (5), the Bill must be referred to the National Council of Provinces and dealt with in accordance with the following procedure:

(a) The Council must—

(i) pass the Bill;

(ii) pass an amended Bill; or

(iii) reject the Bill.

(b) If the Council passes the Bill without amendment, the Bill must be submitted to the President for assent.

(c) If the Council passes an amended Bill, the amended Bill must be referred to the Assembly, and if the Assembly passes the amended Bill, it must be submitted to the President for assent.

(၂) ဤပုဒ်မအရ ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်သည်ကိစ္စရပ်တစ်ခုနှင့်စပ်လျဉ်း၍ မဲပေးသည့် အခါ ပုဒ်မ (၆၅) နှင့် အကျုံးမဝင်ခဲ့လျှင် ၎င်းအစား-

(က) ပြည်နယ်ကိုယ်စားလှယ် အဖွဲ့ရှိ အဖွဲ့ဝင်တိုင်းတွင် မဲတစ်မဲပေးပိုင်ခွင့်ရှိပါသည်၊

(ခ) ကိစ္စရပ်အပေါ် မဲပေးဆုံးဖြတ်ခြင်းမပြုမီ ကိုယ်စားလှယ်များ၏ အနည်းဆုံး သုံးပုံ တစ်ပုံသည် လွှတ်တော်အစည်းအဝေး တက်ရောက်ရမည်ဖြစ်သည်။

(ဂ) ကိစ္စရပ်အား အများစု၏ မဲပေးဆုံးဖြတ်မှုနှင့် ဆုံးဖြတ်ပါသည်။ သို့သော် ကိစ္စရပ်အား ထောက်ခံသည့် ဘက်နှင့် ကန့်ကွက်သည့်ဘက်တို့သည် မဲအရေအတွက် တူညီနေပါက သဘာပတိအဖြစ် ဆောင်ရွက်နေသည့် ကိုယ်စားလှယ်မှ အဆုံးအဖြတ်မဲအား ပေးရမည် ဖြစ်သည်။

**ပြည်နယ်များအား သက်ရောက်မှုရှိသော သာမန်ဥပဒေမူကြမ်းများ**

၇၆။ (၁) ပြည်သူ့လွှတ်တော်မှ ပုဒ်မခွဲ (၃)၊ (၄) သို့မဟုတ် (၅) မှ ရည်ညွှန်းသည့်ဥပဒေကြမ်းအား အတည်ပြုပြီးသည့်အခါ၊ ဥပဒေကြမ်းအား ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် သို့လွှဲပြောင်းပေးအပ် ရမည်ဖြစ်ပြီး အောက်ပါ လုပ်ထုံးလုပ်နည်းများဖြင့် အညီ ဆောင်ရွက်ရမည်ဖြစ်သည်။

(က) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် သည်-

၁) ဥပဒေကြမ်းအား အတည်ပြုရမည်၊

၂) ပြောင်းလဲပြင်ဆင်ထားသော ဥပဒေကြမ်းအား အတည်ပြုရမည် (သို့မဟုတ်)

၃) ဥပဒေကြမ်းအား ပယ်ချရမည် ဖြစ်သည်။

(ခ) အကယ်၍ ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်သည် ဥပဒေကြမ်းအား ပြင်ဆင်ခြင်းမရှိဘဲ အတည်ပြုခဲ့ပါက ဥပဒေကြမ်းအား နိုင်ငံတော်သမ္မတထံမှ သဘောတူညီမှုရရှိရန် အတွက် ပေးပို့တင်ပြရမည် ဖြစ်သည်။

(ဂ) အကယ်၍ ပြည်နယ်များဆိုင်ရာလွှတ်တော် အမျိုးသားလွှတ်တော် သည်ပြင်ဆင်ထားသော ဥပဒေကြမ်းအား အတည်ပြုလျှင် ပြင်ဆင်ထားသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်သို့ လွှဲပြောင်း ပေးအပ်ရမည်ဖြစ်ပြီး အကယ်၍ ပြည်သူ့လွှတ်တော် ပြင်ဆင်ထားသော ဥပဒေကြမ်းအား အတည်ပြုလျှင် ဤဥပဒေကြမ်းအား နိုင်ငံတော်သမ္မတထံမှ သဘောတူညီမှုရရှိရန်အတွက် ပေးပို့တင်ပြရမည်ဖြစ်ပါသည်။

(d) If the Council rejects the Bill, or if the Assembly refuses to pass an amended Bill referred to it in terms of paragraph (c), the Bill and, where applicable, also the amended Bill, must be referred to the Mediation Committee, which may agree on—

(i) the Bill as passed by the Assembly;

(ii) the amended Bill as passed by the Council; or

(iii) another version of the Bill.

(e) If the Mediation Committee is unable to agree within 30 days of the Bill's referral to it, the Bill lapses unless the Assembly again passes the Bill, but with a supporting vote of at least two thirds of its members.

(f) If the Mediation Committee agrees on the Bill as passed by the Assembly, the Bill must be referred to the Council, and if passes the Bill, the Bill must be submitted to the President for assent.

(g) If the Mediation Committee agrees on the amended Bill as passed by the Council, the Bill must be referred to the Assembly, and if it is passed by the Assembly, it must be submitted to the President for assent.

(h) If the Mediation Committee agrees on another version of the Bill, that version of the Bill must be referred to both the Assembly and the Council, and if it is passed by the Assembly and the Council, it must be submitted to the President for assent.

(ဃ) အကယ်၍ ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်သည် ဥပဒေကြမ်းအား ပယ်ချသည်သို့မဟုတ် အကယ်၍ အပိုဒ်(ဂ) တွင် ရည်ညွှန်းထားသည့် ပြင်ဆင်ထားသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်မှ အတည်ပြုရန် ငြင်းပယ်ခဲ့ပါက ဥပဒေကြမ်းနှင့် သက်ဆိုင်ရာ ပြင်ဆင်ထားသည့်ဥပဒေကြမ်းရှိခဲ့လျှင် ထိုနှစ်မျိုးလုံးအား အောက်ပါတို့တွင် သဘောတူညီမှုရရှိရန် စေ့စပ်ညှိ နှိုင်းရေး ကော်မတီထံ ပေးပို့ရမည် -

၁) ပြည်သူ့လွှတ်တော်မှ အတည်ပြုပြီးသည့် ဥပဒေကြမ်း

၂) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် မှ အတည်ပြုပြီး ပြင်ဆင်ထားသည့် ဥပဒေကြမ်း

၃) နောက်ထပ်ခြားနားသည့် ပုံစံရှိသည့် ဥပဒေကြမ်း

(င) အကယ်၍ စေ့စပ်ညှိနှိုင်းရေးကော်မတီမှ ယင်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည့် ဥပဒေကြမ်းအား ရက်ပေါင်း (၃၀) အတွင်း သဘောတူညီမှု မပြုနိုင်ခဲ့ပါက ပြည်သူ့လွှတ်တော်မှ ဥပဒေကြမ်းအား လွှတ်တော်အဖွဲ့ဝင်များ၏ အနည်းဆုံး သုံးပုံနှစ်ပုံ ထောက်ခံမဲဖြင့် နောက်ထပ် တစ်ကြိမ် အတည်ပြုနိုင်ခဲ့ခြင်းမှ အပ ဥပဒေကြမ်းသည် ပျက်ပြယ်ပါသည်။

(စ) အကယ်၍ စေ့စပ်ညှိနှိုင်းရေး ကော်မတီသည် ပြည်သူ့လွှတ်တော်မှ အတည်ပြုသည့် ဥပဒေကြမ်းကို သဘောတူညီပါက ဥပဒေကြမ်းအား ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော်သို့လွှဲပြောင်း ပေးအပ်ရမည် ဖြစ်ပြီး အကယ်၍ ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော်မှ ဥပဒေကြမ်းအား အတည်ပြုပါက ဥပဒေကြမ်းအား နိုင်ငံတော်သမ္မတထံမှ သဘောတူညီမှု ရရှိရန်အတွက် ပေးပို့တင်ပြ ရမည် ဖြစ်သည်။

(ဆ) အကယ်၍ စေ့စပ်ညှိနှိုင်းရေးကော်မတီသည် ပြည်နယ်များဆိုင်ရာအမျိုးသားလွှတ်တော် မှ အတည်ပြုသည့် ပြင်ဆင်ထားသည့် ဥပဒေကြမ်းကိုသဘောတူညီပါက ဥပဒေကြမ်း အား ပြည်သူ့လွှတ်တော် သို့ လွှဲပြောင်းပေးအပ်ရမည်ဖြစ်ပြီး အကယ်၍ပြည်သူ့လွှတ်တော်မှ ဥပဒေကြမ်းအား အတည်ပြုပါက ဥပဒေကြမ်းအား နိုင်ငံတော်သမ္မထံမှ သဘောတူညီမှုရရှိရန်အတွက် ပေးပို့တင်ပြရမည် ဖြစ်သည်။

(ဇ) အကယ်၍ စေ့စပ်ညှိနှိုင်းရေးကော်မတီသည် နောက်ထပ်ခြားနားသည့် ပုံစံရှိသည့် ဥပဒေကြမ်းအား သဘောတူညီလျှင် အဆိုပါခြားနားသည့် ပုံစံရှိသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်နှစ်ခုစလုံးထံ လွှဲပြောင်း ပေးပို့ရမည်ဖြစ်ပြီး အဆိုပါဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်များ ဆိုင်ရာ အမျိုးသားလွှတ်တော်တို့မှ အတည်ပြုလျှင် အဆိုပါဥပဒေကြမ်းအား နိုင်ငံတော် သမ္မတထံမှ သဘောတူညီမှုရရှိရန်အတွက် ပေးပို့ တင်ပြရမည် ဖြစ်ပါသည်။

(i) If a Bill referred to the Council in terms of paragraph (f) or (h) is not passed by the Council, the Bill lapses unless the Assembly passes the Bill with a supporting vote of at least two thirds of its members.

(j) If a Bill referred to the Assembly in terms of paragraph (g) or (h) is not passed by the Assembly, that Bill lapses, but the Bill as originally passed by the Assembly may again be passed by the Assembly, but with a supporting vote of at least two thirds of its members.

(k) A Bill passed by the Assembly in terms of paragraph (e), (i) or (j) must be submitted to the President for assent.

(2) When the National Council of Provinces passes a Bill referred to in subsection (3), the Bill must be referred to the National Assembly and dealt with in accordance with the following procedure:

(a) The Assembly must—

(i) pass the Bill;

(ii) pass an amended Bill; or

(iii) reject the Bill.

(b) A Bill passed by the Assembly in terms of paragraph (a)(i) must be submitted to the President for assent.

(c) If the Assembly passes an amended Bill, the amended Bill must be referred to the Council, and if the Council passes the amended Bill, it must be submitted to the President for assent.

(ဈ) အကယ်၍ အပိုဒ် (စ) သို့မဟုတ် (ဇ) အရ ကော်မတီသို့ ပေးပို့သော ဥပဒေကြမ်းအား ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော်မှ အတည်မပြုခဲ့လျှင် ပြည်သူ့လွှတ်တော်၏ အဖွဲ့ဝင်အနည်းဆုံး ၃ပုံ ၂ပုံ၏ ထောက်ခံမဲဖြင့် ဥပဒေကြမ်းအား အတည်မပြုခဲ့ပါက ဥပဒေကြမ်းသည် ပျက်ပြယ်ပါသည်။

(ည) အကယ်၍ အပိုဒ် (ဆ) သို့မဟုတ် (ဇ) အရ ပြည်သူ့လွှတ်တော်သို့ လွှဲပြောင်းပေးပို့သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်မှ အတည်မပြုခဲ့လျှင် အဆိုပါဥပဒေကြမ်းသည် ပျက်ပြယ်ပါသည်။ သို့သော် ပြည်သူ့လွှတ်တော်မှ မူလအတည်ပြုပြီးသော ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ အဖွဲ့ဝင် အနည်းဆုံး ၃ပုံ ၂ပုံ၏ ထောက်ခံမဲဖြင့် ပြည်သူ့လွှတ်တော်မှ ထပ်မံ အတည်ပြုနိုင်မည်ဖြစ်ပါသည်။

(ဋ) အပိုဒ်(င)၊ (ဈ)နှင့် (ည)အရ ပြည်သူ့လွှတ်တော်မှ အတည်ပြုသည့် ဥပဒေကြမ်းအား နိုင်ငံတော် သမ္မတထံမှ သဘောတူညီရရှိရန်အတွက် ပေးပို့တင်ပြရမည်ဖြစ်သည်။

(၂) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်သည် ပုဒ်မခွဲ (၃) တွင် ရည်ညွှန်းထားသည့် ဥပဒေကြမ်းအား အတည်ပြုပြီးလျှင် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်သို့ လွှဲပြောင်းပေးအပ်ရမည် ဖြစ်ပြီး အောက်ပါ လုပ်ထုံး လုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည် ဖြစ်သည်။

(က) ပြည်သူ့လွှတ်တော်သည်

၁) ဥပဒေကြမ်းအား အတည်ပြုရမည်ဖြစ်သည်။

၂) ပြောင်းလဲပြင်ဆင်ထားသည့် ဥပဒေကြမ်းအား အတည်ပြုရမည်ဖြစ်သည်။ (သို့)

၃) ဥပဒေကြမ်းအား ပယ်ချမည်ဖြစ်သည်။

(ခ) အပိုဒ် (က) ၁) အရ ပြည်သူ့လွှတ်တော်မှ အတည်ပြုသည့် ဥပဒေကြမ်းအား နိုင်ငံတော်သမ္မတထံမှ သဘာတူညီမှုရရှိရန်အတွက် တင်ပြရမည်ဖြစ်သည်။

(ဂ) အကယ်၍ ပြည်သူ့လွှတ်တော်သည် ပြင်ဆင်ထားသည့် ဥပဒေကြမ်းအား အတည်ပြုပြီးလျှင် ပြင်ဆင်ထားသည့် ဥပဒေကြမ်းအား ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် သို့ လွှဲပြောင်းပေးအပ်ရမည်ဖြစ်ပြီး အကယ်၍ ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ထားသည့် ဥပဒေကြမ်းအား အတည်ပြုခဲ့လျှင် အဆိုပါဥပဒေကြမ်းအား နိုင်ငံတော် သမ္မတထံမှ သဘောတူညီမှု ရရှိရန် တင်ပြရမည်ဖြစ်သည်။

(d) If the Assembly rejects the Bill, or if the Council refuses to pass an amended Bill referred to it in terms of paragraph (c), the Bill and, where applicable, also the amended Bill must be referred to the Mediation Committee, which may agree on—

(i) the Bill as passed by the Council;

(ii) the amended Bill as passed by the Assembly; or

(iii) another version of the Bill.

(e) If the Mediation Committee is unable to agree within 30 days of the Bill's referral to it, the Bill lapses.

(f) If the Mediation Committee agrees on the Bill as passed by the Council, the Bill must be referred to the Assembly, and if the Assembly passes the Bill, the Bill must be submitted to the President for assent.

(g) If the Mediation Committee agrees on the amended Bill as passed by the Assembly, the Bill must be referred to the Council, and if it is passed by the Council, it must be submitted to the President for assent.

(h) If the Mediation Committee agrees on another version of the Bill, that version of the Bill must be referred to both the Council and the Assembly, and if it is passed by the Council and the Assembly, it must be submitted to the President for assent.

(i) If a Bill referred to the Assembly in terms of paragraph (f) or (h) is not passed by the Assembly, the Bill lapses.

(ဃ) အကယ်၍ ပြည်သူ့လွှတ်တော်သည် ဥပဒေကြမ်းအား ပယ်ချသည် သို့မဟုတ် အကယ်၍ အပိုဒ်(ဂ) အရ ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော်သို့ လွှဲပြောင်းပေးခဲ့သည့် ပြောင်းလဲပြင်ဆင်ထားသည့် ဥပဒေကြမ်းအား အတည်ပြုရန် ငြင်းပယ်လျှင် ဥပဒေကြမ်း နှင့် ပြောင်းလဲပြင်ဆင်ထားသည့် ဥပဒေကြမ်းရှိပါက ယင်းဥပဒေကြမ်းများအား စေ့စပ်ညှိနှိုင်းရေး ကော်မတီထံ လွှဲပြောင်းပေးအပ်ရမည်ဖြစ်သည်။ စေ့စပ်ညှိနှိုင်းရေး ကော်မတီသည် အောက်ပါအတိုင်း သဘောတူညီ နိုင်မည်ဖြစ်သည်။

၁) ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော်မှ အတည်ပြုပြီးသည့် ဥပဒေကြမ်း

၂) ပြည်သူ့လွှတ်တော်မှ အတည်ပြုပြီးသည့် ပြောင်းလဲပြင်ဆင်ထားသည့် ဥပဒေကြမ်း သို့မဟုတ်

၃) နောက်ထပ်ခြားနားသည့် ပုံစံရှိသည့်ဥပဒေကြမ်း

(င) အကယ်၍ စေ့စပ်ညှိနှိုင်းရေး ကော်မတီသည် ၎င်းထံလွှဲပြောင်းပေးအပ်ခဲ့သည့် ဥပဒေကြမ်းအား ရက်ပေါင်း (၃၀)အတွင်း သဘောတူညီမှု မပြုနိုင်ခဲ့ပါက ဥပဒေကြမ်းသည် ပျက်ပြယ်ပါသည်။

(စ) အကယ်၍ စေ့စပ်ညှိနှိုင်းရေး ကော်မတီသည် ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော်မှ အတည်ပြုသည့် ဥပဒေကြမ်းအား သဘောတူညီပါက ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်သို့ လွှဲပြောင်းပေးအပ်ရမည်ဖြစ်ပြီး အကယ်၍ ပြည်သူ့လွှတ်တော်မှ ဥပဒေကြမ်းအား အတည်ပြုခဲ့ပါက ယင်းဥပဒေကြမ်းအား နိုင်ငံတော်သမ္မတထံမှ သဘောတူညီမှု ရရှိရန်အတွက် ပေးပို့တင်ပြရမည်ဖြစ်သည်။

(ဆ) အကယ်၍ စေ့စပ်ညှိနှိုင်းရေးကော်မတီသည် ပြည်သူ့လွှတ်တော်မှ အတည်ပြုပြီးသည့် ပြင်ဆင်ထားသည့် ဥပဒေကြမ်းအား သဘောတူညီပါက ဥပဒေကြမ်းအား ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော်ထံသို့ လွှဲပြောင်းပေးရမည်ဖြစ်ပြီး အကယ်၍ ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော်မှ အတည်ပြုခဲ့ပါက ယင်း ဥပဒေကြမ်းအား နိုင်ငံတော်သမ္မတထံမှ သဘောတူညီမှုရရှိရန်အတွက် ပေးပို့ တင်ပြရမည်ဖြစ်သည်။

(ဇ) အကယ်၍ စေ့စပ်ညှိနှိုင်းရေး ကော်မတီသည် နောက်ထပ်ခြားနားသည့် ပုံစံရှိသည့် ဥပဒေကြမ်းအား သဘောတူညီပါက အဆိုပါခြားနားသည့်ပုံစံသည် ဥပဒေကြမ်းအား ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်နှစ်ခုစလုံးထံ လွှဲပြောင်း ပေးအပ်ရမည်ဖြစ်ပြီး အကယ်၍ အဆိုပါ ဥပဒေကြမ်းအား ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့မှ အတည်ပြု ခဲ့လျှင် ယင်းဥပဒေကြမ်းအား နိုင်ငံတော်သမ္မတထံမှ သဘောတူညီမှုရရှိရန်အတွက် တင်ပြရမည်ဖြစ်သည်။

(ဈ) အပိုဒ် (စ) သို့မဟုတ် (ဇ) တွင် ဖော်ပြထားသည့်အတိုင်း ပြည်သူ့လွှတ်တော်သို့ ပေးပို့သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က အတည်ပြုနိုင်ခဲ့ခြင်းမရှိလျှင် ဥပဒေကြမ်းသည် ပျက်ပျယ်သည်။

(3) A Bill must be dealt with in accordance with the procedure established by either subsection (1) or subsection (2) if it falls within a functional area listed in Schedule 4 or provides for legislation envisaged in any of the following sections:

(a) Section 65(2);

(b) section 163;

(c) section 182;

(d) section 195(3) and (4);

(e) section 196; and

(f) section 197.

(4) A Bill must be dealt with in accordance with the procedure established by subsection (1) if it provides for legislation—

(a) envisaged in section 44(2) or 220(3); or

(b) envisaged in Chapter 13, and which includes any provision affecting the financial interests of the provincial sphere of government.

*[Para. (b) substituted by s. 1 of the Constitution Eleventh Amendment Act of 2003.]*

(5) A Bill envisaged in section 42(6) must be dealt with in accordance with the procedure established by subsection (1), except that—

(a) when the National Assembly votes on the Bill, the provisions of section 53(1) do not apply; instead, the Bill may be passed only if a majority of the members of the Assembly vote in favour of it; and

(b) if the Bill is referred to the Mediation Committee, the following rules apply:

(၃) အကယ်၍ ဥပဒေကြမ်းသည် ဇယား (၄) တွင် စာရင်းပြုစုထားသည့် လုပ်ကိုင်ဆောင်ရွက်ရမည့် ကဏ္ဍအတွင်း ကျရောက်ပါက သို့မဟုတ် ဥပဒေပြုရေးအတွက် အောက်ဖော်ပြပါ မည်သည့်ပုဒ်မများတွင် မဆို ပြဋ္ဌာန်းထားပါက ဥပဒေကြမ်းအား ပုဒ်မခွဲ (၁) သို့မဟုတ် (၂) တွင် ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းနှင့်အညီ ကိုင်တွယ် ဆောင်ရွက် ရမည်ဖြစ်သည် -

(က) ပုဒ်မ ၆၅ (၂)၊

(ခ) ပုဒ်မ ၁၆၃၊

(ဂ) ပုဒ်မ ၁၈၂၊

(ဃ) ပုဒ်မ ၁၉၅ (၃) နှင့် (၄)

(င) ပုဒ်မ ၁၉၆ နှင့်

(စ) ပုဒ်မ ၁၉၇

(၄) အကယ်၍ ဥပဒေကြမ်းသည် ဥပဒေပြုရေး အတွက် အောက်ပါတို့ကို ပံ့ပိုးပေးအပ်ပါက ဥပဒေကြမ်းအား ပုဒ်မခွဲ (၁) တွင် ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိုင်တွယ်ဆောင်ရွက် ရမည်ဖြစ်သည်။ -

(က) ပုဒ်မ ၄၄ (၂) သို့မဟုတ် ပုဒ်မ ၂၂၀ (၃) တို့မှ ပြဋ္ဌာန်းထားခဲ့သည်များ သို့မဟုတ်

(ခ) အခန်း ၁၃ တွင် နှင့် ပြည်နယ်အဆင့် ဩဇာသက်ရောက်သည့် အစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာ အကျိုးစီးပွားများပေါ် သက်ရောက်မှုရှိသော မည်သည့် ပြဋ္ဌာန်းချက်များမဆို ပါဝင်သည့် ပြဋ္ဌာန်း ထားခဲ့သည်များ

*[အပိုဒ် (ခ) အား ၂၀၀၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၁ ကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၁ အရ အစားထိုးထားသည်။]*

(၅) ပုဒ်မ ၄၂ (၆)တွင် ပြဋ္ဌာန်းထားသည့် ဥပဒေကြမ်းသည် အောက်ပါတို့မှ လွဲ၍ ပုဒ်မခွဲ(၁)တွင် ပြဋ္ဌာန်းထားသည့် လုပ်ထုံး လုပ်နည်းများနှင့်အညီ ကိုင်တွယ်ဆောင်ရွက် ရမည်ဖြစ်သည် -

(က) ပြည်သူ့လွှတ်တော်မှ ဥပဒေကြမ်းအား မဲပေးသည့်အခါ ပုဒ်မ ၅၃(၁) တွင် ပြဋ္ဌာန်းထားသည်များနှင့် သက်ဆိုင်ခြင်းမရှိလျှင် ပြည်သူ့လွှတ်တော်၏ အဖွဲ့ဝင်အများစုမှ ဥပဒေကြမ်းအား ထောက်ခံ မဲပေး ပါက အဆိုပါ ဥပဒေကြမ်းအား အတည်ပြုနိုင်မည်ဖြစ်ပါသည် နှင့်

(ခ) အကယ်၍ ဥပဒေကြမ်းအား စေ့စပ်ညှိနှိုင်းရေးကော်မတီသို့ လွှဲပြောင်း` ပေးအပ်ခဲ့လျှင် အောက်ပါ စည်းမျဉ်းများ နှင့် သက်ဆိုင်ပါသည် -

(i) If the National Assembly considers a Bill envisaged in subsection (1)(g) or (h), that Bill may be passed only if a majority of the members of the Assembly vote in favour of it.

(ii) If the National Assembly considers or reconsiders a Bill envisaged in subsection (1)(e), (i) or (j), that Bill may be passed only if at least two thirds of the members of the Assembly vote in favour of it.

(6) This section does not apply to money Bills.

## Money Bills

77. (1) A Bill is a money Bill if it—

(a) appropriates money;

(b) imposes national taxes, levies, duties or surcharges;

(c) abolishes or reduces, or grants exemptions from, any national taxes, levies, duties or surcharges; or

(d) authorises direct charges against the National Revenue Fund, except a Bill envisaged in section 214 authorising direct charges.

(2) A money Bill may not deal with any other matter except—

(a) a subordinate matter incidental to the appropriation of money;

(b) the imposition, abolition or reduction of national taxes, levies, duties or surcharges;

(c) the granting of exemption from national taxes, levies, duties or surcharges; or (d) the authorisation of direct charges against the National Revenue Fund.

၁)	အကယ်၍ ပြည်သူ့လွှတ်တော်သည် ပုဒ်မခွဲ (၁)(ဆ) သို့ (ဇ)တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေး သုံးသပ်သည့်အခါ ပြည်သူ့လွှတ်တော် အဖွဲ့ဝင်အများစုမှ ဥပဒေကြမ်း အား ထောက်ခံ မဲပေးပါက အဆိုပါ ဥပဒေကြမ်းအား အတည်ပြုနိုင်မည် ဖြစ်ပါ သည်။

၂)	အကယ်၍ ပြည်သူ့လွှတ်တော်သည် ပုဒ်မခွဲ ၁(င)၊ (ဈ) သို့ (ည) တွင် ပြဋ္ဌာန်းထားသည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေး သုံးသပ်သည့်အခါ သို့မဟုတ် ပြန်လည်ဆွေးနွေး သုံးသပ်သည့် အခါ ပြည်သူ့လွှတ်တော် အဖွဲ့ဝင်များ၏ အနည်းဆုံး ၃ပုံ ၂ပုံမှ ဥပဒေကြမ်းအား ထောက်ခံမဲ ပေးပါက အဆိုပါ ဥပဒေကြမ်းအား အတည်ပြုနိုင်မည်ဖြစ်သည်။

**ငွေကြေးဆိုင်ရာဥပဒေကြမ်းများ**

၇၇။	(၁)	ဥပဒေကြမ်းတစ်ရပ်သည် အောက်ပါတို့ပါဝင်လျှင် ငွေကြေး ဆိုင်ရာ ဥပဒေကြမ်းဖြစ်သည်- ဥပဒေကြမ်းဟူသည် အောက်ပါတို့ ပါဝင်သည် -

(က)	ငွေကြေးလျာထားချက်များ

(ခ)	နိုင်ငံတော်၏ အခွန်အခများသတ်မှတ်ခြင်း၊ ကောက်ခံခြင်း၊ အကောက်ခွန်များ သို့မဟုတ် အပိုကြေးများ၊

(ဂ)	မည်သည့် အပိုကြေးများ၊ နိုင်ငံတော်၏ အခွန်အခများ၊ ကောက်ခံခြင်းများ၊ အကောက်ခွန်များ သို့မဟုတ် အပိုကြေးများကို ဖျက်သိမ်းခြင်း သို့မဟုတ် လျှော့ချခြင်း သို့မဟုတ် ကင်းလွတ်ခွင့်ပြုခြင်း

(ဃ)	ပုဒ်မ ၂၁၄ မှ တိုက်ရိုက်ကျခံမှုများကို ခွင့်ပြုထားခြင်းမှအပ အမျိုးသား ဘဏ္ဍာရေး ရန်ပုံငွေမှ တိုက်ရိုက်ကျခံမှုများကို ခွင့်ပြုခြင်းကို ဆောင်ရွက်ခြင်း

(၂)	ငွေကြေးဆိုင်ရာ ဥပဒေကြမ်းသည် အောက်ဖော်ပြပါ တို့မှလွဲ၍ မည်သည့်ကိစ္စရပ်နှင့်မျှ သက် ဆိုင်မည်မဟုတ်ပါ -

(က)	သီးသန့်လျာထားသည့် ရန်ပုံငွေအား မမျှော်လင့်ဘဲ ထိခိုက်စေသည့် အသေးအဖွဲကိစ္စ

(ခ)	နိုင်ငံတော်၏ အခွန်အခများ၊ ကောက်ယူခြင်းများ၊ အကောက်ခွန်များ သို့မဟုတ် အပိုကြေးများအား စည်းကြပ် ခြင်း၊ ဖျက်သိမ်းခြင်း သို့မဟုတ် လျှော့ချခြင်း

(ဂ)	နိုင်ငံတော်၏ အခွန်အခများ၊ အခွန်ကောက်ယူခြင်းများ၊ အကောက်ခွန်များ သို့မဟုတ် အပိုကြေးများ အား ကင်းလွတ် ခွင့်ပြုခြင်း

(ဃ)	အမျိုးသား ဘဏ္ဍာရေး ရန်ပုံငွေမှ တိုက်ရိုက်ကျခံစေရန်ခွင့်ပြုခြင်း

(3) All money Bills must be considered in accordance with the procedure established by section 75. An Act of Parliament must provide for a procedure to amend money Bills before Parliament.

*[S. 77 substituted by s. 2 of the Constitution Seventh Amendment Act 2001.*

**Mediation Committee**

78. (1) The Mediation Committee consists of—

(a) nine members of the National Assembly elected by the Assembly in accordance with a procedure that is prescribed by the rules and orders of the Assembly and results in the representation of parties in substantially the same proportion that the parties are represented in the Assembly; and

(b) one delegate from each provincial delegation in the National Council of Provinces, designated by the delegation.

(2) The Mediation Committee has agreed on a version of a Bill, or decided a question, when that version, or one side of the question, is supported by—

(a) at least five of the representatives of the National Assembly; and

(b) at least five of the representatives of the National Council of Provinces.

**Assent to Bills**

79. (1) The President must either assent to and sign a Bill passed in terms of this Chapter or, if the President has reservations about the constitutionality of the Bill, refer it back to the National Assembly for reconsideration.

(2) The joint rules and orders must provide for the procedure for the reconsideration of a Bill by the National Assembly and the participation of the National Council of Provinces in the process.

(၃) ငွေကြေးဆိုင်ရာဥပဒေကြမ်းများ အားလုံးအား ပုဒ်မ ၇၅ တွင် ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆွေးနွေးသုံးသပ်ရမည် ဖြစ်သည်။ ဥပဒေပြုလွှတ်တော်၏ ရှေ့မှောက်တွင် ငွေကြေးဆိုင်ရာ ဥပဒေ ကြမ်းများ ပြင်ဆင်ရန် လုပ်ထုံးလုပ်နည်းများအား ဥပဒေပြုလွှတ်တော်၏အက်ဥပဒေတစ်ရပ်ဖြင့် သတ်မှတ် ပေးရမည်ဖြစ်သည်။

*[ပုဒ်မ ၇၇ အား ၂၀၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ သတ္တမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၂ အရ အစားထိုးထားသည်]*

**စေ့စပ်ညှိနှိုင်းရေး ကော်မတီ**

၇၈။ (၁) စေ့စပ်ညှိနှိုင်းရေး ကော်မတီတွင် အောက်ဖော်ပြပါတို့ပါဝင်ပါသည်-

(က) ပြည်သူ့လွှတ်တော်၏ စည်းမျဉ်းများနှင့် အမိန့်များဖြင့် ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်း နှင့် ပြည်သူ့လွှတ်တော်တွင် ကိုယ်စားပြုသည့် ပါတီများ၏ အချိုးနှင့် တူညီသော ပါတီများ၏ ကိုယ်စား ပြုမှု ရလဒ်များနှင့်အညီ ပြည်သူ့ လွှတ်တော်မှ ရွေးချယ် သည့် ပြည်သူ့လွှတ် တော်အဖွဲ့ဝင်ကိုးဦး၊ နှင့်

(ခ) ကိုယ်စားလှယ်အဖွဲ့မှ တာဝန်ပေးအပ်ထားသည့် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ် တော်မှ ပြည်နယ်တခု ချင်းစီ၏ ကိုယ်စားလှယ်အဖွဲ့မှ ကိုယ်စားလှယ်တဦးစီ။

(၂) စေ့စပ်ညှိနှိုင်းရေးကော်မတီသည် ဥပဒေကြမ်း၏ပုံစံအား သို့မဟုတ် အဆိုပါဥပဒေကြမ်း၏ ကိစ္စရပ် အား ဆုံးဖြတ်ခဲ့သည် သို့မဟုတ် ထို ဥပဒေကြမ်းပုံစံမှ သို့မဟုတ် ကိစ္စရပ်၏ အခြားတစ်ခုအတွက် သ ဘောတူညီမှုရရှိရန် အောက်ပါတို့မှ ထောက်ခံပေးပါသည် -

(က) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အနည်းဆုံးငါးဦးနှင့်

(ခ) ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံးငါးဦး

**ဥပဒေကြမ်းများအား သဘောတူညီမှု**

၇၉။ (၁) နိုင်ငံတော်သမ္မတသည် ဤအခန်း၌ပါရှိသော သတ်မှတ်ချက်များအရ ဥပဒေကြမ်းအား သ ဘောတူညီပြီး လက်မှတ်ရေးထိုးမည် သို့မဟုတ် အကယ်၍ နိုင်ငံတော်သမ္မတ မှ ဥပဒေကြမ်းအား အတည်ပြု ပေးရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိမရှိ ပြန်လည်သုံးသပ်သင့်သည်ဟု သတ်မှတ်ပါက ပြည်သူ့လွှတ်တော်မှ ပြန်လည် ဆွေးနွေးသုံးသပ်နိုင်ရန် ပြန်လည် လွှဲပြောင်းပေးပို့ပါသည်။

(၂) ဥပဒေကြမ်းအားပြည်သူ့လွှတ်တော်က ပြန်လည်ဆွေးနွေးသုံးသပ်ရန်နှင့် ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော်မှ အဆိုပါ လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများအတွက် ပူးတွဲစည်းမျဉ်းများနှင့် အမိန့်များကို ချမှတ်ပေးရမည် ဖြစ်သည်။

(3) The National Council of Provinces must participate in the reconsideration of a Bill that the President has referred back to the National Assembly if—

(a) the President's reservations about the constitutionality of the Bill relate to a procedural matter that involves the Council; or

(b) section 74(1), (2) or (3)(b) or 76 was applicable in the passing of the Bill.

(4) If, after reconsideration, a Bill fully accommodates the President's reservations, the President must assent to and sign the Bill; if not, the President must either—

(a) assent to and sign the Bill; or

(b) refer it to the Constitutional Court for a decision on its constitutionality.

(5) If the Constitutional Court decides that the Bill is constitutional, the President must assent to and sign it.

## Application by members of National Assembly to Constitutional Court

80. (1) Members of the National Assembly may apply to the Constitutional Court for an order declaring that all or part of an Act of Parliament is unconstitutional.

(2) An application—

(a) must be supported by at least one third of the members of the National Assembly; and

(b) must be made within 30 days of the date on which the President assented to and signed the Act.

(၃) အကယ်၍

(က) အခြေခံဥပဒေနှင့်အညီ ဥပဒေကြမ်းနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတ၏ အတည်ပြုရန် သံသယရှိမှုသည် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်မှ ပါဝင်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကိစ္စနှင့် ဆက်နွယ်ပတ်သက်နေလျှင်

(ခ) အခြေခံဥပဒေ အတည်ပြုခြင်းတွင် ပုဒ်မ ၇၄ (၁)၊ (၂) သို့မဟုတ် (၃) သို့မဟုတ် ပုဒ်မ ၇၆နှင့် သက်ဆိုင်လျှင် ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော်သည် နိုင်ငံတော်သမ္မတမှ ပြည်သူ့လွှတ်တော်ထံ ပြန်လည်လွှဲပြောင်းပေးအပ်သည့်ဥပဒေကြမ်းအား ပြန်လည်ဆွေးနွေး သုံးသပ်ရာတွင် ပါဝင် ဆောင်ရွက်ရ မည် ဖြစ်သည်။

(၄) အကယ်၍ ပြန်လည်ဆွေးနွေး သုံးသပ်ပြီးနောက် ဥပဒေကြမ်းသည် နိုင်ငံတော် သမ္မတ၏ အတည်ပြုရန် သံသယရှိမှုအား ပြေပျောက်စေရန် ဖြေရှင်းနိုင်ခဲ့လျှင် နိုင်ငံတော်သမ္မတမှ ဥပဒေကြမ်းအား သဘောတူ လက်မှတ်ရေး ထိုးရမည် ဖြစ်သည်။ ထိုသို့ မဟုတ်ပါက နိုင်ငံတော်သမ္မတသည် -

(က) သဘောတူညီပြီး လက်မှတ်ရေးထိုးရမည်၊ သို့မဟုတ်

(ခ) ဥပဒေကြမ်းသည် ဖွဲ့စည်းပုံဆိုင်ရာအခြေခံဥပဒေနှင့် ကိုက်ညီမှုရှိမရှိအား ဆုံးဖြတ်ချက် ချမှတ်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ ဥပဒေကြမ်းအား လွှဲပြောင်း ပေးအပ်ရမည် ဖြစ်သည်။

(၅) အကယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးမှ ဥပဒေကြမ်းသည် အခြေခံဥပဒေနှင့်အညီ ဖြစ်သည်ဟု ဆုံးဖြတ် လျှင် နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းအား သဘောတူညီပြီး လက်မှတ်ရေးထိုးရမည် ဖြစ်သည်။

**ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးသို့ ပြည်သူ့လွှတ်တော် အဖွဲ့ဝင်များမှ လျှောက်ထားမှု**

၈၀။ (၁) ပြည်သူ့ လွှတ်တော်၏ အဖွဲ့ဝင်များသည် ဥပဒေပြုလွှတ်တော်၏ ဥပဒေတစ်ရပ်လုံး သို့မဟုတ် တစိတ်တဒေသသည် အခြေခံဥပဒေနှင့် မကိုက်ညီဟု ကြေငြာပေးမည့် အမိန့်တစ်ရပ် ချမှတ်ပေးရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံး ထံသို့ လျှောက်ထားနိုင်မည် ဖြစ်ပါသည်။

(၂) လျှောက်ထားမှုအား

(က) အနည်းဆုံး ပြည်သူ့လွှတ်တော် အဖွဲ့ဝင်များ၏ သုံးပုံတစ်ပုံသည် ထောက်ခံရမည် ဖြစ်သည်။

(ခ) ဥပဒေအား နိုင်ငံတော်သမ္မတမှ သဘောတူညီပြီး လက်မှတ်ရေးထိုးသည့် နေ့မှစ၍ ရက်ပေါင်း (၃၀) အတွင်း လျှောက်ထားရမည်ဖြစ်သည်။

(3) The Constitutional Court may order that all or part of an Act that is the subject of an application in terms of subsection (1) has no force until the Court has decided the application if—

(a) the interests of justice require this; and

(b) the application has a reasonable prospect of success.

(4) If an application is unsuccessful, and did not have a reasonable prospect of success, the Constitutional Court may order the applicants to pay costs.

## Publication of Acts

81. A Bill assented to and signed by the President becomes an Act of Parliament, must be published promptly, and takes effect when published or on a date determined in terms of the Act.

## Safekeeping of Acts of Parliament

82. The signed copy of an Act of Parliament is conclusive evidence of the provisions of that Act and, after publication, must be entrusted to the Constitutional Court for safekeeping.

(၃)	အကယ်၍ လျှောက်ထားမှုအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးမှသည် ပုဒ်မခွဲ (၁) အရ လျှောက်ထားမှုနှင့် သက်ဆိုင်သော ဥပဒေတစ်ရပ်လုံး သို့မဟုတ် တစ်စိတ်တစ်ဒေသသည် အာဏာ သက်ရောက်မှုမရှိပါဟု ဆုံးဖြတ်ခဲ့သည့်အချိန်အထိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးမှအောက်ပါ အကြောင်းများကြောင့် အမိန့်ထုတ်ပြန်နိုင်မည် ဖြစ်သည်-

(က)	တရားမျှတရေး အကျိုးစီးပွားများအတွက် လိုအပ်လျှင်

(ခ)	လျှောက်ထားမှုတွင် ကျိုးကြောင်းညီညွတ်သော အောင်မြင်နိုင်မှု အလားအလာ ရှိလျှင်

(၄)	အကယ်၍ လျှောက်ထားမှုသည် အောင်မြင်မှုမရှိလျှင်၊ ထို့ပြင် ကျိုးကြောင်းညီညွတ်သော အောင်မြင်မှု အလားအလာ မရှိလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် လျှောက်ထားသူအား ကုန်ကျစရိတ်များ ပေးဆောင်ရန် အမိန့်ပေးနိုင်မည် ဖြစ်သည်။

**အက်ဥပဒေများအား ပုံနှိပ်ထုတ်ဝေခြင်း**

၈၁။	နိုင်ငံတော်သမ္မတမှ သဘောတူညီပြီး လက်မှတ်ရေးထိုးပြီး ပါက ဥပဒေကြမ်းသည် ဥပဒေပြုလွှတ်တော်၏ ဥပဒေတစ်ရပ် ဖြစ်လာပါသည်။ ဥပဒေပြုလွှတ်တော်၏ ဥပဒေအား လျင်မြန်စွာ ပုံနှိပ်ထုတ်ဝေပေး ရမည်ဖြစ်ပြီး ထုတ်ဝေသည့်အချိန်တွင် ဥပဒေသည် အာဏာသက်ဝင်သည် သို့မဟုတ် ဥပဒေပါ သတ်မှတ်ထားသောရက်တွင် အသက်ဝင်သည်။

**ဥပဒေပြုလွှတ်တော်၏ အက်ဥပဒေများအား ထိန်းသိမ်းစောင့်ရှောက်ခြင်း**

၈၂။	လက်မှတ်ရေးထိုးထားသည့် ဥပဒေပြုလွှတ်တော်၏ ဥပဒေတစ်ရပ်၏ မိတ္တူသည် အဆိုပါဥပဒေ၏ ပြဋ္ဌာန်းချက်များ အတွက် ပြည့်စုံခိုင်လုံသော အထောက်အထားဖြစ်ပြီး ပုံနှိပ်ထုတ်ဝေပြီးသည့် နောက်ပိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအား ထိန်းသိမ်း စောင့်ရှောက်ရန် အတွက် တာဝန်ပေးအပ်ရမည် ဖြစ်သည်။

# CHAPTER 5

# THE PRESIDENT AND NATIONAL EXECUTIVE

## The President

83. The President—

(a) is the Head of State and head of the national executive;

(b) must uphold, defend and respect the Constitution as the supreme law of the Republic; and

(c) promotes the unity of the nation and that which will advance the Republic.

## Powers and functions of President

84. (1) The President has the powers entrusted by the Constitution and legislation, including those necessary to perform the functions of Head of State and head of the national executive.

(2) The President is responsible for—

(a) assenting to and signing Bills;

(b) referring a Bill back to the National Assembly for reconsideration of the Bill's constitutionality;

(c) referring a Bill to the Constitutional Court for a decision on the Bill's constitutionality;

(d) summoning the National Assembly, the National Council of Provinces or Parliament to an extraordinary sitting to conduct special business;

(e) making any appointments that the Constitution or legislation requires the President to make, other than as head of the national executive;

(f) appointing commissions of inquiry;

(g) calling a national referendum in terms of an Act of Parliament;

## အခန်း ၅

## သမ္မတ နှင့် နိုင်ငံတော် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့

### နိုင်ငံတော်သမ္မတ - နိုင်ငံတော် သမ္မတသည်

၈၃။ (က) နိုင်ငံတော်၏ အကြီးအကဲနှင့် နိုင်ငံတော်၏ အုပ်ချုပ်ရေး ဆိုင်ရာအဖွဲ့၏ အကြီးအကဲဖြစ်သည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေအား သမ္မတနိုင်ငံရှိ ဥပဒေအားလုံး၏ အထွဋ်အထိပ်ဖြစ်သော ဥပဒေ တစ်ရပ်အဖြစ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်လေးစား ရမည်ဖြစ်သည်။

(ဂ) နိုင်ငံ၏စည်းလုံးညီညွတ်ရေးကို မြှင့်တင်ပေးပြီးသမ္မတနိုင်ငံသည် ရှေ့သို့တက်လှမ်းနိုင်စေရမည် ဖြစ်သည်။

### သမ္မတ၏ လုပ်ပိုင်ခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များ

၈၄။ (၁) သမ္မတသည် နိုင်ငံတော် အကြီးအကဲနှင့် နိုင်ငံတော်၏ အုပ်ချုပ်ရေးဆိုင်ရာ အကြီးအကဲ တစ်ဦးအနေဖြင့် ထမ်းဆောင်ရန် လိုအပ်သည့် လုပ်ငန်းတာဝန်များ အပါအဝင် လုပ်ပိုင်ခွင့်အာဏာများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ဥပဒေများမှ အပ်နှင်းထားသည်။

(၂) သမ္မတသည် အောက်ပါတို့အား တာဝန်ယူရမည်ဖြစ်သည်-

(က) ဥပဒေကြမ်းများ သဘောတူခွင့်ပြုခြင်း နှင့် လက်မှတ်ရေးထိုးခြင်း၊

(ခ) ဥပဒေကြမ်းအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိ ပြည်သူ့လွှတ်တော် မှ ပြန်လည်သုံးသပ် ရန် လွှဲပြောင်းပေးပို့ ခြင်း၊

(ဂ) ဥပဒေကြမ်း အား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိမရှိ အဆုံးအဖြတ်ပေးရန် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ဆိုင်ရာ ခုံရုံး သို့ လွှဲပြောင်း ပေးပို့ခြင်း၊

(ဃ) အထူးအရေးကိစ္စများဆွေးနွေးရန်အတွက်အထူးအရေးပေါ် အစည်းအဝေးများကျင်းပနိုင်ရန် ပြည်သူ့ လွှတ်တော်၊ ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် နှင့် ဥပဒေပြုလွှတ်တော် ခေါ်ယူခြင်း၊

(င) နိုင်ငံတော်၏ အုပ်ချုပ်ရေးဆိုင်ရာ အကြီးအကဲအဖြစ် အပြင် ဖွဲ့စည်းပုံအခြေခံ ဥပဒေ သို့မဟုတ် ဥပဒေပြု အဖွဲ့ဝင်၏ လိုအပ်ချက်အရ နိုင်ငံတော်သမ္မတမှ ပြုလုပ်ပေးရမည့် မည်သည့် တွေ့ဆုံမှုမျိုးတွင်မဆို လက်ခံ တွေ့ဆုံပေးခြင်း

(စ) စုံစမ်းစစ်ဆေးရေး ကော်မရှင်များ ခန့်အပ်ခြင်း၊

(ဆ) ဥပဒေပြုလွှတ်တော်အက်ဥပဒေအရ ပြည်လုံးကျွတ်ဆန္ဒ ခံယူပွဲကျင်းပရန်၊

(h) receiving and recognising foreign diplomatic and consular representatives;

(i) appointing ambassadors, plenipotentiaries, and diplomatic and consular representatives;

(j) pardoning or reprieving offenders and remitting any fines, penalties or forfeitures; and

(k) conferring honours.

*[General Note: Honourable tributes instituted in Government Gazette 24155 of 6 December, 2002 and Government Gazette 25213 of 25 July, 2003.]*

**Executive authority of the Republic**

85. (1) The executive authority of the Republic is vested in the President.

(2) The President exercises the executive authority, together with the other members of the Cabinet, by—

(a) implementing national legislation except where the Constitution or an Act of Parliament provides otherwise;

(b) developing and implementing national policy;

(c) coordinating the functions of state departments and administrations;

(d) preparing and initiating legislation; and

(e) performing any other executive function provided for in the Constitution or in national legislation.

(ဇ) နိုင်ငံခြား သံတမန်များ နှင့် ကောင်စစ်ဝန်ရုံး ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံခြင်းနှင့် အသိ အမှတ် ပြုခြင်း၊

(ဈ) သံအမတ်များ၊ အထူးအာဏာကုန်လွဲအပ်ခြင်း ခံရသည့် သံအမတ်ကြီးများ နှင့် သံတမန်များ နှင့် ကောင်စစ်ဝန်ရုံးမှ ကိုယ်စားလှယ်များ ခန့်အပ်ခြင်း

(ည) ပြစ်မှုကျူးလွန်သူများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း သို့မဟုတ် ပြစ်ဒဏ်ရွှေ့ဆိုင်းခြင်း နှင့် ဒဏ်ငွေများ၊ ပြစ်ဒဏ်များ သို့မဟုတ် ပစ္စည်းသိမ်းယူခြင်းမှ ကင်းလွတ်ခွင့်ပေးခြင်း

(ဋ) ဘွဲ့ထူးဂုဏ်ထူးများပေးခြင်း

*[အထွေထွေမှတ်ချက်- ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့ တွင် ထုတ်ပြန်သည့် အစိုးရ၏ ပြန်တမ်း ၂၄၁၅၅၊ ၂၀၀၃ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် ထုတ်ပြန်သည့် အစိုးရ၏ ပြန်တမ်း ၂၅၂၁၃တို့တွင် ဖော်ပြထားသည့် ဂုဏ်ထူးဆောင် ချီးကျူးဂုဏ်ပြုမှုများ]*

**သမ္မတနိုင်ငံ၏ အုပ်ချုပ်ရေးအာဏာပိုင်**

၈၅။ (၁) သမ္မတနိုင်ငံ၏ အုပ်ချုပ်ရေးအာဏာအား သမ္မတထံတွင် အပ်နှင်း ထားပါ သည်။

(၂) သမ္မတသည် အခြား အစိုးရအဖွဲ့ဝင်များနှင့် အတူတွဲ၍ အုပ်ချုပ်ရေးအာဏာကို အောက်ပါတို့အတွက် ကျင့်သုံးသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ဥပဒေပြုလွှတ်တော်အက်ဥပဒေ မှ ပြဋ္ဌာန်းထားသည်မှ လွဲ၍ အမျိုးသားဥပဒေအား အကောင်အထည်ဖော်ခြင်း

(ခ) အမျိုးသား မူဝါဒ ကို ရေးသားပြုစုခြင်း နှင့် အကောင်အထည်ဖော်ခြင်း

(ဂ) နိုင်ငံတော်အဆင့် အစိုးရဌာနများနှင့် အုပ်ချုပ်ရေးဌာနများ၏ လုပ်ငန်းတာဝန်များအား ညှိနှိုင်း ဆောင်ရွက် ခြင်း

(ဃ) ဥပဒေရေးဆွဲရန်စတင်ခြင်းနှင့် ပြင်ဆင်မှုများပြုခြင်း

(င) ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် အမျိုးသားဥပဒေတွင် ထည့်သွင်းရေးဆွဲ အပ်နှင်းထားသည့် အခြား မည်သည့် အုပ်ချုပ်ရေး လုပ်ငန်းတာဝန်များမဆို ထမ်းဆောင်ခြင်း

## Election of President

86. (1) At its first sitting after its election, and whenever necessary to fill a vacancy, the National Assembly must elect a woman or a man from among its members to be the President.

(2) The Chief Justice must preside over the election of the President, or designate another judge to do so. The procedure set out in Part A of Schedule 3 applies to the election of the President.

*[Sub-s. (2) substituted by s. 6 of the Constitution Sixth Amendment Act of 2001.]*

(3) An election to fill a vacancy in the office of President must be held at a time and on a date determined by the Chief Justice, but not more than 30 days after the vacancy occurs.

*[Sub-s. (3) substituted by s. 6 of the Constitution Sixth Amendment Act of 2001.]*

## Assumption of office by President

87. When elected President, a person ceases to be a member of the National Assembly and, within five days, must assume office by swearing or affirming faithfulness to the Republic and obedience to the Constitution, in accordance with Schedule 2.

## Term of office of President

88. (1) The President's term of office begins on assuming office and ends upon a vacancy occurring or when the person next elected President assumes office.

(2) No person may hold office as President for more than two terms, but when a person is elected to fill a vacancy in the office of President, the period between that election and the next election of a President is not regarded as a term.

## နိုင်ငံတော်သမ္မတ ရွေးကောက်တင်မြှောက်ခြင်း

၈၆။ (၁) ရွေးကောက်ပွဲပြီးနောက် ပထမဦးဆုံး စတင်ကျင်းပသည့် အစည်းအဝေးတွင် သို့မဟုတ် လစ်လပ်ရာထူးကို ဖြည့်စွက်ရန် လိုအပ်သည့်အချိန်တွင် ပြည်သူ့လွှတ်တော်တွင် တက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ်များထဲမှ အမျိုးသမီး သို့မဟုတ် အမျိုးသား တစ်ဦးဦးအား သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ရမည် ဖြစ်သည်။

(၂) သမ္မတရွေးကောက်တင်မြှောက်ရာတွင် နိုင်ငံတော်တရားသူကြီးချုပ် သို့မဟုတ် တာဝန်ပေးအပ်ထားသည့် အခြား တရားသူကြီးတစ်ဦးမှ ဦးစီးကျင်းပပေးရမည် ဖြစ်သည်။ ဇယား ၃ ၏ အပိုင်း က တွင် သမ္မတ ရွေးကောက် တင်မြှောက်ခြင်း နှင့်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ ဖော်ပြထားပါသည်။

*[ပုဒ်မခွဲ (၂) အား ၂၀၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၆ နှင့် အစားထိုးထားပါသည်။]*

(၃) သမ္မတရာထူး လစ်လပ်နေရာအား ဖြည့်တင်းရန်အတွက် ရွေးကောက်တင်မြှောက်ပွဲအား တရားသူကြီးချုပ်မှ သတ်မှတ်ပေးသည့်နေ့ရက်နှင့် အချိန်တွင် ကျင်းပရမည်ဖြစ်ပြီး သမ္မတရာထူး လစ်လပ်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် မကျော်လွန်စေရ။

*[ပုဒ်မခွဲ (၃) အား ၂၀၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၆ နှင့် အစားထိုးထားပါသည်]*

## သမ္မတမှ ရာထူး လက်ခံရယူခြင်း

၈၇။ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ပုဂ္ဂိုလ်သည် ဇယား ၂ နှင့်အညီ ပြည်သူ့လွှတ်တော် အဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းပြီးနောက် ၄ ရက်အတွင်း သမ္မတနိုင်ငံအား သစ္စာစောင့်သိမည် ဖြစ်ကြောင်းနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ အား ထိန်းသိမ်းလိုက်နာ ပါမည့်အကြောင်း ကျမ်းသစ္စာ ကျိန်ဆိုခြင်း သို့မဟုတ် အတည်ပြုခြင်းတို့ ဆောင်ရွက်၍ သမ္မတရာထူးအား လက်ခံရယူ ရမည် ဖြစ်သည်။

## သမ္မတ ရာထူး၏သက်တမ်း

၈၈။ (၁) သမ္မတ၏ ရာထူးသက်တမ်းသည် သမ္မတရာထူး လက်ခံရချိန်တွင် စတင်ပြီး ရာထူးနေရာ လစ်လပ်မှု ပေါ်ပေါက်သည့်အချိန် သို့မဟုတ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် သမ္မတသစ် မှ ရာထူးလက်ခံရယူသည့် အချိန်တွင် ပြီးဆုံးသည်။

(၂) မည်သူမျှ သမ္မတရာထူးသက်တမ်းနှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြုရ။ သို့သော်လည်း ရွေးကောက်ပွဲများ ကျင်းပချိန်ကြားတွင် ရာထူးနေရာလစ်လပ်မှု ပေါ်ပေါက်သဖြင့် ပုဂ္ဂိုလ်တစ်ဦးဦးအား သမ္မတအဖြစ် ရွေးကောက်တင်မြှောက် ခြင်းခံရလျှင် ထိုရွေးကောက်ပွဲနှင့် နောက်တစ်ကြိမ် ရွေးကောက်ပွဲ ကျင်းပသည့် ကာလအား သမ္မတအသစ်၏ သက်တမ်းအဖြစ် သတ်မှတ်ခြင်း မပြု။

## Removal of President

89. (1) The National Assembly, by a resolution adopted with a supporting vote of at least two thirds of its members, may remove the President from office only on the grounds of—

(a) a serious violation of the Constitution or the law;

(b) serious misconduct; or

(c) inability to perform the functions of office.

(2) Anyone who has been removed from the office of President in terms of subsection (1)(a) or (b) may not receive any benefits of that office, and may not serve in any public office.

## Acting President

90. (1) When the President is absent from the Republic or otherwise unable to fulfil the duties of President, or during a vacancy in the office of President, an office-bearer in the order below acts as President:

(a) The Deputy President.

(b) A Minister designated by the President.

(c) A Minister designated by the other members of the Cabinet.

(d) The Speaker, until the National Assembly designates one of its other members.

(2) An Acting President has the responsibilities, powers and functions of the President.

(3) Before assuming the responsibilities, powers and functions of the President, the Acting President must swear or affirm faithfulness to the Republic and obedience to the Constitution, in accordance with Schedule 2.

**သမ္မတအား ရာထူးမှ ဖယ်ရှားခြင်း**

၈၉။ (၁) အောက်ဖော်ပြပါအခြေအနေများတွင် ပြည်သူ့လွှတ်တော်၏ တက်ရောက်သူ အဖွဲ့ဝင်များအနက်မှ အနည်းဆုံး ၃ပုံ ၂ပုံ ၏ ထောက်ခံမဲဖြင့် ဆုံးဖြတ်ချက်ချမှတ်ပြီး သမ္မတအား ရာထူးမှ ဖယ်ရှားနိုင်သည်-

(က) ဖွဲ့စည်းပုံ အခြေခံဥပဒေ သို့မဟုတ် တရားဥပဒေအား ဆိုးရွားစွာ ချိုးဖောက်မှု

(ခ) ဆိုးရွားသည့် အကျင့်သိက္ခာ ပျက်ပြားခြင်း

(ဂ) သမ္မတ၏ တာဝန်များအား ထမ်းဆောင်နိုင်စွမ်း မရှိခြင်း

(၂) ပုဒ်မခွဲ ၁ (က) သို့မဟုတ် (ခ) အရ သမ္မတရာထူးမှ ဖယ်ရှားခြင်းခံရသည့် မည်သူမဆို သမ္မတရာထူး၏ မည်သည့် အကျိုးခံစားခွင့်မျှ လက်ခံရယူခြင်းမပြုရ၊ ထို့ပြင် မည်သည့်အစိုးရဌာနတွင်မျှ တာဝန်ထမ်းဆောင်ခြင်း မပြုရ။

**ယာယီ သမ္မတ**

၉၀။ (၁) သမ္မတနိုင်ငံတွင် သမ္မတသည် နိုင်ငံတော်တွင် မရှိလျှင် သို့မဟုတ် တနည်းအားဖြင့် သမ္မတ၏ရာထူး တာဝန်များအား ထမ်းဆောင်နိုင်ခြင်း မစွမ်းနိုင်သည့်အခါ သို့မဟုတ် သမ္မတရာထူးနေရာ လစ်လပ်သည့် အခါ အောက်ပါ ရာထူးအစဉ်အတိုင်း ယာယီသမ္မတတာဝန်ကို ထမ်းဆောင်ရမည်-

(က) ဒုတိယ သမ္မတ

(ခ) သမ္မတမှ တာဝန်ပေးအပ်ခြင်းခံရသည့် ဝန်ကြီးတစ်ဦး

(ဂ) အခြား အစိုးရအဖွဲ့ဝင်များမှ တာဝန်ပေးအပ်ခြင်းခံရသည့် ဝန်ကြီး တစ်ဦး

(ဃ) လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်မှ လွှတ်တော် ကိုယ်စားလှယ် တစ်ဦးဦးအား တာဝန် ပေး သည့်အချိန် မတိုင်ခင်အထိ

(၂) ယာယီသမ္မတသည် သမ္မတတစ်ဦး၏ တာဝန်ဝတ္တရားများ၊ လုပ်ပိုင်ခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များ ပိုင်ဆိုင်သည်။

(၃) သမ္မတ၏ တာဝန်ဝတ္တရားများ၊ လုပ်ပိုင်ခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များ လက်ခံရယူခြင်းမပြုမီ ယာယီသမ္မတအနေဖြင့် ဇယား ၂ တွင် ဖော်ပြထားသည့်အတိုင်း သမ္မတနိုင်ငံအား သစ္စာစောင့်သိမည် ဖြစ် ကြောင်း နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထိန်းသိမ်းလိုက်နာပါမည့်အကြောင်း ကျမ်းသစ္စာ ကျိန်ဆိုခြင်း သို့မဟုတ် အတည်ပြုခြင်း တို့ ဆောင်ရွက်၍ သမ္မတရာထူးအား လက်ခံရယူ ရမည်။

(4) A person who as Acting President has sworn or affirmed faithfulness to the Republic need not repeat the swearing or affirming procedure for any subsequent term as Acting President during the period ending when the person next elected President assumes office.

*[Sub-s. (4) added by s. 1 of the Constitution First Amendment Act of 1997]*

## Cabinet

91. (1) The Cabinet consists of the President, as head of the Cabinet, a Deputy President and Ministers.

(2) The President appoints the Deputy President and Ministers, assigns their powers and functions, and may dismiss them.

(3) The President—

(a) must select the Deputy President from among the members of the National Assembly;

(b) may select any number of Ministers from among the members of the Assembly; and

(c) may select no more than two Ministers from outside the Assembly.

(4) The President must appoint a member of the Cabinet to be the leader of government business in the National Assembly.

(5) The Deputy President must assist the President in the execution of the functions of government.

## Accountability and responsibilities

92. (1) The Deputy President and Ministers are responsible for the powers and functions of the executive assigned to them by the President.

(၄) သမ္မတနိုင်ငံအား သစ္စာစောင့်သိပါမည့်အကြောင်း ကျမ်းသစ္စာကျိန်ဆိုပြီး သို့မဟုတ် အတည်ပြုခဲ့ပြီးဖြစ်သည့် ယာယီသမ္မတတစ်ဦးအနေဖြင့် ရွေးကောက်တင်မြှောက်ခံ သမ္မတသစ်မှ ရာထူးလက်ခံရယူသည့်အချိန်တွင် ပြီးဆုံးမည်ဖြစ်သည့် နောက်ထပ်သက်တမ်းတစ်ခု အတွက် ကျမ်းသစ္စာကျိန်ဆိုခြင်း သို့မဟုတ် အတည်ပြုခြင်း လုပ်ထုံး လုပ်နည်း များ ထပ်မံဆောင်ရွက်ရန် မလိုအပ်ပါ။

*[ပုဒ်မခွဲ (၄) အား ၁၉၉၇ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပထမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၁ အရ ထပ်မံဖြည့်စွက် ထားသည်။]*

**အစိုးရအဖွဲ့**

၉၁။ (၁) အစိုးရအဖွဲ့တွင် အစိုးရအဖွဲ့၏ အကြီးအကဲအဖြစ် သမ္မတ၊ ဒုတိယသမ္မတ နှင့် ဝန်ကြီးများဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

(၂) သမ္မတသည် ဒုတိယသမ္မတနှင့် ဝန်ကြီးများ အား ခန့်အပ်ခြင်း ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာများ နှင့်လုပ်ငန်း တာဝန်များ ချမှတ်တာဝန်ပေးခြင်း နှင့် ရာထူးမှ ဖယ်ရှားခြင်းတို့ ပြုလုပ်နိုင်သည်။

(၃) သမ္မတသည်-

(က) ပြည်သူ့ လွှတ်တော် အဖွဲ့ဝင်များထဲမှ ဒုတိယသမ္မတအား ရွေးချယ်ရမည်၊

(ခ) ပြည်သူ့ လွှတ်တော် အဖွဲ့ဝင်များထဲမှ ဝန်ကြီး အရေအတွက် မည်မျှ မဆို ရွေးချယ်ရမည်၊

(ဂ) ပြည်သူ့ လွှတ်တော် ပြင်ပမှ ဝန်ကြီး များကို နှစ်ဦး ထက်မပိုစေဘဲ ရွေးချယ်နိုင်ပါသည်၊

(၄) သမ္မတအနေဖြင့် အစိုးရအဖွဲ့ဝင်တစ်ဦးအား ပြည်သူ့လွှတ်တော်တွင် အစိုးရကိစ္စများ ဆောင်ရွက်ရန် အကြီးအကဲအဖြစ် ခန့်အပ်ရမည်။

(၅) ဒုတိယသမ္မတသည် အစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ဝတ္တရားများ ဆောင်ရွက်ရာတွင် သမ္မတအား အကူအညီပေးရမည်။

**တာဝန်ခံမှု နှင့် တာဝန်ယူမှု**

၉၂။ (၁) ဒုတိယသမ္မတနှင့် ဝန်ကြီးများသည် သမ္မတမှ တာဝန်ပေးအပ်သည့် စီမံအုပ်ချုပ်ရေးရာ လုပ်ပိုင်ခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် တာဝန်ရှိသည်။

(2) Members of the Cabinet are accountable collectively and individually to Parliament for the exercise of their powers and the performance of their functions.

(3) Members of the Cabinet must—

(a) act in accordance with the Constitution; and

(b) provide Parliament with full and regular reports concerning matters under their control.

**Deputy Ministers**

93. (1) The President may appoint—

(a) any number of Deputy Ministers from among the members of the National Assembly; and

(b) no more than two Deputy Ministers from outside the Assembly, to assist the members of the Cabinet, and may dismiss them.

(2) Deputy Ministers appointed in terms of subsection (1)(b) are accountable to Parliament for the exercise of their powers and the performance of their functions.

*[S. 93 substituted by s. 7 of the Constitution Sixth Amendment Act of 2001.]*

**Continuation of Cabinet after elections**

94. When an election of the National Assembly is held, the Cabinet, the Deputy President, Ministers and any Deputy Ministers remain competent to function until the person elected President by the next Assembly assumes office.

**Oath or affirmation**

95. Before the Deputy President, Ministers and any Deputy Ministers begin to perform their functions, they must swear or affirm faithfulness to the Republic and obedience to the Constitution, in accordance with Schedule 2.

(၂) အစိုးရအဖွဲ့ဝင်များသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာများ နှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် အတွက် စုပေါင်းဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ဥပဒေပြုလွှတ်တော်အား တာဝန်ခံရမည်။

(၃) အစိုးရအဖွဲ့ဝင်များသည် -

(က) အခြေခံဥပဒေ နှင့် အညီ ပြုမူဆောင်ရွက်ရမည် ဖြစ်ပြီး

(ခ) ၎င်းတို့တာဝန်ယူဆောင်ရွက်ရသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ပြည့်စုံသည့် ပုံမှန် အစီရင်ခံစာများအား လွှတ်တော်သို့ ပေးပို့တင်သွင်းရမည်။

## ဒုတိယ ဝန်ကြီးများ

၉၃။ (၁) သမ္မတသည် အစိုးရအဖွဲ့အား အကူအညီပေးရန် အောက်ပါ ပုဂ္ဂိုလ် တို့ကို ခန့်အပ်ခြင်း ရာထူးမှ ဖယ်ရှားခြင်းတို့ ပြုလုပ်နိုင်သည်။

(က) ပြည်သူ့ လွှတ်တော် မှ အဖွဲ့ဝင်များ ထဲမှ ဒုတိယဝန်ကြီး အရေအတွက် မည်မျှကို မဆို

(ခ) ပြည်သူ့ လွှတ်တော် ပြင်ပ မှ နှစ်ဦးထက်မပိုသည့် ဒုတိယ ဝန်ကြီးနှစ်ဦး

(၂) ပုဒ်မခွဲ ( ၁) (ခ) အရ ခန့်အပ်ထားသည့် ဒုတိယဝန်ကြီးများသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာများ နှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန်အတွက် စုပေါင်းဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေအမြင့်ဆုံး ဥပဒေပြုလွှတ်တော်အား တာဝန်ခံရမည်။

*[ပုဒ်မ ၉၃ အား ၂၀၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၇ အရ အစားထိုးခဲ့သည်]*

## ရွေးကောက်ပွဲပြီးနောက် အစိုးရအဖွဲ့ ဆက်လက်တည်ရှိခြင်း

၉၄။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ အပြီးတွင် ပြည်သူ့လွှတ်တော် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် သမ္မတအသစ်မှ ရာထူးလက်ခံရယူသည့် အချိန်အထိ အစိုးရအဖွဲ့၊ ဒုတိယသမ္မတ၊ ဝန်ကြီးများ နှင့် ဒုတိယဝန်ကြီးများသည် လုပ်ငန်းတာဝန်များ ဆက်လက်၍ ထမ်းဆောင်ရမည် ဖြစ်သည်။

## ကျမ်းသစ္စာကျိန်ဆိုခြင်း သို့မဟုတ် ကတိသစ္စာပြုခြင်း

၉၅။ ဒုတိယ သမ္မတ၊ ဝန်ကြီးများ နှင့် ဒုတိယ ဝန်ကြီး များသည် ၎င်းတို့၏ လုပ်ငန်း တာဝန်များ စတင်ထမ်းဆောင်ခြင်း မပြုမီ နောက်ဆက်တွဲ ၂ နှင့် အညီ သမ္မတနိုင်ငံအား သစ္စာစောင့်သိမည်ဟု နှင့် အခြေခံဥပဒေအား လိုက်နာမည်ဟု ကျမ်းကျိန် သို့မဟုတ် အတည်ပြုရမည် ဖြစ်သည်။

## Conduct of Cabinet members and Deputy Ministers

96. (1) Members of the Cabinet and Deputy Ministers must act in accordance with a code of ethics prescribed by national legislation.

(2) Members of the Cabinet and Deputy Ministers may not—

(a) undertake any other paid work;

(b) act in any way that is inconsistent with their office, or expose themselves to any situation involving the risk of a conflict between their official responsibilities and private interests; or

(c) use their position or any information entrusted to them, to enrich themselves or improperly benefit any other person.

## Transfer of functions

97. The President by proclamation may transfer to a member of the Cabinet—

(a) the administration of any legislation entrusted to another member; or

(b) any power or function entrusted by legislation to another member.

## Temporary assignment of functions

98. The President may assign to a Cabinet member any power or function of another member who is absent from office or is unable to exercise that power or perform that function.

**အစိုးရအဖွဲ့ဝင်များ နှင့် ဒုတိယ ဝန်ကြီးများ ၏ ကျင့်ဝတ်သိက္ခာ**

၉၆။ (၁) အစိုးရအဖွဲ့ဝင်များ နှင့် ဒုတိယ ဝန်ကြီး များသည် အမျိုးသားဥပဒေတွင် ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်သိက္ခာများ နှင့်အညီ ပြုမူဆောင်ရွက်ရမည်။

(၂) အစိုးရအဖွဲ့ဝင်များ နှင့် ဒုတိယ ဝန်ကြီး များသည် အောက်ပါတို့ကို လုပ်ကိုင်ခွင့်ရှိမည် မဟုတ်ပါ-

(က) အခကြေးငွေရယူသည့် အခြား အလုပ်

(ခ) ၎င်းတို့၏ ရာထူးတာဝန်နှင့် လျော်ညီမှု မရှိသည့် ပြုမူဆောင်ရွက် ခြင်း သို့မဟုတ် ၎င်းတို့၏ တရားဝင် တာဝန်ဝတ္တရားများ နှင့် ပုဂ္ဂလိက အကျိုးစီးပွား ကြား ပဋိပက္ခဖြစ်နိုင်ချေ ရှိသည့် အခြေအနေမျိုးတွင် ၎င်းတို့ ကိုယ်တိုင်ပါဝင်ပတ်သက်နေခြင်း (သို့)

(ဂ) ၎င်းတို့ ကိုယ်ကျိုးစီးပွားအတွက် သို့မဟုတ် အခြားသူတစ်ဦးတစ်ယောက်အား မလျော်မကန် အကျိုးဖြစ်စေ ရန် အတွက် ၎င်းတို့၏ ရာထူး သို့မဟုတ် ၎င်းတို့အား အပ်နှင်းထားသည့် သတင်းအချက်အလက် တို့အား အသုံးပြုခြင်း

**လုပ်ငန်းတာဝန်များအား လွှဲပြောင်းခြင်း**

၉၇။ သမ္မတအနေဖြင့် အစိုးရအဖွဲ့ဝင်များအား ကြေငြာချက်ထုတ် ပြန်၍ လွှဲပြောင်းနိုင်သည်-

(က) မည်သည့်ဥပဒေ စီမံဆောင်ရွက်ခြင်းကိုမဆို အဖွဲ့ဝင်တစ်ဦးဦးထံသို့ အပ်နှင်းခြင်း

(ခ) ဥပဒေအရအပ်နှင်းထားသည့် မည်သည့် လုပ်ပိုင်ခွင့်အာဏာ သို့ လုပ်ငန်းတာဝန် များအား အဖွဲ့ဝင်တစ်ဦးဦးထံသို့ လွှဲပြောင်းခြင်း

**လုပ်ငန်းတာဝန်များအား ယာယီ တာဝန်ပေးအပ်ခြင်း**

၉၈။ တာဝန်ထမ်းဆောင်ရန် ပျက်ကွက်သည့် သို့မဟုတ် လုပ်ပိုင်ခွင့် အာဏာကျင့်သုံးရန် သို့မဟုတ် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် မစွမ်းနိုင်သည့် အဖွဲ့ဝင်တစ်ဦး၏ လုပ်ပိုင်ခွင့်အာဏာ သို့မဟုတ် လုပ်ငန်းတာဝန်များအား သမ္မတမှ အစိုးရအဖွဲ့ဝင်တစ်ဦးအား တာဝန်ပေးအပ်နိုင်သည်။

## Assignment of functions

99. A Cabinet member may assign any power or function that is to be exercised or performed in terms of an Act of Parliament to a member of a provincial Executive Council or to a Municipal Council. An assignment—

(a) must be in terms of an agreement between the relevant Cabinet member and the Executive Council member or Municipal Council;

(b) must be consistent with the Act of Parliament in terms of which the relevant power or function is exercised or performed; and

(c) takes effect upon proclamation by the President.

## National intervention in provincial administration

*[Heading amended by s. 2(a) the Constitution Eleventh Amendment Act of 2003.]*

100. (1) When a province cannot or does not fulfil an executive obligation in terms of the Constitution or legislation, the national executive may intervene by taking any appropriate steps to ensure fulfilment of that obligation, including—

(a) issuing a directive to the provincial executive, describing the extent of the failure to fulfil its obligations and stating any steps required to meet its obligations; and

(b) assuming responsibility for the relevant obligation in that province to the extent necessary to—

(i) maintain essential national standards or meet established minimum standards for the rendering of a service;

(ii) maintain economic unity;

(iii) maintain national security; or

(iv) prevent that province from taking unreasonable action that is prejudicial to the interests of another province or to the country as a whole.

*[Sub-s. (1) amended by s. 2(b) of the Constitution Eleventh Amendment Act of 2003.]*

## လုပ်ငန်းတာဝန်များပေးအပ်ခြင်း

၉၉။ အစိုးရအဖွဲ့ဝင်တစ်ဦးသည် ဥပဒေပြုလွှတ်တော် အက်ဥပဒေမှ ပြဋ္ဌာန်းထားသည့် အတိုင်း ကျင့်သုံးရမည့် လုပ်ပိုင်ခွင့် အာဏာ သို့မဟုတ် ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များ အား အုပ်ချုပ်မှု ကောင်စီဝင် သို့မဟုတ် မြူနီစပယ် ကောင်စီဝင်အား တာဝန်ပေးအပ်နိုင်သည်။ ပေးအပ်သည့် တာဝန်သည်-

(က) သက်ဆိုင်ရာ အစိုးရအဖွဲ့ဝင်၊ အုပ်ချုပ်မှုကောင်စီ အဖွဲ့ဝင် သို့မဟုတ် မြူနီစပယ်ကောင်စီ နှင့် သဘောတူညီချက်များ နှင့် အညီ ဖြစ်ရမည်

(ခ) သက်ဆိုင်ရာ ကျင့်သုံးရမည့် လုပ်ပိုင်ခွင့်အာဏာ သို့မဟုတ် ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်သည် ဥပဒေပြုလွှတ်တော်အက်ဥပဒေ နှင့် အညီ ဖြစ်စေရမည်

(ဂ) သမ္မတမှ ကြေငြာချက်ထုတ်ပြန်သည့်အချိန်မှစ၍ စတင်သက်ဝင်ပါသည်။

## ပြည်နယ် အုပ်ချုပ်ရေး တွင် နိုင်ငံတော်၏ ဆောင်ရွက်ချက်များ

*[ ခေါင်းစဉ်အား ၂၀၀၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၁ ကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ၏ ပုဒ်မ ၂ (က) အရ ပြင်ဆင်ထားပါသည်]*

၁၀၀။ (၁) ပြည်နယ်တစ်ခုအနေဖြင့် အခြေခံ ဥပဒေ သို့မဟုတ် ဥပဒေတစ်ရပ်တွင် ပါဝင်သည့် စီမံအုပ်ချုပ်ရေးဆိုင်ရာ ကတိကဝတ်များအား မဖြည့်ဆည်းနိုင်ခြင်း သို့မဟုတ် ဖြည့်ဆည်းမှုမရှိခြင်းတို့ရှိခဲ့ပါက နိုင်ငံတော် စီမံအုပ်ချုပ်ရေး အကြီးအကဲမှ အောက်ပါတို့အပါအဝင် အဆိုပါ ကတိကဝတ်ကို ဖြည့်ဆည်းနိုင်မှု သေချာစေရန် သင့်လျော်သည့် အဆင့်များဆောင်ရွက်ခြင်းဖြင့် ဝင်ရောက်စွက်ဖက်နိုင်သည် -

(က) ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့ထံ ကတိကဝတ်များ ဖြည့်ဆည်းရန် မဆောင်ရွက်နိုင်ခဲ့သည့် အတိုင်းအတာ ကို ရေးသားဖော်ပြပြီး အဆိုပါ ကတိကဝတ်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ဆောင်ရွက်ရမည့် အဆင့်များ အား ဖော်ပြထားသည့် လမ်းညွှန်မှု ပေးပို့ခြင်း

(ခ) အဆိုပါ ပြည်နယ်ရှိ သက်ဆိုင်ရာ ကတိကဝတ်များ အား အောက်ပါအတိုင်းအတာအထိ လိုအပ်သည့် တာဝန်ယူရာတွင်-

(၁) ဝန်ဆောင်မှုပေးရန် အရေးပါသည့် အမျိုးသား စံသတ်မှတ်ချက်များ ထိန်းသိမ်းရန် သို့မဟုတ် သတ်မှတ်ထားသည့် အနိမ့်ဆုံး စံသတ်မှတ်ချက် များ ပြည့်မီရန်

(၂) စီးပွားရေးအရ စည်းလုံးညီညွတ်မှု ကို ထိန်းသိမ်းရန်

(၃) နိုင်ငံတော် လုံခြုံရေးကို ထိန်းသိမ်းရန် သို့မဟုတ်

(၄) အဆိုပါ ပြည်နယ်အနေဖြင့် အခြားပြည်နယ် သို့မဟုတ် တိုင်းပြည်တစ်ခုလုံး ၏ အကျိုးစီးပွားအား ထိခိုက်စေသည့်၊ မလျော်ကန်သည့် လုပ်ဆောင်မှုများ ပြုလုပ်ခြင်း ဟန့်တား ရန်

*[ပုဒ်မခွဲ (၁) အား ၂၀၀၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၁ ကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ၏ ပုဒ်မ ၂ (ခ) အရ ပြင်ဆင်ထားပါသည်]*

(2) If the national executive intervenes in a province in terms of subsection (1)(b)—

(a) it must submit a written notice of the intervention to the National Council of Provinces within 14 days after the intervention began;

(b) the intervention must end if the Council disapproves the intervention within 180 days after the intervention began or by the end of that period has not approved the intervention; and

(c) the Council must, while the intervention continues, review the intervention regularly and may make any appropriate recommendations to the national executive.

*[Sub-s. (2) substituted by s. 2(c) of the Constitution Eleventh Amendment Act of 2003.]*

(3) National legislation may regulate the process established by this section.

*[S. 100 amended by s. 2 of the Constitution Eleventh Amendment Act of 2003.]*

### Executive decisions

101. (1) A decision by the President must be in writing if it—

(a) is taken in terms of legislation; or

(b) has legal consequences.

(2) A written decision by the President must be countersigned by another Cabinet member if that decision concerns a function assigned to that other Cabinet member.

(3) Proclamations, regulations and other instruments of subordinate legislation must be accessible to the public.

(4) National legislation may specify the manner in which, and the extent to which, instruments mentioned in subsection (3) must be—

(a) tabled in Parliament; and

(b) approved by Parliament.

(၂) ပုဒ်မခွဲ (၁) (ခ) အရ နိုင်ငံတော် အုပ်ချုပ်မှုအကြီးအကဲမှ ပြည်နယ်ရေးရာတွင် ကြားဝင် ဆောင်ရွက်ခဲ့လျှင် -

(က) ဝင်ရောက်စွက်ဖက်မှု စတင်သည်မှ ၁၄ ရက်အတွင်း ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော် ထံ ကြားဝင် ဆောင်ရွက်သည့် အကြောင်း စာဖြင့် ပေးပို့ အသိပေးရမည်။

(ခ) ဝင်ရောက်စွက်ဖက်မှု စတင်ချိန်မှ ရက်ပေါင်း ၁၈၀ အတွင်း ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော် မှ ထို ကြားဝင်ဆောင်ရွက်မှု အား သဘောတူခြင်း မရှိလျှင် သို့မဟုတ် ထိုကာလ ပြီးဆုံးသည်အထိ ကြားဝင်ဆောင်ရွက်မှု အား ခွင့်မပြုခဲ့လျှင် ကြားဝင်ဆောင်ရွက်မှု အား အဆုံး သတ်ရမည်။

(ဂ) ကြားဝင်ဆောင်ရွက်နေစဉ်အတွင်း ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော်မှ ကြားဝင် ဆောင်ရွက်မှုအား ပုံမှန်သုံးသပ်ရန်နှင့် နိုင်ငံတော် အုပ်ချုပ်ရေးအကြီးအကဲထံ သင့် လျော်သည့် အကြံပြုချက် များပေးနိုင်မည် ဖြစ်သည်။

*[ပုဒ်မခွဲ (၂) အား ၂၀၀၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၁ ကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၂(ဂ) အရ* ***အစားထိုးဖြည့်စွပ်ထားသည်း*** *]*

(၃) အမျိုးသား ဥပဒေ မှ ဤပုဒ်မ အရဆောင်ရွက်သည့် လုပ်ငန်းစဉ်အား စည်းမျဉ်းစည်းကမ်း ထိန်းသိမ်း ကြပ်မတ် ရမည်။

*[ပုဒ်မခွဲ (၁၀၀) အား ၂၀၀၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၁ ကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၂ အရ ပြင်ဆင်ထားပါသည်]*

**အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်များ**

၁၀၁။ (၁) သမ္မတ၏ ဆုံးဖြတ်ချက်ကို စာဖြင့်ထုတ်ပြန်ရမည် ဖြစ်သည်။ အကယ်၍

(က) ဥပဒေအရ ဆုံးဖြတ်ရခြင်း သို့မဟုတ်

(ခ) ဥပဒေဆိုင်ရာ အကျိုးဆက်များ ရှိခြင်း

(၂) အကယ်၍ အခြားအစိုးရအဖွဲ့ဝင်တစ်ဦးအား သက်ဆိုင်သည့်တာဝန်အား ပေးအပ်ရန် ဆုံးဖြတ်ချက် ဖြစ်ပါက သမ္မတ၏ စာဖြင့်ထုတ်ပြန်သည့် ဆုံးဖြတ်ချက်တွင် အခြားအစိုးရအဖွဲ့ဝင်တစ်ဦးမှ ထပ်မံ လက်မှတ် ရေးထိုး ရမည် ဖြစ်သည်။

(၃) ထုတ်ပြန်ကြေငြာချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် တစ်ဆင့်ပွားဥပဒေပြုခြင်းဆိုင်ရာ အခြားဥပ ဒေစာရွက်စာတမ်းများအား အများပြည်သူ လက်လှမ်းမီ ရရှိနိုင်စေ ရမည် ဖြစ်သည်။

(၄) အမျိုးသားဥပဒေသည် ပုဒ်မခွဲ (၃) တွင် ဖော်ပြထားသည့် ဥပဒေစာရွက်စာတမ်းများအား မည်သည့် ပုံစံ နှင့် မည်သည့် အတိုင်းအတာ အထိ သတ်မှတ်နိုင်မည်ကို

(က) ဥပဒေပြုလွှတ်တော်သို့တင်ပြခြင်း နှင့်

(ခ) ဥပဒေပြုလွှတ်တော်မှ ခွင့်ပြုခြင်း တို့အား အတိအကျ ဖော်ပြရမည်။

## Motions of no confidence

102. (1) If the National Assembly, by a vote supported by a majority of its members, passes a motion of no confidence in the Cabinet excluding the President, the President must reconstitute the Cabinet.

(2) If the National Assembly, by a vote supported by a majority of its members, passes a motion of no confidence in the President, the President and the other members of the Cabinet and any Deputy Ministers must resign.

**အယုံအကြည် မရှိ အဆို တင်ခြင်း**

၁၀၂။ (၁) အကယ်၍ ပြည်သူ့လွှတ်တော်တွင် အဖွဲ့ဝင်အများစု ၏ ထောက်ခံမဲဖြင့် သမ္မတမပါဝင်ဘဲ အစိုးရအဖွဲ့အား အယုံအကြည်မရှိ အဆိုကို သဘောတူခွင့်ပြုခဲ့လျှင် သမ္မတမှ အစိုးရအဖွဲ့ ပြန်လည် ဖွဲ့စည်း ရမည် ဖြစ်သည်။

(၂) အကယ်၍ ပြည်သူ့လွှတ်တော်တွင် အဖွဲ့ဝင်အများစု ၏ ထောက်ခံမဲဖြင့် သမ္မတအား အယုံအကြည် မရှိ အဆိုအား သဘောတူခဲ့လျှင် သမ္မတ၊ အခြားအစိုးရဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများ ရာထူးမှ နုတ်ထွက်ရမည်။

# CHAPTER 6
# PROVINCES

## Provinces

103. (1) The Republic has the following provinces:

(a) Eastern Cape;

(b) Free State;

(c) Gauteng;

(d) KwaZulu-Natal;

(e) Limpopo;

(f) Mpumalanga;

(g) Northern Cape;

(h) North West;

(i) Western Cape.

*[Sub-s. (1) substituted by s. 3 of the Constitution Eleventh Amendment Act of 2003 and substituted by s. 1 of the Constitution Twelfth Amendment Act of 2005]*

(2) The geographical areas of the respective provinces comprise the sum of the indicated geographical areas reflected in the various maps referred to in the Notice listed in Schedule 1A.

*[Sub-s. (2) substituted by s. 1 of the Constitution Twelfth Amendment Act of 2005.]*

(3) (a) Whenever the geographical area of a province is re-determined by an amendment to the Constitution, an Act of Parliament may provide for measures to regulate, within a reasonable time, the legal, practical and any other consequences of the re-determination.

(b) An Act of Parliament envisaged in paragraph (a) may be enacted and implemented before such amendment to the Constitution takes effect, but any provincial functions, assets, rights, obligations, duties or liabilities may only be transferred in terms of that Act after that amendment to the Constitution takes effect.

*[S.103 substituted by s. 1 of the Constitution Twelfth Amendment Act of 2005.]*

## အခန်း ၆

## ပြည်နယ်များ

### ပြည်နယ်များ

၁၀၃။ (၁) ဤသမ္မတနိုင်ငံတော်တွင် အောက်ဖော်ပြပါ ပြည်နယ်များ ပါဝင်သည် -

(က) အီစတန်းကိပ်
(ခ) ဖရီးစတိတ်
(ဂ) ဂေါက်တန်
(ဃ) ကွာဇူလူနက်တယ်လ်
(င) ပြူမန်လန်ဂါ
(စ) နော့သန်းကိပ်
(ဆ) လင်ပိုပို
(ဇ) နော့ဝက်စ်
(ဈ) ဝက်စတန်းကိပ်

*[ပုဒ်မခွဲ (၁) အား ၂၀၀၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၁ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ ပုဒ်မ ၃ နှင့် ၂၀၀၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ၁၂ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ ပုဒ်မ ၁ အရ အစားထိုးခဲ့သည်။]*

(၂) ပြည်နယ်များ၏ နယ်နိမိတ်များမှာ ဇယား ၁ (က) တွင် ပါရှိသည့် အမိန့်ကြော်ညာစာစာရင်းတွင် ရည်ညွှန်းထားသည့် မြေပုံများ၌ ဖော်ပြထားသော နယ်မြေဧရိယာများကို စုပေါင်းထားသည့် အရွယ်အစားအတိုင်း ဖြစ်သည်။

*[ပုဒ်မခွဲ (၂) အား ၂၀၀၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ၁၂ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ ပုဒ်မ ၁ အရ အစားထိုးခဲ့သည်။]*

(၃) (က) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်တစ်ခုဖြင့် ပြည်နယ်များ၏ နယ်မြေဧရိယာအား ပြန်လည်ပြင်ဆင်ဆုံးဖြတ်ရန်ဆောင်ရွက်သည့်အခါတိုင်း သင့်လျော်သည့် အချိန်အတွင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း နှင့် အခြားမည်သည့် အကျိုးဆက်ကိုမဆို အတိုင်းအတာများကို စည်းမျဉ်းစည်းကမ်းဖြင့် ဆောင်ရွက်ရန် လွှတ်တော် အက်ဥပဒေဖြင့် ပြဋ္ဌာန်းဆောင်ရွက်ရမည်။

(ခ) ထိုကဲ့သို့ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် အာဏာမသက်ရောက်မီ အပိုဒ် (က) တွင် ဖော်ပြခဲ့သည့် လွှတ်တော် အက်ဥပဒေအား ပြဋ္ဌာန်း အကောင်အထည်ဖော်ဆောင်ရမည်။ သို့သော် ပြည်နယ်ဆိုင်ရာ လုပ်ငန်းများ၊ ပိုင်ဆိုင်မှုများ၊ အခွင့်အရေးများ၊ ကျင့်ဝတ်များ၊ တာဝန်များ (သို့မဟုတ်) တာဝန်ရှိမှုများကို ယင်းပြင်ဆင်ချက် အာဏာသက်ရောက်ပြီးနောက်မှသာ ၎င်းအက်ဥပဒေအရ လွှဲပြောင်းပေးရမည်။

*[ပုဒ်မခွဲ ၁၀၃ အား ၂၀၀၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ၂၀ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ ပုဒ်မ ၁ အရ အစားထိုးခဲ့သည်။]*

## Provincial Legislatures

### Legislative authority of provinces

104. (1) The legislative authority of a province is vested in its provincial legislature, and confers on the provincial legislature the power—

(a) to pass a constitution for its province or to amend any constitution passed by it in terms of sections 142 and 143;

(b) to pass legislation for its province with regard to—

(i) any matter within a functional area listed in Schedule 4;

(ii) any matter within a functional area listed in Schedule 5;

(iii) any matter outside those functional areas, and that is expressly assigned to the province by national legislation; and

(iv) any matter for which a provision of the Constitution envisages the enactment of provincial legislation; and

(c) to assign any of its legislative powers to a Municipal Council in that province.

(2) The legislature of a province, by a resolution adopted with a supporting vote of at least two thirds of its members, may request Parliament to change the name of that province.

(3) A provincial legislature is bound only by the Constitution and, if it has passed a constitution for its province, also by that constitution, and must act in accordance with, and within the limits of, the Constitution and that provincial constitution.

(4) Provincial legislation with regard to a matter that is reasonably necessary for, or incidental to, the effective exercise of a power concerning any matter listed in Schedule 4, is for all purposes legislation with regard to a matter listed in Schedule 4.

## ပြည်နယ် ဥပဒေပြု လွှတ်တော်များ

### ပြည်နယ်များ၏ ဥပဒေပြုရေးအာဏာ

၁၀၄။ (၁) ပြည်နယ်တစ်ခု၏ ဥပဒေပြုရေးအာဏာအား ထိုပြည်နယ်၏ ဥပဒေပြုလွှတ်တော်သို့ အပ်နှင်းထားပြီး ယင်းအပေါ် ပေးအပ်ထား သော အာဏာများမှာ -

(က) ပုဒ်မ ၁၄၂ နှင့် ၁၄၃ အရ သက်ဆိုင်ရာ ပြည်နယ်တစ်ခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို အတည်ပြုရန် သို့မဟုတ် လွှတ်တော်က အတည်ပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ပြင်ဆင်ရန်၊

(ခ) အောက်ပါတို့နှင့်ပတ်သက်၍ သက်ဆိုင်ပြည်နယ်အတွက် ဥပဒေပြဋ္ဌာန်းချက်ကို အတည်ပြုရန် -

(၁) ဇယား ၄ ပါ လုပ်ငန်းနယ်ပယ်တစ်ရပ်အတွင်းရှိ ကိစ္စရပ်များ၊

(၂) ဇယား ၅ ပါ လုပ်ငန်းနယ်ပယ်တစ်ရပ်အတွင်းရှိ ကိစ္စရပ်များ၊

(၃) အဆိုပါ လုပ်ငန်းနယ်ပယ်ရပ်များတွင် မပါဝင်သော်လည်း သက်ဆိုင်ရာ ပြည်နယ်သို့ အမျိုးသား ဥပဒေဖြင့် အတိအလင်း တာဝန်အပ်နှင်းထားသည့် ကိစ္စရပ်များနှင့်

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်အရ ပြည်နယ်ဥပဒေ ထုတ်ပြန်ရန် မျှော်မှန်းထားသည့် ကိစ္စရပ်များ။

(ဂ) သက်ဆိုင်ရာပြည်နယ်အတွင်းရှိ မြူနီစပယ်ကောင်စီတစ်ခုသို့ ယင်း၏ ဥပဒေပြုအာဏာများ လွှဲအပ်ရန်၊

(၂) ပြည်နယ်တစ်ခု၏ ဥပဒေပြုလွှတ်တော်သည် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ အနည်းဆုံး သုံးပုံနှစ်ပုံက မဲပေးထောက်ခံ၍ အတည်ပြုထားသည့် ဆုံးဖြတ်ချက်တစ်ရပ်အရ ထိုပြည်နယ်၏ အမည်ကို ပြောင်းလဲရန် အမြင့်ဆုံးဥပဒေပြုလွှတ်တော် သို့ တောင်းဆိုနိုင်သည်။

(၃) ပြည်နယ် ဥပဒေပြုလွှတ်တော်တစ်ရပ်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရသာ လုပ်ဆောင်ရမည် ဖြစ်ပြီး ယင်း၏ပြည်နယ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို အတည်ပြုလျှင်လည်း ဤဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(၄) ဇယား ၄ တွင် စာရင်းပြုဖော်ပြထားသည့် အရေးကိစ္စများနှင့်ဆက်စပ်နေသော လုပ်ပိုင်ခွင့်တစ်ရပ်ကို ထိရောက်စွာ အသုံးချရန် ကြောင်းကျိုးဆီလျော်စွာ လိုအပ်သော သို့မဟုတ် မလွှဲမရှောင်သာသော အရေးကိစ္စ တစ်ခုနှင့် စပ်လျဉ်းနေသော ပြည်နယ်ဥပဒေပြဋ္ဌာန်းချက်သည် ဇယား ၄ တွင်ဖော်ပြထားသည့် အရေးကိစ္စတစ်ခု နှင့် ဆက်စပ်သည့် အသက်ဝင်နေသော ဥပဒေဖြစ်ပါသည်။

(5) A provincial legislature may recommend to the National Assembly legislation concerning any matter outside the authority of that legislature, or in respect of which an Act of Parliament prevails over a provincial law.

**Composition and election of provincial legislatures**

105. (1) A a provincial legislature consists of women and men elected as members in terms of an electoral system that—

(a) is prescribed by national legislation;

(b) is based on that province's segment of the national common voters roll;

(c) provides for a minimum voting age of 18 years; and

(d) results, in general, in proportional representation.

*[Sub-s. (1) amended by s. 3 of the Constitution Tenth Amendment Act of 2003 and by s. 3 of the Constitution Fourteenth Amendment Act of 2008.]*

(2) A provincial legislature consists of between 30 and 80 members. The number of members, which may differ among the provinces, must be determined in terms of a formula prescribed by national legislation.

**Membership**

106. (1) Every citizen who is qualified to vote for the National Assembly is eligible to be a member of a provincial legislature, except—

(a) anyone who is appointed by, or is in the service of, the state and receives remuneration for that appointment or service, other than—

(i) the Premier and other members of the Executive Council of a province; and

(၅) ပြည်နယ်ဥပဒေပြုလွှတ်တော်တစ်ရပ်သည် ယင်းလွှတ်တော်၏ အာဏာနှင့် မသက်ဆိုင်သော် အရေးကိစ္စတစ်ခုနှင့် စပ်လျဉ်း၍ သို့မဟုတ် ပြည်နယ်ဥပဒေတစ်ရပ်ကို ကျော်လွန်ကျင့်သုံးနိုင်သော အမြင့်ဆုံးဥပဒေပြုလွှတ်တော်၏ အက်ဥပဒေတစ်ရပ် နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် သို့ အကြံပြုနိုင်ပါသည်။

## ပြည်နယ် ဥပဒေပြု လွှတ်တော်များ၏ ပေါင်းစပ်ဖွဲ့စည်းပုံနှင့် ရွေးကောက်ပွဲများ

၁၀၅။ (၁) ဇယားဖ(က)အရပြည်နယ်ဥပဒေပြုဌာန်းချက်တစ်ရပ်တွင်အောက်ပါတို့နှင့်ညီညွတ်သော ရွေးကောက်ပွဲစနစ်တစ်ရပ်အရအဖွဲ့ဝင်များ အဖြစ် ရွေးကောက်တင်မြှောက်ခံထားရသည့် အမျိုးသမီးများနှင့် အမျိုးသားများ ပါဝင်သည် -

(က) အမျိုးသားဥပဒေ တွင် ဖော်ပြထားသော ရွေးကောက်ပွဲစနစ်ဖြစ်ရမည်။

(ခ) နိုင်ငံလုံးဆိုင်ရာ မဲဆန္ဒရှင်စာရင်းအတွင်းမှ ထိုပြည်နယ်၏ အစိတ်အပိုင်းအပေါ် အခြေခံထားသော ရွေးကောက်ပွဲ စနစ် ဖြစ်ရမည်။

(ဂ) အနိမ့်ဆုံးအားဖြင့် အသက် ၁၈ နှစ်ပြည့်သူတစ်ဦး မဲပေးနိုင်သော ရွေးကောက်ပွဲစနစ် ဖြစ်ရမည်။

(ဃ) ယေဘုယျအားဖြင့် အချိုးကျကိုယ်စားပြုစနစ်အတွင်းမှ ထွက်ပေါ်လာသော ရွေးကောက်ပွဲ စနစ် ဖြစ်ရမည်။

*[ပုဒ်မခွဲ (၁) အား ၂၀၀၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၀ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ၏ ပုဒ်မ ၃ နှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၄ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ ပုဒ်မ ၃ အရ ပြင်ဆင်ထားသည်။]*

(၂) ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ရပ်တွင် ကိုယ်စားလှယ် ၃၀ နှင့် ၈၀ အကြား ပါဝင်ရမည်။ 'ပြည်နယ်အလိုက် ကွဲပြားခြားနားဖွယ်ရှိသော ကိုယ်စားလှယ်အရေအတွက်အား အမျိုးသားဥပဒေတွင် ဖော်ပြထားသော တွက်ချက်ပုံ ပုံသေနည်းတစ်ခုနှင့်အညီ ဆုံးဖြတ်ရမည်။

## ကိုယ်စားလှယ်အရည်အချင်း

၁၀၆။ (၁) ပြည်သူ့လွှတ်တော်အတွက် မဲပေးရန် အရည်အချင်းပြည့်မီသော နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါ အချက်များနှင့် တိုက်ဆိုင်ခြင်းမရှိပါက ပြည်နယ် ဥပဒေပြုလွှတ်တော်တစ်ရပ်၏ ကိုယ်စားလှယ်ဖြစ်ရန် အရည်အချင်းပြည့်မီသည် -

(က) နိုင်ငံတော်က ခန့်အပ်ထားသည့် သို့မဟုတ် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေပြီး ထိုခန့်အပ်မှု သို့မဟုတ် တာဝန်အတွက် အခကြေးငွေလက်ခံရရှိနေသူတစ်ဦးဖြစ်သော်လည်း အောက်ပါတို့နှင့် အကျုံးမဝင်ပါ -

(၁) ပြည်နယ်တစ်ခု၏ ဝန်ကြီးချုပ်နှင့် အုပ်ချုပ်မှုကောင်စီ၏ အခြားအဖွဲ့ဝင်များနှင့်

(ii) other office-bearers whose functions are compatible with the functions of a member of a provincial legislature, and have been declared compatible with those functions by national legislation;

(b) members of the National Assembly, permanent delegates to the National Council of Provinces or members of a Municipal Council;

(c) unrehabilitated insolvents;

(d) anyone declared to be of unsound mind by a court of the Republic; or

(e) anyone who, after this section took effect, is convicted of an offence and sentenced to more than 12 months' imprisonment without the option of a fine, either in the Republic, or outside the Republic if the conduct constituting the offence would have been an offence in the Republic, but no one may be regarded as having been sentenced until an appeal against the conviction or sentence has been determined, or until the time for an appeal has expired. A disqualification under this paragraph ends five years after the sentence has been completed.

(2) A person who is not eligible to be a member of a provincial legislature in terms of subsection (1)(a) or (b) may be a candidate for the legislature, subject to any limits or conditions established by national legislation.

(3) A person loses membership of a provincial legislature if that person—

(a) ceases to be eligible;

(b) is absent from the legislature without permission in circumstances for which the rules and orders of the legislature prescribe loss of membership; or

(c) ceases to be a member of the party that nominated that person as a member of the legislature.

(၂) ပြည်နယ်ဥပဒေပြုလွှတ်တော်တစ်ရပ်၏ ကိုယ်စားလှယ်တစ်ဦး ဆောင်ရွက်နေရသော ကိစ္စရပ်များနှင့် လိုက်လျောညီထွေရှိသော ကိစ္စရပ်များ အတွက် ဆောင်ရွက်နေပြီး ထိုသို့သော ကိစ္စရပ်များနှင့် လိုက်လျော ညီထွေ ရှိသည်ဟု အမျိုးသားဥပဒေဖြင့် ထုတ်ပြန်ကြေငြာထားသော ရာထူးလက်ကိုင် ရှိသူများ။

(ခ) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်၏ အမြဲတမ်း ကိုယ်စားလှယ်များ သို့မဟုတ် မြူနီစပယ်ကောင်စီ၏ အဖွဲ့ဝင်များ၊

(ဂ) လူမွဲစာရင်းမှ မလွတ်မြောက်သေးသူများ၊

(ဃ) စိတ်ပေါ့သွပ်သူ အဖြစ် သမ္မတနိုင်ငံတော်၏ တရားရုံးတစ်ရုံးက ကြေငြာခံထားရသူတစ်ဦး သို့မဟုတ်

(င) ပြစ်မှုမြောက်သောလုပ်ရပ်သည် သမ္မတနိုင်ငံတော်အတွင်း၌ ပြစ်မှုတစ်ခုဖြစ်နိုင်ဖွယ်ရှိလျှင် သမ္မတနိုင်ငံ အတွင်း သို့မဟုတ် သမ္မတနိုင်ငံတော်၏ ပြင်ပတွင် ဤပုဒ်မအသက်ဝင်ပြီးနောက် ငွေဒဏ်ကျခံ၍မရသည့် ၁၂ လ ထက်ပိုသော ထောင်ဒဏ်တစ်ရပ်ကျခံရမည့် ပြစ်မှုတစ်ခုကိုကျူးလွန်၍ ထောင်ဒဏ်ကျခံနေရသူတစ်ဦး ဖြစ်နေ ခြင်း။ သို့သော် ပြစ်မှုအတွက် အယူခံတစ်ရပ် သို့မဟုတ် ထောင်ဒဏ်ကို ဆုံးဖြတ်ရခြင်း မရှိသေးသည့် အချိန်အထိ သို့မဟုတ် အယူခံဝင်သောကာလ ကုန်ဆုံးသွားသည့်အချိန်အထိ ပြစ်မှုကျူးလွန်သူဟု မည်သူမျှ သတ်မှတ်ခံရဖွယ်မရှိပါ။ ဤစာပိုဒ်ပါ အရည်အချင်းမပြည့်မီမှုသည် ထောင်ဒဏ်ကျခံပြီးနောက် ငါးနှစ်အကြာတွင် ပျက်ပြယ်ပါမည်။

(၂) ပုဒ်မခွဲ (၁)(က) သို့မဟုတ် (ခ) ပါ စည်းကမ်းချက်များအရ ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ရပ်၏ ကိုယ်စားလှယ်ဖြစ်ရန် အရည်အချင်းမပြည့်မီသူတစ်ဦးသည် အမျိုးသားဥပဒေပါ ကန့်သတ်ချက်များ သို့မဟုတ် သတ်မှတ်ချက်များနှင့် မဆန့်ကျင်လျှင် ဥပဒေပြုလွှတ်တော်အတွက် ကိုယ်စားလှယ်လောင်းတစ်ဦး ဖြစ်နိုင်ပါသည်။

(၃) အောက်ဖော်ပြပါတို့ကို ဆောင်ရွက်ခြင်းအားဖြင့် လူတစ်ဦးသည် ပြည်နယ် ဥပဒေပြု လွှတ်တော်၏ အဖွဲ့ဝင်ဖြစ်မှုကို ဆုံးရှုံးသည်-

(က) အရည်အချင်းပြည့်မီသူအဖြစ်မှ ရပ်ဆိုင်းလျှင်၊

(ခ) ဥပဒေပြုလွှတ်တော်၏ စည်းမျဉ်းများနှင့် အမိန့်များတွင် အဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းမည်ဟု ဖော်ပြထားသည့် အချိန်အခါများအတွင်း ဥပဒေပြုလွှတ်တော်မှ ခွင့်ပြုချက်မဲ့ ပျက်ကွက်ခြင်း သို့မဟုတ်

(ဂ) ပါတီတစ်ခုက ဥပဒေပြုလွှတ်တော်၏ အဖွဲ့ဝင်တစ်ဦးအဖြစ် ခန့်အပ်အဆိုပြုခြင်း ခံထားရသော လူပုဂ္ဂိုလ်တစ်ဦးသည် ဇယား ၆(က) နှင့်အညီ အခြားပါတီတစ်ရပ်၏ အဖွဲ့ဝင်တစ်ဦးဖြစ်လာခြင်း မဟုတ်ပါက ထိုပုဂ္ဂိုလ်ကို အဆိုပြုခန့်အပ်ထားသော ပါတီ၏ အဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းခြင်း။

*[Sub-s. (3) substituted by s. 4 of the Constitution Tenth Amendment Act of 2003 and by s. 4 of the Constitution Fourteenth Amendment Act of 2008.]*

(4) Vacancies in a provincial legislature must be filled in terms of national legislation.

## Oath or affirmation

107. Before members of a provincial legislature begin to perform their functions in the legislature, they must swear or affirm faithfulness to the Republic and obedience to the Constitution, in accordance with Schedule 2.

## Duration of provincial legislatures

108. (1) A provincial legislature is elected for a term of five years.

(2) If a provincial legislature is dissolved in terms of section 109, or when its term expires, the Premier of the province, by proclamation, must call and set dates for an election, which must be held within 90 days of the date the legislature was dissolved or its term expired. A proclamation calling and setting dates for an election may be issued before or after the expiry of the term of a provincial legislature.

*[Sub-s. (2) substituted by s. 1 of the Constitution Fourth Amendment Act of 1999.]*

(3) If the result of an election of a provincial legislature is not declared within the period referred to in section 190, or if an election is set aside by a court, the President, by proclamation, must call and set dates for another election, which must be held within 90 days of the expiry of that period or of the date on which the election was set aside.

(4) A provincial legislature remains competent to function from the time it is dissolved or its term expires, until the day before the first day of polling for the next legislature.

*[ပုဒ်မခွဲ (၃) အား၂၀၀၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၀ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ  ပုဒ်မ ၄ အရ အစားထိုးထားသည်။]*

(၄) ပြည်နယ်ဥပဒေပြုလွှတ်တော်တစ်ရပ်အတွင်းရှိ လစ်လပ်နေရာများအား အမျိုးသားဥပဒေ နှင့်အညီ ဖြည့်စွက်ခန့်အပ်ရမည်။

### ကျမ်းသစ္စာဆိုချက် သို့မဟုတ် ကတိသစ္စာပြုချက်

၁၀၇။ ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ရပ်၏ အဖွဲ့ဝင်များက ထိုလွှတ်တော်အတွင်းရှိ ၎င်းတို့၏ တာဝန်များကို စတင်ထမ်းဆောင်ခြင်းမပြုမီတွင် သမ္မတ နိုင်ငံတော်အပေါ် သစ္စာရှိကြောင်းနှင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာကြောင်း ဇယား ၂ နှင့်အညီ ကျမ်းသစ္စာဆိုရမည် သို့မဟုတ် ကတိသစ္စာပြုရမည်။

### ပြည်နယ် ဥပဒေပြု လွှတ်တော် များ၏ သက်တမ်း

၁၀၈။ (၁) ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ရပ်အား ငါးနှစ်သက်တမ်း တစ်ရပ်အတွက် ရွေးချယ်ခြင်းဖြစ်သည်။

(၂) ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ရပ်အား ပုဒ်မ ၁၀၉ ပါ ပြဋ္ဌာန်းချက်များအရ ဖျက်သိမ်းပါက သို့မဟုတ် လွှတ်တော် သက်တမ်းကုန်သွားပါက အဆိုပါပြည်နယ်၏ ဝန်ကြီးချုပ်အနေဖြင့် ပြည်နယ် ဥပဒေပြု လွှတ်တော် ကို ဖျက်သိမ်းသည့် သို့မဟုတ် သက်တမ်းကုန်သွားသည့်ရက်မှ ရက်ပေါင်း ၉၀ အတွင်း ရွေးကောက်ပွဲ ကျင်းပမည့်ရက်အား တရားဝင် သတ်မှတ်ကြေညာ ပေးရမည်။ ရွေးကောက်ပွဲ ကျင်းပရန်နှင့် ကျင်းပမည့်ရက်စွဲ အတွက် တရားဝင်ကြေညာချက်အား ပြည်နယ် ဥပဒေပြု လွှတ်တော် တစ်ရပ်၏ သက်တမ်းမကုန်မီ သို့မဟုတ် သက်တမ်းကုန်ပြီးနောက်တွင် ထုတ်ပြန် နိုင်သည်။

*[ပုဒ်မခွဲ (၂) အား ၁၉၉၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ စတုတ္ထကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ ပုဒ်မ ၁ ဖြင့် အစားထိုးထားသည်။]*

(၃) ပြည်နယ် ဥပဒေပြု လွှတ်တော် ရွေးကောက်ပွဲ ရလဒ်အား ပုဒ်မ ၁၉၀ တွင် ရည်ညွှန်းထားသည့် အချိန်ကာလအတွင်း ထုတ်ပြန်ကြေငြာနိုင်ခြင်းမရှိပါက သို့မဟုတ် ရွေးကောက်ပွဲတစ်ရပ်အား တရားရုံးတစ်ခုက ဖျက်သိမ်းရန် ဆုံးဖြတ်ပါက နိုင်ငံတော်သမ္မတအနေဖြင့် ထိုကာလ သက်တမ်းကုန်သွားသည့် သို့မဟုတ် ထိုရွေး ကောက်ပွဲ ဖျက်သိမ်းလိုက်သည့်ရက်မှ ရက်ပေါင်း ၉၀ အတွင်း ရွေးကောက်ပွဲတစ်ရပ် ကျင်းပရန်နှင့် ကျင်းပမည့်ရက်စွဲအား တရားဝင်ကြေညာပေးရမည်။

(၄) ပြည်နယ်ဥပဒေပြုလွှတ်တော်တစ်ရပ်သည် ယင်းကိုဖျက်သိမ်းသည့် သို့မဟုတ် သက်တမ်းကုန် သွားသည့် အချိန်မှစ၍ အသစ်ဖွဲ့စည်းမည့်လွှတ်တော်အတွက် ဆန္ဒမဲပေးသည့် ပထမဆုံးနေ့မတိုင်မီအထိ တာဝန် ထမ်းဆောင်ရန် အခွင့်အာဏာကို ဆက်လက်ပိုင်ဆိုင်ထားသည်။

## Dissolution of provincial legislatures before expiry of term

109. (1) The Premier of a province must dissolve the provincial legislature if—

(a) the legislature has adopted a resolution to dissolve with a supporting vote of a majority of its members; and

(b) three years have passed since the legislature was elected.

(2) An Acting Premier must dissolve the provincial legislature if—

(a) there is a vacancy in the office of Premier; and

(b) the legislature fails to elect a new Premier within 30 days after the vacancy occurred.

## Sittings and recess periods

110. (1) After an election, the first sitting of a provincial legislature must take place at a time and on a date determined by a judge designated by the Chief Justice, but not more than 14 days after the election result has been declared. A provincial legislature may determine the time and duration of its other sittings and its recess periods.

*[Sub-s. (1) substituted by s. 8 of the Constitution Sixth Amendment Act of 2001.]*

(2) The Premier of a province may summon the provincial legislature to an extraordinary sitting at any time to conduct special business.

(3) A provincial legislature may determine where it ordinarily will sit.

## ပြည်နယ်ဥပဒေပြု လွှတ်တော်များအား သက်တမ်းမကုန်မီ ဖျက်သိမ်းခြင်း

၁၀၉။ (၁) ပြည်နယ်တစ်ခု၏ဝန်ကြီးချုပ်အနေဖြင့် အောက်ဖော်ပြပါ အခြေအနေများတွင် ပြည်နယ်ဥပဒေပြု လွှတ်တော်ကို ဖျက်သိမ်းပေး ရမည် -

(က) ပြည်နယ်လွှတ်တော်အဖွဲ့ဝင်အများစု၏ ထောက်ခံမဲတစ်ရပ်ဖြင့် ချမှတ်သော ဖျက်သိမ်းရန် ဆုံးဖြတ်ချက်တစ်ရပ်ကို ယင်းဥပဒေပြုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားပြီး ဖြစ်ရမည်။ ထို့အပြင်

(ခ) ယင်းဥပဒေပြု လွှတ်တော်ကို ရွေးကောက်တင်မြှောက်ခဲ့သည်မှာ သုံးနှစ်ကျော် ကြာမြင့်ခဲ့ပြီး ဖြစ်ရမည်။

(၂) ယာယီဝန်ကြီးချုပ်တစ်ဦးအနေဖြင့် အောက်ဖော်ပြပါ အခြေအနေများတွင် သက်ဆိုင်ရာ ပြည်နယ် ဥပဒေပြု လွှတ်တော်ကို ဖျက်သိမ်းပေးရမည် -

(က) ဝန်ကြီးချုပ်ရုံးတွင် လစ်လပ်နေရာတစ်နေရာ ရှိနေပြီး

(ခ) လစ်လပ်နေရာရှိသည့်နေ့မှစတင်ကာ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးချုပ်အသစ်တစ်ဦးအား သက်ဆိုင်ရာ လွှတ်တော်က ရွေးချယ်နိုင်ခြင်း မရှိလျှင်။

## လွှတ်တော်အစည်းအဝေး ကျင်းပချိန်နှင့် ရပ်နားချိန်များ

၁၁၀။ (၁) ရွေးကောက်ပွဲတစ်ရပ် ကျင်းပပြီးနောက်တွင် ပြည်နယ် ဥပဒေပြု လွှတ်တော်၏ ပထမဆုံးအစည်းအဝေးအား တရားသူ ကြီးချုပ်က ခန့်အပ်ထားသည့် တရားသူကြီးတစ်ဦးက ဆုံးဖြတ်သော အချိန်နှင့် ရက်စွဲတွင် ကျင်းပရမည်ဖြစ် သော်လည်း ရွေးကောက်ပွဲရလဒ်ကို ကြေငြာပြီးနောက် ရက်ပေါင်း ၁၄ ရက်ထက် မကျော်လွန်ရပေ။ ပြည်နယ်ဥပဒေပြုလွှတ်တော်တစ်ရပ်သည် ယင်း၏ အခြားသော လွှတ်တော် အစည်းအဝေး ကျင်းပချိန်များနှင့် ရပ်နားချိန်များကို သတ်မှတ်နိုင်သည်။

*[ပုဒ်မခွဲ (၁) အား ၂၀၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ၏ ပုဒ်မ ၈ အရ အစားထိုးထားသည်။]*

(၂) ပြည်နယ်တစ်ခု၏ ဝန်ကြီးချုပ်သည် အထူးကိစ္စရပ်များ ဆောင်ရွက်ရေးအတွက် အရေးပေါ်လွှတ်တော် အစည်းအဝေး ကျင်းပရန် ပြည်နယ် ဥပဒေပြု လွှတ်တော်ကို အချိန်မရွေး ဆင့်ခေါ်နိုင်ပါသည်။

(၃) ပြည်နယ်ဥပဒေပြုလွှတ်တော်တစ်ရပ်သည် အရေးပေါ် လွှတ်တော်အစည်းအဝေး ကျင်းပမည့် နေရာကို ဆုံးဖြတ်နိုင်သည်။

## Speakers and Deputy Speakers

111. (1) At the first sitting after its election, or when necessary to fill a vacancy, a provincial legislature must elect a Speaker and a Deputy Speaker from among its members.

(2) A judge designated by the Chief Justice must preside over the election of a Speaker.

The Speaker presides over the election of a Deputy Speaker.

*[Sub-s. (2) substituted by s. 9 of the Constitution Sixth Amendment Act of 2001.]*

(3) The procedure set out in Part A of Schedule 3 applies to the election of Speakers and Deputy Speakers.

(4) A provincial legislature may remove its Speaker or Deputy Speaker from office by resolution. A majority of the members of the legislature must be present when the resolution is adopted.

(5) In terms of its rules and orders, a provincial legislature may elect from among its members other presiding officers to assist the Speaker and the Deputy Speaker.

## Decisions

112. (1) Except where the Constitution provides otherwise—

(a) a majority of the members of a provincial legislature must be present before a vote may be taken on a Bill or an amendment to a Bill;

(b) at least one third of the members must be present before a vote may be taken on any other question before the legislature; and

(c) all questions before a provincial legislature are decided by a majority of the votes cast.

(2) The member presiding at a meeting of a provincial legislature has no deliberative vote, but—

## ဥက္ကဋ္ဌ များနှင့် ဒုတိယ ဥက္ကဋ္ဌ များ

၁၁၁။ (၁) ပြည်နယ်ဥပဒေပြု လွှတ်တော်တစ်ရပ်သည် ရွေးကောက်ပွဲပြီးနောက် ပထမဆုံးကျင်းပသော လွှတ်တော်အစည်းအဝေးတွင် သော်လည်းကောင်း သို့မဟုတ် လစ်လပ်နေရာတစ်နေရာကို ဖြည့်စွက်ရန် လိုအပ်သောအခါတွင် သော်လည်းကောင်း ယင်း၏ အဖွဲ့ဝင်များအနက်မှ ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယ ဥက္ကဋ္ဌတစ်ဦးကို ရွေးကောက်တင်မြှောက်ရမည်။

(၂) တရားသူကြီးချုပ်က ခန့်အပ်ထားသော တရားသူကြီးတစ်ဦးသည် အထက်ဖော်ပြပါ ဥက္ကဋ္ဌ ရွေးကောက်ပွဲကို ကြီးကြပ်ပေးရမည်။ အဆိုပါ ဥက္ကဋ္ဌ သည် ဒုတိယ ဥက္ကဋ္ဌ တစ်ဦး ရွေးကောက်တင်မြှောက်ခြင်းကို ကြီးကြပ်ပေးရမည်။

*[ပုဒ်မခွဲ (၂) အား ၂၀၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ၏ ပုဒ်မ ၉ အရ အစားထိုးထားသည်။]*

(၃) ဇယား ၃ အပိုင်း (က) တွင် ဖော်ပြထားသော နည်းလမ်းသည် ဥက္ကဋ္ဌများနှင့် ဒုတိယ ဥက္ကဋ္ဌ နာယကများ ရွေးကောက်တင်မြှောက်ခြင်းနှင့် အကျုံးဝင်သည်။

(၄) ပြည်နယ်ဥပဒေပြုလွှတ်တော်တစ်ရပ်သည် ယင်း၏ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယ ဥက္ကဋ္ဌ အား မဲခွဲဆုံးဖြတ်ချက်တစ်ရပ်ဖြင့် ရာထူးမှ ဖယ်ရှားနိုင်သည်။ ဤမဲခွဲဆုံးဖြတ်ချက်ကို အတည်ပြုသောအခါတွင် လွှတ်တော်အဖွဲ့ဝင်အများစု ပါဝင်ရမည်။

(၅) ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ရပ်သည် ဥက္ကဋ္ဌ နှင့် ဒုတိယ ဥက္ကဋ္ဌ တို့ကို ကူညီမည့် မဲပေးခြင်းကိုကြီးကြပ်သူအရာရှိ များအား ၎င်း၏အဖွဲ့ဝင်များ အတွင်းမှ စည်းမျဉ်းများ၊ အမိန့်များနှင့်အညီ ရွေးချယ်နိုင်သည်။

## ဆုံးဖြတ်ချက်များ

၁၁၂။ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းအားဖြင့်ဖော်ပြထားခြင်းမှတပါး

(က) ဥပဒေမူကြမ်းတစ်ရပ် သို့မဟုတ် ဥပဒေမူကြမ်းအတွက် ပြင်ဆင်ချက်တစ်ရပ်ကို မဲခွဲဆုံးဖြတ်ခြင်း မပြုမီတွင် ပြည်နယ်ဥပဒေပြု လွှတ်တော်တစ်ရပ်၏ ကိုယ်စားလှယ်အများစု ရှိနေရမည်။

(ခ) လွှတ်တော်ရှေ့မှောက်သို့ တင်ပြလာသည့် အခြားမေးခွန်းတစ်ခုအတွက် မဲခွဲဆုံးဖြတ်ခြင်းမပြုမီတွင် အဖွဲ့ဝင် အနည်းဆုံး သုံးပုံတစ်ပုံ ရှိနေရမည်။

(ဂ) ပြည်နယ် ဥပဒေပြု လွှတ်တော်ရှေ့မှောက်သို့ တင်ပြလာသည့် မေးခွန်းများအားလုံးအား ပေးအပ်သော မဲအရေအတွက်၏ အများစုဆန္ဒဖြင့် ဆုံးဖြတ်ရမည်။

(၂) ပြည်နယ်ဥပဒေပြုလွှတ်တော်အစည်းအဝေးတစ်ရပ်တွင် ပါဝင်နေသည့် မဲပေးခြင်းကိုကြီးကြပ်သူအရာရှိတစ်ဦး သည် အောက်ပါအခြေအနေမှအပ အဖွဲ့ဝင်မဲပေးခွင့် မရှိပါ

(a) must cast a deciding vote when there is an equal number of votes on each side of a question; and

(b) may cast a deliberative vote when a question must be decided with a supporting vote of at least two thirds of the members of the legislature.

## Permanent delegates' rights in provincial legislatures

113. A province's permanent delegates to the National Council of Provinces may attend, and may speak in, their provincial legislature and its committees, but may not vote. The legislature may require a permanent delegate to attend the legislature or its committees.

## Powers of provincial legislatures

114. (1) In exercising its legislative power, a provincial legislature may— (a) consider, pass, amend or reject any Bill before the legislature; and (b) initiate or prepare legislation, except money Bills.

(2) A provincial legislature must provide for mechanisms—

(a) to ensure that all provincial executive organs of state in the province are accountable to it; and

(b) to maintain oversight of—

(i) the exercise of provincial executive authority in the province, including the implementation of legislation; and

(ii) any provincial organ of state.

(က) တစ်ဖက်ခြင်းစီ၏ မဲအရေအတွက် တူညီနေသောအခါ အနိုင်မဲတစ်မဲ ပေးရမည်။

(ခ) မေးခွန်းတစ်ရပ်အား လွှတ်တော်အဖွဲ့ဝင်စုစုပေါင်း၏ အနည်းဆုံး သုံးပုံနှစ်ပုံ၏ ထောက်ခံမဲတစ်ရပ်ဖြင့် ဆုံးဖြတ်သောအခါ အဖွဲ့ဝင်မဲပေးခွင့် ရှိပါသည်။

## ပြည်နယ် ဥပဒေပြု လွှတ်တော်အတွင်းရှိ အမြဲတမ်းကိုယ်စားလှယ်များ၏ အခွင့်အရေးများ

၁၁၃။ ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်တွင် ပါဝင်သည့် ပြည်နယ်တစ်ခု၏ အမြဲတမ်းကိုယ်စားလှယ်များသည် ၎င်းတို့၏ ပြည်နယ်ဥပဒေပြုလွှတ်တော်နှင့် ကော်မတီများတွင် တက်ရောက်ခြင်း၊ စကားပြောခြင်းများကို ပြုလုပ်နိုင်သော်လည်း မဲပေးနိုင်ခွင့်မရှိပါ။ ဥပဒေပြုလွှတ်တော်သည် အမြဲတမ်းကိုယ်စားလှယ်တစ်ဦးအား လွှတ်တော် သို့မဟုတ် ယင်း၏ ကော်မတီများသို့ တက်ရောက်ရန် လိုအပ်သည်။

## ပြည်နယ် ဥပဒေပြု လွှတ်တော်များ၏ အခွင့်အာဏာများ

၁၁၄။ (၁) ဥပဒေပြုအာဏာကို ကျင့်သုံးရန်အ လို့ငှာ ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ရပ်သည် -

(က) ဥပဒေပြုလွှတ်တော်သို့ တင်သွင်းသော ဥပဒေမူကြမ်းတစ်ရပ်ကို ထည့်သွင်းစဉ်းစားခြင်း၊ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းနှင့်

(ခ) ငွေကြေးဆိုင်ရာ ဥပဒေမူကြမ်းများမှအပ အခြားကိစ္စရပ်များအတွက် ဥပဒေပြုရန် စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း။

(၂) ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ရပ်သည် အောက်ပါ နည်းလမ်းများကို စီစဉ်ပေးရမည်

(က) ပြည်နယ်အတွင်းရှိ နိုင်ငံတော်၏ ပြည်နယ်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များအားလုံးက ယင်းအပေါ် တာဝန်ခံ စေရန်နှင့်

(ခ) အောက်ပါတို့ကို ဆက်လက်စောင့်ကြည့်ရန် -

(၁) ဥပဒေပြဋ္ဌာန်းချက်များကို လက်တွေ့ဖော်ဆောင်ခြင်းအပါအဝင် ပြည်နယ်အတွင်းရှိ ပြည်နယ်အုပ်ချုပ်ရေး အာဏာကို လက်တွေ့ကျင့်သုံးမှုနှင့်

(၂) နိုင်ငံတော်၏ ပြည်နယ်ရေးရာ အဖွဲ့များ။

## Evidence or information before provincial legislatures

115. A provincial legislature or any of its committees may—

(a) summon any person to appear before it to give evidence on oath or affirmation, or to produce documents;

(b) require any person or provincial institution to report to it;

(c) compel, in terms of provincial legislation or the rules and orders, any person or institution to comply with a summons or requirement in terms of paragraph (a) or (b); and

(d) receive petitions, representations or submissions from any interested persons or institutions.

## Internal arrangements, proceedings and procedures of provincial legislatures

116. (1) A provincial legislature may—

(a) determine and control its internal arrangements, proceedings and procedures; and

(b) make rules and orders concerning its business, with due regard to representative and participatory democracy, accountability, transparency and public involvement.

(2) The rules and orders of a provincial legislature must provide for—

(a) the establishment, composition, powers, functions, procedures and duration of its committees;

(b) the participation in the proceedings of the legislature and its committees of minority parties represented in the legislature, in a manner consistent with democracy;

## ပြည်နယ်ဥပဒေပြုလွှတ်တော်များရှေ့မှောက်တွင် စာရွက်စာတမ်းအထောက်အထား သို့မဟုတ် သတင်း အချက်အလက်များ ရယူခြင်း

၁၁၅။ ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ရပ် သို့မဟုတ် ယင်း ကော်မတီတစ်ရပ်သည် -

(က) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား ကျမ်းသစ္စာဆို၍သော်လည်းကောင်း၊ ကတိပြု၍ သော်လည်းကောင်း စာရွက်စာတမ်း အထောက်အထားပေးအပ်ရန် သို့မဟုတ် သက် သေခံချက်များ ပေးအပ် ရန်အတွက် ယင်း၏ ရှေ့မှောက်သို့ ဆင့်ခေါ်နိုင်သည်။

(ခ) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် ပြည်နယ်အဖွဲ့အစည်းတစ်ရပ်အား ယင်းထံသို့ အစီရင်ခံရန် လိုအပ်သည်။

(ဂ) အပိုဒ် (က) သို့မဟုတ် (ခ) အရ ဆင့်ခေါ်ခြင်း သို့မဟုတ် လိုအပ်ချက်ကို လိုက်နာရန် လူတစ်ဦး သို့မဟုတ် အဖွဲ့တစ်ဖွဲ့အား ပြည်နယ်ဥပဒေပြဋ္ဌာန်းချက် သို့မဟုတ် ဥပဒေများ၊ စည်းမျဉ်းများနှင့် အညီနှင့် အတင်းအကြပ်ပြုနိုင်ခြင်း နှင့်

(ဃ) စိတ်ပါဝင်စားသော ပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့များထံမှ အသနားခံစာများ၊ တင်ပြ တောင်းဆိုချက်များ သို့မဟုတ် လျှောက်ထားချက်များကို လက်ခံရယူခြင်း။

## ပြည်နယ် ဥပဒေပြု လွှတ်တော်များ၏ လွှတ်တော်တွင်း အစီအစဉ်များ၊ ဆောင်ရွက်မှုများနှင့် လုပ်ထုံးလုပ်နည်းများ

၁၁၆။ (၁) ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ရပ်သည် -

(က) ယင်း၏ လွှတ်တော်တွင်း အစီအစဉ်များ၊ ဆောင်ရွက်မှုများနှင့် လုပ်ထုံးလုပ်နည်းများကို ဆုံးဖြတ်ခြင်းနှင့် ကြီးကြပ်ထိန်းချုပ်ခြင်း။

(ခ) ကိုယ်စားပြုဒီမိုကရေစီနှင့် ပါဝင်လုပ်ဆောင်ဒီသည့်မိုကရေစီစံနှုန်းများ၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုနှင့် အများပြည်သူ ပါဝင်မှုတို့ကို အသေအချာ ထည့်သွင်းစဉ်းစား၍ လုပ်ဆောင်သော ယင်း၏ လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် စည်းမျဉ်းများနှင့် အမိန့်များ ပြဋ္ဌာန်းသတ်မှတ်ခြင်း။

(၂) ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ရပ်၏ စည်းမျဉ်းများနှင့် အမိန့်များတွင် -

(က) လွှတ်တော်ကော်မတီများ ဖွဲ့စည်းမှု၊ ဖွဲ့စည်းပုံ၊ လုပ်ပိုင်ခွင့်များ၊ လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများနှင့် သက်တမ်းကာလကို ဖော်ပြပေးရမည်။

(ခ) လွှတ်တော်အတွင်း ကိုယ်စားပြုပါဝင်နေသော လူနည်းစုပါတီများ၏ ကော်မတီများနှင့် လွှတ်တော်၏ လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်မှုအကြောင်း ဖော်ပြပေးရမည်။

(c) financial and administrative assistance to each party represented in the legislature, in proportion to its representation, to enable the party and its leader to perform their functions in the legislature effectively; and

(d) the recognition of the leader of the largest opposition party in the legislature, as the Leader of the Opposition.

**Privilege**

117. (1) Members of a provincial legislature and the province's permanent delegates to the National Council of Provinces—

(a) have freedom of speech in the legislature and in its committees, subject to its rules and orders; and

(b) are not liable to civil or criminal proceedings, arrest, imprisonment or damages for—

(i) anything that they have said in, produced before or submitted to the legislature or any of its committees; or

(ii) anything revealed as a result of anything that they have said in, produced before or submitted to the legislature or any of its committees.

(2) Other privileges and immunities of a provincial legislature and its members may be prescribed by national legislation.

(3) Salaries, allowances and benefits payable to members of a provincial legislature are a direct charge against the Provincial Revenue Fund.

(ဂ) လွှတ်တော်အတွင်း ကိုယ်စားပြုပါဝင်နေသည့် ပါတီတစ်ရပ်ချင်းစီနှင့် ယင်းတို့၏ ခေါင်းဆောင်များက လွှတ်တော်အတွင်းရှိ ၎င်းတို့၏ လုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ထိုပါတီတစ်ရပ်ချင်းစီ အတွက် ယင်း၏ ကိုယ်စားပြုမှုနှင့် ညီညွတ်သော ငွေကြေးနှင့် အုပ်ချုပ်ရေး အကူအညီများ ပေးအပ်ရန် ဖော်ပြပေးရမည်။

(ဃ) လွှတ်တော်အတွင်းရှိ အကြီးဆုံးအတိုက်အခံပါတီ၏ ခေါင်းဆောင်ဖြစ်သူအား အတိုက်အခံခေါင်းဆောင်အဖြစ် အသိမှတ်ပြုရမည်။

**အထူးအခွင့်အရေး**

၁၁၇။ (၁) ပြည်နယ်ဥပဒေပြုလွှတ်တော်တစ်ရပ်၏ အဖွဲ့ဝင်များနှင့် ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော်တွင် ခန့်အပ်ထားသည့် ပြည်နယ်တစ်ခု၏ အမြဲတမ်းကိုယ်စားလှယ်များသည် -

(က) သက်ဆိုင်ရာပြည်နယ်များ၏ စည်းမျဉ်းများ၊ အမိန့်များနှင့်အညီ လွှတ်တော်တွင် သော်လည်းကောင်း၊ ကော်မတီတွင်သော်လည်းကောင်း လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်ရှိသည်။ ထို့အပြင်

(ခ) အောက်ဖော်ပြပါကိစ္စရပ်များအတွက် တရားမမှု သို့မဟုတ် ရာဇဝတ်မှုဆိုင်ရာ အရေးယူဆောင်ရွက်မှုများ၊ ဖမ်းဆီးထိန်းသိမ်းမှု၊ ထောင်သွင်းအကျဉ်းချမှု သို့မဟုတ် ပျက်ဆီးဆုံးရှုံးမှုများ မဖြစ်စေရပေ -

(၁) လွှတ်တော်သို့မဟုတ်ယင်း၏ ကော်မတီရှေ့မှောက်တွင် ပြောကြားသော၊ ဖော်ထုတ်သော သို့မဟုတ် တင်သွင်းသော ကိစ္စမှန်သမျှ သို့မဟုတ်

(၂) လွှတ်တော် သို့မဟုတ် ယင်း၏ ကော်မတီများရှေ့မှောက်တွင် ပြောကြားသော၊ ဖော်ထုတ်သော သို့မဟုတ် တင်သွင်းသော ကိစ္စမှန်သမျှ၏ ရလဒ်တစ်ခုခုအဖြစ် သိရှိလာသော ကိစ္စမှန်သမျှ။

(၂) ပြည်နယ်ဥပဒေပြုလွှတ်တော်တစ်ရပ်နှင့် အဖွဲ့ဝင်များ၏ အခြားသောအထူးအခွင့်အရေးနှင့် ကင်းလွတ်ခွင့်များအား အမျိုးသားဥပဒေဖြင့် ဖော်ပြနိုင်သည်။

(၃) ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ရပ်၏ အဖွဲ့ဝင်များအတွက် ပေးအပ်သော လစာများ၊ စရိတ်များနှင့် အကျိုးခံစားခွင့်များအား ထိုပြည်နယ်၏ ဘဏ္ဍာရေးရန်ပုံငွေမှ တိုက်ရိုက်ကျခံပေးရမည်။

## Public access to and involvement in provincial legislatures

118. (1) A provincial legislature must—

(a) facilitate public involvement in the legislative and other processes of the legislature and its committees; and

(b) conduct its business in an open manner, and hold its sittings, and those of its committees, in public, but reasonable measures may be taken—

(i) to regulate public access, including access of the media, to the legislature and its committees; and

(ii) to provide for the searching of any person and, where appropriate, the refusal of entry to, or the removal of, any person.

(2) A provincial legislature may not exclude the public, including the media, from a sitting of a committee unless it is reasonable and justifiable to do so in an open and democratic society.

## Introduction of Bills

119. Only members of the Executive Council of a province or a committee or member of a provincial legislature may introduce a Bill in the legislature; but only the member of the Executive Council who is responsible for financial matters in the province may introduce a money Bill in the legislature.

**ပြည်နယ်ဥပဒေပြုလွှတ်တော်များအတွင်း အများပြည်သူ ဝင်ရောက်ခွင့်များနှင့် ပါဝင်ဆောင်ရွက်မှု**

၁၁၈။ (၁) ပြည်နယ်ဥပဒေပြုလွှတ်တော်တစ်ရပ်သည် -

(က) လွှတ်တော်တစ်ရပ်နှင့် ထိုလွှတ်တော်က ဖွဲ့စည်းထားသော ကော်မတီများ၏ ဥပဒေပြုရေးနှင့် အခြားသော လုပ်ငန်းစဉ်များတွင် အများပြည်သူ ပါဝင်ဆောင်ရွက်မှုကို ကူညီဆောင်ရွက်ပေးရမည်။ ထို့အတူ

(ခ) ယင်း၏ လုပ်ငန်းဆောင်ရွက်မှုများအား ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ လွှတ်တော်အစည်းအဝေးများနှင့် လွှတ်တော်ကော်မတီများ၏ အစည်းအဝေးများကိုလည်း အများသူငှာ သိမြင်နိုင်သောပုံစံဖြင့် ကျင်းပရမည်ဖြစ်သော်လည်း အောက်ပါတို့ကဲ့သို့ ကြောင်းကျိုးဆီလျော်သော အရေးယူဆောင်ရွက်မှုများကို ပြုလုပ်နိုင်သည် -

(၁) ဥပဒေပြု လွှတ်တော်နှင့် လွှတ်တော်ကော်မတီများအား မီဒီယာများ ဝင်ရောက်ကြည့်ရှုခွင့်အပါအဝင် အများပြည်သူ ဝင်ရောက်ခွင့်များကို စည်းမျဉ်းများဖြင့် ထိန်းကြောင်းရန်။

(၂) လူတစ်ဦးတစ်ယောက်ကို ရှာဖွေစစ်ဆေးခြင်းနှင့် သင့်လျော်ပါက လူတစ်ဦးတစ်ယောက်၏ ဝင်ရောက်ခွင့်ကို ငြင်းပယ်ခြင်း သို့မဟုတ် ဖယ်ရှားခြင်း တို့အတွက်စီစဉ်ပေးရန်။

(၂) ပွင့်လင်းမြင်သာသော ဒီမိုကရေစီ လူ့ဘောင်တစ်ရပ်အတွင်းရှိ ကော်မတီတစ်ရပ်၏ အစည်းအဝေးပွဲအား မီဒီယာများအပါအဝင် အများပြည်သူ ကြည့်ရှုလေ့လာခြင်းအပေါ် လက်တွေ့ကျ၍ ကြောင်းကျိုးခိုင်လုံသော အကြောင်းအရင်းဖြင့် ပိတ်ပင်ခြင်းမျိုး မဟုတ်ပါက ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ရပ်အနေဖြင့် ထိုသို့ပိတ်ပင်နိုင်ဖွယ် မရှိပေ။

**ဥပဒေမူကြမ်းများ တင်သွင်းခြင်း**

၁၁၉။ ပြည်နယ်တစ်ရပ်၏ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ သို့မဟုတ် ပြည်နယ် ဥပဒေပြု လွှတ်တော်အဖွဲ့ဝင်များကသာ ဥပဒေမူကြမ်းတစ်ရပ်အား လွှတ်တော်သို့ တင်သွင်းနိုင် သော်လည်း ထိုပြည်နယ်အတွင်းရှိ ငွေကြေးကိစ္စရပ်များအတွက် တာဝန်ရှိသော အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်ကသာလျှင် ငွေကြေးဆိုင်ရာ ဥပဒေမူကြမ်းအား လွှတ်တော်သို့ တင်သွင်းနိုင်ပါသည်။

## Money Bills

120. (1) A Bill is a money Bill if it—

(a) appropriates money;

(b) imposes provincial taxes, levies, duties or surcharges;

(c) abolishes or reduces, or grants exemptions from, any provincial taxes, levies, duties or surcharges; or

(d) authorises direct charges against a Provincial Revenue Fund.

(2) A money Bill may not deal with any other matter except—

(a) a subordinate matter incidental to the appropriation of money;

(b) the imposition, abolition or reduction of provincial taxes, levies, duties or surcharges;

(c) the granting of exemption from provincial taxes, levies, duties or surcharges; or

(d) the authorisation of direct charges against a Provincial Revenue Fund.

(3) A provincial Act must provide for a procedure by which the province's legislature may amend a money Bill.

*[S. 120 substituted by s. 3 of the Constitution Seventh Amendment Act of 2001.]*

## Assent to Bills

121. (1) The Premier of a province must either assent to and sign a Bill passed by the provincial legislature in terms of this Chapter or, if the Premier has reservations about the constitutionality of the Bill, refer it back to the legislature for reconsideration.

**ငွေကြေးဆိုင်ရာ ဥပဒေမူကြမ်းများ**

၁၂၀။ (၁) အောက်ပါတို့နှင့်အကျုံးဝင်သော ဥပဒေမူကြမ်းတစ်ရပ်သည် ငွေကြေးဆိုင်ရာ ဥပဒေမူကြမ်းတစ်ရပ် ဖြစ်သည် -

(က) ငွေကြေးလျာထားချက်များ၊

(ခ) ပြည်နယ်အခွန်များ၊ အခွန်စည်းကြပ်မှုများ၊ အကောက်အခွန်များ သို့မဟုတ် အပိုကြေးများ ပြဋ္ဌာန်းခြင်း ၊ ပြည်နယ်အခွန်စည်းကြပ်မှုတစ်ခုအတွက် ကင်းလွတ်ခွင့်များ ဖျက်သိမ်းခြင်း၊ လျှော့ချခြင်း သို့မဟုတ် ပေးအပ်ခြင်း၊ သို့မဟုတ်

(ဂ) ပြည်နယ်အခွန်များ၊ အခွန်စည်းကြပ်မှုများ၊ အခွန်အခများ သို့မဟုတ် အပိုကြေးများအတွက် ကင်းလွတ်ခွင့် ဖျက်သိမ်းခြင်း သို့မဟုတ် လျှော့ချခြင်း သို့မဟုတ် ပေးအပ်ခြင်း၊ သို့မဟုတ်

(ဃ) ပြည်နယ်ငွေကြေးရန်ပုံငွေအဖွဲ့တစ်ဖွဲ့ထံမှ တိုက်ရိုက်ကောက်ခံခွင့်ပြုခြင်း။

(၂) ငွေကြေးဆိုင်ရာ ဥပဒေမူကြမ်းတစ်ရပ်သည် အောက်ပါတို့မှအပ အခြားကိစ္စရပ်များအတွက် ကိုင်တွယ်ဖြေရှင်းနိုင်ခြင်း မရှိပါ -

(က) ငွေကြေးလျာထားချက်၏ အကျိုးဆက်ဖြစ်သော နောက်ဆက်တွဲ ကိစ္စရပ်တစ်ရပ်၊

(ခ) ပြည်နယ်အခွန်များ၊ အခွန်စည်းကြပ်မှုများ၊ အခွန်အခများ သို့မဟုတ် အပိုကြေးများ ပြဋ္ဌာန်းခြင်း၊ ဖျက်သိမ်းခြင်း သို့မဟုတ် လျှော့ချခြင်း၊

(ဂ) ပြည်နယ်အခွန်များ၊ အခွန်စည်းကြပ်မှုများ၊ အခွန်အခများ သို့မဟုတ် အပိုကြေးများ ကင်းလွတ်ခွင့်ကို ပေးအပ်ခြင်း သို့မဟုတ်

(ဃ) ပြည်နယ်ငွေကြေးရန်ပုံငွေအဖွဲ့တစ်ဖွဲ့ထံမှ တိုက်ရိုက်ကောက်ခံခွင့်ပြုခြင်း။

(၃) ပြည်နယ် ဥပဒေပြုလွှတ်တော်တစ်ရပ်က ငွေကြေးဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်ကို ပြင်ဆင်ဖြည့်စွက်ရာတွင် အသုံးပြုရမည့် လုပ်ထုံးလုပ်နည်းတစ်ရပ်အား ပြည်နယ်အက်ဥပဒေတစ်ရပ်တွင် ဖော်ပြပေးရမည်။

*[ပုဒ်မ(၁၂၀) အား ၂၀၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ သတ္တမကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ၏ ပုဒ်မ ၃ အရ အစားထိုးထားသည်။]*

**ဥပဒေကြမ်းများ အတည်ပြုခြင်း**

၁၂၁။ (၁) ဤအခန်းပါ စည်းမျဉ်းများနှင့်အညီ ပြည်နယ် ဥပဒေပြု လွှတ်တော်က အတည်ပြုထားသော ဥပဒေကြမ်းတစ်ရပ်အား ပြည်နယ်ဝန်ကြီးချုပ်ဖြစ်သူက အတည်ပြု လက်မှတ်ရေးထိုးပေးရပါမည်။ သို့သော် ထိုဥပဒေကြမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ-မရှိ သံသယများရှိနေပါက ပြန်လည်စဉ်းစားသုံးသပ်ရန်အတွက် လွှတ်တော်သို့ ပြန်လည်လွှဲပြောင်း ပေးရပါမည်။

(2) If, after reconsideration, a Bill fully accommodates the Premier's reservations, the Premier must assent to and sign the Bill; if not, the Premier must either—

(a) assent to and sign the Bill; or

(b) refer it to the Constitutional Court for a decision on its constitutionality.

(3) If the Constitutional Court decides that the Bill is constitutional, the Premier must assent to and sign it.

## Application by members to Constitutional Court

122. (1) Members of a provincial legislature may apply to the Constitutional Court for an order declaring that all or part of a provincial Act is unconstitutional.

(2) An application—

(a) must be supported by at least 20 per cent of the members of the legislature; and

(b) must be made within 30 days of the date on which the Premier assented to and signed the Act.

(3) The Constitutional Court may order that all or part of an Act that is the subject of an application in terms of subsection (1) has no force until the Court has decided the application if—

(a) the interests of justice require this; and

(b) the application has a reasonable prospect of success.

(4) If an application is unsuccessful, and did not have a reasonable prospect of success, the Constitutional Court may order the applicants to pay costs.

(၂) ဥပဒေကြမ်းကို ပြန်လည်သုံးသပ်ပြီးနောက် ဝန်ကြီးချုပ်၏ သံသယများကို အပြည့်အဝ ဖြေရှင်းပေးထားပါက ဝန်ကြီးချုပ်အနေဖြင့် ထိုဥပဒေကြမ်းကို အတည်ပြုလက်မှတ်ရေးထိုးပေးရပေမည်။ ထိုသို့မဟုတ်ပါက ဝန်ကြီးချုပ်အနေဖြင့် -

(က) ဥပဒေကြမ်းကို အတည်ပြုလက်မှတ်ရေးထိုးပေးရမည် သို့မဟုတ်

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ/မရှိ ဆုံးဖြတ်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ထိုဥပဒေကြမ်းကို လွှဲပြောင်းပေးရမည်။

(၃) ဥပဒေကြမ်းတစ်ခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်သည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက ဆုံးဖြတ်ခဲ့ပါက ဝန်ကြီးချုပ်အနေဖြင့် ထိုဥပဒေကြမ်းကို အတည်ပြုလက်မှတ်ရေးထိုးပေးရမည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ ကိုယ်စားလှယ်များက လျှောက်ထားခြင်း**

၁၂၂။ (၁) ပြည်နယ်အက်ဥပဒေ တစ်ရပ်လုံး သို့မဟုတ် အစိတ်အပိုင်းတစ်ခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း ကြေညာသော အမိန့်တစ်ရပ်ကို ထုတ်ပြန်ပေးရန်အတွက် ပြည်နယ် ဥပဒေပြု လွှတ်တော် ကိုယ်စားလှယ်များက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ လျှောက်ထားနိုင်သည်။

(၂) လျှောက်ထားမှုတစ်ရပ်အား -

(က) လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းက ထောက်ခံရမည်။ ထို့အပြင်

(ခ) ဝန်ကြီးချုပ်ဖြစ်သူက ထိုအက်ဥပဒေကို သဘောတူ လက်မှတ်ရေးထိုးခဲ့သည့်အချိန်မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားခြင်းဖြစ်ရမည်။

(၃) ပုဒ်မခွဲ (၁) အရ ပြုလုပ်သော လျှောက်ထားမှုတစ်ခုသည် အောက်ပါအခြေအနေများတွင် ရှိနေသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကဆုံးဖြတ်ချက်ချသည့်အချိန်မတိုင်မီအထိထို လျှောက်ထားမှုနှင့်သက်ဆိုင် နေသည့် အက်ဥပဒေတစ်ရပ်လုံး သို့မဟုတ် အစိတ်အပိုင်းတစ်ခုသည် တရားဝင်မှုမရှိဟု တရားရုံးက အမိန့်ချမှတ်နိုင်သည် -

(က) တရားမျှတမှု၏ အကျိုးစီးပွားအလို့ငှာ ၎င်းကိုလိုအပ်ပြီး

(ခ) ဤလျှောက်ထားမှု အောင်မြင်ရန် ကြောင်းကျိုးခိုင်လုံသော အလားအလာတစ်ရပ် ရှိခြင်း

(၄) လျှောက်ထားမှုတစ်ရပ်တွင် အောင်မြင်မှုမရှိသည့်အပြင် အောင်မြင်ရန် ကြောင်းကျိုးခိုင်လုံသော အလားအလာတစ်ရပ်လည်းမရှိပါက လျှောက်ထားသူများက ကုန်ကျစရိတ်ကျခံရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အမိန့်ချမှတ်နိုင်သည်။

## Publication of provincial Acts

123. A Bill assented to and signed by the Premier of a province becomes a provincial Act, must be published promptly and takes effect when published or on a date determined in terms of the Act.

## Safekeeping of provincial Acts

124. The signed copy of a provincial Act is conclusive evidence of the provisions of that Act and, after publication, must be entrusted to the Constitutional Court for safekeeping.

# Provincial Executives

## Executive authority of provinces

125. (1) The executive authority of a province is vested in the Premier of that province.

(2) The Premier exercises the executive authority, together with the other members of the Executive Council, by—

(a) implementing provincial legislation in the province;

(b) implementing all national legislation within the functional areas listed in Schedule 4 or 5 except where the Constitution or an Act of Parliament provides otherwise;

(c) administering in the province, national legislation outside the functional areas listed in Schedules 4 and 5, the administration of which has been assigned to the provincial executive in terms of an Act of Parliament;

(d) developing and implementing provincial policy;

(e) co-ordinating the functions of the provincial administration and its departments;

(f) preparing and initiating provincial legislation; and

### ပြည်နယ်အက်ဥပဒေများ ထုတ်ဝေဖြန့်ချိခြင်း

၁၂၃။ ပြည်နယ်တစ်ခု၏ ဝန်ကြီးချုပ်ဖြစ်သူက အတည်ပြု လက်မှတ်ရေးထိုးထားသော ဥပဒေ ကြမ်းတစ်ရပ်သည် ပြည်နယ်အက်ဥပဒေတစ်ရပ် ဖြစ်လာမည်ဖြစ်ပြီး ယင်းအား အလျှင်အမြန် ဖြန့်ချိပေးရမည့်အပြင် ဖြန့်ချိထုတ်ဝေသောအချိန်၌ သို့မဟုတ် ထိုအက်ဥပဒေပါ စည်းကမ်းချက်များတွင် သတ်မှတ်ထားသော ရက်စွဲ၌ အသက်ဝင်လာပေမည်။

### ပြည်နယ်အက်ဥပဒေများကို ထိန်းသိမ်း စောင့်ရှောက်ခြင်း

၁၂၄။ လက်မှတ်ရေးထိုးထားသော ပြည်နယ်အက်ဥပဒေတစ်ရပ်၏ မိတ္တူသည် ထိုအက်ဥပဒေပါ ပြဋ္ဌာန်းချက်များ၏ ပြည့်စုံခိုင်လုံသော အထောက်အထားဖြစ်ပြီး ဖြန့်ချိထုတ်ဝေပြီးနောက်တွင် ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးသို့ အပ်နှံ ပေးရမည်။

## ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့

### ပြည်နယ်များ၏ အုပ်ချုပ်ရေးအာဏာ

၁၂၅။ (၁) ပြည်နယ်တစ်ခု၏ အုပ်ချုပ်ရေးအာဏာအား ထိုပြည်နယ်၏ ဝန်ကြီးချုပ်ထံ အပ်နှင်းထားသည်။

(၂) ပြည်နယ်ဝန်ကြီးချုပ်သည် ဤအုပ်ချုပ်ရေးအာဏာအား အုပ်ချုပ်ရေးကောင်စီ၏ အခြားအဖွဲ့ဝင်များနှင့် အတူ အောက်ပါတို့ကို ဆောင်ရွက်ခြင်းအားဖြင့် လက်တွေ့ကျင့်သုံးသည် -

(က) ပြည်နယ်အတွင်းရှိ ပြည်နယ်ဥပဒေများကို လက်တွေ့ဖော်ဆောင်ခြင်း၊

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် လွှတ်တော်အက်ဥပဒေတစ်ရပ်တွင် တစ်နည်းနည်းဖြင့် ဖော်ပြထားခြင်းမရှိပါက ဇယား ၄ သို့မဟုတ် ၅ တွင် စာရင်းပြုဖော်ပြထားသည့် လုပ်ငန်းနယ်ပယ်များအတွင်းရှိ အမျိုးသားဥပဒေများ အားလုံးကို လက်တွေ့ဖော်ဆောင်ခြင်း။

(ဂ) လွှတ်တော်အက်ဥပဒေတစ်ရပ်အရ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့သို့ တာဝန်ပေးအပ်ထားပြီးဖြစ်သည့် အုပ်ချုပ်ရေးနှင့်သက်ဆိုင်သော ဇယား ၄ နှင့် ၅ တွင် စာရင်းပြုဖော်ပြထားသော လုပ်ငန်းနယ်ပယ်များပြင်ပမှ အမျိုးသားဥပဒေအရ ပြည်နယ်အတွင်း အုပ်ချုပ်ခြင်း။

(ဃ) ပြည်နယ်မူဝါဒများ ဖန်တီးဖော်ဆောင်ခြင်း၊

(င) ပြည်နယ်အုပ်ချုပ်ရေးနှင့် အုပ်ချုပ်ရေးဌာနများ၏ လုပ်ငန်းတာဝန်များကို ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(စ) ပြည်နယ်အက်ဥပဒေများ ပြင်ဆင်ခြင်းနှင့် အစပျိုးဆောင်ရွက်ခြင်း၊

(g) performing any other function assigned to the provincial executive in terms of the Constitution or an Act of Parliament.

(3) A province has executive authority in terms of subsection (2)(b) only to the extent that the province has the administrative capacity to assume effective responsibility. The national government, by legislative and other measures, must assist provinces to develop the administrative capacity required for the effective exercise of their powers and performance of their functions referred to in subsection (2).

(4) Any dispute concerning the administrative capacity of a province in regard to any function must be referred to the National Council of Provinces for resolution within 30 days of the date of the referral to the Council.

(5) Subject to section 100, the implementation of provincial legislation in a province is an exclusive provincial executive power.

(6) The provincial executive must act in accordance with—

(a) the Constitution; and

(b) the provincial constitution, if a constitution has been passed for the province.

## Assignment of functions

126. A member of the Executive Council of a province may assign any power or function that is to be exercised or performed in terms of an Act of Parliament or a provincial Act, to a Municipal Council. An assignment—

(a) must be in terms of an agreement between the relevant Executive Council member and the Municipal Council;

(b) must be consistent with the Act in terms of which the relevant power or function is exercised or performed; and

(c) takes effect upon proclamation by the Premier.

(ဆ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ သို့မဟုတ် အမြင့်ဆုံးဥပဒေပြုလွှတ်တော်၏ အက်ဥပဒေတစ်ရပ်အရ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့သို့ အပ်နှင်းထားသည့် အခြားလုပ်ငန်းတာဝန်များကို ၏ဆောင်ရွက်ခြင်း။

(၃) ထိရောက်စွာတာဝန်ယူနိုင်သော အုပ်ချုပ်ရေးစွမ်းပကားကို ပိုင်ဆိုင်ထားသော ပြည်နယ်တစ်ခုသည် ပုဒ်မခွဲ (၂) (ခ) အရ အုပ်ချုပ်ရေးအာဏာတစ်ရပ်ကို ပိုင်ဆိုင်ထားပါသည်။ ပုဒ်မခွဲ (၂) တွင် ရည်ညွှန်းထားသည့် ပြည်နယ်များ၏ လုပ်ပိုင်ခွင့်များကို ထိရောက်စွာကျင့်သုံးရန်နှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် လိုအပ်သော အုပ်ချုပ်ရေး စွမ်းရည် ဖွံ့ဖြိုးစေရန်အတွက် နိုင်ငံတော်အစိုးရက ပြည်နယ်များသို့ ဥပဒေပြဋ္ဌာန်းချက်များနှင့် စီမံချက်များအားဖြင့် အကူအညီပေးရမည်။

(၄) လုပ်ငန်းတာဝန်ပိုင်းနှင့်စပ်လျဉ်းသည့် ပြည်နယ်တစ်ခု၏ အုပ်ချုပ်ရေးစွမ်းရည်အတွက် အငြင်းပွားမှုအား ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် သို့ လွှဲပြောင်းပေးရမည်ဖြစ်ပြီး ထိုသို့လွှဲပြောင်းပေးသောရက်စွဲမှ ရက်ပေါင်း ၃၀ အတွင်း ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ရန်အတွက်ဖြစ်သည်။

(၅) ပုဒ်မ ၁၀၀ အရ ပြည်နယ်တစ်ခုအတွင်းရှိ ပြည်နယ်ဥပဒေကို အကောင်ထည် ဖော်ဆောင် ခြင်း သည် ပြည်နယ်ဆိုင်ရာ သီးခြားအုပ်ချုပ်ရေးအာဏာတစ်ရပ် ဖြစ်ပါသည်။

(၆) ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့သည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာပြည်နယ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို အတည်ပြုထားပြီးဖြစ်ပါကလည်း ထိုပြည်နယ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ရည်။

**လုပ်ငန်းတာဝန်များ ပေးအပ်ခြင်း**

၁၂၆။ ပြည်နယ်တစ်ခု၏ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်တစ်ဦးသည် အမြင့်ဆုံးဥပဒေပြုလွှတ်တော်၏ အက်ဥပဒေတစ်ရပ် သို့မဟုတ် ပြည်နယ်အက်ဥပဒေတစ်ရပ်နှင့်အညီကျင့်သုံးရမည့် သို့မဟုတ် ဆောင်ရွက်ရမည့် အခွင့်အာဏာတစ်ရပ် သို့မဟုတ် လုပ်ငန်းတာဝန်တစ်ရပ်အား စည်ပင်သာယာရေးကောင်စီတစ်ရပ်သို့ ပေးအပ် နိုင်သည် တာဝန်အပ်နှင်းမှုတစ်ရပ်သည် -

(က) သက်ဆိုင်ရာ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် စည်ပင်သာယာရေးကောင်စီအကြားရှိ သဘောတူညီမှုတစ်ရပ်အရ ဖြစ်ရမည်။

(ခ) သက်ဆိုင်ရာ အခွင့်အာဏာ သို့မဟုတ် လုပ်ငန်းတာဝန်ကို ကျင့်သုံးရာတွင် သို့မဟုတ် ဆောင်ရွက်ရာတွင် ဤအက်ဥပဒေနှင့် ညီညွတ်ရမည်။

(ဂ) ဝန်ကြီးချုပ်က တရား ဝန် ဝင် ကြေညာချက် ထုတ်ပြန်ပြီးနောက်တွင် အသက်ဝင်ရမည်။

## Powers and functions of Premiers

127. (1) The Premier of a province has the powers and functions entrusted to that office by the Constitution and any legislation.

(2) The Premier of a province is responsible for—

(a) assenting to and signing Bills;

(b) referring a Bill back to the provincial legislature for reconsideration of the Bill's constitutionality;

(c) referring a Bill to the Constitutional Court for a decision on the Bill's constitutionality;

(d) summoning the legislature to an extraordinary sitting to conduct special business;

(e) appointing commissions of inquiry; and

(f) calling a referendum in the province in accordance with national legislation.

## Election of Premiers

128. (1) At its first sitting after its election, and whenever necessary to fill a vacancy, a provincial legislature must elect a woman or a man from among its members to be the Premier of the province.

(2) A judge designated by the Chief Justice must preside over the election of the Premier. The procedure set out in Part A of Schedule 3 applies to the election of the Premier.

*[Sub-s. (2) substituted by s. 10 of the Constitution Sixth Amendment Act of 2001.]*

(3) An election to fill a vacancy in the office of Premier must be held at a time and on a date determined by the Chief Justice, but not later than 30 days after the vacancy occurs.

*[Sub-s. (3) substituted by s. 10 of the Constitution Sixth Amendment Act of 2001.]*

**ဝန်ကြီးချုပ်များ၏ အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များ**

၁၂၇။ (၁) ပြည်နယ်ဝန်ကြီးချုပ်တစ်ဦးသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေပြဋ္ဌာန်းချက်တစ်ခုအရ ဝန်ကြီးချုပ်ရုံးသို့ အပ်နှင်းထားသည့် အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို ပိုင်ဆိုင်ထားသည် -

(၂) ပြည်နယ်တစ်ခု၏ ဝန်ကြီးချုပ်ဖြစ်သူသည် အောက်ပါတို့အတွက် တာဝန်ရှိပါသည် -

(က) ဥပဒေကြမ်းများ သဘောတူခြင်းနှင့် လက်မှတ်ရေးထိုးပေးခြင်း၊

(ခ) ဥပဒေကြမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ-မရှိ ပြန်လည်သုံးသပ်ရန်အတွက် ပြည်နယ် ဥပဒေပြု လွှတ်တော်သို့ ထိုဥပဒေကြမ်းကို ပြန်လည်လွှဲပြောင်းပေးခြင်း၊

(ဂ) ဥပဒေကြမ်းတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ-မရှိ ဆုံးဖြတ်ပေးရန် အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ထိုဥပဒေ မူ ကြမ်းကို လွှဲပြောင်းပေးခြင်း၊

(ဃ) အထူးကိစ္စရပ်များအတွက် အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပရန် ပြည်နယ်ဥပဒေပြု လွှတ်တော်ကို ဆင့်ခေါ်ခြင်း၊

(င) စုံစမ်းစစ်ဆေးရေး ကော်မရှင်များ ဖွဲ့စည်းခြင်းနှင့်

(စ) အမျိုးသားဥပဒေ နှင့်အညီ ပြည်နယ်အတွင်း ဆန္ဒခံယူပွဲတစ်ရပ် ကျင်းပစေခြင်း။

**ဝန်ကြီးချုပ်များ ရွေးကောက်တင်မြှောက်ခြင်း**

၁၂၈။ (၁) ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ရပ်သည် ရွေးကောက် ပွဲကျင်းပပြီးနောက် ပထမဆုံးကျင်းပသော အစည်းအဝေးတွင် သို့မဟုတ် လစ်လပ်နေရာကို ဖြည့်စွက်ရန် လိုအပ်သောအချိန်တွင် လွှတ် တော်ကိုယ်စားလှယ်များအတွင်းမှ အမျိုးသမီးတစ်ဦး သို့မဟုတ် အမျိုးသားတစ်ဦးအား ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ရမည်။

(၂) တရားသူကြီးချုပ်က ခန့်အပ်ထားသော တရားသူကြီးတစ်ဦးသည် ဝန်ကြီးချုပ် ရွေးကောက်ပွဲကို ကြီးမှူးကျင်းပပေးရမည်။ ဇယား ၃ ၏ အပိုင်း ၁ တွင် ဖော်ပြထားသော လုပ်ငန်းစဉ်သည် ဝန်ကြီးချုပ် ရွေးကောက်တင်မြှောက်ခြင်းနှင့် အကျုံးဝင်ပါသည်။

*[ပုဒ်မခွဲ (၂) အား ၂၀၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ၏ ပုဒ်မ ၁၀ အရ အစားထိုးထားသည်။]*

(၃) ဝန်ကြီးချုပ်ရုံးအတွက် လစ်လပ်နေရာဖြည့်စွက်ရန် ရွေးကောက်ပွဲတစ်ရပ်အား တရားသူကြီး ချုပ်က ဆုံးဖြတ်သော ရက်စွဲနှင့် အချိန်တွင် ကျင်းပရမည်ဖြစ်သော်လည်း လစ်လပ်နေရာဖြစ်ပေါ်ပြီးနောက် ရက်ပေါင်း ၃၀ ထက် နောက်ကျခြင်း မရှိစေရပေ။

*[ပုဒ်မခွဲ (၃) အား ၂၀၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ၏ ပုဒ်မ ၁၀ အရ အစားထိုးထားသည်။]*

## Assumption of office by Premiers

129. A Premier-elect must assume office within five days of being elected, by swearing or affirming faithfulness to the Republic and obedience to the Constitution, in accordance with Schedule 2.

## Term of office and removal of Premiers

130. (1) A Premier's term of office begins when the Premier assumes office and ends upon a vacancy occurring or when the person next elected Premier assumes office.

(2) No person may hold office as Premier for more than two terms, but when a person is elected to fill a vacancy in the office of Premier, the period between that election and the next election of a Premier is not regarded as a term.

(3) The legislature of a province, by a resolution adopted with a supporting vote of at least two thirds of its members, may remove the Premier from office only on the grounds of—

(a) a serious violation of the Constitution or the law;

(b) serious misconduct; or

(c) inability to perform the functions of office.

(4) Anyone who has been removed from the office of Premier in terms of subsection (3) (a) or (b) may not receive any benefits of that office, and may not serve in any public office.

## Acting Premiers

131. (1) When the Premier is absent or otherwise unable to fulfil the duties of the office of Premier, or during a vacancy in the office of Premier, an office-bearer in the order below acts as the Premier:

(a) A member of the Executive Council designated by the Premier.

(b) A member of the Executive Council designated by the other members of the Council.

**ဝန်ကြီးချုပ်များ တာဝန်စတင်ထမ်းဆောင်ခြင်း**

၁၂၉။ ရွေးကောက်တင်မြှောက်ခံရသော ဝန်ကြီးချုပ်သည် ဇယား ၂ အရ သမ္မတနိုင်ငံတော်သို့ သစ္စာစောင့်သိကြောင်းနှင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း လေးစားလိုက်နာကြောင်းအား အရွေးချယ်ခံပြီးနောက် ငါးရက်အတွင်း ကျမ်းသစ္စာဆိုခြင်းအားဖြင့် သို့မဟုတ် ကတိသစ္စာပြုခြင်းအားဖြင့် စတင်တာဝန်ထမ်းဆောင်ရမည်။

**ဝန်ကြီးများ၏ ရာထူးသက်တမ်းနှင့် ရာထူးမှဖယ်ရှားမှု**

၁၃၀။ (၁) ဝန်ကြီးချုပ်တစ်ဦး၏ ရာထူးသက်တမ်းသည် ထိုဝန်ကြီးဖြစ်သူက စတင်တာဝန် ထမ်းဆောင်သောအချိန်တွင် စတင်ပြီး လစ်လပ်နေရာတစ်နေရာ ဖြစ်ပေါ်သောအခါတွင် သို့မဟုတ် နောက်တက်မည့် အရွေးချယ်ခံ ဝန်ကြီးချုပ်က စတင်တာဝန်ထမ်းဆောင်မည့် အချိန်တွင် အဆုံးသတ်ပါသည်။

(၂) ဝန်ကြီးချုပ်တာဝန်အား ရာထူးသက်တမ်းနှစ်ခုထက်ကျော်လွန်၍ မည်သူမျှ ထမ်းဆောင်နိုင်ခြင်း မရှိစေရပေ။ သို့သော် ဝန်ကြီးချုပ်ရာထူးအတွက် လစ်လပ်နေရာကို အစားထိုးရန် ရွေးကောက်တင်မြှောက် ခံရပါက ထိုရွေးကောက်ပွဲနှင့် နောက်တစ်ကြိမ်ပြုလုပ်မည့် ဝန်ကြီးချုပ်ရွေးကောက်ပွဲ အကြား အချိန်ကာလအား ရာထူးသက်တမ်းတစ်ရပ်အဖြစ် မသတ်မှတ်ပါ။

(၃) ပြည်နယ်ဥပဒေပြုလွှတ်တော်တစ်ရပ်သည် အောက်ဖော်ပြပါ အကြောင်းတရားများအတွက် လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံး သုံးပုံနှစ်ပုံ၏ ထောက်ခံမဲဖြင့် အတည်ပြုထားသည့် ဆုံးဖြတ်ချက်တစ်ရပ် အရ ပြည်နယ်ဝန်ကြီးချုပ်တစ်ဦးအား တာဝန်မှ ဖယ်ရှားနိုင်ဖွယ်ရှိသည်။

(က) ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ဤဥပဒေကို ဆိုးရွားစွာ ချိုးဖောက်မှု၊

(ခ) ဆိုးရွားသော အကျင့်သိက္ခာပျက်ပြားမှု သို့မဟုတ်

(ဂ) ရာထူးတာဝန်များ ထမ်းဆောင်နိုင်စွမ်းမရှိမှု။

(၄) ပုဒ်မခွဲ (၃) (က) သို့မဟုတ် (ခ) အရ ဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားခြင်းခံရသောသူတိုင်းသည် ဤရာထူးတာဝန်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်များကို ရရှိမည်မရှိသကဲ့သို့ အစိုးရရုံးတစ်ခုခုတွင်လည်း တာဝန်ထမ်းဆောင်နိုင်မည် မဟုတ်ပေ။

**ယာယီဝန်ကြီးချုပ်များ**

၁၃၁။ (၁) ဝန်ကြီးချုပ်တစ်ဦး မရှိသောအခါ သို့မဟုတ် ဝန်ကြီးတာဝန်များကို ထမ်းဆောင်နိုင်ခြင်း မရှိသောအခါ သို့မဟုတ် ဝန်ကြီးရာထူးအတွက် လစ်လပ်နေရာတစ်ခု ရှိနေသောအခါတွင် အောက်တွင် အစဉ်လိုက် ဖော်ပြထားသည့် တာဝန်ထမ်းဆောင်နေသူတစ်ဦးသည် ယာယီဝန်ကြီးချုပ်အဖြစ် တာဝန် ထမ်းဆောင်ရမည် -

(က) ဝန်ကြီးချုပ်က ခန့်အပ်ထားသည့် အုပ်ချုပ်ရေးကောင်စီဝင်တစ်ဦး။

(ခ) အုပ်ချုပ်ရေးကောင်စီ၏ အခြားအဖွဲ့ဝင်များက ခန့်အပ်ထားသည့် အုပ်ချုပ်ရေးကောင်စီဝင် တစ်ဦး။

(c) The Speaker, until the legislature designates one of its other members.

(2) An Acting Premier has the responsibilities, powers and functions of the Premier.

(3) Before assuming the responsibilities, powers and functions of the Premier, the Acting Premier must swear or affirm faithfulness to the Republic and obedience to the Constitution, in accordance with Schedule 2.

## Executive Councils

132. (1) The Executive Council of a province consists of the Premier, as head of the Council, and no fewer than five and no more than ten members appointed by the Premier from among the members of the provincial legislature.

(2) The Premier of a province appoints the members of the Executive Council, assigns their powers and functions, and may dismiss them.

## Accountability and responsibilities

133. (1) The members of the Executive Council of a province are responsible for the functions of the executive assigned to them by the Premier.

(2) Members of the Executive Council of a province are accountable collectively and individually to the legislature for the exercise of their powers and the performance of their functions.

(3) Members of the Executive Council of a province must—

(a) act in accordance with the Constitution and, if a provincial constitution has been passed for the province, also that constitution; and

(ဂ) လွှတ်တော်က အခြားကိုယ်စားလှယ်တစ်ဦးကို တာဝန်ပေးအပ်သည့်အချိန်ထိ တာဝန်ထမ်းဆောင်နေသော လွှတ်တော် ဥက္ကဋ္ဌ။

(၂) ယာယီဝန်ကြီးချုပ်ထံတွင် ဝန်ကြီးချုပ်၏ ဝတ္တရားများ၊ အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များ ရှိပါသည်။

(၃) ဝန်ကြီးချုပ်၏ ဝတ္တရားများ၊ အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို လက်ခံဆောင်ရွက်ခြင်းမပြုမီတွင် ယာယီဝန်ကြီးချုပ်ဖြစ်သူသည် ဇယား ၂ နှင့်အရ သမ္မတနိုင်ငံတော်သို့ သစ္စာစောင့်သိကြောင်းနှင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း လေးစားလိုက်နာကြောင်းအား ကျမ်းသစ္စာဆိုခြင်း သို့မဟုတ် ကတိသစ္စာပြုခြင်းများ ပြုလုပ်ရမည်။

## အုပ်ချုပ်ရေးကောင်စီများ

၁၃၂။ (၁) ပြည်နယ်တစ်ခု၏ အုပ်ချုပ်ရေးကောင်စီတွင် ထိုကောင်စီ၏ အကြီးအကဲဖြစ်သူ ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်အတွင်းပါဝင်သော ကိုယ်စားလှယ်များအနက်မှ ဝန်ကြီးချုပ်ကိုယ်တိုင် ရွေးချယ်ခန့်အပ်သည့် ငါးဦးထက်မနည်း၊ ဆယ်ဦးထက်မပိုသော အဖွဲ့ဝင်များ ပါဝင်ပါသည်။

(၂) ပြည်နယ်ဝန်ကြီးချုပ်သည် အုပ်ချုပ်ရေးကောင်စီ၏ အဖွဲ့ဝင်များကို ခန့်အပ်ခြင်း၊ ၎င်းတို့၏ အခွင့်အာဏာများနှင့် တာဝန်များကို သတ်မှတ်ခွဲဝေပေးခြင်းအပြင် ၎င်းတို့ကို ရာထူးမှ ဖယ်ရှားခြင်းများ ပြုနိုင်သည်။

## တာဝန်ခံမှုနှင့် တာဝန်ယူမှုများ

၁၃၃။ (၁) ပြည်နယ်တစ်ခု၏ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ၎င်းတို့ထံ ဝန်ကြီးချုပ်က အပ်နှင်းထားသည့် အုပ်ချုပ်ရေးကိစ္စရပ်များအတွက် တာဝန်ရှိသည်။

(၂) ပြည်နယ်တစ်ခု၏ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်းနှင့် ၎င်းတို့၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းတို့နှင့် ပတ်သက်၍ သက်ဆိုင်ရာလွှတ်တော်သို့ စုပေါင်းဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ တာဝန်ခံရမည်။

(၃) ပြည်နယ်တစ်ခု၏ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် -

(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ ပြည်နယ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုထားပြီးဖြစ်ပါကလည်း ထိုပြည်နယ်၏ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

(b) provide the legislature with full and regular reports concerning matters under their control.

### Continuation of Executive Councils after elections

134. When an election of a provincial legislature is held, the Executive Council and its members remain competent to function until the person elected Premier by the next legislature assumes office.

### Oath or affirmation

135. Before members of the Executive Council of a province begin to perform their functions, they must swear or affirm faithfulness to the Republic and obedience to the Constitution, in accordance with Schedule 2.

### Conduct of members of Executive Councils

136. (1) Members of the Executive Council of a province must act in accordance with a code of ethics prescribed by national legislation.

(2) Members of the Executive Council of a province may not—

(a) undertake any other paid work;

(b) act in any way that is inconsistent with their office, or expose themselves to any situation involving the risk of a conflict between their official responsibilities and private interests; or

(c) use their position or any information entrusted to them, to enrich themselves or improperly benefit any other person.

(ခ) ၎င်းတို့ထိန်းကျောင်းနေသည့် အရေးကိစ္စများနှင့်ပတ်သက်၍ ပြည့်စုံသော ပုံမှန်အစီအရင်ခံစာများအား လွှတ်တော်သို့ တင်သွင်းပေးရမည်။

### ရွေးကောက်ပွဲများကျင်းပပြီးနောက် အုပ်ချုပ်ရေးကောင်စီ လုပ်ငန်းစဉ်များ ဆက်လက်လုပ် ဆောင်ခြင်း

၁၃၄။ ပြည်နယ်ဥပဒေပြုလွှတ်တော်တစ်ရပ်၏ ရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပနေသောအချိန်တွင် အုပ်ချုပ်ရေး ကောင်စီနှင့် ယင်း၏ အဖွဲ့ဝင်များသည် အသစ်ဖွဲ့စည်းသောလွှတ်တော်၏ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရသူက တာဝန်ထမ်းဆောင်ခြင်း မပြုမီအထိ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရန် အခွင့်အာဏာရှိသည်။

### ကျမ်းသစ္စာဆိုခြင်း သို့မဟုတ် ကတိသစ္စာပြုခြင်း

၁၃၅။ ပြည်နယ်အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် ဇယား ၂ အရ ၎င်းတို့၏ လုပ်ငန်းတာဝန်များကို စတင်ထမ်း ဆောင်ခြင်းမပြုမီတွင် သမ္မတနိုင်ငံတော်သို့ သစ္စာစောင့်သိကြောင်းနှင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း လေးစားလိုက်နာကြောင်းအား ကျမ်းသစ္စာ ဆိုခြင်း သို့မဟုတ် ကတိသစ္စာပြုခြင်းများအား ပြုလုပ်ရမည်။

### အုပ်ချုပ်ရေးကောင်စီဝင်များ၏ ကျင့်ဝတ်

၁၃၆။ (၁) ပြည်နယ်တစ်ခုအတွင်းရှိ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် အမျိုးသားဥပဒေပြဋ္ဌာန်းချက်တွင် ဖော်ပြထားသော လိုက်နာရန်ကျင့်ဝတ်စည်းကမ်းများနှင့် အညီ ပြုမူဆောင်ရွက်ရမည်။

(၂) ပြည်နယ်တစ်ခုအတွင်းရှိ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် အောက်ပါတို့ကို မလုပ်ဆောင်ရပေ -

(က) အခကြေးငွေရရှိသည့် အခြားအလုပ်များကို လုပ်ဆောင်ခြင်း၊

(ခ) ၎င်းတို့၏ ရာထူးဂုဏ်ဒြပ်နှင့် မလျော်ညီသောပုံစံဖြင့် ပြုမူဆောင်ရွက်ခြင်း သို့မဟုတ် ၎င်းတို့၏ တရားဝင်တာဝန်များနှင့် ပုဂ္ဂလိက အကျိုးစီးပွားများအကြား ပဋိပက္ခတစ်ရပ် ဖြစ်ပေါ်လာနိုင်စေမည့် အခြေအနေတစ်ရပ်တွင် ၎င်းတို့ပါဝင်ခြင်း၊ သို့မဟုတ်

(ဂ) ၎င်းတို့ချမ်းသာကြွယ်လာစေရန် သို့မဟုတ် မသင့်လျော်သော အကျိုးခံစားခွင့်များကို အခြားလူပုဂ္ဂိုလ်တစ်ဦး ရရှိစေရန် ၎င်းတို့၏ ရာထူးကို သို့မဟုတ် ၎င်းတို့ထံ ပေးအပ်ထား သော အချက်အလက်ကို အသုံးပြုခြင်း။

## Transfer of functions

137. The Premier by proclamation may transfer to a member of the Executive Council—

(a) the administration of any legislation entrusted to another member; or

(b) any power or function entrusted by legislation to another member.

## Temporary assignment of functions

138. The Premier of a province may assign to a member of the Executive Council any power or function of another member who is absent from office or is unable to exercise that power or perform that function.

## Provincial intervention in local government

139. (1) When a municipality cannot or does not fulfil an executive obligation in terms of the Constitution or legislation, the relevant provincial executive may intervene by taking any appropriate steps to ensure fulfilment of that obligation, including—

(a) issuing a directive to the Municipal Council, describing the extent of the failure to fulfil its obligations and stating any steps required to meet its obligations;

(b) assuming responsibility for the relevant obligation in that municipality to the extent necessary to —

(i) maintain essential national standards or meet established minimum standards for the rendering of a service;

(ii) prevent that Municipal Council from taking unreasonable action that is prejudicial to the interests of another municipality or to the province as a whole; or

**လုပ်ငန်းတာဝန်များ လွှဲပြောင်းခြင်း**

၁၃၇။ ဝန်ကြီးချုပ်သည် အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်တစ်ဦးသို့ တရားဝင်ထုတ်ပြန်ကြေညာခြင်းအားဖြင့် အောက်ပါတို့ကို လွှဲပြောင်းပေးနိုင်သည် -

(က) မည်သည့်ဥပဒေ စီမံဆောင်ရွက်ခြင်းကိုမဆို အခြားအဖွဲ့ဝင်တစ်ဦးဦးထံသို့ အပ်နှင်းခြင်း

(ခ) ဥပဒေအရအပ်နှင်းထားသည့် မည်သည့် လုပ်ပိုင်ခွင့်အာဏာ သို့ လုပ်ငန်းတာဝန် များအား အခြားအဖွဲ့ဝင် တစ်ဦးဦးထံသို့ လွှဲပြောင်းခြင်း

**လုပ်ငန်းတာဝန်များ ယာယီပေးအပ်ခြင်း**

၁၃၈။ ပြည်နယ်တစ်ခု၏ ဝန်ကြီးချုပ်သည် ရုံးတက်နိုင်ခြင်းမရှိသည့် သို့မဟုတ် ပေးအပ်ထားသော အခွင့်အာဏာကို အသုံးမပြုနိုင်သည့် သို့မဟုတ် လုပ်ငန်းတာဝန်ကို မထမ်းရွက်နိုင်သည့် အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်တစ်ဦးထံမှ အခွင့်အာဏာ သို့မဟုတ် လုပ်ငန်းတာဝန်တစ်ရပ် အား အခြားအဖွဲ့ဝင်တစ်ဦးထံ ပေးအပ်နိုင်သည်။

**ဒေသန္တရ အစိုးရအဖွဲ့အတွင်း ပြည်နယ်အဆင့် ကြားဝင်ဆောင်ရွက်မှု**

၁၃၉။ (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ဥပဒေပြဋ္ဌာန်းချက်အရ ပေးအပ်ထားသည့် အုပ်ချုပ်ရေး တာဝန်ဝတ္တရားများအား စည်ပင်သာယာရေး အဖွဲ့တစ်ဖွဲ့က ဆောင်ရွက်ပေးနိုင်ခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းမရှိသောအခါ သက်ဆိုင်ရာ ပြည်နယ်အုပ်ချုပ်ရေး အဖွဲ့သည် ထိုတာဝန်ဝတ္တရားများကို ကျေပွန်အောင်ထမ်းဆောင်ရန် လိုအပ်သည့် သင့်လျော်သော အဆင့်များကိုအသုံးပြု၍ ကြားဝင်ဆောင်ရွက်နိုင်ပြီး ဤသည်တို့တွင်-

(က) စည်ပင်သာယာရေးကောင်စီ၏ တာဝန်ဝတ္တရားများကို ကျေပွန်အောင်ထမ်းဆောင်ရန် ပျက်ကွက်သော အတိုင်းအတာနှင့် ယင်း၏ တာဝန်ဝတ္တရားများကို ကျေပွန်အောင်ထမ်းဆောင်ရန်လိုအပ်သော အဆင့်များကို ဖော်ပြခြင်းအားဖြင့် စည်ပင်သာယာရေး ကောင်စီအတွက် အမိန့်ကြော်ငြာစာတစ်စောင် ထုတ်ပြန်ခြင်း။

(ခ) ထိုစည်ပင်သာယာရေးကောင်စီ၏ သက်ဆိုင်ရာ တာဝန်ဝတ္တရားအတွက် လိုအပ်သော အတိုင်းအတာနှင့်အညီ အောက်ဖော်ပြပါ တာဝန်များကို ယူပေးခြင်း

(၁) ဝန်ဆောင်မှုတစ်ခုပေးအပ်ခြင်းအတွက် အရေးပါသော အမျိုးသားစံနှုန်းများကို ထိန်းသိမ်းရန် သို့မဟုတ် ချမှတ်ထားသည့် အနိမ့်ဆုံး စံနှုန်းများအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၂) အခြားစည်ပင်သာယာရေးကောင်စီ၏ သို့မဟုတ် ပြည်နယ်တစ်ခုလုံး၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေသည့် ကြောင်းကျိုးခိုင်လုံမှုမရှိသော လုပ်ဆောင်ချက်များအား ထိုစည်ပင်သာယာရေးကောင်စီက လုပ်ဆောင်ခြင်းကို ဟန့်တားရန်၊ သို့မဟုတ်

(iii) maintain economic unity; or

(c) dissolving the Municipal Council and appointing an administrator until a newly elected Municipal Council has been declared elected, if exceptional circumstances warrant such a step.

(2) If a provincial executive intervenes in a municipality in terms of subsection (1)(b)—

(a) it must submit a written notice of the intervention to—

(i) the Cabinet member responsible for local government affairs; and

(ii) the relevant provincial legislature and the National Council of Provinces, within 14 days after the intervention began;

(b) the intervention must end if—

(i) the Cabinet member responsible for local government affairs disapproves the intervention within 28 days after the intervention began or by the end of that period has not approved the intervention; or

(ii) the Council disapproves the intervention within 180 days after the intervention began or by the end of that period has not approved the intervention; and

(c) the Council must, while the intervention continues, review the intervention regularly and may make any appropriate recommendations to the provincial executive.

(3) If a Municipal Council is dissolved in terms of subsection (1)(c)—

(a) the provincial executive must immediately submit a written notice of the dissolution to—

(i) the Cabinet member responsible for local government affairs; and

(၃) စီးပွားရေးအရ ကျစ်လစ်ခိုင်မာမှုကို ထိန်းသိမ်းရန် သို့မဟုတ်

(ဂ) ဖြစ်တောင့်ဖြစ်ခဲအခြေအနေများတွင် စည်ပင်သာယာရေးကောင်စီကို ဖျက်သိမ်းခြင်း နှင့် နောက်ထပ် ရွေးကောက်တင်မြှောက်သော စည်ပင်သာယာရေးကောင်စီကို ရွေးကောက်တင်မြှောက်ပြီး ကြောင်း ကြေညာပြီးသည့်အချိန်အထိ စီမံအုပ်ချုပ်သူတစ်ဦးကို ခန့်ထားခြင်း။

(၂) ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့တစ်ဖွဲ့က စည်ပင်သာယာရေးကောင်စီတစ်ခုတွင် ပုဒ်မခွဲ (၁) (ခ) အရ ကြားဝင်ဆောင်ရွက်လျှင် -

(က) ဤကြားဝင်ဆောင်ရွက်မှုအတွက် အသိပေးစာတစ်စောင်အား -

(၁) ဒေသန္တရ အစိုးရ၏ အရေးကိစ္စများအတွက် တာဝန်ရှိသော အစိုးရအဖွဲ့ဝင် နှင့်

(၂) ဤကြားဝင်ဆောင်ရွက်မှုကို စတင်သည့်ရက်မှ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ပြည်နယ်ဥပဒေပြုလွှတ်တော် နှင့် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် သို့ တင်သွင်းပေးရမည်။

(ခ) အောက်ပါအခြေအနေများတွင် ကြားဝင်ဆောင်ရွက်မှုကို ရပ်တန့်ရမည် -

(၁) ကြားဝင်ဆောင်ရွက်မှုကို စတင်ပြီးနောက် ၂၈ ရက်အတွင်းတွင် ဒေသန္တရအစိုးရ၏ အရေးကိစ္စများအတွက် တာဝန်ရှိသော အစိုးရအဖွဲ့၏ အဖွဲ့ဝင်က ကန့်ကွက်ခြင်း သို့မဟုတ် ထိုအချိန်ကာလအတွင်း ထိုကြားဝင်ဆောင်ရွက်မှုကို အတည်မပြုခြင်း၊ သို့မဟုတ်

(၂) ကြားဝင်ဆောင်ရွက်မှုကိုစတင်ပြီးနောက် ရက်ပေါင်း ၁၈၀ အတွင်းတွင် ထိုကြားဝင်ဆောင်ရွက်မှုအား အုပ်ချုပ်ရေးကောင်စီက ကန့်ကွက်ခြင်း သို့မဟုတ် ထိုအချိန်ကာလအတွင်း ထိုကြားဝင်ဆောင်ရွက်မှုကို အတည်မပြုခြင်း။

(ဂ) အုပ်ချုပ်ရေးကောင်စီသည် ကြားဝင်ဆောင်ရွက်မှုကို ဆက်လက်ကျင့်သုံးနေစဉ်အချိန်အတွင်းတွင် ထိုကြားဝင်ဆောင်ရွက်မှုကို ပုံမှန်သုံးသပ်ပေးရမည်ဖြစ်ပြီး ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့သို့ သင့်လျော်သော အကြံပြုချက်များလည်း ပေးအပ်နိုင်သည်။

(၃) စည်ပင်သာယာရေးကောင်စီတစ်ခုအား ပုဒ်မခွဲ (၁) (ဂ) အရ ဖျက်သိမ်းလျှင် -

(က) ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့သည် ဤဖျက်သိမ်းမှုအကြောင်း အသိပေးစာအား -

(၁) ဒေသန္တရအစိုးရ၏ အရေးကိစ္စများအတွက် တာဝန်ရှိသော အစိုးရအဖွဲ့၏ အဖွဲ့ဝင်နှင့်

(ii) the relevant provincial legislature and the National Council of Provinces; and

(b) the dissolution takes effect 14 days from the date of receipt of the notice by the Council unless set aside by that Cabinet member or the Council before the expiry of those 14 days.

(4) If a municipality cannot or does not fulfil an obligation in terms of the Constitution or legislation to approve a budget or any revenue-raising measures necessary to give effect to the budget, the relevant provincial executive must intervene by taking any appropriate steps to ensure that the budget or those revenue-raising measures are approved, including dissolving the Municipal Council and—

(a) appointing an administrator until a newly elected Municipal Council has been declared elected; and

(b) approving a temporary budget or revenue-raising measures to provide for the continued functioning of the municipality.

(5) If a municipality, as a result of a crisis in its financial affairs, is in serious or persistent material breach of its obligations to provide basic services or to meet its financial commitments, or admits that it is unable to meet its obligations or financial commitments, the relevant provincial executive must—

(a) impose a recovery plan aimed at securing the municipality's ability to meet its obligations to provide basic services or its financial commitments, which—

(i) is to be prepared in accordance with national legislation; and

(၂) သက်ဆိုင်ရာ ပြည်နယ်ဥပဒေပြုလွှတ်တော်နှင့် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် သို့ တင်သွင်းပေးရမည်။ ထို့အပြင်

(ခ) အစိုးရအဖွဲ့၏ အဖွဲ့ဝင် သို့မဟုတ် အုပ်ချုပ်ရေးကောင်စီက ကြားဝင်ဆောင်ရွက်မှု အသက်ဝင်ရန်လိုအပ်သော ၁၄ ရက်တာ ကာလတစ်ရပ် မကုန်ဆုံးမီတွင် ကန့်ကွက်ခြင်းမပြုလျှင် ဤဖျက်သိမ်းမှု သည် အသိပေးစာကို လက်ခံရရှိသည့်ရက်မှ ၁၄ ရက်အကြာတွင် အသက်ဝင်သည် -

(၄) စည်ပင်သာယာရေးကောင်စီတစ်ခုသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ဥပဒေ အရ ပေးအပ်ထားသည့် ဘတ်ဂျက်တစ်ရပ်ကို အတည်ပြုရန် သို့မဟုတ် ဘက်ဂျက်အသက်ဝင်ရေးအတွက် လိုအပ်သော ဘဏ္ဍာငွေကောက်ခံမှု ကိစ္စရပ်များကို အတည်ပြုရန် တာဝန်ဝတ္တရားအား ကျေပွန်စွာ ထမ်းဆောင်နိုင်ခြင်း မရှိပါက သို့မဟုတ် ထမ်းဆောင်ခြင်း မပြုပါက ဘက်ဂျက် သို့မဟုတ် ဘဏ္ဍာငွေကောက်ခံမှု ကိစ္စရပ်များကို အတည်ပြုနိုင်စေရန် သင့်လျော်သောအဆင့်များကို လုပ်ဆောင်ခြင်းအားဖြင့် သက်ဆိုင်ရာ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့က ကြားဝင်ဆောင်ရွက်ရမည်။ ဤသည်တို့တွင် ထိုစည်ပင်သာယာရေးကောင်စီကို ဖျက်သိမ်းခြင်းအပြင် -

(က) နောက်ထပ် ရွေးကောက်တင်မြှောက်သော စည်ပင်သာယာရေးကောင်စီကို ရွေးကောက်တင်မြှောက်ပြီးကြောင်း ကြေညာပြီးသည့်အချိန်အထိ စီမံအုပ်ချုပ်သူတစ်ဦးကို ခန့်အပ်ထားခြင်းနှင့်

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်စေမည့် ယာယီဘတ်ဂျက်တစ်ရပ် သို့မဟုတ် ဘဏ္ဍာငွေကောက်ခံမှုများကို အတည်ပြုခြင်းတို့ ပါဝင်သည်။

(၅) ငွေကြေးကိစ္စရပ်များဆိုင်ရာ အကြပ်အတည်းတစ်ခု၏ အကျိုးဆက်အဖြစ် အခြေခံဝန်ဆောင်မှုများ ဖော်ဆောင်ပေးရန် သို့မဟုတ် ဘဏ္ဍာရေး ကတိကဝတ်များအတိုင်း ဆောင်ရွက်ရန် တာဝန်ဝတ္တရားများအား စည်ပင်သာယာရေးကောင်စီတစ်ရပ်က ဆိုးရွားစွာ သို့မဟုတ် စဉ်ဆက်မပြတ် ပျက်ကွက်ပါက သို့မဟုတ် ယင်း၏ တာဝန်ဝတ္တရားများ သို့မဟုတ် ဘဏ္ဍာရေး ကတိကဝတ်များကို ဆောင်ရွက်နိုင်ခြင်းမရှိဟု ဝန်ခံပါက သက်ဆိုင်ရာ ပြည်နယ်အုပ်ချုပ်ရေး အဖွဲ့သည် -

(က) စည်ပင်သာယာရေးကောင်စီ၏ အခြေခံဝန်ဆောင်မှုများ သို့မဟုတ် ယင်း၏ ငွေကြေးကတိကဝတ်များကိုဖော်ဆောင်ပေးရန်တာဝန်များအတွက်ထိုစည်ပင်သာယာရေးကောင်စီ၏စွမ်းရည်ကို ကာကွယ်ရန် ပြန်လည်ကုစားရေးအစီအစဉ်တစ်ရပ်အား အတည်ပြုပြဋ္ဌာန်းပေးရမည်ဖြစ်ပြီး ယင်းအား-

(၁) အမျိုးသားဥပဒေ နှင့်အညီ ပြင်ဆင်ပေးရမည်။ ထို့အပြင်

(ii) binds the municipality in the exercise of its legislative and executive authority, but only to the extent necessary to solve the crisis in its financial affairs; and

(b) dissolve the Municipal Council, if the municipality cannot or does not approve legislative measures, including a budget or any revenue-raising measures, necessary to give effect to the recovery plan, and—

(i) appoint an administrator until a newly elected Municipal Council has been declared elected; and

(ii) approve a temporary budget or revenue-raising measures or any other measures giving effect to the recovery plan to provide for the continued functioning of the municipality; or

(c) if the Municipal Council is not dissolved in terms of paragraph (b), assume responsibility for the implementation of the recovery plan to the extent that the municipality cannot or does not otherwise implement the recovery plan.

(6) If a provincial executive intervenes in a municipality in terms of subsection (4) or (5), it must submit a written notice of the intervention to—

(a) the Cabinet member responsible for local government affairs; and

(b) the relevant provincial legislature and the National Council of Provinces, within seven days after the intervention began.

(၂) စည်ပင်သာယာရေးကောင်စီအား ယင်း၏ ဘဏ္ဍာရေးကိစ္စရပ်ဆိုင်ရာ အကြပ်အတည်းကို ဖြေရှင်းရန် လိုအပ်သော အတိုင်းအတာအတွက် ယင်း၏ ဥပဒေပြုရေးအာဏာနှင့် အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးခြင်းတွင် လိုက်နာစေ ခြင်း။

(ခ) ဘတ်ဂျက်တစ်ရပ် သို့မဟုတ် ဘဏ္ဍာငွေကောက်ခံမှုများ ပြဋ္ဌာန်းခြင်းအပါအဝင် ပြန်လည်ကုစားရေး အစီအစဉ် ထိရောက်စေရန် လိုအပ်သော ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များအား စည်ပင်သာယာရေးကောင်စီက အတည်မပြုနိုင်လျှင် သို့မဟုတ် အတည်မပြုလျှင် ထိုစည်ပင်သာယာရေးကောင်စီကို ဖျက်သိမ်း၍ -

(၁) နောက်ထပ် ရွေးကောက်တင်မြှောက်သော စည်ပင်သာယာရေးကောင်စီကို ရွေးကောက်တင်မြှောက်ပြီးကြောင်း ကြေညာပြီးသည့်အချိန်အထိ စီမံအုပ်ချုပ်သူတစ်ဦးကို ခန့်အပ်ရမည်။

(၂) စည်ပင်သာယာရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်စေမည့် ပြန်လည်ကုစားရေး အစီအစဉ်ကို ထိရောက်စေသော ယာယီဘတ်ဂျက်တစ်ရပ် သို့မဟုတ် ဘဏ္ဍာငွေကောက်ခံမှုဆိုင်ရာ ပြဋ္ဌာန်းချက်များ သို့မဟုတ် အခြားလုပ်ဆောင်ချက်များကို အတည်ပြုပေးရမည်။ သို့မဟုတ်ပါက

(ဂ) စည်ပင်သာယာရေးကောင်စီအား အပိုဒ် (ခ) နှင့်အညီ ဖျက်သိမ်းခြင်းမပြုလျှင် စည်ပင်သာယာရေး ကောင်စီက ပြန်လည်ကုစားရေး အစီအစဉ်ကို လက်တွေ့ဖော်ဆောင်မှု မပြုနိုင်သော သို့မဟုတ် မပြုသော အခြေအနေအတိုင်းအတာနှင့်အညီ ထိုပြန်လည်ကုစားရေး အစီအစဉ်ကို လက်တွေ့ဖော်ဆောင်ရန် တာဝန်ကို ရယူရမည်။

(၆) ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့တစ်ဖွဲ့သည် စည်ပင်သာယာရေးကောင်စီတစ်ခုတွင် ပုဒ်မခွဲ (၄) သို့မဟုတ် (၅) အရ ကြားဝင်ဆောင်ရွက်လျှင် ထိုကြားဝင်ဆောင်ရွက်မှုအတွက် အသိပေးစာအား -

(က) ဒေသန္တရအစိုးရ၏ အရေးကိစ္စများအတွက် တာဝန်ရှိသော အစိုးရအဖွဲ့ အဖွဲ့ဝင်ထံ တင်သွင်းပေးရမည်။

(ခ) ထို့အတူ ၎င်းကြားဝင်ဆောင်ရွက်မှုကို စတင်သည့်ရက်မှ ၇ ရက်အတွင်း သက်ဆိုင်ရာ ပြည်နယ်ဥပဒေပြုလွှတ်တော်နှင့် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်သို့လည်း တင်သွင်းပေးရမည်။

(7) If a provincial executive cannot or does not or does not adequately exercise the powers or perform the functions referred to in subsection (4) or (5), the national executive must intervene in terms of subsection (4) or (5) in the stead of the relevant provincial executive.

(8) National legislation may regulate the implementation of this section, including the processes established by this section.

*[S. 139 substituted by s. 4 of the Constitution Eleventh Amendment Act of 2003.]*

## Executive decisions

140. (1) A decision by the Premier of a province must be in writing if it— (a) is taken in terms of legislation; or (b) has legal consequences.

(2) A written decision by the Premier must be countersigned by another Executive Council member if that decision concerns a function assigned to that other member.

(3) Proclamations, regulations and other instruments of subordinate legislation of a province must be accessible to the public.

(4) Provincial legislation may specify the manner in which, and the extent to which, instruments mentioned in subsection (3) must be—

(a) tabled in the provincial legislature; and

(b) approved by the provincial legislature.

## Motions of no confidence

141. (1) If a provincial legislature, by a vote supported by a majority of its members, passes a motion of no confidence in the province's Executive Council excluding the Premier, the Premier must reconstitute the Council.

(၇) ပုဒ်မခွဲ (၄) သို့မဟုတ် (၅) တွင် ဖော်ပြထားသော အခွင့်အာဏာများ သို့မဟုတ် လုပ်ငန်းတာဝန်များအား ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့တစ်ဖွဲ့က ကျင့်သုံးဆောင်ရွက်ခြင်း မပြုနိုင်လျှင် သို့မဟုတ် မပြုလျှင် သို့မဟုတ် အလုံအလောက် ကျင့်သုံးဆောင်ရွက်ခြင်းမရှိလျှင် နိုင်ငံတော်အဆင့် အုပ်ချုပ်ရေးအဖွဲ့သည် ပုဒ်မခွဲ (၄) သို့မဟုတ် (၅) အရ သက်ဆိုင်ရာ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ကိုယ်စား ကြားဝင်ဆောင်ရွက်ပေး ရမည်။

(၈) အမျိုးသားဥပဒေ တွင် ဤပုဒ်မအရ အသိမှတ်ပြုထားသော လုပ်ငန်းစဉ် အပါအဝင် ဤပုဒ်မကို လက်တွေ့ဖော်ဆောင်မှုအား ထည့်သွင်းပြဋ္ဌာန်းနိုင်သည်။

*[ပုဒ်မ (၁၃၉) အား ၂၀၀၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၁ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ၏ ပုဒ်မ ၄ အရ အစားထိုးထားသည်။]*

## အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များ

၁၄၀။ (၁) ပြည်နယ်ဝန်ကြီးချုပ်တစ်ဦး၏ ဆုံးဖြတ်ချက်တစ်ရပ်သည် အောက်ပါတို့အတွက် ဖြစ်ပါက စာဖြင့်ရေးသားဖော်ပြရမည် -

(က) ဥပဒေပြဋ္ဌာန်းချက်အရ ဆုံးဖြတ်ခြင်း သို့မဟုတ်

(ခ) ဥပဒေကြောင်းဆိုင်ရာ အကျိုးဆက်များ ရှိနေခြင်း။

(၂) ဝန်ကြီးချုပ်၏ စာရေးသားဖော်ပြထားသော ဆုံးဖြတ်ချက်တစ်ရပ်သည် အုပ်ချုပ်ရေးကောင်စီတွင်ပါဝင်သည့် အခြားအဖွဲ့ဝင်တစ်ဦးသို့ အပ်နှင်းထားသော လုပ်ငန်းတာဝန်တစ်ရပ်နှင့်ဆက်စပ်နေလျှင် ထိုအဖွဲ့ဝင်ကလည်း ဤဆုံးဖြတ်ချက်အတွက် ထပ်မံ၍ လက်မှတ်ရေးထိုးပေးရမည်။

(၃) ပြည်နယ်တစ်ခု၏ ကြေညာချက်များ၊ နည်းဥပဒေများနှင့် တစ်ဆင့်ပွားဥပဒေပြုခြင်းဆိုင်ရာ အခြားဥပဒေစာရွက်စာတမ်းများအား အများပြည်သူ ရယူကြည့်ရှုနိုင်စေရမည်။

(၄) ပြည်နယ်ဥပဒေပြဋ္ဌာန်းချက်တွင် ပုဒ်မခွဲ (၃) ၌ ဖော်ပြထားသည့် ညွှန်ကြားချက်များတွင်ပါဝင်သော နည်းလမ်းနှင့် ယင်းတို့၏ အတိုင်းအတာကို အသေးစိတ်ဖော်ပြနိုင်ပြီး ယင်းအား -

(က) ပြည်နယ်ဥပဒေပြုလွှတ်တော်သို့ တင်သွင်းရမည်ဖြစ်ပြီး

(ခ) ပြည်နယ်ဥပဒေပြုလွှတ်တော်ကလည်း အတည်ပြုပေးရမည်။

## အယုံကြည်မရှိအဆိုများ တင်သွင်းခြင်း

၁၄၁။ (၁) ဝန်ကြီးချုပ်မှအပ ပြည်နယ်အုပ်ချုပ်ရေးကောင်စီ တစ်ဖွဲ့လုံးအပေါ် အယုံအကြည်မရှိကြောင်း အဆိုအား ကိုယ်စားလှယ်အများစု၏ ထောက်ခံမဲတစ်ရပ်ဖြင့် ပြည်နယ်ဥပဒေပြုလွှတ်တော်တစ်ရပ်က အတည်ပြုလျှင် ထိုအုပ်ချုပ်ရေးကောင်စီအား ဝန်ကြီးချုပ်က ပြန်လည်ဖွဲ့စည်းပေးရမည်။

(2) If a provincial legislature, by a vote supported by a majority of its members, passes a motion of no confidence in the Premier, the Premier and the other members of the Executive Council must resign.

## Provincial Constitutions

### Adoption of provincial constitutions

142. A provincial legislature may pass a constitution for the province or, where applicable, amend its constitution, if at least two thirds of its members vote in favour of the Bill.

### Contents of provincial constitutions

143. (1) A provincial constitution, or constitutional amendment, must not be inconsistent with this Constitution, but may provide for—

(a) provincial legislative or executive structures and procedures that differ from those provided for in this Chapter; or

(b) the institution, role, authority and status of a traditional monarch, where applicable.

(2) Provisions included in a provincial constitution or constitutional amendment in terms of paragraphs (a) or (b) of subsection (1)—

(a) must comply with the values in section 1 and with Chapter 3; and

(b) may not confer on the province any power or function that falls—

(i) outside the area of provincial competence in terms of Schedules 4 and 5; or

(ii) outside the powers and functions conferred on the province by other sections of the Constitution.

(၂) ဝန်ကြီးချုပ်ကို အယုံအကြည်မရှိကြောင်း အဆိုအား ကိုယ်စားလှယ်အများစု ထောက်ခံမဲဖြင့် ပြည်နယ်ဥပဒေပြု လွှတ်တော်တစ်ရပ်က အတည်ပြုပါလျှင် ဝန်ကြီးချုပ်နှင့် အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များသည် ရာထူးမှ နုတ်ထွက်ပေးရမည်။

## ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေများ

### ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေများ အတည်ပြုပြဋ္ဌာန်းခြင်း

၁၄၂။ ပြည်နယ် ဥပဒေပြု လွှတ်တော် တစ်ရပ်သည် သက်ဆိုင်ရာပြည်နယ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို အတည်ပြုနိုင်သကဲ့သို့ ဥပဒေမူကြမ်းအား လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ အနည်းဆုံး သုံးပုံနှစ်ပုံက ထောက်ခံမဲ ပေးသည့် အခြေအနေ တွင်လည်းယင်း၏ ဖွဲ့စည်းပုံကို ပြင်ဆင်ဖြည့်စွက်နိုင်ပါသည်။

### ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပါဝင်သော အကြောင်းအရာများ

၁၄၃။ (၁) ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်တစ်ရပ်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ကွဲလွဲမှုများ မရှိစေရပေ။ သို့သော် -

(က) ဤအခန်းတွင် ဖော်ပြထားသည်တို့နှင့် ကွဲပြားခြားနားသည့် ပြည်နယ် ဥပဒေပြု လွှတ်တော် သို့မဟုတ် အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းပုံများနှင့် လုပ်ထုံးလုပ်နည်းများ သို့မဟုတ်

(ခ) အကျုံးဝင်သော ဖြစ်ရပ်များတွင် အစဉ်အလာ သက်ဦးဆံပိုင်ဘုရင်တစ်ဦး၏ အဖွဲ့၊ အခန်းကဏ္ဍ၊ အာဏာနှင့် အဆင့်အတန်းများအတွက် ထည့်သွင်းပြဋ္ဌာန်းနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အပိုဒ် (က) သို့မဟုတ် (ခ) နှင့်အကျုံးဝင်သည့် ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ဖွဲ့စည်းပုံပြင်ဆင်ချက်တစ်ရပ်တွင် ပါဝင်သော ပြဋ္ဌာန်းချက်များသည် -

(က) ပုဒ်မ ၁ ပါ စံတန်ဖိုးများနှင့် အခန်း ၃ တို့ဖြင့် ညီညွတ်ရမည်။ ထို့အတူ

(ခ) အောက်ဖော်ပြပါအခြေအနေများတွင် အာဏာ သို့မဟုတ် လုပ်ငန်းတာဝန်တစ်ရပ်အား ပြည်နယ်သို့ အပ်နှင်းခြင်း မပြုနိုင်ပါ -

(၁) ဇယား ၄ နှင့် ၅ တို့တွင် ဖော်ပြထားသော ပြည်နယ်၏ လုပ်ပိုင်ခွင့်အာဏာထက် ကျော်လွန်သော ကိစ္စရပ်များ သို့မဟုတ်

(၂) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပုဒ်မများအရ ပြည်နယ်အတွက် အပ်နှင်းထားသည့် အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို ကျော်လွန်သော ကိစ္စရပ်များ။

## Certification of provincial constitutions

144. (1) If a provincial legislature has passed or amended a constitution, the Speaker of the legislature must submit the text of the constitution or constitutional amendment to the Constitutional Court for certification.

(2) No text of a provincial constitution or constitutional amendment becomes law until the Constitutional Court has certified—

(a) that the text has been passed in accordance with section 142; and

(b) that the whole text complies with section 143.

## Signing, publication and safekeeping of provincial constitutions

145. (1) The Premier of a province must assent to and sign the text of a provincial constitution or constitutional amendment that has been certified by the Constitutional Court.

(2) The text assented to and signed by the Premier must be published in the national Government Gazette and takes effect on publication or on a later date determined in terms of that constitution or amendment.

(3) The signed text of a provincial constitution or constitutional amendment is conclusive evidence of its provisions and, after publication, must be entrusted to the Constitutional Court for safekeeping.

# Conflicting Laws

## Conflicts between national and provincial legislation

146. (1) This section applies to a conflict between national legislation and provincial legislation falling within a functional area listed in Schedule 4.

(2) National legislation that applies uniformly with regard to the country as a whole prevails over provincial legislation if any of the following conditions is met:

**ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေများ မှန်ကန်ကြောင်း ထောက်ခံချက်**

၁၄၄။ (၁) ပြည်နယ်ဥပဒေပြုလွှတ်တော်တစ်ရပ်က ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို အတည်ပြုပြီးပါက သို့မဟုတ် ဖြည့်စွက်ပြင်ဆင်ပြီးပါက လွှတ်တော်ဥက္ကဋ္ဌဖြစ်သူသည် မှန်ကန်ကြောင်းတရားဝင်ထောက်ခံစာကို ရယူရန်အတွက် ထိုဖွဲ့စည်းပုံ အခြေခံဥပဒေ သို့မဟုတ် ဖွဲ့စည်းပုံပြင်ဆင်ချက်စာမူအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းပေးရမည်။

(၂) ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ဖွဲ့စည်းပုံပြင်ဆင်ချက် စာမူများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးက အောက်ဖော်ပြပါအတိုင်း ထောက်ခံချက်မပေးသည့်အချိန်အထိ ဥပဒေအဖြစ် အသက်မဝင်သေးပါ -

(က) စာမူအား ပုဒ်မ ၁၄၂ နှင့်အညီ အတည်ပြု ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ထို့အတူ

(ခ) စာမူတစ်ခုလုံးသည် ပုဒ်မ ၁၄၃ နှင့် ညီညွတ်သည်။

**ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပေဒများ လက်မှတ်ရေးထိုးခြင်း၊ ထုတ်ပြန်ခြင်းနှင့် ထိန်းသိမ်းခြင်း**

၁၄၅။ (၁) ဖွဲ့စည်းပုံဆိုင်ရာတရားရုံးက ထောက်ခံပေးထားသည့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် သို့မဟုတ် ဖွဲ့စည်းပုံပြင်ဆင်ချက်တစ်ရပ်၏ စာမူပေါ်တွင် ပြည်နယ်ဝန်ကြီးချုပ်က သဘောတူ လက်မှတ်ရေးထိုးပေးရမည်။

(၂) ဝန်ကြီးချုပ်က သဘောတူလက်မှတ်ရေးထိုးထားသော ဤစာမူအား နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြပေးရမည်ဖြစ်ပြီး ထုတ်ပြန်သည့်အချိန်တွင် သို့မဟုတ် ထိုဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ပြင်ဆင်ချက်နှင့်အညီ ဆုံးဖြတ်ထားသော နောက်ပိုင်းရက်စွဲတစ်ရပ်တွင် အသက်ဝင်လာမည်ဖြစ်သည်။

(၃) လက်မှတ်ရေးထိုးထားသည့် ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်တစ်ရပ်၏ စာမူသည် ယင်း၏ ပြဋ္ဌာန်းချက်များအတွက် ပြည်စုံခိုင်လုံသော အထောက်အထားဖြစ်ပြီး ထုတ်ပြန်ကြေညာပြီးနောက်တွင် ထိန်းသိမ်းထားရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ အပ်နှင်းပေးရမည်။

## သဘောထားကွဲလွဲသော ဥပဒေများ

**အမျိုးသားဥပဒေ နှင့် ပြည်နယ်ဥပဒေ အကြား ကွဲလွဲမှုများ**

၁၄၆။ (၁) ဤပုဒ်မသည် အမျိုးသားအဆင့်ဥပဒေ နှင့် ဇယား (၄) တွင် စာရင်းပြုဖော်ပြထားသည့် လုပ်ငန်းတာဝန်နယ်ပယ်တစ်ရပ်တွင် ပါဝင်နေသည့် ပြည်နယ်ဥပဒေအကြားရှိ သဘောထား ကွဲလွဲမှုတစ်ရပ်နှင့် အကျုံးဝင်သည်။

(၂) နိုင်ငံတစ်ဝှမ်းလုံးအပေါ် တစ်ပြေးညီသက်ရောက်နေသည့် အမျိုးသားဥပဒေသည် အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီလျှင် ပြည်နယ်ဥပဒေ အပေါ်လွှမ်းမိုးသည်-

(a) The national legislation deals with a matter that cannot be regulated effectively by legislation enacted by the respective provinces individually.

(b) The national legislation deals with a matter that, to be dealt with effectively, requires uniformity across the nation, and the national legislation provides that uniformity by establishing—

(i) norms and standards;

(ii) frameworks; or

(iii) national policies.

(c) The national legislation is necessary for—

(i) the maintenance of national security;

(ii) the maintenance of economic unity;

(iii) the protection of the common market in respect of the mobility of goods, services, capital and labour;

(iv) the promotion of economic activities across provincial boundaries;

(v) the promotion of equal opportunity or equal access to government services; or

(vi) the protection of the environment.

(3) National legislation prevails over provincial legislation if the national legislation is aimed at preventing unreasonable action by a province that—

(a) is prejudicial to the economic, health or security interests of another province or the country as a whole; or

(က) သက်ဆိုင်ရာ ပြည်နယ်တစ်ခုချင်းစီက အတည်ပြုပြဋ္ဌာန်းသော ဥပဒေများဖြင့် ထိရောက်စွာ ထိန်းကျောင်းနိုင်ခြင်းမရှိသည့် အရေးကိစ္စတစ်ရပ်သည် အမျိုးသားဥပဒေနှင့်သက်ဆိုင်သည်။

(ခ) အမျိုးသားဥပဒေသည် နိုင်ငံတစ်ဝှမ်းလုံးတွင် ထိထိရောက်ရောက် တစ်ပြေးညီ ဖြေရှင်းပေးရမည့် အရေးကိစ္စတစ်ရပ်ကို ကိုင်တွယ်ဖြေရှင်းပေးပြီး အမျိုးသားဥပဒေ သည် ထိုသို့သောတစ်ပြေးညီဖြစ်မှုအား အောက်ဖော်ပြပါတို့ကို ခိုင်မြဲစေခြင်းအားဖြင့် ဖော်ဆောင်ပေးသည် -

(၁) စံနှုန်းများနှင့် စံသတ်မှတ်ချက်များ

(၂) မူဘောင်များ သို့မဟုတ်

(၃) နိုင်ငံတော်အဆင့် မူဝါဒများ

(ဂ) အမျိုးသားဥပဒေ အား အောက်ပါတို့အတွက် လိုအပ်သည် -

(၁) အမျိုးသားလုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

(၂) စီးပွားရေးအရ စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

(၃) ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ အရင်းအနှီးများနှင့် လုပ်သားများ ရွှေ့လျားနိုင်မှုဖြင့် သက်ဆိုင်သော ဘုံဈေးကွက်ကို ကာကွယ်ထိန်းသိမ်းရန်။

(၄) ပြည်နယ်နယ်နိမိတ် များကို ဖြတ်ကျော်ဆောင်ရွက်သော စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ရန်၊

(၅) အစိုးရဝန်ဆောင်မှုများအား သာတူညီမျှရယူခွင့် နှင့် သာတူညီမျှ ရယူသုံးစွဲနိုင်မှုကို အားပေးမြှင့်တင်ရန် သို့မဟုတ်

(၆) သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရန်။

(၃) အမျိုးသားဥပဒေသည်အောက်ပါအကြောင်းအရာများနှင့် ပါတ်သက်သည့် ပြည်နယ်တစ်ခု၏ ကြောင်းကျိုးဆီလျော်မှုမရှိသော လုပ်ဆောင်ချက်ကို ကြိုတင်ကာကွယ်ရန် ရည်ရွယ်ခြင်းဖြစ်လျှင် အမျိုးသားဥပဒေသည် ပြည်နယ်ဥပဒေ အပေါ်လွှမ်းမိုးသည်-

(က) အခြားပြည်နယ်တစ်ခု သို့မဟုတ် တစ်နိုင်ငံလုံး၏ စီးပွားရေး၊ ကျန်းမာရေး သို့မဟုတ် လုံခြုံရေး အကျိုးစီးပွားများအတွက် မျှတမှုမရှိခြင်း သို့မဟုတ်

(b) impedes the implementation of national economic policy.

(4) When there is a dispute concerning whether national legislation is necessary for

(a) purpose set out in subsection (2)(c) and that dispute comes before a court for resolution, the court must have due regard to the approval or the rejection of the legislation by the National Council of Provinces.

(5) Provincial legislation prevails over national legislation if subsection (2) or (3) does not apply.

(6) A law made in terms of an Act of Parliament or a provincial Act can prevail only if that law has been approved by the National Council of Provinces.

(7) If the National Council of Provinces does not reach a decision within 30 days of its first sitting after a law was referred to it, that law must be considered for all purposes to have been approved by the Council.

(8) If the National Council of Provinces does not approve a law referred to in subsection (6), it must, within 30 days of its decision, forward reasons for not approving the law to the authority that referred the law to it.

### Other conflicts

147. (1) If there is a conflict between national legislation and a provision of a provincial constitution with regard to—

(a) a matter concerning which this Constitution specifically requires or envisages the enactment of national legislation, the national legislation prevails over the affected provision of the provincial constitution;

(b) national legislative intervention in terms of section 44 (2), the national legislation prevails over the provision of the provincial constitution; or

(ခ) နိုင်ငံတော်အဆင့် စီးပွားရေး မူဝါဒများ လက်တွေ့ဖော်ဆောင်ခြင်းကို အဟန့်အတားပြုခြင်း။

(၄) အမျိုးသားဥပဒေ အား ပုဒ်မခွဲ (၂) (င) တွင် ဖော်ပြထားသော ရည်ရွယ်ချက်တစ်ရပ်အတွက် လိုအပ်ခြင်းရှိ-မရှိနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်ရပ် ပေါ်ပေါက်လာပြီး ထို အငြင်းပွားမှု အတွက် အဆုံးအဖြတ်ခံယူရန် တရားရုံးတစ်ရုံးသို့ တင်သွင်းလာပါက ထိုတရားရုံးသည် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်၏ ဥပဒေကို အတည်ပြုရန် သို့မဟုတ် ငြင်းပယ်ရန် အသေအချာ စဉ်းစားဆုံးဖြတ်ပေးရမည်။

(၅) ပုဒ်မခွဲ (၂) သို့မဟုတ် (၃) တို့နှင့် အကျုံးမဝင်ပါက အမျိုးသားဥပဒေသည် ပြည်နယ်ဥပဒေကို လွှမ်းမိုးသည်။

(၆) အမြင့်ဆုံးဥပဒေပြုလွှတ်တော်၏ အက်ဥပဒေတစ်ရပ် သို့မဟုတ် ပြည်နယ်အက်ဥပဒေတစ်ရပ်အရ ပြဋ္ဌာန်းထားသော ဥပဒေသည် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်က အတည်ပြုပြီးမှသာ လွှမ်းမိုးနိုင်သည်။

(၇) ဥပဒေတစ်ရပ်ကို လွှဲပြောင်းတင်သွင်းပေးပြီးနောက် ပထမဆုံးအကြိမ် အစည်းအဝေးထိုင်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်းတွင် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်က ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်နိုင်ခြင်းမရှိလျှင် ထိုဥပဒေအား ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်က အတည်ပြုထားပြီးဖြစ်သည်ဟု မှတ်ယူပေးရမည်။

(၈) ပုဒ်မခွဲ (၆) တွင် ရည်ညွှန်းထားသော ဥပဒေတစ်ရပ်အား ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်က အတည်မပြုပါက ဤဥပဒေကို အတည်မပြုရသည့် အကြောင်းအရင်းများအား ဤဥပဒေကို လွှဲပြောင်းပေးအပ်ထားသော အာဏာပိုင်အဖွဲ့ထံသို့ ဆုံးဖြတ်ချက်ချ မှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လွှဲပြောင်းအသိပေးရမည်။

## အခြားသဘောထားကွဲလွဲမှုများ

၁၄၇။ (၁) အမျိုးသားဥပဒေ နှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်အကြား အောက်ပါကိစ္စရပ်များနှင့် ပတ်သက်၍ သဘောထားကွဲလွဲမှု တစ်စုံတစ်ရာ ဖြစ်ပေါ်လျှင် -

(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်သော ကိစ္စရပ်တစ်ခုသည် အမျိုးသားဥပဒေ ထုတ်ပြန်ခြင်းကို အထူးလိုအပ်ပါက သို့မဟုတ် မျှော်မှန်းထားပါက ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ သက်ရောက်မှုရှိသည့် ပြဋ္ဌာန်းချက်ကို အမျိုးသားဥပဒေက လွှမ်းမိုးသည်။

(ခ) ပုဒ်မ ၄၄ (၂) ပါ ဖော်ပြချက်များအရ အမျိုးသားဥပဒေပြုရေးအာဏာဖြင့် ကြားဝင်ဆောင်ရွက်ခြင်းဖြစ်လျှင် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်ကို အမျိုးသားဥပဒေက လွှမ်းမိုးသည်။ သို့မဟုတ်ပါက

(c) a matter within a functional area listed in Schedule 4, section 146 applies as if the affected provision of the provincial constitution were provincial legislation referred to in that section.

(2) National legislation referred to in section 44(2) prevails over provincial legislation in respect of matters within the functional areas listed in Schedule 5.

### Conflicts that cannot be resolved

148. If a dispute concerning a conflict cannot be resolved by a court, the national legislation prevails over the provincial legislation or provincial constitution.

### Status of legislation that does not prevail

149. A decision by a court that legislation prevails over other legislation does not invalidate that other legislation, but that other legislation becomes inoperative for as long as the conflict remains.

### Interpretation of conflicts

150. When considering an apparent conflict between national and provincial legislation, or between national legislation and a provincial constitution, every court must prefer any reasonable interpretation of the legislation or constitution that avoids a conflict, over any alternative interpretation that results in a conflict.

(ဂ) ဇယား ၄ တွင် စာရင်းပြုဖော်ပြထားသည့် လုပ်ငန်းတာဝန်များအတွင်းမှ ကိစ္စရပ်တစ်ခုသည် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သက်ရောက်မှုရှိသည့် ပြဋ္ဌာန်းချက်ဖြစ်ပြီး ပြည်နယ်ဥပဒေက ပုဒ်မ ၁၄၆ ကို ရည်ညွှန်းပါက ထို ပုဒ်မကိုကျင့်သုံးရမည်။

(၂) ပုဒ်မ ၄၄ (၂) တွင် ရည်ညွှန်းထားသော အမျိုးသားဥပဒေသည် ဇယား ၅ တွင် ဖော်ပြထားသည့် လုပ်ငန်းတာဝန်များအတွင်း ပါဝင်နေသော ကိစ္စရပ်များနှင့် ပတ်သက်၍ ပြည်နယ်ဥပဒေကို လွှမ်းမိုး သည်။

**ဖြေရှင်း၍ မရနိုင်သော သဘောထားကွဲလွဲမှုများ**

၁၄၈။ သဘောထားကွဲလွဲမှု တစ်ရပ်နှင့် သက်ဆိုင်သော အငြင်းပွားမှုတစ်ရပ်အား တရားရုံးက ဖြေရှင်းပေးနိုင်ခြင်း မရှိလျှင် အမျိုးသားဥပဒေသည် ပြည်နယ်ဥပဒေ သို့မဟုတ် ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လွှမ်းမိုးသည်။

**လွှမ်းမိုးမှုမခံရနိုင်သည့် ဥပဒေပြဋ္ဌာန်းချက်**

၁၄၉။ ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်သည် အခြားဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ကို လွှမ်းမိုးကြောင်း တရားရုံး၏ ဆုံးဖြတ်ချက်တစ်ရပ်သည် လွှမ်းမိုးခြင်းခံရသည့် ဥပဒေပြဋ္ဌာန်းချက်ကို ဖျက်သိမ်းခြင်းမမည်သော်လည်း ထိုဥပဒေပြဋ္ဌာန်းချက်သည် သဘောထားကွဲလွဲမှု ဆက်ရှိနေသမျှကာလပတ်လုံး အသုံးပြု၍မရသော ပြဋ္ဌာန်းချက် ဖြစ်လာပေမည်။

**သဘောထားကွဲလွဲမှုများ အနက်ဖွင့်ဆိုခြင်း**

၁၅၀။ အမျိုးသားဥပဒေနှင့် ပြည်နယ်ဥပဒေ အကြားရှိ သို့မဟုတ် အမျိုးသားဥပဒေနှင့် ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်အကြားရှိ ထင်ရှားသော သဘောထားကွဲလွဲမှု တစ်ရပ်ကို စဉ်းစားဆုံးဖြတ်သောအခါ တရားရုံး တိုင်းသည် သဘောထားကွဲလွဲမှု ဖြစ်ပေါ်စေသည့် အခြားအနက်ဖွင့်ဆိုမှုများထက် သဘောထားကွဲလွဲမှု တစ်ရပ်ကို ရှောင်ရှားနိုင်မည့် ဥပဒေပြဋ္ဌာန်းချက် သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကြောင်းကျိုးခိုင်လုံသော အနက်ဖွင့်ဆိုချက်ကို ရွေးချယ်ရမည်။

# CHAPTER 7
# LOCAL GOVERNMENT

## Status of municipalities

151. (1) The local sphere of government consists of municipalities, which must be established for the whole of the territory of the Republic.

(2) The executive and legislative authority of a municipality is vested in its Municipal Council.

(3) A municipality has the right to govern, on its own initiative, the local government affairs of its community, subject to national and provincial legislation, as provided for in the Constitution.

(4) The national or a provincial government may not compromise or impede a municipality's ability or right to exercise its powers or perform its functions.

## Objects of local government

152. (1) The objects of local government are—

(a) to provide democratic and accountable government for local communities;

(b) to ensure the provision of services to communities in a sustainable manner;

(c) to promote social and economic development;

(d) to promote a safe and healthy environment; and

(e) to encourage the involvement of communities and community organisations in the matters of local government.

(2) A municipality must strive, within its financial and administrative capacity, to achieve the objects set out in subsection (1).

## အခန်း ၇

## ဒေသန္တရ အစိုးရ

**စည်ပင်သာယာနယ်မြေများ၏ အဆင့်အတန်း**

၁၅၁။ (၁) ဒေသန္တရအစိုးရအဖွဲ့အတွင်းတွင် ဤသမ္မတနိုင်ငံတော်၏ ပိုင်နက်တစ်ခုလုံးအတွက် ဖွဲ့စည်းထားရှိပေးရမည့် စည်ပင်သာယာနယ်မြေများ ပါဝင်ပါသည်။

(၂) စည်ပင်သာယာနယ်မြေတစ်ခု၏ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာအား ယင်း၏ စည်ပင်သာယာရေး ကောင်စီထံ အပ်နှံထားသည်။

(၃) စည်ပင်သာယာနယ်မြေတစ်ခုတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသည့် အမျိုးသားဥပဒေနှင့် ပြည်နယ်ဥပဒေများနှင့်အညီ သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်း၏ ဒေသန္တရအုပ်ချုပ်ရေး ကိစ္စရပ်များအား ကိုယ်စွမ်းကိုယ်စရှိသလောက် စီမံအုပ်ချုပ်ပိုင်ခွင့်ရှိ သည်။

(၄) စည်ပင်သာယာနယ်မြေတစ်ခု၏ လုပ်ပိုင်ခွင့်များ သို့မဟုတ် ယင်း၏ လုပ်ငန်းတာဝန်များကို ကျင့်သုံးနိုင်စွမ်း သို့မဟုတ် ကျင့်သုံးခွင့်အား နိုင်ငံတော် သို့မဟုတ် ပြည်နယ် အစိုးရက ညှိနှိုင်းခြင်း သို့မဟုတ် ဟန့်တားခြင်းများ မပြုလုပ်နိုင်ပေ။

**ဒေသန္တရအစိုးရ၏ ရည်မှန်းချက်များ**

၁၅၂။ (၁) ဒေသန္တရအစိုးရ၏ ရည်မှန်းချက်များမှာ -

(က) ဒေသန္တရအသိုင်းအဝိုင်းများအတွက် ဒီမိုကရေစီစနစ်နှင့်ညီညွတ်၍ တာဝန်ယူမှုရှိသော အစိုးရတစ်ရပ်ကို ဖော်ဆောင်ရန်၊

(ခ) လူမှုအသိုင်းအဝိုင်းများအတွက် ဝန်ဆောင်မှုများအား အရှည်သဖြင့်တည်တံ့သော နည်းလမ်းတစ်ရပ်ဖြင့် အသေအချာ ဖော်ဆောင်ပေးရန်၊

(ဂ) လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်ရန်၊

(ဃ) ဘေးကင်း၍ ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်တစ်ရပ်ကို အားပေးမြှင့်တင်ရန်နှင့်

(င) ဒေသန္တရအစိုးရ၏ အရေးကိစ္စများတွင် လူမှုအသိုင်းအဝိုင်းများနှင့် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်မှု ကို အားပေးရန်။

(၂) စည်ပင်သာယာနယ်မြေတစ်ခုသည် ပုဒ်မခွဲ (၁) တွင် ပြဋ္ဌာန်းထားသည့် ရည်မှန်းချက်များ အောင်မြင်စေရန် ယင်း၏ ဘဏ္ဍာရေးနှင့် အုပ်ချုပ်ရေးစွမ်းပကားများကို အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်ရမည်။

## Developmental duties of municipalities

153. A municipality must—

(a) structure and manage its administration and budgeting and planning processes to give priority to the basic needs of the community, and to promote the social and economic development of the community; and

(b) participate in national and provincial development programmes.

## Municipalities in co-operative government

154. (1) The national government and provincial governments, by legislative and other measures, must support and strengthen the capacity of municipalities to manage their own affairs, to exercise their powers and to perform their functions.

(2) Draft national or provincial legislation that affects the status, institutions, powers or functions of local government must be published for public comment before it is introduced in Parliament or a provincial legislature, in a manner that allows organised local government, municipalities and other interested persons an opportunity to make representations with regard to the draft legislation.

## Establishment of municipalities

155. (1) There are the following categories of municipality:

(a) Category A: A municipality that has exclusive municipal executive and legislative authority in its area.

(b) Category B: A municipality that shares municipal executive and legislative authority in its area with a category C municipality within whose area it falls.

(c) Category C: A municipality that has municipal executive and legislative authority in an area that includes more than one municipality.

**စည်ပင်သာယာနယ်မြေများ၏ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ**

၁၅၃။ စည်ပင်သာယာရေး အဖွဲ့တစ်ဖွဲ့သည်

(က) သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်း၏ အခြေခံလိုအပ်ချက်များကို ဦးစားပေးဆောင်ရွက်ရန်နှင့် ထိုအသိုင်း ဝိုင်း၏ လူမှုစီးပွားဖွံ့ဖြိုးတက်မှုကို အားပေးမြှင့်တင်ရန်ရည်ရွယ်သော ယင်း၏ အုပ်ချုပ်ရေး၊ ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲ ရေးနှင့် စီမံကိန်းရေးဆွဲရေး လုပ်ငန်းစဉ်များကို စီမံမှုပြုရမည်။

(ခ) နိုင်ငံတော်အဆင့်နှင့် ပြည်နယ်အဆင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ရမည်။

**ပူးပေါင်းဆောင်ရွက်သည့် အစိုးရ အတွင်းပါဝင်သော စည်ပင်သာယာနယ်မြေများ**

၁၅၄။ (၁) မိမိတို့၏ ကိုယ်ပိုင် အရေးကိစ္စများကို စီမံရန်၊ အခွင့်အာဏာများကို ကျင့်သုံးရန်နှင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်တို့ဖြင့် သက်ဆိုင်သော စည်ပင်သာယာရေးနယ်မြေများ၏ စွမ်းဆောင်မှုများအား ဥပဒေပြုရေးနှင့် အခြားသော ဆောင်ရွက်မှုများအားဖြင့် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရများက ကူညီမြှင့်တင်ပေးရမည်။

(၂) ဒေသန္တရအစိုးရ၏ အဆင့်အတန်း၊ အဖွဲ့အစည်းများ၊ အခွင့်အာဏာများ သို့မဟုတ် လုပ်ငန်းတာဝန် များအပေါ် သက်ရောက်နေသော အမျိုးသားဥပဒေမူကြမ်း သို့မဟုတ် ပြည်နယ် ဥပဒေမူကြမ်းအား အမြင့်ဆုံးဥပဒေပြု လွှတ်တော် သို့မဟုတ် ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ရပ်သို့ တင်သွင်းခြင်းမပြုမီတွင် စနစ်တကျ ဖွဲ့စည်းထားသော ဒေသန္တရအစိုးရ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် အခြား စိတ်ပါဝင်စားသူများအတွက် ထိုဥပဒေမူကြမ်းနှင့် ပတ်သက်သော ကိုယ်စားပြုမှုများဆိုင်ရာ အခွင့်အလမ်း တစ်ရပ်ကို ဖော်ဆောင်ပေးနိုင်မည့် နည်းလမ်းတစ်ရပ်ဖြင့် အများပြည်သူမှတ်ချက်ပေးနိုင်စေရန် ထုတ်ပြန်ပေး ရမည်။

**စည်ပင်သာယာနယ်မြေများသတ်မှတ်ခြင်း**

၁၅၅။ (၁) စည်ပင်သာယာနယ်မြေများအား အမျိုးအစားအားဖြင့် အောက်ပါအတိုင်း သတ်မှတ်ထားပါသည် -

(က) အမျိုးအစား က - သက်ဆိုင်ရာနယ်မြေအတွင်း ဒေသန္တရ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး ဆိုင်ရာ သီးသန့်အာဏာကို ပိုင်ဆိုင်ထားသော စည်ပင်သာယာနယ်မြေ။

(ခ) အမျိုးအစား ခ - အမျိုးအစား (ဂ) အဖြစ် သတ်မှတ်ထားသော စည်ပင်သာယာနယ်မြေ အတွင်း ပါဝင်နေသည့်အတွက် ဒေသန္တရ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာအား ထိုနယ်မြေနှင့် မျှဝေကျင့်သုံးရသော စည်ပင်သာယာနယ်မြေ။

(ဂ) အမျိုးအစား ဂ - စည်ပင်သာယာနယ်မြေတစ်ခုမက ပါဝင်နေသည့် နယ်ပိုင်နက်တစ်ခုအတွင်း စည်ပင်သာယာရေးဆိုင်ရာ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးအာဏာကို ပိုင်ဆိုင်ထားသည့် စည်ပင်သာယာနယ်မြေ။

(2) National legislation must define the different types of municipality that may be established within each category.

(3) National legislation must—

(a) establish the criteria for determining when an area should have a single category A municipality or when it should have municipalities of both category B and category C;

(b) establish criteria and procedures for the determination of municipal boundaries by an independent authority; and

(c) subject to section 229, make provision for an appropriate division of powers and functions between municipalities when an area has municipalities of both category B and category C. A division of powers and functions between a category B municipality and a category C municipality may differ from the division of powers and functions between another category B municipality and that category C municipality.

(4) The legislation referred to in subsection (3) must take into account the need to provide municipal services in an equitable and sustainable manner.

(5) Provincial legislation must determine the different types of municipality to be established in the province.

(6) Each provincial government must establish municipalities in its province in a manner consistent with the legislation enacted in terms of subsections (2) and (3) and, by legislative or other measures, must—

(a) provide for the monitoring and support of local government in the province; and

(b) promote the development of local government capacity to enable municipalities to perform their functions and manage their own affairs.

(၂) အမျိုးအစားတစ်ခုချင်းစီအတွင်းပါဝင်စေမည့် စည်ပင်သာယာ နယ်မြေ အမျိုးအစား အမျိုးမျိုးအား အမျိုးသားဥပဒေတွင် သတ်မှတ်ဖော်ပြပေးရမည်။

(၃) အမျိုးသားဥပဒေတွင် -

(က) နယ်မြေတစ်ခုတွင် မည်သည့်အချိန်၌ အမျိုးအစား က အဆင့်ရှိ တစ်ခုတည်းသော စည်ပင်သာယာ နယ်မြေတစ်ခု ရှိသင့်သည် သို့မဟုတ် မည်သည့်အချိန်၌ အမျိုးအစား ခ နှင့် အမျိုးအစား ဂ နှစ်မျိုးစလုံး ပါဝင်သင့်သည်ဆိုခြင်းကို ဆုံးဖြတ်သော စံသတ်မှတ်ချက်များ ပြဋ္ဌာန်းပေးရမည်။

(ခ) စည်ပင်သာယာနယ်မြေများ၏ နယ်နိမိတ်များသတ်မှတ်ခြင်းအတွက် စံသတ်မှတ်ချက်များ နှင့် လုပ်ထုံးလုပ်နည်းများအား လွတ်လပ်သော အာဏာပိုင်အဖွဲ့ တစ်ဖွဲ့က ဖန်တီးပေးရမည်။

(ဂ) နယ်မြေတစ်ခုတွင် အမျိုးအစား ခ နှင့် ဂ အဆင့်ရှိ စည်ပင်သာယာနယ်မြေများ ပါဝင်နေသောအခါ စည်ပင်သာယာနယ်မြေများအကြားရှိ အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များအား ပုဒ်မ ၂၂၉ နှင့်အညီ သင့်လျော်မှန်ကန်စွာ ခွဲဝေပေးရန် ပြဋ္ဌာန်းရမည်။ အမျိုးအစား ခ နှင့် အမျိုးအစား ဂ အဆင့်တွင် ပါဝင်သည့် စည်ပင်သာယာ နယ်မြေတစ်ခုချင်းစီအကြား အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များ ခွဲဝေခြင်းသည် အမျိုးအစား ခ တွင် ပါဝင်သည့် စည်ပင်သာယာနယ်မြေနှင့် ထိုအမျိုးအစား ဂ တွင် ပါဝင်သော နယ်မြေအကြားရှိ အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များ ခွဲဝေခြင်းဖြင့် ကွဲပြားခြားနားနိုင်သည်။

(၄) ပုဒ်မခွဲ (၃) တွင် ရည်ညွှန်းထားသော ဥပဒေပြဋ္ဌာန်းချက် သည် သာတူညီမျှရှိ၍ အရှည်သဖြင့် တည်တံ့သော နည်းလမ်းတစ်ရပ်အတွင်း စည်ပင်သာယာရေးဝန်ဆောင်မှုများ ဖော်ဆောင်ပေးအပ်ရန် လိုအပ်ချက်ကို ထည့်သွင်း စဉ်းစားပေးရမည်။

(၅) ပြည်နယ်အတွင်း သတ်မှတ်ဖွဲ့စည်းပေးမည့် စည်ပင်သာယာနယ်မြေ အမျိုးအစား အမျိုးမျိုးအား ပြည်နယ်ဥပဒေဖြင့် ဆုံးဖြတ်ပေးရမည်။

(၆) ပြည်နယ်အစိုးရတစ်ရပ်ချင်းစီသည် ယင်း၏ ပြည်နယ်အတွင်းရှိ စည်ပင်သာယာနယ်မြေများအား ပုဒ်မခွဲ (၂) နှင့် (၃) အရ ပြဋ္ဌာန်းထားသည့် ဥပဒေပြဋ္ဌာန်းချက် နှင့်အညီ သတ်မှတ်ဖွဲ့စည်းရမည်ဖြစ်သည့်အပြင် ဥပဒေ ပြဋ္ဌာန်းချက် သို့မဟုတ် အခြားသော အရေးယူဆောင်ရွက်ချက်များအရ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ပြည်နယ်တစ်ခုအတွင်းရှိ ဒေသန္တရ အစိုးရကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် အထောက်အကူ ပြုခြင်း၊

(ခ) စည်ပင်သာယာနယ်မြေများက ယင်းတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်နှင့် ယင်းတို့၏ ကိုယ်ပိုင်အရေးကိစ္စများကို စီမံရန်လိုအပ်သော ဒေသန္တရအုပ်ချုပ်ရေးစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့် တင်ရန်။

(6A) ......

*[Sub-s. (6A) inserted by s. 1 of the Constitution Third Amendment Act of 1998 and deleted by s. 2 of the Constitution Twelfth Amendment Act of 2005.]*

(7) The national government, subject to section 44, and the provincial governments have the legislative and executive authority to see to the effective performance by municipalities of their functions in respect of matters listed in Schedules 4 and 5, by regulating the exercise by municipalities of their executive authority referred to in section 156(1).

*(၆. က)…..*

*[၁၉၉၈ ခုနှစ် တတိယအကြိမ်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေ ပုဒ်မ ၁ ဖြင့် အစားထိုးထားသည့် ပုဒ်မခွဲ (၆က) နှင့် ၂၀၀၅ ခုနှစ် ၁၂ ကြိမ်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေပုဒ်မခွဲ (၂)ဖြင့် ထည့်သွင်းခဲ့သည်]*

(၇) ပုဒ်မ ၄၄ အရ ဖွဲ့စည်းထားသော နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရများသည် ဇယား ၄ နှင့် ၅ တွင် စာရင်းပြုဖော်ပြထားသည့် အရေးကိစ္စများနှင့်ပတ်သက်သော စည်ပင်သာယာနယ်မြေများ၏ လုပ်ငန်းတာဝန်များအား ယင်းတို့က ထိရောက်စွာဆောင်ရွက်ခြင်းအပေါ် ပုဒ်မ ၁၅၆ (၁) တွင် ရည်ညွှန်းထားသည့် စည်ပင်သာယာ နယ်မြေများ၏ အုပ်ချုပ်ရေးအာဏာအား ယင်းတို့က ကျင့်သုံးခြင်းအတွက် ဥပဒေပြဋ္ဌာန်းခြင်းအား ဖြင့် စောင့်ကြည့်သည့် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာကို ပိုင်ဆိုင်ထားပါသည်။

## Powers and functions of municipalities

156. (1) A municipality has executive authority in respect of, and has the right to administer—

(a) the local government matters listed in Part B of Schedule 4 and Part B of Schedule 5; and

(b) any other matter assigned to it by national or provincial legislation.

(2) A municipality may make and administer by-laws for the effective administration of the matters which it has the right to administer.

(3) Subject to section 151(4), a by-law that conflicts with national or provincial legislation is invalid. If there is a conflict between a bylaw and national or provincial legislation that is inoperative because of a conflict referred to in section 149, the by-law must be regarded as valid for as long as that legislation is inoperative.

(4) The national government and provincial governments must assign to a municipality, by agreement and subject to any conditions, the administration of a matter listed in Part A of Schedule 4 or Part A of Schedule 5 which necessarily relates to local government, if—

(a) that matter would most effectively be administered locally; and

(b) the municipality has the capacity to administer it.

(5) A municipality has the right to exercise any power concerning a matter reasonably necessary for, or incidental to, the effective performance of its functions.

## Composition and election of Municipal Councils

157. (1) A Municipal Council consists of—

(a) members elected in accordance with subsections (2) and (3); or

(b) if provided for by national legislation—

**စည်ပင်သာယာနယ်မြေများ၏ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းတာဝန်များ**

၁၅၆။ (၁) စည်ပင်သာယာနယ်မြေတစ်ခုသည် အောက်ပါတို့နှင့်သက်ဆိုင်သော အုပ်ချုပ်ရေးအာဏာနှင့် စီမံခန့်ခွဲပိုင်ခွင့်တို့ကို ပိုင်ဆိုင်ထားပါသည် -

(က) ဇယား ၄ အပိုင်း ခ နှင့် ဇယား ၅ အပိုင်း ခ တွင် စာရင်းပြုဖော်ပြထားသော ဒေသန္တရ အစိုးရကိစ္စရပ်များနှင့်

(ခ) အမျိုးသားဥပဒေ သို့မဟုတ် ပြည်နယ်ဥပဒေအရ ယင်းထံအပ်နှင်းထားသည့် အခြားကိစ္စရပ်များ။

(၂) စည်ပင်သာယာနယ်မြေတစ်ခုသည် ယင်း၏ စီမံပိုင်ခွင့်တွင်ပါဝင်သော အရေးကိစ္စရပ်များကို ထိရောက်စွာ စီမံအုပ်ချုပ်ခြင်းအတွက် စည်းကမ်းဥပဒေများ ပြဋ္ဌာန်း၍ စီမံဆောင်ရွက်နိုင်ပါသည်။

(၃) အမျိုးသားဥပဒေ သို့မဟုတ် ပြည်နယ်ဥပဒေနှင့် ကွဲလွဲနေသော စည်းကမ်းဥပဒေတစ်ရပ်သည် ပုဒ်မ ၁၅၄ (၄) အရ တရားဝင်မှုမရှိပါ။ ပုဒ်မ ၁၄၉ တွင် ရည်ညွှန်းထားသည့် ကွဲလွဲမှုတစ်ရပ်ကြောင့် စည်းကမ်းဥပဒေတစ်ရပ်နှင့် အမျိုးသားဥပဒေ သို့မဟုတ် ပြည်နယ်ဥပဒေအကြား အသုံးပြုနိုင်ခြင်းမရှိသည့် ကွဲလွဲမှုတစ်စုံတစ်ရာ ရှိနေပါက အဆိုပါဥပဒေကို အသုံးပြုနိုင်ခြင်းမရှိသည့် အချိန်ကာလတစ်လျှောက်လုံး ထိုစည်းကမ်းဥပဒေသည် တရားဝင်သည်ဟု မှတ်ယူရမည်။

(၄) နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရများသည် ဒေသန္တရအစိုးရနှင့် ပတ်သက်ဆက်နွှယ်မှုရှိရန် လိုအပ်သည့် ဇယား ၄ အပိုင်း က သို့မဟုတ် ဇယား ၅ အပိုင်း က တွင် စာရင်းပြုဖော်ပြထားသည့် အရေးကိစ္စတစ်ခုကို စီမံဆောင်ရွက်ခြင်းအား သဘောတူညီချက်နှင့် စည်းမျဉ်းစည်းကမ်းများအရ စည်ပင်သာယာနယ်မြေတစ်ခုသို့ အပ်နှင်းပေးရမည်။ ထိုသို့အပ်နှင်းရန်အတွက် -

(က) ထိုအရေးကိစ္စအား ဒေသန္တရအစိုးရကစီမံခြင်းမှာ အထိရောက်ဆုံးဖြစ်ပြီး

(ခ) ထိုစည်ပင်သာယာနယ်မြေတွင် ထိုအရေးကိစ္စကို စီမံဆောင်ရွက်ရန် စွမ်းရည်ရှိသည်။

(၅) ဒေသန္တရအုပ်ချုပ်ရေးနယ်တစ်ခုတွင် ယင်း၏လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက် ဆောင်ရွက်ရန် ကြောင်းကျိုးဆီလျော်စွာ လိုအပ်သော သို့မဟုတ် ဆက်စပ်သော အရေးကိစ္စတစ်ရပ်နှင့် သက်ဆိုင်သည့် အခွင့်အာဏာများကို ကျင့်သုံးပိုင်ခွင့်ရှိသည်။

**စည်ပင်သာယာရေးကောင်စီများ၏ ဖွဲ့စည်းပုံနှင့် ရွေးကောက်ပွဲများ**

၁၅၇။ (၁) ဇယား ၆က အရ စည်ပင်သာယာရေး ကောင်စီတစ်ရပ်တွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သည် -

(က) ပုဒ်မခွဲ (၂) နှင့် (၃) အရ ရွေးကောက်တင်မြှောက်ထားသော အဖွဲ့ဝင်များ သို့မဟုတ်

(ခ) အမျိုးသားဥပဒေ အရ ပေးအပ်ထားပါက -

(i) members appointed by other Municipal Councils to represent those other Councils; or

(ii) both members elected in accordance with paragraph (a) and members appointed in accordance with subparagraph (i) of this paragraph.

*[Sub-s. (1) substituted by s. 1 (a) of the Constitution Eighth Amendment Act of 2002 and by s. 3 of the Constitution Fifteenth Amendment Act of 2008.]*

(2) The election of members to a Municipal Council as anticipated in subsection (1)(a) must be in accordance with national legislation, which must prescribe a system—

(a) of proportional representation based on that municipality's segment of the national common voters roll, and which provides for the election of members from lists of party candidates drawn up in a party's order of preference; or

(b) of proportional representation as described in paragraph (a) combined with a system of ward representation based on that municipality's segment of the national common voters roll.

(3) An electoral system in terms of subsection (2) must result, in general, in proportional representation.

*[Sub-s. (3) substituted by s. 1(b) of the Constitution Eighth Amendment Act of 2002.]*

(4) (a) If the electoral system includes ward representation, the delimitation of wards must be done by an independent authority appointed in terms of, and operating according to, procedures and criteria prescribed by national legislation.

(b) ……

*[Para. (b) deleted by s. 3 of the Constitution Twelfth Amendment Act of 2005.]*

*[Sub-s. (4) substituted by s. 2 of the Constitution Third Amendment Act of 1998.]*

(5) A person may vote in a municipality only if that person is registered on that municipality's segment of the national common voters roll.

(၁) အခြားကောင်စီများကို ကိုယ်စားပြုရန် အခြားသော ထိုစည်ပင်သာယာရေး ကောင်စီများက ခန့်အပ်ထား သည့် အဖွဲ့ဝင်များ သို့မဟုတ်

(၂) အပိုဒ် (က) နှင့်အညီ ရွေးကောက်တင်မြှောက်ထားသော အဖွဲ့ဝင်များနှင့် ဤစာပိုဒ်၏ အပိုဒ်ခွဲ (၁) နှင့်အညီ ခန့်အပ်ထားသော အဖွဲ့ဝင်အမျိုးအစား နှစ်မျိုးစလုံး။

*[ပုဒ်မခွဲ (၁) အား ၂၀၀၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ၏ ပုဒ်မ ၉ နှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၅ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ၏ ပုဒ်မ ၃ အရ အစားထိုးထားသည်။]*

(၂) ပုဒ်မခွဲ (၁) က တွင် မျှော်မှန်းထားသည့် စည်ပင်သာယာရေးကောင်စီတစ်ရပ်အတွက် အဖွဲ့ဝင်များ ရွေးချယ်ခြင်းသည် အောက်ဖော်ပြပါ စနစ်တစ်ရပ်ကို သတ်မှတ်ပေးရမည့် အမျိုးသားဥပဒေ နှင့် ညီညွတ်ရမည် -

(က) နိုင်ငံလုံးဆိုင်ရာ မဲဆန္ဒရှင်စာရင်းအတွင်းမှ ထိုစည်ပင်သာယာနယ်မြေ၏ အစိတ်အပိုင်းအပေါ် အခြေခံထား သည့် အချိုးကျကိုယ်စားပြုစနစ်တစ်ရပ်ဖြစ်ပြီး ပါတီတစ်ရပ်အပေါ် ကြိုက်နှစ်သက်မှုကိုပြသသည့် နံပါတ်စဉ်အ တွင်း ဖော်ပြထားသည့် ပါတီကိုယ်စားလှယ်များစာရင်းမှ အဖွဲ့ဝင်များကို ရွေးကောက်တင်မြှောက်ရန် ဖော်ဆောင်ပေးထားသောစနစ်လည်း ဖြစ်ရမည်။

(ခ) နိုင်ငံလုံးဆိုင်ရာ မဲဆန္ဒရှင်စာရင်းအတွင်းမှ ထိုစည်ပင်သာယာနယ်မြေ၏ အစိတ်အပိုင်းအပေါ် အခြေခံထားသည့် ရပ်ကွက်ကိုယ်စားပြုစနစ်တစ်ရပ်ဖြင့် ပေါင်းစပ်ထားသည့် အပိုဒ် (က) အတွင်း ဖော်ပြထားသော အချိုးကျ ကိုယ်စားပြုစနစ်ဖြစ်ရမည်။

(၃) ပုဒ်မခွဲ (၂) ပါ ရွေးကောက်ပွဲစနစ်တစ်ရပ်သည် ယေဘုယျအားဖြင့် အချိုးကျကိုယ်စားပြုစနစ် ဖြစ်ရမည်။

*[ပုဒ်မခွဲ (၃) အား ၂၀၀၂ ခုနှစ် အဋ္ဌမကြိမ်မြောက်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၁ (ခ) အရ အစားထိုးထားသည်။]*

(၄) (က) ရွေးကောက်ပွဲစနစ်တွင် ရပ်ကွက်ကိုယ်စားပြုမှု ပါဝင်ပါက ရပ်ကွက်များကို နယ်နိမိတ်ကန့်သတ်ခြင်းအား အမျိုးသားဥပဒေတွင် သတ်မှတ်ထားသည့် နည်းလမ်းများ၊ စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခန့်အပ်သည့် လွတ်လပ်သော အာဏာပိုင်အဖွဲ့တစ်ဖွဲ့က ဆောင်ရွက်ရမည်။

(ခ)…….

*[ပုဒ်မခွဲ (ခ) အား ၂၀၀၅ ခုနှစ် တစ်ဆယ့်နှစ်ကြိမ်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေ ပုဒ်မ ၃ ဖြင့် ဖြတ်သိမ်းခဲ့]*

*[၁၉၉၈ ခုနှစ် တတိယအကြိမ်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေ ပုဒ်မ ၂ ဖြင့် ပုဒ်မခွဲ (၄) အား အစားထိုးထည့်သွင်း]*

(၅) လူပုဂ္ဂိုလ်တစ်ဦးသည် နိုင်ငံလုံးဆိုင်ရာ မဲဆန္ဒရှင်စာရင်းအတွင်းမှ ထိုစည်ပင်သာယာနယ်မြေ၏ အစိတ်အပိုင်းတွင် စာရင်းသွင်းထားမှသာ စည်ပင်သာယာနယ်မြေတစ်ခုအတွင်း မဲပေးနိုင်ပါသည်။

(6) The national legislation referred to in subsection (1)(b) must establish a system that allows for parties and interests reflected within the Municipal Council making the appointment, to be fairly represented in the Municipal Council to which the appointment is made.

## Membership of Municipal Councils

158. (1) Every citizen who is qualified to vote for a Municipal Council is eligible to be a member of that Council, except—

(a) anyone who is appointed by, or is in the service of, the municipality and receives remuneration for that appointment or service, and who has not been exempted from this disqualification in terms of national legislation;

(b) anyone who is appointed by, or is in the service of, the state in another sphere, and receives remuneration for that appointment or service, and who has been disqualified from membership of a Municipal Council in terms of national legislation;

(c) anyone who is disqualified from voting for the National Assembly or is disqualified in terms of section 47(1)(c), (d) or (e) from being a member of the Assembly;

(d) a member of the National Assembly, a delegate to the National Council of Provinces or a member of a provincial legislature; but this disqualification does not apply to a member of a Municipal Council representing local government in the National Council; or

(e) a member of another Municipal Council; but this disqualification does not apply to a member of a Municipal Council representing that Council in another Municipal Council of a different category.

(2) A person who is not eligible to be a member of a Municipal Council in terms of subsection (1)(a), (b), (d) or (e) may be a candidate for the Council, subject to any limits or conditions established by national legislation.

(၆) အမျိုးသားဥပဒေသည် စည်ပင်သာယာရေးကောင်စီအတွက် ခန့်အပ်တာဝန်ပေးမှုများတွင် မျှတစွာ ကိုယ်စားပြုနိုင်စေရန် ခန့်အပ်တာဝန်ပေးမှုများပြုလုပ်သော စည်ပင်သာယာရေးကောင်စီအတွင်း အဖွဲ့ဝင်များနှင့် အကျိုးစီးပွားများကို တွေ့မြင်ရစေမည့် စနစ်တစ်ရပ်ကို ပုဒ်မခွဲ (၁) (ခ) အားရည်ညွှန်း၍ တည်ထောင်ပေးရမည်။

**စည်ပင်သာယာရေးကောင်စီများ၏ အဖွဲ့ဝင်ဖြစ်မှု**

၁၅၈။ (၁) စည်ပင်သာယာရေး ကောင်စီတစ်ခုအတွက် မဲပေးရန် အရည်အချင်းပြည့်မီသော နိုင်ငံသားတိုင်းသည် ထိုကောင်စီ၏ အဖွဲ့ဝင်တစ်ဦးဖြစ်ရန် အရည်အချင်း ပြည့်မီပြီး အောက်ပါတို့နှင့် ကင်းလွတ်ရမည် -

(က) ထိုစည်ပင်သာယာရေးကောင်စီက ခန့်အပ်ထားသောသူ သို့မဟုတ် ထိုစည်ပင်သာယာရေး ကောင်စီတွင် တာဝန်ထမ်းဆောင်သူဖြစ်ပြီး ထိုခန့်အပ်မှု သို့မဟုတ် တာဝန်ထမ်း ဆောင်မှုအတွက် လစာငွေများ ရရှိနေသည့်အပြင် အမျိုးသားဥပဒေပါ အရည်အချင်းမပြည့်မီမှုဖော်ပြချက်နှင့်လည်း ကင်းလွတ်ခြင်းမရှိသေးသူ။

(ခ) အခြားပိုင်နက်တစ်ခုအတွင်းတွင် နိုင်ငံတော်က ခန့်အပ်တာဝန်ပေးထားသော သို့မဟုတ် နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး ထိုခန့်အပ်မှု သို့မဟုတ် တာဝန်ထမ်း ဆောင်မှုအတွက် လစာငွေများ ရရှိနေ သည့်အပြင် အမျိုးသားဥပဒေအရ စည်ပင်သာယာရေး ကောင်စီ တစ်ခု၏ အဖွဲ့ဝင်အဖြစ်ပါဝင်ရန် အရည်အချင်းပြည့်မီခြင်း မရှိသူ။

(ဂ) ပြည်သူ့လွှတ်တော် အတွက် မဲပေးရန် အရည်အချင်းမပြည့်မီသူ သို့မဟုတ် ပုဒ်မ ၄၇ (၁) (ဂ)၊ (ဃ) သို့မဟုတ် (င) အရ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ရန် အရည်အချင်းမပြည့်မီသူ။

(ဃ) ပြည်သူ့လွှတ်တော်၏ ကိုယ်စားလှယ်တစ်ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် ပြည်နယ် ဥပဒေပြု လွှတ်တော် တစ်ရပ်၏ ကိုယ်စားလှယ်တစ်ဦး ဖြစ်သော်လည်း ဤအရည်အချင်းမပြည့်မီမှုသည် အမျိုးသားကောင်စီအတွင်းရှိ ဒေသန္တရအစိုးရကို ကိုယ်စားပြုသည့် စည်ပင်သာယာရေးကောင်စီတစ်ခု၏ အဖွဲ့ဝင်တစ်ဦးနှင့် အကျုံးမဝင်ပါ၊ သို့မဟုတ်

(င) စည်ပင်သာယာရေးကောင်စီတစ်ခု၏ အဖွဲ့ဝင်တစ်ဦးဖြစ်သော်လည်း ဤအရည်အချင်း မပြည့်မီမှုသည် အမျိုးအစားမတူညီသည့် အခြားစည်ပင်သာယာရေးကောင်စီတစ်ခု အတွင်းရှိ စည်ပင်သာယာရေးကောင်စီတစ်ခုကို ကိုယ်စားပြုသော ကောင်စီအဖွဲ့ဝင် တစ်ဦးနှင့် အကျုံးမဝင်ပါ။

(၂) ပုဒ်မခွဲ (၁) (က)၊ (ခ)၊ (ဃ) သို့မဟုတ် (င) အရ စည်ပင်သာယာရေးကောင်စီတစ်ခု၏ အဖွဲ့ဝင် အဖြစ်ပါဝင်ရန် အရည်အချင်းမပြည့်မီသူတစ်ဦးသည် အမျိုးသားဥပဒေတွင် သတ်မှတ်ထားသည့် ကန့်သတ်ချက်များ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများအရ ဤကောင်စီ အတွက် ကိုယ်စားလှယ်လောင်းတစ်ဦး ဖြစ်နိုင်ပေသည်။

(3) Vacancies in a Municipal Council must be filled in terms of national legislation.

*[Sub-s. (3) added by s. 4 of the Constitution Fifteenth Amendment Act of 2008.]*

## Terms of Municipal Councils

159. (1) The term of a Municipal Council may be no more than five years, as determined by national legislation.

(2) If a Municipal Council is dissolved in terms of national legislation, or when its term expires, an election must be held within 90 days of the date that Council was dissolved or its term expired.

(3) A Municipal Council, other than a Council that has been dissolved following an intervention in terms of section 139, remains competent to function from the time it is dissolved or its term expires, until the newly elected Council has been declared elected.

*[S. 159 substituted by s. 1 of the Constitution Second Amendment Act of 1998.]*

## Internal procedures

160. (1) A Municipal Council—

(a) makes decisions concerning the exercise of all the powers and the performance of all the functions of the municipality;

(b) must elect its chairperson;

(c) may elect an executive committee and other committees, subject to national legislation; and

(d) may employ personnel that are necessary for the effective performance of its functions.

(2) The following functions may not be delegated by a Municipal Council:

(a) The passing of by-laws;

(b) the approval of budgets;

(c) the imposition of rates and other taxes, levies and duties; and

*(၃) စီပင်သာယာရေးကောင်စီတွင် လစ်လပ်နေယာများကို အမျိုးသားဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း ခန့်အပ်ရမည်။*

*[ပုဒ်မခွဲ (၃) အား ၂၀၀၈ ခုနှစ် ၁၅ ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် အက်ဥပဒေ၏ ပုဒ်မ ၄ အရ အစားထိုးထားသည်။]*

**စည်ပင်သာယာရေးကောင်စီများ၏ သက်တမ်းများ**

၁၅၉။ (၁) စည်ပင်သာယာရေး ကောင်စီတစ်ခု၏ သက်တမ်းသည် အမျိုးသားဥပဒေတွင် သတ်မှတ်ချက်အရ ငါးနှစ်ထက်မပိုရ။ ပြဋ္ဌာန်းချက်ပါ ဆုံးဖြတ်ချက်အရ ငါးနှစ်ထက် မကျော်လွန်နိုင်ပေ။

(၂) စည်ပင်သာယာရေးကောင်စီတစ်ခုအား အမျိုးသားဥပဒေ ***ပြဋ္ဌာန်းချက်ပါ*** သက်တမ်းအတွင်း သို့မဟုတ် အဆိုပါ သက်တမ်းကျော်လွန်သည့်အချိန်တွင် ဖျက်သိမ်းပါက ထိုကောင်စီကို ဖျက်သိမ်းသော သို့မဟုတ် ယင်း၏ သက်တမ်း ကုန်ဆုံး သွားသောရက်မှ ရက်ပေါင်း ၉၀ အတွင်း ရွေးကောက်ပွဲတစ်ရပ် ကျင်းပရမည်။

(၃) ပုဒ်မ ၁၁၉ ၁၃၉ နှင့်အညီ ကြားဝင်ဆောင်ရွက်မှုကြောင့် ဖျက်သိမ်းခံခဲ့ရသော ကောင်စီမဟုတ်သည့် စည်ပင်သာယာရေးကောင်စီတစ်ခုသည် ဖျက်သိမ်းခံရသည့် သို့မဟုတ် သက်တမ်းကုန်သွားသည့် အချိန်မှစ၍ အရွေးချယ်ခံ ကောင်စီသစ်တစ်ရပ်ကို ရွေးကောက်တင်မြှောက်ပြီးကြောင်း ကြေငြာသည့်အချိန်အထိ လုပ်ငန်းတာဝန် များ ထမ်းဆောင်နိုင်သော အခွင့်အာဏာ ကျန်ရှိသည်။

*[ပုဒ်မ ၁၅၉ အား ၁၉၉၈ ခုနှစ်၊ ဒုတိယကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၁ ဖြင့် အစားထိုးထားသည်]*

**အဖွဲ့တွင်း လုပ်ထုံးလုပ်နည်းများ**

၁၆၀။ (၁) စည်ပင်သာယာရေး ကောင်စီတစ်ရပ်သည် -

(က) စည်ပင်သာယာနယ်မြေတစ်ခု၏ အခွင့်အာဏာအားလုံးနှင့် လုပ်ငန်းတာဝန်များအားလုံးကို ကျင့်သုံးဆောင် ရွက်ခွင့်နှင့်သက်ဆိုင်သော ဆုံးဖြတ်ချက်များကို ချမှတ်ရမည်။

(ခ) ကောင်စီဥက္ကဋ္ဌ ကို ရွေးချယ်ရမည်။

(ဂ) အမျိုးသားဥပဒေ နှင့်အညီ အမှုဆောင်ကော်မတီတစ်ရပ်နှင့် အခြားကော်မတီများကို ရွေးကောက်တင်မြှောက်နိုင်သည်။

(ဃ) ကောင်စီ၏ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန်အတွက် လိုအပ် နေသော ဝန်ထမ်းများကို ခန့်အပ်နိုင်သည်။

(၂) အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များအား စည်ပင်သာယာရေးကောင်စီတစ်ရပ်က ပေးအပ်နိုင်ခြင်း မရှိပေ -

(က) စည်းကမ်းဥပဒေများ ပြဋ္ဌာန်းခြင်း၊

(ခ) ရသုံးမှန်းခြေငွေစာရင်းများ အတည်ပြုခြင်း၊

(ဂ) အခွန်နှုန်းထားများ၊ အခြားအခွန်အခများနှင့် အခွန်စည်းကြပ်မှုများ သတ်မှတ်ခြင်း

(d) the raising of loans.

(3)

(a) A majority of the members of a Municipal Council must be present before a vote may be taken on any matter.

(b) All questions concerning matters mentioned in subsection (2) are determined by a decision taken by a Municipal Council with a supporting vote of a majority of its members.

(c) All other questions before a Municipal Council are decided by a majority of the votes cast.

(4) No by-law may be passed by a Municipal Council unless—

(a) all the members of the Council have been given reasonable notice; and

(b) the proposed by-law has been published for public comment.

(5) National legislation may provide criteria for determining—

(a) the size of a Municipal Council;

(b) whether Municipal Councils may elect an executive committee or any other committee; or

(c) the size of the executive committee or any other committee of a Municipal Council.

(6) A Municipal Council may make by-laws which prescribe rules and orders for—

(a) its internal arrangements;

(b) its business and proceedings; and

(c) the establishment, composition, procedures, powers and functions of its committees.

(ဃ) ဈေးငွေများ တိုးမြှင့်ပေးခြင်း။

(၃)

(က) အရေးကိစ္စတစ်ခုအတွက် မဲခွဲဆုံးဖြတ်ရာတွင် စည်ပင်သာယာရေးကောင်စီတစ်ခု၏ အဖွဲ့ဝင်အများစု တက်ရောက်ရမည်။

(ခ) ပုဒ်မခွဲ (၂) တွင် ဖော်ပြထားသည့် အရေးကိစ္စများနှင့်သက်ဆိုင်သော မေးခွန်းများအားလုံးအား စည်ပင်သာ ယာရေးကောင်စီ အဖွဲ့ဝင်အများစု၏ ထောက်ခံမဲတစ်ရပ်ဖြင့် ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အဆုံးအဖြတ်ပေးရမည်။

(ဂ) စည်ပင်သာယာရေးကောင်စီတစ်ခုသို့ တင်သွင်းလာသော မေးခွန်းများအားလုံးအား ပေးအပ်သော ဆန္ဒမဲ အများစုဖြင့် ဆုံးဖြတ်ရမည်။

(၄) အောက်ပါအခြေအနေများနှင့် ညီညွတ်ခြင်းမရှိပါက မည်သည့် စည်းကမ်းဥပဒေ ပြဋ္ဌာန်း ခြင်း မပြုနိုင်ပေ -

(က) ကောင်စီအဖွဲ့ဝင်များအားလုံးသို့ ကြောင်းကျိုးဆီလျော်သော အသိပေးမှုတစ်ခု ပြုလုပ်ထားပြီး ဖြစ်ခြင်း

(ခ) အဆိုပြုထားသော စည်းကမ်းဥပဒေသည် အများပြည်သူမှတ်ချက်ပေးရန် တရားဝင် ထုတ်ပြန်ထားပြီး ဖြစ်ခြင်း

(၅) အမျိုးသားဥပဒေတွင် အောက်ပါတို့ကို ဆုံးဖြတ်ရန် စံသတ်မှတ်ချက်များအား ဖော်ပြပေးနိုင်သည် -

(က) စည်ပင်သာယာရေးကောင်စီတစ်ခု၏ အရွယ်အစား၊

(ခ) အမှုဆောင် ကော်မတီတစ်ရပ် သို့မဟုတ် အခြားကော်မတီတစ်ရပ်အား စည်ပင်သာယာရေး ကောင်စီများက ရွေးကောက်တင်မြှောက်ခြင်းပြု-မပြု ဆုံးဖြတ်ခြင်း၊ သို့မဟုတ်

(ဂ) စည်ပင်သာယာရေးကောင်စီတစ်ခု၏ အမှုဆောင်ကော်မတီ သို့မဟုတ် အခြား ကော်မတီတစ်ခု၏ အရွယ်အစား။

(၆) စည်ပင်သာယာရေးကောင်စီတစ်ခုသည် စည်းမျဉ်းများနှင့် အမိန့်ညွှန်ကြားချက်များ သတ်မှတ်ဖော်ပြ ပေးထားသည့် စည်းကမ်းဥပဒေများကို အောက်ပါတို့အတွက် ပြဋ္ဌာန်းနိုင်သည် -

(က) ယင်း၏ အဖွဲ့တွင်းစီမံဆောင်ရွက်မှုများ၊

(ခ) ယင်း၏ လုပ်ငန်းကိစ္စများ၊ အရေးယူဆောင်ရွက်မှုများနှင့်

(ဂ) ယင်းတွင်ပါဝင်မည့် ကော်မတီများ စတင်ဖွဲ့စည်းမှုနှင့် ကော်မတီများ၏ ပေါင်းစပ်ဖွဲ့စည်းပုံ၊ နည်းဥပဒေများ၊ အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များ။

(7) A Municipal Council must conduct its business in an open manner, and may close its sittings, or those of its committees, only when it is reasonable to do so having regard to the nature of the business being transacted.

(8) Members of a Municipal Council are entitled to participate in its proceedings and those of its committees in a manner that—

(a) allows parties and interests reflected within the Council to be fairly represented;

(b) is consistent with democracy; and

(c) may be regulated by national legislation.

**Privilege**

161. Provincial legislation within the framework of national legislation may provide for privileges and immunities of Municipal Councils and their members.

**Publication of municipal by-laws**

162. (1) A municipal by-law may be enforced only after it has been published in the official gazette of the relevant province.

(2) A provincial official gazette must publish a municipal by-law upon request by the municipality.

(3) Municipal by-laws must be accessible to the public.

**Organized local government**

163. An Act of Parliament enacted in accordance with the procedure established by section 76 must—

(a) provide for the recognition of national and provincial organisations representing municipalities; and

(b) determine procedures by which local government may—

(i) consult with the national or a provincial government;

(၇) စည်ပင်သာယာရေးကောင်စီတစ်ခုသည် ယင်း၏ လုပ်ငန်းဆောင်တာများအား ပွင့်လင်းမြင်သာသော နည်းလမ်းတစ်ရပ်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းသဘောသဘာဝအရ ကြောင်းကျိုးဆီလျော်မှုရှိ မှသာ ကောင်စီအစည်းအဝေးများ သို့မဟုတ် ကော်မတီများ၏ အစည်းအဝေးများကို တံခါးပိတ်အစည်းအဝေးပွဲများ အဖြစ် ကျင်းပနိုင်ပါသည်။

(၈) စည်ပင်သာယာရေးကောင်စီတစ်ခု၏ အဖွဲ့ဝင်များသည် ထိုကောင်စီနှင့် ကောင်စီကော်မတီများ၏ စီစဉ်ဆောင်ရွက်မှုများတွင် အောက်ပါနည်းလမ်းများနှင့်အညီ ပါဝင်ဆောင်ရွက်ခွင့်ရှိသည် -

(က) မျှတစွာ ကိုယ်စားပြုခြင်းခံရစေရန်အတွက် ကောင်စီအတွင်းတွေ့ရှိရသော အဖွဲ့ဝင်များနှင့် အကျိုးစီးပွားများကို ခွင့်ပြုပေးခြင်း။

(ခ) ဒီမိုကရေစီစည်းကမ်းဖြင့် ညီညွတ်ခြင်းနှင့်

(ဂ) အမျိုးသားဥပဒေဖြင့် စည်းမျဉ်းသတ်မှတ်ခြင်း

**အထူးအခွင့်အရေး**

၁၆၁။ အမျိုးသားဥပဒေမူဘောင်အတွင်းပါဝင်သည့် ပြည်နယ်ဥပဒေပြဋ္ဌာန်းချက်တွင် စည်ပင်သာယာရေးကောင်စီများ နှင့် အဖွဲ့ဝင်များ၏ အထူးခံစားခွင့်များ၊ ကင်းလွတ်ခွင့်များကို ဖော်ပြနိုင်သည်။

**စည်ပင်သာယာရေး စည်းကမ်းဥပဒေ ကို ထုတ်ပြန်ခြင်း**

၁၆၂။ (၁) စည်ပင်သာယာရေး စည်းကမ်းဥပဒေ တစ်ရပ်အား သက်ဆိုင်ရာပြည်နယ်၏ တရားဝင်ပြန်တမ်းတွင် ဖော်ပြပြီးမှသာ တရားဝင်စတင်ကျင့်သုံးနိုင်ပါသည်။

(၂) စည်ပင်သာယာရေးကောင်စီက တောင်းဆိုလာသောအခါတွင် စည်ပင်သာယာရေး စည်းကမ်းဥပဒေ တစ်ရပ်အား ပြည်နယ်ဆိုင်ရာ တရားဝင်ပြန်တမ်းတစ်ခုတွင် ထည့်သွင်းထုတ်ပြန်ပေးရမည်။

(၃) စည်ပင်သာယာရေး စည်းကမ်းဥပဒေအား အများပြည်သူ ရယူကြည့်ရှုနိုင်ရမည်။

**စနစ်တကျဖွဲ့စည်းထားသော ဒေသန္တရအစိုးရ**

၁၆၃။ ပုဒ်မ ၇၆ တွင် ဖော်ပြထားသည့် လုပ်ထုံးလုပ်နည်းများနှင့် အညီ ပြဋ္ဌာန်းထားသော ဥပဒေပြုလွှတ်တော်၏ အက်ဥပဒေတစ်ရပ်တွင် -

(က) စည်ပင်သာယာရေးကောင်စီများကို ကိုယ်စားပြုနေသော နိုင်ငံတော်အဆင့်နှင့် ပြည်နယ်အဆင့် အဖွဲ့များကို အသိမှတ်ပြုပေးသော ပြဋ္ဌာန်းချက်များ ပါဝင်ရမည်။

(ခ) ဒေသန္တရအစိုးရတစ်ရပ်က အောက်ပါတို့ကိုဆောင်ရွက်နိုင်စေမည့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ် ပေးထားသည် -

(၁) နိုင်ငံတော်အဆင့်နှင့် ပြည်နယ်အဆင့် အစိုးရများဖြင့် တိုင်ပင်ဆွေးနွေးခြင်း။

(ii) designate representatives to participate in the National Council of Provinces; and

(iii) participate in the process prescribed in the national legislation envisaged in section 221(1)(c).

*[S. 163(b) substituted by s. 4 of the Constitution Seventh Amendment Act of 2001.]*

**Other matters**

164. Any matter concerning local government not dealt with in the Constitution may be prescribed by national legislation or by provincial legislation within the framework of national legislation.

(၂) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်တွင် ပါဝင်မည့် ကိုယ်စားလှယ်များ ခန့်အပ်ခြင်း။

(၃) ပုဒ်မ ၂၂၁ (၁) (ဂ) တွင် မျှော်မှန်းထားသည့် အမျိုးသားဥပဒေ အတွင်း သတ်မှတ်ထားသော လုပ်ငန်းစဉ်တွင် ပါဝင်ခြင်း။

*[ပုဒ်မ ၁၆၃ (ခ) အား ၂၀၀၁ ခုနှစ် သတ္တမကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၄ ဖြင့် အစားထိုးထားသည်]*

**အခြားအရေးကိစ္စများ**

၁၆၄။ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြဖြေရှင်းပေး ထားခြင်းမရှိသည့် ဒေသန္တရ အစိုးရနှင့် သက်ဆိုင်သော အရေးကိစ္စများအား အမျိုးသားဥပဒေအရ သို့မဟုတ် အမျိုးသားဥပဒေ မူဘောင်အတွင်း ပါဝင်သော ပြည်နယ်ဥပဒေ ပြဋ္ဌာန်းချက်အရ ကိုင်တွယ်ဖြေရှင်းရန် ပြဋ္ဌာန်းနိုင်သည်။

# CHAPTER 8
# COURTS AND ADMINISTRATION OF JUSTICE

## Judicial authority

165. (1) The judicial authority of the Republic is vested in the courts.

(2) The courts are independent and subject only to the Constitution and the law, which they must apply impartially and without fear, favour or prejudice.

(3) No person or organ of state may interfere with the functioning of the courts.

(4) Organs of state, through legislative and other measures, must assist and protect the courts to ensure the independence, impartiality, dignity, accessibility and effectiveness of the courts.

(5) An order or decision issued by a court binds all persons to whom and organs of state to which it applies.

(6) The Chief Justice is the head of the judiciary and exercises responsibility over the establishment and monitoring of norms and standards for the exercise of the judicial functions of all courts.

*[Sub-s (6) added by s. 1 of the Constitution Seventeenth Amendment Act of 2012.]*

## Judicial system

166. The courts are—

(a) the Constitutional Court;

(b) the Supreme Court of Appeal;

(c) the High Court of South Africa, and any high court of appeal that may be established by an Act of Parliament to hear appeals from any court of a status similar to the High Court of South Africa;

(d) the Magistrates' Courts; and

(e) any other court established or recognised in terms of an Act of Parliament, including any court of a status similar to either the High Court of South Africa or the Magistrates' Courts.

*[Sub-s (c) and (e) substituted by s. 2 of the Constitution Seventeenth Amendment Act of 2012.]*

## အခန်း ၈

## တရားရုံးများနှင့် တရားစီရင်ရေး

### တရားစီရင်ရေးအာဏာ

၁၆၅။ (၁) သမ္မတနိုင်ငံတော်၏ တရားစီရင်မှု အခွင့်အာဏာအား တရားရုံးများသို့ အပ်နှင်းထားပါသည်။

(၂) တရားရုံးများသည် အကြောက်တရားများ၊ မျက်နှာသာပေးမှုများ သို့မဟုတ် ဘက်လိုက်ဆုံးဖြတ်မှုများမပါဘဲ မျှတစွာ ကျင့်သုံးရမည့် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေများအရ လွတ်လပ်စွာ တရားစီရင်နိုင်ပါသည်။

(၃) လူတစ်ဦးတစ်ယောက်ကသော်လည်းကောင်း သို့မဟုတ် နိုင်ငံတော်အဖွဲ့အစည်းတစ်ခုကသော် လည်းကောင်း တရားရုံးများ၏ လုပ်ငန်းတာဝန်များအပေါ် ဝင်ရောက်စွက်ဖက်ခြင်း မပြုစေရ။

(၄) နိုင်ငံတော်အဖွဲ့အစည်းများသည် တရားရုံးများ၏ လွတ်လပ်မှု၊ သမာသမတ်ကျမှု၊ ဂုဏ်သိက္ခာရှိမှု၊ ချဉ်းကပ်ရန်လွယ်ကူမှုနှင့် ထိရောက်မှုရှိစေရေးတို့အတွက် ကြိုးပမ်းမှုများတွင် တရားရုံးများအား ဥပဒေနှင့် အခြားသော အရေးယူဆောင်ရွက်မှုများအားဖြင့် ကူညီကာကွယ်ပေးရမည်။

(၅) တရားရုံးတစ်ရုံးက ထုတ်ပြန်လိုက်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်အား သက်ဆိုင်ရာ လူပုဂ္ဂိုလ်များအားလုံးနှင့် အကျုံးဝင်သော နိုင်ငံတော်အဖွဲ့အစည်းများအားလုံးက လိုက်နာရမည်။

*(၆)* တရားသူကြီးချုပ်သည် တရားစီရင်ရေး၏ အကြီးအကဲဖြစ်ပြီး တရားရုံးအားလုံး၏ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းတာဝန်းများကို ဆောင်ရွက်ရန် သတ်မှတ်ချက်နှင့် စံချိန်စံနှုန်းများ ချမှတ်ရန်နှင့် ကြပ်မတ်ရန် တာဝန်ကို ထမ်းဆောင်ရမည်။

*[၂၀၁၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၇ ကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ (၁) အရ ပုဒ်မခွဲ (၆)ကို ဖြည့်စွပ်ထားသည်]*

### တရားစီရင်ရေးစနစ်

၁၆၆။ တရားရုံးများဟူသည်

(က) ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး

(ခ) အယူခံတရားလွှတ်တော်ချုပ်ရုံး

(ဂ) တရားလွှတ်တော်များမှအယူခံများကို ကြားနာရန်အတွက် ဥပဒေပြုလွှတ်တော် အက်ဥပဒေတစ်ရပ် အရ ဖွဲ့စည်းထားဖွယ်ရှိသည့် အယူခံတရားလွှတ်တော်ချုပ်ရုံးများလည်း ပါဝင်သည့် တရားလွှတ်တော် များ

(ဃ) ရာဇဝတ် တရားရုံးများနှင့်

(င) တရားလွှတ်တော်များ သို့မဟုတ် ရာဇဝတ် တရားရုံးများနှင့် အဆင့်အတန်းအားဖြင့် ဆင်တူသော တရားရုံးများအပါအဝင် အမြင့်ဆုံးဥပဒေပြုလွှတ်တော် အက်ဥပဒေတစ်ရပ်အရ ဖွဲ့စည်းထားသည့် သို့မဟုတ် အသိမှတ်ပြုထားသည့် အခြားတရားရုံးများ။

*[၂၀၁၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၇ ကြိမ်မြောက် ပြင်ဆင်ချက် အက်ဥပဒေ၏ ပုဒ်မ (၂) အရ ပုဒ်မခွဲ (ဂ)နှင့် (င) အား ဖြည့်စွပ်ထားသည်]*

### Constitutional Court

167. (1) The Constitutional Court consists of the Chief Justice of South Africa, the Deputy Chief Justice and nine other judges.

*[Sub-s. (1) substituted by s. 11 of the Constitution Sixth Amendment Act of 2001.]*

(2) A matter before the Constitutional Court must be heard by at least eight judges.

(3) The Constitutional Court—

(a) is the highest court of the Republic; and

(b) may decide—

(i) constitutional matters; and

(ii) any other matter, if the Constitutional Court grants leave to appeal on the grounds that the matter raises an arguable point of law of general public importance which ought to be considered by that Court, and

(c) makes the final decision whether a matter is within its jurisdiction.

*[Sub-s (3) substituted by s. 3 of the Constitution Seventeenth Amendment Act of 2012.]*

(4) Only the Constitutional Court may—

(a) decide disputes between organs of state in the national or provincial sphere concerning the constitutional status, powers or functions of any of those organs of state;

(b) decide on the constitutionality of any parliamentary or provincial Bill, but may do so only in the circumstances anticipated in section 79 or 121;

(c) decide applications envisaged in section 80 or 122;

(d) decide on the constitutionality of any amendment to the Constitution;

(e) decide that Parliament or the President has failed to fulfil a constitutional obligation; or

(f) certify a provincial constitution in terms of section 144.

**ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး**

၁၆၇။ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး တွင် တောင်အာဖရိက၏ တရားသူကြီးချုပ်၊ ဒုတိယ တရားသူကြီးချုပ်နှင့် အခြားတရားသူကြီး ၉ ဦး ပါဝင်ပါသည်။

*[၂၀၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမအကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ၏ ပုဒ်မ (၁၁) ဖြင့် ပုဒ်မခွဲ (၁) အား ဖြည့်စွက်ထားသည်]*

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး ရှေ့မှောက်၌ အမှုတစ်ခုကို ကြားနာရာတွင် အနည်းဆုံးအားဖြင့် တရားသူကြီးရှစ်ဦး ပါဝင်ရမည်။

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး သည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ကိစ္စရပ်များအားလုံးအတွက် အမြင့်ဆုံးတရားရုံးဖြစ်သည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ ကိစ္စရပ်များနှင့် ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စရပ်များဆိုင်ရာ ဆုံးဖြတ်ချက်များ နှင့် သက်ဆိုင်သော အရေးကိစ္စများအတွက်သာ ဆုံးဖြတ်နိုင်သည်။

(ဂ) အရေးကိစ္စတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ကိစ္စရပ်တစ်ခု ဟုတ်/မဟုတ် သို့မဟုတ် အရေးကိစ္စ တစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ကိစ္စရပ်တစ်ခုဆိုင်ရာ ဆုံးဖြတ်ချက်နှင့် ဆက်စပ်နေခြင်း ရှိ/မရှိအတွက် အပြီးသတ် ဆုံးဖြတ်ချက်များကို ချမှတ်သည်။

*[၂၀၁၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၇ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ၏ ပုဒ်မ (၃) ဖြင့် ပုဒ်မခွဲ (၃) အား ဖြည့်စွက်ထားသည်]*

(၄) အောက်ပါတို့အား ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး ကသာ ဆောင်ရွက်နိုင်သည် -

(က) နိုင်ငံတော်အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အဆင့်အတန်း၊ အခွင့်အာဏာများ သို့မဟုတ် လုပ်ငန်းတာဝန်များနှင့်သက်ဆိုင်သည့် နိုင်ငံတော်အဆင့် သို့မဟုတ် ပြည်နယ်အဆင့်ရှိ နယ်မြေပိုင်နက်များအတွင်းမှ နိုင်ငံတော်အဖွဲ့အစည်းများ အကြား အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း။

(ခ) ပုဒ်မ ၇၉ သို့မဟုတ် ၁၂၁ တွင် ဖော်ပြထားသော အခြေအနေများနှင့် ကိုက်ညီပါက အမြင့်ဆုံးဥပဒေပြု လွှတ်တော် သို့မဟုတ် ပြည်နယ်ဥပဒေကြမ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ-မရှိ ဆုံးဖြတ်ခြင်း။

(ဂ) ပုဒ်မ ၈၀ သို့မဟုတ် ၁၂၂ တွင် မျှော်မှန်းထားသည့် လျှောက်ထားမှုများကို ဆုံးဖြတ်ခြင်း။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ-မရှိ ဆုံးဖြတ်ခြင်း။

(င) အမြင့်ဆုံးဥပဒေပြုလွှတ်တော် သို့မဟုတ် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တာဝန်တစ်ရပ်ကို ကျေပွန်စွာထမ်းဆောင်ရန် ပျက်ကွက်ခြင်းရှိ/မရှိ ဆုံးဖြတ်ခြင်း။

(စ) ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်အား ပုဒ်မ ၁၄၄ နှင့်အညီ အသိမှတ်ပြုခြင်း။

(5) The Constitutional Court makes the final decision whether an Act of Parliament, a provincial Act or conduct of the President is constitutional, and must confirm any order of invalidity made by the Supreme Court of Appeal, the High Court of South Africa, or a court of similar status, before that order has any force.

*[Sub-s (5) substituted by s. 3 of the Constitution Seventeenth Amendment Act of 2012.]*

(6) National legislation or the rules of the Constitutional Court must allow a person, when it is in the interests of justice and with leave of the Constitutional Court—

(a) to bring a matter directly to the Constitutional Court; or

(b) to appeal directly to the Constitutional Court from any other court.

(7) A constitutional matter includes any issue involving the interpretation, protection or enforcement of the Constitution.

### Supreme Court of Appeal

168. (1) The Supreme Court of Appeal consists of a President, a Deputy President and the number of judges of appeal determined in terms of an Act of Parliament.

*[Sub-s. (1) substituted by s. 12 of the Constitution Sixth Amendment Act of 2001.]*

(2) A matter before the Supreme Court of Appeal must be decided by the number of judges determined in terms of an Act of Parliament.

*[Sub-s. (2) substituted by s. 12 of the Constitution Sixth Amendment Act of 2001.]*

(3) (a) The Supreme Court of Appeal may decide appeals in any matter arising from the High Court of South Africa or a court of a status similar to the High Court of South Africa, except in respect of labour or competition matters to such an extent as may be determined by an Act of Parliament.

(b) The Supreme Court of Appeal may decide only—

(i) appeals;

(ii) issues connected with appeals; and

(၅) အမြင့်ဆုံးဥပဒေပြု လွှတ်တော်အက်ဥပဒေတစ်ရပ်၊ ပြည်နယ်အက်ဥပဒေတစ်ရပ် သို့မဟုတ် သမ္မတ၏ လုပ်ဆောင်ချက်တစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ-မရှိဆိုခြင်းဖြင့် သက်ဆိုင်သည့် အပြီးသတ်ဆုံးဖြတ်ချက်အား ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ချမှတ်ပေးပါသည်။ ထို့အတူ အယူခံ တရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်ရုံး ၉ ရုံး သို့မဟုတ် အဆင့်အတန်းဆင်တူသော တရားရုံး တစ်ရုံးက ချမှတ်လိုက်သော အမိန့်များ တရားမဝင်ပါက ထိုအမိန့်များ အသက်မဝင်မီတွင် တရားမဝင်ကြောင်း ကြေညာပေးရမည်။

*[၂၀၁၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၇ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ၏ ပုဒ်မ (၃) ဖြင့် ပုဒ်မခွဲ (၅) အား ဖြည့်စွက်ပြင်ဆင်ခဲ့သည်]*

(၆) အမျိုးသားဥပဒေ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး ၏ စည်းမျဉ်းများသည် တရားမျှတမှု၏ အကျိုးကျေးဇူးများအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး ၏ ခွင့်ပြုချက်များအရ လူပုဂ္ဂိုလ်တစ်ဦးအား အောက်ပါတို့ကိုဆောင်ရွက်ရန် ခွင့်ပြုပေးရမည် -

(က) အရေးကိစ္စတစ်ရပ်အား ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး သို့ တိုက်ရိုက်တင်သွင်းရန် သို့မဟုတ်

(ခ) အခြားတရားရုံးမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး သို့ တိုက်ရိုက်အယူခံဝင်ရန်။

(၇) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အရေးကိစ္စတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ကာကွယ်ခြင်း သို့မဟုတ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများနှင့်သက်ဆိုင်သော ကိစ္စရပ်များ ပါဝင်ပါသည်။

**အယူခံတရားလွှတ်တော်ချုပ်ရုံး**

၁၆၈။ (၁) အယူခံတရားလွှတ်တော်ချုပ်ရုံးတွင် ဥက္ကဋ္ဌတစ်ဦး၊ ဒု-ဥက္ကဋ္ဌတစ် ဦးနှင့် အမြင့်ဆုံးဥပဒေပြုလွှတ်တော် ပါလီမန် အက်ဥပဒေတစ်ရပ်အရ သတ်မှတ်ထားသည့် အယူခံတရားသူကြီး အနည်းငယ် ပါဝင်ပါသည်။

*[၂၀၀၁ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ ပါ ပုဒ်မ ၁၂ ဖြင့် ပုဒ်မခွဲ (၁) ဖြည့်စွပ်ထားသည်။]*

(၂) အယူခံတရားလွှတ်တော်ချုပ်ရုံးသို့ တင်သွင်းလာသော အရေးကိစ္စတစ်ခုအား အမြင့်ဆုံးဥပဒေပြု လွှတ်တော် အက်ဥပဒေတစ်ရပ်တွင် သတ်မှတ်ထားသည့် အဖွဲ့ဝင်တရားသူကြီးဦးရေ အတိအကျဖြင့် ဆုံးဖြတ်ရ မည်။

*[၂၀၀၁ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ ပါ ပုဒ်မ ၁၂ ဖြင့် သော ပုဒ်မခွဲ (၂) အား ဖြည့်စွပ်ထားသည်။]*

(၃) အယူခံတရားလွှတ်တော်ချုပ်ရုံးသည် မည်သည့်အရေးကိစ္စဖြင့်မဆို တင်သွင်းလာသည့် အယူခံများကို ဆုံးဖြတ်နိုင်ပေသည်။ ဤတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အရေးကိစ္စများမှအပ အယူခံဝင်နိုင်သည့် အမြင့်ဆုံးတရားရုံးဖြစ်ပြီး အောက်ပါတို့အတွက်သာ အမိန့်ချမှတ်နိုင်သည် -

(က) အယူခံ မှု များ

(ခ) အယူခံ မှု များနှင့်သက်ဆိုင်သော အရေးကိစ္စရပ်များနှင့်

(iii) any other matter that may be referred to it in circumstances defined by an Act of Parliament.

*[Sub-s (3) substituted by s. 4 of the Constitution Seventeenth Amendment Act of 2012.]*

**High Court of South Africa**

169. (1) The High Court of South Africa may decide—

(a) any constitutional matter except a matter that—

(i) the Constitutional Court has agreed to hear directly in terms of section 167(6)(a); or

(ii) is assigned by an Act of Parliament to another court of a status similar to the High Court of South Africa; and

(b) any other matter not assigned to another court by an Act of Parliament.

(2) The High Court of South Africa consists of the Divisions determined by an Act of Parliament; which Act must provide for—

(a) the establishing of Divisions, with one or two more seats in a Division; and

(b) the assigning of jurisdiction to a Division or a seat with a Division.

(3) Each Division of the High Court of South Africa—

(a) has a Judge President;

(b) may have one or more Deputy Judges President; and

(c) has the number of other judges determined in terms of national legislation.

*[S. 169 substituted by s. 5 of the Constitution Seventeenth Amendment Act of 2012.]*

**Other courts**

170. All courts other than those referred to in sections 167, 168 and 169 may decide any matter determined by an Act of Parliament, but a court of a status lower than the High Court of South Africa may not enquire into or rule on the constitutionality of any legislation or any conduct of the President.

*[S. 170 substituted by s. 6 of the Constitution Seventeenth Amendment Act of 2012.]*

(ဂ) အမြင့်ဆုံးဥပဒေပြုလွှတ်တော် အက်ဥပဒေတစ်ရပ်ဖြင့် အနက်ဖွင့်ဆိုထားသော အခြေအနေများကို ကိုးကားနိုင်သည့် အခြားသော အရေးကိစ္စများ။

*[၂၀၁၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၇ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ၏ ပုဒ်မ (၄) ဖြင့် ပုဒ်မခွဲ (၃) ကို ဖြည့်စွက်ပြင်ဆင်ခဲ့သည်]*

**တရားလွှတ်တော်များ**

၁၆၉။ (၁) တရားလွှတ်တော်တစ်ရပ်က ဆုံးဖြတ်နိုင်သော ကိစ္စရပ်များမှာ

(က) အောက်ပါတို့နှင့်ဆက်စပ်သော ကိစ္စရပ်တစ်ခုမှအပ ဖွဲ့စည်းပုံအခြေခံဥပဒေ ကိစ္စရပ်များ -

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကသာ ဆုံးဖြတ်နိုင်သော ကိစ္စရပ် သို့မဟုတ်

(၂) တရားလွှတ်တော်ရုံးတစ်ရုံးနှင့် အဆင့်အတန်းဆင်တူသည့် အခြားတရားရုံးတစ်ရုံးသို့ ဥပဒေပြု လွှတ်တော်အက်ဥပဒေတစ်ရပ်အရ အပ်နှင်းထားသော ကိစ္စရပ်နှင့်

(ခ) အမြင့်ဆုံးဥပဒေပြု လွှတ်တော်အက်ဥပဒေတစ်ရပ်အရ အခြားတရားရုံးတစ်ရုံးသို့ အပ်နှင်းထားခြင်း မရှိသော ကိစ္စရပ်များ။

(၂) တောင်အာဖရိကတရားလွှတ်တော်သည် လွှတ်တော်အက်ဥပဒေမှ ဆုံးဖြတ်ပေးထားသည့် တိုင်းတရားရုံးများ ပါဝင်သည်။ ယင်း အက်ဥပဒေသည် အောက်ပါတို့ကို ပြဋ္ဌာန်းပေးရမည် -

**(က)** ရာထူး ၁ နေရာ **(သို့မဟုတ်)** ၂ နေရာ ပိုပါဝင်သော တိုင်းတရားရုံးများ တည်ထောင်ခြင်း၊

**(ခ)** တိုင်းတရားရုံးတစ်ခု၏ တရားစီရင်ပိုင်ခွင့် အပ်နှင်းပေးခြင်း **(သို့မဟုတ်)** ရာထူးတစ်နေရာ အပ်နှင်းခြင်း

(၃) တောင်အာဖရိက တရားလွှတ်တော်၏ တိုင်းတရားရုံး တစ်ခုစီသည် -

**(က)** နာယက တရားသူကြီးတစ်ဦးပါဝင်သည်

**(ခ)** ဒုတိယ နာယကတစ်ဦး **(သို့မဟုတ်)** တစ်ဦးထက်ပိုပါဝင်နိုင်သည်

**(ဂ)** အမျိုးသားဥပဒေ ပြဋ္ဌာန်းအတိုင်း သတ်မှတ်ထားသည့် အခြားတရားသူကြီးများ ပါဝင်သည်။

*[၂၀၁၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၇ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ ပါ ပုဒ်မ ၅ ဖြင့် ပုဒ်မ ၁၆၉ အား ဖြည့်စွက်ထားသည်။]*

**အခြားတရားရုံးများ**

၁၇၀။ ရာဇဝတ်တရားရုံးများနှင့် အခြားတရားရုံးသည် အမြင့်ဆုံးဥပဒေပြုလွှတ်တော်အက်ဥပဒေတစ်ရပ်အရ သတ်မှတ်ထားသော ကိစ္စရပ်များကို ဆုံးဖြတ်နိုင်သော်လည်း ဥပဒေပြဋ္ဌာန်းချက်များ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ လုပ်ဆောင်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ-မရှိဆိုခြင်းအား တရားလွှတ်တော်ရုံးတစ်ရုံး၏ အဆင့်အတန်းထက်နိမ့်ပါးသော တရားရုံးတစ်ရုံးက စုံစမ်းမေးမြန်းခြင်း သို့မဟုတ် ဆုံးဖြတ်ခြင်းများ မပြုနိုင်ပါ။

*[၂၀၁၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၇ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ ပါ ပုဒ်မ ၆ ဖြင့် ပုဒ်မ ၁၇၀ အား ဖြည့်စွက်ထားသည်။]*

## Court procedures

171. All courts function in terms of national legislation, and their rules and procedures must be provided for in terms of national legislation.

## Powers of courts in constitutional matters

172. (1) When deciding a constitutional matter within its power, a court—

(a) must declare that any law or conduct that is inconsistent with the Constitution is invalid to the extent of its inconsistency; and

(b) may make any order that is just and equitable, including—

(i) an order limiting the retrospective effect of the declaration of invalidity; and

(ii) an order suspending the declaration of invalidity for any period and on any conditions, to allow the competent authority to correct the defect.

(2)

(a) The Supreme Court of Appeal, the High Court of South Africa or a court of similar status may make an order concerning the constitutional validity of an Act of Parliament, a provincial Act or any conduct of the President, but an order of constitutional invalidity has no force unless it is confirmed by the Constitutional Court.

*[Par (a) substituted by s. 7 of the Constitution Seventeenth Amendment Act of 2012.]*

(b) A court which makes an order of constitutional invalidity may grant a temporary interdict or other temporary relief to a party, or may adjourn the proceedings, pending a decision of the Constitutional Court on the validity of that Act or conduct.

**တရားရုံးလုပ်ထုံးလုပ်နည်းများ**

၁၇၁။ တရားရုံးများအားလုံးသည် အမျိုးသားဥပဒေ နှင့်အညီ လုပ်ဆောင်ရမည်ဖြစ်ပြီး ယင်းတို့၏ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများအား အမျိုးသားဥပဒေ နှင့်အညီ သတ်မှတ်ပေးရမည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ ကိစ္စရပ်များနှင့်သက်ဆိုင်သော တရားရုံးများ၏ အခွင့်အာဏာများ**

၁၇၂။ (၁) ရရှိထားသော အခွင့်အာဏာအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အရေးကိစ္စတစ်ရပ်ကို ဆုံးဖြတ်သောအခါ တရားရုံးတစ်ရုံးသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိသော ဥပဒေတစ်ရပ် သို့မဟုတ် လုပ်ဆောင်ချက်တစ်ရပ်အား ယင်း၏ ညီညွတ်မှုမရှိသော အတိုင်းအတာနှင့်လျှော်ညီစွာ တရားဝင်မှုမရှိကြောင်း ကြေညာပေးရမည်။

(ခ) အောက်ပါတို့အပါအဝင် သင့်တင့်မျှတသော အမိန့်များကို ချမှတ်နိုင်သည် -

(၁) တရားဝင်မှုမရှိကြောင်းကြေညာချက်၏ နောက်ကြောင်းပြန်အာဏာ သက်ရောက်မှုကို ကန့်သတ်သော အမိန့်တစ်ရပ်နှင့်

(၂) သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့က ထိုချို့ယွင်းမှုကို ပြင်ဆင်နိုင်စေရန်အတွက် တရားမဝင်ကြောင်း ကြေညာချက်အား ဆိုင်းငံ့သည့် အချိန်ကာလနှင့် စည်းမျဉ်းများအတွက် အမိန့်တစ်ရပ်။

(၂)

(က) အမြင့်ဆုံးဥပဒေပြုလွှတ်တော် အက်ဥပဒေတစ်ရပ်၊ ပြည်နယ် အက်ဥပဒေတစ်ရပ် သို့မဟုတ် နိုင်ငံတော်သမ္မတ၏ လုပ်ဆောင်ချက်တစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားဝင်မှုရှိမရှိဆိုခြင်းနှင့် သက်ဆိုင်သော အမိန့်တစ်ရပ်အား အယူခံတရားလွှတ်တော်ချုပ်ရုံး၊ တရားလွှတ်တော်ရုံးတစ်ရုံး သို့မဟုတ် အဆင့်အတန်းအားဖြင့် ဆင်တူသော တရားရုံးတစ်ရုံးက ချမှတ်နိုင်သော်လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီညွတ်မှုမရှိဟူသော ဆုံးဖြတ်ချက်တစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး ၏ အတည်ပြုချက်ကို ရရှိခြင်းမရှိသည့်အချိန်အထိ အသက်ဝင်ခြင်းမရှိပါ။

*[၂၀၁၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၇ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ ပါ ပုဒ်မ ၇ ဖြင့် အပိုဒ် (က) အား ဖြည့်စွက်ထားသည်။]*

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟူသော အမိန့်တစ်ရပ်ကို ချမှတ်လိုက်သော တရားရုံးတစ်ရုံးသည် အမှုသည်တစ်ဦးအား ယာယီတားမြစ်သည့် အမိန့် သို့မဟုတ် အခြားယာယီလွှတ်ငြိမ်းခွင့်တစ်ရပ် ပေးအပ်ခြင်းကိုသော်လည်းကောင်း သို့မဟုတ် ထိုအက်ဥပဒေ သို့မဟုတ် လုပ်ဆောင်ချက်၏ တရားဝင် မှုနှင့်သက်ဆိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး ၏ ဆုံးဖြတ်ချက်တစ်ရပ်ကို ဆိုင်းငံ့ထားသည့် ဆက်လက်ဆောင်ရွက်မှုများအား ရွှေ့ဆိုင်းခြင်းကိုသော်လည်းကောင်း ပြုလုပ်နိုင်ပါသည်။

(c) National legislation must provide for the referral of an order of constitutional invalidity to the Constitutional Court.

(d) Any person or organ of state with a sufficient interest may appeal, or apply, directly to the Constitutional Court to confirm or vary an order of constitutional invalidity by a court in terms of this subsection.

### Inherent power

173. The Constitutional Court, the Supreme Court of Appeal and the High Court of South Africa each has the inherent power to protect and regulate their own process, and to develop the common law, taking into account the interests of justice.

*[S. 173 substituted by s. 8 of the Constitution Seventeenth Amendment Act of 2012.]*

### Appointment of judicial officers

174. (1) Any appropriately qualified woman or man who is a fit and proper person may be appointed as a judicial officer. Any person to be appointed to the Constitutional Court must also be a South African citizen.

(2) The need for the judiciary to reflect broadly the racial and gender composition of South Africa must be considered when judicial officers are appointed.

(3) The President as head of the national executive, after consulting the Judicial Service Commission and the leaders of parties represented in the National Assembly, appoints the Chief Justice and the Deputy Chief Justice and, after consulting the Judicial Service Commission, appoints the President and Deputy President of the Supreme Court of Appeal.

*[Sub-s. (3) substituted by s. 13 of the Constitution Sixth Amendment Act of 2001.]*

(4) The other judges of the Constitutional Court are appointed by the President, as head of the national executive, after consulting the Chief Justice and the leaders of parties represented in the National Assembly, in accordance with the following procedure:

(ဂ) အမျိုးသားဥပဒေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိဟူသော အမိန့်တစ်ရပ်ကို လွှဲပြောင်းမှုအတွက် ထည့်သွင်းပြဋ္ဌာန်းပေးရမည်။

(ဃ) အကျိုးစီးပွားအရ အခိုင်အမာဆက်နွယ်နေသော လူပုဂ္ဂိုလ်များ သို့မဟုတ် နိုင်ငံတော်အဖွဲ့အစည်းများသည် ဤပုဒ်မခွဲပါ တရားရုံးတစ်ရုံး၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း အမိန့်ကို အတည်ပြုရန် သို့မဟုတ် ပြောင်းလဲရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး သို့ တိုက်ရိုက်အယူခံဝင်နိုင်သည် သို့မဟုတ် လျှောက်ထားနိုင်သည်။

**ရမြဲလုပ်ကိုင်ခွင့်အာဏာ**

၁၇၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး ၊ အယူခံတရား လွှတ်တော်ချုပ်ရုံးနှင့် တရားလွှတ်တော်ရုံးတွင် ၎င်းတို့၏ ကိုယ်ပိုင်လုပ်ငန်းစဉ်ကို ကာကွယ်ထိန်း သိမ်းစည်းမျဉ်းသတ်မှတ်ရန်နှင့် တရားမျှတမှုအကျိုးစီးပွားကို ထည့်သွင်းစဉ်းစားလျက် အင်္ဂလိပ်ရိုးရာ ဥပဒေ ဖွံ့ဖြိုးတိုးတက်ရန် ရမြဲလုပ်ကိုင်ခွင့် အာဏာ ပိုင်ဆိုင်ထားပါသည်။

*[၂၀၁၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၇ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ ပါ ပုဒ်မ ၈ ဖြင့် ပုဒ်မ (၁၇၃) အား ဖြည့်စွက်ထားသည်။]*

**တရားရေးအရာရှိများ ခန့်အပ်ခြင်း**

၁၇၄။ (၁) အရည်အချင်းပြည့်မီ၍ ကျန်းမာသန်စွမ်းသည့် အမျိုးသမီး သို့မဟုတ် အမျိုးသားတိုင်းအား တရားရေးအရာရှိတစ်ဦးအဖြစ် ခန့်အပ်နိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး အတွက် ခန့်အပ်မည့် လူပုဂ္ဂိုလ်သည် တောင်အာဖရိကနိုင်ငံသားတစ်ဦး ဖြစ်ရမည်။

(၂) တရားရေးအရာရှိများကို ခန့်အပ်သောအခါတွင် တောင်အာဖရိကနိုင်ငံ၏ တရာစီးရင်ရေးမဏ္ဍိုင်အတွက် လူမျိုးရေးနှင့် ကျား-မရေးရာဖွဲ့စည်းပါဝင်မှုအရ ကျယ်ကျယ်ပြန့်ပြန့်ရှိစေရန် လိုအပ်ချက်ကို ထည့်သွင်းစဉ်း စားစေရမည်။

(၃) နိုင်ငံတော်အဆင့် အုပ်ချုပ်ရေးမဏ္ဍိုင်၏ အကြီးအကဲဖြစ်သူ နိုင်ငံတော်သမ္မတသည် တရားရေးကော်မရှင်နှင့် ပြည်သူ့လွှတ်တော်အတွင်း ကိုယ်စားပြုပါဝင်သော ပါတီခေါင်းဆောင်များနှင့် ဆွေးနွေးတိုင်ပင်၍ တရားသူကြီးချုပ်နှင့် ဒုတိယတရားသူကြီးချုပ်ကိုသော်လည်းကောင်း၊ တရားရေးကော်မရှင် နှင့် ဆွေးနွေးတိုင်ပင်၍ အယူခံတရားလွှတ်တော်ချုပ်ရုံး၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌကိုသော်လည်းကောင်း ခန့်အပ်ပေးရမည်။

*[၂၀၀၁ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၇ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ ပါ ပုဒ်မ ၁၃ ဖြင့် ပုဒ်မခွဲ (၃) အား ဖြည့်စွပ်ထားသည်။]*

(၄) နိုင်ငံတော်အဆင့်အုပ်ချုပ်ရေးဏ္ဍိုင်၏ အကြီးအကဲဖြစ်သူ နိုင်ငံတော်သမ္မတသည် တရားသူကြီးချုပ်နှင့် ပြည်သူ့လွှတ်တော်တွင် ကိုယ်စားပြုပါဝင်သော ပါတီခေါင်းဆောင်များဖြင့် အောက်ဖော်ပြပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆွေးနွေးတိုင်ပင်ပြီးနောက် ဖွဲ့စည်းအခြေခံဥပဒေ ဆိုင်ရာ တရားရုံး ၏ အခြားတရား သူကြီးများကို ခန့်အပ်ရမည်။

(a) The Judicial Service Commission must prepare a list of nominees with three names more than the number of appointments to be made, and submit the list to the President.

(b) The President may make appointments from the list, and must advise the Judicial Service Commission, with reasons, if any of the nominees are unacceptable and any appointment remains to be made.

(c) The Judicial Service Commission must supplement the list with further nominees and the President must make the remaining appointments from the supplemented list.

*[Sub-s. (4) substituted by s. 13 of the Constitution Sixth Amendment Act of 2001.]*

(5) At all times, at least four members of the Constitutional Court must be persons who were judges at the time they were appointed to the Constitutional Court.

(6) The President must appoint the judges of all other courts on the advice of the Judicial Service Commission.

(7) Other judicial officers must be appointed in terms of an Act of Parliament which must ensure that the appointment, promotion, transfer or dismissal of, or disciplinary steps against, these judicial officers take place without favour or prejudice.

(8) Before judicial officers begin to perform their functions, they must take an oath or affirm, in accordance with Schedule 2, that they will uphold and protect the Constitution.

## Appointment of acting judges

175. (1) The President may appoint a woman or a man to serve as an acting Deputy Chief Justice or judge of the Constitutional Court if there is a vacancy in any of those offices, or if the person holding such an office is absent. The appointment must be made on the recommendation of the Cabinet member responsible for the administration of justice acting with the concurrence of the Chief Justice, and an appointment as acting Deputy Chief Justice must be made from the ranks of the judges who had been appointed to the Constitutional Court in terms of section 174(4).

(က) တရားရေးကော်မရှင်သည် ခန့်အပ်ရမည့် အရေအတွက်ထက် သုံးဦးပိုများသော ခန့်အပ်ရန် လျာထားသူများ အမည်စာရင်းတစ်ရပ်ကို ပြင်ဆင်၍ ထိုစာရင်းအား သမ္မတထံ တင်သွင်း ပေးရမည်။

(ခ) နိုင်ငံတော်သမ္မတသည် ထိုစာရင်းတွင်ပါဝင်သူများကို ရွေးချယ်ခန့်အပ်နိုင်ပြီး လျာထားခံရသူများကို လက်မခံနိုင်ပါက ခန့်အပ်မှုများကျန်ရှိနေကြောင်းကို အကြောင်းပြချက်နှင့်တကွ တရားရေးကော်မရှင်ထံ အကြံပြု ရမည်။

(ဂ) တရားရေးကော်မရှင်သည် ထိုစာရင်းအတွင်းသို့ လျာထားသူများ ထပ်မံဖြည့်စွက် ပေးရမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတသည် ကျန်ရှိနေသေးသော ခန့်အပ်မှုများအတွက် ထိုဖြည့်စွက်စာရင်းတွင် ပါဝင်သူများအား ရွေးချယ်ရမည်။

*[၂၀၀၁ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၁၃ ဖြင့် ပုဒ်မခွဲ (၄)အား အစားထိုးထားသည်။]*

(၅) မည်သည့်အချိန်တွင်မဆို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ၏ အဖွဲ့ဝင်များအနက် အနည်းဆုံး လေးဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအတွက် ခန့်အပ်ခြင်းခံရသည့်အချိန်တွင် တရားသူကြီးများ ဖြစ်နေရမည်။

(၆) နိုင်ငံတော်သမ္မတသည် တရားရေးကော်မရှင်၏ အကြံဉာဏ်ကိုရယူကာ အခြားတရားရုံးများ၏ တရားသူကြီးများကို ခန့်အပ်ရမည်။

(၇) အခြားသော တရားရေးအရာရှိများအား အမြင့်ဆုံးဥပဒေပြု လွှတ်တော်အက်ဥပဒေတစ်ရပ်နှင့်အညီ ခန့်အပ်ရမည်ဖြစ်ပြီး ဤတရားရေးအရာရှိများကို ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း လွှဲပြောင်းခြင်း သို့မဟုတ် ထုတ်ပယ်ခြင်း သို့မဟုတ် စည်းကမ်းပိုင်းအရ အရေးယူခြင်းများတွင် မျက်နှာသာပေးခြင်း သို့မဟုတ် ဘက်လိုက်ခြင်းများ မရှိစေရပါ။

(၈) တရားရေးအရာရှိများက ၎င်းတို့၏ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင်ခြင်းမပြုမီတွင် ၎င်းတို့အနေဖြင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို စောင့်ထိန်းကာကွယ်သွားမည်ဖြစ်ကြောင်း ဇယား ၂ နှင့်အညီ ကျမ်းသစ္စာကျိန်ဆိုရမည် သို့မဟုတ် ကတိသစ္စာပြုရမည်။

## ယာယီတရားသူကြီးများ ခန့်အပ် ခြင်း

၁၇၅။ (၁) လစ်လပ်နေရာတစ်နေရာ ရှိနေသောအခါ သို့မဟုတ် တရားသူကြီးတစ်ဦး မရှိသောအခါတွင် အမျိုးသမီးတစ်ဦး သို့မဟုတ် အမျိုးသားတစ်ဦးအား ယာယီတရားသူကြီးတစ်ဦးအဖြစ် နိုင်ငံတော်သမ္မတက ခန့်အပ်နိုင်ပါသည်။ ဤခန့်အပ်မှုအား တရားသူကြီးချုပ်၏ သဘောတူညီမှုနှင့်အညီ ပြုလုပ်ဆောင်ရွက်သည့် တရားစီရင်ရေးအတွက် တာဝန်ရှိသော ဝန်ကြီးအဖွဲ့မှ အဖွဲ့ဝင်၏ အကြံပြုချက်ဖြင့် ပြုလုပ်ရမည်။ ပုဒ်မ ၁၇၄(၄) အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတွင် ခန့်အပ်ထားသည့် တရားသူကြီးများ၏ ရာထူးအဆင့်အတန်းမှ တဆင့် ယာယီဒုတိယတရားသူကြီးချုပ်အား ခန့်အပ်ရမည်။

(2) The Cabinet member responsible for the administration of justice must appoint acting judges to other courts after consulting the senior judge of the court on which the acting judge will serve.

*[S. 175 substituted by s. 9 of the Constitution Seventeenth Amendment Act of 2012.]*

**Terms of office and remuneration**

176. (1) A Constitutional Court judge holds office for a non-renewable term of 12 years, or until he or she attains the age of 70, whichever occurs first, except where an Act of Parliament extends the term of office of a Constitutional Court judge.

*[Sub-s. (1) substituted by s. 15 of the Constitution Sixth Amendment Act of 2001.]*

(2) Other judges hold office until they are discharged from active service in terms of an Act of Parliament.

(3) The salaries, allowances and benefits of judges may not be reduced.

**Removal**

177. (1) A judge may be removed from office only if—

(a) the Judicial Service Commission finds that the judge suffers from an incapacity, is grossly incompetent or is guilty of gross misconduct; and

(b) the National Assembly calls for that judge to be removed, by a resolution adopted with a supporting vote of at least two thirds of its members.

(2) The President must remove a judge from office upon adoption of a resolution calling for that judge to be removed.

(3) The President, on the advice of the Judicial Service Commission, may suspend a judge who is the subject of a procedure in terms of subsection (1).

(၂) တရားစီရင်ရေးအတွက် တာဝန်ယူရသော ဝန်ကြီးအဖွဲ့၏ အဖွဲ့ဝင်သည် ယာယီတရားသူကြီးတစ်ဦး တာဝန်ထမ်းဆောင်ရမည့် တရားရုံး၏ အထက်တန်းတရားသူကြီးနှင့် ဆွေးနွေးတိုင်ပင်ပြီးနောက်တွင် အခြားသော တရားရုံးများအတွက် ယာယီတရားသူကြီးများကို ခန့်အပ်ရမည်။

*၂၀၁၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၉ ဖြင့် ပုဒ်မ (၁၇၅)အား အစားထိုးထားသည်။]*

**ရာထူးသက်တမ်းနှင့် ချီးမြှင့်ငွေများ**

၁၇၆။ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး၏ ရာထူးသက်တမ်းအား အမြင့်ဆုံးဥပဒေပြုလွှတ်တော် အက်ဥပဒေတစ်ရပ်ဖြင့် တိုးပေးခြင်းမပြုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ခုံရုံး၏ တရားသူကြီးတစ်ဦးသည် သက်တမ်းပြန်တိုးနိုင်ခြင်းမရှိသည့် ၁၂ နှစ်တာကာလတစ်ရပ်အထိ သို့မဟုတ် အသက် ၇၀ ပြည့်သည့်အချိန်အထိ တာဝန်ထမ်းဆောင်နိုင်ပါသည်။

*[၂၀၀၁ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၁၅ ဖြင့် ပုဒ်မခွဲ (၁)အား အစားထိုးထားသည်။]*

(၂) အခြားတရားသူကြီးများသည်အမြင့်ဆုံးဥပဒေပြုလွှတ်တော် အက်ဥပဒေတစ်ရပ်နှင့်အညီ တာဝန်ထမ်းဆောင်နေခြင်းမှ နုတ်ထွက်သည့်အချိန်အထိ တာဝန်ထမ်းဆောင်နိုင်သည်။

(၃) တရားသူကြီးများ၏ လစာ၊ စရိတ်နှင့် အကျိုးခံစားခွင့်များကို လျှော့ချခြင်း မပြုနိုင်ပေ။

**ရာထူးမှဖယ်ရှားခြင်း**

၁၇၇။ (၁) တရားသူကြီးတစ်ဦးအား အောက်ပါအခြေအနေများတွင် ရာထူးမှ ဖယ်ရှားနိုင်သည် -

(က) တရားသူကြီးတစ်ဦး၏ တာဝန်ထမ်းဆောင်နိုင်စွမ်း မရှိခြင်းကိုသော်လည်းကောင်း၊ အရည်အချင်း ညံ့ဖျင်းမှု သို့မဟုတ် ဆိုးရွားသော ပြုမူဆောင်ရွက်မှုအား တရားရေးကော်မရှင်က တွေ့ရှိရခြင်းနှင့်

(ခ) ပြည်သူ့လွှတ်တော်၏ အဖွဲ့ဝင်များအနက် အနည်းဆုံး သုံးပုံနှစ်ပုံ၏ ထောက်ခံမဲဖြင့် ချမှတ်သော ဆုံးဖြတ်ချက်တစ်ခုအရ ထိုတရားသူကြီးကိုဖယ်ရှားရန် ယင်း လွှတ်တော်က တောင်းဆိုခြင်း။

(၂) တရားသူကြီးတစ်ဦးကို ဖယ်ရှားရန် တောင်းဆိုချက်ကို အတည်ပြုပြီးနောက်တွင် ထိုတရားသူကြီးအား နိုင်ငံတော်သမ္မတက ဖယ်ရှားပေးရမည်။

(၃) နိုင်ငံတော်သမ္မတသည် ပုဒ်မခွဲ (၁) တွင်ပါဝင်သော လုပ်ထုံးလုပ်နည်းတစ်ရပ်နှင့် အကျုံးဝင်သည့် တရားသူကြီးတစ်ဦးအား တရားရေးကော်မရှင်၏ အကြံပြုချက်ကိုရယူကာ ရာထူးမှ ဆိုင်းငံ့နိုင်ပါသည်။

## Judicial Service Commission

178. (1) There is a Judicial Service Commission consisting of—

(a) the Chief Justice, who presides at meetings of the Commission;

(b) the President of the Supreme Court of Appeal;

*[Para. (b) substituted by s. 16(a) of the Constitution Sixth Amendment Act of 2001.]*

(c) one Judge President designated by the Judges President;

(d) the Cabinet member responsible for the administration of justice, or an alternate designated by that Cabinet member;

(e) two practising advocates nominated from within the advocates' profession to represent the profession as a whole, and appointed by the President;

(f) two practising attorneys nominated from within the attorneys' profession to represent the profession as a whole, and appointed by the President;

(g) one teacher of law designated by teachers of law at South African universities;

(h) six persons designated by the National Assembly from among its members, at least three of whom must be members of opposition parties represented in the Assembly;

(i) four permanent delegates to the National Council of Provinces designated together by the Council with a supporting vote of at least six provinces;

(j) four persons designated by the President as head of the national executive, after consulting the leaders of all the parties in the National Assembly; and

**တရားရေးကော်မရှင်**

၁၇၈။ (၁) တရားရေးကော်မရှင်တွင် ပါဝင်သူများမှာ

(က) ကော်မရှင်အစည်းအဝေးပွဲများကို ဦးဆောင်သော တရားသူကြီးချုပ်၊

(ခ) အယူခံတရားလွှတ်တော်ချုပ်ရုံး၏ ဥက္ကဋ္ဌ၊

*[၂၀၀၁ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၁၆ ဖြင့် အပိုဒ် (ခ)အား အစားထိုးထားသည်။]*

(ဂ) တရားသူကြီးများ၏ ဥက္ကဋ္ဌဖြစ်သူက ခန့်အပ်ထားသည့် တရားသူကြီး ဥက္ကဋ္ဌတစ်ဦး၊

(ဃ) တရားစီရင်ရေးအတွက် တာဝန်ယူရသည့် ဝန်ကြီးအဖွဲ့၏ အဖွဲ့ဝင်တစ်ဦး သို့မဟုတ် ဝန်ကြီးအဖွဲ့က ခန့်အပ်ထားသည့် အခြားသူတစ်ဦး၊

(င) တရားရုံးချုပ်ရှေ့နေ တရားလွှတ်တော်ရှေ့နေထုတစ်ရပ်လုံးကို ကိုယ်စားပြုရန် တရားလွှတ်တော်ရှေ့နေများအနက်မှ အဆိုပြုတင်သွင်းသည့် တရားလွှတ်တော်ရှေ့နေ အဖြစ် ဆောင်ရွက်နေသည့်အပြင် နိုင်ငံတော်သမ္မတ ၏ ခန့်အပ်တာဝန်ပေးခြင်းကိုလည်း ခံထားရသူနှစ်ဦး။

(စ) ရှေ့နေထုတစ်ရပ်လုံးကို ကိုယ်စားပြုရန် ရှေ့နေ များအနက်မှ အဆိုပြုတင်သွင်းသည့် ရှေ့နေအဖြစ် ဆောင်ရွက်နေသည့်အပြင်နိုင်ငံတော်သမ္မတ၏ ခန့်အပ်တာဝန်ပေးခြင်းကိုလည်း ခံထားရသူနှစ်ဦး။

(ဆ) တောင်အာဖရိကတက္ကသိုလ်များတွင် ဥပဒေရေးရာ ကျောင်းဆရာများက ခန့်အပ်သည့် ဥပဒေရေးရာ ကျောင်းဆရာတစ်ဦး။

(ဇ) ပြည်သူ့လွှတ်တော်အတွင်း ကိုယ်စားပြုသည့် အတိုက်အခံပါတီများ၏ ကိုယ်စားလှယ်ဖြစ်သူ အနည်းဆုံးသုံးဦးပါဝင်ပြီးထိုလွှတ်တော်ကိုယ်စားလှယ်များအနက်မှ ၎င်းတို့က ရွေးချယ်ခန့်အပ်သည့် လွှတ်တော်ကိုယ်စားလှယ်များအနက် ပြည်သူ့လွှတ်တော်က ခန့်အပ်သည့် လူပုဂ္ဂိုလ်ခြောက်ဦး။

(ဈ) အနည်းဆုံးအားဖြင့် ပြည်နယ်ခြောက်ခု၏ ထောက်ခံမဲနှင့်အတူ ဤကောင်စီ၏ ခန့်အပ်ခြင်းကိုခံထားရသည့် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်၏ အမြဲတမ်းကိုယ်စားလှယ်တော်လေးဦး။

(ည) ပြည်သူ့လွှတ်တော်အတွင်း ပါဝင်သော ပါတီများအားလုံး၏ ခေါင်းဆောင်များနှင့် ဆွေးနွေးတိုင်ပင်၍ အုပ်ချုပ်ရေးမဏ္ဍိုင်၏ အကြီးကဲဖြစ်သူ နိုင်ငံတော်သမ္မတက ခန့်အပ်သော လူပုဂ္ဂိုလ် လေးဦးနှင့်

(k) when considering matters relating to a specific Division of the High Court of South Africa, the Judge President of that Division and the Premier of the province concerned, or an alternate designated by each of them.

*[Para. (k) substituted by s. 2(a) of the Constitution Second Amendment Act of 1998, by s. 16(b) of the Constitution Sixth Amendment Act of 2001 and by s. 10 of the Constitution Seventeenth Amendment Act of 2012.]*

(2) If the number of persons nominated from within the advocates' or attorneys' profession in terms of subsection (1)(e) or (f) equals the number of vacancies to be filled, the President must appoint them. If the number of persons nominated exceeds the number of vacancies to be filled, the President, after consulting the relevant profession, must appoint sufficient of the nominees to fill the vacancies, taking into account the need to ensure that those appointed represent the profession as a whole.

(3) Members of the Commission designated by the National Council of Provinces serve until they are replaced together, or until any vacancy occurs in their number. Other members who were designated or nominated to the Commission serve until they are replaced by those who designated or nominated them.

(4) The Judicial Service Commission has the powers and functions assigned to it in the Constitution and national legislation.

(5) The Judicial Service Commission may advise the national government on any matter relating to the judiciary or the administration of justice, but when it considers any matter except the appointment of a judge, it must sit without the members designated in terms of subsection (1)(h) and (i).

(6) The Judicial Service Commission may determine its own procedure, but decisions of the Commission must be supported by a majority of its members.

(7) If the Chief Justice or the President of the Supreme Court of Appeal is temporarily unable to serve on the Commission, the Deputy Chief Justice or the Deputy President of the Supreme Court of Appeal, as the case may be, acts as his or her alternate on the Commission.

(ဋ) တရားလွှတ်တော်ရုံးတစ်ခုခုနှင့် သက်ဆိုင်သော အရေးကိစ္စများကို စဉ်းစားဆုံးဖြတ်သည့်အခါ ထိုတရားရုံး၏ တရားသူကြီးဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ ပြည်နယ်၏ ဝန်ကြီးချုပ် သို့မဟုတ် ၎င်းတို့တစ်ဦးချင်းစီက ခန့်အပ်သော အခြားတစ်ဦး။

*[၁၉၉၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၂ (က) နှင့် ၂၀၀၁ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၁၆ (ခ)၊ ၂၀၁၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၇ ကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၁၀ အရ အပိုဒ် (ဋ) အစားထိုးထားသည့်။]*

(၂) ပုဒ်မခွဲ (၁) (စ) သို့မဟုတ် (ဆ) နှင့်အညီ 'တရားလွှတ်တော်ရှေ့နေများ' သို့မဟုတ် 'ရှေ့နေများ'အနက်မှ အဆိုပြုခံရသူအရေအတွက်သည် ခန့်အပ်ရန်နေရာလွတ် အရေအတွက်နှင့် ညီမျှနေလျှင် နိုင်ငံတော်သမ္မတအနေဖြင့် ၎င်းတို့ကို ခန့်အပ်ရမည်။ အဆိုပြုခံရသူအရေအတွက်သည် ခန့်အပ်ရန် နေရာလွတ်အရေအတွက်ထက် ပိုများနေလျှင် နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာပညာရှင်နှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ဤအသက်မွေးဝမ်းကြောင်းမှု အသိုင်းအဝိုင်းတစ်ခုလုံးကို ကိုယ်စားပြုသည့် ခန့်အပ်မှုများ ဖြစ်စေရန် လိုအပ်ချက်နှင့်လည်း ကိုက်ညီသည့် အဆိုပြုခံရသူအရေအတွက် အလုံအလောက်အား လစ်လပ်နေရာများအတွက် ခန့်အပ်ရမည်။

(၃) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် က ခန့်အပ်သည့် ကော်မရှင်အဖွဲ့ဝင်များ သည် ၎င်းတို့ကို အတူတကွ အစားထိုးသည့် အချိန်အထိ သို့မဟုတ် နေရာလွတ်များစွာ ရှိသည့်အချိန်အထိ တာဝန်ထမ်းဆောင်နိုင်သည်။ ကော်မရှင်အတွက် တာဝန်ပေးအပ်ခြင်းခံရသော သို့မဟုတ် ရွေးချယ်ခန့်အပ်ခံရသော အခြားအဖွဲ့ဝင်များသည် ၎င်းတို့ကို တာဝန်ပေးအပ်သော သို့မဟုတ် ရွေးချယ်ခန့်အပ်သောသူများက အစားထိုးခန့်အပ်သည့်အချိန်အထိ တာဝန်ထမ်းဆောင်နိုင်သည်။

(၄) တရားရေးကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသားဥပဒေတွင် ယင်းသို့ အပ်နှင်းထားသည့် အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များ ပိုင်ဆိုင်ထား သည်။

(၅) တရားရေးကော်မရှင်သည် တရားစီရင်ရေး သို့မဟုတ် တရားမျှတမှု ပေါ်ပေါက်ရေးနှင့် သက်ဆိုင်သော အရေးကိစ္စများနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရထံ အကြံပြုချက်များ ပေးအပ်နိုင်သော်လည်း တရားသူကြီး တစ်ဦး ခန့်အပ်ခြင်းမှအပ အခြားကိစ္စရပ်များကို စဉ်းစားသောအခါ ပုဒ်မခွဲ (၁) (ဇ) နှင့် (ည) အရ ခန့်အပ်ထားသည့် အဖွဲ့ဝင်များမပါဝင်ဘဲ စည်းဝေးတိုင်ပင်ရမည်။

(၆) တရားရေးကော်မရှင်သည် ယင်း၏ ကိုယ်ပိုင်လုပ်ထုံးလုပ်နည်းများကို ချမှတ်နိုင်သော်လည်း ကော်မရှင်ဆုံး ဖြတ်ချက်များအား အဖွဲ့ဝင်အများစုက ထောက်ခံရမည်။

(၇) တရားသူကြီးချုပ် သို့မဟုတ် အယူခံတရားလွှတ်တော်ချုပ်ရုံး၏ ဥက္ကဋ္ဌသည် ကော်မရှင်တွင် ယာယီအမှုထမ်းနိုင်ခြင်းမရှိပါက ဒုတိယ တရားသူကြီးချုပ် သို့မဟုတ် အယူခံတရားလွှတ်တော်ချုပ်ရုံး၏ ဒုတိယ ဥက္ကဋ္ဌသည် အခြေအနေနှင့်အချိန်အခါအရ ကော်မရှင်တွင် ကိုယ်စားဝင်၍ ထမ်းဆောင်ပေးရမည်။

*[Sub-s. (7) added by s. 2(b) of the Constitution Second Amendment Act of 1998 and substituted by s. 16 (c) of Constitution Sixth Amendment Act of 2001.]*

(8) The President and the persons who appoint, nominate or designate the members of the Commission in terms of subsection (1)(c), (e), (f) and (g), may, in the same manner appoint, nominate or designate an alternate for each of those members, to serve on the Commission whenever the member concerned is temporarily unable to do so by reason of his or her incapacity or absence from the Republic or for any other sufficient reason.

*[Sub-s. (8) added by s. 2(b) of the Constitution Second Amendment Act of 1998.]*

### Prosecuting authority

179. (1) There is a single national prosecuting authority in the Republic, structured in terms of an Act of Parliament, and consisting of—

(a) a National Director of Public Prosecutions, who is the head of the prosecuting authority, and is appointed by the President, as head of the national executive; and

(b) Directors of Public Prosecutions and prosecutors as determined by an Act of Parliament.

(2) The prosecuting authority has the power to institute criminal proceedings on behalf of the state, and to carry out any necessary functions incidental to instituting criminal proceedings.

(3) National legislation must ensure that the Directors of Public Prosecutions—

(a) are appropriately qualified; and

(b) are responsible for prosecutions in specific jurisdictions, subject to subsection (5).

(4) National legislation must ensure that the prosecuting authority exercises its functions without fear, favour or prejudice.

*[၁၉၉၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၂ (ခ) နှင့် ၂၀၀၁ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၁၆ (ဂ) အရ ပုဒ်မခွဲ (၇) အား အစားထိုးထားသည်။]*

(၈) သက်ဆိုင်ရာ တရားရေးကော်မရှင် အဖွဲ့ဝင်တစ်ဦးသည် စွမ်းဆောင်နိုင်စွမ်းမရှိသော သို့မဟုတ် သမ္မတ နိုင်ငံတော်ပြင်ပတွင် ရောက်ရှိနေသော အကြောင်းကြောင့် သို့မဟုတ် ခိုင်လုံသော အခြားအကြောင်း ကြောင့် ယာယီအားဖြင့် တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိသော အချိန်တိုင်းတွင် ပုဒ်မခွဲ (၁) (ဂ)၊ (င)၊ (စ) နှင့် (ဆ) အရ ကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်သော၊ အဆိုပြုသော သို့မဟုတ် တာဝန်အပ်နှင်းသော နိုင်ငံတော်သမ္မ တနှင့် လူပုဂ္ဂိုလ်များသည် ကော်မရှင်အတွင်း ကိုယ်စားပြုပါဝင်ရန် အခြားအဖွဲ့ဝင်တစ်ဦးအား တူညီသောနည်းလမ်း ကိုအသုံးပြု၍ ခန့်အပ်ခြင်း၊ အဆိုပြုခြင်း သို့မဟုတ် တာဝန်အပ်နှင်းခြင်းများ ပြုလုပ်ရမည်။

*[၁၉၉၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၂ (ခ) အရ ပုဒ်မခွဲ (၈) အား အစားထိုးထားသည်။]*

**အစိုးရရှေ့နေများ**

၁၇၉။ (၁) သမ္မတနိုင်ငံအတွင်းတွင် ပါလီမန် အမြင့်ဆုံးဥပဒေပြုလွှတ်တော် အက်ဥပဒေ တစ်ရပ်နှင့်အညီ ဖွဲ့စည်းထားသည့် တစ်ခုတည်းသော နိုင်ငံတော်အဆင့် အစိုးရရှေ့နေအဖွဲ့ရှိပြီး ယင်းတွင် -

(က) နိုင်ငံတော်အဆင့် အုပ်ချုပ်ရေးမဏ္ဍိုင်၏ အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတက ခန့်အပ်ထားသူဖြစ်ပြီး အစိုးရရှေ့နေအဖွဲ့၏ အကြီးအမှူးလည်းဖြစ်သူ နိုင်ငံလုံးဆိုင်ရာ အစိုးရ ရှေ့နေ ညွှန်ကြားရေးမှူးတစ်ဦးနှင့်

(ခ) အမြင့်ဆုံးဥပဒေပြုလွှတ်တော် အက်ဥပဒေတစ်ရပ်အရ သတ်မှတ်ပေးထားသည့် အစိုးရရှေ့ နေများ ဆိုင်ရာ ညွှန်ကြားရေးမှူးများ နှင့် အစိုးရရှေ့နေများ။

(၂) အစိုးရရှေ့နေများတွင် နိုင်ငံတော်ကိုယ်စား ပြစ်မှုဆိုင်ရာ တရားစွဲဆိုမှုများပြုလုပ်ရန်နှင့် ပြစ်မှုဆိုင်ရာ တရားစွဲဆိုမှုများ ပြုလုပ်ခြင်းနှင့် ထပ်တူကျသည့် အခြေခံ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အခွင့်အာဏာ ရှိသည်။

(၃) အမျိုးသားဥပဒေအရ အစိုးရရှေ့နေများဆိုင်ရာ ညွှန်ကြားရေးမှူးများသည် -

(က) ကြောင်းကျိုးဆီလျော်မှုရှိသည့် အရည်အချင်းပြည့်မီသူများ ဖြစ်ရမည်။

(ခ) ပုဒ်မခွဲ (၅) အရ သတ်မှတ်စီရင်ပိုင်ခွင့်များ အတွင်းရှိ ပြစ်မှုဆိုင်ရာ တရားစွဲဆိုမှုများအတွက် တာဝန်ရှိသည်။

(၄) အစိုးရှေ့နေများက ၎င်းတို့၏ လုပ်ငန်းတာဝန်များအား အကြောက်တရား၊ မျက်နှာသာပေးမှု သို့မဟုတ် ဘက်လိုက်ဆုံးဖြတ်မှုများ မရှိဘဲ ဆောင်ရွက်နိုင်စေရန် အမျိုးသားဥပဒေ ဖြင့် အသေအချာဆောင်ရွက်ရမည်။

(5) The National Director of Public Prosecutions—

(a) must determine, with the concurrence of the Cabinet member responsible for the administration of justice, and after consulting the Directors of Public Prosecutions, prosecution policy, which must be observed in the prosecution process;

(b) must issue policy directives which must be observed in the prosecution process;

(c) may intervene in the prosecution process when policy directives are not complied with; and

(d) may review a decision to prosecute or not to prosecute, after consulting the relevant Director of Public Prosecutions and after taking representations within a period specified by the National Director of Public Prosecutions, from the following:

(i) The accused person.

(ii) The complainant.

(iii) Any other person or party whom the National Director considers to be relevant.

(6) The Cabinet member responsible for the administration of justice must exercise final responsibility over the prosecuting authority.

(7) All other matters concerning the prosecuting authority must be determined by national legislation.

## Other matters concerning administration of justice

180. National legislation may provide for any matter concerning the administration of justice that is not dealt with in the Constitution, including—

(a) training programmes for judicial officers;

(b) procedures for dealing with complaints about judicial officers; and

(c) the participation of people other than judicial officers in court decisions.

(၅) နိုင်ငံလုံးဆိုင်ရာ အစိုးရရှေ့နေများ ညွှန်ကြားရေးမှူးသည် -

(က) တရားစီရင်ရေး၏ စီမံခန့်ခွဲမှုတာဝန်ကိုယူထားသည့် အစိုးရအဖွဲ့မှအဖွဲ့ဝင်၏ သဘောတူညီမှုနှင့် အစိုးရရှေ့နေများဆိုင်ရာ ညွှန်ကြားရေးမှူးများ၏ ဆွေးနွေးတိုင်ပင်မှု ရလဒ်များအပေါ် အခြေခံကာ တရားစွဲဆိုမှုများတွင် စောင့်ကြည့်ရမည့် တရားစွဲဆိုမှုဆိုင်ရာ မူဝါဒများကို သတ်မှတ်ရမည်။

(ခ) တရားစွဲဆိုမှုများတွင် စောင့်ကြည့်ရမည့် မူဝါဒညွှန်ကြားချက်များကို ထုတ်ပြန်ပေးရမည်။

(ဂ) မူဝါဒညွှန်ကြားချက်များကို မလိုက်နာသောအချိန်တွင် တရားစွဲဆိုမှုများတွင် ကြားဝင်ဆောင်ရွက်နိုင်သည်။

(ဃ) သက်ဆိုင်ရာ အစိုးရရှေ့နေများ ညွှန်ကြားရေးမှူး နှင့် တိုင်ပင်ဆွေးနွေး၍ နိုင်ငံလုံးဆိုင်ရာ အစိုးရရှေ့နေများ ညွှန်ကြားရေးမှူးက သတ်မှတ်ထားသည့် ကာလတစ်ရပ်အတွင်း အောက်ပါ ပုဂ္ဂိုလ်များထံမှ ကိုယ်စားပြုမှုများကို ရယူပြီးနောက်တွင် ဆက်လက်တရားစွဲဆိုရန် သို့မဟုတ် တရားစွဲဆိုခြင်း မပြုရန် ဆုံးဖြတ်ချက်တစ်ရပ်ကို ပြန်လည်သုံးသပ်နိုင်သည် -

(၁) စွပ်စွဲခံရသူ

(၂) တရားလို

(၃) ပတ်သက်ဆက်နွယ်မှုရှိသည်ဟု နိုင်ငံလုံးဆိုင်ရာ ညွှန်ကြားရေးမှူးက မှတ်ယူသည့် အခြားပုဂ္ဂိုလ်များ သို့မဟုတ် အမှုသည်များ

(၆) တရားစီရင်ရေး၏ စီမံခန့်ခွဲသည့် တာဝန်ကိုယူထားသည့် ဝန်ကြီးအဖွဲ့၏ အဖွဲ့ဝင်ဖြစ်သူသည် အစိုးရရှေ့နေနှင့် သက်ဆိုင်သည့် အမြင့်ဆုံးတာဝန်ကို ကျင့်သုံးရမည်။

(၇) အစိုးရရှေ့နေအဖွဲ့နှင့်သက်ဆိုင်သည့် အခြားသော အရေးကိစ္စများအားလုံးအား အမျိုးသားဥပဒေ ဖြင့် ဆုံးဖြတ်ရမည်။

**တရားစီရင်ရေးနှင့်သက်ဆိုင်သည့် အခြားကိစ္စရပ်များ**

၁၈၀။ အမျိုးသားဥပဒေတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း ထည့်သွင်းဖော်ပြခြင်းမရှိသည့် တရားစီရင်ရေးကိစ္စများအတွက် ဖော်ပြပေးနိုင်ပြီး ယင်းတို့တွင် -

(က) တရားရေးအရာရှိများအတွက်မွမ်းမံသင်တန်းအစီအစဉ်များ

(ခ) တရားရေးအာဏာပိုင်များနှင့်ပတ်သက်သည့် တိုင်ကြားမှုများကို ကိုင်တွယ်ဖြေရှင်းသော လုပ်ထုံးလုပ်နည်းများနှင့်

(ဂ) တရားရုံးဆုံးဖြတ်ချက်များတွင် တရားရေးအရာရှိများ မဟုတ်ကြသည့် အခြားသူများ ပါဝင်ဆောင်ရွက်မှု

# CHAPTER 9

# STATE INSTITUTIONS SUPPORTING CONSTITUTIONAL DEMOCRACY

## Establishment and governing principles

181. (1) The following state institutions strengthen constitutional democracy in the Republic:

(a) The Public Protector.

(b) The South African Human Rights Commission.

(c) The Commission for the Promotion and Protection of the Rights of Cultural, Religious and Linguistic Communities.

(d) The Commission for Gender Equality.

(e) The Auditor-General.

(f) The Electoral Commission.

(2) These institutions are independent, and subject only to the Constitution and the law, and they must be impartial and must exercise their powers and perform their functions without fear, favour or prejudice.

(3) Other organs of state, through legislative and other measures, must assist and protect these institutions to ensure the independence, impartiality, dignity and effectiveness of these institutions.

(4) No person or organ of state may interfere with the functioning of these institutions.

(5) These institutions are accountable to the National Assembly, and must report on their activities and the performance of their functions to the Assembly at least once a year.

## အခန်း ၉

## ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်သော ဒီမိုကရေစီစနစ်ကို အထောက်အကူပြုသော နိုင်ငံတော်အဖွဲ့အစည်းများ

### ဖွဲ့စည်းတည်ထောင်မှုနှင့် အုပ်ချုပ်ရေးမူများ

၁၈၁။ (၁) အောက်ဖော်ပြပါ နိုင်ငံတော်အဖွဲ့အစည်းများသည် သမ္မတနိုင်ငံတော်အတွင်းရှိ ဒီမိုကရေစီနည်းလမ်းကျသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် အားကောင်း လာစေရန် အထောက်အကူပြုရမည် -

(က) အများပြည်သူ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့

(ခ) တောင်အာဖရိက လူ့အခွင့်အရေးကော်မရှင်

(ဂ) ယဉ်ကျေးမှု၊ ဘာသာရေးနှင့် ဘာသာဗေဒ အသိုင်းအဝိုင်းများ၏ အခွင့်အရေးများ အားပေးမြှင့်တင်ရေးနှင့် အကာကွယ်ပေးရေး ကော်မရှင်

(ဃ) ကျား-မတန်းတူရေး ကော်မရှင်

(င) စာရင်းစစ်ချုပ်ရုံး

(စ) ရွေးကောက်ပွဲကော်မရှင်

(၂) ဤအဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဥပဒေများနှင့်အညီ ဆောင်ရွက်ရ သည့် လွတ်လပ်သောအဖွဲ့အစည်းများဖြစ်ကြပြီး ၎င်းတို့၏ အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များအား အကြောက်တရား၊ မျက်နှာသာပေးမှု သို့မဟုတ် ဘက်လိုက်ဆုံးဖြတ်မှုများ မပါဝင်စေရဘဲ ကျင့်သုံးဆောင်ရွက်ရမည်။

(၃) ဤအဖွဲ့အစည်းများ၏ လွတ်လပ်မှု၊ ဘက်မလိုက်မှု၊ ဂုဏ်သိက္ခာရှိမှုနှင့် ထိရောက်မှုရှိစေရေးကို အားပေးမြှင့်တင်ရန်အတွက် အခြားသော နိုင်ငံတော်အဖွဲ့အစည်းများက ဤအဖွဲ့အစည်းများအား ဥပဒေပြဋ္ဌာန်းချက်နှင့် အခြားဆောင်ရွက်ချက်များအားဖြင့် ကူညီကာကွယ်ပေးရမည်။

(၄) လူတစ်ဦးတစ်ယောက်ကသော်လည်းကောင်း သို့မဟုတ် နိုင်ငံတော် အဖွဲ့အစည်းတစ်ရပ်က သော်လည်းကောင်း ဤအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုစေရ။

(၅) ဤအဖွဲ့အစည်းများသည် ပြည်သူ့ လွှတ်တော်သို့ တာဝန်ခံရပြီး ၎င်းတို့၏ လုပ်ဆောင်ချက်များ၊ လုပ်ငန်းတာဝန်ပိုင်းဆိုင်ရာ ဆောင်ရွက်မှုများနှင့်သက်ဆိုင်သော အစီရင်ခံစာများအား လွှတ်တော်သို့ အနည်းဆုံးအားဖြင့် တစ်နှစ်တစ်ကြိမ် အစီအရင်ခံတင်ပြရမည်။

## Public Protector

### Functions of Public Protector

182. (1) The Public Protector has the power, as regulated by national legislation—

(a) to investigate any conduct in state affairs, or in the public administration in any sphere of government, that is alleged or suspected to be improper or to result in any impropriety or prejudice;

(b) to report on that conduct; and

(c) to take appropriate remedial action.

(2) The Public Protector has the additional powers and functions prescribed by national legislation.

(3) The Public Protector may not investigate court decisions.

(4) The Public Protector must be accessible to all persons and communities.

(5) Any report issued by the Public Protector must be open to the public unless exceptional circumstances, to be determined in terms of national legislation, require that a report be kept confidential.

### Tenure

183. The Public Protector is appointed for a non-renewable period of seven years.

## အများပြည်သူ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့

### အများပြည်သူ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ

၁၈၂။ (၁) အမျိုးသားဥပဒေ အရ အများပြည်သူ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့တွင်ရှိသော အခွင့်အာဏာများမှာ -

(က) မရိုးသားမှုအဖြစ် သို့မဟုတ် မရိုးသားမှု သို့မဟုတ် ဘက်လိုက်ဆုံးဖြတ်မှုကို ဖြစ်ပေါ်စေသည်ဟု စွပ်စွဲခံထားရသော သို့မဟုတ် သံသယဖြစ်ခံရသော နိုင်ငံတော်အရေးကိစ္စများ သို့မဟုတ် အစိုးရအဖွဲ့ တစ်ဖွဲ့၏ ပြည်သူ့အုပ်ချုပ်ရေး ကိစ္စရပ်များအတွင်း ပြုမူဆောင်ရွက်ပုံများကို စုံစမ်းစစ်ဆေးရန်။

(ခ) ထိုအပြုအမူအကြောင်း အစီရင်ခံစာတင်ရန်နှင့်

(ဂ) သင့်လျော်သော ကုစားမှုများကို ဆောင်ရွက်ရန်။

(၂) အများပြည်သူ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့တွင် အမျိုးသားဥပဒေ အရ သတ်မှတ်ပေးထားသည့် ထပ်တိုး အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များရှိသည်။

(၃) အများပြည်သူ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့သည် တရားရုံးဆုံးဖြတ်ချက်များကို စုံစမ်းစစ်ဆေးနိုင်ခြင်း မရှိပါ။

(၄) အများပြည်သူ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့သည် လူတိုင်း၊ အသိုင်းအဝိုင်းတိုင်း ထိတွေ့ဆက်ဆံနိုင်သော အဖွဲ့ဖြစ်ရမည်။

(၅) အမျိုးသားဥပဒေ အရ လျှို့ဝှက်သိမ်းဆည်းထားရန် လိုအပ်သည်ဟု ဆုံးဖြတ်ခြင်းခံထားရသော အထူးအခြေအနေများ မဟုတ်ပါက အများပြည်သူ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့က ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်အား အများပြည်သူ ကြည့်ရှုနိုင်စေရမည်။

### သက်တမ်း

၁၈၃။ အများပြည်သူကာကွယ်စောင့်ရှောက်ရေး အရာရှိအား သက်တမ်းပြန်တိုးနိုင်ခြင်းမရှိသည့် ခုနစ်နှစ်တာ သက်တမ်းတစ်ရပ်အတွက် ခန့်အပ်နိုင်သည်။

## South African Human Rights Commission

### Functions of South African Human Rights Commission

184. (1) The South African Human Rights Commission must—

(a) promote respect for human rights and a culture of human rights;

(b) promote the protection, development and attainment of human rights; and

(c) monitor and assess the observance of human rights in the Republic.

(2) The South African Human Rights Commission has the powers, as regulated by national legislation, necessary to perform its functions, including the power—

(a) to investigate and to report on the observance of human rights;

(b) to take steps to secure appropriate redress where human rights have been violated;

(c) to carry out research; and

(d) to educate.

(3) Each year, the South African Human Rights Commission must require relevant organs of state to provide the Commission with information on the measures that they have taken towards the realisation of the rights in the Bill of Rights concerning housing, health care, food, water, social security, education and the environment.

(4) The South African Human Rights Commission has the additional powers and functions prescribed by national legislation.

## တောင်အာဖရိက လူ့အခွင့်အရေးကော်မရှင်

### တောင်အာဖရိက လူ့အခွင့်အရေး ကော်မရှင်၏ လုပ်ငန်းတာဝန်များ

၁၈၄။ (၁) တောင်အာဖရိက လူ့အခွင့်အရေး ကော်မရှင်သည် -

(က) လူ့အခွင့်အရေးများနှင့် လူ့အခွင့်အရေးယဉ်ကျေးမှုတစ်ရပ်အပေါ် လေးစားမှုကို အားပေးမြှင့်တင်ရမည်။

(ခ) လူ့အခွင့်အရေး ကာကွယ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရရှိစံစားမှုကို အားပေးမြှင့်တင်ရမည်။

(ဂ) သမ္မတနိုင်ငံတော်အတွင်း လူ့အခွင့်အရေးကို လေးစားလိုက်နာမှုအား စောင့်ကြည့်အကဲဖြတ်ရမည်။

(၂) တောင်အာဖရိက လူ့အခွင့်အရေး ကော်မရှင်ထံတွင် အမျိုးသားဥပဒေ အရ အပ်နှင်းထားသော အောက်ပါအခွင့်အာဏာတို့အပါအဝင် ယင်း၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လိုအပ်သည့် အခွင့်အာဏာများ ရှိသည် -

(က) လူ့အခွင့်အရေး လေးစားလိုက်နာမှုအကြောင်း စုံစမ်းစစ်ဆေးရန်နှင့် အစီရင်ခံရန်။

(ခ) လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိနေသောအခါ သင့်လျော်သော ပြုပြင်ဆောင်ရွက်မှုများကို ပြုလုပ်ရန်။

(ဂ) သုတေသနပြုဆောင်ရွက်မှုများ ပြုလုပ်ရန်နှင့်

(ဃ) ပညာပေးရန်

(၃) အိမ်ယာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာ၊ သောက်သုံးရေ၊ လူမှုဖူလုံရေး၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင်အရေးများနှင့်သက်ဆိုင်သည့် နိုင်ငံသားတို့၏ အခြေခံရပိုင်ခွင့်များဆိုင်ရာ ဖော်ပြချက်ပါ အခွင့်အရေးများကို ရရှိစေမည့် လုပ်ဆောင်ချက်များနှင့်သက်ဆိုင်သော အချက်အလက်များအား တောင်အာဖရိက လူ့အခွင့်အရေး ကော်မရှင်ထံ တင်ပြရန် သက်ဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများသို့ ဤကော်မရှင်က နှစ်စဉ်တောင်းဆိုရမည်။

(၄) တောင်အာဖရိက လူ့အခွင့်အရေး ကော်မရှင်ထံတွင် အမျိုးသားဥပဒေ အရ သတ်မှတ်ပေးထားသည့် ထပ်တိုး အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များရှိသည်။

## Commission for the Promotion and Protection of the Rights of Cultural, Religious and Linguistic Communities

### Functions of Commission

185. (1) The primary objects of the Commission for the Promotion and Protection of the Rights of Cultural, Religious and Linguistic Communities are—

(a) to promote respect for the rights of cultural, religious and linguistic communities;

(b) to promote and develop peace, friendship, humanity, tolerance and national unity among cultural, religious and linguistic communities, on the basis of equality, non-discrimination and free association; and

(c) to recommend the establishment or recognition, in accordance with national legislation, of a cultural or other council or councils for a community or communities in South Africa.

(2) The Commission has the power, as regulated by national legislation, necessary to achieve its primary objects, including the power to monitor, investigate, research, educate, lobby, advise and report on issues concerning the rights of cultural, religious and linguistic communities.

(3) The Commission may report any matter which falls within its powers and functions to the South African Human Rights Commission for investigation.

(4) The Commission has the additional powers and functions prescribed by national legislation.

**ယဉ်ကျေးမှု၊ ကိုးကွယ်ရာဘာသာတရား နှင့် ဘာသာစကားခြေပြု အသိုင်းအဝိုင်းများ၏ အခွင့်အရေးများ**

**အားပေးမြှင့်တင်ရေးနှင့် အကာကွယ်ပေးရေး ကော်မရှင်**

**ကော်မရှင်၏ လုပ်ငန်းတာဝန်များ**

၁၈၅။ (၁) ယဉ်ကျေးမှု၊ ကိုးကွယ်ရာဘာသာတရားနှင့် ဘာသာစကားအခြေပြု အသိုင်းအဝိုင်းများ၏ အခွင့်အရေးများ အားပေးမြှင့်တင်ရေးနှင့် အကာကွယ်ပေးရေး ကော်မရှင်၏ အဓိက ရည်မှန်းချက်များမှာ -

(က) ယဉ်ကျေးမှု၊ ကိုးကွယ်ရာဘာသာတရားနှင့် ဘာသာစကားအခြေပြု အသိုင်းအဝိုင်းများ၏ အခွင့်အရေးများအပေါ် လေးစားမှုရှိလာ စေရေးအတွက် အားပေးမြှင့်တင်ရန်၊

(ခ) မတူညီသော ယဉ်ကျေးမှု၊ ကိုးကွယ်ရာဘာသာတရားနှင့် ဘာသာစကားအခြေပြု အသိုင်းအဝိုင်းများအကြား သာတူညီမျှခြင်း၊ ခွဲခြားဆက်ဆံ မှုမရှိခြင်းနှင့် အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းနိုင်ခြင်း တို့ကို အခြေခံထားပြီး ငြိမ်းချမ်းမှု၊ ခင်မင်ရင်းနှီးမှု၊ လူသားဆန်မှု၊ နားလည်လက်ခံမှုနှင့် စည်းလုံးမှုများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အား ပေးမြှင့်တင်ရန်၊

(ဂ) တောင်အာဖရိကနိုင်ငံအတွင်းရှိ လူမှုအသိုင်းအဝိုင်းတစ်ရပ် သို့မဟုတ် လူမှုအသိုင်းအဝိုင်းများ အတွက် ယဉ်ကျေးမှုကောင်စီတစ်ရပ် သို့မဟုတ် အခြားကောင်စီတစ်ရပ် သို့မဟုတ် ကောင်စီများအား အမျိုးသားဥပဒေ နှင့်အညီ ဖွဲ့စည်းမှု သို့မဟုတ် အသိမှတ်ပြုမှုကို အကြံပြုရန်။

(၂) အမျိုးသားဥပဒေအရ ဤကော်မရှင်ထံတွင် ယဉ်ကျေးမှု၊ ကိုးကွယ်ရာဘာသာတရားနှင့် ဘာသာ စကားအခြေပြု အသိုင်းအဝိုင်းများဖြင့် သက်ဆိုင်သော အရေးကိစ္စများကို စောင့်ကြည့်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ သုတေသနပြုလေ့လာခြင်း၊ ပညာပေးခြင်း၊ ဟောပြောစည်းရုံးခြင်း၊ အကြံပေးခြင်းနှင့် အစီအရင်ခံခြင်းတို့ကို ပြုလုပ်နိုင်သော အခွင့်အာဏာအပါအဝင် ယင်း၏ အဓိက ရည်မှန်းချက်များ အောင်မြင်စေရန် လိုအပ်သော အခွင့်အာဏာကို ပိုင်ဆိုင်ထားပါသည်။

(၃) ဤကော်မရှင်သည် ယင်း၏ အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များဖြင့် အကျုံးဝင်သော အ ရေးကိစ္စအား စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်အတွက် တောင် အာဖရိက လူ့အခွင့်အရေး ကော်မရှင်ထံ အစီအရင်ခံ တင်ပြနိုင်သည်။

(၄) ဤကော်မရှင်ထံတွင် အမျိုးသားဥပဒေအရ သတ်မှတ်ပေးထားသည့် ထပ်တိုးအခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များရှိသည်။

## Composition of Commission

186. (1) The number of members of the Commission for the Promotion and Protection of the Rights of Cultural, Religious and Linguistic Communities and their appointment and terms of office must be prescribed by national legislation.

(2) The composition of the Commission must—

(a) be broadly representative of the main cultural, religious and linguistic communities in South Africa; and

(b) broadly reflect the gender composition of South Africa.

# Commission for Gender Equality

## Functions of Commission for Gender Equality

187. (1) The Commission for Gender Equality must promote respect for gender equality and the protection, development and attainment of gender equality.

(2) The Commission for Gender Equality has the power, as regulated by national legislation, necessary to perform its functions, including the power to monitor, investigate, research, educate, lobby, advise and report on issues concerning gender equality.

(3) The Commission for Gender Equality has the additional powers and functions prescribed by national legislation.

# Auditor-General

## Functions of Auditor-General

188. (1) The Auditor-General must audit and report on the accounts, financial statements and financial management of—

(a) all national and provincial state departments and administrations;

(b) all municipalities; and

**ကော်မရှင်ဖွဲ့စည်းပုံ**

၁၈၆။ (၁) ယဉ်ကျေးမှု၊ ကိုးကွယ်ရာဘာသာတရားနှင့် ဘာသာစကားအခြေပြု အသိုင်းအဝိုင်းများ၏ အခွင့်အရေးများ အားပေးမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေး ကော်မရှင်၏ အဖွဲ့ဝင်အရေအတွက်၊ ၎င်းတို့ကို ခန့်အပ်ခြင်းနှင့် ရာထူးသက်တမ်းအား အမျိုးသားဥပဒေ တွင် သတ်မှတ်ဖော်ပြပေးရမည်။

(၂) ကော်မရှင်အဖွဲ့ဝင်များ၏ ဖွဲ့စည်းပုံသည်

(က) တောင်အာဖရိကနိုင်ငံအတွင်းရှိ အဓိကကျသော ယဉ်ကျေးမှု၊ ကိုးကွယ်ရာဘာသာတရားနှင့် ဘာသာစကားအခြေပြု အသိုင်းအဝိုင်းများကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုရမည်။

(ခ) တောင်အာဖရိကနိုင်ငံ၏ ကျား-မဦးရေ အချိုးအစားကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုရမည်။

## ကျား-မတန်းတူရေး ကော်မရှင်

**ကျား-မတန်းတူရေး ကော်မရှင်၏ လုပ်ငန်းတာဝန်များ**

၁၈၇။ (၁) ကျား-မတန်းတူရေး ကော်မရှင်သည် ကျား-မတန်းတူရေးအပေါ် လေးစားမှုနှင့် အကာကွယ်ပေးမှုကို သော်လည်းကောင်း၊ ကျား-မတန်းတူမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရည်မှန်းချက်များ အောင်မြင်ရေးကိုသော်လည်းကောင်း အားပေးမြှင့်တင်ရမည်။

(၂) အမျိုးသားဥပဒေ ပါသတ်မှတ်ချက်အရ ကျား-မတန်းတူရေး ကော်မရှင်သည် ကျား-မတန်းတူရေးနှင့် သက်ဆိုင်သော အရေးကိစ္စများကို စောင့်ကြည့်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ သုတေသနပြုလေ့လာခြင်း၊ ပညာပေးခြင်း၊ ဟောပြောစည်းရုံးခြင်း၊ အကြံပေးခြင်းနှင့် အစီအရင်ခံခြင်းတို့ကို ပြုလုပ်နိုင်သော အခွင့်အာဏာအပါအဝင် ယင်း၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လိုအပ်သော အခွင့်အာဏာကို ပိုင်ဆိုင်ထားသည်။

(၃) ကျား-မတန်းတူရေး ကော်မရှင်ထံတွင် အမျိုးသားဥပဒေ အရ သတ်မှတ်ပေးထားသည့် ထပ်တိုး အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များရှိသည်။

## စာရင်းစစ်ချုပ်ရုံး

**စာရင်းစစ်ချုပ်ရုံး၏ လုပ်ငန်းတာဝန်များ**

၁၈၈။ (၁) စာရင်းစစ်ချုပ်ရုံးသည် အောက်ပါအဖွဲ့များ၏ ငွေစာရင်းများ၊ ဘဏ္ဍာရေးရှင်းတမ်းများနှင့် ဘဏ္ဍာရေး စီမံခန့်ခွဲမှုများကို စစ်ဆေး၊ အစီရင်ခံခြင်းများ ပြုလုပ်ရမည် -

(က) နိုင်ငံတော်အဆင့်နှင့် ပြည်နယ်အဆင့် အစိုးရဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့များအားလုံး၊

(ခ) စည်ပင်သာယာရေးကောင်စီများအားလုံးနှင့်

(c) any other institution or accounting entity required by national or provincial legislation to be audited by the Auditor-General.

(2) In addition to the duties prescribed in subsection (1), and subject to any legislation, the Auditor-General may audit and report on the accounts, financial statements and financial management of—

(a) any institution funded from the National Revenue Fund or a Provincial Revenue Fund or by a municipality; or

(b) any institution that is authorised in terms of any law to receive money for a public purpose.

(3) The Auditor-General must submit audit reports to any legislature that has a direct interest in the audit, and to any other authority prescribed by national legislation. All reports must be made public.

(4) The Auditor-General has the additional powers and functions prescribed by national legislation.

### Tenure

189. The Auditor-General must be appointed for a fixed, non-renewable term of between five and ten years.

## Electoral Commission

### Functions of Electoral Commission

190. (1) The Electoral Commission must—

(a) manage elections of national, provincial and municipal legislative bodies in accordance with national legislation;

(b) ensure that those elections are free and fair; and

(c) declare the results of those elections within a period that must be prescribed by national legislation and that is as short as reasonably possible.

(ဂ) အမျိုးသားဥပဒေ သို့မဟုတ် ပြည်နယ်အဆင့် ဥပဒေပြဋ္ဌာန်းချက်အရ စာရင်းစစ်ချုပ်က စစ်ဆေးပေးရမည့် အခြားသော အဖွဲ့အစည်းများ သို့မဟုတ် စာရင်းအင်းအဖွဲ့များ။

(၂) စာရင်းစစ်ချုပ်ရုံးသည် ပုဒ်မခွဲ (၁) နှင့် ဥပဒေပြဋ္ဌာန်းချက်တစ်ခုတွင် ဖော်ပြထားသည့် တာဝန်များအပြင် အောက်ပါအဖွဲ့များ၏ ငွေစာရင်းများ၊ ဘဏ္ဍာရေးရှင်းတမ်းများနှင့် ဘဏ္ဍာရေး စီမံခန့်ခွဲမှုများကို စစ်ဆေး၊ အစီရင်ခံခြင်းများ ပြုလုပ်ရမည် -

(က) နိုင်ငံတော်အဆင့် ဘဏ္ဍာရေးအဖွဲ့ သို့မဟုတ် ပြည်နယ်အဆင့် ဘဏ္ဍာရေးအဖွဲ့ သို့မဟုတ် စည်ပင်သာယာရေးကောင်စီတစ်ရပ်က ရန်ပုံငွေပေးအပ်ထားသော အဖွဲ့အစည်းများ သို့မဟုတ်

(ခ) အများပြည်သူ အကျိုးစီးပွားအတွက် ငွေကြေးလက်ခံရယူရန် ဥပဒေတစ်ရပ်နှင့်အညီ ခွင့်ပြုချက်ရထားသော အဖွဲ့အစည်းများ။

(၃) စာရင်းစစ်ချုပ်ရုံးသည် ငွေစာရင်းစစ်ဆေးမှုအပိုင်းအရ တိုက်ရိုက်ဆက်စပ်နေသည့် လွှတ်တော်တစ်ရပ်နှင့် အမျိုးသားဥပဒေတွင် ဖော်ပြထားသော အခြားသော အာဏာပိုင်အဖွဲ့အစည်းတစ်ခုခုသို့ ငွေစာရင်းအစီအရင်ခံစာများ တင်သွင်းပေးရမည်။ အစီရင်ခံစာများအားလုံးကိုလည်း အများပြည်သူ ကြည့်ရှု နိုင်စေရမည်။

(၄) စာရင်းစစ်ချုပ်ရုံးတွင် အမျိုးသားဥပဒေ အရ သတ်မှတ်ပေးထားသည့် ထပ်တိုး အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များရှိသည်။

**ရာထူးသက်တမ်း**

၁၈၉။ စာရင်းစစ်ချုပ်အား ပြန်လည်သက်တမ်းတိုးနိုင်ခြင်းမရှိသည့် ငါးနှစ်မှ ဆယ်နှစ်အထိရှိသော သက်တမ်းတစ်ရပ်အတွက် ခန့်အပ်ပေးရမည်။

## ရွေးကောက်ပွဲကော်မရှင်

**ရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းတာဝန်များ**

၁၉၀။ (၁) ရွေးကောက်ပွဲကော်မရှင်သည် -

(က) နိုင်ငံတော်အဆင့် အမျိုးသားဥပဒေနှင့်အညီ နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့်နှင့် စည်ပင်သာယာရေးနယ်မြေအဆင့်ရှိ ဥပဒေပြုအဖွဲ့များ၏ ရွေးကောက်ပွဲများကို စီမံပေးရမည်။

(ခ) လွတ်လပ်မျှတသော ရွေးကောက်ပွဲများဖြစ်စေရန် အသေအချာ ဆောင်ရွက်ပေးရမည်။

(ဂ) အဆိုပါရွေးကောက်ပွဲရလဒ်များအား အမျိုးသားဥပဒေ တွင် ဖော်ပြပေးထားသည့် အချိန်ကာလတစ်ခုအတွင်း အလျှင်အမြန်ကြေငြာပေးရမည်။

(2) The Electoral Commission has the additional powers and functions prescribed by national legislation.

## Composition of Electoral Commission

191. The Electoral Commission must be composed of at least three persons. The number of members and their terms of office must be prescribed by national legislation.

## Independent Authority to Regulate Broadcasting

## Broadcasting Authority

192. National legislation must establish an independent authority to regulate broadcasting in the public interest, and to ensure fairness and a diversity of views broadly representing South African society.

## General Provisions

## Appointments

193. (1) The Public Protector and the members of any Commission established by this Chapter must be women or men who—

(a) are South African citizens;

(b) are fit and proper persons to hold the particular office; and

(c) comply with any other requirements prescribed by national legislation.

(2) The need for a Commission established by this Chapter to reflect broadly the race and gender composition of South Africa must be considered when members are appointed.

(3) The Auditor-General must be a woman or a man who is a South African citizen and a fit and proper person to hold that office. Specialised knowledge of, or experience in, auditing, state finances and public administration must be given due regard in appointing the Auditor-General.

(၂) ရွေးကောက်ပွဲကော်မရှင်တွင် အမျိုးသားဥပဒေအရ သတ်မှတ်ပေးထားသည့် ထပ်တိုး အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များရှိသည်။

**ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းပုံ**

၁၉၁။ ရွေးကောက်ပွဲကော်မရှင်တွင် အနည်းဆုံးအားဖြင့် လူပုဂ္ဂိုလ် သုံးဦး ပါဝင်ရမည်။ အဖွဲ့ဝင်အရေအတွက်နှင့် ရာထူးသက်တမ်းအား အမျိုးသားဥပဒေ တွင်ထည့်သွင်းဖော်ပြပေးရမည်။

## ရုပ်သံထုတ်လွှင့်မှုများကို ထိန်းကျောင်းသည့် လွတ်လပ်သော အာဏာပိုင်အဖွဲ့

**ရုပ်သံထုတ်လွှင့်မှု အာဏာပိုင်အဖွဲ့**

၁၉၂။ အများပြည်သူ အကျိုးစီးပွားအလို့ငှာ ရုပ်သံထုတ်လွှင့်မှုများကို ထိန်းကျောင်းရန်နှင့် တောင်အာဖရိက လူ့ဘောင်ကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုသည့် မတူကွဲပြားသော အမြင်များ၊ မျှတမှုများကို ရရှိစေရန်အတွက် လွတ်လပ်သော အာဏာပိုင်အဖွဲ့တစ်ဖွဲ့အား အမျိုးသားဥပဒေ အရ ဖွဲ့စည်းပေးရမည်။

## အထွေထွေပြဋ္ဌာန်းချက်များ

**ခန့်အပ်မှုများ**

၁၉၃။ (၁) ဤအခန်းပါ ပြဋ္ဌာန်းချက်များအရဖွဲ့စည်းထားသည့် အများပြည်သူ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့နှင့် ကော်မရှင်အဖွဲ့တစ်ခုတွင် ပါဝင်သော အမျိုးသမီးများ သို့မဟုတ် အမျိုးသားများသည် -

(က) တောင်အာဖရိက နိုင်ငံသားများ ဖြစ်ရမည်။

(ခ) ရုံးဌာနတစ်ခုခုတွင် တာဝန်ထမ်းဆောင်ရန် သင့်လျော်ကိုက်ညီသော လူပုဂ္ဂိုလ်များ ဖြစ်ရမည်။

(ဂ) အမျိုးသားဥပဒေတွင်သတ်မှတ်ထားသည့် အခြားစည်းကမ်းချက်များနှင့် ကိုက်ညီရမည်။

(၂) တောင်အာဖရိကနိုင်ငံအတွင်းရှိ လူမျိုးစုများနှင့် ကျား-မ ဦးရေ အချိုးအစားကို သိသာထင်ရှားစေရန် ဤအခန်းအရ ဖွဲ့စည်းထားသော ကော်မရှင်တစ်ရပ် လိုအပ်ချက်အား အဖွဲ့ဝင်များကို ခန့်အပ်သောအချိန်တွင် ထည့်သွင်းစဉ်းစားပေးရမည်။

(၃) စာရင်းစစ်ချုပ်သည် စာရင်းစစ်ချုပ်ရုံးတွင် ထမ်းဆောင်ရန် သင့်လျော်ကိုက်ညီသည့် တောင်အာဖရိက နိုင်ငံသား အမျိုးသမီး သို့မဟုတ် အမျိုးသားတစ်ဦး ဖြစ်ရမည်။ စစ်ရင်းစစ်ချုပ်ကို ခန့်အပ်ရာတွင် ငွေစာရင်း စစ်ဆေးရေး၊ အစိုးရဘဏ္ဍာရေးနှင့် ပြည်သူ့အုပ်ချုပ်ရေးအပိုင်း၌ အသိပညာဗဟုသုတကြွယ်ဝမှုအား အလေးပေး စဉ်းစားစေရမည်။

(4) The President, on the recommendation of the National Assembly, must appoint the Public Protector, the Auditor-General and the members of—

(a) the South African Human Rights Commission;

(b) the Commission for Gender Equality; and

(c) the Electoral Commission.

(5) The National Assembly must recommend persons—

(a) nominated by a committee of the Assembly proportionally composed of members of all parties represented in the Assembly; and

(b) approved by the Assembly by a resolution adopted with a supporting vote—

(i) of at least 60 per cent of the members of the Assembly, if the recommendation concerns the appointment of the Public Protector or the Auditor-General; or

(ii) of a majority of the members of the Assembly, if the recommendation concerns the appointment of a member of a Commission.

(6) The involvement of civil society in the recommendation process may be provided for as envisaged in section 59(1)(a).

## Removal from office

194. (1) The Public Protector, the Auditor-General or a member of a Commission established by this Chapter may be removed from office only on—

(a) the ground of misconduct, incapacity or incompetence;

(b) a finding to that effect by a committee of the National Assembly; and

(c) the adoption by the Assembly of a resolution calling for that person's removal from office.

(၄)	နိုင်ငံတော်သမ္မတသည် ပြည်သူ့လွှတ်တော်၏ အကြံပြုချက်ကို ရယူ၍ အများပြည်သူ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၊ စာရင်းစစ်ချုပ်နှင့် အောက်ပါတို့အတွက် အဖွဲ့ဝင်များကို ခန့်အပ်ရမည် -

(က)	တောင်အာဖရိက လူ့အခွင့်အရေး ကော်မရှင်၊

(ခ)	ကျား-မတန်းတူရေး ကော်မရှင်နှင့်

(ဂ)	ရွေးကောက်ပွဲကော်မရှင်။

(၅)	ပြည်သူ့ လွှတ်တော်သည် အောက်ပါပုဂ္ဂိုလ်များကို အကြံပြုရမည် -

(က)	ပြည်သူ့ လွှတ်တော်အတွင်း ကိုယ်စားပြုပါဝင်နေသည့် ပါတီများအားလုံး၏ အဖွဲ့ဝင်များဖြင့် အချိုးကျ ဖွဲ့စည်းထားသည့် လွှတ်တော်ကော်မတီတစ်ရပ်က အဆိုပြုထားသူ။

(ခ)	အောက်ပါနည်းလမ်းအားဖြင့်ထောက်ခံအတည်ပြုထားသည့် ဆုံးဖြတ်ချက်တစ်ရပ်အရ လွှတ်တော်က အတည်ပြုထားသူ။

(၁)	အများပြည်သူ ကာကွယ်စောင့်ရှောက်ရေးအရာရှိ သို့မဟုတ် စာရင်းစစ်ချုပ်ကို ခန့်အပ်ခြင်းနှင့် သက်ဆိုင်သော အကြံပြုချက်ဖြစ်ပါက လွှတ်တော် အဖွဲ့ဝင်များ၏ အနည်းဆုံး ၆၀ ရာနှုန်း၏ ထောက်ခံမှု၊ သို့မဟုတ်

(၂)	ကော်မရှင်တစ်ရပ်၏ အဖွဲ့ဝင်တစ်ဦးကို ခန့်အပ်ခြင်းနှင့်သက်ဆိုင်သော အကြံပြုချက် ဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ် အများစု၏ ထောက်ခံမှု။

(၆)	အကြံပြုလုပ်ငန်းစဉ်အတွင်း အရပ်ဖက်လူမှုအဖွဲ့အစည်းများ ပါဝင်ခြင်းအား ပုဒ်မ ၅၉ (၁) (က) ပါ မျှော်မှန်းချက်နှင့်အညီ ဖော်ဆောင်ပေးနိုင်သည်။

## ရာထူးမှ ထုတ်ပယ်ခြင်း

၁၉၄။	(၁)	အများပြည်သူ ကာကွယ်စောင့်ရှောက်ရေး အရာရှိ၊ စာရင်းစစ်ချုပ် သို့မဟုတ် ဤအခန်းအရ ဖွဲ့စည်းထားသော ကော်မရှင်အဖွဲ့ဝင်တစ်ဦးအား အောက်ပါအခြေအနေများတွင်သာ ရာထူးမှ ဖယ်ရှားနိုင်သည် -

(က)	အကျင့်သိက္ခာပျက်ပြားခြင်း၊ တာဝန်ထမ်းဆောင်နိုင်စွမ်း မရှိခြင်း သို့မဟုတ် အရည်အချင်း ချို့ယွင်းခြင်း။

(ခ)	ပြည်သူ့ လွှတ်တော်ကော်မတီတစ်ရပ်၏ စိစစ်တွေ့ရှိမှုတစ်ခုအရ။

(ဂ)	ထိုပုဂ္ဂိုလ်ကို ရာထူးမှဖယ်ရှားရန် တောင်းဆိုသော ဆုံးဖြတ်ချက်တစ်ရပ်အား ပြည်သူ့ လွှတ်တော်က အတည်ပြုခြင်း။

(2) A resolution of the National Assembly concerning the removal from office of—

(a) the Public Protector or the Auditor-General must be adopted with a supporting vote of at least two thirds of the members of the Assembly; or

(b) a member of a Commission must be adopted with a supporting vote of a majority of the members of the Assembly.

(3) The President—

(a) may suspend a person from office at any time after the start of the proceedings of a committee of the National Assembly for the removal of that person; and

(b) must remove a person from office upon adoption by the Assembly of the resolution calling for that person's removal.

(၂) ရာထူးမှဖယ်ရှားခြင်းနှင့်သက်ဆိုင်သည့် ပြည်သူ့ လွှတ်တော်၏ ဆုံးဖြတ်ချက်တစ်ရပ်သည် -

(က) အများပြည်သူ ကာကွယ်စောင့်ရှောက်ရေးအရာရှိ သို့မဟုတ် စာရင်းစစ်ချုပ်ကို ရာထူးမှ ဖယ်ရှားရန်အတွက်ဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ အနည်းဆုံး သုံးပုံနှစ်ပုံ၏ ထောက်ခံအတည်ပြုချက်ကို ရရှိရမည်၊ သို့မဟုတ်

(ခ) ကော်မရှင်တစ်ရပ်၏ အဖွဲ့ဝင်တစ်ဦးကို ရာထူးမှ ဖယ်ရှားရန်အတွက် ဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ် အများစု၏ ထောက်ခံအတည်ပြုချက်ကို ရရှိရမည်။

(၃) နိုင်ငံတော်သမ္မတက -

(က) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ရာထူးမှဆိုင်းငံ့ခြင်းအား ထိုပုဂ္ဂိုလ်ကိုဖယ်ရှားရန် ပြုလုပ်သော ပြည်သူ့ လွှတ်တော်၏ လုပ်ငန်းစဉ်များကို စတင်ပြီးနောက်တွင် အချိန်မရွေး ပြုလုပ်နိုင်သည်။

(ခ) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ရာထူးမှဖယ်ရှားခြင်းအား ထိုပုဂ္ဂိုလ်ကိုဖယ်ရှားရန် တောင်းဆိုသော ဆုံးဖြတ်ချက်တစ်ရပ်အား ပြည်သူ့ လွှတ်တော်က အတည်ပြုပြီးနောက်တွင် ပြုလုပ်နိုင်သည်။

# CHAPTER 10
# PUBLIC ADMINISTRATION

## Basic values and principles governing public administration

195. (1) Public administration must be governed by the democratic values and principles enshrined in the Constitution, including the following principles:

(a) A high standard of professional ethics must be promoted and maintained.

(b) Efficient, economic and effective use of resources must be promoted.

(c) Public administration must be development-oriented.

(d) Services must be provided impartially, fairly, equitably and without bias.

(e) People's needs must be responded to, and the public must be encouraged to participate in policy-making.

(f) Public administration must be accountable.

(g) Transparency must be fostered by providing the public with timely, accessible and accurate information.

(h) Good human-resource management and career-development practices, to maximize human potential, must be cultivated.

(i) Public administration must be broadly representative of the South African people, with employment and personnel management practices based on ability, objectivity, fairness, and the need to redress the imbalances of the past to achieve broad representation.

(2) The above principles apply to—

(a) administration in every sphere of government;

(b) organs of state; and

## အခန်း ၁၀
## ပြည်သူ့အုပ်ချုပ်ရေးစနစ်

### ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို စီမံအုပ်ချုပ်သော အခြေခံစံတန်ဖိုးများနှင့်မူများ

၁၉၅။ (၁) ပြည်သူ့အုပ်ချုပ်ရေးစနစ်အား အောက်ပါမူများအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း ထည့်သွင်းဖော်ပြထားသော ဒီမိုကရေစီ စံတန်ဖိုးများနှင့် မူများအားဖြင့် စီမံအုပ်ချုပ်ရမည် -

(က) ကျွမ်းကျင်ပညာရှင်ဆိုင်ရာ မြင့်မားသောကျင့်ဝတ်စံနှုန်းများကို အားပေးမြှင့်တင် ထိန်းသိမ်းပေးရမည်။

(ခ) အရင်းမြစ်များအား ထိရောက်၊ အကျိုးရှိစွာ အသုံးပြုခြင်းကို အားပေးမြှင့်တင်ရမည်။

(ဂ) ဖွံ့ဖြိုးတိုးတက်မှုရှေးရှုသော ပြည်သူ့အုပ်ချုပ်ရေးစနစ် ဖြစ်ရမည်။

(ဃ) ဝန်ဆောင်မှုများအား ဘက်လိုက်ခြင်းအလျဉ်းမရှိဘဲ သမာသမတ်ကျကျ၊ သာတူညီမျှပေးအပ်ရမည်။

(င) လူများ၏ လိုအပ်ချက်များအတွက် တုံ့ပြန်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး မူဝါဒ ချမှတ်ရေးလုပ်ငန်းစဉ်တွင် လူများပါဝင်ဆောင်ရွက်ခြင်းကိုလည်း အားပေးရမည်။

(စ) ပြည်သူ့အုပ်ချုပ်ရေးစနစ်တွင် တာဝန်ခံမှုရှိရမည်။

(ဆ) သင့်လျော်သောအချိန်တွင် လွယ်ကူစွာရယူကြည့်ရှုနိုင်သည့် တိကျသော အချက်အလက်များအား နိုင်ငံသားများအတွက် ထုတ်ပြန်ပေးခြင်းအားဖြင့် ပွင့်လင်းမြင်သာမှုကို အားပေးမြှင့်တင်ရမည်။

(ဇ) လူ့အစွမ်းအစများ အစွမ်းကုန်တိုးမြှင့်ပေးရန်အလို့ငှာ ကောင်းမွန်သော လူ့စွမ်းအားစီမံခန့်ခွဲမှုနှင့် အသက်မွေးဝမ်းကြောင်းမှု ဖွံ့ဖြိုးတိုးတက်ရေး ကျင့်ထုံးများကို ပျိုးထောင်ကျင့်သုံးရမည်။

(ဈ) ပြည်သူ့အုပ်ချုပ်ရေးစနစ်သည် ကျယ်ပြန့်သော ကိုယ်စားပြုမှုကို ဖြစ်ပေါ်စေရန်အလို့ငှာ အတိတ်မှ မညီမျှမှုများကို ပြုပြင်တည့်မတ်ပေးရန်လိုအပ်ချက်၊ တတ်ကျွမ်းမှုစွမ်းရည်၊ လက်တွေ့ကျမှုနှင့် မျှတမှုတို့အပေါ် အခြေခံသည့် အလုပ်အကိုင်နှင့် ဝန်ထမ်းစီမံခန့်ခွဲမှုကျင့်ထုံးများအားဖြင့် တောင်အာဖရိက ပြည်သူများကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုသောစနစ်ဖြစ်ရမည်။

(၂) အထက်ပါမူများသည် အောက်ပါတို့နှင့် အကျုံးဝင်သည် -

(က) အစိုးရ၏နယ်ပယ်တိုင်းတွင် စီမံအုပ်ချုပ်မှု

(ခ) နိုင်ငံတော်အဖွဲ့အစည်းများနှင့်

(c) public enterprises.

(3) National legislation must ensure the promotion of the values and principles listed in subsection (1).

(4) The appointment in public administration of a number of persons on policy considerations is not precluded, but national legislation must regulate these appointments in the public service.

(5) Legislation regulating public administration may differentiate between different sectors, administrations or institutions.

(6) The nature and functions of different sectors, administrations or institutions of public administration are relevant factors to be taken into account in legislation regulating public administration.

### Public Service Commission

196. (1) There is a single Public Service Commission for the Republic.

(2) The Commission is independent and must be impartial, and must exercise its powers and perform its functions without fear, favour or prejudice in the interest of the maintenance of effective and efficient public administration and a high standard of professional ethics in the public service. The Commission must be regulated by national legislation.

(3) Other organs of state, through legislative and other measures, must assist and protect the Commission to ensure the independence, impartiality, dignity and effectiveness of the Commission. No person or organ of state may interfere with the functioning of the Commission.

(ဂ) ပြည်သူ့ပိုင်လုပ်ငန်းများ။

(၃) အမျိုးသားဥပဒေတွင် ပုဒ်မခွဲ (၁) တွင် စာရင်းပြုဖော်ပြထားသော စံတန်ဖိုးများနှင့် မူများကို အား ပေးမြှင့်တင်ပေးရမည်။

(၄) မူဝါဒရေးရာ ဆင်ခြင်သုံးသပ်မှုများနှင့်သက်ဆိုင်သည့် ပြည်သူ့အုပ်ချုပ်ရေးစနစ်အတွက် ဝန်ထမ်းအချို့ ခန့်အပ်ခြင်းကို ဟန့်တားခြင်း မပြုသော်လည်း ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဤသို့ သော ခန့်အပ်မှုများအား အမျိုးသားဥပဒေဖြင့် ထိန်းကျောင်းပေးရမည်။

(၅) ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို ထိန်းကျောင်းသော ဥပဒေပြဋ္ဌာန်းချက်သည် မတူညီသော ကဏ္ဍများ၊ အုပ်ချုပ်မှုများ သို့မဟုတ် အဖွဲ့များအကြား ကွဲပြားခြားနားနိုင်သည်။

(၆) ပြည်သူ့အုပ်ချုပ်ရေးစနစ်တွင်ပါဝင်သည့် အမျိုးမျိုးသော ကဏ္ဍများ၊ အုပ်ချုပ်မှုများ သို့မဟုတ် အဖွဲ့အစည်းများ၏ သဘောသဘာဝနှင့် လုပ်ငန်းတာဝန်များသည် ပြည်သူ့အုပ်ချုပ်ရေးစနစ်အတွက် ပြဋ္ဌာန်း သော ဥပဒေပြဋ္ဌာန်းချက်အတွင်း ထည့်သွင်းစဉ်းစားပေးရမည့် ဆက်စပ်အကြောင်းတရားများ ဖြစ်ပါသည်။

## ပြည်သူ့ဝန်ထမ်းကော်မရှင်

၁၉၆။ (၁) သမ္မတနိုင်ငံတော်အတွက် ပြည်သူ့ဝန်ထမ်းကော်မရှင် တစ်ခုသာ ထားရှိရမည်။

(၂) ဤကော်မရှင်သည် လွတ်လပ်သောကော်မရှင်တစ်ရပ် ဖြစ်ပြီး ပြည်သူ့ဝန်ဆောင်မှုများ ပေးအပ်ရာတွင် အကျိုးထိရောက်သော ပြည်သူ့အုပ်ချုပ်ရေးစနစ်နှင့် အဆင့်အတန်းမြင့်မားသော ပ ရော်ဖက်ရှင်နယ်ကျင့်ဝတ်များကို ထိန်းသိမ်းရန်အလို့ငှာ ယင်း၏ အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန် များအား အကြောက်တရား၊ မျက်နှာသာပေးမှု သို့မဟုတ် ဘက်လိုက်ဆုံးဖြတ်မှုများ အလျဉ်းမရှိဘဲ သမာသမတ်ကျကျ ကျင့်သုံး ထမ်းဆောင်ရမည်။ ဤကော်မရှင်အား အမျိုးသားဥပဒေဖြင့် ထိန်းကျောင်းရမည်။

(၃) ဤကော်မရှင်၏ လွတ်လပ်မှု၊ ဘက်မလိုက်မှု၊ ဂုဏ်သိက္ခာရှိမှုနှင့် ထိရောက်မှုရှိစေရေးတို့ကို အား ပေးမြှင့်တင်ရန်အတွက် အခြားသော နိုင်ငံတော်အဖွဲ့အစည်းများက ဥပဒေပြဋ္ဌာန်းချက်နှင့် အခြား ဆောင်ရွက်ချက်များအားဖြင့် ဤကော်မရှင်အား ကူညီကာကွယ်ပေးရမည်။ လူတစ်ဦးတစ်ယောက်က သော်လည်းကောင်း သို့မဟုတ် နိုင်ငံတော် အဖွဲ့အစည်းတစ်ရပ်ကသော်လည်းကောင်း ဤကော်မရှင်၏ လုပ်ငန်း ဆောင်ရွက်မှုများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုစေရပေ။

(4) The powers and functions of the Commission are—

(a) to promote the values and principles set out in section 195, throughout the public service;

(b) to investigate, monitor and evaluate the organisation and administration, and the personnel practices, of the public service;

(c) to propose measures to ensure effective and efficient performance within the public service;

(d) to give directions aimed at ensuring that personnel procedures relating to recruitment, transfers, promotions and dismissals comply with the values and principles set out in section 195;

(e) to report in respect of its activities and the performance of its functions, including any finding it may make and directions and advice it may give, and to provide an evaluation of the extent to which the values and principles set out in section 195 are complied with; and

(f) either of its own accord or on receipt of any complaint—

(i) to investigate and evaluate the application of personnel and public administration practices, and to report to the relevant executive authority and legislature;

(ii) to investigate grievances of employees in the public service concerning official acts or omissions, and recommend appropriate remedies;

(iii) to monitor and investigate adherence to applicable procedures in the public service; and

(၄) ဤကော်မရှင်၏ အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များမှာ -

(က) ပုဒ်မ ၁၉၅ တွင် ချမှတ်ထားသည့် စံတန်ဖိုးများနှင့်မူများအား ပြည်သူ့ဝန်ဆောင်မှုများ ပေးအပ်ခြင်းအားဖြင့် အားပေးမြှင့်တင်ရန်၊

(ခ) ပြည်သူ့ဝန်ဆောင်မှုနှင့်သက်ဆိုင်သည့် စီမံအုပ်ချုပ်မှုများနှင့် ဝန်ထမ်းကျင့်ထုံးများအား စောင့်ကြည့်၊ စစ်ဆေး၊ အကဲဖြတ်ပေးရန်၊

(ဂ) ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပေးအပ်ရာတွင် ထိရောက်အကျိုးရှိစေမည့် ဆောင်ရွက်မှုများကို အဆိုပြုတင်ပြရန်၊

(ဃ) ဝန်ထမ်းသစ်စုဆောင်းခြင်း၊ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးမြှင့်ခြင်းနှင့် ထုတ်ပယ်ခြင်းများဖြင့် သက်ဆိုင်သည့် ဝန်ထမ်းရေးရာ လုပ်ထုံးလုပ်နည်းများအား ပုဒ်မ ၁၉၅ တွင် ပြဋ္ဌာန်းထားသည့် စံတန်ဖိုးများ၊ မူများနှင့် ညီညွတ်စေရန်အလို့ငှာ လမ်းညွှန်ချက်များ ပေးအပ်ရန်။

(င) ကော်မရှင်က ပြုလုပ်နိုင်သော လေ့လာတွေ့ရှိချက်များနှင့် ပေးအပ်နိုင်သော ညွှန်ကြားချက်များ၊ အကြံဉာဏ်များ အပါအဝင် ကော်မရှင်၏ လုပ်ဆောင်ချက်များနှင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုတို့ဖြင့် ပတ်သက်၍ အစီအရင်ခံတင်ပြရန်နှင့် ပုဒ်မ ၁၉၅ တွင် ဖော်ပြထားသည့် စံတန်ဖိုးများ၊ မူများကို လိုက်နာမှုအပေါ် ဆန်းစစ်အကဲဖြတ်မှုတစ်ရပ် ပြုလုပ်ပေးရန်။

(စ) ကော်မရှင်၏ သဘောဆန္ဒအရ သို့မဟုတ် တိုင်ကြား စာလက်ခံရရှိ မှုများအရ -

(၁) ဝန်ထမ်းရေးရာနှင့် ပြည်သူ့အုပ်ချုပ်ရေးကျင့်ထုံးများ ကျင့်သုံးမှုကို စုံစမ်းအကဲဖြတ်၍ သက်ဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့နှင့် လွှတ်တော်သို့ အစီအရင်ခံတင်ပြရန်။

(၂) တရားဝင်ပြုလုပ်မှုများ သို့မဟုတ် ပျက်ကွက်မှုများနှင့် သက်ဆိုင်သည့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများအတွင်းမှ ဝန်ထမ်းများ၏ နစ်နာချက်များကို စုံစမ်းစစ်ဆေး၍ သင့်လျော်သော ကုစားမှုများ အကြံပေးရန်။

(၃) ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် အကျုံးဝင်သော ကျင့်ထုံးများကို လိုက်နာမှုအား စောင့်ကြည့်စစ်ဆေးရန်နှင့်

(iv) to advise national and provincial organs of state regarding personnel practices in the public service, including those relating to the recruitment, appointment, transfer, discharge and other aspects of the careers of employees in the public service; and

(g) to exercise or perform the additional powers or functions prescribed by an Act of Parliament.

*[Para. (g) added by s. 3 of the Constitution Second Amendment Act of 1998.]*

(5) The Commission is accountable to the National Assembly.

(6) The Commission must report at least once a year in terms of subsection (4)(e)—

(a) to the National Assembly; and

(b) in respect of its activities in a province, to the legislature of that province.

(7) The Commission has the following 14 commissioners appointed by the President:

(a) Five commissioners approved by the National Assembly in accordance with subsection (8)(a); and

(b) one commissioner for each province nominated by the Premier of the province in accordance with subsection (8)(b).

(8) (a) A commissioner appointed in terms of subsection (7)(a) must be—

(i) recommended by a committee of the National Assembly that is proportionally composed of members of all parties represented in the Assembly; and

(ii) approved by the Assembly by a resolution adopted with a supporting vote of a majority of its members.

(၄) ဝန်ထမ်းသစ်စုဆောင်းခြင်း၊ ခန့်အပ်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ထုတ်ပယ်ခြင်းနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအတွင်းရှိ ဝန်ထမ်းများ၏ အသက်မွေးဝမ်းကြောင်းမှု ဆိုင်ရာ အခြားကိစ္စရပ်များအပါအဝင် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍအတွင်းမှ ဝန်ထမ်းကျင့်ထုံးများနှင့်ပတ်သက်၍ နိုင်ငံတော်အဆင့်နှင့် ပြည်နယ်အဆင့် အစိုးရအဖွဲ့များသို့ အကြံဉာဏ်များ ပေးအပ်ရန်။

(ဆ) အမြင့်ဆုံးဥပဒေပြု လွှတ်တော်အက်ဥပဒေတစ်ရပ်အရ သတ်မှတ်ပေးထားသည့် ထပ်တိုး အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို ကျင့်သုံးရန် သို့မဟုတ် ထမ်းဆောင်ရန်

*[၁၉၉၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၃ အရ ပုဒ်မခွဲ (ဆ) အား အစားထိုးထားသည်။]*

(၅) ဤကော်မရှင်သည် ပြည်သူ့ လွှတ်တော်သို့ တာဝန်ခံရမည်။

(၆) ကော်မရှင်သည် ပုဒ်မခွဲ (၄) (င)) နှင့်အညီ အောက်ပါအဖွဲ့များသို့ အနည်းဆုံး တစ်နှစ်တစ်ကြိမ် အစီအရင်ခံ တင်ပြရမည် -

(က) ပြည်သူ့ လွှတ်တော်နှင့်

(ခ) ပြည်နယ်တစ်ခုအတွင်းရှိ ယင်း၏ လုပ်ဆောင်ချက်များနှင့်ပတ်သက်ပါက သက်ဆိုင်ရာ ပြည်နယ်ဥပဒေပြုလွှတ်တော်သို့လည်း တင်ပြရမည်။

(၇) ကော်မရှင်တွင် နိုင်ငံတော်သမ္မတက ခန့်အပ်သည့် အောက်ဖော်ပြပါ ကော်မရှင်အဖွဲ့ဝင် ၁၄ ဦး ပါဝင်သည် -

(က) ပုဒ်မခွဲ (၈) (က) နှင့်အညီ ပြည်သူ့ လွှတ်တော်က အတည်ပြုသော ကော်မရှင်အဖွဲ့ဝင်ငါးဦးနှင့်

(ခ) ပုဒ်မခွဲ (၈) (ခ) နှင့်အညီ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုသည့် ပြည်နယ်တစ်ခုချင်းစီ အတွက် ကော်မရှင်အဖွဲ့ဝင်တစ်ဦးစီ။

(၈) (က) ပုဒ်မခွဲ (၇) (က) အရ ခန့်အပ်သော ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် -

(၁) ပြည်သူ့လွှတ်တော်တွင် ကိုယ်စားပြုပါဝင်နေသည့် ပါတီများအားလုံး၏ အဖွဲ့ဝင် များဖြင့် အချိုးကျဖွဲ့စည်းထားသည့် ပြည်သူ့လွှတ်တော် ကော်မတီတစ်ရပ်က အကြံပြုထားသူဖြစ်သည်။

(၂) ကိုယ်စားလှယ်အများစု၏ ထောက်ခံမဲတစ်ရပ်ဖြင့် ဆုံးဖြတ်အတည်ပြုခြင်းအားဖြင့် လွှတ်တော်က အတည်ပြုထားသူလည်း ဖြစ်သည်။

(b) A commissioner nominated by the Premier of a province must be—

(i) recommended by a committee of the provincial legislature that is proportionally composed of members of all parties represented in the legislature; and

(ii) approved by the legislature by a resolution adopted with a supporting vote of a majority of its members.

(9) An Act of Parliament must regulate the procedure for the appointment of commissioners.

(10) A commissioner is appointed for a term of five years, which is renewable for one additional term only, and must be a woman or a man who is—

(a) a South African citizen; and

(b) a fit and proper person with knowledge of, or experience in, administration, management or the provision of public services.

(11) A commissioner may be removed from office only on—

(a) the ground of misconduct, incapacity or incompetence;

(b) a finding to that effect by a committee of the National Assembly or, in the case of a commissioner nominated by the Premier of a province, by a committee of the legislature of that province; and

(c) the adoption by the Assembly or the provincial legislature concerned, of a resolution with a supporting vote of a majority of its members calling for the commissioner's removal from office.

(12) The President must remove the relevant commissioner from office upon—

(a) the adoption by the Assembly of a resolution calling for that commissioner's removal; or

(ခ) ပြည်နယ်ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသော ကော်မရှင်အဖွဲ့ဝင် တစ်ဦးသည် -

(၁) ပြည်နယ်ဥပဒေပြုလွှတ်တော်အတွင်း ကိုယ်စားပြုပါဝင်နေသည့် ပါတီများအားလုံး၏ အဖွဲ့ဝင်များဖြင့် အချိုးကျဖွဲ့စည်းထားသည့် ပြည်နယ်လွှတ်တော်ကော်မတီ တစ်ရပ်က အကြံပြုထားသူ ဖြစ်ရမည်။

(၂) ကိုယ်စားလှယ်အများစု၏ ထောက်ခံမဲတစ်ရပ်ဖြင့် ဆုံးဖြတ်အတည်ပြုခြင်းအားဖြင့် လွှတ်တော်က အတည်ပြုထားသူလည်း ဖြစ်သည်။

(၉) အမြင့်ဆုံးဥပဒေပြု လွှတ်တော်အက်ဥပဒေတစ်ရပ်တွင် ကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်ရန် နည်းလမ်းကို ပြဋ္ဌာန်းပေးရမည်။

(၁၀) ကော်မရှင်အဖွဲ့ဝင်တစ်ဦးအား နောက်ထပ်တစ်ကြိမ်သာ သက်တမ်းပြန်တိုးနိုင်သည့် ငါးနှစ်တာ သက်တမ်းတစ်ရပ်အတွက် ခန့်အပ်ခြင်းဖြစ်ပြီး အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသော အမျိုးသမီး သို့မဟုတ် အမျိုးသားဖြစ်ရမည် -

(က) တောင်အာဖရိက နိုင်ငံသားတစ်ဦးဖြစ်ပြီး

(ခ) အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး သို့မဟုတ် ပြည်သူ့ဝန်ဆောင်မှုများ ဖော်ဆောင်ပေးခြင်းနှင့် ပတ်သက်၍ ဗဟုသုတကြွယ်ဝသည့် သို့မဟုတ် အတွေ့အကြုံရှိသည့် သင့်လျော်ကိုက်ညီသူ တစ်ဦး။

(၁၁) ကော်မရှင်အဖွဲ့ဝင်တစ်ဦးအား အောက်ပါအခြေအနေများတွင်သာ ရာထူးမှ ဖယ်ရှားနိုင်သည် -

(က) အကျင့်သိက္ခာပျက်ပြားခြင်း၊ တာဝန်ထမ်းဆောင်နိုင်စွမ်း မရှိခြင်း သို့မဟုတ် အရည်အချင်း ချို့ယွင်းခြင်း။

(ခ) ပြည်သူ့ လွှတ်တော်ကော်မတီတစ်ရပ်၏ စစ်ဆေးတွေ့ရှိမှုတစ်ခုအရ သို့မဟုတ် ပြည်နယ် တစ်ခု၏ ဝန်ကြီးချုပ်ဖြစ်သူက အမည်စာရင်းတင်သွင်းသော ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ ဖြစ်ရပ်တွင် ထိုပြည်နယ်၏ ဥပဒေပြု လွှတ်တော်ကော်မတီတစ်ရပ်၏ စစ်ဆေး တွေ့ရှိမှုတစ်ခုအရ။

(ဂ) ထိုကော်မရှင်အဖွဲ့ဝင်ကို ရာထူးမှဖယ်ရှားရန် တောင်းဆိုသော ဆုံးဖြတ်ချက်တစ်ရပ်အား ပြည်သူ့ အမျိုးသား လွှတ်တော် သို့မဟုတ် ပြည်နယ် ဥပဒေပြု လွှတ်တော် ကိုယ်စားလှယ်အများစု၏ ထောက်ခံမဲဖြင့် အတည်ပြုထားသော ဆုံးဖြတ်ချက်တစ်ရပ်အရ။

(၁၂) နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ဝင်အား အောက်ပါအခြေအနေများတွင် ရာထူးမှ ဖယ်ရှားပေးရမည် -

(က) ထိုကော်မရှင်အဖွဲ့ဝင်ကို ဖယ်ရှားရန် တောင်းဆိုသော ဆုံးဖြတ်ချက်တစ်ရပ်ကို ပြည်သူ့ လွှတ်တော်က အတည်ပြုခြင်း၊ သို့မဟုတ်

(b) written notification by the Premier that the provincial legislature has adopted a resolution calling for that commissioner's removal.

(13) Commissioners referred to in subsection (7)(b) may exercise the powers and perform the functions of the Commission in their provinces as prescribed by national legislation.

## Public Service

197. (1) Within public administration there is a public service for the Republic, which must function, and be structured, in terms of national legislation, and which must loyally execute the lawful policies of the government of the day.

(2) The terms and conditions of employment in the public service must be regulated by national legislation. Employees are entitled to a fair pension as regulated by national legislation.

(3) No employee of the public service may be favoured or prejudiced only because that person supports a particular political party or cause.

(4) Provincial governments are responsible for the recruitment, appointment, promotion, transfer and dismissal of members of the public service in their administrations within a framework of uniform norms and standards applying to the public service.

(ခ) ထိုကော်မရှင်အဖွဲ့ဝင်ကို ဖယ်ရှားရန် တောင်းဆိုသော ဆုံးဖြတ်ချက်တစ်ရပ်အား ပြည်နယ်ဥပဒေပြု လွှတ်တော်က အတည်ပြုထားပြီးဖြစ်ကြောင်းအား ပြည်နယ်ဝန်ကြီးချုပ်က စာဖြင့်ရေးသားအသိပေးခြင်း။

(၁၃) ပုဒ်မခွဲ (၇) (ခ) တွင် ရည်ညွှန်းထားသော ကော်မရှင်အဖွဲ့ဝင်များသည် ၎င်းတို့ပြည်နယ်အတွင်းရှိ ကော်မရှင်၏ အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များအား အမျိုးသားဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်သည်။

## ပြည်သူ့ဝန်ဆောင်မှု

၁၉၇။ (၁) ပြည်သူ့အုပ်ချုပ်ရေးစနစ်အတွင်းတွင် သမ္မတနိုင်ငံတော်အတွက် ပြည်သူ့ဝန်ဆောင်မှုအဖွဲ့တစ်ဖွဲ့ရှိပြီး ယင်းသည် အမျိုးသားဥပဒေနှင့်အညီ ဖွဲ့စည်းလုပ်ဆောင်ရမည့်အပြင် အာဏာရ အစိုးရတစ်ရပ်၏ ဥပဒေနှင့်ညီညွတ်သော မူဝါဒများကိုလည်း သစ္စာရှိရှိ စီမံဆောင်ရွက် ပေးရမည်။

(၂) ပြည်သူ့ဝန်ဆောင်မှုကဏ္ဍအတွင်းရှိ ဝန်ထမ်းရေးရာ စည်းမျဉ်းစည်းကမ်းများအား အမျိုးသားဥပဒေဖြင့် ထိန်းကျောင်းပေးရမည်။ ဝန်ထမ်းများသည် အမျိုးသားဥပဒေ အတွင်း ဖော်ပြထားသည့် မျှတသော အငြိမ်းစားလစာကို ရရှိခံစားပိုင်ခွင့် ရှိသည်။

(၃) နိုင်ငံရေးပါတီတစ်ခုကို ထောက်ခံသောကြောင့် သို့မဟုတ် ထိုသို့ထောက်ခံသော အကြောင်းတရားကြောင့် ပြည်သူ့ဝန်ထမ်းတစ်ဦးအပေါ် မျက်နှာသာပေးခြင်း သို့မဟုတ် ဘက်လိုက်ဆုံးဖြတ်ခြင်းများ မရှိစေရ။

(၄) ပြည်နယ်အဆင့် အစိုးရများသည် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍအတွင်း ကျင့်သုံးလျက်ရှိသည့် တူညီသော စံပြမူဘောင်တစ်ရပ်နှင့်အညီ ယင်းတို့၏ အုပ်ချုပ်ရေးစနစ်အတွင်း ပြည်သူ့ဝန်ထမ်းအသစ်များ ရွေးချယ်ခန့်အပ်ခြင်း၊ ဝန်ထမ်းများကို ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် ထုတ်ပယ်ခြင်းများပြုလုပ်ရန် တာဝန်ရှိသည်။

# CHAPTER 11
# SECURITY SERVICES

## Governing principles

198. The following principles govern national security in the Republic:

(a) National security must reflect the resolve of South Africans, as individuals and as a nation, to live as equals, to live in peace and harmony, to be free from fear and want and to seek a better life.

(b) The resolve to live in peace and harmony precludes any South African citizen from participating in armed conflict, nationally or internationally, except as provided for in terms of the Constitution or national legislation.

(c) National security must be pursued in compliance with the law, including international law.

(d) National security is subject to the authority of Parliament and the national executive.

## Establishment, structuring and conduct of security services

199. (1) The security services of the Republic consist of a single defence force, a single police service and any intelligence services established in terms of the Constitution.

(2) The defence force is the only lawful military force in the Republic.

(3) Other than the security services established in terms of the Constitution, armed organisations or services may be established only in terms of national legislation.

## အခန်း ၁၁

## လုံခြုံရေး ဝန်ဆောင်မှုများ

**အုပ်ချုပ်ရေးမှုများ**

၁၉၈။ သမ္မတနိုင်ငံတော်အတွင်းရှိ အမျိုးသားလုံခြုံရေးအား အောက်ပါမှုများဖြင့် အုပ်ချုပ်သည် -

(က) အမျိုးသားလုံခြုံရေးအဖွဲ့သည် တောင်အာဖရိက နိုင်ငံသားတစ်ဦးချင်းစီနှင့် တစ်နိုင်ငံလုံး၏ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှု၊ အကြောက်တရားနှင့် မပြည့်စုံမှုများမရှိဘဲ နေထိုင်မှုနှင့် ပိုမိုကောင်းမွန်သော ဘဝတစ်ရပ်ကို ရှာဖွေမှုတို့အတွက် သံန္နိဋ္ဌာန်ကို အလေးအနက် စဉ်းစားပေးရမည်။

(ခ) နိုင်ငံအတွင်း၌ သို့မဟုတ် နိုင်ငံပြင်ပ၌ ဖြစ်ပွားသော လက်နက်ကိုင်ပဋိပက္ခများတွင် တောင်အာဖရိက နိုင်ငံသားများအား ပါဝင်ဆောင်ရွက်ခြင်းအား ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် အမျိုးသားဥပဒေ အရ ခွင့်ပြုထားခြင်းမဟုတ်ပါက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရန် သံန္နိဋ္ဌာန်အရ ထိုသို့သော ပါဝင်မှုအား ဟန့်တားထားသည်။

(ဂ) နိုင်ငံတော် လုံခြုံရေးကိစ္စရပ်များအား အပြည်ပြည်ဆိုင်ရာဥပဒေ အပါအဝင် ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) နိုင်ငံတော်လုံခြုံရေးသည် လွှတ်တော်နှင့် နိုင်ငံတော်အဆင့် အုပ်ချုပ်ရေးမဏ္ဍိုင်၏ အမိန့်အာဏာ အောက်တွင် ရှိသည်။

**လုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ အဖွဲ့အစည်းများ တည်ထောင်မှု၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် ဆောင်ရွက်မှု**

၁၉၉။ (၁) သမ္မတနိုင်ငံတော်၏ လုံခြုံရေးဝန်ဆောင်မှုအဖွဲ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သည့် တစ်ခုတည်းသော ကာကွယ်ရေးတပ်မတော်၊ တစ်ခုတည်းသော ရဲတပ်ဖွဲ့နှင့် ထောက်လှမ်းရေးအဖွဲ့များ ပါဝင်သည်။

(၂) ကာကွယ်ရေးတပ်မတော်သည် သမ္မတနိုင်ငံတော်အတွင်းရှိ ဥပဒေနှင့်ညီညွတ်သည့် တစ်ခုတည်းသော တပ်မတော်ဖြစ်သည်။

(၃) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သည့် လုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ အဖွဲ့အစည်းများမှအပ အခြားသောလက်နက်ကိုင်အဖွဲ့အစည်းများ သို့မဟုတ် ဝန်ဆောင်မှုဆိုင်ရာ အဖွဲ့အစည်းများအား အမျိုးသားဥပဒေ နှင့်ညီညွတ်မှသာ တည်ထောင်နိုင်သည်။

(4) The security services must be structured and regulated by national legislation.

(5) The security services must act, and must teach and require their members to act, in accordance with the Constitution and the law, including customary international law and international agreements binding on the Republic.

(6) No member of any security service may obey a manifestly illegal order.

(7) Neither the security services, nor any of their members, may, in the performance of their functions—

(a) prejudice a political party interest that is legitimate in terms of the Constitution; or

(b) further, in a partisan manner, any interest of a political party.

(8) To give effect to the principles of transparency and accountability, multi-party parliamentary committees must have oversight of all security services in a manner determined by national legislation or the rules and orders of Parliament.

## Defence

### Defence force

200. (1) The defence force must be structured and managed as a disciplined military force.

(2) The primary object of the defence force is to defend and protect the Republic, its territorial integrity and its people in accordance with the Constitution and the principles of international law regulating the use of force.

(၄) လုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ အဖွဲ့အစည်းများအား အမျိုးသားဥပဒေနှင့်အညီ ဖွဲ့စည်း၊ စည်းမျဉ်းသတ်မှတ် ပေးရမည်။

(၅) လုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ အဖွဲ့အစည်းများသည် ဤဖွဲ့စည်းပုံနှင့်တကွ သမ္မတနိုင်ငံတော်က လိုက်နာရန်တာဝန်ရှိသည့် နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေများ၊ နိုင်ငံတကာ သဘောတူညီချက်များအပါအဝင် ပြဋ္ဌာန်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းတို့၏ အဖွဲ့ဝင်များကိုလည်း ထိုသို့လိုက်နာ ဆောင်ရွက်ရန် သင်ကြားခိုင်းစေရမည်။

(၆) တရားဝင်မှုမရှိသည်မှာ သိသာထင်ရှားသော အမိန့်တစ်ရပ်အား လုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ အဖွဲ့အစည်းတစ်ခု၏ မည်သည့်ဝန်ထမ်းကမျှ လိုက်နာခြင်း မပြုနိုင်ပေ။

(၇) လုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့၏ အဖွဲ့ဝင်များသည် ၎င်းတို့၏ လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရာတွင် အောက်ပါတို့ကို ပြုလုပ်နိုင်ခြင်း မရှိပေ -

(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားဝင်သည့် နိုင်ငံရေးပါတီတစ်ရပ်၏ အကျိုးစီးပွားကို ဟန့်တားခြင်း သို့မဟုတ်

(ခ) နိုင်ငံရေးပါတီတစ်ရပ်၏ အကျိုးစီးပွားအား ပါတီစွဲဖြင့် ထောက်ပံ့ခြင်း။

(၈) ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုဆိုင်ရာ အခြေခံမူများ အကျိုးသက်ရောက်မှုရှိစေရန် ပါတီစုံ လွှတ်တော်ကော်မတီများသည် အမျိုးသားဥပဒေ သို့မဟုတ် လွှတ်တော်စည်းမျဉ်းများ၊ အမိန့်များတွင် သတ်မှတ်ထားသော နည်းလမ်းတစ်ရပ်ဖြင့် လုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ အဖွဲ့အစည်းများအားလုံးအပေါ် စောင့်ကြည့်စစ်ဆေးရမည်။

## ကာကွယ်ရေး

### ကာကွယ်ရေး တပ်မတော်

၂၀၀။ (၁) ကာကွယ်ရေးတပ်မတော်အား စည်းကမ်းပြည့်ဝသော တပ်မတော်တစ်ရပ်အဖြစ် တည်ဆောက် ကွပ်ကဲရမည်။

(၂) ကာကွယ်ရေးတပ်မတော်၏ အဓိကရည်မှန်းချက်မှာ အင်အားသုံးမှုများအား စည်းမျဉ်းသတ်မှတ်ထားသည့် အပြည်ပြည်ဆိုင်ရာဥပဒေ အခြေခံမူများ၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သမ္မတနိုင်ငံတော်ကိုသော်လည်းကောင်း၊ ယင်း၏ နယ်ပိုင်နက် တည်တံ့ခိုင်မြဲမှုနှင့် ပြည်သူများအတွက် သော်လည်းကောင်း ခုခံကာကွယ်ပေးရန်ဖြစ်သည်။

## Political responsibility

201. (1) A member of the Cabinet must be responsible for defence.

(2) Only the President, as head of the national executive, may authorise the employment of the defence force—

(a) in co-operation with the police service;

(b) in defence of the Republic; or

(c) in fulfilment of an international obligation.

(3) When the defence force is employed for any purpose mentioned in subsection (2), the President must inform Parliament, promptly and in appropriate detail, of—

(a) the reasons for the employment of the defence force;

(b) any place where the force is being employed;

(c) the number of people involved; and

(d) the period for which the force is expected to be employed.

(4) If Parliament does not sit during the first seven days after the defence force is employed as envisaged in subsection (2), the President must provide the information required in subsection (3) to the appropriate oversight committee.

## Command of defence force

202. (1) The President as head of the national executive is Commander-in-Chief of the defence force, and must appoint the Military Command of the defence force.

(2) Command of the defence force must be exercised in accordance with the directions of the Cabinet member responsible for defence, under the authority of the President.

**နိုင်ငံရေးတာဝန်**

၂၀၁။ (၁) အစိုးရအဖွဲ့ ၏ အဖွဲ့ဝင်တစ်ဦးသည် ကာကွယ်ရေးကိစ္စရပ်များအတွက် တာဝန်ယူရမည်။

(၂) နိုင်ငံတော်အဆင့် အုပ်ချုပ်ရေးမဏ္ဍိုင်၏ အကြီးအကဲဖြစ်သူ နိုင်ငံတော်သမ္မတ တစ်ဦးတည်းကသာ အောက်ပါတို့အတွက် ကာကွယ်ရေးတပ်မတော်ကို အသုံးပြုခြင်းအား ခွင့်ပြုနိုင်သည် -

(က) ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ခ) သမ္မတနိုင်ငံတော်ကို ကာကွယ်ရန် သို့မဟုတ်

(ဂ) အပြည်ပြည်ဆိုင်ရာ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန်။

(၃) ကာကွယ်ရေးတပ်မတော်အား ပုဒ်မခွဲ (၂) ပါ ဖော်ပြချက်များအတွက် အသုံးပြုသောအခါတွင် နိုင်ငံတော် သမ္မတသည် သင့်လျော်သော အောက်ဖော်ပြပါ အသေးစိတ်အချက်လက်များကို အသုံးပြု၍ လွှတ်တော်သို့ အလျင်အမြန် အသိပေးရမည် -

(က) ကာကွယ်ရေးတပ်မတော်ကို အသုံးပြုရသော အကြောင်းအရင်းများ၊

(ခ) တပ်မတော်ကို အသုံးပြုနေသော နေရာများ၊

(ဂ) ပါဝင်သောအင်အားနှင့်

(ဃ) တပ်မတော်ကို အသုံးပြုရန် မျှော်မှန်းထားသော အချိန်ကာလအပိုင်းအခြား။

(၄) ပုဒ်မခွဲ (၂) ပါ သတ်မှတ်ချက်များနှင့်အညီ တပ်မတော်ကို အသုံးပြုပြီးနောက် ပထမဆုံး ခုနစ်ရက်အတွင်း အမြင့်ဆုံးဥပဒေပြု လွှတ်တော်အစည်းအဝေး ကျင်းပခြင်းမရှိပါက နိုင်ငံတော်သမ္မတအနေဖြင့် ပုဒ်မခွဲ (၃) ပါ အချက်အလက်များအား သင့်လျော်သော ကြီးကြပ်ရေးကော်မတီထံ တင်ပြပေးရမည်။

**ကာကွယ်ရေးတပ်မတော်ကို အမိန့်ပေးညွှန်ကြားခြင်း**

၂၀၂။ (၁) နိုင်ငံတော်အဆင့် အုပ်ချုပ်ရေးမဏ္ဍိုင်၏ အကြီးအကဲဖြစ်သူ နိုင်ငံတော်သမ္မတသည် ကာကွယ်ရေးတပ်မတော်၏ အကြီးအကဲဖြစ်ပြီး ကာကွယ်ရေး တပ်မတော်၏ စစ်ဦးစီးချုပ်ကို ခန့်အပ်ပေးရမည်။

(၂) ကာကွယ်ရေးကိစ္စရပ်များအတွက် တာဝန်ရှိသော အစိုးရအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးက နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်အရ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များနှင့်အညီ ကာကွယ်ရေးတပ်မတော်ကို အမိန့်ပေးကွပ်ကဲရမည်။

## State of national defence

203. (1) The President as head of the national executive may declare a state of national defence, and must inform Parliament promptly and in appropriate detail of—

(a) the reasons for the declaration;

(b) any place where the defence force is being employed; and

(c) the number of people involved.

(2) If Parliament is not sitting when a state of national defence is declared, the President must summon Parliament to an extraordinary sitting within seven days of the declaration.

(3) A declaration of a state of national defence lapses unless it is approved by Parliament within seven days of the declaration.

## Defence civilian secretariat

204. A civilian secretariat for defence must be established by national legislation to function under the direction of the Cabinet member responsible for defence.

# Police

## Police service

205. (1) The national police service must be structured to function in the national, provincial and, where appropriate, local spheres of government.

(2) National legislation must establish the powers and functions of the police service and must enable the police service to discharge its responsibilities effectively, taking into account the requirements of the provinces.

## နိုင်ငံတော်ကာကွယ်ရေး အခြေအနေ

၂၀၃။ (၁) နိုင်ငံတော်အဆင့် အုပ်ချုပ်ရေးမဏ္ဍိုင်၏ အကြီးအကဲဖြစ်သူ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကာကွယ်ရေး အခြေအနေတစ်ရပ်ကို ကြေညာနိုင်ပြီး အမြင့်ဆုံးဥပဒေပြု လွှတ်တော်သို့ အလျှင်အမြန် အသိပေးရမည်။ ထိုသို့အသိပေးရာတွင် သင့်လျော်သော အောက်ဖော်ပြပါ အသေးစိတ် အချက်အလက်များ ပါဝင်ရမည် -

(က) ဤသို့ကြေညာရသည့် အကြောင်းအရင်းများ၊

(ခ) တပ်မတော်ကို အသုံးပြုနေသော နေရာများနှင့်

(ဂ) ပါဝင်သော အင်အား။

(၂) နိုင်ငံတော်ကာကွယ်ရေး အခြေအနေတစ်ရပ်ကို ကြေညာသောအချိန်တွင် အမြင့်ဆုံးဥပဒေပြု လွှတ်တော် အစည်းအဝေးများ ရပ်နားထားပါက နိုင်ငံတော်သမ္မတအနေဖြင့် ထိုသို့ကြေညာလိုက်သောရက်မှ ခုနစ်ရက်အတွင်း အရေးပေါ် အစည်းအဝေးတစ်ရပ်ကျင်းပရန် လွှတ်တော်ကို ဆင့်ခေါ်ပေးရမည်။

(၃) နိုင်ငံတော်ကာကွယ်ရေး အခြေအနေတစ်ရပ်ဆိုင်ရာ ကြေညာချက်သည် ထိုသို့ကြေညာပြီးနောက် ခုနစ်ရက်အတွင်း အမြင့်ဆုံးဥပဒေပြု လွှတ်တော်၏ အတည်ပြုချက်ကို မရရှိပါက အလိုအလျောက် ပျက်ပြယ်သွားပေမည်။

## ကာကွယ်ရေးဆိုင်ရာ အရပ်ဖက်အတွင်းဝန်ရုံး

၂၀၄။ ကာကွယ်ရေးကိစ္စရပ်များအတွက် တာဝန် ယူရသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်၏ ညွှန်ကြားမှုအောက်တွင် တာဝန်များထမ်းဆောင်မည့် ကာကွယ်ရေးဆိုင်ရာအရပ်ဖက်အတွင်းဝင်ရုံးအား အမျိုးသားဥပဒေနှင့်အညီ ဖွဲ့စည်း တည်ထောင်ရမည်။

# ရဲတပ်ဖွဲ့

## ရဲတပ်ဖွဲ့

၂၀၅။ (၁) အမျိုးသားရဲတပ်ဖွဲ့အား နိုင်ငံတော်အဆင့်နှင့် ပြည်နယ်အဆင့်အပြင် သင့်တင့်လျောက်ပတ်ပါက ဒေသန္တရ အစိုးရပိုင်နက်များအတွင်း လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် ဖွဲ့စည်းရမည်။

(၂) အမျိုးသားဥပဒေတွင် ရဲတပ်ဖွဲ့၏အခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များကို ထည့်သွင်းပြဋ္ဌာန်းပေးရမည်။ ထို့အတူ အမျိုးသားဥပဒေသည် ရဲတပ်ဖွဲ့အား ပြည်နယ်များ၏ လိုအပ်ချက်များနှင့်အညီ ထိရောက်စွာ တာဝန်ထမ်းဆောင်ခွင့် ပေးရမည်။

(3) The objects of the police service are to prevent, combat and investigate crime, to maintain public order, to protect and secure the inhabitants of the Republic and their property, and to uphold and enforce the law.

## Political responsibility

206. (1) A member of the Cabinet must be responsible for policing and must determine national policing policy after consulting the provincial governments and taking into account the policing needs and priorities of the provinces as determined by the provincial executives.

(2) The national policing policy may make provision for different policies in respect of different provinces after taking into account the policing needs and priorities of these provinces.

(3) Each province is entitled—

(a) to monitor police conduct;

(b) to oversee the effectiveness and efficiency of the police service, including receiving reports on the police service;

(c) to promote good relations between the police and the community;

(d) to assess the effectiveness of visible policing; and

(e) to liaise with the Cabinet member responsible for policing with respect to crime and policing in the province.

(4) A provincial executive is responsible for policing functions—

(a) vested in it by this Chapter;

(b) assigned to it in terms of national legislation; and

(c) allocated to it in the national policing policy.

(၃) ရဲတပ်ဖွဲ့၏ ရည်မှန်းချက်များမှာ ရာဇဝတ်မှုများကို ကြိုတင်ဟန့်တား၊ တိုက်ဖျက်၊ စုံစမ်းခြင်း၊ သမ္မတနိုင်ငံတော်အတွင်း အခြေချနေထိုင်သူများနှင့် ၎င်းတို့၏ ပစ္စည်းဥစ္စာများကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် ဥပဒေကို စောင့်ထိန်းလိုက်နာခြင်းတို့ပင် ဖြစ်သည်။

**နိုင်ငံရေးတာဝန်**

၂၀၆။ (၁) အစိုးရအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးသည် ရဲလုပ်ငန်းကိစ္စရပ်များအတွက် တာဝန်ယူရမည်ဖြစ်ပြီး သက်ဆိုင်ရာပြည်နယ်အုပ်ချုပ်ရေးအဖွဲ့များက ချင့်ချိန်ဆုံးဖြတ်ထားသည့် ပြည်နယ်လိုအပ်ချက်များနှင့် ဦးစားပေးကိစ္စရပ်များဆိုင်ရာ ရဲလုပ်ငန်းများ၊ ပြည်နယ်အစိုးရများ၏ အကြံပြုချက်များအပေါ် အခြေခံ၍ နိုင်ငံတော်အဆင့် ရဲလုပ်ငန်းကိစ္စရပ်များဆိုင်ရာ မူဝါဒတစ်ရပ်ကိုလည်း ချမှတ်ပေးရမည်။

(၂) နိုင်ငံတော်အဆင့် ရဲလုပ်ငန်းကိစ္စရပ်များဆိုင်ရာ မူဝါဒတွင် ပြည်နယ်အမျိုးမျိုး၏လိုအပ်ချက်များ၊ ဦးစားပေးကိစ္စရပ်များနှင့်သက်ဆိုင်သည့် ရဲလုပ်ငန်းကိစ္စရပ်များအပေါ် အခြေခံ၍ ပြည်နယ်တစ်ခုချင်းအလိုက် မတူညီသော မူဝါဒများ ပါဝင်နိုင်ပေသည်။

(၃) ပြည်နယ်တစ်ခုချင်းစီက ပိုင်ဆိုင်ထားသော အခွင့်အရေးများ -

(က) ရဲတပ်ဖွဲ့၏ ဆောင်ရွက်မှုများကို စောင့်ကြည့်ရန်၊

(ခ) ရဲတပ်ဖွဲ့နှင့်သက်ဆိုင်သော အစီအရင်ခံစာများ လက်ခံရရှိခြင်းအပါအဝင် ရဲတပ်ဖွဲ့၏ ကျွမ်းကျင်ထိရောက်မှု ကို စောင့်ကြည့်ရန်၊

(ဂ) ရဲတပ်ဖွဲ့နှင့် လူမှုအသိုင်းအဝိုင်းအကြားရှိ ကောင်းမွန်သောဆက်ဆံရေးများကို အားပေးမြှင့်တင်ရန်၊

(ဃ) ထင်သာမြင်သာရှိသော ရဲတပ်ဖွဲ့လုပ်ငန်းစဉ်များ၏ ထိရောက်မှုအပေါ်ဆန်းစစ်အကဲဖြတ်ရန်နှင့်

(င) ပြည်နယ်အတွင်းရှိ ရာဇဝတ်မှုများ ထိန်းချုပ်တိုက်ဖျက်ခြင်းနှင့် ရဲတပ်ဖွဲ့၏ လုပ်ငန်းစဉ်များအတွက် တာဝန်ယူရသော အစိုးရအဖွဲ့၏ အဖွဲ့ဝင်အား ဆွေးနွေးအကြံပေးရန်။

(၄) ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့တစ်ဖွဲ့သည် အောက်ပါရဲလုပ်ငန်းတာဝန်များအတွက် တာဝန်ယူရမည် -

(က) ဤအခန်းတွင် ရဲတပ်ဖွဲ့အတွက် တရားဝင်အပ်နှင်းထားသော တာဝန်များ၊

(ခ) အမျိုးသားဥပဒေ အရ ပေးအပ်ထားသော တာဝန်များနှင့်

(ဂ) နိုင်ငံတော်အဆင့် ရဲလုပ်ငန်းမူဝါဒတွင် ခွဲဝေသတ်မှတ်ပေးထားသော တာဝန်များ။

(5) In order to perform the functions set out in subsection (3), a province—

(a) may investigate, or appoint a commission of inquiry into, any complaints of police inefficiency or a breakdown in relations between the police and any community; and

(b) must make recommendations to the Cabinet member responsible for policing.

(6) On receipt of a complaint lodged by a provincial executive, independent police complaints body established by national legislation must investigate any alleged misconduct of, or offence committed by, a member of the police service in the province.

(7) National legislation must provide a framework for the establishment, powers, functions and control of municipal police services.

(8) A committee composed of the Cabinet member and the members of the Executive Councils responsible for policing must be established to ensure effective coordination of the police service and effective co-operation among the spheres of government.

(9) A provincial legislature may require the provincial commissioner of the province to appear before it or any of its committees to answer questions.

## Control of police service

207. (1) The President as head of the national executive must appoint a woman or a man as the National Commissioner of the police service, to control and manage the police service.

(2) The National Commissioner must exercise control over and manage the police service in accordance with the national policing policy and the directions of the Cabinet member responsible for policing.

(၅) ပုဒ်မခွဲ (၃) တွင် ပြဋ္ဌာန်းထားသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အလို့ငှာ ပြည်နယ်တစ်ခုသည် -

(က) ရဲတပ်ဖွဲ့နှင့် လူမှုအသိုင်းအဝိုင်းတစ်ခုအကြားရှိ ပတ်သက်ဆက်နွယ်မှုများတွင် ရဲတပ်ဖွဲ့၏ အားနည်းချက် သို့မဟုတ် ဖြိုခွင်းမှုတစ်ရပ်အပေါ် တိုင်ကြားမှုများအတွက် စုံစမ်း စစ်ဆေးနိုင်သည် သို့မဟုတ် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်သို့ တာဝန်ပေးအပ် နိုင်သည်။

(ခ) ရဲလုပ်ငန်းအတွက် တာဝန်ယူရသော အစိုးရအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးထံ အကြံပြုချက်များ ပေးအပ်ရမည်။

(၆) အမျိုးသားဥပဒေ အရ ဖွဲ့စည်းတည်ထောင်ထားသော လွတ်လပ်သည့် ရဲတပ်ဖွဲ့တိုင်ကြားမှုများဆိုင်ရာ အဖွဲ့တစ်ဖွဲ့သည် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့က တင်ပြလာသည့် တိုင်ကြားစာတစ်ရပ်ကို လက်ခံရရှိသောအခါ ထိုပြည်နယ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ကျူးလွန်သည်ဟု စွပ်စွဲခြင်းခံထားရသည့် အကျင့်ပျက်မှု သို့မဟုတ် ပြစ်မှုများကို စုံစမ်းစစ်ဆေးပေးရမည်။

(၇) အမျိုးသားဥပဒေ တွင် စည်ပင်သာယာရေးနယ်မြေအဆင့် ရဲတပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့်တကွ ယင်း၏ အခွင့်အာဏာများ၊ လုပ်ငန်းတာဝန်များနှင့် ထိန်းကွပ်မှုများအတွက် မူဘောင်တစ်ရပ် ထည့်သွင်းပြဋ္ဌာန်း ပေးရမည်။

(၈) ရဲတပ်ဖွဲ့များအကြား ထိရောက်သော ညှိနှိုင်းဆောင်ရွက်မှုများ၊ ရဲတပ်ဖွဲ့နှင့် ဒေသန္တရအစိုးရများအကြား ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်စေရန် ရဲလုပ်ငန်းစဉ်များအတွက် တာဝန်ယူရသည့် အစိုးရအဖွဲ့၏ အဖွဲ့ဝင်နှင့် အုပ်ချုပ်ရေးကောင်စီများ၏ အဖွဲ့ဝင်များပါဝင်သော ကော်မတီ တစ်ရပ်ကို ဖွဲ့စည်း ပေးရမည်။

(၉) ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ရပ်သည် သက်ဆိုင်ရာ ပြည်နယ်၏ ပြည်နယ်ကော်မရှင်အဖွဲ့ဝင်ကို သော်လည်းကောင်း သို့မဟုတ် ကော်မတီတစ်ရပ်ရပ်ကိုသော်လည်းကောင်း မေးခွန်းများဖြေကြားရန် လွှတ်တော်သို့ ဆင့်ခေါ်နိုင်ပေသည်။

### ရဲတပ်ဖွဲ့ကို ထိန်းချုပ်ခြင်း

၂၀၇။ (၁) နိုင်ငံတော်အဆင့် အုပ်ချုပ်ရေးမဏ္ဍိုင်၏ အကြီးအကဲဖြစ်သူ နိုင်ငံတော် သမ္မတသည် အမျိုးသမီးတစ်ဦး သို့မဟုတ် အမျိုးသားတစ်ဦးအား ရဲတပ်ဖွဲ့ကို ထိန်းချုပ်စီမံမည့် နိုင်ငံတော်အဆင့် ရဲတပ်ဖွဲ့ ကော်မရှင်နာမင်းကြီးတစ်ဦးအဖြစ် ခန့်အပ်ပေးရမည်။

(၂) နိုင်ငံတော်အဆင့် ကော်မရှင်နာမင်းကြီးသည် ရဲတပ်ဖွဲ့အား နိုင်ငံတော်အဆင့် ရဲလုပ်ငန်းမူဝါဒနှင့် ရဲလုပ်ငန်းစဉ်များအတွက် တာဝန်ယူရသော အစိုးရအဖွဲ့ အဖွဲ့ဝင်၏ ညွှန်ကြားချက်များနှင့်အညီ ထိန်းချုပ်စီမံရမည်။

(3) The National Commissioner, with the concurrence of the provincial executive, must appoint a woman or a man as the provincial commissioner for that province, but if the National Commissioner and the provincial executive are unable to agree on the appointment, the Cabinet member responsible for policing must mediate between the parties.

(4) The provincial commissioners are responsible for policing in their respective provinces—

(a) as prescribed by national legislation; and

(b) subject to the power of the National Commissioner to exercise control over and manage the police service in terms of subsection (2).

(5) The provincial commissioner must report to the provincial legislature annually on policing in the province, and must send a copy of the report to the National Commissioner.

(6) If the provincial commissioner has lost the confidence of the provincial executive, that executive may institute appropriate proceedings for the removal or transfer of, or disciplinary action against, that commissioner, in accordance with national legislation.

### Police civilian secretariat

208. A civilian secretariat for the police service must be established by national legislation to function under the direction of the Cabinet member responsible for policing.

## Intelligence

### Establishment and control of intelligence services

209. (1) Any intelligence service, other than any intelligence division of the defence force or police service, may be established only by the President, as head of the national executive, and only in terms of national legislation.

(၃) နိုင်ငံတော်အဆင့် ကော်မရှင်နာမင်းကြီးသည် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် သဘောတူညီသော အမျိုးသမီးတစ်ဦး သို့မဟုတ် အမျိုးသားတစ်ဦးအား ထိုပြည်နယ်၏ ကော်မရှင်နာမင်းကြီးအဖြစ် ခန့်အပ်ပေးရမည် ဖြစ်သော်လည်း နိုင်ငံတော်အဆင့် ကော်မရှင်နာမင်းကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အကြား ထိုခန့်အပ်မှုအတွက် သဘောတူညီမှုတစ်ရပ် မရရှိနိုင်ပါက ရဲတပ်ဖွဲ့ လုပ်ငန်းစဉ်အတွက် တာဝန်ယူရသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်က ကြားဝင်ဖျန်ဖြေပေးရမည်။

(၄) ပြည်နယ်ကော်မရှင်နာမင်းများက ၎င်းတို့နှင့်သက်ဆိုင်သော ပြည်နယ်များအတွက် ဆောင်ရွက်ပေးရမည့် တာဝန်များ -

(က) အမျိုးသားဥပဒေ တွင် ဖော်ပြထားသော တာဝန်များနှင့်

(ခ) နိုင်ငံတော်အဆင့် ကော်မရှင်နာမင်းကြီး၏ အခွင့်အာဏာအရ ပုဒ်မခွဲ (၂) နှင့်အညီ ရဲတပ်ဖွဲ့ကို ထိန်းချုပ်ကွပ်ကဲခြင်း။

(၅) ပြည်နယ်ကော်မရှင်နာမင်းကြီးသည် ပြည်နယ်အတွင်းရှိ ရဲလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ ပြည်နယ်ဥပဒေပြုလွှတ်တော်သို့ နှစ်စဉ်အစီအရင်ခံစာ တင်သွင်းပေးရမည်။ ထို့အတူ အစီရင်ခံစာ မိတ္တူတစ်စောင်ကိုလည်း နိုင်ငံတော်အဆင့် ကော်မရှင်နာမင်းကြီးထံသို့ ပို့ဆောင်ပေးရမည်။

(၆) ပြည်နယ်ကော်မရှင်နာမင်းကြီးအပေါ် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့က အယုံအကြည်မရှိလျှင် ထိုအုပ်ချုပ်ရေး အဖွဲ့အနေဖြင့် ထိုကော်မရှင်နာမင်းကြီးအား အမျိုးသားဥပဒေ နှင့်အညီ ဖယ်ရှားရန် သို့မဟုတ် ပြောင်းရွှေ့တာဝန်ပေးရန် သို့မဟုတ် အပြစ်ပေးအရေးယူခြင်းရန် သင့်လျော်သော ဆောင်ရွက်မှုများကို ပြုလုပ်နိုင်သည်။

### ရဲတပ်ဖွဲ့ရေးရာ အရပ်ဖက်အတွင်းဝန်ရုံး

၂၀၈။ ရဲလုပ်ငန်းစဉ်များအတွက် တာဝန်ယူရသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်၏ ညွှန်ကြားချက်အရ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန်အတွက် ရဲတပ်ဖွဲ့နှင့် သက်ဆိုင်သော အရပ်ဖက်အတွင်းဝန်ရုံးအား အမျိုးသားဥပဒေ နှင့်အညီ ဖွဲ့စည်းတည်ထောင်ရမည်။

## ထောက်လှမ်းရေးအဖွဲ့

### ထောက်လှမ်းရေးတပ်ဖွဲ့များ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် ထိန်းချုပ်ကွပ်ကဲခြင်း

၂၀၉။ (၁) ကာကွယ်ရေး တပ်မတော် သို့မဟုတ် ရဲတပ်ဖွဲ့၏ ထောက်လှမ်းရေးဌာနများမှအပ အခြားသော ထောက်လှမ်းရေးအဖွဲ့များအား နိုင်ငံတော်အဆင့် အုပ်ချုပ်ရေးမဏ္ဍိုင်၏ အကြီးအကဲဖြစ်သူ နိုင်ငံတော်သမ္မတကသာ အမျိုးသားဥပဒေ နှင့်အညီ ဖွဲ့စည်းတည်ထောင်နိုင်သည်။

(2) The President as head of the national executive must appoint a woman or a man as head of each intelligence service established in terms of subsection (1), and must either assume political responsibility for the control and direction of any of those services, or designate a member of the Cabinet to assume that responsibility.

### Powers, functions and monitoring

210. National legislation must regulate the objects, powers and functions of the intelligence services, including any intelligence division of the defence force or police service, and must provide for—

(a) the co-ordination of all intelligence services; and

(b) civilian monitoring of the activities of those services by an inspector appointed by the President, as head of the national executive, and approved by a resolution adopted by the National Assembly with a supporting vote of at least two thirds of its members.

(၂) နိုင်ငံတော်အဆင့် အုပ်ချုပ်ရေးမဏ္ဍိုင်၏ အကြီးအကဲဖြစ်သူ နိုင်ငံတော်သမ္မတသည် အမျိုးသမီးတစ်ဦး သို့မဟုတ် အမျိုးသားတစ်ဦးအား ပုဒ်မခွဲ (၁) အရ ဖွဲ့စည်းတည်ထောင်ထားသော ထောက်လှမ်းရေးအဖွဲ့ တစ်ဖွဲ့ချင်းစီ၏ အကြီးအကဲအဖြစ် ခန့်အပ်ပေးရမည့်အပြင် ထိုအဖွဲ့များကို ဦးစီးညွှန်ကြားရန် နိုင်ငံရေး တာဝန်ကို ရယူရမည် သို့မဟုတ် ထိုတာဝန်ကို ရယူမည့် အစိုးရအဖွဲ့ ဝန်ကြီး အဖွဲ့ဝင်တစ်ဦးကို ခန့်အပ်ရမည်။

**အခွင့်အာဏာများ၊ လုပ်ငန်းတာဝန်များနှင့် စောင့်ကြည့်စစ်ဆေးမှုများ**

၂၁၀။ အမျိုးသားဥပဒေတွင် ကာကွယ်ရေးတပ်မတော် သို့မဟုတ် ရဲတပ်ဖွဲ့၏ ထောက်လှမ်းရေးဌာန များအပါအဝင် ထောက်လှမ်းရေးအဖွဲ့များ၏ ရည်မှန်းချက်များ၊ အခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို ထည့်သွင်းပြဋ္ဌာန်း ပေးရမည်။ ထို့အပြင် အောက်ပါအခွင့်အာဏာများကိုလည်း ပေးအပ်ရမည် -

(က) ထောက်လှမ်းရေးဌာနများအားလုံး၏ ညှိနှိုင်းဆောင်ရွက်မှုနှင့်

(ခ) အဆိုပါထောက်လှမ်းရေးအဖွဲ့များ၏ လုပ်ဆောင်ချက်များအပေါ် ပြည်သူ့လွှတ်တော် အဖွဲ့ဝင်များ၏ အနည်းဆုံး သုံးပုံနှစ်ပုံ၏ ထောက်ခံမဲဖြင့် ပြဋ္ဌာန်းထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုထားပြီး နိုင်ငံတော်အဆင့် အုပ်ချုပ်ရေးမဏ္ဍိုင်၏ အကြီးအကဲဖြစ်သူ နိုင်ငံတော်သမ္မတက ခန့်အပ်ထားသည့် စစ်ဆေးရေးမှူးတစ်ဦး ဦးဆောင်သော အရပ်ဖက် စောင့်ကြည့်စစ်ဆေးမှုများ။

# CHAPTER 12
# TRADITIONAL LEADERS

## Recognition

211. (1) The institution, status and role of traditional leadership, according to customary law, are recognised, subject to the Constitution.

(2) A traditional authority that observes a system of customary law may function subject to any applicable legislation and customs, which includes amendments to, or repeal of, that legislation or those customs.

(3) The courts must apply customary law when that law is applicable, subject to the Constitution and any legislation that specifically deals with customary law.

## Role of traditional leaders

212. (1) National legislation may provide for a role for traditional leadership as an institution at local level on matters affecting local communities.

(2) To deal with matters relating to traditional leadership, the role of traditional leaders, customary law and the customs of communities observing a system of customary law—

(a) national or provincial legislation may provide for the establishment of houses of traditional leaders; and

(b) national legislation may establish a council of traditional leaders.

## အခန်း ၁၂

## ရိုးရာ ခေါင်းဆောင်များ

**အသိအမှတ်ပြုမှု။**

၂၁၁။ (၁) ရိုးရာအစဉ်အလာအရ ခေါင်းဆောင်မှု၏ အခန်းကဏ္ဍ၊ အဆင့်အတန်းနှင့် အစဉ်အလာတို့ကို ဤအခြေခံဥပဒေနှင့် မသွေဖည်စေဘဲ ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အသိအမှတ်ပြုသည်။

(၂) ဓလေ့ထုံးစံတစ်ရပ်ကို လေ့လာသော ရိုးရာအာဏာပိုင်အဖွဲ့တစ်ရပ်သည် ဥပဒေများ သို့မဟုတ် ဓလေ့ထုံးတမ်းများကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းတို့ အပါအဝင် သက်ဆိုင်ရာ ဥပဒေနှင့် ဓလေ့ထုံးစံများနှင့်အညီ လုပ်ငန်းတာဝန်များဆောင်ရွက်နိုင်သည်။

(၃) ဓလေ့ထုံးတမ်းဥပဒေနှင့် အထူးတလည် သက်ဆိုင်သည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် ဥပဒေတစ်ရပ်ရပ် အရ တရားရုံးများသည် ဓလေ့ထုံးတမ်းဥပဒေကို ကျင့်သုံးရမည်။

၂၁၂။ ရိုးရာ ခေါင်းဆောင်များ၏ အခန်းကဏ္ဍ -

(၁) ဒေသန္တရရပ်ရွာအသိုင်းအဝိုင်းကို သက်ရောက်သည့် ကိစ္စရပ်များတွင် ဒေသဆိုင်ရာအဆင့်၌ ထုံးတမ်းအစဉ်အလာအဖြစ် ရိုးရာခေါင်းဆောင်မှုအတွက် အခန်းကဏ္ဍကို အမျိုးသားဥပဒေက သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

(၂) ရိုးရာခေါင်းဆောင်မှု၊ ရိုးရာခေါင်းဆောင်များ၏ အခန်းကဏ္ဍ၊ ဓလေ့ထုံးတမ်းဥပဒေ၊ ဓလေ့ထုံးတမ်းဥပဒေ စနစ်တစ်ရပ်ကို လိုက်နာသည့် ရပ်ရွာအသိုင်းအဝိုင်း အသီးသီး၏ ဓလေ့ထုံးစံများ စသည်တို့ကို ကိုင်တွယ်ဖြေရှင်းရန် -

(က) နိုင်ငံလုံးဆိုင်ရာအဆင့် သို့မဟုတ် ဒေသဆိုင်ရာအဆင့် ဥပဒေရေးဆွဲကာ ရိုးရာခေါင်းဆောင်များ၏ နေအိမ်များကို တည်ထောင်နိုင်သည်။

(ခ) အမျိုးသားဥပဒေဖြင့် ရိုးရာ ခေါင်းဆောင်များ ကောင်စီကို တည်ထောင်နိုင်သည်။

# CHAPTER 13
# FINANCE

## General Financial Matters

### National Revenue Fund

213. (1) There is a National Revenue Fund into which all money received by the national government must be paid, except money reasonably excluded by an Act of Parliament.

(2) Money may be withdrawn from the National Revenue Fund only—

(a) in terms of an appropriation by an Act of Parliament; or

(b) as a direct charge against the National Revenue Fund, when it is provided for in the Constitution or an Act of Parliament.

(3) A province's equitable share of revenue raised nationally is a direct charge against the National Revenue Fund.

*[Date of commencement of s. 213: 1 January 1998]*

### Equitable shares and allocations of revenue

214. (1) An Act of Parliament must provide for—

(a) the equitable division of revenue raised nationally among the national, provincial and local spheres of government;

(b) the determination of each province's equitable share of the provincial share of that revenue; and

## အခန်း ၁၃

## ဘဏ္ဍာရေး

### အထွေထွေဘဏ္ဍာရေးကိစ္စရပ်များ

**အမျိုးသားအခွန် ရန်ပုံငွေအဖွဲ့**

၂၁၃။ (၁) အမြင့်ဆုံးဥပဒေပြုလွှတ်တော်က ပြဋ္ဌာန်းသည့်အက်ဥပဒေတစ်ရပ်အရ သင့်လျော်သော ကင်းလွတ်ခွင့်ရရှိသည့် အခွန်မှလွဲ၍ နိုင်ငံတော် အစိုးရက ရရှိသော အခွန်မှန်သမျှကို အမျိုးသားအခွန် ရန်ပုံငွေအဖွဲ့ ထံ ပေးအပ်ရမည်။

(၂) အောက်ပါကိစ္စရပ်များ အတွက် အမျိုးသားအခွန် ရန်ပုံငွေအဖွဲ့ထံမှ ငွေထုတ်ယူနိုင်သည်။

(က) အမြင့်ဆုံးဥပဒေပြု လွှတ်တော်က ပြဋ္ဌာန်းသည့်အက်ဥပဒေတစ်ရပ်အရ သုံးစွဲရန်လျာထားခြင်းဖြင့်လည်းကောင်း သို့မဟုတ်

(ခ) အခြေခံဥပဒေအရ သို့မဟုတ် အမြင့်ဆုံးဥပဒေပြု လွှတ်တော်ကပြဋ္ဌာန်းသော အက်ဥပဒေအရ အမျိုးသားအခွန် ရန်ပုံငွေအဖွဲ့က ထုတ်ယူသုံးစွဲရန် သတ်မှတ်ထားသည့် အတိုင်းသော်လည်းကောင်း ထုတ်ယူသုံးစွဲနိုင်သည်။

(၃) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ခံရရှိသည့် ပြည်နယ်တစ်ခုက ထမ်းဆောင်ရန် အချိုးကျသတ်မှတ်ထားသည့် အခွန်ပမာဏကို အမျိုးသားအခွန်ရန်ပုံငွေအဖွဲ့မှ ပြည်တွင်း အခွန်ဘဏ္ဍာရန်ပုံငွေမှ တိုက်ရိုက်ထုတ် ယူသုံးစွဲနိုင်သည်။

*(ဥပဒေ စတင်အာဏာတည်သည့်ရက် ၁၉၉၈ ခုနှစ် ဇန်နဝါရီ ၁။)*

**အခွန်ငွေ သာတူညီမျှ ခွဲဝေသုံးစွဲမှု**

၂၁၄။ (၁) အမြင့်ဆုံးဥပဒေပြု လွှတ်တော်သည် အောက်ပါကိစ္စရပ်များအတွက် အက်ဥပဒေပြဋ္ဌာန်းရမည်။

(က) ဗဟို၊ ဒေသဆိုင်ရာနှင့် ဒေသန္တရအဆင့်ဆင့်တွင် တစ်နိုင်ငံလုံးအတိုင်းအတာ ကောက်ခံရရှိသည့် အခွန်ငွေ သာတူညီမျှခွဲဝေမှုအတွက် ဥပဒေပြဋ္ဌာန်း နိုင်သည်။

(ခ) သက်ဆိုင်ရာပြည်နယ်တစ်ခုစီက တန်းတူညီမျှ ဝေပုံကျထမ်းဆောင်ရမည့် အခွန်ပမာဏကို သတ်မှတ်ခြင်းအတွက် ဥပဒေပြဋ္ဌာန်းနိုင်သည်။

(c) any other allocations to provinces, local government or municipalities from the national government's share of that revenue, and any conditions on which those allocations may be made.

(2) The Act referred to in subsection (1) may be enacted only after the provincial governments, organised local government and the Financial and Fiscal Commission have been consulted, and any recommendations of the Commission have been considered, and must take into account—

(a) the national interest;

(b) any provision that must be made in respect of the national debt and other national obligations;

(c) the needs and interests of the national government, determined by objective criteria;

(d) the need to ensure that the provinces and municipalities are able to provide basic services and perform the functions allocated to them;

(e) the fiscal capacity and efficiency of the provinces and municipalities;

(f) developmental and other needs of provinces, local government and municipalities;

(g) economic disparities within and among the provinces;

(h) obligations of the provinces and municipalities in terms of national legislation;

(i) the desirability of stable and predictable allocations of revenue shares; and

(j) the need for flexibility in responding to emergencies or other temporary needs, and other factors based on similar objective criteria.

*[Date of commencement of s. 214: 1 January 1998]*

(ဂ) တစ်ပြည်လုံးအတိုင်းအတာ ကောက်ခံရရှိသည့် အခွန်မှ နိုင်ငံတော် အစိုးရအတွက် ဝေစုထဲမှ ပြည်နယ်များ၊ ဒေသန္တရအစိုးရများ နှင့် စည်ပင်သာယာနယ်မြေဒေသအုပ်ချုပ်ရေး အဖွဲ့များအတွက် သတ်မှတ်ထား သည့် ပမာဏအတွက်သော်လည်းကောင်း၊ အဆိုပါ သတ်မှတ်ပမာဏအရ ဖြစ်ပေါ်လာသည့် အခြေအနေအရပ်ရပ်အတွက်လည်းကောင်း ဥပ ဒေပြဋ္ဌာန်းနိုင်သည်။

(၂) အထက်ဖော်ပြပါ ပုဒ်မခွဲ (၁) တွင်ရည်ညွှန်းသည့် အက်ဥပဒေကို ပြည်နယ်အစိုးရများ၊ ဒေသန္တရအစိုးရနှင့် ဘဏ္ဍာရေးနှင့် ငွေကြေးကော်မရှင်တို့နှင့် တိုင်ပင်ဆွေးနွေးပြီးမှသာလျှင် ဥပဒေကို အတည်ပြုနိုင်သည်။ ကော်မရှင်က အကြံပြုလာသည့်အချက်မှန်သမျှကို ထည့်သွင်းစဉ်းစားရမည့်အပြင် အောက်ပါအချက်များ ကိုလည်း ထည့်သွင်းစဉ်းစားရမည်။

(က) နိုင်ငံ့အကျိုးစီးပွား

(ခ) နိုင်ငံ့ကြွေးမြီနှင့်နိုင်ငံကစိုက်ထုတ်ကျခံရမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ဆောင်ရန်သတ်မှတ်ပြဋ္ဌာန်း သည့် ပြဋ္ဌာန်းချက် တစ်ရပ်ရပ်

(ဂ) ဓမ္မဓိဋ္ဌာန်ကျသော စံချိန်စံညွှန်းဖြင့် တိုင်းတာဆုံးဖြတ်ထားသည့် ဗဟိုအစိုးရ၏ လိုအပ်ချက်နှင့် အကျိုးစီးပွား

(ဃ) ပြည်နယ်များနှင့် စည်ပင်သာယာနယ်မြေဒေသအုပ်ချုပ်ရေးအဖွဲ့များကို ခွဲဝေအပ်နှင်းထားသည့်လုပ်ငန်းများနှင့် အခြေခံဝန်ဆောင်မှုများကို မပျက်မကွက် ပေးအပ်နိုင်ရန် လိုအပ်ချက်

(င) ပြည်နယ်များနှင့်စည်ပင်သာယာနယ်မြေဒေသအုပ်ချုပ်ရေးအဖွဲ့များ၏အခွန်ကောက်ခံရရှိနိုင်မှု

(စ) ပြည်နယ်၊ ဒေသန္တရအစိုးရနှင့် စည်ပင်သာယာနယ်မြေဒေသအုပ်ချုပ်ရေးအဖွဲ့များ၏ ဖွံ့ဖြိုးရေးဆိုင်ရာနှင့် အခြားလိုအပ်ချက်များ

(ဆ) ပြည်နယ်များအတွင်းနှင့် ပြည်နယ်တစ်ခုနှင့် တစ်ခုကြား စီးပွားရေး အနိမ့်အမြင့်ကွာဟမှုများ

(ဇ) အမျိုးသားဥပဒေအရ ပြည်နယ်များနှင့် စည်ပင်သာယာနယ်မြေဒေသအုပ်ချုပ်ရေး အဖွဲ့များက ထမ်းဆောင်ရမည့် တာဝန်များ

(ဈ) အခွန်ခွဲဝေမှုများကို ကြိုတင်ခန့်မှန်းခြင်းနှင့် တည်ငြိမ်မှုရှိခြင်းတို့တွင် လိုလားဖွယ်ကောင်းခြင်း

(ည) ဖော်ပြပါ ဓမ္မဓိဋ္ဌာန်ကျသော သတ်မှတ်ချက်ကို အခြေခံကာ အရေးပေါ်ကိစ္စရပ်များနှင့် အခြားယာယီလိုအပ်ချက်များနှင့် အခြားကိစ္စရပ်များကို တုံ့ပြန်ဖြေရှင်းရာတွင် အလိုက်သင့်ဆောင်ရွက်ရန် လိုအပ်ချက်

*(ဥပဒေ စတင်အာဏာတည်သည့်ရက် - ၁ ဇန်နဝါရီ ၁၉၉၈ ခုနှစ်)*

National, provincial and municipal budgets

215. (1) National, provincial and municipal budgets and budgetary processes must promote transparency, accountability and the effective financial management of the economy, debt and the public sector.

(2) National legislation must prescribe—

(a) the form of national, provincial and municipal budgets;

(b) when national and provincial budgets must be tabled; and

(c) that budgets in each sphere of government must show the sources of revenue and the way in which proposed expenditure will comply with national legislation.

(3) Budgets in each sphere of government must contain—

(a) estimates of revenue and expenditure, differentiating between capital and current expenditure;

(b) proposals for financing any anticipated deficit for the period to which they apply; and

(c) an indication of intentions regarding borrowing and other forms of public liability that will increase public debt during the ensuing year.

*[Date of commencement of s. 215: 1 January 1998.]*

Treasury control

216. (1) National legislation must establish a national treasury and prescribe measures to ensure both transparency and expenditure control in each sphere of government, by introducing—

(a) generally, recognised accounting practice;

(b) uniform expenditure classifications; and

**အမျိုးသားအဆင့်၊ ပြည်နယ်အဆင့်နှင့် စည်ပင်နယ်မြေအဆင့် ရသုံးမှန်းခြေ ငွေစာရင်း ရေးဆွဲမှု**

၂၁၅။ (၁) အမျိုးသားအဆင့်၊ ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့် ရသုံးမှန်းခြေငွေစာရင်းနှင့် ရသုံးမှန်းခြေ ငွေစာရင်း ရေးဆွဲမှုလုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ နိုင်ငံ့စီးပွားရေး၊ ကြွေးမြီနှင့် အစိုးရကဏ္ဍများကို ထိရောက်သော ငွေရေး ကြေးရေးစီမံခန့်ခွဲမှုတို့အတွက် မြှင့်တင်အားပေးရမည်။

(၂) အမျိုးသားဥပဒေတွင် အောက်ပါတို့ကို ဖော်ပြပေးရမည်-

(က) နိုင်ငံတော်၊ ဒေသဆိုင်ရာနှင့် မြို့နယ်အဆင့် ဘက်ဂျက်ရေးဆွဲမှုပုံစံ

(ခ) တစ်နိုင်ငံလုံးအတွက် နှင့် ပြည်နယ်များအတွက် ရသုံးမှန်းခြေငွေစာရင်းကို အဆိုပြုရမည့် ကာလနှင့်

(ဂ) အစိုးရအဖွဲ့ အဆင့်တစ်ဆင့်စီ၏ ရသုံးမှန်းခြေ ငွေစာရင်းများသည် ကောက်ခံမည့် အခွန်ရင်းမြစ်ကို ထုတ်ဖော်ပြသရမည်။ ရသုံးမှန်းခြေတွင် အဆိုပြု လျာထားသည့် အသုံးစရိတ်သည် အမျိုးသားဥပဒေ နှင့်အညီ ဖြစ်စေရမည်။

(၃) အစိုးရအဖွဲ့အဆင့်တစ်ဆင့်စီ၏ ရသုံးမှန်းခြေငွေစာရင်းရေးဆွဲမှုတွင် အောက်ပါအချက်များ ပါဝင်ရမည်-

(က) အခွန်ဘဏ္ဍာနှင့် အသုံးစရိတ်ခန့်မှန်းချက်များ၊ ငွေလုံးငွေရင်း အသုံးစရိတ်နှင့် လက်ငင်းအသုံးစရိတ်

(ခ) ဘက်ဂျက်ကျခံသုံးစွဲသည့် ကာလတစ်ခုအတွက် မျှော်မှန်းထားသည့် လိုငွေပြမှုကို ဘဏ္ဍာငွေ ထောက်ပံ့ရန် လျာထားချက်များ

(ဂ) ချေးငွေရယူခြင်းနှင့် လာမည့်နှစ်အတွင်း အစိုးရကြွေးမြီကို တိုးပွားစေမည့် အစိုးရ၏ အခြား ပေးရန်တာဝန်ပုံစံများကို ရည်ညွှန်းချက်

*(ဥပဒေ စတင်အာဏာတည်သည့်ရက်- ၁ ဇန်နဝါရီ ၁၉၉၈ ခုနှစ်)*

**ငွေတိုက်ဌာန ထိန်းချုပ်ရေး**

၂၁၆။ (၁) အမျိုးသားဥပဒေသည် အမျိုးသားငွေတိုက်နှင့် သတ်မှတ်နည်းလမ်းများကို ဖွဲ့စည်းတည်ထောင်ကာ အစိုးရအဖွဲ့အဆင့်တစ်ခုစီ၏ ပွင့်လင်းမြင်သာမှုနှင့် အသုံးစရိတ်ကြီးကြပ်မှုတို့ကို အာမခံနိုင်ရန် အောက်ပါကိစ္စရပ်များကို စတင်အကောင်အထည်ဖော်ရမည်။

(က) အများလက်ခံ အသိအမှတ်ပြုသည့် စာရင်းအင်းလုပ်ငန်းဆောင်ရွက်ချက်

(ခ) တပြေးညီဖြစ်သော အသုံးစရိတ် အမျိုးအစားခွဲခြားသတ်မှတ်မှုနှင့်

(c) uniform treasury norms and standards.

(2) The national treasury must enforce compliance with the measures established in terms of subsection (1), and may stop the transfer of funds to an organ of state if that organ of state commits a serious or persistent material breach of those measures.

*[Sub-s. (2) substituted by s. 5 (a) of the Constitution Seventh Amendment Act of 2001.]*

(3) A decision to stop the transfer of funds due to a province in terms of section 214(1) (b) may be taken only in the circumstances mentioned in subsection (2) and—

(a) may not stop the transfer of funds for more than 120 days; and

(b) may be enforced immediately, but will lapse retrospectively unless Parliament approves it following a process substantially the same as that established in terms of section 76(1) and prescribed by the joint rules and orders of Parliament. This process must be completed within 30 days of the decision by the national treasury.

*[Sub-s. (3) amended by s. 5 (b) of the Constitution Seventh Amendment Act of 2001.]*

(4) Parliament may renew a decision to stop the transfer of funds for no more than 120 days at a time, following the process established in terms of subsection (3).

(5) Before Parliament may approve or renew a decision to stop the transfer of funds to a province—

(a) the Auditor-General must report to Parliament; and

(b) the province must be given an opportunity to answer the allegations against it, and to state its case, before a committee.

(ဂ) တပြေးညီဖြစ်သော ငွေတိုက်ဆိုင်ရာ စံနှင့် စံချိန်စံညွှန်းများ

(၂) ပုဒ်မခွဲ (၁) တွင်ပြဋ္ဌာန်းထားသည့် နည်းလမ်းများနှင့်အညီ အမျိုးသားငွေတိုက်ဌာနသည် လုပ်ငန်းလည်ပတ်ရမည်ဖြစ်ပြီး အဆိုပါ နည်းလမ်းများကို ကြီးလေးသည့် ချိုးဖောက်မှုများ အကြိမ်ကြိမ်ပြုလုပ်သည့် အစိုးရအဖွဲ့အစည်းတစ်ခုသို့ အသုံးစရိတ်ခွင့်ပြုမှုကို ငွေတိုက်ဌာနက ရပ်ဆိုင်းရမည်။

*[၂၀၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ သတ္တမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ (၅) (က) အရ ပုဒ်မခွဲ (၂) ကို အစားထိုးခဲ့သည်။]*

(၃) ပုဒ်မ ၂၁၄ ၏ ပုဒ်မခွဲ (၁) (ခ) အရ ပြည်နယ်တစ်ခုက ဥပဒေအရ ရရန်ရှိသည့် အသုံးစရိတ်ခွဲဝေပေးအပ်မှုကို ရပ်ဆိုင်းရန် ဆုံးဖြတ်ချက်ကို ပုဒ်မခွဲ (၂) ပါ အခြေအနေများအရသာ ကျင့်သုံးနိုင်သည်။ အဆိုပါ ဆုံးဖြတ်ချက်သည်-

(က) ရက်ပေါင်း ၁၂၀ ထက်ကျော်လွန်၍ အသုံးစရိတ်ခွဲဝေပေးအပ်မှုကို ဆိုင်းငံ့ခြင်းမပြုစေရ။

(ခ) ချက်ချင်းအာဏာတည် နိုင်သည်။ သို့သော် လွှတ်တော်၏ ပူးတွဲဆုံးဖြတ်ချက်များနှင့် အမိန့်ကြေညာချက်များတွင် ပြဋ္ဌာန်းချက် နှင့် ပုဒ်မ ၇၆ ပုဒ်မခွဲ (၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သည့် လုပ်ငန်းစဉ်အတိုင်း အဆိုပါ ရပ်ဆိုင်းရန် ဆုံးဖြတ်ချက်ကို အမြင့်ဆုံးဥပဒေပြုလွှတ်တော်က အတည်မပြုပါက နောက်ကြောင်းပြန် အာဏာသက်ရောက်မှုဖြင့် ဆိုင်းငံ့နိုင်သည်။ အမျိုးသားငွေတိုက်ဌာန၏ အဆိုပါ ဆုံးဖြတ်ချက်ထွက်လာပြီး ရက်ပေါင်း ၃၀ အတွင်း အဆိုပါလုပ်ငန်းစဉ်ကို ပြီးစီးအောင် ဆောင်ရွက်ရမည်။

*[၂၀၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ သတ္တမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ (၅) (ခ) အရ ပုဒ်မခွဲ (၃) အား ပြင်ဆင်သည်။]*

(၄) ပုဒ်မခွဲ (၃) အရ ဆောင်ရွက်သည့် လုပ်ငန်းစဉ်ပြီးလျှင် တစ်ကြိမ်ရပ်ဆိုင်းတိုင်း ရက်ပေါင်း ၁၂၀ ထက်မပိုစေ ဘဲ အသုံးစရိတ်ခွင့်ပြုမှုကို ရပ်ဆိုင်းရန် ဆုံးဖြတ်ချက်အား အမြင့်ဆုံးဥပဒေပြု လွှတ်တော်က သက်တမ်းတိုးနိုင်သ ည်။

(၅) ပြည်နယ်တစ်ခုထံ အသုံးစရိတ်ခွင့်ပြုမှုကို ရပ်ဆိုင်းရန် ဆုံးဖြတ်ချက်တစ်ရပ်ကို အမြင့်ဆုံးဥပဒေပြုလွှတ်တော် က သည် အတည်ပြုခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းမပြုမီ-

(က) စာရင်းစစ်ချုပ်သည် အမြင့်ဆုံးဥပဒေပြု လွှတ်တော်ထံ အစီရင်ခံရမည်။

(ခ) သက်ဆိုင်ရာ ပြည်နယ်အပေါ် စွပ်စွဲချက်များအား ကော်မတီတစ်ရပ် ရှေ့မှောက်တွင် ဖြေရှင်းရန် ယင်းပြည်နယ်ကို အခွင့်အရေးပေးအပ်ရမည်။

## Procurement

217. (1) When an organ of state in the national, provincial or local sphere of government, or any other institution identified in national legislation, contracts for goods or services, it must do so in accordance with a system which is fair, equitable, transparent, competitive and cost-effective.

(2) Subsection (1) does not prevent the organs of state or institutions referred to in that subsection from implementing a procurement policy providing for—

(a) categories of preference in the allocation of contracts; and

(b) the protection or advancement of persons, or categories of persons, disadvantaged by unfair discrimination.

(3) National legislation must prescribe a framework within which the policy referred to in subsection (2) must be implemented.

*[Sub-s. (3) substituted by s. 6 of the Constitution Seventh Amendment Act of 2001.]*

## Government guarantees

218. (1) The national government, a provincial government or a municipality may guarantee a loan only if the guarantee complies with any conditions set out in national legislation.

(2) National legislation referred to in subsection (1) may be enacted only after any recommendations of the Financial and Fiscal Commission have been considered.

(3) Each year, every government must publish a report on the guarantees it has granted.

*[Date of commencement of S. 218: 1 January 1998.]*

**ဝယ်ယူရေးလုပ်ငန်းစဉ်**

၂၁၇။ (၁) နိုင်ငံအဆင့်၊ ပြည်နယ်အဆင့်နှင့် ဒေသဆိုင်ရာအဆင့် အစိုးရ၏ အဖွဲ့အစည်းတစ်ရပ် သို့မဟုတ် အမျိုးသားဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် အခြားအဖွဲ့အစည်းတစ်ရပ်သည် ကုန်စည်၊ ဝန်ဆောင်မှုဆိုင်ရာ ဝယ်ယူရေး စာချုပ်ချုပ်ဆိုသည့်အခါ အဆိုပါစာချုပ်သည် မျှတမှု၊ သာတူညီမျှရှိမှု၊ ပွင့်လင်း မြင်သာမှုနှင့် ကုန်ကျစရိတ် သက်သာမှုတို့ရှိသည့် စနစ်တစ်ခုဖြင့် ချုပ်ဆိုရမည်။

(၂) ပုဒ်မခွဲ (၁) သည် ယင်းပုဒ်မခွဲတွင် ရည်ညွှန်းသည့် နိုင်ငံတော်အဖွဲ့အစည်းများ သို့မဟုတ် အဖွဲ့အစည်းများကို အောက်ပါကိစ္စရပ်များအတွက် ၎င်းတို့၏ ပစ္စည်းဝယ်ယူရေး မူဝါဒ အကောင်အထည်ဖော်ရာတွင် ဟန့်တားခြင်း မရှိစေရ။

(က) စာချုပ်များကို ခွင့်ပြုရာတွင် ဦးစားပေးလုပ်ငန်း အမျိုးအစားများနှင့်

(ခ) တရားမျှတမှုမရှိသော ခွဲခြားဆက်ဆံမှုကြောင့် အခွင့်အရေးနစ်နာဆုံးရှုံးရသည့် လူပုဂ္ဂိုလ်များ၏ ကြီးပွားရေး သို့မဟုတ် ၎င်းတို့ကို အကာအကွယ်ပေးခြင်း သို့မဟုတ် လူပုဂ္ဂိုလ် အတန်းအစားခွဲခြားမှု။

(၃) ပုဒ်မခွဲ (၂) တွင်ရည်ညွှန်းသည့် မူဝါဒကို အကောင်အထည်ဖော်ရန် အမျိုးသားဥပဒေ က မူဘောင်တစ်ခုကို ပြဋ္ဌာန်းရမည်။

*[၂၀၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ သတ္တမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ (၆) အရ ပုဒ်မခွဲ (၃) ကို အစားထိုးခဲ့သည်။]*

**အစိုးရ၏အာမခံချက်**

၂၁၈။ (၁) နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရ သို့မဟုတ် စည်ပင်သာယာနယ်မြေဒေသအုပ်ချုပ်ရေးအဖွဲ့တို့သည် အမျိုးသားဥပဒေတွင် ပြဋ္ဌာန်းပါရှိသည့် အခြေအနေများအားလုံးနှင့် ကိုက်ညီသည့် အာမခံချက်ဖြစ်မှသာလျှင် ချေးငွေရယူမှုကို အာမခံပေးနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင်ရည်ညွှန်းသည့် အမျိုးသားဥပဒေ သည် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကော်မရှင်၏ အကြံပြုချက်များအားလုံးကို ထည့်သွင်းစဉ်းစားပြီးမှသာလျှင် အတည်ပြုပြဋ္ဌာန်းနိုင်သည်။

(၃) နှစ်စဉ် အစိုးရအဖွဲ့တိုင်းသည် ၎င်းတို့ အာမခံပေးထားသည့် ခွင့်ပြုအသုံးစရိတ်နှင့်ပတ်သက်၍ အစီရင်ခံစာ ထုတ်ပြန်ရမည်။

*(ဥပဒေ စတင်အာဏာတည်သည့်ရက် ၁ ဇန်နဝါရီ ၁၉၉၈ ခုနှစ်)*

## Remuneration of persons holding public office

219. (1) An Act of Parliament must establish a framework for determining—

(a) the salaries, allowances and benefits of members of the National Assembly, permanent delegates to the National Council of Provinces, members of the Cabinet, Deputy Ministers, traditional leaders and members of any councils of traditional leaders; and

(b) the upper limit of salaries, allowances or benefits of members of provincial legislatures, members of Executive Councils and members of Municipal Councils of the different categories.

(2) National legislation must establish an independent commission to make recommendations concerning the salaries, allowances and benefits referred to in subsection (1).

(3) Parliament may pass the legislation referred to in subsection (1) only after considering any recommendations of the commission established in terms of subsection (2).

(4) The national executive, a provincial executive, a municipality or any other relevant authority may implement the national legislation referred to in subsection (1) only after considering any recommendations of the commission established in terms of subsection (2).

(5) National legislation must establish frameworks for determining the salaries, allowances and benefits of judges, the Public Protector, the Auditor-General, and members of any commission provided for in the Constitution, including the broadcasting authority referred to in section 192.

**အစိုးရရာထူးတွင် တာဝန်ထမ်းဆောင်နေသူများ၏ လစာခံစားခွင့်**

၂၁၉။ (၁) အမြင့်ဆုံးဥပဒေပြု လွှတ်တော်သည် အောက်ပါကိစ္စရပ်များကို ဆုံးဖြတ်သတ်မှတ်ပေးနိုင်ရန် မူဘောင် တစ်ရပ် ချမှတ်ပေးရမည်။

(က) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော် အမြဲတမ်းကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များ၊ ဒုဝန်ကြီးများ၊ ရိုးရာခေါင်းဆောင်များ၊ ရိုးရာ ခေါင်းဆောင်များပါဝင်သည့် ကောင်စီ၏ အဖွဲ့ဝင်များ စသည့်ပုဂ္ဂိုလ်များ၏ လစာ၊ အသုံးစရိတ်နှင့် ခံစားခွင့်များ။

(ခ) ပြည်နယ်ဥပဒေပြုလွှတ်တော်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ စည်ပင်သာယာနယ်မြေ ဒေသ၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်း အဆင့်ဆင့်၏ အဖွဲ့ဝင်များအတွက် လစာ၊ အသုံးစရိတ် နှင့် ခံစားခွင့်များ၏ အမြင့်ဆုံးခွင့်ပြုပမာဏ။

(၂) ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းသည့် လစာများ၊ အသုံးစရိတ်များ၊ ခံစားခွင့်များနှင့်ပတ်သက်၍ အကြံပြုချက်များ ပေးအပ်မည့် လွတ်လပ်သော ကော်မရှင် တစ်ရပ်ကို အမျိုးသားဥပဒေ ဖြင့် ဖွဲ့စည်းပေးရမည်။

(၃) ပုဒ်မခွဲ (၂) ပါ ပြဋ္ဌာန်းချက်အရ ဖွဲ့စည်းသည့် ကော်မရှင်၏ အကြံပြုချက်မှန်သမျှကို ထည့်သွင်းစဉ်းစား ပြီးမှသာလျှင် ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းသည့် ဥပဒေကို အမြင့်ဆုံးဥပဒေပြုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းနိုင်သည်။

(၄) ပုဒ်မခွဲ (၂) အရ ပြဋ္ဌာန်းသည့် ကော်မရှင်၏ အကြံပြုချက်အားလုံးကို ထည့်သွင်းစဉ်းစားပြီးမှသာလျှင် နိုင်ငံ အစိုးရ၊ ပြည်နယ်အစိုးရနှင့် ဒေသန္တရ သို့မဟုတ် အခြားသက်ဆိုင်ရာ အာဏာပိုင်အဖွဲ့တစ်ဖွဲ့သည် ပုဒ်မခွဲ (၁) ပါ အမျိုးသားဥပဒေ ကို အကောင်အထည်ဖော်နိုင်သည်။

(၅) တရားသူကြီးများ၊ အများပြည်သူ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ စာရင်းစစ်ချုပ်၊ ပုဒ်မ ၁၉၂ ပါ ရုပ်/သံထုတ်လွှင့်ခြင်းဆိုင်ရာ အာဏာပိုင်အဖွဲ့အပါအဝင် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ကော်မရှင်တစ်ရပ်ရပ်၏ အဖွဲ့ဝင်များ စသည့် ပုဂ္ဂိုလ်များ၏ လစာ၊ အသုံးစရိတ် နှင့် ခံစားခွင့်များအတွက် အမျိုးသားဥပဒေက မူဘောင်များကို သတ်မှတ်ပေးရမည်။

## Financial and Fiscal Commission

### Establishment and functions

220. (1) There is a Financial and Fiscal Commission for the Republic which makes recommendations envisaged in this Chapter, or in national legislation, to Parliament, provincial legislatures and any other authorities determined by national legislation.

(2) The Commission is independent and subject only to the Constitution and the law, and must be impartial.

(3) The Commission must function in terms of an Act of Parliament and, in performing its functions, must consider all relevant factors, including those listed in section 214(2).

### Appointment and tenure of members

221. (1) The Commission consists of the following women and men appointed by the President, as head of the national executive:

(a) A chairperson and a deputy chairperson;

(b) three persons selected, after consulting the Premiers, from a list compiled in accordance with a process prescribed by national legislation;

(c) two persons selected, after consulting organised local government, from a list compiled in accordance with a process prescribed by national legislation; and

(d) two other persons.

*[Sub-s (1) substituted by s. 2 of the Constitution Fifth Amendment Act of 1999] and substituted by s. 7(a) of the Constitution Seventh Amendment Act of 2001.]*

## ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကော်မရှင်

### ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏ လုပ်ငန်းများ

၂၂၀။ (၁) ပြည်နယ်ဥပဒေပြု လွှတ်တော်များနှင့် အမြင့်ဆုံးဥပဒေ ပြုလွှတ်တော်တို့မှ ဥပဒေဖြင့် အာဏာ အပ်နှင်းထားသည့် အာဏာပိုင်အဖွဲ့အစည်းများထံသို့ ဤအခန်းတွင်မျှော်မှန်းထားသည့် အကြံပြုချက်များ ကို သော်လည်းကောင်း၊ အမျိုးသားဥပဒေ ဥပဒေတွင်ပါရှိသည့် အကြံပြုချက်များကို သော်လည်းကောင်း ဘဏ္ဍာ ရေးနှင့် ငွေရေးကြေးရေး ကော်မရှင်က အကြံပြုရမည်။

(၂) ကော်မရှင်သည် လွတ်လပ်သောကော်မရှင်ဖြစ်သည်- အခြေခံဥပဒေနှင့် ပြဋ္ဌာန်းဥပဒေ တို့နှင့်အညီ ကော်မရှင်သည် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ဘက်လိုက်မှုကင်းရမည်။

(၃) ကော်မရှင်သည် အမြင့်ဆုံးဥပဒေပြု လွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်အရ လုပ်ငန်း ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ပုဒ်မ ၂၁၄(၂) တွင် ဖော်ပြထားသည့် ဆက်စပ်အကြောင်းအရာများ အားလုံးကို ထည့်သွင်းစဉ်းစားရမည်။

### ကော်မရှင်အဖွဲ့ဝင်များကို ခန့်အပ်ခြင်းနှင့် အဖွဲ့ဝင်တို့၏ ရာထူးသက်တမ်း

၂၂၁။ (၁) နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတက ခန့်အပ်သည့် အောက်ဖော်ပြပါ အမျိုးသမီး များနှင့် အမျိုးသားများဖြင့် ကော်မရှင်ကို ဖွဲ့စည်းရမည်။

(က) ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတစ်ဦး

(ခ) ဝန်ကြီးချုပ်များနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် အမျိုးသားဥပဒေက ပြဋ္ဌာန်းသတ်မှတ်သည့် လုပ်ငန်းစဉ်နှင့်အညီ ကောက်ယူရရှိသော လူစာရင်းမှ သုံးဦးကို ရွေးချယ်ရမည်။

(ဂ) ဒေသဆိုင်ရာအစိုးရအဖွဲ့နှင့် တိုင်ပင်ဆွေးနွေးပြီးနောက် အမျိုးသားဥပဒေက ပြဋ္ဌာန်းသတ်မှတ်သည့် လုပ်ငန်းစဉ်နှင့်အညီ ကောက်ယူရရှိသော လူစာရင်းမှ နှစ်ဦးကို ရွေးချယ်ရမည်။

(ဃ) နောက်ထပ်နှစ်ဦး

*[၁၉၉၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၂ အရ ပုဒ်မခွဲ (၁) ကို အစားထိုးသည်။ ၂၀၀၁ ခုနှစ် ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ သတ္တမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၇ (က) ဖြင့် ပုဒ်မခွဲ (၁) ကို အစားထိုးခဲ့သည်။]*

(1A) National legislation referred to in subsection (1) must provide for the participation of—

(a) the Premiers in the compilation of a list envisaged in subsection (1)(b); and

(b) organised local government in the compilation of a list envisaged in subsection (1)(c).

*[Sub-s. (1A) inserted by s. 7(b) of the Constitution Seventh Amendment Act of 2001.]*

(2) Members of the Commission must have appropriate expertise.

(3) Members serve for a term established in terms of national legislation. The President may remove a member from office on the ground of misconduct, incapacity or incompetence.

### Reports

222. The Commission must report regularly both to Parliament and to the provincial legislatures.

## Central Bank

### Establishment

223. The South African Reserve Bank is the central bank of the Republic and is regulated in terms of an Act of Parliament.

### Primary object

224. (1) The primary object of the South African Reserve Bank is to protect the value of the currency in the interest of balanced and sustainable economic growth in the Republic.

(2) The South African Reserve Bank, in pursuit of its primary object, must perform its functions independently and without fear, favour or prejudice, but there must be regular consultation between the Bank and the Cabinet member responsible for national financial matters.

*(၁က) ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသော အမျိုးသားဥပဒေသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ ပူးပေါင်းပါဝင်ရေးကို ပြဋ္ဌာန်းပေးရမည် -*

*(က) ပုဒ်မခွဲ (၁) (ခ) တွင် လူစာရင်းများ စုစည်းတင်သွင်းနိုင်ရန် ဝန်ကြီးချုပ်များ*

*(ခ) ပုဒ်မခွဲ (၁) (ဂ) တွင် လူစားရင်းများ စုစည်းတင်သွင်းနိုင်ရန် စုဖွဲ့ထားသည့် ဒေသန္တရအစိုးရ*

*၂၀၀၁ ခုနှစ် ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ သတ္တမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၇ (က) ဖြင့် ပုဒ်မခွဲ (၁ က) ကို အစားထိုးခဲ့သည်။]*

(၂) ကော်မရှင်အဖွဲ့ဝင်များသည် သင့်လျော်သည့် ကျွမ်းကျင်မှုရှိရမည်။

(၃) အမျိုးသားဥပဒေ၏ ပြဋ္ဌာန်းသတ်မှတ်သည့် ရာထူးသက်တမ်းအတိုင်း ကော်မရှင်အဖွဲ့ဝင်များသည် တာဝန်ထမ်းဆောင်ရမည်။ အလွဲသုံးစားပြုမှု၊ လုပ်ငန်းစွမ်းဆောင်ရည် မပြည့်ဝမှု၊ လုပ်ငန်းမကျွမ်းကျင်မှုတို့ ပေါ်ပေါက်လျှင် ကော်မရှင်အဖွဲ့ဝင်တစ်ဦးကို သမ္မတသည် ရာထူးမှ ဖယ်ရှားနိုင်သည်။

**အစီရင်ခံစာများ**

၂၂၂။ ကော်မရှင်သည် အမြင့်ဆုံးဥပဒေပြုလွှတ်တော်နှင့် ပြည်နယ်ဥပဒေပြုလွှတ်တော်များသို့ ပုံမှန်အစီရင်ခံစာ တင်သွင်းရမည်။

**ဗဟိုဘဏ်**

**ဖွဲ့စည်းပုံ**

၂၂၃။ "South African Reserve Bank" သည် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဗဟိုဘဏ်ဖြစ်ပြီး အမြင့်ဆုံးဥပဒေပြုလွှတ်တော်က စည်းမျဉ်းသတ်မှတ်ထားသည်။

**ပဓာနရည်မှန်းချက်**

၂၂၄။ (၁) တောင်အာဖရိက သမ္မတနိုင်ငံ၏ ဟန်ချက်ညီ၍ ရေရှည်ဖွံ့ဖြိုးမှုရှိသော စီးပွားရေးတိုးတက်မှုကို အကျိုးပြုသည့် နိုင်ငံသုံးငွေကြေးတန်ဖိုးကို အကာအကွယ်ပေးခြင်းသည် ဗဟိုဘဏ်၏ ပဓာနကျသော ရည်မှန်းချက်ဖြစ်သည်။

(၂) ဗဟိုဘဏ်သည် ယင်း၏ပဓာနကျသော ရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ကြောက်ရွံ့ခြင်း၊ မျက်နှာလိုက်ခြင်း သို့မဟုတ် ဘက်လိုက်ခြင်းတို့ မရှိဘဲ အမှီအခိုကင်းပစွာဖြင့် ယင်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။ သို့ရာတွင် အမျိုးသားဘဏ္ဍာရေးကိစ္စရပ်များအတွက် တာဝန်ရှိသည့် အစိုးရအဖွဲ့ဝင်များနှင့် ဗဟိုဘဏ်တို့သည် ပုံမှန်တိုင်ပင်ဆွေးနွေးမှုရှိရမည်။

## Powers and functions

225. The powers and functions of the South African Reserve Bank are those customarily exercised and performed by central banks, which powers and functions must be determined by an Act of Parliament and must be exercised or performed subject to the conditions prescribed in terms of that Act.

### Provincial and Local Financial Matters

## Provincial Revenue Funds

226. (1) There is a Provincial Revenue Fund for each province into which all money received by the provincial government must be paid, except money reasonably excluded by an Act of Parliament.

(2) Money may be withdrawn from a Provincial Revenue Fund only—

(a) in terms of an appropriation by a provincial Act; or

(b) as a direct charge against the Provincial Revenue Fund, when it is provided for in the Constitution or a provincial Act.

(3) Revenue allocated through a province to local government in that province in terms of section 214(1), is a direct charge against that province's Revenue Fund.

(4) National legislation may determine a framework within which—

(a) a provincial Act may in terms of subsection (2)(b) authorise the withdrawal of money as a direct charge against a Provincial Revenue Fund; and

(b) revenue allocated through a province to local government in that province in terms of subsection (3) must be paid to municipalities in the province.

*[Sub-s. (4) added by s. 8 of the Constitution Seventh Amendment Act of 2001.]*

*[Date of commencement of s. 226: 1 January 1998]*

### အခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များ

၂၂၅။ တောင်အာဖရိက ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များသည် ဗဟိုဘဏ်များက အစဉ်အဆက် ကျင့်သုံးဆောင်ရွက်ရသည့်အတိုင်းပင် ဖြစ်သည်။ ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များကို အမြင့်ဆုံးဥပဒေပြုလွှတ်တော်၏ ဥပဒေ ပြဋ္ဌာန်းချက်ဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးရမည်ဖြစ်ပြီး အဆိုပါဥပဒေပြဋ္ဌာန်းချက်အရ သတ်မှတ်ထားသည့် အခြေအနေများအတိုင်း ဗဟိုဘဏ်က လိုက်နာကျင့်သုံးရ မည်။

## ပြည်နယ်နှင့် ဒေသဆိုင်ရာ ဘဏ္ဍာရေးကိစ္စရပ်များ

### ပြည်နယ်အခွန်ဘဏ္ဍာရန်ပုံငွေ

၂၂၆။ (၁) အမြင့်ဆုံးဥပဒေပြု လွှတ်တော်က ဥပဒေပြဋ္ဌာန်းကာ သင့်လျော်သလို သီးခြားသတ်မှတ်ထားသည့် ငွေမှအပ ပြည်နယ်အသီးသီးရှိ ပြည်နယ်အစိုးရ ရရှိသော ဝင်ငွေမှန်သမျှကို ပြည်နယ် အခွန်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(၂) အောက်ပါကိစ္စရပ်များအတွက်သာလျှင် ပြည်နယ်အခွန်ဘဏ္ဍာရန်ပုံငွေမှ ငွေထုတ်ယူနိုင်သည်။

(က) ပြည်နယ်အက်ဥပဒေတစ်ရပ်အရ လျာထားချက်အနေဖြင့် လည်းကောင်း၊ သို့မဟုတ်

(ခ) ပြည်နယ်အခွန်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲခွင့်ပြုငွေအဖြစ် အခြေခံဥပဒေ သို့မဟုတ် ပြည်နယ်အဆင့်ဥပဒေတစ်ရပ်တွင် ပြဋ္ဌာန်းသတ်မှတ်ချက်အရလည်းကောင်း ထုတ်ယူသုံးစွဲနိုင်သည်။

(၃) ပုဒ်မ ၂၁၄ (၁) တွင် ပြဋ္ဌာန်းချက်အရ ပြည်နယ်တစ်ခုရှိ ဒေသဆိုင်ရာအစိုးရထံ ထိုပြည်နယ်က ခွဲဝေပေးသော အခွန်ဘဏ္ဍာငွေသည် ထိုပြည်နယ်၏ အခွန်ဘဏ္ဍာငွေမှ တိုက်ရိုက်ထုတ်ယူသုံးစွဲခွင့်ပြုငွေဖြစ်သည်။

(၄) အောက်ပါကိစ္စရပ်များအတွက် အမျိုးသားဥပဒေဖြင့် မူဘောင်တစ်ရပ် သတ်မှတ်ပေးရမည်-

(က) ပုဒ်မခွဲ ၂(ခ) တွင် ပြဋ္ဌာန်းချက်အရ ပြည်နယ်အဆင့် ဥပဒေတစ်ရပ်သည် ပြည်နယ်အခွန်ဘဏ္ဍာရန်ပုံငွေမှ တိုက်ရိုက်ခွင့်ပြုသုံးစွဲငွေအဖြစ် ငွေထုတ်ယူခြင်းကို ခွင့်ပြုပေးရန် အခွင့်အာဏာရှိသည်။

(ခ) ပုဒ်မခွဲ (၃) အရ ပြည်နယ်တစ်ခုမှ ယင်းပြည်နယ်၏ဒေသဆိုင်ရာ အစိုးရသို့ ခွဲဝေသတ်မှတ်ပေးသည့် ဘဏ္ဍာငွေကို အဆိုပါပြည်နယ်ရှိ စည်ပင်သာယာနယ်မြေဒေသ များသို့ ပေးအပ်ရမည်။

*[၂၀၀၁ ခုနှစ် ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ သတ္တမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၈ အရ ပုဒ်မခွဲ (၄) ကို ဖြည့်စွက်ခဲ့သည်။]*

*(ဥပဒေ စတင်အာဏာတည်သည့်ရက် ၁ ဇန်နဝါရီ ၁၉၉၈ ခုနှစ်)*

## National sources of provincial and local government funding

227. (1) Local government and each province—

(a) is entitled to an equitable share of revenue raised nationally to enable it to provide basic services and perform the functions allocated to it; and

(b) may receive other allocations from national government revenue, either conditionally or unconditionally.

(2) Additional revenue raised by provinces or municipalities may not be deducted from their share of revenue raised nationally, or from other allocations made to them out of national government revenue. Equally, there is no obligation on the national government to compensate provinces or municipalities that do not raise revenue commensurate with their fiscal capacity and tax base.

(3) A province's equitable share of revenue raised nationally must be transferred to the province promptly and without deduction, except when the transfer has been stopped in terms of section 216.

(4) A province must provide for itself any resources that it requires, in terms of a provision of its provincial constitution, that are additional to its requirements envisaged in the Constitution.

*[Date of commencement of s. 227: 1 January 1998]*

**ပြည်နယ်နှင့် ဒေသဆိုင်ရာ အစိုးရရန်ပုံငွေအတွက် နိုင်ငံလုံးဆိုင်ရာ ဝင်ငွေရလမ်းများ**

၂၂၇။ (၁) ဒေသဆိုင်ရာ အစိုးရနှင့် ပြည်နယ်အသီးသီးသည် -

(က) အခြေခံဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်နှင့် ၎င်းတို့အား ခွဲဝေပေးထားသည့် လုပ်ငန်းတာဝန်များကို စွမ်းဆောင်နိုင်ရန် တစ်နိုင်ငံလုံး ကောက်ခံရရှိသော အခွန်ဘဏ္ဍာငွေ၏ တန်းတူညီမျှရှိသော ဝေစုကို ရပိုင်ခွင့်ရှိသည်။

(ခ) နိုင်ငံတော်အစိုးရ၏ အခွန်ကောက်ခံရရှိမှုမှ အခြေအနေကိုမူတည်၍ဖြစ်စေ၊ ချွင်းချက်မရှိဖြစ်စေ အခြားသောခွဲဝေခွင့်ပြုငွေများကို လက်ခံနိုင်သည်။

(၂) ပြည်နယ်များ သို့မဟုတ်ဒေသဆိုင်ရာအစိုးရများက ကောက်ယူရရှိသော နောက်ထပ်အခွန်ဘဏ္ဍာများကို တစ်နိုင်ငံလုံးအတိုင်းအတာ ကောက်ခံရရှိသည့်အခွန်ဘဏ္ဍာငွေ၏ ၎င်းတို့အတွက် ဝေစုထဲမှ ဖြတ်တောက်ခြင်း မရှိစေရ။ သို့တည်းမဟုတ် နိုင်ငံတော်အစိုးရ၏ အခွန်ကောက်ခံမှုတွင် အကြုံးမဝင်ဘဲ ၎င်းတို့အတွက် ခွဲဝေခွင့်ပြုထားသည့် အခြားသောဘဏ္ဍာငွေများထဲမှ ဖြတ်တောက်ခြင်း မရှိစေရ။ အလားတူ ၎င်းတို့၏ ဘဏ္ဍာရေး အသုံးစရိတ် စွမ်းရည်နှင့် အခွန်ကောက်ခံမှုမူဝါဒနှင့် အချိုးညီစွာဖြင့် ပြည်နယ်များ စည်ပင်သာယာနယ်မြေဒေသများက အခွန်ကောက်ခံနိုင်မှုမ ရှိသည့်အခါ နိုင်ငံ အစိုးရသည် ထိုပြည်နယ် သို့မဟုတ် ထို စည်ပင်သာယာနယ်မြေဒေသ များအတွက် ရင်းစားစိုက်ထုတ်ပေးရန် တာဝန်မရှိစေရ။

(၃) ပုဒ်မ ၂၁၆ တွင် ဖော်ပြထားသည့် အခြေအနေများကြောင့်မှ အခွန်ဘဏ္ဍာလွှဲပြောင်းမှုကို ရပ်ဆိုင်းထားခြင်းမှလွဲ၍ တစ်နိုင်ငံလုံးမှ ကောက်ခံရရှိသည့် အခွန်ဘဏ္ဍာငွေမှ ပြည်နယ်တစ်ခုအတွက် ညီတူညီမျှခွဲဝေထားသော ဝေစုကို သက်ဆိုင်ရာပြည်နယ်ထံသို့ ဖြတ်တောက်ခြင်းမ ရှိဘဲ ဆောလျင်စွာပေးအပ်ရမည်။

(၄) သက်ဆိုင်ရာပြည်နယ်၏ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အရလည်းကောင်း၊ တိုင်းပြည်၏အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အရလည်းကောင်း ပြည်နယ်တစ်ခု၏ လိုအပ်ချက်များကို ထပ်မံဖြည့်စွက်ထားသည့် ရင်းမြစ်များအတွက် ပြည်နယ်တစ်ခုသည် ဥပဒေရေးဆွဲပြဋ္ဌာန်းထားရမည်။

*(ဥပဒေ စတင်အာဏာတည်သည့်ရက်- ၁ ဇန်နဝါရီ၊ ၁၉၉၈ ခုနှစ်)*

## Provincial taxes

228. (1) A provincial legislature may impose—

(a) taxes, levies and duties other than income tax, value-added tax, general sales tax, rates on property or customs duties; and

(b) flat-rate surcharges on any tax, levy or duty that is imposed by national legislation, other than on corporate income tax, value-added tax, rates on property or customs duties.

*[Para. (b) substituted by s. 9 of the Constitution Seventh Amendment Act of 2001.]*

(2) The power of a provincial legislature to impose taxes, levies, duties and surcharges—

(a) may not be exercised in a way that materially and unreasonably prejudices national economic policies, economic activities across provincial boundaries, or the national mobility of goods, services, capital or labour; and

(b) must be regulated in terms of an Act of Parliament, which may be enacted only after any recommendations of the Financial and Fiscal Commission have been considered.

*[Date of commencement of s. 228: 1 January 1998]*

## Municipal fiscal powers and functions

229. (1) Subject to subsections (2), (3) and (4), a municipality may impose—

(a) rates on property and surcharges on fees for services provided by or on behalf of the municipality; and

**ပြည်နယ်များ၏ အခွန်ကောက်ခံမှု**

၂၂၈။ (၁) ပြည်နယ် ဥပဒေပြု လွှတ်တော် တစ်ရပ် သည် အောက်ပါကိစ္စရပ်များအတွက် ဥပဒေပြဋ္ဌာန်းသတ်မှတ်ပေးရမည်-

(က) ဝင်ငွေခွန်၊ ထပ်တိုးတန်ဖိုး အတွက် အခွန်၊ အထွေထွေအရောင်းအဝယ်ခွန်၊ ပိုင်ဆိုင်မှုအတွက် ကောက်ခံသောအခွန်သို့မဟုတ် သွင်းကုန်ပို့ကုန်အခွန်တို့မှလွဲ၍ အခွန်များ၊ စည်းကြပ်ခွန်များ နှင့် ကုန်သွယ်ခွန်များ ကောက်ခံမှုနှင့်

(ခ) အသင်းအဖွဲ့ လုပ်ငန်းခွန်၊ ထပ်တိုးတန်ဖိုးခွန်၊ ပိုင်ဆိုင်မှုအတွက်ကောက်ခံသည့် အခွန်သို့မဟုတ် သွင်းကုန်ပို့ကုန်အခွန်တို့မှလွဲ၍ အမြင့်ဆုံးဥပဒေပြု လွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းထား သည့် မည်သည့် အခွန်၊ စည်းကြပ်ခွန်နှင့် ကုန်သွယ်ခွန်တို့အပေါ် တပြေးညီထပ်ဆောင်းကောက်ခံသည့် အခွန်။

*[၂၀၀၁ ခုနှစ် ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ သတ္တမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၉ အရ အပိုဒ် (ခ) ကို အစားထိုးသည် ။]*

(၂) အခွန်များ၊ စည်းကြပ်ခွန်များ၊ ကုန်သွယ်ခွန်များ၊ တပြေးညီထပ်ဆောင်းကောက်ခံသည့်အခွန် တို့ကို ဥပဒေပြဋ္ဌာန်းရန် ပြည်နယ် ဥပဒေပြု လွှတ်တော်၏ လုပ်ပိုင်ခွင့်အာဏာသည် -

(က) တိုင်းပြည်၏ စီးပွားရေးမူဝါဒများ၊ ပြည်နယ်များ နယ်နိမိတ်ကို ဖြတ်ကျော်သည့် စီးပွားရေးသို့မဟုတ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ အရင်းအနှီးသို့မဟုတ် လုပ်အား စီးဆင်းမှုတို့ကို ရုပ်သဘောအားဖြင့်လည်းကောင်း၊ မလျော်ကန်သည့် အလွဲသုံးစားပြုမှုတို့ဖြစ်စေမည့် နည်းလမ်းဖြင့် ကျင့်သုံး သည့် အာဏာမဖြစ်စေရ။

(ခ) ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးကော်မရှင်၏ အကြံပြုချက်အားလုံးကို ထည့်သွင်းစဉ်းစားပြီးမှသာ အမြင့်ဆုံးဥပဒေပြုလွှတ်တော်၏ ဥပဒေတစ်ရပ်အရ သတ်မှတ်ပြဋ္ဌာန်းသည့် အခွင့်အာဏာဖြစ်ရမည်။

*(ဥပဒေ စတင်အာဏာတည်သည့်ရက် ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့)*

**စည်ပင်သာယာနယ်မြေဒေသ၏ ဘဏ္ဍာရေးလုပ်ပိုင်ခွင့်အာဏာနှင့် လုပ်ငန်းတာ ဝန်များ**

၂၂၉။ (၁) ပုဒ်မခွဲ (၂)၊ (၃)နှင့် (၄) ပါ ပြဋ္ဌာန်းချက်များအရ စည်ပင်သာယာနယ်မြေဒေသအုပ်ချုပ်ရေးအဖွဲ့တစ်ခုသည်-

(က) သက်ဆိုင်ရာ စည်ပင်သာယာနယ်မြေဒေသအုပ်ချုပ်ရေးအဖွဲ့ကသော်လည်းကောင်း၊ ထိုအဖွဲ့၏ကိုယ်စား ပေးအပ်သည့် ဝန်ဆောင်မှုများအတွက် ကျသင့်ငွေကို ပိုင်ဆိုင်မှု အတွက် ကောက်ခံသည့်အခွန်နှင့် တပြေးညီထပ်ဆောင်း ကောက်ခံသည့် အခွန်နှုန်းထားများကို သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

(b) if authorised by national legislation, other taxes, levies and duties appropriate to local government or to the category of local government into which that municipality falls, but no municipality may impose income tax, value-added tax, general sales tax or customs duty.

(2) The power of a municipality to impose rates on property, surcharges on fees for services provided by or on behalf of the municipality, or other taxes, levies or duties—

(a) may not be exercised in a way that materially and unreasonably prejudices national economic policies, economic activities across municipal boundaries, or the national mobility of goods, services, capital or labour; and

(b) may be regulated by national legislation.

(3) When two municipalities have the same fiscal powers and functions with regard to the same area, an appropriate division of those powers and functions must be made in terms of national legislation. The division may be made only after taking into account at least the following criteria:

(a) The need to comply with sound principles of taxation.

(b) The powers and functions performed by each municipality.

(c) The fiscal capacity of each municipality.

(d) The effectiveness and efficiency of raising taxes, levies and duties.

(e) Equity.

(ခ) ပြည်နယ်ဥပဒေပြုလွှတ်တော်က အခွင့်အာဏာအပ်နှင်းပါက သက်ဆိုင်ရာ စည်ပင်သာယာနယ်မြေဒေသတစ်ခုက အကြုံးဝင်သည့် ဒေသန္တရအစိုးရက ကောက်ခံခွင့်ရှိသည့် အခွန်အမျိုးအစား သို့မဟုတ် သက်ဆိုင်ရာ ဒေသဆိုင်ရာအစိုးရအတွက် လျာထားသည့် အခြားအခွန်များ၊ စည်းကြပ်ခွန်များ၊ ကုန်သွယ်ခွန်များကို သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။ သို့ရာတွင် ဝင်ငွေခွန်၊ ထပ်တိုးတန်ဖိုးခွန်၊ အထွေထွေအရောင်းအဝယ်ခွန် သို့မဟုတ် သွင်းကုန်ခွန်များကို ပြဋ္ဌာန်းသတ်မှတ်ခွင့် စည်ပင်သာယာ နယ်မြေဒေသတွင် မရှိစေရ။

(၂) ပိုင်ဆိုင်မှုအခွန်၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့၏ကိုယ်စား သို့မဟုတ် ယင်းကပေးအပ်သည့် ဝန်ဆောင်မှုများအတွက် တပြေးညီထပ်ဆောင်းခွန်တို့ကို နှုန်းထားသတ်မှတ်ရန် စည်ပင်သာယာနယ်မြေဒေသ၏ အခွင့်အာဏာသည်-

(က) တိုင်းပြည်၏ စီးပွားရေးမူဝါဒများ၊ ပြည်နယ်များ နယ်နိမိတ်ကို ဖြတ်ကျော်သည့် စီးပွားရေး သို့မဟုတ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ အရင်းအနှီး သို့မဟုတ် လုပ်အား စီးဆင်းမှုတို့ကို ရုပ်သဘောအားဖြင့်လည်းကောင်း၊ မလျော်ကန်သည့် အလွဲသုံးစားပြုမှုတို့ဖြစ်စေမည့် နည်းလမ်းဖြင့် ကျင့်သုံး သည့် အာဏာမဖြစ်စေရ။

(ခ) အမျိုးသားဥပဒေ က စည်းမျဉ်း သတ်မှတ်ပြဋ္ဌာန်းခွင့်ရှိသည်။

(၃) စည်ပင်သာယာနယ်မြေနှစ်ခုသည် တူညီသောနယ်ပယ်တစ်ခုအတွက် တူညီသော ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များရှိနေလျှင် အဆိုပါအခွင့်အာဏာများနှင့် လုပ်ငန်း တာဝန်များကို သင့်လျော်သည့် ခွဲဝေသတ်မှတ်မှုသည် အမျိုးသားဥပဒေ၏ ဥပဒေပြဋ္ဌာန်းချက် နှင့်အညီဖြစ်စေရမည်။ အဆိုပါခွဲဝေသတ်မှတ်မှုကို အောက်ပါစံချိန်စံညွှန်းများကို ထည့်သွင်း စဉ်းစားပြီးမှသာပြုလုပ်နိုင်သည်-

(က) ခိုင်လုံသော အခွန်ကောက်ခံမှု အခြေခံမူများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်၊

(ခ) စည်ပင်သာယာနယ်မြေဒေသ တစ်ခုချင်းစီက ဆောင်ရွက်သည့် လုပ်ပိုင်ခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များ၊

(ဂ) စည်ပင်သာယာနယ်မြေဒေသ တစ်ခုချင်း၏ ဘဏ္ဍာရေးစွမ်းဆောင်ရည်၊

(ဃ) အခွန်များ၊ စည်းကြပ်ခွန်များ၊ ကုန်သွယ်ခွန်များကို ကောက်ခံရာတွင် ထိရောက်မှုနှင့် ပြီးမြောက်မှု၊

(င) တန်းတူညီတူဖြစ်ခြင်း။

(4) Nothing in this section precludes the sharing of revenue raised in terms of this section between municipalities that have fiscal power and functions in the same area.

(5) National legislation envisaged in this section may be enacted only after organised local government and the Financial and Fiscal Commission have been consulted, and any recommendations of the Commission have been considered.

*[Date of commencement of s. 229: 1 January 1998]*

## Provincial loans

230. (1) A province may raise loans for capital or current expenditure in accordance with national legislation, but loans for current expenditure may be raised only when necessary for bridging purposes during a fiscal year.

(2) National legislation referred to in subsection (1) may be enacted only after any recommendations of the Financial and Fiscal Commission have been considered.

*[S. 230 substituted by s. 10 of the Constitution Seventh Amendment Act of 2001.]*

## Municipal loans

230. (1) A Municipal Council may, in accordance with national legislation—

(a) raise loans for capital or current expenditure for the municipality, but loans for current expenditure may be raised only when necessary for bridging purposes during a fiscal year; and

(b) bind itself and a future Council in the exercise of its legislative and executive authority to secure loans or investments for the municipality.

(2) National legislation referred to in subsection (1) may be enacted only after any recommendations of the Financial and Fiscal Commission have been considered.

*[S. 230A inserted by s. 17 of the Constitution Sixth Amendment Act of 2001.]*

(၄)	တူညီသော နယ်ပယ်တစ်ခုတည်းတွင် ဘဏ္ဍာရေးလုပ်ပိုင်ခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များရှိ စည်ပင်သာယာနယ်မြေဒေသ များကြား ဤပုဒ်မပါပြဋ္ဌာန်းချက်အရ ကောက်ခံရရှိ သည့် အခွန်ကို ခွဲဝေရန် ဤပုဒ်မပါ မည်သည့်အကြောင်းအချက်ကမျှ အဟန့်အတားမဖြစ်စေရ။

(၅)	ဒေသဆိုင်ရာအစိုးရနှင့် ဘဏ္ဍာရေးကော်မရှင်တို့ တိုင်ပင်ဆွေးနွေးကြပြီး နောက် ကော်မရှင်၏ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားပြီးမှုသာလျှင် ဤပုဒ်မတွင် မျှော်မှန်းသည့်အတိုင်း အမျိုးသားဥပဒေက ဥပဒေပြဋ္ဌာန်းမှုကို ပြုနိုင်သည်။

*(ဥပဒေ စတင်အာဏာတည်သည့်ရက် ၁၉၉၈ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့)*

**ပြည်နယ်ချေးငွေ-**

၂၃၀။	(၁)	အမျိုးသားဥပဒေနှင့်အညီ ငွေလုံးငွေရင်းအသုံးစရိတ်နှင့်ဘဏ္ဍာနှစ်အလိုက်အသုံးစရိတ်တို့အတွက် ပြည်နယ်တစ်ခုက ချေးငွေရယူနိုင်သည်။ သို့ရာတွင် ဘဏ္ဍာနှစ်အလိုက် အသုံးစရိတ်အတွက် ချေးယူရာတွင် သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွင်း ကာလတိုအလျဉ်မီရန် ခေတ္တချေးယူသည့် ရည်ရွယ်ချက်အတွက် လိုအပ်မှသာ ချေးငွေရယူနိုင်သည်။

(၂)	ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသည့် အမျိုးသားဥပဒေ ၏ ဥပဒေပြဋ္ဌာန်းမှုကို ဘဏ္ဍာရေးကော်မရှင်၏ အကြံပြုချက်အားလုံးကို စဉ်းစားသုံးသပ်ပြီးမှုသာလျှင် ပြဋ္ဌာန်းနိုင်သည်။

*[၂၀၀၁ ခုနှစ် ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၁၀ အရ ပုဒ်မ(၂၃၀) ကို အစားထိုးသည်။]*

**စည်ပင်သာယာနယ်မြေဒေသ ချေးငွေများ**

၂၃၁။	(၁)	စည်ပင်သာယာနယ်မြေကောင်စီတစ်ခုသည် အမျိုးသားဥပဒေ၏ ဥပဒေပြုမှုနှင့်အညီ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်နိုင်သည်-

(က)	စည်ပင်သာယာနယ်မြေဒေသ တစ်ခုအတွက် ငွေလုံးငွေရင်းအသုံးစရိတ် သို့မဟုတ် ဘဏ္ဍာနှစ်အလိုက် အသုံးစရိတ်အတွက် ချေးငွေများရယူနိုင်သည်။ သို့ရာတွင် ဘဏ္ဍာနှစ်အလိုက် အသုံးစရိတ်အတွက် ချေးယူရာတွင် သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွင်း ကာလတိုအလျဉ်မီရန် ခေတ္တချေးယူသည့် ရည်ရွယ်ချက်အတွက် လိုအပ်မှသာ ချေး ငွေရယူနိုင်သည်။

(ခ)	၎င်းကောင်စီနှင့် နောင်တက်လာမည့် ကောင်စီတို့ကို သက်ဆိုင်ရာ စည်ပင်သာယာနယ်မြေ ဒေသအတွက် ရင်းနှီးမြှုပ်နှံမှုများ၊ ချေးငွေများ ရယူရန် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးရာတွင် ဥပဒေနှင့်အညီ လိုက်နာ ဆောင်ရွက်မှု ရှိစေရမည်။

(၂)	ဘဏ္ဍာရေးကော်မရှင်၏ အကြံပြုချက်အားလုံးကို စဉ်းစားသုံးသပ်ပြီးမှသာလျှင် ပုဒ်မခွဲ (၁) တွင် ဖော်ပြသည့် အမျိုးသားဥပဒေ ၏ ဥပဒေပြဋ္ဌာန်း မှုကို ပြုနိုင်သည်။

*[၂၀၀၁ ခုနှစ် ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၁၇ အရ ပုဒ်မ(၂၃၀ က) ကို ဖြည့်စွက်ခဲ့သည်။]*

# CHAPTER 14
# GENERAL PROVISIONS

## International Law

### International agreements

231. (1) The negotiating and signing of all international agreements is the responsibility of the national executive.

(2) An international agreement binds the Republic only after it has been approved by resolution in both the National Assembly and the National Council of Provinces, unless it is an agreement referred to in subsection (3).

(3) An international agreement of a technical, administrative or executive nature, or an agreement which does not require either ratification or accession, entered into by the national executive, binds the Republic without approval by the National Assembly and the National Council of Provinces, but must be tabled in the Assembly and the Council within a reasonable time.

(4) Any international agreement becomes law in the Republic when it is enacted into law by national legislation; but a self-executing provision of an agreement that has been approved by Parliament is law in the Republic unless it is inconsistent with the Constitution or an Act of Parliament.

(5) The Republic is bound by international agreements which were binding on the Republic when this Constitution took effect.

**အခန်း ၁၄**

**အထွေထွေပြဋ္ဌာန်းချက်များ**

**အပြည်ပြည်ဆိုင်ရာ ဥပဒေ**

**အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ**

၂၃၁။ (၁) အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ အားလုံး ကို ညှိနှိုင်းခြင်း၊ လက်မှတ်ရေးထိုးခြင်းအတွက် နိုင်ငံတော်အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့ တာဝန်ရှိသည်။

(၂) ပုဒ်မခွဲ (၃) တွင်ဖော်ပြသည့် သဘောတူညီချက်မှလွဲ၍ ပြည်သူ့လွှတ်တော် နှင့် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် နှစ်ရပ်စလုံးက ဆုံးဖြတ်အတည်ပြုပြီးမှသာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်တစ်ရပ်အတွက် သမ္မတနိုင်ငံအနေဖြင့် ဥပဒေကြောင်းအရ တာဝန်ရှိစေရမည်။

(၃) နည်းပညာဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ သဘောသဘာဝ ရှိသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်တစ်ခုခု၊ သို့တည်းမဟုတ် နိုင်ငံတော်အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့က အတည်ပြုရန် သို့မဟုတ် နောက်မှအတည်ပြုပါဝင်ရန် မလိုအပ်သည့် သဘောတူညီချက်တစ်ခုခုသည် ပြည်သူ့လွှတ်တော် နှင့် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူရန်မလိုဘဲ သမ္မတနိုင်ငံအပေါ် စည်းနှောင်မှုရှိသည်။ သို့ရာတွင် ယင်းကိစ္စရပ်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် တို့တွင် သင့်လျော်သော အချိန်ကာလအတွင်း အဆိုတင်သွင်းရမည်။

(၄) သမ္မတနိုင်ငံအတွင်း မည်သည့်အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်မဆို အမျိုးသားဥပဒေဖြင့် ပြဋ္ဌာန်းလျှင် ဥပဒေအဖြစ်သို့ ရောက်သည်။ သို့ရာတွင် သဘောတူညီချက်တစ်ရပ်ပါ ပြဋ္ဌာန်းဥပဒေကဲ့သို့ အာဏာတည်သည့် ပြဋ္ဌာန်းချက်တစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် အမြင့်ဆုံးဥပဒေပြု လွှတ်တော်၏ အက်ဥပဒေတစ်ရပ်နှင့် သွေဖည်ခြင်းမရှိမှသာလျှင် ထိုသဘောတူညီချက်ကို လွှတ်တော်က အတည်ပြုပြီး နောက် သမ္မတနိုင်ငံအတွင်း ဥပဒေအဖြစ် အာဏာတည်သည်။

(၅) ဤအခြေခံဥပဒေ စတင်အာဏာတည်သည့်အချိန်တွင် တောင်အာဖရိကသမ္မတနိုင်ငံက ဥပဒေကြောင်းအရ လိုက်နာရန် တာဝန်ရှိသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များအတွက် သမ္မနိုင်ငံက လိုက်နာရန် တာဝန်ရှိသည်။

## Customary international law

232. Customary international law is law in the Republic unless it is inconsistent with the Constitution or an Act of Parliament.

## Application of international law

233. When interpreting any legislation, every court must prefer any reasonable interpretation of the legislation that is consistent with international law over any alternative interpretation that is inconsistent with international law.

# Other Matters

## Charters of Rights

234. In order to deepen the culture of democracy established by the Constitution, Parliament may adopt Charters of Rights consistent with the provisions of the Constitution.

## Self-determination

235. The right of the South African people as a whole to self-determination, as manifested in this Constitution, does not preclude, within the framework of this right, recognition of the notion of the right of self-determination of any community sharing a common cultural and language heritage, within a territorial entity in the Republic or in any other way, determined by national legislation.

## Funding for political parties

236. To enhance multi-party democracy, national legislation must provide for the funding of political parties participating in national and provincial legislatures on an equitable and proportional basis.

## Diligent performance of obligations

237. All constitutional obligations must be performed diligently and without delay.

**အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ**

၂၃၂။ ဖွဲ့စည်းပုံ အခြေခံဥပဒေ သို့မဟုတ် အမြင့်ဆုံးဥပဒေပြုလွှတ်တော်၏ အက်ဥပဒေတစ်ရပ်ရပ်နှင့် မဆန့်ကျင်မှသာ လျှင် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေတစ်ရပ်သည် ဥပဒေအဖြစ် တောင်အာဖရိကသမ္မတနိုင်ငံ အတွင်း အာဏာတည်သည်။

**အပြည်ပြည်ဆိုင်ရာ ဥပဒေကို ကျင့်သုံးခြင်း**

၂၃၃။ ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ဆန့်ကျင်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ရပ်ရပ်ကို မလိုက်နာဘဲ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် ကိုက်ညီသည့် သင့်လျော်သော ဥပဒေအဓိပ္ပာယ်ဖွင့်ဆိုချက်ကို တရားရုံး တိုင်းက ဦးစားပေးကျင့်သုံးရမည်။

**အခြားကိစ္စရပ်များ**

**နိုင်ငံသားတို့၏ မူလအခွင့်အရေးများဆိုင်ရာ ပြဋ္ဌာန်းချက်များ**

၂၃၄။ အခြေခံဥပဒေက ထူထောင်လိုက်သည့် ဒီမိုကရေစီယဉ်ကျေးမှု အစွန့်ရှည်ထွန်းကားစေရန် အလို့ငှာ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ နိုင်ငံသားတို့၏ မူလအခွင့်အရေးများဆိုင်ရာ ပြဋ္ဌာန်းချက်များကို အမြင့်ဆုံးဥပဒေပြုလွှတ်တော်က ပြဋ္ဌာန်းနိုင်သည်။

**ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်**

၂၃၅။ တောင်အာဖရိကနိုင်ငံသားအားလုံး၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် သည် ဤအခြေခံဥပဒေတွင် အတိအလင်း ဖော်ပြထားသည့်အတိုင်း တောင်အာ ဖရိကသမ္မတနိုင်ငံ၏ နယ်နိမိတ်အတွင်း မှီတင်းနေထိုင်သည့်၊ အမျိုးသားဥပဒေက သတ်မှတ်ပြဋ္ဌာန်းသည့် ဘုံယဉ်ကျေးမှုနှင့် ဘာသာစကား အမွေအနှစ်ကို မျှဝေထားသည့် ရပ်ရွာအသိုင်း အဝိုင်းတစ်ခုခု၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အယူအဆကို အသိအမှတ်ပြုခြင်းကို အဆိုပါ အခွင့်အရေး၏ မူဘောင်အတွင်း တားဆီးမှုမဖြစ်စေရ။

**နိုင်ငံရေးပါတီများကို ဘဏ္ဍာငွေထောက်ပံ့ခြင်း**

၂၃၆။ ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် တစ်နိုင်ငံလုံးအဆင့်နှင့် ပြည်နယ်အဆင့် ဥပဒေပြု လွှတ်တော်များတွင် ပါဝင်ဆောင်ရွက်နေသည့် နိုင်ငံရေး ပါတီများ၏ ရန်ပုံငွေထောက်ပံ့မှုအတွက် ညီမျှ၍ အချိုးကျဖြစ် လွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးရမည်။

**တာဝန် ဦးလည်မသုန် ထမ်းဆောင်ခြင်း**

၂၃၇။ အခြေခံဥပဒေက ပြဋ္ဌာန်းထားသည့် တာဝန်များကို ဦးလည်မသုန် မဆိုင်းမတွ ဆောင်ရွက်ရမည်။

## Agency and delegation

238. An executive organ of state in any sphere of government may—

(a) delegate any power or function that is to be exercised or performed in terms of legislation to any other executive organ of state, provided the delegation is consistent with the legislation in terms of which the power is exercised or the function is performed; or

(b) exercise any power or perform any function for any other executive organ of state on an agency or delegation basis.

## Definitions

239. In the Constitution, unless the context indicates otherwise—

"national legislation" includes—

(a) subordinate legislation made in terms of an Act of Parliament; and

(b) legislation that was in force when the Constitution took effect and that is administered by the national government;

"organ of state" means—

(a) any department of state or administration in the national, provincial or local sphere of government; or

(b) any other functionary or institution—

(i) exercising a power or performing a function in terms of the Constitution or a provincial constitution; or

(ii) exercising a public power or performing a public function in terms of any legislation, but does not include a court or a judicial officer;

**ဌာနဆိုင်ရာနှင့် အခွင့်အာဏာလွှဲအပ်ခြင်း**

၂၃၈။ အစိုးရအဖွဲ့ အဆင့်ဆင့်ရှိ အုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ခု သည် အောက်ပါကိစ္စရပ်များတွင် -

(က) အခြား နိုင်ငံတော်အစိုးရအဖွဲ့အစည်းတိုင်းအတွက် သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ဆောင်ရွက်ရမည့် သို့မဟုတ် ကျင့်သုံးရမည့် လုပ်ငန်း သို့မဟုတ် အခွင့်အာဏာကို ကိုယ်စားပြု ဆောင်ရွက်နိုင်သည်။ အဆိုပါကိုယ်စားပြုဆောင်ရွက်ချက်သည် သက်ဆိုင်ရာဥပဒေကို ကျင့်သုံးရာတွင်လည်းကောင်း၊ သက်ဆိုင်ရာ လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရာတွင်လည်းကောင်း အဆိုပါပြဋ္ဌာန်းဥပဒေနှင့် ကိုက်ညီမှသာလျှင် ကိုယ်စားပြု ဆောင်ရွက်နိုင်သည်။ သို့တည်းမဟုတ်

(ခ) ဌာနဆိုင်ရာအဆင့် သို့မဟုတ် ကိုယ်စားလှယ်ဆောင်ရွက်သည့်အဆင့်တွင် နိုင်ငံတော်၏ အုပ်ချုပ်ရေး အဖွဲ့အစည်းတစ်ရပ်အတွက် လုပ်ငန်းတစ်ရပ် ကို ထမ်းဆောင်ပေးခြင်း သို့မဟုတ် ကျင့်သုံးခြင်း ပြုနိုင်သည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

၂၃၉။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းအားဖြင့် ရှေ့နောက်စကားအဆက်အစပ် ညွှန်ပြထားခြင်းမရှိလျှင်-

အမျိုးသားဥပဒေဟူသည့် စကားရပ်တွင်-

(က) အမြင့်ဆုံးဥပဒေပြုလွှတ်တော်၏ အက်ဥပဒေတစ်ရပ်အရ ပြဋ္ဌာန်းသည့် တဆင့်ပွားဥပဒေ ပြုခြင်း အကြုံးဝင်သည်။

(ခ) အခြေခံဥပဒေအာဏာတည်ချိန်တွင် နိုင်ငံတော်ဗဟိုအစိုးရက စီမံခန့်ခွဲသည့် တည်ဆဲဥပ ဒေပြဋ္ဌာန်းချက် အကြုံးဝင်သည်။

နိုင်ငံတော်အဖွဲ့အစည်း ဟူသည်-

(က) အမျိုးသားအဆင့်၊ ပြည်နယ်အဆင့်၊ ဒေသဆိုင်ရာအဆင့် အစိုးရအဖွဲ့ သို့မဟုတ် နိုင်ငံတော်အစိုးရ၏ ဌာနဆိုင်ရာအဖွဲ့အစည်း တစ်ရပ်ရပ်

(ခ) အခြားဌာနဆိုင်ရာ သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေအရ သို့မဟုတ် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်အရ လုပ်ငန်းတာဝန်ကို ထမ်းဆောင်ခြင်း သို့မဟုတ် လုပ်ပိုင်ခွင့်အာဏာတစ်ရပ်ကို ကျင်သုံးခြင်း (သို့မဟုတ်)

(၂) ဥပဒေပြဋ္ဌာန်းမှုတစ်ခုခုအရ အစိုးရ၏လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးခြင်း၊ အစိုးရလုပ်ငန်းတာဝန်တစ်ရပ်ကို ထမ်းဆောင်ခြင်း ပြုသည့် သို့ရာတွင် တရားရုံး သို့မဟုတ် တရားစီရင်ရေးအရာရှိများ အကျုံးမဝင်စေရ။

“provincial legislation” includes—

(a) subordinate legislation made in terms of a provincial Act; and

(b) legislation that was in force when the Constitution took effect and that is administered by a provincial government.

## Inconsistencies between different texts

240. In the event of an inconsistency between different texts of the Constitution, the English text prevails.

## Transitional arrangements

241. Schedule 6 applies to the transition to the new constitutional order established by this Constitution, and any matter incidental to that transition.

## Repeal of laws

242. The laws mentioned in Schedule 7 are repealed, subject to section 243 and Schedule 6.

## Short title and commencement

243. (1) This Act is called the Constitution of the Republic of South Africa, 1996, and comes into effect as soon as possible on a date set by the President by proclamation, which may not be a date later than 1 July 1997.

(2) The President may set different dates before the date mentioned in subsection (1) in respect of different provisions of the Constitution.

(3) Unless the context otherwise indicates, a reference in a provision of the Constitution to a time when the Constitution took effect must be construed as a reference to the time when that provision took effect.

‘

ပြည်နယ်အဆင့်ဥပဒေရေးဆွဲပြဋ္ဌာန်းမှု’ တွင်

(က) ပြည်နယ်အက်ဥပဒေတစ်ရပ်အရ ရေးဆွဲသည့် ဆင့်ပွားဥပဒေပြဋ္ဌာန်းမှု နှင့်

(ခ) အခြေခံဥပဒေအာဏာတည်ချိန်တွင် တည်ဆဲဥပဒေပြဋ္ဌာန်းချက်ဖြစ်ပြီး ပြည်နယ်အစိုးရက စီမံခန့်ခွဲသည့် ဥပဒေပြဋ္ဌာန်းချက်တို့ အကြုံးဝင်သည်။

**မတူညီသော စာကိုယ်များ အကြား ကွဲလွဲမှုများ**

၂၄၀။ အခြေခံဥပဒေပါ မတူညီသော စာကိုယ်များ အကြား ကွဲလွဲမှုများဖြစ်ပေါ်သည့်အခါ အင်္ဂလိပ်ဘာသာဖြင့် စကားရပ်က လွှမ်းမိုးသည်။

**အသွင်ကူးပြောင်းရေးကာလ အစီအမံများ**

၂၄၁။ ဤ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တည်ထောင်သည့် အခြေခံဥပဒေသစ် အခင်းအကျင်းသို့ အသွင်ကူးပြောင်းမှု နှင့် ထိုအသွင်ကူးပြောင်းမှု နောက်ဆက်တွဲ ကိစ္စရပ်မှန်သမျှကို ကို ဇယား ၆ တွင် ပြဋ္ဌာန်းထားသည်။

**ဥပဒေများ ပယ်ဖျက်ခြင်း**

၂၄၂။ ပုဒ်မ ၂၄၃ နှင့် ဇယား ၆ တို့တွင်ဖော်ပြချက်အရ ဇယား ၇ တွင်ဖော်ပြထားသည့် ဥပဒေများကို ပယ်ဖျက်လိုက်သည်။

**ဥပဒေ၏ အမည်နာမနှင့် စတင်အာဏာသက်ရောက်မှု**

၂၄၃။ (၁) ဤအက်ဥပဒေကို ၁၉၉၆ ခုနှစ် တောင်အာဖရိက သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဟု ခေါ်တွင်သည်။ ၁၉၉၇ ခုနှစ် ဇူလိုင် ၁ ရက်ထက် နောက်မကျစေဘဲ သမ္မတက ဆောလျင်စွာ ထုတ်ပြန်ကြေညာသည့် ရက်တွင် ဤအခြေခံဥပဒေ အာဏာတည်သည်။

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်အသီးသီးနှင့်ပတ်သက်၍ ပုဒ်မခွဲ (၁) တွင် ဖော်ပြထားသည့် ရက်စွဲမတိုင်မီ ရက်စွဲများကို သမ္မတက သတ်မှတ်နိုင်သည်။

(၃) အခြားနည်းအားဖြင့်ရှေ့နောက်စကားအဆက်အစပ်ညွှန်ပြထားခြင်းမရှိလျှင် အာဏာတည်သည့်အချိန်ကို အခြေခံဥပဒေတွင် ပြဋ္ဌာန်းချက်ပါ ရည်ညွှန်းချက်သည် အဆိုပါပြဋ္ဌာန်းချက် အာဏာတည်သည့်အချိန်ကို ရည်ညွှန်းချက်အဖြစ် မှတ်ယူရမည်။

(4) If a different date is set for any particular provision of the Constitution in terms of subsection (2), any corresponding provision of the Constitution of the Republic of South Africa, 1993 (Act 200 of 1993), mentioned in the proclamation, is repealed with effect from the same date.

(5) Sections 213, 214, 215, 216, 218, 226, 227, 228, 229 and 230 come into effect on 1 January 1998, but this does not preclude the enactment in terms of this Constitution of legislation envisaged in any of these provisions before that date. Until that date any corresponding and incidental provisions of the Constitution of the Republic of South Africa, 1993, remain in force.

(၄) ပုဒ်မခွဲ (၂) အရ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အတွက် သီးခြားရက်စွဲသတ်မှတ်ထားပါက (၁၉၉၃ ခုနှစ် အက်ဥပဒေအမှတ် ၂၀၀) ၁၉၉၃ ခုနှစ် တောင်အာဖရိကနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆက်စပ်နေသည့်ကြေညာချက်တွင် ဖော်ပြထားသည့် မည်သည့်ပြဋ္ဌာန်းချက်မဆို တူညီသော ရက်စွဲတွင် ဖျက်သိမ်းပြီးဖြစ်သည်။

(၅) ပုဒ်မ ၂၁၃၊ ၂၁၄၊ ၂၁၅၊ ၂၁၆၊ ၂၁၈၊ ၂၂၆၊ ၂၂၇၊ ၂၂၈၊ ၂၂၉ နှင့် ၂၃၀ တို့သည် ၁၉၉၈ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်အာဏာတည်သည်။ သို့ရာတွင် ထိုရက်စွဲမတိုင်မီက အဆိုပါပုဒ်မများ ထဲတွင် ဖော်ပြထားသော ဤအခြေခံဥပဒေအရ ပြဋ္ဌာန်းသည့် ပြဋ္ဌာန်းချက်များကို ဟန့်တားမှုမရှိစေရ။ အဆိုပါရက်စွဲမရောက်မီအထိ ၁၉၉၃ ခုနှစ် တောင်အာဖရိကနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆက်စပ်နေသော၊ အလျဉ်းသင့်၍ ထုတ်ပြန်သော ပြဋ္ဌာန်းချက်များသည် ဆက်လက်အာဏာတည်စေရမည်။

## SCHEDULE 1

## National Flag

(1) The national flag is rectangular; it is one and a half times longer than it is wide.


(2) It is black, gold, green, white, chilli red and blue.

(3) It has a green Y-shaped band that is one fifth as wide as the flag. The centre lines of the band start in the top and bottom corners next to the flag post, converge in the centre of the flag, and continue horizontally to the middle of the free edge.

(4) The green band is edged, above and below in white, and towards the flag post end, in gold. Each edging is one fifteenth as wide as the flag.

(5) The triangle next to the flag post is black.

(6) The upper horizontal band is chilli red and the lower horizontal band is blue. These bands are each one third as wide as the flag.



ဇယား ၁

## နိုင်ငံတော်အလံ

(၁) နိုင်ငံတော်အလံသည် ထောင့်မှန်စတုဂံပုံရှိပြီး အလံ၏ အလျားသည် အနံထက် ၁ ဆခွဲ ပိုရှည်သည်။


(၂) အလံတွင် အနက်ရောင်၊ ရွှေရောင်၊ အစိမ်းရောင်၊ အနီရင့်ရောင်နှင့် အပြာရောင်များပါဝင်သည်။

(၃) အလံတွင် အလျားလိုက် သုံးပုံတစ်ပုံ ဆန့်တန်းနေသော အစိမ်းရောင် Y ပုံ ကန့်လန့်ဖြတ်မျဉ်းပါရှိသည်။ ထို Y ပုံသဏ္ဌာန်၏ ဗဟိုမျဉ်းများသည် အလံတိုင်အနီး ခေါင်းရင်းနှင့် ခြေရင်းတို့မှ စတင်၍ အလံ၏ အလယ်ဗဟိုတွင် စုဆုံကာ အလံ၏အခြားတစ်ဖက်စွန်းသို့ ရေပြင်ညီမျဉ်းအဖြစ် ဆန့်တန်း သွားသည်။

(၄) အလံ၏ အစိမ်းရောင်ခြယ်အပိုင်းသည် အပေါ်နှင့်အောက်၊ အဖျားစွန်းနေရာများ၌ အဖြူရောင်ဖြင့် ဘောင်ကွပ်ထားပြီး အလံတိုင်အစွန်းသို့ ဦးတည်ကာ ရွှေရောင်လိုင်းဖြင့် ဘောင်ကွပ်ထားသည်။ အဆိုပါ ဘောင်ကွပ်အရောင်များသည် အလံ၏ အနံ ၁၅ ပုံတစ်ပုံကို နေရာယူထားသည်။

(၅) အလံတွင် အလံတိုင်နှင့် ကပ်လျက် တြိဂံသည် အနက်ရောင်ဖြစ်သည်။

(၆) အလံ၏ အပေါ်ဘက်ပိုင်းတွင် ရေပြင်ညီ အတန်းလိုက်အနီရင့်ရောင်ခြယ်ထားပြီး အောက်ပိုင်းတွင် အပြာရောင် ရေပြင်ညီ အတန်းလိုက်ခြယ်ထားသည်။ ထိုအတန်းလိုက်ခြယ်ထားသော အရောင်များသည် အလံ၏ အနံ သုံးပုံတစ်ပုံကို နေရာယူထားသည်။



## SCHEDULE 1A

## Geographical Areas of Provinces

*[Schedule 1A inserted by s. 4 of the Constitution Twelfth Amendment Act of 2005 and amended by s. 1 of the Constitution Thirteenth Amendment Act of 2007 and by the Constitution Sixteenth Amendment Act of 2009.]*

### The Province of the Eastern Cape

[Demarcation of the Province of the Eastern Cape substituted by the Constitution Thirteenth Amendment Act of 2007.]

Map No. 3 of Schedule 1 to Notice 1998 of 2005

Map No. 6 of Schedule 2 to Notice 1998 of 2005

Map No. 7 of Schedule 2 to Notice 1998 of 2005

Map No. 8 of Schedule 2 to Notice 1998 of 2005

Map No. 9 of Schedule 2 to Notice 1998 of 2005

Map No. 10 of Schedule 2 to Notice 1998 of 2005

Map No. 11 of Schedule 2 to Notice 1998 of 2005

### The Province of the Free State

Map No. 12 of Schedule 2 to Notice 1998 of 2005

Map No. 13 of Schedule 2 to Notice 1998 of 2005

Map No. 14 of Schedule 2 to Notice 1998 of 2005

Map No. 15 of Schedule 2 to Notice 1998 of 2005

Map No. 16 of Schedule 2 to Notice 1998 of 2005

## ဇယား (၁ က)

## ပြည်နယ်များ၏ ပထဝီနယ်မြေသတ်မှတ်ချက်များ

*[ဇယား (၁ က) အား ၂၀၀၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၂ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ ပုဒ်မ ၄ အရ ထည့်သွင်းပြဋ္ဌာန်းခဲ့ပြီး ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၃ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ ပုဒ်မ ၁ နှင့် ၂၀၀၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၆ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေ အရ ပြင်ဆင်ခဲ့သည်။ ]*

### အီစတန်းကိပ်ပြည်နယ်

[အီစတန်းကိပ်ပြည်နယ်၏ နယ်မြေသတ်မှတ်ချက်အား ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၃ ကြိမ်မြောက် ပြင်ဆင်ချက် အက်ဥပဒေအရ အစားထိုးခဲ့သည်။ ]

ဇယား ၁ ပါ မြေပုံအမှတ် ၃ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၆ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၇ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၈ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၉ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၁၀ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၁၁ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

### ဖရီးစတိတ် ပြည်နယ်များ

ဇယား ၂ ပါ မြေပုံအမှတ် ၁၂ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၁၃ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၁၄ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၁၅ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၁၆ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

## The Province of Gauteng

*[Demarcation of the Province of Gauteng amended by the Constitution Sixteenth Amendment Act of 2009.]*

Map No. 4 in Notice 1490 of 2008

*[Reference to Map No. 4 substituted by s. 1(a) of the Constitution Sixteenth Amendment Act of 2009.]*

Map No. 17 of Schedule 2 to Notice 1998 of 2005

Map No. 18 of Schedule 2 to Notice 1998 of 2005

Map No. 19 of Schedule 2 to Notice 1998 of 2005

Map No. 20 of Schedule 2 to Notice 1998 of 2005

Map No. 21 of Schedule 2 to Notice 1998 of 2005

## The Province of KwaZulu-Natal

*[Demarcation of the Province of KwaZulu-Natal substituted by the Constitution Thirteenth Amendment Act of 2007.]*

Map No. 22 of Schedule 2 to Notice 1998 of 2005

Map No. 23 of Schedule 2 to Notice 1998 of 2005

Map No. 24 of Schedule 2 to Notice 1998 of 2005

Map No. 25 of Schedule 2 to Notice 1998 of 2005

Map No. 26 of Schedule 2 to Notice 1998 of 2005

Map No. 27 of Schedule 2 to Notice 1998 of 2005

Map No. 28 of Schedule 2 to Notice 1998 of 2005

Map No. 29 of Schedule 2 to Notice 1998 of 2005

## ဂေါက်တန်ပြည်နယ်

*[ဂေါက်တန်ပြည်နယ်၏ နယ်မြေသတ်မှတ်ချက်အား ၂၀၀၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၆ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေအရ ပြင်ဆင်ခဲ့သည်။]*

မြေပုံအမှတ် ၄ သည် ၂၀၀၈ ခုနှစ်၏ အမိန့်ကြေညာစာ ၁၄၉၀ အတိုင်း

*[ရည်ညွှန်းထားသော မြေပုံအမှတ် ၄ အား ၂၀၀၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၆ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေအရ ပုဒ်မ ၁ (က) အရ အစားထိုးခဲ့သည်။]*

ဇယား ၂ ပါ မြေပုံအမှတ် ၁၇ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၁၈ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၁၉ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၂၀ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၂၁ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

## ကွာဇူလူနာတယ်လ် ပြည်နယ်

*[ကွာဇူလူနာတယ်လ် ပြည်နယ်၏ နယ်မြေသတ်မှတ်ချက်အား ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၃ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေအရ ပြင်ဆင်ခဲ့သည်။]*

ဇယား ၂ ပါ မြေပုံအမှတ် ၂၂ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၂၃ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၂၄ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၂၅ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၂၆ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၂၇ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၂၈ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၂၉ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

Map No. 30 of Schedule 2 to Notice 1998 of 2005

Map No. 31 of Schedule 2 to Notice 1998 of 2005

Map No. 32 of Schedule 2 to Notice 1998 of 2005

## The Province of Limpopo

Map No. 33 of Schedule 2 to Notice 1998 of 2005

Map No. 34 of Schedule 2 to Notice 1998 of 2005

Map No. 35 of Schedule 2 to Notice 1998 of 2005

Map No. 36 of Schedule 2 to Notice 1998 of 2005

Map No. 37 of Schedule 2 to Notice 1998 of 2005

## The Province of Mpumalanga

Map No. 38 of Schedule 2 to Notice 1998 of 2005

Map No. 39 of Schedule 2 to Notice 1998 of 2005

Map No. 40 of Schedule 2 to Notice 1998 of 2005

## The Province of the Northern Cape

Map No. 41 of Schedule 2 to Notice 1998 of 2005

Map No. 42 of Schedule 2 to Notice 1998 of 2005

Map No. 43 of Schedule 2 to Notice 1998 of 2005

Map No. 44 of Schedule 2 to Notice 1998 of 2005

Map No. 45 of Schedule 2 to Notice 1998 of 2005

ဇယား ၂ ပါ မြေပုံအမှတ် ၃၀ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၃၁ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၃၂ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

## လင်ပိုပိုပြည်နယ်

ဇယား ၂ ပါ မြေပုံအမှတ် ၃၃ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၃၄ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၃၅ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၃၆ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၃၇ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

## ပြူမန်လန်ဂါပြည်နယ်

ဇယား ၂ ပါ မြေပုံအမှတ် ၃၈ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၃၉ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၄၀ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

## နော့သန်းကိပ်ပြည်နယ်

ဇယား ၂ ပါ မြေပုံအမှတ် ၄၁ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၄၂ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၄၃ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၄၄ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၄၅ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

The Province of North West

*[Demarcation of the Province of North West amended by the Constitution Sixteenth Amendment Act of 2009.]*

Map No. 5 in Notice 1490 of 2008

[Reference to Map No. 5 substituted by s. 1(b) of the Constitution Sixteenth Amendment Act of 2009.]

Map No. 46 of Schedule 2 to Notice 1998 of 2005

Map No. 47 of Schedule 2 to Notice 1998 of 2005

Map No. 48 of Schedule 2 to Notice 1998 of 2005

The Province of the Western Cape

Map No. 49 of Schedule 2 to Notice 1998 of 2005

Map No. 50 of Schedule 2 to Notice 1998 of 2005

Map No. 51 of Schedule 2 to Notice 1998 of 2005

Map No. 52 of Schedule 2 to Notice 1998 of 2005

Map No. 53 of Schedule 2 to Notice 1998 of 2005

Map No. 54 of Schedule 2 to Notice 1998 of 2005

## နေ့ဝက်စ်ပြည်နယ်

*[နေ့ဝက်စ်ပြည်နယ် ပြည်နယ်၏ နယ်မြေသတ်မှတ်ချက်အား ၂၀၀၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၆ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေအရ ပြင်ဆင်ခဲ့သည်။]*

မြေပုံအမှတ် ၅ သည် ၂၀၀၈ ခုနှစ်၏ အမိန့်ကြေညာစာ ၁၄၉၀ အတိုင်း

*[ရည်ညွှန်းထားသော ႏမြေပုံအမှတ် ၅ အား ၂၀၀၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၆ ကြိမ်မြောက်ပြင်ဆင်ချက် အက်ဥပဒေအရ ပုဒ်မ ၁ (ခ) အရ အစားထိုးခဲ့သည်။]*

ဇယား ၂ ပါ မြေပုံအမှတ် ၄၆ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၄၇ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၄၈ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

## ဝက်စတန်းကိပ်ပြည်နယ်

ဇယား ၂ ပါ မြေပုံအမှတ် ၄၉ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၅၀ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၅၁ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၅၂ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၅၃ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

ဇယား ၂ ပါ မြေပုံအမှတ် ၅၄ သည် ၂၀၀၅ ခုနှစ်၏ အမိန့်ကြေညာစာ ၁၉၉၈ အတိုင်း

# SCHEDULE 2

## Oaths and Solemn Affirmations

*[Schedule 2 amended by s. 2 of Constitution First Amendment Act of 1997 (Eng text only) and substituted by s. 18 of Constitution Sixth Amendment Act of 2001.]*

### Oath or solemn affirmation of President and Acting President

1. The President or Acting President, before the Chief Justice, or another judge designated by the Chief Justice, must swear/affirm as follows:

In the presence of everyone assembled here, and in full realisation of the high calling I assume as President/Acting President of the Republic of South Africa, I, A.B., swear/ solemnly affirm that I will be faithful to the Republic of South Africa, and will obey, observe, uphold and maintain the Constitution and all other law of the Republic; and I solemnly and sincerely promise that I will always—

- promote all that will advance the Republic, and oppose all that may harm it;
- protect and promote the rights of all South Africans;
- discharge my duties with all my strength and talents to the best of my knowledge and ability and true to the dictates of my conscience;
- do justice to all; and
- devote myself to the well-being of the Republic and all of its people.

(In the case of an oath: So help me God.)

ဇယား ၂
**ကျမ်းကျိန်ခြင်းနှင့် ကတိသစ္စာပြုခြင်း**

*အပိုဒ် ၃ အား ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ သတ္တမကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ ပုဒ်မ ၂ အရ ပြင်ဆင်ခဲ့ပြီး ၂၀၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမ ကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ ပုဒ်မ ၁၈ အရ အစားထိုးခဲ့သည်။]*

**သမ္မတနှင့် ခေတ္တသမ္မတတို့၏ ကျမ်းကျိန်ခြင်းနှင့် ကတိသစ္စာပြုခြင်း**

၁။ သမ္မတ သို့မဟုတ် ခေတ္တတာဝန်ယူသည့် သမ္မတသည် တရားသူကြီးချုပ်ရှေ့မှောက်တွင်သော်လည်းကောင်း၊ တရားသူကြီးချုပ်က ခန့်အပ်တာဝန်ပေးသည့် အခြား တရားသူကြီးတစ်ဦး ရှေ့မှောက်တွင်သော်လည်းကောင်း အောက်ပါအတိုင်း ကျမ်းကျိန်ခြင်း သို့မဟုတ် ကတိသစ္စာပြုရမည်။

> တောင်အာဖရိက သမ္မတနိုင်ငံ၏ သမ္မတ/ ခေတ္တသမ္မတအဖြစ် မိမိအနေဖြင့်ရယူလိုက်သည့် မြင့်မားသည့်တာဝန်ကို အပြည့်အဝ သိရှိနားလည်မှုဖြင့် ကျွန်ုပ် . . . . . . . သည် တောင်အာဖရိက နိုင်ငံအပေါ် သစ္စာရှိပါမည်။ တောင်အာဖရိကနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံ၏ အခြားပြဋ္ဌာန်းဥပဒေများကို လိုက်နာ စောင့်ထိန်းပါမည်။

- မိမိနိုင်ငံကို တိုးတက်စေမည့်အရာအားလုံးကို မြှင့်တင်အားပေးလျက်၊ မိမိနိုင်ငံကို အန္တရာယ်ပြုမည့်အရာ အားလုံးကို ဆန့်ကျင်ပါမည်။
- တောင်အာဖရိကနိုင်ငံသားအားလုံး၏ မူလအခွင့်အရေးများကို ကာကွယ်စောင့်ရှောက် ပါမည်။
- မိမိအသိတရား၏ လမ်းညွှန်စေစားချက်ကို လိုက်နာလျက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားပမ်းစားဖြင့် မိမိ၏တာဝန်များကို ဦးလည်မသုန် ထမ်းဆောင်ပါမည်။
- အားလုံးအတွက် တရားမျှတမှုကို ဆောင်ကျဉ်းပါမည်။
- သမ္မတနိုင်ငံနှင့် နိုင်ငံသားအားလုံး၏ ကောင်းကျိုးချမ်းသာအတွက် အစဉ်အမြဲ စွမ်းစွမ်းတမံ ဆောင်ရွက်ပါမည်ဟု ဤနေရာသို့ ကြွရောက်လာကြကုန်သော လူပုဂ္ဂိုလ်များ၏ ရှေ့ မှောက်တွင် လေးနက်တည်ကြည်စွာ ကျမ်းသစ္စာကျိန်ဆို/ ကတိသစ္စာပြုပါသည်။

(ကျမ်းသစ္စာ ကျိန်ဆိုသည့်အခါ ဘုရားသခင် တပည့်တော်အား ကြည့်ရှုစောင့်မတော်မူပါ- ဟု မြွက်ဆိုရန်ဖြစ်သည်)

### Oath or solemn affirmation of Deputy President

2. The Deputy President, before the Chief Justice or another judge designated by the Chief Justice, must swear/affirm as follows:

> In the presence of everyone assembled here, and in full realisation of the high calling I assume as Deputy President of the Republic of South Africa, I, A.B., swear/solemnly affirm that I will be faithful to the Republic of South Africa and will obey, observe, uphold and maintain the Constitution and all other law of the Republic; and I solemnly and sincerely promise that I will always—
>
> - promote all that will advance the Republic, and oppose all that may harm it;
> - be a true and faithful counsellor;
> - discharge my duties with all my strength and talents to the best of my knowledge and ability and true to the dictates of my conscience;
> - do justice to all; and
> - devote myself to the well-being of the Republic and all of its people.
>
> (In the case of an oath: So help me God.)

### Oath or solemn affirmation of Ministers and Deputy Ministers

3. Each Minister and Deputy Minister, before the Chief Justice or another judge designated by the Chief Justice, must swear/affirm as follows:

> I, A.B., swear/solemnly affirm that I will be faithful to the Republic of South Africa and will obey, respect and uphold the Constitution and all other law of the Republic; and I undertake to hold my office as Minister/Deputy Minister with honour and dignity; to be a true and faithful counsellor; not to divulge directly or indirectly any secret matter entrusted to me; and to perform the functions of my office conscientiously and to the best of my ability.

(In the case of an oath: So help me God.)

**ဒုတိယသမ္မတ၏ ကျမ်းကျိန်ခြင်း သို့မဟုတ် ကတိသစ္စာပြုခြင်း**

၂။ တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က ခန့်အပ်တာဝန်ပေးသည့် အခြားတရားသူကြီး တစ်ဦးရှေ့မှောက်တွင် ဒုတိယသမ္မတသည် အောက်ပါအတိုင်း ကျမ်းသစ္စာကျိန်ဆို/ ကတိသစ္စာပြုရမည်။

> တောင်အာဖရိက သမ္မတနိုင်ငံ၏ ဒုတိယသမ္မတအဖြစ် မိမိအနေဖြင့်ရယူလိုက်သည့် မြင့်မားသည့်တာဝန်ကို အပြည့်အဝ သိရှိနားလည်မှုဖြင့် ကျွန်ုပ် . . . . . . . သည် တောင်အာဖရိကနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံ၏ အခြားပြဋ္ဌာန်းဥပဒေများကို လိုက်နာစောင့်ထိန်းပါမည်။ တောင်အာဖရိကနိုင်ငံအပေါ် သစ္စာရှိပါမည်။ မိမိနိုင်ငံကို တိုးတက်စေမည့်အရာအားလုံးကို မြှင့်တင်အားပေးလျက်၊ မိမိနိုင်ငံကို အန္တရာယ်ပြုမည့်အရာ အားလုံးကို ဆန့်ကျင်ပါမည်။ တောင်အာဖရိကနိုင်ငံသားအားလုံး၏ မူလအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပါမည်။ မိမိအသိတရား၏ လမ်းညွှန်စေစားချက်ကို လိုက်နာလျက် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသမျှ ကြိုးစားပမ်းစားဖြင့် မိမိ၏တာဝန်များကို ဦးလည်မသုန် ထမ်းဆောင်ပါမည်။ အားလုံးအတွက် တရားမျှတမှုကို ဆောင်ကျဉ်းပါမည်။ သမ္မတနိုင်ငံနှင့် နိုင်ငံသားအားလုံး၏ ကောင်းကျိုးချမ်းသာအတွက် အစဉ်အမြဲ စွမ်းစွမ်းတမံ ဆောင်ရွက်ပါမည်ဟု ဤနေရာသို့ ကြွရောက်လာကြကုန်သော လူပုဂ္ဂိုလ်များ၏ ရှေ့မှောက်တွင် လေးနက်တည်ကြည်စွာ ကျမ်းသစ္စာကျိန်ဆို/ ကတိသစ္စာပြုပါသည်။

(ကျမ်းသစ္စာ ကျိန်ဆိုသည့်အခါ ဘုရားသခင် တပည့်တော်အား ကြည့်ရှုစောင်မတော်မူပါ- ဟု မြွက်ဆိုရန်ဖြစ်သည်)

**ဝန်ကြီးများနှင့် ဒုဝန်ကြီးများ၏ ကျမ်းကျိန်ခြင်း သို့မဟုတ် ကတိသစ္စာပြုခြင်း**

၃။ တရားသူကြီးချုပ်ရှေ့မှောက်တွင်သော်လည်းကောင်း၊ တရားသူကြီးချုပ်က ခန့်အပ်တာဝန်ပေးသည့် အခြားတရားသူကြီးတစ်ဦး ရှေ့မှောက်တွင်သော်လည်းကောင်း ဝန်ကြီးတစ်ဦးချင်းစီနှင့် ဒုဝန်ကြီးတစ်ဦးချင်းစီသည် အောက်ပါအတိုင်း ကျမ်းကျိန်ခြင်း သို့မဟုတ် ကတိသစ္စာပြုရမည်။

> ကျွန်ုပ် ......... သည် တောင်အာဖရိကနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံ၏ အခြားပြဋ္ဌာန်းဥပဒေများကို လိုက်နာစောင့်ထိန်းပါမည်။ မိမိ၏ ရာထူး ဖြစ်သော ဝန်ကြီး/ ဒုဝန်ကြီးရာထူးကို ဂုဏ်သရေရှိစွာဖြင့် ထမ်းဆောင်ပါမည်။ မိမိအပေါ် ယုံကြည်စွာအပ်နှင်းထားသော လျှို့ဝှက်ချက်ကိစ္စရပ်ဟူသမျှကို ပေါက်ကြားခြင်း မရှိစေရဘဲ စစ်မှန်၍ သစ္စာရှိသော အကြံပေးအဖြစ် ဆောင်ရွက်ပါမည်။ မိမိရာထူး၏ လုပ်ငန်းများကို တာဝန်သိသိဖြင့် အစွမ်းကုန် ကြိုးစားဆောင်ရွက်ပါမည်ဟု ကျမ်းသစ္စာကျိန်ဆို/ ကတိသစ္စာပြုပါသည်။

(ကျမ်းသစ္စာ ကျိန်ဆိုသည့်အခါ ဘုရားသခင် တပည့်တော်အား ကြည့်ရှုစောင်မတော်မူပါ- ဟု မြွက်ဆိုရန်ဖြစ်သည်)

**Oath or solemn affirmation of members of the National Assembly, permanent delegates to the National Council of Provinces and members of the provincial legislatures**

4. (1) Members of the National Assembly, permanent delegates to the National Council of Provinces and members of provincial legislatures, before the Chief Justice or a judge designated by the Chief Justice, must swear or affirm as follows:

> I, A.B., swear/solemnly affirm that I will be faithful to the: Republic of South Africa and will obey, respect and uphold the Constitution and all other law of the Republic; and I solemnly promise to perform my functions as a member of the National Assembly/permanent delegate to the National Council of Provinces/member of the legislature of the province of C.D. to the best of my ability.

(In the case of an oath: So help me God.)

(2) Persons filling a vacancy in the National Assembly, a permanent delegation to the National Council of Provinces or a provincial legislature may swear or affirm in terms of subitem (1) before the presiding officer of the Assembly, Council or legislature, as the case may be.

**Oath or solemn affirmation of Premiers, Acting Premiers and members of provincial Executive Councils**

5. The Premier or Acting Premier of a province, and each member of the Executive Council of a province, before the Chief Justice or a judge designated by the Chief Justice, must swear/ affirm as follows:

> I, A.B., swear/solemnly affirm that I will be faithful to the Republic of South Africa and will obey, respect and uphold the Constitution and all other law of the Republic; and I undertake to hold my office as Premier/Acting Premier/member of the Executive Council of the province of C.D. with honour and dignity; to be a true and faithful counsellor; not to divulge directly or indirectly any secret matter entrusted to me; and to perform the functions of my office conscientiously and to the best of my ability.

**ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော် အမြဲတမ်းကိုယ်စားလှယ်များ၊ ပြည်နယ် ဥပဒေပြု လွှတ်တော်ကိုယ်စားလှယ်များ ကျမ်းကျိန်ခြင်း သို့မဟုတ် ကတိသစ္စာပြုခြင်း။**

၄။ (၁) တရားသူကြီးချုပ်ရှေ့မှောက်တွင်သော်လည်းကောင်း၊ တရားသူကြီးချုပ်က ခန့်အပ်တာဝန်ပေးသည့် အခြား တရားသူကြီးတစ်ဦး ရှေ့မှောက်တွင်သော်လည်ကောင်း ပြည်သူ့ လွှတ်တော် ကိုယ်စား လှယ်များ၊ ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် အမြဲတမ်းကိုယ်စားလှယ်များ၊ ပြည်နယ် ဥပဒေပြု လွှတ်တော် ကိုယ်စားလှယ်များ သည် အောက်ပါအတိုင်း ကျမ်းကျိန်ခြင်း သို့မဟုတ် ကတိသစ္စာပြုရမည်။

> ကျွန်ုပ် . . . . . သည် တောင်အာဖရိကနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံ၏ အခြားပြဋ္ဌာန်းဥပဒေများကို လိုက်နာစောင့်ထိန်းပါမည်။ .. . . . . ပြည်နယ် ၏ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်/ ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် အမြဲတမ်းကိုယ်စားလှယ်/ ပြည်နယ် ဥပဒေပြု လွှတ်တော်ကိုယ်စားလှယ် အဖြစ် မိမိ၏လုပ်ငန်းတာဝန်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ထမ်းဆောင်ပါမည်ဟု ကျမ်းသစ္စာ ကျိန်ဆို/ ကတိသစ္စာပြုပါသည်။

(ကျမ်းသစ္စာ ကျိန်ဆိုသည့်အခါ ဘုရားသခင် တပည့်တော်အား ကြည့်ရှုစောင်မတော်မူပါ- ဟု မြွက်ဆိုရန်ဖြစ်သည်)

(၂) လစ်လပ်သွားသော ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်/ ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် အမြဲတမ်းကိုယ်စားလှယ်/ ပြည်နယ် ဥပဒေပြု လွှတ်တော်ကိုယ်စားလှယ် နေရာတွင် အစားထိုးမည့် ပုဂ္ဂိုလ်များသည် အမျိုးအစားခွဲ (၁) တွင်ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌများ၏ ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆို/ ကတိသစ္စာပြုရမည်။

**ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်ဝန်ကြီးချုပ်/ ခေတ္တပြည်နယ်ဝန်ကြီးချုပ်များ ကျမ်းကျိန်ခြင်း သို့မဟုတ် သစ္စာဆိုခြင်း**

၅။ ပြည်နယ်တစ်ခု၏ ဝန်ကြီးချုပ် သို့မဟုတ် ခေတ္တဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်တစ်ဦးချင်းစီသည် တရားသူကြီးချုပ်ရှေ့မှောက်တွင် သော်လည်းကောင်း၊ တရားသူကြီးချုပ်က ခန့်အပ်တာဝန်ပေးသည့် အခြား တရားသူကြီးတစ်ဦး ရှေ့မှောက်တွင်သော်လည်းကောင်း အောက်ပါအတိုင်း ကျမ်းသစ္စာကျိန်ဆို/ ကတိသစ္စာ ပြုရမည်။

> ကျွန်ုပ် . . . . . သည် တောင်အာဖရိကနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံ၏ အခြားပြဋ္ဌာန်းဥပဒေများကို လိုက်နာစောင့်ထိန်းပါမည်။ .. . . . . ပြည်နယ် ၏ ဝန်ကြီးချုပ်/ ခေတ္တဝန်ကြီးချုပ်/ အစိုးရအဖွဲ့ဝင်အဖြစ် မိမိ၏ ရာထူးကို ဂုဏ်သရေရှိစွာဖြင့် ထမ်းဆောင်ပါမည်။ မိမိအပေါ် ယုံကြည်စွာအပ်နှင်းထား သော လျှို့ဝှက်ချက် ကိစ္စရပ်ဟူသမျှကို ပေါက်ကြားခြင်း မရှိစေရဘဲ စစ်မှန်၍ သစ္စာရှိသော အကြံပေးအဖြစ် ဆောင်ရွက်ပါမည်။ မိမိရာထူး၏ လုပ်ငန်းများ ကို တာဝန်သိသိဖြင့် အစွမ်းကုန် ကြိုးစားဆောင်ရွက်ပါမည်ဟု ကျမ်းသစ္စာကျိန်ဆို/ ကတိသစ္စာပြုပါသည်။

(In the case of an oath: So help me God.)

## Oath or solemn affirmation of Judicial Officers

6. (1) Each judge or acting judge, before the Chief Justice or another judge designated by the Chief Justice, must swear or affirm as follows:

> I, A.B., swear/solemnly affirm that, as a Judge of the Constitutional Court/Supreme Court of Appeal/High Court/ E.F. Court, I will be faithful to the Republic of South Africa, will uphold and protect the Constitution and the human rights entrenched in it, and will administer justice to all persons alike without fear, favour or prejudice, in accordance with the Constitution and the law.

(In the case of an oath: So help me God.)

(2) A person appointed to the office of Chief Justice who is not already a judge at the time of that appointment must swear or affirm before the Deputy Chief Justice, or failing that judge, the next most senior available judge of the Constitutional Court.

(3) Judicial officers, and acting judicial officers, other than judges, must swear/affirm in terms of national legislation.

(ကျမ်းသစ္စာ ကျိန်ဆိုသည့်အခါ ဘုရားသခင် တပည့်တော်အား ကြည့်ရှုစောင်မတော်မူပါ- ဟု မြွက်ဆိုရန်ဖြစ်သည်)

**တရားရေးအရာရှိများ၏ ကျမ်းကျိန်ခြင်း သို့မဟုတ် ကတိသစ္စာပြုခြင်း**

၆။ (၁) တရားသူကြီးတစ်ဦးစီ သို့မဟုတ် ခေတ္တ တရားသူကြီးတစ်ဦးစီသည် တရားသူကြီးချုပ် ရှေ့မှောက်တွင် သော်လည်းကောင်း၊ တရားသူကြီးချုပ်က ခန့်အပ်တာဝန်ပေးသည့် အခြား တရားသူကြီးတစ်ဦး ရှေ့မှောက်တွင် သော်လည်းကောင်း အောက်ပါအတိုင်း ကျမ်းသစ္စာကျိန်ဆို/ ကတိသစ္စာပြုရမည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီး/ အယူခံတရားရုံးချုပ် တရားသူကြီး/ တရားရုံးချုပ်တ ရားသူကြီး/ . . . . တရားသူကြီး တစ်ဦးအနေဖြင့် ကျွန်ုပ် .. .. .. .. သည် တောင်အာဖရိက သမ္မတနိုင်ငံအပေါ် သစ္စာစောင့်သိကာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ယင်းတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက် ပါမည်။ ကြောက်ရွံ့ခြင်း၊ မျက်နှာလိုက်ခြင်း သို့မဟုတ် ဘက်လိုက်ခြင်း တို့မရှိဘဲ ဖွဲ့စည်းပုံ အခြေခံဥပဒေ နှင့် ပြဋ္ဌာန်းဥပဒေတို့နှင့် အညီ လူပုဂ္ဂိုလ်များအပေါ် တရားမျှတစွာ စီရင်ဆုံးဖြတ်ပါမည်။

(ကျမ်းသစ္စာ ကျိန်ဆိုသည့်အခါ ဘုရားသခင် တပည့်တော်အား ကြည့်ရှုစောင်မတော်မူပါ- ဟု မြွက်ဆိုရန်ဖြစ်သည်)

(၂) တရားသူကြီးချုပ်ရာထူးသို့ ခန့်အပ်ခံရသည့် ပုဂ္ဂိုလ်သည် ထိုရာထူးတွင်ခန့်အပ်ခံရသည့်အချိန်၌ တရားသူကြီးရာထူးတွင် တာဝန်ထမ်းဆောင်နေသူ မဟုတ်ပါက ဒုတိယတရားသူကြီး ချုပ် ရှေ့မှောက်တွင် လည်းကောင်း၊ ဒုတိယတရားသူကြီး ချုပ် မလာရောက်နိုင်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး မှ ၎င်းထက် တစ်ဆင့်နိမ့်သည့် လုပ်သက်အရင့်ဆုံး တရားသူကြီးတစ်ဦးရှေ့မှောက်တွင် သော်လည်းကောင်း ကျမ်းသစ္စာ ကျိန်ဆို/ ကတိသစ္စာပြုရမည်။

(၃) တရားသူကြီးများမဟုတ်ဘဲ တရားရေးအရာရှိများ၊ ခေတ္တတာဝန်ထမ်းဆောင်သည့် တရားရေးအရာရှိများ သည် အမျိုးသားဥပဒေ နှင့်အညီ ကျမ်းသစ္စာကျိန်ဆို/ ကတိသစ္စာပြုရမည်။

# SCHEDULE 3
# Election Procedures

*[Schedule 3 amended by s. 2 of the Constitution Fourth Amendment Act of 1999, by s. 19 of the Constitution Sixth Amendment Act of 2001, by s. 3 of the Constitution Ninth Amendment Act of 2002 and by s. 5 of the Constitution Fourteenth Amendment Act of 2008.]*

## Part A

## Election Procedures for Constitutional Office-Bearers

### Application

1. The procedure set out in this Schedule applies whenever—

    (a) the National Assembly meets to elect the President, or the Speaker or Deputy Speaker of the Assembly;

    (b) the National Council of Provinces meets to elect its Chairperson or a Deputy Chairperson; or

    (c) a provincial legislature meets to elect the Premier of the province or the Speaker or Deputy Speaker of the legislature.

### Nominations

2. The person presiding at a meeting to which this Schedule applies must call for the nomination of candidates at the meeting.

### Formal requirements

3. (1) A nomination must be made on the form prescribed by the rules mentioned in item 9.

    (2) The form on which a nomination is made must be signed—

    (a) by two members of the National Assembly, if the President or the Speaker or Deputy Speaker of the Assembly is to be elected;

## ဇယား ၃

## ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

*အပိုဒ် ၃ အား ၁၉၉၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ စတုတ္ထကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ ပုဒ်မ ၂၊ ၂၀၀၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆဋ္ဌမ ကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ ပုဒ်မ ၁၉၊ ၂၀၀၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ နဝမကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ ပုဒ်မ ၃ နှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၄ ကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ ပုဒ်မ ၅ အရ အစားထိုးခဲ့သည်။]*

### အပိုင်း က

### အခြေခံဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းများ၏ရာထူးတာဝန်များကို ထမ်းဆောင်နေသူများအတွက် ရွေးကောက်တင်မြှောက်ခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

**ကျင့်သုံးမှု**

၁။ ဤဇယားတွင် ဖော်ပြထားသည့် လုပ်ထုံးလုပ်နည်းများကို အောက်ပါကိစ္စရပ်များ ပေါ်ပေါက်သည့်အခါ ကျင့်သုံးနိုင်သည်-

(က) သမ္မတ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော်ဒုဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ရန် ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပသည့်အခါ

(ခ) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့ ရွေးကောက်တင်မြှောက်ရန် ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော်အစည်းအဝေးကျင်းပသည့်အခါ သို့တည်းမဟုတ်

(ဂ) ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဥပဒေပြုလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ရန် ပြည်နယ်ဥပဒေပြုလွှတ်တော်ခေါ်ယူသည့်အခါတွင် ကျင့်သုံးနိုင်သည်။

**အမည်စာရင်းတင်သွင်းခြင်း**

၂။ ဤဇယားတွင် အကျုံးဝင်သည့် အစည်းအဝေးတစ်ခုအတွက် ကြီးကြပ်စီမံပေးမည့် နာယကကို ထိုအစည်းအဝေး၌ ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းတင်သွင်းနိုင်ရန် ပန်ကြားရမည်။

**တရားဝင် လိုအပ်ချက်များ**

၃။ (၁) အချက် ၉ တွင် ဖော်ပြထားသည့် စည်းမျဉ်းများအရ ရေးဆွဲထားသည့် ပုံစံစာရွက်တွင် အမည်စာရင်းကို ဖော်ပြရမည်။

(၂) အမည်စာရင်းပါရှိသည့် ပုံစံစာရွက်ပေါ်တွင် အောက်ပါပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးရမည်-

(က) ပြည်သူ့လွှတ်တော်၏ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်သည့်အခါ ပြည်သူ့လွှတ်တော်၏ ကိုယ်စားလှယ်နှစ်ဦးကလည်းကောင်း၊

(b) on behalf of two provincial delegations, if the Chairperson or a Deputy Chairperson of the National Council of Provinces is to be elected; or

(c) by two members of the relevant provincial legislature, if the Premier of the province or the Speaker or Deputy Speaker of the legislature is to be elected.

(3) A person who is nominated must indicate acceptance of the nomination by signing either the nomination form or any other form of written confirmation.

### Announcement of names of candidates

4. At a meeting to which this Schedule applies, the person presiding must announce the names of the persons who have been nominated as candidates, but may not permit any debate.

### Single candidate

5. If only one candidate is nominated, the person presiding must declare that candidate elected.

### Election procedure

6. If more than one candidate is nominated—

(a) a vote must be taken at the meeting by secret ballot;

(b) each member present, or if it is a meeting of the National Council of Provinces, each province represented, at the meeting may cast one vote; and

(c) the person presiding must declare elected the candidate who receives a majority of the votes.

(ခ) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်သည့်အခါ ပြည်နယ်ကိုယ်စားလှယ်နှစ်ဖွဲ့ကို ကိုယ်စားပြုသည့် ပုဂ္ဂိုလ်နှစ်ဦးမှ လည်းကောင်း၊

(ဂ) ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ် ဥပဒေပြု လွှတ်တော်၏ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်သည့်အခါ သက်ဆိုင်ရာ ပြည်နယ်ဥပဒေပြုလွှတ်တော်၏ ကိုယ်စားလှယ်နှစ်ဦးက လည်းကောင်း။

(၃) အမည်စာရင်းတင်သွင်းခံရသူသည် အမည်စာရင်းတင်သွင်းခြင်းကို လက်ခံကြောင်းပြသရန် အမည်စာရင်း ပုံစံစာရွက်တွင် လက်မှတ်ရေးထိုးခြင်းဖြင့် လည်းကောင်း၊ အခြားသော စာဖြင့်ရေးသား ဖော်ပြထားသည့် အတည်ပြုချက်ပုံစံစာရွက်တွင်လည်းကောင်း လက်မှတ်ရေးထိုးရမည်။

## ကိုယ်စားလှယ်လောင်းအမည်များ ကြေညာခြင်း

၄။ ဤဇယားတွင် အကြုံးဝင်သည့် အစည်းအဝေးတစ်ခုတွင် နာယကအဖြစ်ဆောင်ရွက်သည့် ပုဂ္ဂိုလ်က ကိုယ်စားလှယ်လောင်းများအဖြစ် အမည်စာရင်း တင်သွင်းခံရသူများ၏ အမည်များကို ကြေညာရမည်။ သို့သော် မည်သည့်ငြင်းခုံမှုမျိုးကိုမှ ခွင့်မပြု နိုင်ပါ။

## တစ်ဦးတည်း ကိုယ်စားလှယ်

၅။ ကိုယ်စားလှယ်တစ်ဦးတည်းကို အမည်စာရင်းတင်သွင်းလာပါက နာယကဖြစ်သူသည် အဆိုပါကိုယ်စားလှယ်ကို ရွေးကောက်တင်မြှောက်ကြောင်း ကြေညာရမည်။

## ရွေးကောက်တင်မြှောက်ခြင်း လုပ်ငန်းစဉ်

၆။ ကိုယ်စားလှယ်တစ်ဦးထက်ပို၍ အမည်စာရင်းတင်သွင်းလာပါက-

(က) လျှို့ဝှက်မဲပေးစနစ်ဖြင့် ထိုအစည်းအဝေး၌ ဆန္ဒမဲပေးရမည်။

(ခ) အစည်းအဝေးသို့ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီက သို့မဟုတ် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် အစည်းအဝေးဖြစ်ပါက ပြည်နယ်တစ်ခုချင်းစီကို ကိုယ်စားပြုတက်ရောက်သူများက ဆန္ဒမဲတစ်မဲစီ ပေးရမည်။

(ဂ) နာယကအဖြစ် ဆောင်ရွက်သူက မဲအများဆုံးရသည့် ကိုယ်စားလှယ်ကို ရွေးကောက်တင်မြှောက်ကြောင်း ကြေညာရမည်။

## Elimination procedure

7. (1) If no candidate receives a majority of the votes, the candidate who receives the lowest number of votes must be eliminated and a further vote taken on the remaining candidates in accordance with item 6. This procedure must be repeated until a candidate receives a majority of the votes.

(2) When applying subitem (1), if two or more candidates each have the lowest number of votes, a separate vote must be taken on those candidates, and repeated as often as may be necessary to determine which candidate is to be eliminated.

## Further meetings

8. (1) If only two candidates are nominated, or if only two candidates remain after an elimination procedure has been applied, and those two candidates receive the same number of votes, a further meeting must be held within seven days, at a time determined by the person presiding.

(2) If a further meeting is held in terms of subitem (1), the procedure prescribed in this Schedule must be applied at that meeting as if it were the first meeting for the election in question.

## Rules

9. (1) The Chief Justice must make rules prescribing—

(a) the procedure for meetings to which this Schedule applies;

(b) the duties of any person presiding at a meeting, and of any person assisting the person presiding;

(c) the form on which nominations must be submitted; and

(d) the manner in which voting is to be conducted.

(2) These rules must be made known in the way that the Chief Justice determines.

## နုတ်ပယ်သည့် လုပ်ငန်းစဉ်

၇။ (၁) မည်သည့်ကိုယ်စားလှယ်လောင်းကမှ မဲအများဆုံးမရရှိသည့်အခါ ဆန္ဒမဲအနည်းဆုံးရသည့် ကိုယ်စားလှယ်လောင်းကို နုတ်ပယ်ကာ ကျန်ရှိသည့် ကိုယ်စားလှယ်များအတွက် အချက် ၆ တွင် ဖော်ပြထားသည့်အတိုင်း နောက်ထပ် ဆန္ဒမဲပေးရမည်။ ကိုယ်စားလှယ်လောင်းတစ်ဦးက မဲအများဆုံးရရှိသည် အထိ ဤလုပ်ငန်းစဉ်ကို အကြိမ်ကြိမ် ပြုလုပ်ရမည်။

(၂) အထက်ပါ အမျိုးအစားခွဲ (၁) ကို ကျင့်သုံးရာတွင် ကိုယ်စားလှယ်လောင်း နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသည့် ကိုယ်စားလှယ်လောင်းများသည် မဲအနည်းဆုံးရရှိနေပါက ထို ကိုယ်စားလှယ်များအတွက် သီးခြား မဲဆန္ဒခံယူရမည်။ မည်သည့်ကိုယ်စားလှယ်ကို နုတ်ပယ်ရမည်ဟု ဆုံးဖြတ်နိုင်သည်အထိ လိုအပ်သလို ဤမဲဆန္ဒခံယူမှုကို ပြုလုပ်ရမည်။

## နောက်ထပ်အစည်းအဝေးများ

၈။ (၁) ကိုယ်စားလှယ်လောင်း နှစ်ဦးကို သာ အမည်စာရင်းတင်သွင်းလာပါက သို့မဟုတ် နုတ်ပယ်သည့် မဲဆန္ဒခံယူမှုကို ကျင့်သုံးပြီးနောက် ကိုယ်စားလှယ် လောင်းနှစ်ဦးသာ ကျန်ရှိပြီး ထိုနှစ်ဦးသည် တူညီသော ဆန္ဒမဲအရေအတွက်ကိုရရှိထားသူများဖြစ်ပါက နာယကဖြစ်သူက သတ်မှတ်သည့် အချိန်တွင် ၇ ရက်အတွင်း နောက်ထပ်အစည်းအဝေးကို ကျင်းပရမည်။

(၂) အမျိုးအစားခွဲ (၁) တွင် ဖော်ပြထားသည့်အတိုင်း နောက်ထပ်အစည်းအဝေးကို ကျင်းပ သည့်အခါ ဤဇယားတွင်ဖော်ပြထားသည့် လုပ်ထုံးလုပ်နည်းများ ကို ရွေးကောက်တင်မြှောက်ခြင်းအတွက် ပထမအကြိမ်ကျင်းပသည့် အစည်းအဝေးကဲ့သို့ပင် ကျင့်သုံးဆောင်ရွက်ရမည်။

## စည်းမျဉ်းများ

၉။ (၁) တရားသူကြီးချုပ်သည် အောက်ပါကိစ္စရပ်များအတွက် စည်းမျဉ်းများကို ရေးဆွဲသတ်မှတ်ပေးရမည်-

(က) ဤဇယားကို ကျင့်သုံးသည့် အစည်းအဝေးများအတွက် လုပ်ငန်းစဉ်

(ခ) အစည်းအဝေးတွင် နာယကအဖြစ်ဆောင်ရွက်သူ၏ တာဝန်များ၊ သို့မဟုတ် နာယကဖြစ်သူကို ကူညီသည့်ပုဂ္ဂိုလ်တစ်ဦးဦး၏ တာဝန်များ

(ဂ) တင်သွင်းရမည့် အမည်စာရင်းများပါရှိသည့် ပုံစံစာရွက်

(ဃ) ဆန္ဒမဲပေးခြင်းပြုလုပ်ဆောင်ရွက်ရမည့် ပုံစံ

(၂) တရားသူကြီးချုပ် ဆုံးဖြတ်သတ်မှတ်သည့်အတိုင်း အထက်ပါစည်းမျဉ်းများကို ရေးဆွဲရမည်။

## Part B

## Formula to Determine Party Participation in Provincial Delegations to the National Council of Provinces

1. The number of delegates in a provincial delegation to the National Council of Provinces to which a party is entitled, must be determined by multiplying the number of seats the party holds in the provincial legislature by ten and dividing the result by the number of seats in the legislature plus one.

2. If a calculation in terms of item 1 yields a surplus not absorbed by the delegates allocated to a party in terms of that item, the surplus must compete with similar surpluses accruing to any other party or parties, and any undistributed delegates in the delegation must be allocated to the party or parties in the sequence of the highest surplus.

3. If the competing surpluses envisaged in item 2 are equal, the undistributed delegates in the delegation must be allocated to the party or parties with the same surplus in the sequence from the highest to the lowest number of votes that have been recorded for those parties during the last election for the provincial legislature concerned.

*[Item 3 added by s. 2 of the Constitution Fourth Amendment Act of 1999 and substituted by s. 3 of the Constitution Ninth Amendment Act of 2002 and by s. 5(a) of the Constitution Fourteenth Amendment Act of 2008.]*

4. If more than one party with the same surplus recorded the same number of votes during the last election for the provincial legislature concerned, the legislature concerned must allocate the undistributed delegates in the delegation to the party with the same surplus in a manner which is consistent with democracy.

*[Item 4 added by s. 5(b) of the Constitution Fourteenth Amendment Act of 2008.]*

## အပိုင်း (ခ)

## ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်၏ ပြည်နယ်ကိုယ်စားလှယ်များတွင် အစုအဖွဲ့များ၏ ပါဝင်မှုကို ဆုံးဖြတ်သတ်မှတ်ပုံနည်းလမ်း

(၁) အစုအဖွဲ့တစ်ခုက ပါဝင်ခွင့်ရှိသည့် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်၏ ပြည်နယ်ကိုယ်စားလှယ်အဖွဲ့၏ အဖွဲ့ဝင်ကိုယ်စားလှယ်အရေအတွက်ကို ဆုံးဖြတ်ရန် ပြည်နယ်လွှတ်တော်၌ သက်ဆိုင်ရာပါတီက ရရှိထားသော ကိုယ်စားလှယ်နေရာကို ၁၀ ဖြင့်မြှောက်၍ ရလဒ်ကို ထိုလွှတ်တော်ရှိကိုယ်စားလှယ်ဦးရေကို ၁ပေါင်းကာ စား၍ ဆုံးဖြတ်သတ်မှတ်ရမည်။

(၂) အပိုဒ် (၁) တွင်ဖော်ပြပါရှိသည့် တွက်ချက်နည်းဖြင့် ထွက်ပေါ်လာသည့် ကြွင်းကျန်ရလဒ်သည် ယင်းပါတီတစ်ခုအား ခွင့်ပြုထားသည့် ကိုယ်စားလှယ်နေရာများ ရရှိရန် မပြည့်မီပါက ယင်းကြွင်းကျန်ရလဒ်ကို အခြားအစုပါတီတစ်ခု သို့မဟုတ် ပါတီများ၏ ကြွင်းကျန်ရလဒ်များနှင့် ယှဉ်ပြိုင်ရပါမည်။ ကိုယ်စားလှယ် အဖွဲ့ရှိ မခွဲဝေရသေးသော ကျန်ရှိ ကိုယ်စားလှယ်နေရာများကို ကြွင်းကျန်အများဆုံးရရှိသည့် ပါတီတစ်ခု (သို့မဟုတ်) ပါတီများအလိုက် ခွဲဝေပေးရပါမည်။

(၃) အပိုဒ် (၂) တွင် ဖော်ပြထားသည့် အပြိုင် ကြွင်းကျန် တွက်ချက်မှုရလဒ်များ တူညီနေပါက ကြွင်းကျန်ရလဒ်တူညီသည့် ပါတီတစ်ပါတီ (သို့မဟုတ်) ပါတီများအား သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်၏ နောက်ဆုံးအကြိမ်ကျင်းပခဲ့သည့် ရွေးကောက်ပွဲအတွင်း မဲအရေအတွက် အများဆုံးရရှိသည့် ပါတီမှ အနည်းဆုံးရရှိသည့် ပါတီအလိုက် ရှေ့နောက်စီစဉ်ကာ ကိုယ်စားလှယ်အဖွဲ့အတွင်း ကျန်ရှိနေသည့် ကိုယ်စားလှယ်နေရာများကို ခွဲဝေပေးရပါမည်။

*[အပိုဒ် ၃ အား ၁၉၉၉ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ စတုတ္ထကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ ပုဒ်မ ၂ အရ ထည့်သွင်းခဲ့ပြီး ၂၀၀၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ နဝမကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ ပုဒ်မ ၃ နှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၄ ကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ ပုဒ်မ ၅ (က) အရ အစားထိုးခဲ့သည်။]*

*(၄) အကယ်၍ တစ်ခုထက်မကသောပါတီများသည် ကြွင်းကျန်ရလဒ်ရများတူညီသည်သာမက သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်၏ နောက်ဆုံးရွေးကောက်ပွဲတွင် ရရှိသည့် မဲအရေအတွက်လည်း တူညီပါက သက်ဆိုင်ရာ လွှတ်တော်က ကိုယ်စားလှယ်အဖွဲ့တွင်းရှိ ကျန်ရှိသည့် ကိုယ်စားလှယ်နေရာများကို ဒီမိုကရေစီစံနှုန်းနှင့်အညီ ကြွင်းကျန်လရဒ်တူညီသည့် ပါတီအား ခွဲဝေပေးရပါမည်။*

*[အပိုဒ် ၃ အား ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၄ ကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ ပုဒ်မ ၅ (က) အရ ထည့်သွင်းခဲ့သည်။]*

## SCHEDULE 4

## Functional Areas of Concurrent National and Provincial Legislative Competence

### Part A

- Administration of indigenous forests
- Agriculture
- Airports other than international and national airports
- Animal control and diseases
- Casinos, racing, gambling and wagering, excluding lotteries and sports pools
- Consumer protection
- Cultural matters
- Disaster management
- Education at all levels, excluding tertiary education
- Environment
- Health services
- Housing
- Indigenous law and customary law, subject to Chapter 12 of the Constitution
- Industrial promotion
- Language policy and the regulation of official languages to the extent that the provisions of section 6 of the Constitution expressly confer upon the provincial legislatures legislative competence
- Media services directly controlled or provided by the provincial government, subject to section 192
- Nature conservation, excluding national parks, national botanical gardens and marine resources

ဇယား ၄

# ဗဟိုအဆင့်နှင့် ပြည်နယ်အဆင့် အပြိုင်ကျင့်သုံးနိုင်သော ဥပဒေပြုရေးဆောင်ရွက်ချက်အတွက် လုပ်ငန်းကိစ္စရပ်များ

## အပိုင်း က

- ဒေသခံ နယ်မြေရှိ သစ်တောများကို စီမံခန့်ခွဲခြင်း
- စိုက်ပျိုးရေး
- အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းလေဆိပ်များအပ လေဆိပ်များ
- တိရစ္ဆာန်ထိန်းချုပ်ရေးနှင့် ကူးစက်ရောဂါများ
- ထီနှင့် အားကစားရေကူးကန်များမှအပ လောင်းကစားရုံများ၊ ပြိုင်ပွဲများ၊ လောင်းကစားလုပ်ငန်း နှင့် လောင်းကစားမှု
- စားသုံးသူကာကွယ်ရေး
- ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ
- သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု
- အဆင့်မြင့်ပညာရေးမှအပ အခြားပညာရေးအဆင့်အားလုံး
- သဘာဝပတ်ဝန်းကျင်
- ကျန်းမာရေးဝန်ဆောင်မှုများ
- အိုးအိမ်
- ဒေသခံတို့၏ ဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေ (ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း ၁၂ နှင့် အညီဖြစ်ရမည်။)
- စက်မှုလုပ်ငန်း မြှင့်တင်အားပေးခြင်း
- ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များအရ ပြည်နယ် ဥပဒေပြု လွှတ်တော်များ၏ ဥပဒေပြုရေး လုပ်ပိုင်ခွင့်အာဏာက ခွင့်ပြုသည့်အတိုင်းအတာအထိ ဘာသာစကားဆိုင်ရာ မူဝါဒနှင့် ရုံးသုံးဘာသာ စကားများကို သတ်မှတ်ပြဋ္ဌာန်းခြင်း
- ပုဒ်မ ၁၉၂ နှင့်အညီ ပြည်နယ်အစိုးရက တိုက်ရိုက် ထိန်းချုပ်သော သို့မဟုတ် ပံ့ပိုးသော မီဒီယာလုပ်ငန်းများ
- အမျိုးသားဥယျာဉ်များ၊ အမျိုးသား ရုက္ခဗေဒဥယျာဉ်များ၊ အဏ္ဏဝါရင်းမြစ်များ မှအပ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု၊

- Police to the extent that the provisions of Chapter 11 of the Constitution confer upon the provincial legislatures legislative competence
- Pollution control
- Population development
- Property transfer fees
- Provincial public enterprises in respect of the functional areas in this Schedule and Schedule 5
- Public transport
- Public works only in respect of the needs of provincial government departments in the discharge of their responsibilities to administer functions specifically assigned to them in terms of the Constitution or any other law
- Regional planning and development
- Road traffic regulation
- Soil conservation
- Tourism
- Trade
- Traditional leadership, subject to Chapter 12 of the Constitution
- Urban and rural development
- Vehicle licensing
- Welfare services

- ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း ၁၁ ပါ ပြဋ္ဌာန်းချက်များအရ ပြည်နယ် ဥပဒေပြု လွှတ်တော်များ၏ ဥပဒေပြုရေး အခွင့်အာဏာတွင် အကြုံးဝင်သည့် ရဲတပ်ဖွဲ့ ဆိုင်ရာကိစ္စရပ်များ
- ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းချုပ်ရေး
- လူဦးရေဖွံ့ဖြိုးမှု
- ပိုင်ဆိုင်မှုလက်ပြောင်းလက်လွှဲပြုသည့် အခွန်အခများ
- ဤဇယားနှင့် ဇယား ၅ တွင်ပါရှိသည့် လုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်နယ်အစိုးရပိုင် လုပ်ငန်းများ
- အများပြည်သူ ပို့ဆောင်ရေး
- ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သို့မဟုတ် အခြားဥပဒေတစ်ရပ်အရ သီးခြားတာဝန်ပေးအပ်ထားသည့် လုပ်ငန်းများကို စီမံခန့်ခွဲရန် ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်ရာတွင် ပြည်နယ်အစိုးရ၏ ဌာနဆိုင်ရာအဖွဲ့အစည်းများ၏ လိုအပ်ချက်ကို မူတည်၍ အများပြည်သူဆိုင်ရာ လုပ်ငန်းများ
- ဒေသစီမံကိန်းနှင့် ဖွံ့ဖြိုးရေး
- ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသတ်မှတ်ပြဋ္ဌာန်းရေး
- မြေဆီလွှာထိန်းသိမ်းစောင့်ရှောက်ရေး
- ခရီးသွားလုပ်ငန်း
- ကုန်သွယ်ရေး
- ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း ၁၂ ပါ ပြဋ္ဌာန်းချက်နှင့် အညီ မိရိုးဖလာ အုပ်ချုပ်ဦးဆောင်မှု
- မြို့ပြနှင့် ကျေးလက် ဖွံ့ဖြိုးရေး
- ယာဉ်မှတ်ပုံတင်ခြင်း
- လူမှုဖူလုံရေး ဝန်ဆောင်မှုများ

## Part B

The following local government matters to the extent set out in section 155(6)(a) and (7):

- Air pollution
- Building regulations
- Child care facilities
- Electricity and gas reticulation
- Firefighting services
- Local tourism
- Municipal airports
- Municipal planning
- Municipal health services
- Municipal public transport
- Municipal public works only in respect of the needs of municipalities in the discharge of their responsibilities to administer functions specifically assigned to them under this Constitution or any other law
- Pontoons, ferries, jetties, piers and harbours, excluding the regulation of international and national shipping and matters related thereto
- Stormwater management systems in built-up areas
- Trading regulations Water and sanitation services limited to potable water supply systems and domestic wastewater and sewage disposal systems

## အပိုင်း ခ

ပုဒ်မ ၁၅၅ (၆) (က) နှင့် (၇) တို့တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များတွင် အောက်ဖော်ပြပါ ဒေသန္တရ အစိုးရလုပ်ငန်းကိစ္စရပ်များ အကြုံးဝင်သည်-

- လေထုညစ်ညမ်းမှု
- အဆောက်အအုံဆောက်လုပ်မှု စည်းမျဉ်းများ
- ကလေးသူငယ် စောင့်ရှောက်မှုအဖွဲ့အစည်းများ
- လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးခြင်း
- မီးသတ်လုပ်ငန်း
- ဒေသတွင်း ခရီးသွားလုပ်ငန်း
- စည်ပင်သာယာနယ်မြေ လေဆိပ်များ
- စည်ပင်သာယာရေး စီမံကိန်း
- စည်ပင်သာယာနယ်မြေ အများပြည်သူ သယ်ယူပို့ဆောင်ရေး
- ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သို့မဟုတ် အခြားဥပဒေတစ်ရပ်အရ သီးခြားတာဝန်ပေးအပ်ထားသည့် လုပ်ငန်းများကို စီမံခန့်ခွဲရန် ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်ရာတွင် စည်ပင်သာယာနယ်မြေများ၏ လိုအပ်ချက်ကို မူတည်၍ အများပြည်သူဆိုင်ရာ လုပ်ငန်းများ
- နိုင်ငံတကာနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးဆိုင်ရာ စည်းမျဉ်းများမှ ကင်းလွတ်သည့် ဆိပ်ခံသင်္ဘောမွန်များ၊ ကူးတို့များ၊ ဆိပ်ခံတံတားများ၊ သင်္ဘောဆိုက်ကပ် ဆိပ်ခံများ၊ ဆိပ်ကမ်းများ
- အဆောက်အအုံထူထပ်သော နေရာများတွင် မုန်တိုင်းရေကြီးမှုလျော့နည်းအောင် စီမံခန့်ခွဲခြင်း
- ကုန်သွယ်ရေးစည်းမျဉ်းများ
- ဒေသတွင်း ရေဆိုးစွန့်ပစ်မှုစနစ်များနှင့် အိတ်ဆောင်ရေဖြန့်ဖြူးရေးစနစ်အဖြစ် ကန့်သတ်ထားသည့် ရေနှင့်သန့်ရှင်းရေး ဝန်ဆောင်မှုများ

## SCHEDULE 5

## Functional Areas of Exclusive

## Provincial Legislative Competence

### Part A

- Abattoirs
- Ambulance services
- Archives other than national archives
- Libraries other than national libraries
- Liquor licences
- Museums other than national museums
- Provincial planning
- Provincial cultural matters
- Provincial recreation and amenities
- Provincial sport
- Provincial roads and traffic
- Veterinary services, excluding regulation of the profession

### Part B

The following local government matters to the extent set out for provinces in section 155(6)(a) and (7):

- Beaches and amusement facilities
- Billboards and the display of advertisements in public places
- Cemeteries, funeral parlours and crematoria
- Cleansing
- Control of public nuisances

## ဇယား ၅

## ပြည်နယ်ဥပဒေပြုရေး သီးခြား လုပ်ပိုင်ခွင့်အာဏာရရှိသော လုပ်ငန်းကိစ္စများ

### အပိုင်း က

- သားသတ်လုပ်ငန်းများ
- လူနာတင်ယာဉ်ဝန်ဆောင်မှုများ
- အမျိုးသားမော်ကွန်းတိုက်များမှအပ မော်ကွန်းတိုက်များ
- အမျိုးသားစာကြည့်တိုက်များမှအပ စာကြည့်တိုက်များ
- ယစ်မျိုးလိုင်စင်များ
- အမျိုးသားပြတိုက်များမှအပ ပြတိုက်များ
- ပြည်နယ်စီမံကိန်းလုပ်ငန်းများ
- ပြည်နယ်ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ
- ပြည်နယ်တွင်းရှိ အပန်းဖြေစရာနေရာများ
- ပြည်နယ်အဆင့် အားကစားလှုပ်ရှားမှုများ
- ပြည်နယ်လမ်းများနှင့် လမ်းအသုံးပြုမှု
- တိရစ္ဆာန်ကု သက်မွေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်းများမှအပ တိရစ္ဆာန်ကုဝန်ဆောင်မှုများ

### အပိုင်း (ခ)

- ပုဒ်မ ၁၅၅ (၆) (က) နှင့် (၇) တွင် ပြဋ္ဌာန်းထားသည့် ပြည်နယ်များဆိုင်ရာ ပြဋ္ဌာန်းချက်များတွင် အကြုံးဝင်သည့် လုပ်ငန်းကိစ္စများမှာ အောက်ပါအတိုင်းဖြစ်သည်-
- ကမ်းခြေများနှင့် အပန်းဖြေလုပ်ငန်းများ
- လမ်းဘေးဆိုင်းဘုတ်များနှင့် အများပြည်သူဆိုင်ရာ နေရာများတွင် ကြော်ငြာများစိုက်ထူပြသခြင်း
- သုသာန်များ၊ အသုဘလုပ်ငန်းနှင့် မီးသဂြိုဟ်လုပ်ငန်း
- သန့်ရှင်းရေးလုပ်ငန်း
- အများပြည်သူ စိတ်အနှောက်အယှက် ကင်းဝေးစေရေး ထိန်းချုပ်ခြင်း

- Control of undertakings that sell liquor to the public
- Facilities for the accommodation, care and burial of animals
- Fencing and fences
- Licensing of dogs
- Licensing and control of undertakings that sell food to the public
- Local amenities
- Local sport facilities
- Markets
- Municipal abattoirs
- Municipal parks and recreation
- Municipal roads
- Noise pollution
- Pounds
- Public places
- Refuse removal, refuse dumps and solid waste disposal
- Street trading
- Street lighting
- Traffic and parking

- အများပြည်သူသို့ အရက်သေစာရောင်းချသည့် လုပ်ငန်းများကို ထိန်းချုပ်ခြင်း
- နေအိမ်အဆောက်အအုံ ထိန်းသိမ်းမှုနှင့် တိရစ္ဆာန်များ မြေမြှုပ်ခြင်းတို့အတွက် လိုအပ်သည့် အထောက်အပံ့ပစ္စည်းများ
- ခြံဝင်းခတ်ခြင်းနှင့် ခြံစည်းရိုးကာခြင်း
- ခွေးများ မှတ်ပုံတင်ခြင်း
- ပြည်သူသို့ အစားအသောက်ရောင်းချသည့် လုပ်ငန်းများကို လုပ်ငန်းလိုင်စင်ပေးခြင်းနှင့် ထိန်းချုပ်ခြင်း
- ပြည်နယ်တွင်း အပန်းဖြေစရာများ
- ပြည်နယ်တွင်း အားကစားရုံ၊ အားကစားကွင်းများ
- ဈေးများ
- စည်ပင် သားသတ်ရုံများ
- စည်ပင်ပန်းခြံများနှင့် အပန်းဖြေစရာနေရာများ
- စည်ပင်လမ်းများ
- ဆူညံသံ ထုပြောမှု
- အင်းအိုင်များ
- အများပြည်သူဆိုင်ရာနေရာများ
- အမှိုက်သရိုက် ရှင်းလင်းခြင်း၊ အမှိုက်ပုံများနှင့် အမှိုက်စွန့်ပစ်ခြင်း
- လမ်းဘေးဈေးသည်
- လမ်းမီး
- လမ်းအသုံးပြုမှုနှင့် ကားရပ်နားရန်နေရာ

# SCHEDULE 6

## Transitional Arrangements

*[Schedule 6 amended by s. 3 of Constitution First Amendment Act of 1997, by s. 5 of Constitution Second Amendment Act of 1998 and by s. 20 of Constitution Sixth Amendment Act of 2001.]*

### Definitions

1. In this Schedule, unless inconsistent with the context—

"homeland" means a part of the Republic which, before the previous Constitution took effect, was dealt with in South African legislation as an independent or a self-governing territory;

"new Constitution" means the Constitution of the Republic of South Africa, 1996;

"old order legislation" means legislation enacted before the previous Constitution took effect;

"previous Constitution" means the Constitution of the Republic of South Africa, 1993 (Act 200 of 1993).

### Continuation of existing law

2. (1) All law that was in force when the new Constitution took effect, continues in force, subject to—

(a) any amendment or repeal; and

(b) consistency with the new Constitution.

(2) Old order legislation that continues in force in terms of subitem (1)—

(a) does not have a wider application, territorially or otherwise, than it had before the previous Constitution took effect unless subsequently amended to have a wider application; and

**ဇယား ၆**

**ကူးပြောင်းရေးကာလ အစီအမံများ**

*[ဇယား ၆ အား ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပထမကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ ပုဒ်မ ၂၀ ဖြင့်လည်းကောင်း၊ ၁၉၉၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ ပုဒ်မ (၅) ဖြင့်လည်းကောင်း၊ ၂၀၀၁ ခုနှစ် စည်းပုံအခြေခံဥပဒေ ဆဋ္ဌမ ကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ ပုဒ်မ ၂၀ ဖြင့်လည်းကောင်း ပြင်ဆင်သည်။]*

**အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

၁။ စကားစပ် အကြောင်းအရာနှင့် ကွဲလွဲခြင်းမရှိပါက ဤဇယားတွင်ပါသည့် စကားရပ်များကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုရမည်။

'ဒာတိမြေ' ဆိုသည်မှာ ယခင် ဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာမတည်မီ တောင်အာဖရိကနိုင်ငံ၏ ဥပဒေ ပြဋ္ဌာန်းမှုတွင် လွတ်လပ်သော သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရသော နယ်မြေတစ်ခုအဖြစ် ကိုင်တွယ်ခဲ့သည့် သမ္မတနိုင်ငံ၏ အစိတ်အပိုင်းတစ်ရပ်ကို ဆိုလိုသည်။

'ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်' ဟူသည် ၁၉၉၆ ခုနှစ် တောင်အာဖရိက သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဆိုလိုသည်။

'စနစ်ဟောင်းမှ ဥပဒေပြဋ္ဌာန်းချက်' ဟူသည် ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီ ပြဋ္ဌာန်းထားသည့် ဥပဒေပြဋ္ဌာန်းချက်များကို ဆိုလိုသည်။

' ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေ' ဟူသည် ၁၉၉၃ ခုနှစ် တောင်အာဖရိက သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၃ ခုနှစ် အက်ဥပဒေအမှတ် ၂၀၀) ကို ဆိုလိုသည်။

**တည်ဆဲဥပဒေများ၏ ဆက်လက်တည်ရှိမှု**

၂။ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်ချိန်တွင် အာဏာတည်ဆဲဖြစ်သော ဥပဒေများ သည် အောက်ပါအခြေအနေများနှင့်အညီ ဆက်လက်အာဏာတည်သည်-

(က) ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့်

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် ကိုက်ညီမှုရှိခြင်း

(၂) အမျိုးအစားခွဲ (၁) တွင် ဖော်ပြထားသည့်အတိုင်း ဆက်လက်အာဏာတည်သည့် စနစ်ဟောင်းဥပဒေပြဋ္ဌာန်းချက်သည်

(က) ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာသက်ရောက်စဥ်က နယ်မြေအရ (သို့မဟုတ်) အခြားနည်းအားဖြင့် ကျယ်ပြန့်သော ကျင့်သုံးမှုမရှိတော့ပါ။

(b) continues to be administered by the authorities that administered it when the new Constitution took effect, subject to the new Constitution.

## Interpretation of existing legislation

3. (1) Unless inconsistent with the context or clearly inappropriate, a reference in any legislation that existed when the new Constitution took effect—

(a) to the Republic of South Africa or a homeland (except when it refers to a territorial area), must be construed as a reference to the Republic of South Africa under the new Constitution;

(b) to Parliament, the National Assembly or the Senate, must be construed as a reference to Parliament, the National Assembly or the National Council of Provinces under the new Constitution;

(c) to the President, an Executive Deputy President, a Minister, a Deputy Minister or the Cabinet, must be construed as a reference to the President, the Deputy President, a Minister, a Deputy Minister or the Cabinet under the new Constitution, subject to item 9 of this Schedule;

(d) to the President of the Senate, must be construed as a reference to the Chairperson of the National Council of Provinces;

(e) to a provincial legislature, Premier, Executive Council or member of an Executive Council of a province, must be construed as a reference to a provincial legislature, Premier, Executive Council or member of an Executive Council under the new Constitution, subject to item 12 of this Schedule; or

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ အခြေခံဥပဒေသစ် အာဏာတည်ချိန်တွင် စနစ်ဟောင်းဥပဒေပြဋ္ဌာန်း မှုကို စီမံခန့်ခွဲသည့် အာဏာပိုင်များက ဆက်လက် စီမံခန့်ခွဲရမည်။

## တည်ဆဲဥပဒေပြဋ္ဌာန်းချက်ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း

၃။ (၁) စကားစပ် နောက်ခံအကြောင်းအရာနှင့်ကွဲလွဲခြင်း သို့မဟုတ် လျော်ကန်မှုမရှိကြောင်း သိသာထင်ရှားခြင်း မရှိလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်ချိန်တွင် တည်ရှိနေသည့် တည်ဆဲ ဥပဒေပြဋ္ဌာန်းချက်တိုင်း တွင်ပါရှိသည့်ရည်ညွှန်းချက်များဖြစ်သည့်-

(က) ပိုင်နက်နယ်နိမိတ်ကို ရည်ညွှန်းခြင်းမှအပ အမိမြေ သို့မဟုတ် တောင်အဖရိကသမ္မတနိုင်ငံကို ရည်ညွှန်းချက်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရရှိနေသည့် တောင်အဖရိကသမ္မတနိုင်ငံကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

(ခ) အမြင့်ဆုံးဥပဒေပြုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အထက်လွှတ်တော်တို့ကို ရည်ညွှန်းချက်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရရှိနေသည့် အမြင့်ဆုံးဥပဒေပြုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် တို့ကို ရည်ညွှန်းသည်။

(ဂ) သမ္မတ၊ ဒုတိယသမ္မတ၊ ဝန်ကြီး၊ ဒုဝန်ကြီး သို့မဟုတ် အစိုးရအဖွဲ့ကို ရည်ညွှန်းချက်များသည် ဤဇယားပါ အချက် ၉ ပါပြဋ္ဌာန်းချက်နှင့်အညီ ဤဖွဲ့စည်းပုံအခြေခံဥပဒေသစ် အရရှိနေသည့် သမ္မတ၊ ဒုတိယသမ္မတ၊ ဝန်ကြီး၊ ဒုဝန်ကြီး သို့မဟုတ် အစိုးရအဖွဲ့ကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

(ဃ) အထက်လွှတ်တော်ဥက္ကဋ္ဌကို ရည်ညွှန်းချက်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေသစ် အရရှိနေသည့် ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကို ရည်ညွှန်းသည်။

(င) ပြည်နယ်ဥပဒေပြုလွှတ်တော်၊ ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့ဝင်တို့ကို ရည်ညွှန်းချက်များသည် ဤဇယားပါ အချက် ၁၂ ပါပြဋ္ဌာန်းချက်များနှင့်အညီ ဤဖွဲ့စည်းပုံအခြေခံဥပဒေသစ် အရရှိနေသည့် ပြည်နယ် ဥပဒေပြု လွှတ်တော်၊ ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်တို့ ကို ရည်ညွှန်းသည်။

(f) to an official language or languages, must be construed as a reference to any of the official languages under the new Constitution.

(2) Unless inconsistent with the context or clearly inappropriate, a reference in any remaining old order legislation—

(a) to a Parliament, a House of a Parliament or a legislative assembly or body of the Republic or of a homeland, must be construed as a reference to—

(i) Parliament under the new Constitution, if the administration of that legislation has been allocated or assigned in terms of the previous Constitution or this Schedule to the national executive; or

(ii) the provincial legislature of a province, if the administration of that legislation has been allocated or assigned in terms of the previous Constitution or this Schedule to a provincial executive; or

(b) to a State President, Chief Minister, Administrator or other chief executive, Cabinet, Ministers' Council or executive council of the Republic or of a homeland, must be construed as a reference to—

(i) the President under the new Constitution, if the administration of that legislation has been allocated or assigned in terms of the previous Constitution or this Schedule to the national executive; or

(စ) ရုံးသုံးဘာသာစကားတစ်ခု သို့မဟုတ် ရုံးသုံးဘာသာစကားများဟူသည့် ရည်ညွှန်းချက်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေသစ် အရရှိနေသည့် ရုံးသုံး ဘာသာစကားမှန်သမျှကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

(၂) စကားစပ် နောက်ခံအကြောင်းအရာနှင့်ကွဲလွဲခြင်း သို့မဟုတ် လျော်ကန်မှုမရှိကြောင်း သိသာထင်ရှားခြင်း မရှိလျှင် လက်ကျန်စနစ်ဟောင်း ဥပဒေပြဋ္ဌာန်းချက်မှန်သမျှတွင် ပါရှိသည့် ရည်ညွှန်းချက်များကို အောက်ဖော်ပြပါအတိုင်း မှတ်ယူရမည်-

(က) လွှတ်တော်သို့မဟုတ် လွှတ်တော်တစ်ရပ် သို့မဟုတ် ဥပဒေပြုအဖွဲ့တစ်ဖွဲ့ သို့မဟုတ် သမ္မတနိုင်ငံ၏ သို့မဟုတ် အမိမြေ၏ အဖွဲ့အစည်းတစ်ခု သို့မဟုတ် အမိမြေဟူသည့် စကားရပ်များသည်

(၁) စနစ်ဟောင်းဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ကို စီမံခန့်ခွဲမှုအား ယခင်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သို့မဟုတ် ဤဇယားအရ နိုင်ငံတော်အုပ်ချုပ်ရေး ထံအပ်နှင်းထားပါက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပေါ်ပေါက်လာသည့် အမြင့်ဆုံးဥပဒေ ပြုလွှတ်တော်ကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

(၂) စနစ်ဟောင်းဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ကို စီမံခန့်ခွဲမှုအား ယခင်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သို့မဟုတ် ဤဇယားအရ ပြည်နယ်အစိုးရထံ အပ်နှင်းထားပါက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပေါ်ပေါက်လာသည့် ပြည်နယ် ဥပဒေပြု လွှတ်တော်ကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

(ခ) နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်၊ အုပ်ချုပ်ရေးမှူး သို့မဟုတ် အခြားအစိုးရဌာနဆိုင်ရာ အကြီးအကဲ၊ အစိုးရအဖွဲ့၊ တောင်အာဖရိက သမ္မတနိုင်ငံ၏ သို့မဟုတ် အမိမြေ၏ ဝန်ကြီးများအဖွဲ့ သို့မဟုတ် အစိုးရအဖွဲ့ ဟူသည့် ရည်ညွှန်းချက်များကို အောက်ဖော်ပြပါအတိုင်း ရည်ညွှန်းသည်ဟု မှတ်ယူရမည်-

(၁) စနစ်ဟောင်းဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ကို စီမံခန့်ခွဲမှုအား ယခင်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သို့မဟုတ် ဤဇယားအရ နိုင်ငံတော်အုပ်ချုပ်မှု ထံအပ်နှင်းထားပါက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပေါ်ပေါက်လာသည့် သမ္မတကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။ သို့တည်းမဟုတ်

(ii) the Premier of a province under the new Constitution, if the administration of that legislation has been allocated or assigned in terms of the previous Constitution or this Schedule to a provincial executive.

## National Assembly

4. (1) Anyone who was a member or office-bearer of the National Assembly when the new Constitution took effect, becomes a member or office-bearer of the National Assembly under the new Constitution, and holds office as a member or office-bearer in terms of the new Constitution.

(2) The National Assembly as constituted in terms of subitem (1) must be regarded as having been elected under the new Constitution for a term that expires on 30 April 1999.

(3) The National Assembly consists of 400 members for the duration of its term that expires on 30 April 1999, subject to section 49(4) of the new Constitution.

(4) The rules and orders of the National Assembly in force when the new Constitution took effect, continue in force, subject to any amendment or repeal.

## Unfinished business before Parliament

5. (1) Any unfinished business before the National Assembly when the new Constitution takes effect must be proceeded with in terms of the new Constitution.

(2) Any unfinished business before the Senate when the new Constitution takes effect must be referred to the National Council of Provinces, and the Council must proceed with that business in terms of the new Constitution.

(၂) စနစ်ဟောင်းဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ကို စီမံခန့်ခွဲမှုအား ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေအရ သို့မဟုတ် ဤဇယားအရ ပြည်နယ်အစိုးရထံ အပ်နှင်းထားပါက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပေါ်ပေါက်လာ သည့် ပြည်နယ်ဝန်ကြီးချုပ်ကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

**ပြည်သူ့လွှတ်တော်**

၄။ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်ချိန်တွင် ပြည်သူ့လွှတ်တော် ၌ ရာထူးတာဝန်ထမ်းဆောင်နေသူ သို့မဟုတ် လွှတ်တော်၏အဖွဲ့ဝင် ဖြစ်သူတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေသ စ်အရ ပေါ်ပေါက်လာသည့် တိုင်းပြည်ပြုလွှတ်တော်၏ ပြည်သူ့လွှတ်တော် ၏ ရာထူးတာဝန်ထမ်းဆောင်နေသူ သို့မဟုတ် လွှတ်တော်၏ အဖွဲ့ဝင် ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်၏ ရာထူးတာဝ န်ထမ်းဆောင်နေသူ သို့မဟုတ် လွှတ်တော်၏ အဖွဲ့ဝင် ရာထူး ကို ရရှိသည်။

(၂) အချက် (၁) ပါပြဋ္ဌာန်းချက်များအရ ဖွဲ့စည်းသည့် ပြည်သူ့လွှတ်တော်သည် ၁၉၉၉ ခုနှစ် ဧပြီလ ၃၀ ရက်တွင် သက်တမ်းကုန်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ဟု မှတ်ယူရမည်။

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၄၉ (၄) နှင့်အညီ ၁၉၉၉ ခုနှစ် ဧပြီ လ ၃၀ ရက် တွင် သက်တမ်းကုန်ဆုံးသည့် ပြည်သူ့လွှတ်တော်၏ သက်တမ်းတွင် ကိုယ်စားလှယ်ဦးရေ ၄၀၀ ဖြင့်ဖွဲ့စည်းခဲ့သည်။

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် အသက်ဝင်သည့်အချိန်တွင် ပြည်သူ့လွှတ်တော်၏ စည်းမျဉ်းများနှင့် အမိန့်များသည် ပြင်ဆင်ချက်ဥပဒေသို့မဟုတ် ဥပဒေဖျက်သိမ်းမှုများနှင့် လျော်ညီစွာ ဆက်လက်အာဏာ သက်ရောက်သည်။

**အမြင့်ဆုံးဥပဒေ ပြုလွှတ်တော်မခေါ်မီက အပြီးမသတ်သေးသည့် လုပ်ငန်းများ**

၅။ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်သည့်အချိန်တွင် ပြည်သူ့ လွှတ်တော်၌ အပြီးသတ် ရန် ကျန်ရှိနေသည့် လုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်သည့်အချိန်တွင် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် ၌ အပြီးသတ်ရန် ကျန်ရှိနေသည့်လုပ်ငန်းများကို အသစ်ပေါ်လာသည့် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် အထံသို့လွှဲပို့ရမည်။ ထိုလွှတ်တော်က ထိုလက်ကျန်လုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

## Elections of National Assembly

6. (1) No election of the National Assembly may be held before 30 April 1999 unless the Assembly is dissolved in terms of section 50(2) after a motion of no confidence in the President in terms of section 102(2) of the new Constitution.

(2) Section 50(1) of the new Constitution is suspended until 30 April 1999.

(3) Despite the repeal of the previous Constitution, Schedule 2 to that Constitution, as amended by Annexure A to this Schedule, applies—

(a) to the first election of the National Assembly under the new Constitution;

(b) to the loss of membership of the Assembly in circumstances other than those provided for in section 47(3) of the new Constitution; and

(c) to the filling of vacancies in the Assembly, and the supplementation, review and use of party lists for the filling of vacancies, until the second election of the Assembly under the new Constitution.

(4) Section 47(4) of the new Constitution is suspended until the second election of the National Assembly under the new Constitution.

## National Council of Provinces

7. (1) For the period which ends immediately before the first sitting of a provincial legislature held after its first election under the new Constitution—

(a) the proportion of party representation in the province's delegation to the National Council of Provinces must be the same as the proportion in which the province's 10 senators were nominated in terms of section 48 of the previous Constitution; and

(b) the allocation of permanent delegates and special delegates to the parties represented in the provincial legislature, is as follows:

## ပြည်သူ့ လွှတ်တော်ကို ရွေးကောက်တင်မြှောက်ခြင်း

၆။ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၁၈၂ အရ သမ္မတကို အယုံအကြည်မရှိအဆိုတင်သွင်းပြီးနောက် ပုဒ်မ ၅၀ (၂) အရ ပြည်သူ့ လွှတ်တော် ကို ဖျက်သိမ်းခြင်းမပြုပါက ၁၉၉၉ ခုနှစ် ဧပြီလ ၃၀ ရက်မ တိုင်မီ ပြည်သူ့ လွှတ်တော်ကို ရွေးကောက်တင်မြှောက်ခြင်းအား မပြုလုပ်ရ။

(၂) ၁၉၉၉ ခုနှစ် ဧပြီလ ၃၀ ရက်မတိုင်မီအထိ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၅၀(၁)ကိုဆိုင်းငံ့သည်။

(၃) ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ဖျက်သိမ်းလိုက်သည့်တိုင် ထိုဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယား ၂ ကို ဤဇယား၌ နောက်ဆက်တွဲ က ဖြင့် ပြင်ဆင်သည်။ ထိုဇယား၂ ကို အောက်ပါကိစ္စရပ်များအတွက် ကျင့်သုံးနိုင်သည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပြည်သူ့လွှတ်တော်ကို ပထမဆုံး ရွေးကောက်တင်မြှောက်ခြင်း

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၄၇ (၃) ပါ ပြဋ္ဌာန်းချက်များတွင် အကြုံးဝင်သည့် အခြေအနေများမှအပ အခြားအခြေအနေများတွင် ပြည်သူ့လွှတ်တော်၏ ကိုယ်စားလှယ်နေရာ လစ်လပ်မှု

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပြည်သူ့လွှတ်တော်ကို ဒုတိယအကြိမ် ရွေးကောက် တင်မြှောက်ချိန်ထိ ပြည်သူ့လွှတ်တော်ရှိ လစ်လပ်နေရာများကို ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း၊ လစ်လပ် ကိုယ်စားလှယ်နေရာများအတွက် ပါတီစာရင်းကို အသုံးပြုခြင်းနှင့် သုံးသပ်လေ့လာခြင်း

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပြည်သူ့ လွှတ်တော်ကို ဒုတိယအကြိမ် ရွေးကောက်တင်မြှောက်ချိန်ထိ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၄၇ (၄) ကို ဆိုင်းငံ့ထားရမည်။

## ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်

၇။ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်တင်မြှောက်လိုက်သည့် ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ရပ်၏ ပထမဆုံး အစည်းအဝေးမတိုင်မီ ပြီးဆုံးသွားသည့် ကာလအတွက် -

(က) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်၌ သက်ဆိုင်ရာပြည်နယ်၏ ကိုယ်စားလှယ်အဖွဲ့တွင် ပါတီကိုယ်စားပြုမှုအချိုးသည် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၈ အရ အမည်စာရင်းတင်သွင်းသည့် သက်ဆိုင်ရာပြည်နယ်၏ ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ၁၀ ဦးပါဝင်သည့် အချိုးနှင့် တူညီသော အချိုးဖြစ်ရမည်။

(ခ) ပြည်နယ်ဥပဒေပြုလွှတ်တော်တွင် ကိုယ်စားပြုသည့် ပါတီများအတွက် အမြဲတမ်းကိုယ်စားလှယ်နှင့် အထူးကိုယ်စားလှယ်ခွဲဝေမှုသည် အောက်ဖော်ပြပါ အတိုင်းဖြစ်သည်။

| PROVINCE | PERMANENT DELEGATES | SPECIAL DELEGATES |
|---|---|---|
| 1. Eastern Cape | ANC 5<br>NP 1 | ANC 4 |
| 2. Free State | ANC 4<br>FF 1<br>NP 1 | ANC 4 |
| 3. Gauteng | ANC 3<br>DP 1<br>FF 1<br>NP 1 | ANC 3<br>NP 1 |
| 4. KwaZulu-Natal | ANC 1<br>DP 1<br>IFP 3<br>NP 1 | ANC 2<br>IFP 2 |
| 5. Mpumalanga | ANC 4<br>FF 1<br>NP 1 | ANC 4 |
| 6. Northern Cape | ANC 3<br>FF 1<br>NP 2 | ANC 2<br>NP 2 |
| 7.Northern Province | ANC 6 | ANC 4 |
| 8. North West | ANC 4<br>FF 1<br>NP 1 | ANC 4 |
| 9. Western Cape | ANC 2<br>DP 1<br>NP 3 | ANC 1<br>NP 3 |

| ပြည်နယ် | အမြဲတမ်းကိုယ်စားလှယ်များ | အထူးကိုယ်စားလှယ်များ |
|---|---|---|
| ၁။ Eastern Cape ပြည်နယ် | ANC 5<br>NP 1 | ANC 4 |
| ၂။ Free State ပြည်နယ် | ANC 4<br>FF 1<br>NP 1 | ANC 4 |
| ၃။ Gauteng ပြည်နယ် | ANC 3<br>DP 1<br>FF 1<br>NP 1 | ANC 3 NP 1 |
| ၄။ KwaZulu-Natal ပြည်နယ် | ANC 1<br>DP 1<br>IFP 3<br>NP 1 | ANC 2<br>IFP 2 |
| ၅။ Mpumalanga ပြည်နယ် | ANC 4<br>FF 1<br>NP 1 | ANC 4 |
| ၆။ Northern Cape ပြည်နယ် | ANC 3<br>FF 1<br>NP 2 | ANC 2<br>NP 2 |
| ၇။ Northern Province ပြည်နယ် | ANC 6 | ANC 4 |
| ၈။ North West ပြည်နယ် | ANC 4<br>FF 1<br>NP 1 | ANC 4 |
| ၉။ Western Cape ပြည်နယ် | ANC 2<br>DP 1<br>NP 3 | ANC 1<br>NP 3 |

(2) A party represented in a provincial legislature—

(a) must nominate its permanent delegates from among the persons who were senators when the new Constitution took effect and are available to serve as permanent delegates; and

(b) may nominate other persons as permanent delegates only if none or an insufficient number of its former senators are available.

(3) A provincial legislature must appoint its permanent delegates in accordance with the nominations of the parties.

(4) Subitems (2) and (3) apply only to the first appointment of permanent delegates to the National Council of Provinces.

(5) Section 62(1) of the new Constitution does not apply to the nomination and appointment of former senators as permanent delegates in terms of this item.

(6) The rules and orders of the Senate in force when the new Constitution took effect, must be applied in respect of the business of the National Council to the extent that they can be applied, subject to any amendment or repeal.

### Former senators

8. (1) A former senator who is not appointed as a permanent delegate to the National Council of Provinces is entitled to become a full voting member of the legislature of the province from which that person was nominated as a senator in terms of section 48 of the previous Constitution.

(၂) ပြည်နယ် ဥပဒေပြု လွှတ်တော်တွင် ကိုယ်စားပြုသည့် ပါတီတစ်ခုသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်ချိန်တွင် အထက်လွှတ်တော် ကိုယ်စားလှယ်ဖြစ်ကြပြီး အမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များအနက်မှ ပါတီ၏ အမြဲတမ်းကိုယ်စား လှယ်ကို အမည်စာရင်းတင်သွင်းရမည်။

(ခ) ပါတီ၏ ယခင် အထက်လွှတ်တော်ကိုယ်စားလှယ်များထဲတွင် လုံလောက်သော ကိုယ်စားလှယ်အရေအတွက် မရှိခြင်း သို့မဟုတ် ပါတီကိုယ်စားပြု အထက်လွှတ်တော် ကိုယ်စားလှယ်မရှိခြင်းတို့ ဖြစ်ပေါ်မှသာလျှင် အခြားပုဂ္ဂိုလ်များကို ပါတီ၏ အမြဲတမ်းကိုယ်စားလှယ်အဖြစ် အမည်စာရင်းတင်သွင်းရ မည်။

(၃) ပါတီများမှ အမည်စာရင်းတင်သွင်းမှုနှင့်အညီ ပြည်နယ် ဥပဒေပြု လွှတ်တော်သည် ယင်း၏အမြဲတမ်း ကိုယ်စားလှယ်များကိုခန့်အပ်ရမည်။

(၄) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်တွင် ပထမဆုံးအကြိမ် အမြဲတမ်းကိုယ်စားလှယ်များ ခန့်အပ်ခြင်းအတွက်သာ အချက် (၂) နှင့် (၃) တို့ကို ကျင့်သုံးရမည်။

(၅) ဤအချက်တွင်ဖော်ပြထားသည့် ယခင် ပြည်နယ်များဆိုင်ရာအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အား အမည်စာရင်းတင်သွင်းခြင်း နှင့် အမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းတို့အတွက် ဖွဲ့စည်းပုံ အ ခြေခံဥပဒေသစ်၏ ပုဒ်မ ၆၁ (၁) ကို မကျင့်သုံးရ။

(၆) ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ချိန်တွင် အသက်ဝင်နေသည့် အထက်လွှတ်တော်၏ စည်းမျဉ်းများနှင့် အမိန့်များကို ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော်၏ လုပ်ငန်းများအတွက် ကျင့်သုံးနိုင်သည့် စည်းမျဉ်းများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဥပဒေများနှင့် ဖျက်သိမ်းသည့် ဥပဒေများနှင့် လျော်ညီစွာဖြင့် ကျင့်သုံးနိုင်သည်။

## ယခင် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များ

၈။ (၁) ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော်သို့ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းမခံရသည် ယခင် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်သည် ယခင်ဖွဲ့စည်းပုံအ ခြေခံဥပဒေ၏ ပုဒ်မ ၄၈ အရ ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် အမတ်အဖြစ် ရွေးကောက်ခံရသည့် ပြည်နယ်၏ ဥပဒေပြု လွှတ်တော်တွင် မဲပေးခွင့်ရ ကိုယ်စားလှယ်နေရာတွင် တာဝန်ထမ်းဆောင်ခွင့်ရှိစေရမည်။

(2) If a former senator elects not to become a member of a provincial legislature that person is regarded as having resigned as a senator the day before the new Constitution took effect.

(3) The salary, allowances and benefits of a former senator appointed as a permanent delegate or as a member of a provincial legislature may not be reduced by reason only of that appointment.

### National executive

9. (1) Anyone who was the President, an Executive Deputy President, a Minister or a Deputy Minister under the previous Constitution when the new Constitution took effect, continues in and holds that office in terms of the new Constitution, but subject to subitem (2).

(2) Until 30 April 1999, sections 84, 89, 90, 91, 93 and 96 of the new Constitution must be regarded to read as set out in Annexure B to this Schedule.

(3) Subitem (2) does not prevent a Minister who was a senator when the new Constitution took effect, from continuing as a Minister referred to in section 91(1)(a) of the new Constitution, as that section reads in Annexure B.

### Provincial legislatures

10. (1) Anyone who was a member or office-bearer of a province's legislature when the new Constitution took effect, becomes a member or office-bearer of the legislature for that province under the new Constitution, and holds office as a member or office-bearer in terms of the new Constitution and any provincial constitution that may be enacted.

(၂) ပြည်နယ် ဥပဒေပြု လွှတ်တော်တွင် ယခင် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဟောင်းသည် ကိုယ်စားလှယ်အဖြစ် ဆက်လက်ရွေးကောက်တင်မြှောက်ခြင်းမခံရပါက ယင်းကိုယ်စားလှယ်ဟောင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာမတည်မီရက်တွင် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(၃) ပြည်နယ်ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်နေရာဖြစ်စေ၊ အမြဲတမ်းကိုယ်စားလှယ်နေရာတွင်ဖြစ်စေ ခန့်အပ်ခံရသည့် ယခင် လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ၏ လစာ၊ အသုံးစရိတ်နှင့် ခံစားခွင့်များကို ထိုသို့ခန့်အပ်ခံရခြင်းကြောင့် လျှော့ချခြင်းမပြုရ။

## နိုင်ငံတော်အုပ်ချုပ်ရေးအဖွဲ့

၉။ (၁) ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတ၊ ဒုတိယသမ္မတ၊ ဝန်ကြီး သို့မဟုတ် ဒုဝန်ကြီး ရာထူးရယူထားသူတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်ချိန်တွင် ယင်းဥပဒေ အသစ်အရ ထိုရာထူးများတွင် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သည်။ သို့ရာတွင် အောက်ပါ အချက်(၂) တွင် ဖော်ပြသည့် အချက်ကို လိုက်နာမှသာ ထိုသို့ဆက်လက်တာဝန်ထမ်းဆောင်ခွင့် ရှိသည်။

(၂) ၁၉၉၉ ခုနှစ် ဧပြီလ ၃၀ ရက်အထိ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပါ ပုဒ်မ ၈၄၊ ၈၉၊ ၉၀၊ ၉၁၊ ၉၃ နှင့် ၉၆ ပုဒ်မများသည် ဤဇယားပါ နောက်ဆက်တွဲ (ခ)တွင် ပါရှိသောပြဋ္ဌာန်းချက်များအဖြစ် မှတ်ယူဖတ်ရှုရမည်။

(၃) ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တွင် ပါရှိသည့် ပုဒ်မ ၉၁ (၁) (က) တွင်ပြဋ္ဌာန်းထားသည့်အတိုင်း ဝန်ကြီးရာထူးကို ဆက်လက်တာဝန်ယူရန် ယခင်အထက်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူအား အချက် (၂) သည် တားဆီးခြင်းမရှိစေရ။

## ပြည်နယ် ဥပဒေပြု လွှတ်တော်များ

၁၀။ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ချိန်တွင် ပြည်နယ်တစ်ခု၏ လွှတ်တော်တွင် ရာထူးလက်ကိုင်ရှိသူ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခဲ့သူမှန်သမျှသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ သက်ဆိုင်ရာလွှတ်တော်တွင် ရာထူးလက်ကိုင်ရှိသူ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာပေမည်။ ထိုရာထူးသို့မဟုတ် ကိုယ်စားလှယ်နေရာကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရရှိမည်ဖြစ်သည်။ အခြားပြဋ္ဌာန်းဖွယ်ရှိသည့် ပြည်နယ် အခြေခံဥပဒေအရလည်း ထိုရာထူး သို့မဟုတ် ကိုယ်စားလှယ်နေရာကို ရရှိမည်ဖြစ်သည်။

(2) A provincial legislature as constituted in terms of subitem (1) must be regarded as having been elected under the new Constitution for a term that expires on 30 April 1999.

(3) For the duration of its term that expires on 30 April 1999, and subject to section 108(4), a provincial legislature consists of the number of members determined for that legislature under the previous Constitution plus the number of former senators who became members of the legislature in terms of item 8 of this Schedule.

(4) The rules and orders of a provincial legislature in force when the new Constitution took effect, continue in force, subject to any amendment or repeal.

## Elections of provincial legislatures

11. (1) Despite the repeal of the previous Constitution, Schedule 2 to that Constitution, as amended by Annexure A to this Schedule, applies—

(a) to the first election of a provincial legislature under the new Constitution;

(b) to the loss of membership of a legislature in circumstances other than those provided for in section 106(3) of the new Constitution; and

(c) to the filling of vacancies in a legislature, and the supplementation, review and use of party lists for the filling of vacancies, until the second election of the legislature under the new Constitution.

(2) Section 106(4) of the new Constitution is suspended in respect of a provincial legislature until the second election of the legislature under the new Constitution.

(၂)	အချက် (၁) တွင်ဖော်ပြသည့်အတိုင်း ဖွဲ့စည်းသည့် ပြည်နယ် ဥပဒေပြု လွှတ်တော်သည် ၁၉၉၉ ခုနှစ် ဧပြီလ ၃၀ ရက် တွင် ကုန်ဆုံးမည့် သက်တမ်းအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ဟု မှတ်ယူရမည်။

(၃)	၁၉၉၉ ခုနှစ် ဧပြီလ ၃၀ရက် တွင် ကုန်ဆုံးသည့် လွှတ်တော်သက်တမ်းအတွင်း ပုဒ်မ ၁၀၈ (၄) ၁၀၄ နှင့်အညီ ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ခု၏ ကိုယ်စားလှယ်များကို ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ရှိသည့် လွှတ်တော်အတွက် သတ်မှတ်ထားသည့် ကိုယ်စားလှယ်ဦးရေနှင့် ဤဇယားပါ အချက် (၈) အရ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာသည့် ယခင် ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို ပေါင်းစပ်ဖွဲ့ စည်းရမည်။

(၄)	ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်ချိန်တွင် အသက်ဝင်နေဆဲဖြစ်သည့် ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ခု၏ စည်းမျဉ်းနှင့် အမိန့်များသည် ပြင်ဆင်ချက် ဥပဒေများနှင့် ပယ်ဖျက်သည့် ဥပဒေများနှင့် လျော်ညီစွာ ဆက်လက်အသက်ဝင်မည်ဖြစ်သည်။

**ပြည်နယ် ဥပဒေပြု လွှတ်တော်များကို ရွေးကောက်တင်မြှောက်ခြင်း**

၁၁။	(၁)	ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းလိုက်သည်ဟုဆိုသော်လည်း ဤဇယားတွင် နောက်ဆက်တွဲ (က) ဖြင့် ပြင်ဆင်သည့် ယခင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေမှ ဇယား ၂ ကို အောက်ပါ ကိစ္စရပ်များတွင် ကျင့်သုံးနိုင်သည်-

(က)	ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျင်းပသည့် ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ခုကို ပထမဆုံးအကြိမ် ရွေးကောက်တင်မြှောက်ခြင်း

(ခ)	ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပုဒ်မ ၁၀၆ (၃) တွင်ဖော်ပြသည့် အခြေအနေများမှအပ အခြား အခြေအနေများတွင် လွှတ်တော်တစ်ရပ်၏ ကိုယ်စား လှယ်ဦးရေ လစ်လပ်ဆုံးရှုံးမှုဖြစ် ပေါ်ခြင်း

(ဂ)	ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်တစ်ရပ်ကို ဒုတိယအကြိမ် ရွေးကောက် တင်မြှောက်ခြင်း မပြုမီအထိ လစ်လပ်ကိုယ်စားလှယ်နေရာများကို ဖြည့်စွက်ရန် အတွက် ပါတီစာရင်းကို သုံးသပ်ခြင်းနှင့် အသုံးပြုခြင်း၊ အစားထိုးခြင်းနှင့် လွှတ်တော်တစ်ရပ်ရှိ လစ်လပ်ကိုယ်စားလှယ်နေရာများကို ဖြည့်စွက်ရာတွင် ကျင့်သုံးနိုင်သည်။

(၂)	ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပြည်နယ် ဥပဒေပြု လွှတ်တော်ကို ဒုတိယအကြိမ် ရွေးကောက်တင်မြှောက်သည့်အချိန်အထိ ထိုပြည်နယ် ဥပဒေပြု လွှတ်တော်နှင့် စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၁၀၆ (၄) ကို ဆိုင်းငံ့ထားရမည်။

## Provincial executives

12. (1) Anyone who was the Premier or a member of the Executive Council of a province when the new Constitution took effect, continues in and holds that office in terms of the new Constitution and any provincial constitution that may be enacted, but subject to subitem (2).

(2) Until the Premier elected after the first election of a province's legislature under the new Constitution assumes office, or the province enacts its constitution, whichever occurs first, sections 132 and 136 of the new Constitution must be regarded to read as set out in Annexure C to this Schedule.

## Provincial constitutions

13. A provincial constitution passed before the new Constitution took effect must comply with section 143 of the new Constitution.

## Assignment of legislation to provinces

14. (1) Legislation with regard to a matter within a functional area listed in Schedule 4 or 5 to the new Constitution and which, when the new Constitution took effect, was administered by an authority within the national executive, may be assigned by the President, by proclamation, to an authority within a provincial executive designated by the Executive Council of the province.

(2) To the extent that it is necessary for an assignment of legislation under subitem (1) to be effectively carried out, the President, by proclamation, may—

## ပြည်နယ်အစိုးရအဖွဲ့များ

၁၂။ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ချိန်တွင် ပြည်နယ်တစ်ခု၏ အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်ဖြစ်နေသူ၊ အစိုးရအဖွဲ့ဝင်ဖြစ်နေသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရလည်းကောင်း ပြဋ္ဌာန်းဖွယ်ရှိသည့် ပြည်နယ်အခြေခံဥပဒေများအရလည်းကောင်း ထိုရာထူးများတွင် ဆက်လက်တည်မြဲ နေမည်။ သို့ရာတွင် အောက်ဖော်ပြပါ အချက် (၂) ပြဋ္ဌာန်းချက်ကို လိုက်နာရမည်။

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပေါ်လာသည့် ပြည်နယ်လွှတ်တော်တစ်ခု၏ ပထမအကြိမ်ရွေးကောက်ပွဲအပြီး ရွေးကောက်တင်မြှောက်လိုက်သည့် ပြည်နယ်ဝန်ကြီးချုပ်သည် ရာထူးရယူချိန်အထိ သို့မဟုတ် ထိုပြည်နယ်က ပထမဦးစွာ ပေါ်ပေါက်လာမည့် ယင်း၏အခြေခံဥပဒေကို ပြဋ္ဌာန်းသည့်အချိန် အထိ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပါ ပုဒ်မ ၁၃၂ နှင့် ပုဒ်မ ၁၃၆ တို့ကို ဤဇယား နောက်ဆက်တွဲ (ဂ) တွင် ဖော်ပြထားသည့်အတိုင်း ဖတ်ရှုမှတ်ယူရမည်။

## ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ

၁၃။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာမတည်မီ အတည်ပြုခဲ့သော ပြည်နယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ခု သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၁၄၃ နှင့် ကိုက်ညီရမည်။

## ပြည်နယ်များကို ဥပဒေပြုအာဏာ အပ်နှင်းခြင်း

၁၄။ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဇယား ၄ သို့မဟုတ် ဇယား ၅ တွင် ဖော်ပြသည့် လုပ်ငန်းကိစ္စရပ်များတွင် အကြုံးဝင်သည့် ကိစ္စရပ်တစ်ခုအတွက် ဥပဒေပြုမှု သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်ချိန်တွင် နိုင်ငံတော်အုပ်ချုပ်ရေး အဖွဲ့တွင် အကြုံးဝင်သည့် အာဏာပိုင်အဖွဲ့က စီမံခန့်ခွဲမည်ဖြစ်သည်။ ထိုဥပဒေပြုမှုကို သက်ဆိုင်ရာပြည်နယ်၏ အစိုးရအဖွဲ့က ခန့်အပ်သည့် ပြည်နယ်အစိုးရအဖွဲ့တွင် အကြုံး ဝင်သည့် အာဏာပိုင်အဖွဲ့က ဆောင်ရွက်ရန် ကြေညာချက် ဖြင့် သမ္မတက တာဝန် ပေးအပ်နိုင်သည်။

(၂) အချက် (၁) အရ ပေါ်ပေါက်လာသည့် ဥပဒေပြုရေး တာဝန်အတွက် လိုအပ်သည့် အတိုင်းအတာကို ထိရောက်စွာ တာဝန်ယူဆောင်ရွက်နိုင်ရန် သမ္မတသည် ကြေညာချက် ထုတ်ပြန်၍ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်စေရမည်-

(a) amend or adapt the legislation to regulate its interpretation or application;

(b) where the assignment does not apply to the whole of any piece of legislation, repeal and re-enact, with or without any amendments or adaptations referred to in paragraph (a), those provisions to which the assignment applies or to the extent that the assignment applies to them; or

(c) regulate any other matter necessary as a result of the assignment, including the transfer or secondment of staff, or the transfer of assets, liabilities, rights and obligations, to or from the national or a provincial executive or any department of state, administration, security service or other institution.

(3)

(a) A copy of each proclamation issued in terms of subitem (1) or (2) must be submitted to the National Assembly and the National Council of Provinces within 10 days of the publication of the proclamation.

(b) If both the National Assembly and the National Council by resolution disapprove the proclamation or any provision of it, the proclamation or provision lapses, but without affecting—

(i) the validity of anything done in terms of the proclamation or provision before it lapsed; or

(ii) a right or privilege acquired or an obligation or liability incurred before it lapsed.

(က) ဥပဒေပြဋ္ဌာန်းမှုတစ်ခုကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ကျင့်သုံးခြင်းတို့ကို သတ်မှတ်ပေးရန် ထိုဥပဒေကို ပြင်ဆင်ခြင်း သို့မဟုတ် ကျင့်သုံးခြင်း

(ခ) အပိုဒ် (က) တွင်ရည်ညွှန်းသည့် ပြင်ဆင်ချက်များ သို့မဟုတ် ကျင့်သုံးမှုများ ပါရှိသည်ဖြစ်စေ မပါရှိသည်ဖြစ်စေ၊ ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်၏ အစိတ်အပိုင်း သို့မဟုတ် ဥပဒေတစ်ရပ်လုံးကို သမ္မတ၏ တာဝန်ပေးအပ်မှုသည် သက်ရောက်မှုမရှိပါက တာဝန်ပေးအပ်သည့် ပြဋ္ဌာန်းချက်များကို ပယ်ဖျက်ခြင်း၊ ပြန်လည်ပြဋ္ဌာန်းခြင်း ပြုရမည်။ သို့မဟုတ်ထိုပြဋ္ဌာန်းချက်များကို သက်ရောက်သည့် တာဝန်ပေးအပ်မှု အတိုင်းအတာကို မူတည်၍ ပယ်ဖျက် ခြင်း၊ ပြန်လည်ပြဋ္ဌာန်းခြင်း ပြုရမည်။

(ဂ) ဇဟို နိုင်ငံ သို့မဟုတ် ပြည်နယ်အစိုးရထံသို့ သို့မဟုတ် ဇဟို နိုင်ငံ သို့မဟုတ် ပြည်နယ်အစိုးရထံမှလည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ဌာနများ၊ အုပ်ချုပ်ရေး အဖွဲ့များ၊ လုံခြုံရေးဝန်ထမ်းနှင့် အခြား အဖွဲ့အစည်း များမှ ဝန်ထမ်းများကို ရွှေ့ပြောင်းခြင်း သို့မဟုတ် ယာယီရွှေ့ပြောင်းစေခြင်း၊ ပိုင်ဆိုင်မှု၊ ပေးရန်တာဝန်၊ ရပိုင်ခွင့်များနှင့် တာဝန်များကို ရွှေ့ပြောင်းခြင်း အပါအဝင် သမ္မတ၏ တာဝန်ပေးအပ်မှုကြောင့် ပေါ်ပေါက်လာသည့် အခြားကိစ္စရပ်များကို သတ်မှတ်ပြဋ္ဌာန်းရာတွင် ကျင့်သုံးနိုင်သည်။

(၃)

(က) အချက် (၁) နှင့် (၂) အရ ထုတ်ပြန်သည့် ကြေညာချက် တစ်ခုစီ၏ မိတ္တူကို ပြည်သူ့လွှတ်တော် နှင့် ပြည်နယ်များဆိုင်ရာအမျိုးသားလွှတ်တော် တို့ထံသို့ ကြေညာချက် ထုတ်ပြန်ပြီး ၁၀ ရက်အတွင်း ပေးပို့တင်သွင်းရမည်။

(ခ) ပြည်သူ့လွှတ်တော် နှင့် ပြည်နယ်များဆိုင်ရာအမျိုးသားလွှတ်တော် တို့က ထိုကြေညာချက်ကိုဖြစ်စေ သို့မဟုတ် ကြေညာချက်ပါသတ်မှတ်ပြဋ္ဌာန်းချက်ကိုဖြစ်စေ သဘောမတူကြောင်း ဆုံးဖြတ်ပါက ထိုကြေညာချက် သို့မဟုတ် ပြဋ္ဌာန်းချက်ကို ဆိုင်းငံ့ခြင်းပြုရမည်။ သို့ရာတွင် အောက်ပါအချက်များ ကို သက်ရောက်မှု မရှိစေရ-

(၁) ဆိုင်းငံ့မှု မဖြစ်ပေါ်မီ ကြေညာချက် သို့မဟုတ် ပြဋ္ဌာန်းချက်အရ ပြီးစီးထားသည့် ကိစ္စရပ်များ၏ ခိုင်လုံမှု။

(၂) ဆိုင်းငံ့မှုမဖြစ်ပေါ်မီ ဖြစ်ပေါ်သည့် ပေးရန်တာဝန် သို့မဟုတ် တာဝန်ရှိမှုတစ်ခု သို့မဟုတ် ရရှိထားသည့် အခွင့်အရေး သို့မဟုတ် ရပိုင်ခွင့် တစ်ခုခု။

(4) When legislation is assigned under subitem (1), any reference in the legislation to an authority administering it, must be construed as a reference to the authority to which it has been assigned.

(5) Any assignment of legislation under section 235(8) of the previous Constitution, including any amendment, adaptation or repeal and re-enactment of any legislation and any other action taken under that section, is regarded as having been done under this item.

## Existing legislation outside Parliament's legislative power

15. (1) An authority within the national executive that administers any legislation falling outside Parliament's legislative power when the new Constitution takes effect, remains competent to administer that legislation until it is assigned to an authority within a provincial executive in terms of item 14 of this Schedule.

(2) Subitem (1) lapses two years after the new Constitution took effect.

## Courts

16. (1) Every court, including courts of traditional leaders, existing when the new Constitution took effect, continues to function and to exercise jurisdiction in terms of the legislation applicable to it, and anyone holding office as a judicial officer continues to hold office in terms of the legislation applicable to that office, subject to—

(a) any amendment or repeal of that legislation; and

(b) consistency with the new Constitution.

(၄) အချက် (၁) ပါပြဋ္ဌာန်းချက်အရ ဥပဒေပြဋ္ဌာန်းမှုကို တာဝန်ပေးသည့်အခါ ထိုဥပဒေကို စီမံခန့်ခွဲမည့် အာဏာပိုင်အဖွဲ့ကို ဥပဒေတွင်ရည်ညွှန်းဖော်ပြချက်တိုင်းသည် ထိုဥပဒေအရ တာဝန်ပေးအပ်သည့် အာဏာပိုင်အဖွဲ့အစည်းကို ရည်ညွှန်းချက်အဖြစ် မှတ်ယူရမည်။

(၅) ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၅ (၈) အရ ပြင်ဆင်ခြင်း၊ ကျင့်သုံးခြင်း၊ ပြန်လည်ပြဋ္ဌာန်းခြင်းပြုသည့် ဥပဒေမှန်သမျှ သို့မဟုတ် ထိုပုဒ်မအရ ပြုလုပ်ခဲ့သည့် ဆောင်ရွက်ချက်မှန်သမျှ အပါအဝင် ယင်းပုဒ်မအရ တာဝန်ပေးအပ်သည့် ဥပဒေပြဋ္ဌာန်းချက်သည် ဤအချက်ပါ ပြဋ္ဌာန်းချက်အရ ပြီးမြောက်အောင် ဆောင်ရွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

**အမြင့်ဆုံးဥပဒေပြု လွှတ်တော်၏ ဥပဒေပြုရေးအာဏာပြင်ပရှိ တည်ဆဲဥပဒေပြဋ္ဌာန်းချက်**

၁၅။ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်ချိန်တွင် အမြင့်ဆုံးဥပဒေပြု လွှတ်တော်၏ ဥပဒေပြုရေးအာဏာပြင်ပတွင် ကျရောက်သည့် မည်သည့်ဥပဒေ ပြုမှုကိုမဆို စီမံခန့်ခွဲသည့် နိုင်ငံတော်အုပ်ချုပ်ရေး အဖွဲ့အတွင်းရှိ လုပ်ပိုင်ခွင့်အာဏာမှန်သမျှသည် ဤဇယားပါ အချက် ၁၄ အရ ထိုဥပဒေပြုမှုအာဏာကို ပြည်နယ် အစိုးရအဖွဲ့အတွင်းရှိ လုပ်ပိုင်ခွင့်အာဏာရှိသူသို့ တာဝန်ပေးအပ်သည့်အချိန် အထိ ထိုဥပဒေပြုမှုအာဏာအား ဆက်လက်စီမံခန့်ခွဲခွင့် ရှိသည်။

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်ပြီးနောက် နှစ်နှစ်ကြာလျှင် အထက်ပါ အချက် (၁) သည် ပျက်ပြယ်သည်။

**တရားရုံးများ**

၁၆။ (၁) ရိုးရာ ခေါင်းဆောင်များ၏ တရားရုံးများအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်ချိန်တွင် တည်ရှိနေသည့် တရားရုံးတိုင်းသည် ထိုတရားရုံးများအတွက် ကျင့်သုံးနိုင်သည့် ဥပဒေပြဋ္ဌာန်းချက်အရ တရားစီရင်ရေးအာဏာကို ဆက်လက်ကျင့်သုံးနိုင်သည်။ တရားစီရင်ရေးအရာရှိရာထူးတွင် ရှိနေသည့်သူများသည်လည်း ထိုရာထူးအတွက် ကျင့်သုံးနိုင်သည့် ဥပဒေပြဋ္ဌာန်းချက်အရ ထိုရာထူးတွင် အောက်ဖော်ပြပါ အချက်များနှင့်အညီ ဆက်လက်တည်မြဲသည်-

(က) သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်ကို ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် ကိုက်ညီခြင်း

(2)

(a) The Constitutional Court established by the previous Constitution becomes the Constitutional Court under the new Constitution.

(b)…….

*[Subitem (b) deleted by s. 20(a) of the Constitution Sixth Amendment Act of 2001.]*

(3)

(a) The Appellate Division of the Supreme Court of South Africa becomes the Supreme Court of Appeal under the new Constitution.

(b)…….

*[Subitem (b) deleted by s. 20(a) of the Constitution Sixth Amendment Act of 2001.]*

(4)

(a) A provincial or local division of the Supreme Court of South Africa or a supreme court of a homeland or a general division of such a court, becomes a High Court under the new Constitution without any alteration in its area of jurisdiction, subject to any rationalisation contemplated in subitem (6).

(b) Anyone holding office or deemed to hold office as the Judge President, the Deputy Judge President or a judge of a court referred to in paragraph (a) when the new Constitution takes effect, becomes the Judge President, the Deputy Judge President or a judge of such a court under the new Constitution, subject to any rationalisation contemplated in subitem (6).

(5) Unless inconsistent with the context or clearly inappropriate, a reference in any legislation or process to—

(၂)

(က) ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရတည်ထောင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဖြစ်လာသည်။

(ခ) - - - -

*[အပိုဒ်ခွဲ (ခ) အား ၂၀၀၁ ခုနှစ် စည်းပုံအခြေခံဥပဒေ ဆဋ္ဌမ ကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ ပုဒ်မ ၂၀(က) အရ ပယ်ဖျက်ခဲ့သည်။]*

(၃)

(က) တောင်အာဖရိကနိုင်ငံ တရားလွှတ်တော်ချုပ်ရုံး၏ အယူခံမှုများဆိုင်ရာဌာနသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ အယူခံတရားလွှတ်တော်ချုပ်ရုံး ဖြစ်လာသည်။

(ခ) . . . . . .

*[အပိုဒ်ခွဲ (ခ) အား ၂၀၀၁ ခုနှစ် စည်းပုံအခြေခံဥပဒေ ဆဋ္ဌမ ကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ ပုဒ်မ ၂၀(က) အရ ပယ်ဖျက်ခဲ့သည်။]*

(၄)

(က) တောင်အာဖရိက တရားလွှတ်တော်ချုပ်ရုံး သို့မဟုတ် အမိမြေ၏ တရားလွှတ်တော်ချုပ်ရုံး၏ ပြည်နယ်ရုံးခွဲ သို့မဟုတ် ဒေသဆိုင်ရာဌာနခွဲ သို့မဟုတ် ထိုသို့သော တရားလွှတ်တော် တစ်ခု၏ အထွေထွေဌာနခွဲတစ်ခုသည် ယင်း၏ တရားစီရင်ပိုင်ခွင့်နယ်နိမိတ်တွင် မည်သည့်အပြောင်းအလဲမျှ မဖြစ်ပေါ်စေဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ တရားလွှတ်တော်ချုပ်ရုံးဖြစ်လာမည်။ အချက် (၆) တွင်ဖော်ပြပါရှိသည့် ထိရောက်မှုဆန်းစစ်ချက်များနှင့်အညီဖြစ်စေရမည်။

(ခ) တရားသူကြီးချုပ်၊ ဒုတိယတရားသူကြီးချုပ် သို့မဟုတ် အပိုဒ် (က) တွင်ရည်ညွှန်းသည့်တရားရုံးတစ်ခု၏ တရားသူကြီးရာထူး စသည့် ရာထူးများတွင် တာဝန်ထမ်းဆောင်နေသူသို့မဟုတ် တာဝန်ထမ်းဆောင်နေသည်ဟု မှတ်ယူခြင်းခံရသူသည် အချက် (၆) တွင်ဖော်ပြထားသည့် ထိရောက်မှုဆန်းစစ် ချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ တရားသူကြီးချုပ်၊ ဒုတိယတရားသူကြီးချုပ် သို့မဟုတ် အထက်တွင်ရည်ညွှန်းသည့် တရားရုံးတစ်ခု၏ တရားသူကြီးဖြစ်လာမည်။

(၅) စကားစပ်နောက်ခံအခြေအနေနှင့် ကွဲလွဲမှု သို့မဟုတ် လျော်ကန်သင့်မြတ်ခြင်းမရှိဟု သိသာထင်ရှားမှု မရှိပါက မည်သည့် ဥပဒေပြဋ္ဌာန်းချက် သို့မဟုတ် ဥပဒေပြုရေးလုပ်ငန်းစဉ်တွင်မဆို ပါရှိသည့် ရည်ညွှန်းချက် တစ်ရပ်ကို အောက်ပါအတိုင်း မှတ်ယူရမည်-

(a) the Constitutional Court under the previous Constitution, must be construed as a reference to the Constitutional Court under the new Constitution;

(b) the Appellate Division of the Supreme Court of South Africa, must be construed as a reference to the Supreme Court of Appeal; and

(c) a provincial or local division of the Supreme Court of South Africa or a supreme court of a homeland or general division of that court, must be construed as a reference to a High Court.

(6)

(a) As soon as is practical after the new Constitution took effect all courts, including their structure, composition, functioning and jurisdiction, and all relevant legislation, must be rationalised with a view to establishing a judicial system suited to the requirements of the new Constitution.

(b) The Cabinet member responsible for the administration of justice, acting after consultation with the Judicial Service Commission, must manage the rationalisation envisaged in paragraph (a).

(7)

(a) Anyone holding office, when the Constitution of the Republic of South Africa Amendment Act, 2001, takes effect, as—

   (i) the President of the Constitutional Court, becomes the Chief Justice as contemplated in section 167(1) of the new Constitution;

(က) ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ တည်ထောင်သည့် တရားရုံးကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

(ခ) တောင်အာဖရိက တရားလွှတ်တော်ချုပ်ရုံး၏ အယူခံဌာနခွဲကို ရည်ညွှန်းချက်သည် အယူခံတရားလွှတ်တော်ချုပ်ရုံးကို ရည်ညွှန်းချက်အဖြစ် မှတ်ယူရမည်။

(ဂ) တောင်အာဖရိက တရားလွှတ်တော်ချုပ်ရုံး သို့မဟုတ် အမိမြေ၏ တရားလွှတ်တော်ချုပ်ရုံး၏ ပြည်နယ်ရုံးခွဲ သို့မဟုတ် ဒေသဆိုင်ရာဌာနခွဲ သို့မဟုတ် ထိုသို့သော တရားလွှတ်တော်တစ်ခု၏ အထွေထွေဌာနခွဲတစ်ခုကို ရည်ညွှန်းချက်သည် တရားလွှတ်တော်ချုပ်ရုံးကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

(၆)

(က) ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်သည်နှင့်တစ်ပြိုင်နက် တရားရုံးအသီးသီး၏ ဖွဲ့စည်းပုံ၊ ပေါင်းစည်းထားမှု၊ လုပ်ငန်းဆောင်ရွက်မှု၊ စီရင်ပိုင်ခွင့်၊ ဆက်စပ်ဥပဒေပြဋ္ဌာန်းချက်အားလုံးအပါအဝင် တရားရုံးတိုင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် လျော်ညီသည့် တရားစီရင်ရေးစနစ်တည်ထောင်ရန် ရည်ရွယ်ချက်ဖြင့် ဘက်စုံထိရောက်မှုဆန်းစစ်ရမည်။

(ခ) တရားစီရင်ရေး စီမံခန့်ခွဲမှုအတွက် တာဝန်ရှိသော အစိုးရအဖွဲ့ဝင်တစ်ဦးသည် တရားစီရင်ရေးဆိုင်ရာ ဝန်ဆောင်မှု ကော်မရှင်နှင့် တိုင်ပင်ဆွေးနွေးပြီးနောက် အပိုဒ် (က) တွင် ဖော်ပြသည့် ဘက်စုံထိရောက်မှု ဆန်းစစ်ခြင်းကို ဆောင်ရွက်ရမည်။

(၇)

(က) တောင်အာဖရိကနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ ၂၀၀၁ ခုနှစ် အာဏာတည်ချိန်တွင် အောက်ပါရာထူးများတွင် တာဝန်ထမ်းဆောင်နေသူများသည် အောက်ဖော်ပြပါ သက်ဆိုင်ရာရာထူးအသစ်များတွင် ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပုဒ်မ ၁၆၇ (၁) တွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌသည် တရားသူကြီးချုပ်ဖြစ်လာသည်။

(ii) the Deputy President of the Constitutional Court, becomes the Deputy Chief Justice as contemplated in section 167(1) of the new Constitution;

(iii) the Chief Justice, becomes the President of the Supreme Court of Appeal as contemplated in section 168(1) of the new Constitution; and

(iv) the Deputy Chief Justice, becomes the Deputy President of the Supreme Court of Appeal as contemplated in section 168(1) of the new Constitution.

(b) All rules, regulations or directions made by the President of the Constitutional Court or the Chief Justice in force immediately before the Constitution of the Republic of South Africa Amendment Act, 2001, takes effect, continue in force until repealed or amended.

(c) Unless inconsistent with the context or clearly inappropriate, a reference in any law or process to the Chief Justice or to the President of the Constitutional Court, must be construed as a reference to the Chief Justice as contemplated in section 167(1) of the new Constitution.

*[Subitem (7) added by s. 20(b) of the Constitution Sixth Amendment Act of 2001.]*

### Cases pending before courts

17. All proceedings which were pending before a court when the new Constitution took effect, must be disposed of as if the new Constitution had not been enacted, unless the interests of justice require otherwise.

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဒုဥက္ကဋ္ဌသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပုဒ်မ ၁၆၇ (၁) အရ ဒုတိယတရားသူကြီးချုပ် ဖြစ်လာသည်။

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၁၆၈ (၁) အရ တရားသူကြီးချုပ်သည် အယူခံတရားလွှတ်တော်ချုပ်ရုံး၏ ဥက္ကဋ္ဌဖြစ်လာသည်။

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပုဒ်မ ၁၆၈(၁) အရ ဒုတိယ တရားသူကြီးချုပ်သည် အယူအခံတရားလွှတ်တော်ချုပ်ရုံး၏ ဒုတိယဥက္ကဋ္ဌဖြစ်လာသည်။

(ခ) ၂၀၀၁ ခုနှစ် တောင်အာဖရိကနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ အာဏာမတည်မီ အချိန်ထိ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး ဥက္ကဋ္ဌ သို့မဟုတ် တရားသူကြီးချုပ်က ဆောင်ရွက်ခဲ့သည့် စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များသည် ယင်းတို့ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုသည့်အချိန်အထိ ချက်ချင်း နှင့် ဆက်လက်အာဏာတည်သည်။

(ဂ) စကားစပ် နောက်ခံအခြေအနေနှင့်ကွဲလွဲမှု သို့မဟုတ် ဆီလျော်အပ်စပ်မှုမရှိကြောင်း သိသာထင်ရှား ခြင်းမရှိပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး ဥက္ကဋ္ဌ သို့မဟုတ် တရားသူကြီးချုပ်ကို ဥပဒေတစ်ရပ် သို့မဟုတ် လုပ်ငန်းစဉ်တစ်ခုတွင် ရည်ညွှန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၁၆၇(၁) အရ တရားသူကြီးချုပ်ကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

*[အပိုဒ်ခွဲ (၇) အား ၂၀၀၁ ခုနှစ် စည်းပုံအခြေခံဥပဒေ ဆဋ္ဌမ ကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ ပုဒ်မ ၂၀(ခ) အရ ထည့်သွင်းခဲ့သည်။]*

**တရားရုံးများတွင် ဆိုင်းငံ့ထားသည့် အမှုတွဲများ**

၁၇။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အာဏာတည်ချိန်တွင် တရားရုံးတစ်ခုတွင် ဆိုင်းငံ့ထားသည့် ကြားနာစစ်ဆေးမှုများအားလုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ် မပြဋ္ဌာန်းရသေးသည့်သဘောဖြင့် တရားစီရင်ရေး၏ အကျိုးစီးပွားအရ စဉ်းစားချင့်ချိန်စရာ လိုအပ်ချက်မရှိပါက အပြီးအပြတ်စစ်ဆေးရမည်။

### Prosecuting authority

18. (1) Section 108 of the previous Constitution continues in force until the Act of Parliament envisaged in section 179 of the new Constitution takes effect. This subitem does not affect the appointment of the National Director of Public Prosecutions in terms of section 179.

(2) An attorney-general holding office when the new Constitution takes effect, continues to function in terms of the legislation applicable to that office, subject to subitem (1).

### Oaths and affirmations

19. A person who continues in office in terms of this Schedule and who has taken the oath of office or has made a solemn affirmation under the previous Constitution, is not obliged to repeat the oath of office or solemn affirmation under the new Constitution.

### Other constitutional institutions

20. (1) In this section "constitutional institution" means—

(a) the Public Protector;

(b) the South African Human Rights Commission;

*[Para (b) amended by s. 4 of the Constitution Second Amendment Act of 1998.]*

(c) the Commission on Gender Equality;

(d) the Auditor-General;

(e) the South African Reserve Bank;

(f) the Financial and Fiscal Commission;

(g) the Judicial Service Commission; or

(h) the Pan South African Language Board.

## တရားစွဲနှင့်အမှုလိုက်အာဏာပိုင်

၁၈။ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၁၇၉ တွင်ဖော်ပြထားသည့် အမြင့်ဆုံးဥပဒေပြု လွှတ်တော်၏ အက်ဥပဒေတစ်ရပ် အာဏာတည်ချိန်အထိ ယခင် ဖွဲ့စည်းပုံ ခြေခံဥပဒေ၏ ပုဒ်မ ၁၀၈ သည် ဆက်လက်အာဏာတည်သည်။ ဤအချက် (၁) သည် ပုဒ်မ ၁၇၉ အရ ခန့်အပ်သည့် အစိုးရရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးကို ခန့်အပ်ခြင်းအတွက် သက်ရောက်မှုမရှိစေရ။

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်ချိန်တွင် တာဝန်ထမ်းဆောင်နေသည့် အစိုးရရှေ့နေချုပ်သည် အထက်ပါအချက် (၁) အရ အဆိုပါရာထူးအတွက် ပြဋ္ဌာန်းသည့် ဥပဒေပြဋ္ဌာန်းချက်နှင့် အညီ ဆက်လက်တာဝန်ထမ်းဆောင်နိုင်သည်။

## ကျမ်းသစ္စာကျိန်ဆိုမှုနှင့် ကတိသစ္စာပြုခြင်း

၁၉။ ဤဇယားတွင်ပြဋ္ဌာန်းချက်အရ ရာထူးတွင် ဆက်လက်တာဝန်ထမ်းဆောင်သူ၊ ယခင်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ရာထူးလက်ခံ ကျမ်းသစ္စာကျိန်ဆို ခြင်း သို့မဟုတ် ကတိသစ္စာပြုထားသူသည် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ရာထူးလက်ခံ ကျမ်းသစ္စာကျိန်ဆို ခြင်း သို့မဟုတ် ကတိသစ္စာပြုခြင်း ပြုလုပ်ရန် တာဝန်မရှိစေရ။

## ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တည်ထောင်သည့် အခြား အဖွဲ့အစည်းများ

၂၀။ (၁) ဤပုဒ်မတွင် ‘ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သည့် အဖွဲ့အစည်းများ’ ဆိုသည်မှာ-

(က) အများပြည်သူကာကွယ်စောင့်ရှောက်ရေးအဖွဲ့

(ခ) တောင်အာဖရိက လူ့အခွင့်အရေးကော်မရှင်

(ဂ) ကျား-မ တန်းတူညီမျှရေးဆိုင်ရာ ကော်မရှင်

(ဃ) စာရင်းစစ်ချုပ်

(င) တောင်အာဖရိက ဗဟိုဘဏ်

(စ) ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကော်မရှင်

(ဆ) တရားစီရင်ရေးလုပ်ငန်းဆိုင်ရာ ကော်မရှင်

(ဇ) တောင်အာဖရိက ဘာသာစကားပေါင်းစုံ မြှင့်တင်ရေးဘုတ်အဖွဲ့

(2) A constitutional institution established in terms of the previous Constitution continues to function in terms of the legislation applicable to it, and anyone holding office as a commission member, a member of the board of the Reserve Bank or the Pan South African Language Board, the Public Protector or the Auditor-General when the new Constitution takes effect, continues to hold office in terms of the legislation applicable to that office, subject to—

(a) any amendment or repeal of that legislation; and

(b) consistency with the new Constitution.

(3) Sections 199(1), 200(1), (3) and (5) to (11) and 201 to 206 of the previous Constitution continue in force until repealed by an Act of Parliament passed in terms of section 75 of the new Constitution.

(4) The members of the Judicial Service Commission referred to in section 105(1)(h) of the previous Constitution cease to be members of the Commission when the members referred to in section 178(1)(i) of the new Constitution are appointed.

(5) The Volkstaat Council established in terms of the previous Constitution continues to function in terms of the legislation applicable to it, and anyone holding office as a member of the Council when the new Constitution takes effect, continues to hold office in terms of the legislation applicable to that office, subject to—

(a) any amendment or repeal of that legislation; and

(b) consistency with the new Constitution.

(c) Sections 184A and 184B (1)(a), (b) and (d) of the previous Constitution continue in force until repealed by an Act of Parliament passed in terms of section 75 of the new Constitution.

(၂) ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး အဖွဲ့အစည်းတစ်ရပ်သည် ယင်းခုံရုံးအတွက်ကျင့်သုံးနိုင်သည့် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်သည်။ ကော်မရှင်အဖွဲ့ဝင်၊ ဗဟိုဘဏ်ဘုတ်အဖွဲ့ဝင် သို့မဟုတ် တောင်အာဖရိက ဘာသာစကား ပေါင်းစုံ မြှင့်တင်ရေး ဘုတ်အဖွဲ့၊ အများပြည်သူကာကွယ်စောင့်ရှောက်ရေးအဖွဲ့ သို့မဟုတ် စာရင်းစစ်ချုပ် စသည့် ရာထူးများတွင် တာဝန်ထမ်း ဆောင်နေသူများသည် ထိုရာထူးများအတွက် ကျင့်သုံးနိုင်သည့် ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အာဏာတည်ချိန်၌ အောက်ပါ အချက် များနှင့် လျော်ညီစွာ ဆက်လက်တာဝန်ထမ်းဆောင် ခွင့်ရှိသည်-

(က) အဆိုပါ ဥပဒေပြဋ္ဌာန်းချက်ကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် ကိုက်ညီခြင်း

(၃) ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၁၉၉(၁)၊ ၂၀၀ (၁)၊ (၃)နှင့် (၅) မှ (၁၁)အထိ၊ ၂၀၁ မှ ၂၀၆ အထိ ပုဒ်မများသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ၏ ပုဒ်မ ၇၅ အရ အမြင့်ဆုံးဥပဒေပြု လွှတ်တော်၏ အက်ဥပဒေ တစ်ရပ်ဖြင့် ပယ်ဖျက်သည့်အချိန်အထိ ဆက်လက်အာဏာတည်သည်။

(၄) ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၁၀၅ (၁) (ဇ) တွင် ရည်ညွှန်းသည့် တရားစီရင် ရေးလုပ်ငန်းဆိုင်ရာ ကော်မရှင်၏ အဖွဲ့ဝင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၁၇၈(၁)(ဈ) တွင် ရည်ညွှန်းသည့် အဖွဲ့ဝင်များကို ခန့်အပ်ပြီးသည့်အခါ ထိုကော်မရှင်၏ အဖွဲ့ဝင်အဖြစ်မှ ရပ်စဲပြီး ဖြစ်သည်။

(၅) ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရေးရာကောင်စီ သည် ယင်းအတွက်ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ ဆက်လက်၍ လုပ်ငန်းဆောင်ရွက်နိုင်သည်။ ထိုကောင်စီတွင် အဖွဲ့ဝင်ရာထူး၌ တာဝန်ထမ်းဆောင်နေသူများသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်ချိန်တွင် အောက်ပါအချက်များနှင့် လျော်ညီစွာဖြင့် သက်ဆိုင်ရာရာထူးများတွင် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သည်-

(က) အဆိုပါဥပဒေပြဋ္ဌာန်းချက်ကို ဖျက်သိမ်းခြင်း သို့မဟုတ် ပြင်ဆင်ခြင်း

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် ဆီလျော်ညီညွတ်ခြင်း

(ဂ) ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၁၈၄ (က)နှင့် ၁၈၄ (ခ) (၁) (က) နှင့် (ဃ) တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၇၅ အရ အမြင့်ဆုံးဥပဒေပြု လွှတ်တော် ၏ အက်ဥပ ဒေတစ်ရပ်ဖြင့် မဖျက်သိမ်းမီအထိ ဆက်လက်အာဏာတည်သည်။

## Enactment of legislation required by new Constitution

21. (1) Where the new Constitution requires the enactment of national or provincial legislation, that legislation must be enacted by the relevant authority within a reasonable period of the date the new Constitution took effect.

(2) Section 198(b) of the new Constitution may not be enforced until the legislation envisaged in that section has been enacted.

(3) Section 199(3)(a) of the new Constitution may not be enforced before the expiry of three months after the legislation envisaged in that section has been enacted.

(4) National legislation envisaged in section 217(3) of the new Constitution must be enacted within three years of the date on which the new Constitution took effect, but the absence of this legislation during this period does not prevent the implementation of the policy referred to in section 217(2).

(5) Until the Act of Parliament referred to in section 65(2) of the new Constitution is enacted each provincial legislature may determine its own procedure in terms of which authority is conferred on its delegation to cast votes on its behalf in the National Council of Provinces.

(6) Until the legislation envisaged in section 229(1)(b) of the new Constitution is enacted, a municipality remains competent to impose any tax, levy or duty which it was authorised to impose when the Constitution took effect.

**ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လိုအပ်သော ဥပဒေပြဋ္ဌာန်းခြင်း**

၂၁။ (၁) ဗဟို နိုင်ငံ အဆင့် သို့မဟုတ် ပြည်နယ်အဆင့် ဥပဒေရေးဆွဲပြဋ္ဌာန်းမှုပြုရန် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လိုအပ်သည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်သည့် သင့်လျော်သည့် ကာလအတွင်း သက်ဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာရှိသည့်အဖွဲ့အစည်းမှ ဥပဒေရေးဆွဲပြဋ္ဌာန်းမှုပြုနိုင်သည်။

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပုဒ်မ ၁၉၈(ခ) တွင် ဖော်ပြသည့် ဥပဒေကို ပြဋ္ဌာန်းခြင်းပြုသည့်အချိန်အထိ ထိုပုဒ်မသည် အသက်မဝင်စေရ။

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၁၉၉(၃) တွင် ဖော်ပြသည့် ဥပဒေကို ပြဋ္ဌာန်းပြီး သုံးလကြာမြင့်သည့်အချိန်မတိုင်မီအထိ ထိုပုဒ်မသည် အသက်မဝင်စေရ။

(၄) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၂၁၇ (၃) တွင်ဖော်ပြသည့် အမျိုးသားဥပဒေ မျှော်မှန်းမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်ပြီး နောက် သုံးနှစ်ကြာသည့် ကာလအတွင်း ရေးဆွဲရမည်။ သို့ရာတွင် ထိုကာလအတွင်း အဆိုပါဥပဒေရေးဆွဲမှုမရှိခြင်းကြောင့် ပုဒ်မ ၂၁၇ (၂) တွင်ပါရှိသည့် မူဝါဒ အကောင်အထည် ဖော်ခြင်းကို အဟန့်အတားမဖြစ်စေရ။

(၅) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၆၅ (၂) တွင်ဖော်ပြပါရှိသည့် အမြင့်ဆုံးဥပဒေပြု လွှတ်တော်၏ အက်ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပြီးသည့်အချိန်အထိ ပြည်နယ် ဥပဒေပြု လွှတ်တော်အသီးသီးသည် ယင်းတို့၏ ကိုယ်စားလှယ်အဖွဲ့မှ ထိုလွှတ်တော်များကိုယ်စား ပြည်နယ်များဆိုင်ရာ အမျိုးသား လွှတ်တော်တွင် ဆန္ဒမဲ ပေးပိုင်ခွင့်အတွက် အပ်နှင်းထားသည့် အခွင့်အာဏာနှင့်အညီ ၎င်းတို့၏ လုပ်ထုံးလုပ်နည်းများကို ဆုံးဖြတ်သတ်မှတ်နိုင်သည်။

(၆) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၂၂၉(၁) (ခ) တွင်ဖော်ပြထားသည့် ဥပဒေရေးဆွဲမှုကို ပြဋ္ဌာန်းသည့်အချိန်အထိ စည်ပင်သာယာနယ်မြေ တစ်ခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်ချိန်တွင် ကောက်ခံခွင့်ရှိသည့်ဟု အခွင့်အာဏာအပ်နှင်းထားသည့် အခွန်၊ စည်းကြပ်ခွန်နှင့် ကုန်သွယ်ခွန်များကို ဆက်လက်ကောက်ခံပိုင်ခွင့်ရှိသည်။

## National unity and reconciliation

22. (1) Notwithstanding the other provisions of the new Constitution and despite the repeal of the previous Constitution, all the provisions relating to amnesty contained in the previous Constitution under the heading "National Unity and Reconciliation" are deemed to be part of the new Constitution for the purposes of the Promotion of National Unity and Reconciliation Act, 1995 (Act 34 of 1995), as amended, including for the purposes of its validity.

(2) For the purposes of subitem (1), the date "6 December 1993", where it appears in the provisions of the previous Constitution under the heading "National Unity and Reconciliation", must be read as "11 May 1994".

*[Subitem (2) added by s. 3 of the Constitution First Amendment Act of 1997.]*

## Bill of Rights

23. (1) National legislation envisaged in sections 9(4), 32(2) and 33(3) of the new Constitution must be enacted within three years of the date on which the new Constitution took effect.

(2) Until the legislation envisaged in sections 32(2) and 33(3) of the new Constitution is enacted—

(a) section 32 (1) must be regarded to read as follows:

"(1) Every person has the right of access to all information held by the state or any of its organs in any sphere of government in so far as that information is required for the exercise or protection of any of their rights."; and

(b) section 33(1) and (2) must be regarded to read as follows:
"Every person has the right to—

(a) lawful administrative action where any of their rights or interests is affected or threatened;

**အမျိုးသားညီညွတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေး**

၂၂။ (၁) ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းလိုက်သည့်တိုင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ အခြားပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ဆိုစေကာမူ 'အမျိုးသားညီညွတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေး' ခေါင်းစဉ်ဖြင့် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသည့် လွတ်ငြိမ်းချမ်းသာခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များ အားလုံးသည် ပြင်ဆင်ထားပြီးဖြစ်သည့် ၁၉၉၅ ခုနှစ် အမျိုးသားညီညွတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကို မြှင့်တင်ရေးဆိုင်ရာ အက်ဥပဒေ (၁၉၉၅ ခုနှစ် အက်ဥပဒေ အမှတ် ၃၄) ၏ ရည်ရွယ်ချက်များအတွက် ထိုအက်ဥပဒေ၏ တရားဝင်ဖြစ်ခြင်း ရည်ရွယ်ချက်များအတွက် အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ အစိတ်အပိုင်း ဖြစ်သည်ဟု မှတ်ယူရမည်။

(၂) အချက် (၁) ပါ ရည်ရွယ်ချက်များအတွက် အမျိုးသားညီညွတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေး ခေါင်းစဉ်ဖြင့် ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိသော ပြဋ္ဌာန်းချက်များတွင်ပါရှိသည့် ၁၉၉၃ ခုနှစ် ဒီဇင်ဘာ ၆ ရက် ရက်စွဲကို ၁၉၉၄ ခုနှစ် မေ ၁၁ ရက်စွဲအဖြစ် ပြင်ဆင်ဖတ်ရှုရမည်။

*[အပိုဒ်ခွဲ (၂) အား ၁၉၉၇ ခုနှစ် စည်းပုံအခြေခံဥပဒေ ပထမကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ ပုဒ်မ ၃ အရ ထည့်သွင်းခဲ့သည်။]*

**နိုင်ငံသားတို့၏ မူလအခွင့်အရေးများ**

၂၃။ (၁) အခြေခံဥပဒေသစ်၏ ပုဒ်မ ၉(၄)၊ ၃၂(၂)၊ ၃၃(၃) တို့တွင်ဖော်ပြထားသည့် အမျိုးသား ဥပဒေပြဋ္ဌာန်းမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်သည့် ရက်မှ သုံးနှစ်အတွင်း ပြဋ္ဌာန်းရမည်။

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၃၂(၂) နှင့် ၃၃ (၃) တို့တွင် ဖော်ပြထားသည့် ဥပဒေပြဋ္ဌာန်းမှုကိုပြုလုပ်သည့်အချိန်အထိ-

(က) ပုဒ်မ၃၂(၁)ကိုအောက်ပါအတိုင်း ပြင်ဆင်ဖတ်ရှုရမည်-

'လူတိုင်းသည် ၎င်းတို့၏အခွင့်အရေးကို ကျင့်သုံးခြင်းနှင့်ကာကွယ်ခြင်းအတွက် အစိုးရအဖွဲ့အဆင့်တိုင်းရှိ နိုင်ငံတော်၏ အဖွဲ့အစည်းများထံရှိ သတင်းအချက်အလက် အားလုံးရယူပိုင်ခွင့်ရှိသည်'

(ခ) ပုဒ်မ ၃၃ (၁) နှင့် (၂) တို့ကို အောက်ပါအတိုင်း ဖတ်ရှုရမည်။

'လူတိုင်းသည် အောက်ပါ အခွင့်အရေးများရှိသည်။

(က) ၎င်းတို့၏ အခွင့်အရေး သို့မဟုတ် အကျိုးစီးပွားများ ခြိမ်းခြောက်ခံရသည့်အခါဥပဒေနှင့်လျော်ညီသော စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက် ရယူခွင့်

(b) procedurally fair administrative action where any of their rights or legitimate expectations is affected or threatened;

(c) be furnished with reasons in writing for administrative action which affects any of their rights or interests unless the reasons for that action have been made public; and

(d) administrative action which is justifiable in relation to the reasons given for it where any of their rights is affected or threatened.".

(3) Sections 32(2) and 33(3) of the new Constitution lapse if the legislation envisaged in those sections, respectively, is not enacted within three years of the date the new Constitution took effect.

## Public administration and security services

24. (1) Sections 82(4)(b), 215, 218(1), 219(1), 224 to 228, 236(1), (2), (3), (6), (7)(b) and (8), 237(1) and (2)(a) and 239(4) and (5) of the previous Constitution continue in force as if the previous Constitution had not been repealed, subject to—

(a) the amendments to those sections as set out in Annexure D;

(b) any further amendment or any repeal of those sections by an Act of Parliament passed in terms of section 75 of the new Constitution; and

(c) consistency with the new Constitution.

(ခ) မိမိတို့၏ အခွင့်အရေးများ သို့မဟုတ် ဥပဒေအရ ရသင့်ရထိုက်သောအရာများကို သက်ရောက်မှု၊ ခြိမ်းခြောက်မှု ဖြစ်ပေါ်သည့်အခါ လုပ်ထုံးလုပ်နည်း အရ မျှတသည့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်ကိုရရှိခွင့်

(ဂ) ၎င်းတို့၏ အခွင့်ရေးသို့မဟုတ် အကျိုးစီးပွားကိုသက်ရောက်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်တစ်ရပ်အတွက် အကြောင်းပြချက်ကို အများပြည်သူသို့ ထုတ်ပြန်ခြင်းမပြုရသေးပါက ထိုသက်ရောက်မှုကို စာဖြင့်ရေးသားထုတ်ပြန်နိုင်သည်။

(ဃ) မိမိတို့၏ အခွင့်အရေးများကို သက်ရောက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းဖြစ်ပေါ်သည့်အခါ အကြောင်းပြချက်သည် တရားမျှတကြောင်း ဖြေရှင်းပြနိုင်လောက်သည့် အခြေအနေရှိသော စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်ကို ရရှိခွင့်

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်သည့်ရက်မှ ၃ နှစ်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၃၂(၂)၊ ၃၃(၃) တို့တွင်ဖော်ပြသည့် ဥပဒေပြဋ္ဌာန်းမှုကို မပြုလုပ်နိုင်လျှင် ထိုပုဒ်မများ ပျက်ပြယ်သည်။

**အများပြည်သူ ဆိုင်ရာ စီမံ အုပ်ချုပ်ရေးနှင့် လုံခြုံရေး ဝန်ဆောင်မှုများ**

၂၄။ (၁) ပုဒ်မ ၈၂(၄)(ခ)၊ ၂၁၅၊၂၁၈(၁)၊၂၁၉(၁)၊ ၂၂၄ မှ ၂၂၈၊ ၂၃၆(၁)၊ (၂)၊ (၃)၊ (၆)၊ (၇)(ခ) နှင့် (၈)၊ ၂၇၃ (၁) နှင့် (၂)(ခ)၊ ၂၃၉(၄) နှင့် (၅) စသည့် ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မများသည် မရုပ်သိမ်းရသေးလျှင် အောက်ပါအချက်များနှင့်အညီ ဆက်လက်အာဏာသက်ဝင် နေသည်-

(က) နောက်ဆက်တွဲ (ဃ) တွင် ဖော်ပြသည့် ပုဒ်မများဆိုင်ရာ ပြင်ဆင်ချက်များ

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပုဒ်မ ၇၅ အရ ပြဋ္ဌာန်းသည့် အမြင့်ဆုံးဥပဒေပြု လွှတ်တော်၏ အက်ဥပဒေတစ်ရပ်ဖြင့် နောက်ထပ်ပြင်ဆင်သည့် သို့မဟုတ် ဖျက်သိမ်းသည့် ပုဒ်မများ

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် ကိုက်ညီမှု

(2) The Public Service Commission and the provincial service commissions referred to in Chapter 13 of the previous Constitution continue to function in terms of that Chapter and the legislation applicable to it as if that Chapter had not been repealed, until the Commission and the provincial service commissions are abolished by an Act of Parliament passed in terms of section 75 of the new Constitution.

(3) The repeal of the previous Constitution does not affect any proclamation issued under section 237(3) of the previous Constitution, and any such proclamation continues in force, subject to—

(a) any amendment or repeal; and

(b) consistency with the new Constitution.

### Additional disqualification for legislatures

25. (1) Anyone who, when the new Constitution took effect, was serving a sentence in the Republic of more than 12 months' imprisonment without the option of a fine, is not eligible to be a member of the National Assembly or a provincial legislature.

(2) The disqualification of a person in terms of subitem (1)—

(a) lapses if the conviction is set aside on appeal, or the sentence Is reduced on appeal to a sentence that does not disqualify that person; and

(b) ends five years after the sentence has been completed.

(၂) ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခန်း ၁၃ တွင်ရည်ညွှန်းသည့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး အဖွဲ့နှင့်ပြည်နယ်ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့များသည် ထိုအခန်းပါပြဋ္ဌာန်းချက်များအတိုင်း ဆက်လက်လုပ်ကိုင်ဆောင်ရွက်ကြရမည်။ ထိုအခန်းကို ဖျက်သိမ်းခြင်းမပြုသည့်နှယ် ပြဋ္ဌာန်းကျင့်သုံးနိုင်သည့် ဥပဒေနှင့်အညီ ဆက်လက်လုပ်ကိုင်ဆောင်ရွက်နိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၇၅ အရ အမြင့်ဆုံးဥပဒေပြု လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်ဖြင့် ပြည်နယ်ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့နှင့် ကော်မရှင်တို့ကို ဖျက်သိမ်းသည့်အချိန်အထိ အထက်ပါအတိုင်း ဆက်လက်ကျင့်သုံးနိုင်သည်။

(၃) ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၂၃၇(၃) အရ ထုတ်ပြန်သည့် ကြေညာချက်မှန်သမျှကို ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေအားဖျက်သိမ်းခြင်း ကြောင့် သက်ရောက်မှု မရှိစေရ။ အောက်ပါအခြေအနေနှင့် လျော်ညီစွာ ထိုကြေညာချက်သည် အာဏာဆက်လက်တည်သည်။

(က) ပြင်ဆင်ချက် သို့မဟုတ် ဖျက်သိမ်းမှု တစ်ရပ်ရပ်

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် ကိုက်ညီမှု

**ဥပဒေပြု လွှတ်တော်များဆိုင်ရာ နောက်တိုးအရည်အချင်းပျက်ယွင်းမှုများ**

၂၅။ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာတည်ချိန်တွင် တောင်အာဖရိက သမ္မတနိုင်ငံအတွင်း ထောင်ဒဏ် ၁၂လထက်မက ကျခံနေရပြီး ထိုပြစ်ဒဏ်အတွက် ဒဏ်ငွေဆောင်ရန် ရွေးချယ်ခွင့်မရှိသူသည် ပြည်သူ့ လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ခု၏ ကိုယ်စားလှယ်ဖြစ်ရန် အရည်အချင်း ပျက်ယွင်းသည်။

(၂) အချက် (၁) ပါပြဋ္ဌာန်းချက်အရ ပုဂ္ဂိုလ်တစ်ဦး၏ အရည်အချင်းပျက်ယွင်းမှုဟူသည်-

(က) ကျခံရသော ပြစ်ဒဏ်ကို အယူခံဝင်ရာတွင် ပယ်ဖျက်လိုက်သည့်အခါတွင်လည်းကောင်း၊ ထိုပုဂ္ဂိုလ်ကို အရည်အချင်းပျက်ယွင်းစေခြင်းမရှိသည့် ပြစ်ဒဏ်တစ်ခုအဖြစ်သို့ အယူခံဝင်သည့်အခါ၌ အဆင့်လျှော့ချလိုက်သည့်အခါ အရည်အချင်းပျက်ယွင်းမှု မရှိဟု မှတ်ယူရမည်။

(ခ) ပြစ်ဒဏ်ကျခံပြီးနောက် ငါးနှစ်ကြာသည့်အခါ ထိုအရည်အချင်းပျက်ယွင်းမှု သတ်မှတ်ချက်သက်တမ်းကုန်ဆုံးသည်။

## Local government

26. (1) Notwithstanding the provisions of sections 151, 155, 156 and 157 of the new Constitution—

(a) the provisions of the Local Government Transition Act, 1993 (Act 209 of 1993), as may be amended from time to time by national legislation consistent with the new Constitution, remain in force in respect of a Municipal Council until a Municipal Council replacing that Council has been declared elected as a result of the first general election of Municipal Councils after the commencement of the new Constitution; and

*[Subitem (a) substituted by s. 5(a) of the Constitution Second Amendment Act of 1998.]*

(b) a traditional leader of a community observing a system of indigenous law and residing on land within the area of a transitional local council, transitional rural council or transitional representative council, referred to in the Local Government Transition Act, 1993, and who has been identified as set out in section 182 of the previous Constitution, is ex officio entitled to be a member of that council until a Municipal Council replacing that council has been declared elected as a result of the first general election of Municipal Councils after the commencement of the new Constitution.

*[Subitem (b) substituted by s. 5(a) of the Constitution Second Amendment Act of 1998.]*

(2) Section 245(4) of the previous Constitution continues in force until the application of that section lapses. Section 16(5) and (6) of the Local Government Transition Act, 1993, may not be repealed before 30 April 2000.

*[Sub item (2) amended by s. 5 (b) of Constitution Second Amendment Act of 1998.]*

**ဒေသဆိုင်ရာ အစိုးရ**

၂၆။ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၁၅၁၊၁၅၅၊ ၁၅၆နှင့် ၁၅၇ ပုဒ်မများတွင် မည်သို့ပင်ဆိုစေကာမူ-

(က) ၁၉၉၃ ခုနှစ် (၁၉၉၃ အက်ဥပဒေအမှတ် ၂၀၉) ဒေသဆိုင်ရာအစိုးရ အသွင်ကူးပြောင်းရေး အက်ဥပဒေ ပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ အလျဉ်းသင့်သလို ပြင်ဆင်နိုင်ပြီး စည်ပင်သာယာနယ်မြေကောင်စီတစ်ခုနှင့် ပတ်သက်၍ ဆက်လက်အာဏာ တည်နေမည် ဖြစ်သည်။ အဆိုပါကောင်စီကို အစားထိုးမည့် စည်ပင်သာယာနယ်မြေ ကောင်စီကို ရွေးကောက်တင် မြှောက်ပြီးဖြစ်ကြောင်း ကြေညာသည်အထိ ထိုသို့ ဆက်လက် အာဏာတည်နေမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် စတင်အာဏာသက်ရောက် ပြီး နောက် ပထမဆုံးကျင်းပသည့် စည်ပင်သာယာနယ်မြေကောင်စီ အထွေထွေ ရွေး ကောက်ပွဲများ၏ ရလဒ်အဖြစ် ထိုကောင်စီအသစ်များကို ရွေးကောက်တင် မြှောက်မည်ဖြစ်သည်။

*[၁၉၉၉ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၅ (က) အရ အပိုဒ်ခွဲ က အား အစားထိုးခဲ့သည်။]*

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေသစ် စတင်အာဏာတည်ပြီး စည်ပင်သာယာနယ်မြေကောင်စီ အထွေ ထွေ ရွေးကောက်ပွဲများကို ပထမဆုံးအကြိမ် ကျင်းပရာမှ ထွက်ပေါ်လာသည့် ရလဒ်အဖြစ် ယခင် စည်ပင်သာယာနယ်မြေ ကောင်စီကို အစားထိုးသည့် ကောင်စီကို ရွေးကောက်တင် မြှောက်ကြောင်း ကြေညာချိန် အထိ ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၁၈၂ တွင် သတ်မှတ်ဖော်ပြထားသူ၊ ၁၉၉၃ ခုနှစ် ဒေသအစိုးရအသွင်ကူးပြောင်းရေး အက်ဥပဒေတွင် ရည်ညွှန်း ဖော်ပြသည့် ပုဂ္ဂိုလ်၊ အသွင်ကူးပြောင်းရေး ဒေသဆိုင်ရာကောင်စီ၊ အသွင်ကူး ပြောင်းရေးကျေးလက်ကောင်စီ၊ အသွင်ကူးပြောင်းရေး ကိုယ်စားလှယ်ကောင်စီတစ်ခု၏ နယ်နိမိတ်အတွင်းရှိ မြေတွင်နေထိုင်ပြီး ၎င်းထိန်းသိမ်းစောင့်ရှောက်သည့် တိုင်းရင်းဖြစ်ဥပ ဒေစနစ်ရှိသော ရပ်ရွာ၏ ရိုးရာခေါင်းဆောင်ကို ထိုကောင်စီ သစ်ပေါ်မလာခင်အချိန်အထိ ကောင်စီ၏ အဖွဲ့ဝင်အဖြစ်ရှိနေစေရန် အခွင့်ရှိသည်။

*[၁၉၉၉ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၅ (က) အရ အပိုဒ်ခွဲ (ခ) အား အစားထိုးခဲ့သည်။]*

(၂) ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၂၄၅(၄) ကို ကျင့်သုံးမှုရပ်ဆိုင်းသည်အထိ ထိုပုဒ်မသည် ဆက်လက်အာဏာတည်သည်။ ၁၉၉၃ ခုနှစ် ဒေသဆိုင်ရာ အစိုးရ အသွင်ကူးပြောင်းရေး အက်ဥပဒေပါ ပုဒ် ၁၆(၅) နှင့် (၆) တို့ကို ၂၀၀၀ ပြည့်နှစ် ဧပြီ ၃၀ ရက်မတိုင်မီ ပယ်ဖျက်ခြင်းမပြုစေရ။

*[၁၉၉၉ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဒုတိယကြိမ်မြောက်ပြင်ဆင်ချက်အက်ဥပဒေ၏ ပုဒ်မ ၅ (ခ) အရ အပိုဒ်ခွဲ ၂ အား ပြင်ဆင်ခဲ့သည်။]*

## Safekeeping of Acts of Parliament and Provincial Acts

27. Sections 82 and 124 of the new Constitution do not affect the safekeeping of Acts of Parliament or provincial Acts passed before the new Constitution took effect.

## Registration of immovable property owned by the state

28. (1) On the production of a certificate by a competent authority that immovable property owned by the state is vested in a particular government in terms of section 239 of the previous Constitution, a registrar of deeds must make such entries or endorsements in or on any relevant register, title deed or other document to register that immovable property in the name of that government.

(2) No duty, fee or other charge is payable in respect of a registration in terms of subitem (1).

## အမြင့်ဆုံးဥပဒေပြုလွှတ်တော်အက်ဥပဒေများနှင့် ပြည်နယ်အက်ဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း

၂၇။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာမတည်မီ ပြဋ္ဌာန်းထားသည့် အမြင့်ဆုံးဥပဒေပြု လွှတ်တော် အက်ဥပဒေများနှင့် ပြည်နယ်အက်ဥပဒေများကို ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ၏ ပုဒ်မ ၈၂နှင့် ၁၂၄ တို့သည် သက်ရောက်ခြင်းမရှိ။

## နိုင်ငံတော်ပိုင် မရွှေ့ပြောင်းနိုင်သည့် ဥစ္စာပစ္စည်းများကို မှတ်ပုံတင်ခြင်း

၂၈။ (၁) နိုင်ငံတော်ပိုင် မရွှေ့ပြောင်းနိုင်သည့် ဥစ္စာပစ္စည်းအတွက် အသိအမှတ်ပြုလက်မှတ်ကို အခွင့်ရအာဏာပိုင်က ထုတ် ပေး ခြင်းအတွက် ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၂၃၉ အရ သီးခြားအစိုးရတစ်ရပ်ထံ အပ်နှင်းထားသည်။ မှတ်ပုံတင်စာချုပ်အရာရှိတစ်ဦးသည် သက်ဆိုင်ရာမှတ်တမ်းတွင် ပိုင်ဆိုင်မှု စာချုပ်စာတမ်း၊ သို့မဟုတ် စာရွက်စာတမ်းတွင် ထိုမရွှေ့ပြောင်းနိုင်သည့် နိုင်ငံတော်ပိုင် ပစ္စည်းကို ထည့်သွင်းခြင်း၊ ရေးသွင်းခြင်းများပြုရမည်။

(၂) အချက်(၁) တွင်ပါရှိသော ပြဋ္ဌာန်းချက်အရ မှတ်ပုံတင်စာရင်းသွင်းခြင်းအတွက် အခွန်၊ အခကြေးငွေ သို့မဟုတ် အခြားအဖိုးအခများ ပေးချေရန်မလို။

# ANNEXURE A

## Amendments to Schedule 2 to the previous Constitution

**1. The replacement of item 1 with the following item:**

"1. Parties registered in terms of national legislation and contesting an election of the National Assembly, shall nominate candidates for such election on lists of candidates prepared in accordance with this Schedule and national legislation.".

**2. The replacement of item 2 with the following item:**

"2. The seats in the National Assembly as determined in terms of section 46 of the new Constitution, shall be filled as follows:

(a) One half of the seats from regional lists submitted by the respective parties, with a fixed number of seats reserved for each region as determined by the Commission for the next election of the Assembly, taking into account available scientifically based data in respect of voters, and representations by interested parties.

(b) The other half of the seats from national lists submitted by the respective parties, or from regional lists where national lists were not submitted.".

**3. The replacement of item 3 with the following item:**

"3. The lists of candidates submitted by a party, shall in total contain the names of not more than a number of candidates equal to the number of seats in the National Assembly, and each such list shall denote such names in such fixed order of preference as the party may determine.".

## ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဇယား ၂ ကို ပြင်ဆင်ချက်များ

**၁။ အချက် ၁ ကို အောက်ပါ အချက်ဖြင့် အစားထိုးသည် -**

'၁။ အမျိုးသား ဥပဒေအရ မှတ်ပုံတင်ထားပြီး ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများသည် ထိုရွေးကောက်ပွဲအတွက် ပြင်ဆင်ထားသည့် ကိုယ်စားလှယ်လောင်းအမည်စာရင်းများ တွင် ၎င်းတို့ပါတီမှ ကိုယ်စားလှယ်လောင်းများကို အမျိုးသားဥပဒေ နှင့် ဤဇယားပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်း တင်သွင်းရမည်။'

**၂။ အချက် ၂ ကို အောက်ပါ အချက်ဖြင့် အစားထိုးသည် -**

'၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၄၆ အရ သတ်မှတ်ထားသည့် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် နေရာများကို အောက်ပါအတိုင်း ဖြည့်စွက်ရ မည်။

(က) ပါတီအသီးသီးက တင်သွင်းသည့်ဒေသဆိုင်ရာ ကိုယ်စားလှယ်လောင်းစာရင်းများမှ ကိုယ်စားလှယ်နေရာများ၏ထက်ဝက်၊ ပြည်သူ့ လွှတ်တော် ၏ နောက်တစ်ကြိမ် ရွေးကောက်ပွဲ အတွက် ကော်မရှင်က ဆုံးဖြတ်သတ်မှတ်ပေးသည့်ဒေသတစ်ခုစီအတွက် ချန်လှပ်ထားသည့် ပုံသေ ကိုယ်စားလှယ်နေရာ တို့နှင့်အတူ မဲဆန္ဒရှင်၊ စိတ်ဝင်စားသည့် ပါတီများ၏ ကိုယ်စားပြုမှုတို့ကို အခြေခံသည့် သိပ္ပံနည်းကျ အချက်အလက်များကို ထည့်သွင်းစဉ်းစားခြင်း

(ခ) ပါတီအသီးသီးက တင်သွင်းသည့် နိုင်ငံလုံးဆိုင်ရာ ကိုယ်စားလှယ်လောင်းစာရင်းများမှ ကိုယ်စားလှယ်နေရာများ၏ ထက်ဝက် သို့မဟုတ် နိုင်ငံလုံးဆိုင်ရာ စာရင်းကို တင်သွင်းခြင်းမပြုသည့် ဒေသဆိုင်ရာကိုယ်စားလှယ်လောင်းစာရင်းမှ ကိုယ်စားလှယ်နေရာ များ၏ ထက်ဝက်

**၃။ အချက် ၃ ကို အောက်ပါအတိုင်းအစားထိုးသည် -**

'၃။ ပါတီတစ်ခုက တင်သွင်းသည့် ကိုယ်စားလှယ်လောင်းစာရင်းသည် ပြည်သူ့ လွှတ်တော် ရှိ ကိုယ်စားလှယ်နေရာအရေအတွက်နှင့် ညီမျှသည့် ကိုယ်စားလှယ်ဦးရေ၏ အမည်များထက် ပိုသောအ ရေအတွက်ဖြင့် စုစုပေါင်းကိုယ်စားလှယ်စာရင်းတွင် မပါရှိစေရ။ ထိုစာရင်းတစ်ခုစီတွင် ပါတီတစ်ခုက ဆုံးဖြတ်သတ်မှတ်သည်အတိုင်း ဦးစားပေး ပုံသေကိုယ်စားလှယ်လောင်းအစီအစဉ်ဖြင့် အမည်များကို ဖော်ပြပါရှိ စေရမည်။'

**4. The amendment of item 5 by replacing the words preceding paragraph (a) with the following words:**

"5. The seats referred to in item 2(a) shall be allocated per region to the parties contesting an election, as follows:".

**5. The amendment of item 6—**

(a) by replacing the words preceding paragraph (a) with the following words:

"6. The seats referred to in item 2(b) shall be allocated to the parties contesting an election, as follows:"; and

(b) by replacing paragraph (a) with the following paragraph:

"(a) A quota of votes per seat shall be determined by dividing the total number of votes cast nationally by the number of seats in the National Assembly, plus one, and the result plus one, disregarding fractions, shall be the quota of votes per seat.".

**6. The amendment of item 7(3) by replacing paragraph (b) with the following paragraph:**

"(b) An amended quota of votes per seat shall be determined by dividing the total number of votes cast nationally, minus the number of votes cast nationally in favour of the party referred to in paragraph (a), by the number of seats in the Assembly, plus one, minus the number of seats finally allocated to the said party in terms of paragraph (a).".

**7. The replacement of item 10 with the following item:**

"10. The number of seats in each provincial legislature shall be as determined in terms of section 105 of the new Constitution.".

**၄။ အပိုဒ် (က) တွင်ပါရှိသည့် စကားရပ်များကို အောက်ဖော်ပြပါ စကားရပ်များဖြင့် အစားထိုးကာ အချက် ၅ ကို ပြင်ဆင်သည်** -

'၅။ အချက် ၂ (က) တွင်ရည်ညွှန်းဖော်ပြသည့် ကိုယ်စားလှယ်နေရာများကို ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်သည့် ပါတီများထံသို့ အောက်ပါအတိုင်း ဒေသအလိုက် ခွဲဝေပေးရမည်။'

**၅။ အချက် ၆ ကို ပြင်ဆင်ရာတွင်** -

(က) အပိုဒ် (က) တွင်ဖော်ပြထားသည့် စကားရပ်များကို အောက်ပါ စကားရပ်များဖြင့် အစားထိုး၍ ပြင်ဆင်သည်-

'၆။အချက်၂(ခ)တွင်ဖော်ပြသည့် ကိုယ်စားလှယ်နေရာများကို ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်သည့် ပါတီများထံသို့ အောက်ပါအတိုင်း ခွဲဝေပေးရမည်။'

(ခ) အောက်ပါအပိုဒ်ဖြင့် အပိုဒ် (က) ကို အစားထိုး၍ ပြင်ဆင်သည်

'(က) ပြည်သူ့ လွှတ်တော်ရှိ ကိုယ်စားလှယ်ဦးရေအရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပေးအပ်သော ဆန္ဒမဲအရေအတွက် စုစုပေါင်းကို စားခြင်းဖြင့် ကိုယ်စားလှယ်နေရာတစ်နေရာစီအတွက် ဆန္ဒမဲ ခွဲတမ်းကို ဆုံးဖြတ်သတ်မှတ်နိုင်သည်။ ထို ခွဲတမ်းကို နောက်ထပ်ကိုယ်စားလှယ်နေရာတစ်ခု ထပ်ပေါင်း ကာ ထိုထပ်ပေါင်းထားသည့် ရလဒ်သည် မည်သည့်အစွန်းထွက်ရလဒ်များရှိသည်ဖြစ်စေ ကိုယ်စားလှယ်တစ်နေရာစီ ၏ ဆန္ဒမဲ ခွဲတမ်း ဖြစ်သည်။'

**၆။ အောက်ပါစာပိုဒ်ဖြင့် အပိုဒ် (ခ)ကို အစားထိုးကာ အချက် ၇(၃) ကို ပြင်ဆင်သည်** -

'(ခ) ကိုယ်စားလှယ်တစ်ဦးအတွက် ဆန္ဒမဲ ခွဲတမ်း ပြင်ဆင်ချက်ကို ဆုံးဖြတ်သတ်မှတ်ရန် တစ်နိုင်ငံလုံးအတိုင်းအတာ ဆန္ဒမဲစုစုပေါင်းကို ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် အရေအတွက်ဖြင့် စားကာ အပိုဒ် (က) တွင် ရည်ညွှန်းသည့် ပါတီကို ထောက်ခံမဲပေးသည့် တစ်နိုင်ငံလုံး အတိုင်းအတာပေးသည့် ဆန္ဒမဲကို နုတ်ပယ်ရမည်။ ထို့နောက် နောက်ထပ်နေရာတစ်ခု ထပ်ပေါင်းကာ အဆိုပါပါတီအား အပိုဒ်(က)အရ ခွဲဝေပေးသည့် ကိုယ်စားလှယ်နေရာကို နုတ်ပယ်ရမည်။'

**၇။ အချက် ၁၀ ကို အောက်ပါအတိုင်း အစားထိုးသည်** -

'၁၀။ ပြည်နယ် ဥပဒေပြု လွှတ်တော်တစ်ခုချင်းစီရှိ ကိုယ်စားလှယ်နေရာ အရေအတွက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၁၀၅ အရ သတ်မှတ်သည့်အတိုင်း ဖြစ်သည်။'

**8. The replacement of item 11 with the following item:**

"11. Parties registered in terms of national legislation and contesting an election of a provincial legislature, shall nominate candidates for election to such provincial legislature on provincial lists prepared in accordance with this Schedule and national legislation.".

**9. The replacement of item 16 with the following item:**

"Designation of representatives

16. (1) After the counting of votes has been concluded, the number of representatives of each party has been determined and the election result has been declared in terms of section 190 of the new Constitution, the Commission shall, within two days after such declaration, designate from each list of candidates, published in terms of national legislation, the representatives of each party in the legislature.

(2) Following the designation in terms of subitem (1), if a candidate's name appears on more than one list for the National Assembly or on lists for both the National Assembly and a provincial legislature (if an election of the Assembly and a provincial legislature is held at the same time), and such candidate is due for designation as a representative in more than one case, the party which submitted such lists shall, within two days after the said declaration, indicate to the Commission from which list such candidate will be designated or in which legislature the candidate will serve, as the case may be, in which event the candidate's name shall be deleted from the other lists.

(3) The Commission shall forthwith publish the list of names of representatives in the legislature or legislatures. "..

**၈။ အချက် ၁၁ ကို အောက်ပါ အချက် ဖြင့် အစားထိုးသည် -**

‘၁၁။ အမျိုးသားဥပဒေ အရ မှတ်ပုံတင်ထားပြီး ပြည်နယ်ရွေးကောက်ပွဲတစ်ခုတွင် ပါဝင်ယှဉ်ပြိုင်သည့် ပါတီများသည် ထိုပြည်နယ် ဥပဒေပြု လွှတ်တော် ရွေးကောက်ပွဲအတွက် ဇဉ်ဇယားနှင့် အမျိုးသားဥပဒေ တို့နှင့်အညီ ပြင်ဆင်ထားသည့် ပြည်နယ်စာရင်းတွင် မိမိတို့ပါတီ၏ ကိုယ်စားလှယ်လောင်းစာရင်းကို အမည်စာရင်းတင်သွင်းရမည်။’

**၉။ အချက် ၁၆ ကို အောက်ပါစာပိုဒ်ဖြင့် အစားထိုးသည် -**

‘ကိုယ်စားလှယ်များ ခန့်အပ်ခြင်း

၁၆(၁) မဲရေတွက်ခြင်းပြီးစီးသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၁၉၀ အရ ပါတီတစ်ခုကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ် ဦးရေကို သတ်မှတ်ပြီးနောက် ရွေး ကောက်ပွဲရလဒ်ကို ကော်မရှင်ကကြေညာပြီး ၂ ရက်ကြာသည့်အခါ အမျိုးသားဥပဒေ တွင် ထုတ်ပြန်ထားသည့်အတိုင်း ကိုယ်စားလှယ်လောင်းစာရင်းတစ်ခုစီမှ လွှတ်တော်အတွင်း ပါတီတစ်ခု ချင်းစီ၏ ကိုယ်စားလှယ်များကို ကော်မရှင်က လျာထားသတ်မှတ်ရမည်။

(၂) အချက် (၁) အရ လွှတ်တော်ကိုယ်စားလှယ်ကို လျာထားသတ်မှတ်ပြီးနောက် ပြည်သူ့ လွှတ် တော် အတွက် စာရင်းတွင် စာရင်းတစ်ခုထက်ပို၍ ကိုယ်စားလှယ်လောင်းတစ်ဦး၏ အမည်သည်ပါဝင်နေပါက သို့မဟုတ် (ပြည်သူ့ လွှတ်တော်နှင့် ပြည်နယ် ဥပဒေပြု လွှတ် တော်ရွေးကောက်ပွဲကို တစ်ပြိုင်နက်ကျင်းပသည်အခါ) ပြည်သူ့ လွှတ်တော်နှင့် ပြည်နယ် ဥပဒေပြု လွှတ်တော်နှစ်ရပ်စလုံးရှိ စာရင်းများတွင် ၎င်း၏အမည်ပါဝင်နေပါက ထိုကိုယ်စားလှယ်လောင်းသည် တစ်နေရာထက်ပို၍ ကိုယ်စားလှယ်အဖြစ် သတ်မှတ်ခံရမည့်သူဖြစ်သည်။ ယင်းကိုယ်စားလှယ်အမည်စာရင်းကို တင်သွင်းသည့် ပါတီသည် ထိုစာရင်းထုတ်ပြန်ကြေညာပြီး နှစ်ရက်အတွင်း မည်သည့်စာရင်းမှ ထိုကိုယ်စားလှယ်ကို ရွေးချယ်သတ်မှတ်ကြောင်း ကော်မရှင်ကိုအကြောင်းကြားရမည်။ သို့မဟုတ် မည်သည့်လွှတ်တော်တွင် ထိုကိုယ်စားလှယ်သည် တာဝန်ထမ်း ဆောင်မည်ဆိုသည်ကို အကြောင်းကြားရမည်။ ထိုသို့အကြောင်းကြားသည့် အခါ ထိုကိုယ်စားလှယ်၏ အမည်ကို အခြားစာရင်းများမှ ပယ်ဖျက်စေရမည်။

(၃) လွှတ်တော်အတွင်းရှိ သို့မဟုတ် လွှတ်တော်များရှိ ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ကော်မရှင်က စောလျင်စွာ ထုတ်ပြန်ရမည်။’

**10. The amendment of item 18 by replacing paragraph (b) with the following paragraph:**

"(b) a representative is appointed as a permanent delegate to the National Council of Provinces;".

**11. The replacement of item 19 with the following item:**

"19. Lists of candidates of a party referred to in item 16 (1) may be supplemented on one occasion only at any time during the first 12 months following the date on which the designation of representatives in terms of item 16 has been concluded, in order to fill casual vacancies: Provided that any such supplementation shall be made at the end of the list.".

**12. The replacement of item 23 with the following item:**

"Vacancies

23. (1) In the event of a vacancy in a legislature to which this Schedule applies, the party which nominated the vacating member shall fill the vacancy by nominating a person—

(a) whose name appears on the list of candidates from which the vacating member was originally nominated; and

(b) who is the next qualified and available person on the list.

(2) A nomination to fill a vacancy shall be submitted to the Speaker in writing.

(3) If a party represented in a legislature dissolves or ceases to exist and the members in question vacate their seats in consequence of item 23A(1), the seats in question shall be allocated to the remaining parties mutatis mutandis as if such seats were forfeited seats in terms of item 7 or 14, as the case may be.".

၁၀။ **အပိုဒ် (ခ) ကို အောက်ပါစာပိုဒ်ဖြင့်အစားထိုးကာ အချက် ၁၈ ကို ပြင်ဆင်သည်** -

'(ခ) ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်သို့ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ကိုယ်စားလှယ်တစ်ဦးကို ခန့်အပ်သည်'

၁၁။ **အချက် ၁၉ ကို အောက်ပါအချက်ဖြင့် အစားထိုးသည်** -

'၁၉။ ပုံမှန် လစ်လပ်နေရာများကို ဖြည့်စွက်ရန် အချက် ၁၆(၁) တွင် ရည်ညွှန်းသည့် ပါတီတစ်ခု၏ ကိုယ်စားလှယ်များကို သတ်မှတ်သည့်ရက်မှ ပထမ ၁၂ လတာကာလအတွင်း မည်သည့်အချိန်တွင်မဆို အချက် ၁၆(၁) တွင် ရည်ညွှန်းသည့် ပါတီတစ်ခု၏ ကိုယ်စားလှယ်များစာရင်းကို ဖြည့်စွက်နိုင်သည်။ ထိုဖြည့်စွက်ချက်ကို ကို်ယ်စားလှယ်လောင်းစာရင်း၏ အဆုံးပိုင်းတွင် ထည့်သွင်းမှသာ ယင်းသို့ဖြည့်စွက်နိုင်သည်။

၁၂။ **အောက်ပါအချက်ဖြင့် အချက် ၂၃ ကို အစားထိုးသည်** -

'လစ်လပ်နေရာများ

၂၃။ (၁) ဤဇယားတွင်အကြုံးဝင်သည့် လွှတ်တော်တစ်ရပ်တွင် ကိုယ်စားလှယ်နေရာလစ်လပ်မှု ဖြစ်ပေါ် သည့်အခါ လစ်လပ်သွားသည့် ကိုယ်စားလှယ်နေရာအတွက် အမည်စာရင်းတင်သွင်းသည့် ပါတီသည် အောက်ပါပုဂ္ဂိုလ်တစ်ဦးကို အမည်စာရင်းတင်သွင်း၍ လစ်လပ်နေရာကို ဖြည့်စွက်နိုင်သည်-

(က) မူလကအဆိုပြုခဲ့သည့်အမည်စာရင်းတင်သွင်းခဲ့သည့် ကိုယ်စားလှယ်စာရင်းတွင်၎င်း၏အမည်ဖော်ပြခံထားရသူ

(ခ) ထိုစာရင်းတွင် လစ်လပ်နေရာကို ဖြည့်စွက်နိုင်သည့် အသင့်တော်ဆုံး အရည်အချင်းနှင့် ပြည့်စုံသည့်သူ

(၂) လစ်လပ်နေရာကို ဖြည့်စွက်ရန် အမည်စာရင်းတင်သွင်းခြင်းကို လွှတ်တော်ဥက္ကဋ္ဌထံ စာဖြင့် ရေးသားတင်ပြရမည်။

(၃) လွှတ်တော်အတွင်း ကိုယ်စားပြုသည့် ပါတီတစ်ခုသည် ဖျက်သိမ်းခြင်း သို့မဟုတ် ပါတီအဖြစ်မှရပ်စဲသွားပါက အချက် ၂၃ (က) (၁) အရဖြစ်ပေါ်လာသည့် ထိုပါတီ၏ ကိုယ်စားလှယ်နေရာများ လစ်လပ်သွားပါက အခြေအနေအားလျော်စွာ အချက် ၇ သို့မဟုတ် ၁၄ အရ ထိုလစ်လပ်နေရာများသည် လက်လွှတ်ဆုံးရှုံးခံ လိုက်ရသည့် နေရာများကဲ့သို့သဘောထား၍ မူလအခြေအနေကို မပျက်ယွင်းစေသော ဖြည့်စွက်မှု အဖြစ် ကျန်နိုင်ငံရေးပါတီများသို့ လစ်လပ်နေရာများကို ခွဲဝေပေးရမည်။

**13. The insertion of the following item after item 23:**

"Additional ground for loss of membership of legislatures

23A. (1) A person loses membership of a legislature to which this Schedule applies if that person ceases to be a member of the party which nominated that person as a member of the legislature.

(2) Despite subitem (1) any existing political party may at any time change its name.

(3) An Act of Parliament may, within a reasonable period after the new Constitution took effect, be passed in accordance with section 76(1) of the new Constitution to amend this item and item 23 to provide for the manner in which it will be possible for a member of a legislature who ceases to be a member of the party which nominated that member, to retain membership of such legislature.

(4) An Act of Parliament referred to in subitem (3) may also provide for—

(a) any existing party to merge with another party; or

(b) any party to subdivide into more than one party.".

**14. The deletion of item 24.**

**15. The amendment of item 25—**

(a) by replacing the definition of "Commission" with the following definition:

"'Commission' means the Electoral Commission referred to in section 190 of the new Constitution;"; and

(b) by inserting the following definition after the definition of "national list":

"'new Constitution' means the Constitution of the Republic of South Africa, 1996;".

**16. The deletion of item 26.**

**၁၃။ အချက် ၂၃ နောက်တွင် အောက်ပါ အချက်ကို ထည့်သွင်းရမည် -**

'လွှတ်တော်များ၏ ကိုယ်စားလှယ်ဦးရေ လစ်လပ်မှုအတွက် နောက်တိုးအခြေအနေ

၂၃ (က) (၁) လွှတ်တော်၏ ကိုယ်စားလှယ်အဖြစ် ၎င်းအား အမည်စာရင်းတင်သွင်းခဲ့သည့် ပါတီ၏ ပါတီဝင်အဖြစ်မှ ရပ်စဲသွားလျှင် ဤဇယားတွင်အကြုံးဝင်သည့် လွှတ်တော်တစ်ရပ်မှ ကိုယ်စားလှယ်နေရာကို ထိုသူသည် လက်လွှတ်ဆုံးရှုံးမည်ဖြစ်သည်။

(၂) အချက် (၁) တွင်မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ တည်ဆဲနိုင်ငံရေးပါတီတိုင်းသည် ယင်းတို့၏ပါတီအမည်ကို အချိန်မရွေး ပြောင်းလဲနိုင်သည်။

(၃) ၎င်းအားအမည်စာရင်း တင်သွင်းခဲ့သည့် ပါတီ၏ပါတီဝင်အဖြစ်မှ ရပ်စဲသွားသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအတွက် သက်ဆိုင်ရာ လွှတ်တော်တွင် ကိုယ်စားလှယ်နေရာကို ဆက်လက်ရယူထားနိုင်ရန် ဖြစ်နို င်ခြေရှိသည့်နည်းလမ်းကို ပေးအပ်နိုင်ရန် အလို့ငှာ ဤအချက်နှင့် အချက် ၂၃ တို့ကိုပြင်ဆင်ရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်၏ ပုဒ်မ ၇၆(၁) နှင့်အညီ အခြေခံဥပဒေသစ် အာဏာတည်ပြီးနောက် သင့်လျော် သည့် ကာလအတွင်း အမြင့်ဆုံးဥပဒေပြု လွှတ်တော်မှ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းရမည်။

(၄) အချက်(၃) တွင်ဖော်ပြပါရှိသည့် အမြင့်ဆုံးဥပဒေပြု လွှတ်တော်ကပြဋ္ဌာန်းသည့်ဥပဒေသည် -

(က) တည်ဆဲပါတီတစ်ခုကို အခြားပါတီနှင့် ပူးပေါင်းရန် ပြဋ္ဌာန်းပေးနိုင်သည်။

(ခ) ပါတီတိုင်း တစ်ခုထက်ပိုသောပါတီများအဖြစ်သို့ ခွဲထွက်ထူထောင်နိုင်ရန် ပြဋ္ဌာန်းသတ်မှတ်ပေးနိုင်သည်။

**၁၄။ အချက် ၂၄ ကို ပယ်ဖျက်သည်။**

**၁၅။ အချက် ၂၅ ကို အောက်ပါအတိုင်း ပြင်ဆင်သည် -**

အောက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြင့် 'ကော်မရှင်' အဓိပ္ပာယ်ဖွင့်ဆိုချက်အား အစားထိုးသည်။

(က) 'ကော်မရှင်' ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၁၉၀ တွင် ရည်ညွှန်းသည့် ရွေးကောက်ပွဲကော်မရှင်ကို ဆိုလိုသည်။'

(ခ) 'နိုင်ငံလုံးဆိုင်ရာ အဆိုပြုကိုယ်စားလှယ်စာရင်း' ဟူသည့် အဓိပ္ပာယ်ဖွင့်ဆိုချက် နောက်တွင် အောက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထည့်သွင်းသည်။

' 'ဖွဲ့စည်းပုံအခြေခံဥပဒေသစ်' ဆိုသည်မှာ ၁၉၉၆ ခုနှစ် တောင်အာဖရိက သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုလိုသည်။'

**၁၆။ အချက် ၁၆ ကို ပယ်ဖျက်သည်။**

## ANNEXURE B

## Government of National Unity: National Sphere

**1. Section 84 of the new Constitution is deemed to contain the following additional subsection:**

"(3) The President must consult the Executive Deputy Presidents—

(a) in the development and execution of the policies of the national government;

(b) in all matters relating to the management of the Cabinet and the performance of Cabinet business;

(c) in the assignment of functions to the Executive Deputy Presidents;

(d) before making any appointment under the Constitution or any legislation, including the appointment of ambassadors or other diplomatic representatives;

(e) before appointing commissions of inquiry;

(f) before calling a referendum; and

(g) before pardoning or reprieving offenders.".

**2. Section 89 of the new Constitution is deemed to contain the following additional subsection:**

"(3) Subsections (1) and (2) apply also to an Executive Deputy President.".

**3. Paragraph (a) of section 90(1) of the new Constitution is deemed to read as follows:**

"(a) an Executive Deputy President designated by the President;".

## နောက်ဆက်တွဲ ခ

## အမျိုးသားညီညွတ်ရေး အစိုးရ၊ အမျိုးသားအဆင့်

**၁။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ပုဒ်မ၈၄တွင် နောက်တိုးဖြည့်စွက်သည့် အောက်ပါပုဒ်မခွဲပါဝင်သည်ဟု မှတ်ယူရမည်။**

‘(၃) သမ္မတသည် အောက်ပါကိစ္စရပ်များအတွက် ဒုတိယသမ္မတများနှင့် တိုင်ပင်ဆွေးနွေးရမည်-

(က) နိုင်ငံ အစိုးရ၏ မူဝါဒများကို ဖော်ဆောင်ခြင်းနှင့် ကျင့်သုံးခြင်း

(ခ) အစိုးရအဖွဲ့နှင့် အစိုးရအဖွဲ့၏ လုပ်ငန်းများ စွမ်းဆောင်ရည်နှင့်ပတ်သက်သည့် ကိစ္စရပ်များ အားလုံး

(ဂ) ဒုတိသသမ္မတများ၏ လုပ်ငန်းတာဝန်များကို တာဝန်ပေးအပ်ခြင်း

(ဃ) သံအမတ်များခန့်အပ်ခြင်း သို့မဟုတ် အခြားသံတမန်ရေးဆိုင်ရာ ကိုယ်စားလှယ်များခန့်အပ်ခြင်းအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သို့မဟုတ် ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်အရ ရာထူးခန့်အပ်မှုတစ်စုံတစ်ရာ မပြုလုပ်မီ

(င) စုံစမ်းရေးကော်မရှင် မခန့်အပ်မီ

(စ) ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ မကျင်းပမီ

(ဆ) ပြစ်မှုကျူးလွန်သူများကို ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်မပြုမီ

**၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၈၉ သည် အောက်ပါနောက်တိုး ပုဒ်မခွဲပါဝင်သည်ဟု မှတ်ယူရမည်။**

‘(၃) ပုဒ်မခွဲ (၁) နှင့် (၂) ပါပြဋ္ဌာန်းချက်များတွင်လည်း ဒုတိယသမ္မတသည် အကြုံးဝင်သည်။’

**၃။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၉၀ (၁) အပိုဒ် (က) ကို အောက်ပါအတိုင်းပြင်ဆင်သည် -**

‘(က) သမ္မတက ခန့်အပ်သည့် ဒုတိယ သမ္မတ’

4. **Section 91 of the new Constitution is deemed to read as follows:**

"Cabinet

91.(1) The Cabinet consists of the President, the Executive Deputy Presidents and—

(a) not more than 27 Ministers who are members of the National Assembly and appointed in terms of subsections (8) to (12); and

(b) not more than one Minister who is not a member of the 175 National Assembly and appointed in terms of subsection (13), provided the President, acting in consultation with the Executive Deputy Presidents and the leaders of the participating parties, deems the appointment of such a Minister expedient.

(2) Each party holding at least 80 seats in the National Assembly is entitled to designate an Executive Deputy President from among the members of the Assembly.

(3) If no party or only one party holds 80 or more seats in the Assembly, the party holding the largest number of seats and the party holding the second largest number of seats are each entitled to designate one Executive Deputy President from among the members of the Assembly.

(4) On being designated, an Executive Deputy President may elect to remain or cease to be a member of the Assembly.

(5) An Executive Deputy President may exercise the powers and must perform the functions vested in the office of Executive Deputy President by the Constitution or assigned to that office by the President.

(6) An Executive Deputy President holds office—

(a) until 30 April 1999 unless replaced or recalled by the party entitled to make the designation in terms of subsections (2) and (3); or

(b) until the person elected President after any election of the National Assembly held before 30 April 1999, assumes office.

၄။ **ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၉၁ ကို ဖတ်ရှုရန် အောက်ပါအတိုင်း မှတ်ယူရမည် -**

' အစိုးရအဖွဲ့

၉၁။ (၁) အစိုးရအဖွဲ့တွင် သမ္မတနှင့် ဒုတိယသမ္မတများနှင့်

(က) ပြည်သူ့ လွှတ်တော်၏ ကိုယ်စားလှယ်များဖြစ်ကြပြီး ပုဒ်မ ခွဲ ၈ မှ ၁၂ အထိ အရ ခန့်အပ်သည့် ၂၇ ဦးထက်မပိုသော ဝန်ကြီးများ ပါဝင်သည်။

(ခ) ပုဒ်မခွဲ ၁၃ အရ ခန့်အပ်ခံရပြီး ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်မဟုတ်သည့် ဝန်ကြီးတစ်ဦး ထက်ပို၍ မပါဝင်ဘဲ ဖွဲ့စည်းသည်။ သမ္မတသည် ဒုတိယ သမ္မတများ၊ ရွေးကောက်ပွဲဝင်သည့် နိုင်ငံရေးပါတီခေါင်းဆောင်များနှင့် တိုင်ပင်ပြီးနောက် အဆိုပါဝန်ကြီးအား ခန့်အပ်မှုကို လျော်ကန်သင့်မြတ်သည်ဟု ယူဆမှသာလျှင် ခန့်အပ်ရန်ဖြစ်သည်။

(၂) ပြည်သူ့ လွှတ်တော်တွင် အနည်းဆုံး ကိုယ်စားလှယ်နေရာ ၈၀ ရထားသည့် ပါတီတစ်ခုစီသည် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်များထဲမှ ဒုတိယသမ္မတကို ခန့်အပ်ရန် အခွင့်ရှိသည်။

(၃) ပြည်သူ့ လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ၈၀ ရရှိသည့် ပါတီတစ်ခုတည်းသာရှိနေခြင်း သို့မဟုတ် ထိုသို့ရရှိသော ပါတီလုံးဝမရှိပါက ကိုယ်စားလှယ်နေရာ အများဆုံးရသည့် ပါတီနှင့် ဒုတိယအများဆုံးရသည့် ပါတီတို့သည် အောက်လွှတ်တော်ကိုယ်စားလှယ်များထဲမှ ဒုတိယသမ္မတ တစ်ဦးကို ခန့်အပ်နိုင်သည်။

(၄) ရာထူးခန့်အပ်ခံရသည့်အခါ ဒုတိယသမ္မတသည် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဆက်ရှိနေရန် သို့မဟုတ် ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲရန် ရွေးချယ်နိုင်သည်။

(၅) ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သို့မဟုတ် သမ္မတက တာဝန်ပေးအပ်မှုကြောင့် ဒုတိယသမ္မတသည် ရာထူးတွင် အပ်နှင်းထားသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင် ရန်နှင့် လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးနိုင်သည်။

(၆) ဒုတိယသမ္မတသည် ရာထူးတွင်

(က) ပုဒ်မခွဲ (၂) နှင့် (၃) တို့အရ ရာထူးခန့်အပ်မှုပြုလုပ်ခွင့်ရသည့် ပါတီက အစားထိုးခြင်း၊ ရုပ်သိမ်းခြင်းမပြုပါက ၁၉၉၉ ခုနှစ် ဧပြီလ ၃၀ ရက်ထိ တာဝန်ထမ်းဆောင်နိုင်သည်။

(ခ) ၁၉၉၉ ခုနှစ် ဧပြီလ ၃၀ ရက်မတိုင်မီ ကျင်းပသည့် ပြည်သူ့ လွှတ်တော် ရွေးကောက်ပွဲတစ်ခု ခုအပြီးတွင် ရွေးကောက်တင်မြှောက်ခံသမ္မတ တက်လာသည့်အချိန်အထိ တာဝန်ထမ်းဆောင် နိုင်သည်။

(7) A vacancy in the office of an Executive Deputy President may be filled by the party which designated that Deputy President.

(8) A party holding at least 20 seats in the National Assembly and which has decided to participate in the government of national unity, is entitled to be allocated one or more of the Cabinet portfolios in respect of which Ministers referred to in subsection (1)(a) are to be appointed, in proportion to the number of seats held by it in the National Assembly relative to the number of seats held by the other participating parties.

(9) Cabinet portfolios must be allocated to the respective participating parties in accordance with the following formula:

(a) A quota of seats per portfolio must be determined by dividing the total number of seats in the National Assembly held jointly by the participating parties by the number of portfolios in respect of which Ministers referred to in subsection (1)(a) are to be appointed, plus one.

(b) The result, disregarding third and subsequent decimals, if any, is the quota of seats per portfolio.

(c) The number of portfolios to be allocated to a participating party is determined by dividing the total number of seats held by that party in the National Assembly by the quota referred to in paragraph (b).

(d) The result, subject to paragraph (e), indicates the number of portfolios to be allocated to that party.

(e) Where the application of the above formula yields a surplus not absorbed by the number of portfolios allocated to a party, the surplus competes with other similar surpluses accruing to another party or parties, and any portfolio or portfolios which remain unallocated must be allocated to the party or parties concerned in sequence of the highest surplus.

(၇) ဒုတိယသမ္မတ ရာထူးနေရာ လစ်လပ်မှုဖြစ်ပေါ်ပါက လစ်လပ်သွားသော ဒုတိယသမ္မတကို ခန့်အပ်ခဲ့သည့် ပါတီက လစ်လပ်နေရာကို ဖြည့်စွက်နိုင် သည်။

(၈) ပြည်သူ့ လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ အနည်းဆုံး ၂၀ ရရှိပြီး အမျိုးသားညီညွတ်ရေး အစိုးရတွင် ပါဝင်ဆောင်ရွက်ရန် ပိုင်းဖြတ်ထားသည့် နိုင်ငံရေးပါတီသည် ပုဒ်မခွဲ (၁) (က) တွင် ရည်ညွှန်း ဖော်ပြသည့် ဝန်ကြီးနေရာများအတွက် ခန့်အပ်ရန် အစိုးရအဖွဲ့ဝင် ရာထူးတစ်ခု သို့မဟုတ် တခုထက်ပိုသည့် ရာထူးနေရာများကို ခွဲဝေရယူခွင့်ရှိသည်။ ထိုသို့ခွဲဝေရယူရာတွင် အခြားပါတီများက ပြည်သူ့ လွှတ်တော်တွင် ရရှိထားသည့် ကိုယ်စားလှယ်နေရာနှင့် ထိုပါတီက ပြည်သူ့ လွှတ်တော်တွင်ရထားသည့် ကိုယ်စားလှယ် နေရာအချိုးအရ ရာထူးနေရာများကို ခွဲဝေရယူခွင့် ရှိသည်။

(၉) အောက်ဖော်ပြပါ နည်းလမ်း နှင့်အညီ ရွေးကောက်ပွဲဝင်ပါတီများအတွက် အစိုးရအဖွဲ့ဝင် ဝန်ကြီး နေရာများကို ခွဲဝေရမည်။

(က) ရွေးကောက်ပွဲဝင်ပါတီများက အတူတကွရရှိထားကြသည့် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းကို အပိုဒ်ခွဲ (၁)(က) တွင်ရည်ညွှန်း သည့် ဝန်ကြီးများခန့်အပ်ရေးအတွက် ရာထူးနေရာအရေအတွက်ဖြင့် စားကာ အစိုးရအဖွဲ့ဝင် ရာထူး နေရာတစ်ခုအတွက် ကိုယ်စားလှယ်နေရာအချိုးကို ဆုံးဖြတ်ရမည်။

(ခ) သုံးချိုးတစ်ချိုးဖြစ်သော ဒသမအစွန်းထွက်များရှိသည်ကို ထည့်မတွက်ဘဲ ပေါ် ပေါက်လာသည့် ရလဒ်သည် ရာထူးတစ်ခုအတွက် ကိုယ်စားလှယ် နေရာ ခွဲတမ်း ဖြစ်သည်။

(ဂ) လွှတ်တော်ရှိ ပါတီတစ်ခုကို ခွဲဝေပေးသည့် အစိုးရအဖွဲ့ဝင်ရာထူးအရေအတွက်ကို သတ်မှတ်ပေးရန် သက်ဆိုင်ရာပါတီက ပြည်သူ့ လွှတ်တော်တွင် ရရှိထားသည့် ကိုယ်စားလှယ်နေရာစုစုပေါင်းကို အပိုဒ် (ခ) တွင်ရည်ညွှန်းသည့် ခွဲတမ်းဖြင့် စား၍ ဆုံးဖြတ်သတ်မှတ်ပေးရမည်။

(ဃ) အပိုဒ် (င) ပါပြဋ္ဌာန်းချက်နှင့်အညီ ပေါ်ပေါက်လာသည့် ရလဒ်သည် သက်ဆိုင်ရာပါတီအတွက် ခွဲဝေပေးသည့် ရာထူးနေရာ အရေအတွက်ကို ပြသည်။

(င) အထက်ဖော်ပြပါ နည်းလမ်း ကို အသုံးချရာမှ ပါတီတစ်ခုကိုခွဲဝေပေးသည့် ရာထူးနေရာ အရေအတွက်ထဲတွင် မပါဝင်သည့် အစွန်းထွက်ပမာဏ ဖြစ်ပေါ်လာပါက ထိုအစွန်းထွက်ပမာဏကို အခြားပါတီများအတွက် ပေါ်ပေါက်လာသည့် အစွန်းထွက်ပမာဏနှင့် နှိုင်းယှဉ်ရမည်။ ထို့နောက် အမြင့်ဆုံး အစွန်းထွက်ပမာဏ မှ ငယ်စဉ်ကြီးလိုက် အစီအစဉ်ဖြင့် သက်ဆိုင်ရာပါတီ သို့မဟုတ် ပါတီများသို့ ခွဲဝေရန် ကျန်ရှိနေသည့် ရာထူး သို့မဟုတ် ရာထူးနေရာ များကို ခွဲဝေပေးရမည်။

(10) The President after consultation with the Executive Deputy Presidents and the leaders of the participating parties must—

(a) determine the specific portfolios to be allocated to the respective participating parties in accordance with the number of portfolios allocated to them in terms of subsection (9);

(b) appoint in respect of each such portfolio a member of the National Assembly who is a member of the party to which that portfolio was allocated under paragraph (a), as the Minister responsible for that portfolio;

(c) if it becomes necessary for the purposes of the Constitution or in the interest of good government, vary any determination under paragraph (a), subject to subsection (9);

(d) terminate any appointment under paragraph (b)—

(i) if the President is requested to do so by the leader of the party of which the Minister in question is a member; or

(ii) if it becomes necessary for the purposes of the Constitution or in the interest of good government; or

(e) fill, when necessary, subject to paragraph (b), a vacancy in the office of Minister.

(11) Subsection (10) must be implemented in the spirit embodied in the concept of a government of national unity, and the President and the other functionaries concerned must in the implementation of that subsection seek to achieve consensus at all times: Provided that if consensus cannot be achieved on—

(a) the exercise of a power referred to in paragraph (a), (c) or (d)(ii) of that subsection, the President's decision prevails;

(b) the exercise of a power referred to in paragraph (b), (d)(i) or (e) of that subsection affecting a person who is not a member of the President's party, the decision of the leader of the party of which that person is a member prevails; and

(၁၀) ဒုတိယ သမ္မတများ၊ လွှတ်တော်တွင်းရှိ နိုင်ငံရေးပါတီများနှင့် တိုင်ပင်ကာ သမ္မတသည်-

(က) ပုဒ်မခွဲ (၉)အရ ပါတီများကို ခွဲဝေပေးထားသည့် အစိုးရအဖွဲ့ဝင် ရာထူးအရေအတွက်နှင့်အညီ လွှတ်တော်တွင်းရှိ ပါတီများကို ခွဲဝေပေးမည့် သီးခြားရာထူးနေရာများကို ဆုံးဖြတ်သတ်မှတ်ပေးရမည်။

(ခ) အပိုဒ်(က) အရ ရာထူးခွဲဝေပေးသည့် ပါတီ၏ ပါတီဝင်ဖြစ်ပြီး ပြည်သူ့ လွှတ်တော်၏ ကိုယ်စားလှယ်ဖြစ်သူတစ်ဦးကို အဆိုပါ အစိုးရအဖွဲ့ဝင်ရာထူး နေရာ တစ်ခုစီအတွက် တာဝန်ရှိသည့် ဝန်ကြီး အဖြစ် ခန့်အပ်ရမည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ရည်ရွယ်ချက်များအတွက် သို့မဟုတ် အစိုးရကောင်း၏ အကျိုးစီးပွားအလို့ငှာ လိုအပ်လာပါက အပိုဒ် (က) အရ ဆုံးဖြတ်သတ်မှတ်ချက်သည် အပြောင်းအလဲရှိနိုင်သည်။ ပုဒ်မခွဲ (၉) ပါပြဋ္ဌာန်းချက်ကို လိုက်နာရမည်။

(ဃ) အောက်ပါအခြေအနေများတွင် အပိုဒ် (ခ) အရ ရာထူးခန့်အပ်မှုမှန်သမျှကို ရုပ်စဲနိုင်သည်-

(၁) ရာထူးခန့်အပ်ခံရသူ ဝန်ကြီး၏ ပါတီဖြစ်သော ပါတီမှ ပါတီခေါင်းဆောင်က ထိုသို့ရုပ်စဲရန် သမ္မတအား ပန်ကြားသည့်အခါ၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ရည်ရွယ်ချက်များ အရ လိုအပ်လာလျှင် သို့မဟုတ် အစိုးရကောင်း၏ အကျိုးစီးပွားအတွက် လိုအပ်လာသည့်အခါ

(င) အပိုဒ် (ခ) အရ လိုအပ်သည့်အခါ လစ်လပ်သည့်ဝန်ကြီးရာထူးကို ဖြည့်စွက်နိုင်သည်။

(၁၁) အမျိုးသားညီညွတ်ရေး အစိုးရ အယူအဆကို ထင်ဟပ်သည့်စိတ်ဓာတ်ဖြင့် အပိုဒ်ခွဲ (၁၀) ကို အကောင်အထည်ဖော်ရမည်။ အဆိုပါ အပိုဒ်ခွဲကို အကောင်အထည်ဖော်ရာတွင် အောက်ဖော်ပြပါ အခြေအနေများ၌ အများသဘောတူညီချက်ကို မရရှိပါက သမ္မတနှင့် အခြားအစိုးရဌာနများသည် အများသဘောတူညီမှုကိုရရှိအောင် အမြဲ ကြိုးပမ်းကြရမည်-

(က) အဆိုပါ ပုဒ်မခွဲ၏ အပိုဒ် (က)၊(ဂ)၊ သို့မဟုတ် (ဃ) (ii) တို့တွင် ပြဆိုသည့် လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာ တွင် သမ္မတ၏ ဆုံးဖြတ်ချက်က လွှမ်းမိုးသည်။

(ခ) အဆိုပါ ပုဒ်မခွဲ၏ အပိုဒ် (ခ)၊ (ဃ) (i) သို့မဟုတ် (င) တို့တွင် ပြဆိုသည့် လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးမှုသည် သမ္မတ၏ ပါတီမှ ပါတီဝင်မဟုတ်သူကို သက်ရောက်မှုရှိနေလျှင် ထိုသူ ပါတီဝင်ထားသည့် ပါတီမှ ပါတီခေါင်းဆောင်၏ ဆုံးဖြတ်ချက်က လွှမ်းမိုးသည်။

(c) the exercise of a power referred to in paragraph (b) or (e) of that subsection affecting a person who is a member of the President's party, the President's decision prevails.

(12) If any determination of portfolio allocations is varied under subsection (10) (c), the affected Ministers must vacate their portfolios but are eligible, where applicable, for reappointment to other portfolios allocated to their respective parties in terms of the varied determination.

(13) The President—

(a) in consultation with the Executive Deputy Presidents and the leaders of the participating parties, must—

(i) determine a specific portfolio for a Minister referred to in subsection (1) (b) should it become necessary pursuant to a decision of the President under that subsection;

(ii) appoint in respect of that portfolio a person who is not a member of the National Assembly, as the Minister responsible for that portfolio; and

(iii) fill, if necessary, a vacancy in respect of that portfolio; or

(b) after consultation with the Executive Deputy Presidents and the leaders of the participating parties, must terminate any appointment under paragraph (a) if it becomes necessary for the purposes of the Constitution or in the interest of good government.

(14) Meetings of the Cabinet must be presided over by the President, or, if the President so instructs, by an Executive Deputy President: Provided that the Executive Deputy Presidents preside over meetings of the Cabinet in turn unless the exigencies of government and the spirit embodied in the concept of a government of national unity otherwise demand.

(15) The Cabinet must function in a manner which gives consideration to the consensus-seeking spirit embodied in the concept of a government of national unity as well as the need for effective government.".

(ဂ) ထိုပုဒ်မခွဲ၏ အပိုဒ် (ခ) သို့မဟုတ် (င) တွင်ပြဆိုသည့် လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးမှုသည် သမ္မတ၏ ပါတီမှ ပါတီဝင်ဖြစ်ပါက သမ္မတ၏ ဆုံးဖြတ်ချက်က လွှမ်းမိုးသည်။

(၁၂) ပုဒ်မခွဲ (၁၀) (ဂ) အရ ရာထူး ခွဲဝေမှုများကို ဆုံးဖြတ်သတ်မှတ်မှုတစ်ခုခုသည် အပြောင်းအလဲဖြစ်ပေါ်ပါက သက်ရောက်ခံရသည့် ဝန်ကြီးများသည် ၎င်းတို့၏ ရာထူးများမှ နုတ်ထွက်ကာ ပြောင်းလဲသွားသည့် သတ်မှတ်ချက်အရ ၎င်းတို့၏ ပါတီအသီးသီးသို့ ခွဲဝေပေးထားသည့် အခြားရာထူးများတွင် ခန့်အပ်ခံရရန် အရည်အချင်းပြည့်မီသူများဖြစ်သည်။

(၁၃) သမ္မတသည်-

(က) ဒုတိယသမ္မတများ ပါဝင်သည့်ပါတီများ၏ ခေါင်းဆောင်များ နှင့် တိုင်ပင်ကာ

(၁) ပုဒ်မခွဲ (၁) (ခ)တွင် ပြဆိုသည့် ဝန်ကြီးတစ်ဦးအတွက် သီးခြားရာထူးတစ်ခုကို သတ်မှတ်ပေးရမည်။ ထိုပုဒ်မ ခွဲ အရ သမ္မတ၏ ဆုံးဖြတ်ချက်နှင့် ထိုရာထူးတို့ ကိုက်ညီပါက သမ္မတသည် ယင်းသို့ ဆုံးဖြတ်သတ်မှတ် ပေးနိုင်သည်။

(၂) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်မဟုတ်သူကို ထိုရာထူးအတွက် တာဝန်ရှိသည့် ဝန်ကြီးအဖြစ် ခန့်အပ်နိုင်သည်။

(၃) လိုအပ်ပါက အဆိုပါရာထူးအတွက် လစ်လပ်နေရာကို ဖြည့်စွက်နိုင်သည်။ သို့မဟုတ်

(ခ) ဒုတိယသမ္မတများ၊ ပါဝင်သည့်ပါတီများ၏ ခေါင်းဆောင်များနှင့် တိုင်ပင်ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ရည်ရွယ်ချက်များအတွက် သော်လည်းကောင်း၊ ကောင်းမွန်သော အစိုးရ၏ အကျိုးစီးပွားအတွက်သော်လည်းကောင်း အပိုဒ် (က) အရ မည်သည့်ရာထူးခန့်အပ်မှု ကိုမဆို ရုပ်စဲရမည်။

(၁၄) အစိုးရအဖွဲ့ အစည်းအဝေးများကို သမ္မတက ကြီးမှူးကျင်းပရမည် သို့မဟုတ် သမ္မတက ညွှန်ကြားလျှင် ဒုတိယသမ္မတက ကြီးမှူးရမည်။ အစိုးရ၏ လက်တလော အရေးပေါ်ကိစ္စရပ်များနှင့် အမျိုးသားညီညွတ်ရေး အစိုးရ အယူအဆကို ထင်ဟပ်မှုတို့က တောင်းဆိုသည့်အခါမှတပါး ဒုတိယ သမ္မတက အစည်းအဝေးများကို ကြီးမှူးကျင်းပရမည်။

(၁၅) အမျိုးသားညီညွတ်ရေးအစိုးရ အယူအဆနှင့် ထိရောက်သော အစိုးရအုပ်ချုပ်ရေးအတွက် လိုအပ်ချက်တို့ကို ထင်ဟပ်သည့် သဘောတူညီမှုကို ရှာဖွေသော စိတ်ဓာတ်ကို အလေးပေးသည့် အသွင်ဖြင့် အစိုးရအဖွဲ့သည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

5. **Section 93 of the new Constitution is deemed to read as follows:**

"Appointment of Deputy Ministers

93.(1) The President may, after consultation with the Executive Deputy Presidents and the leaders of the parties participating in the Cabinet, establish deputy ministerial posts.

(2) A party is entitled to be allocated one or more of the deputy ministerial posts in the same proportion and according to the same formula that portfolios in the Cabinet are allocated.

(3) The provisions of section 91(10) to (12) apply, with the necessary changes, in respect of Deputy Ministers, and in such application a reference in that section to a Minister or a portfolio must be read as a reference to a Deputy Minister or a deputy ministerial post, respectively.

(4) If a person is appointed as the Deputy Minister of any portfolio entrusted to a Minister—

- (a) that Deputy Minister must exercise and perform on behalf of the relevant Minister any of the powers and functions assigned to that Minister in terms of any legislation or otherwise which may, subject to the directions of the President, be assigned to that Deputy Minister by that Minister; and
- (b) any reference in any legislation to that Minister must be construed as including a reference to the Deputy Minister acting in terms of an assignment under paragraph (a) by the Minister for whom that Deputy Minister acts.

(5) Whenever a Deputy Minister is absent or for any reason unable to exercise or perform any of the powers or functions of office, the President may appoint any other Deputy Minister or any other person to act in the said Deputy Minister's stead, either generally or in the exercise or performance of any specific power or function.".

၅။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၉၃ ကို ဖတ်ရှုရန် အောက်ပါအတိုင်းမှတ်ယူရမည် -

'ဒုဝန်ကြီးများ ခန့်အပ်ခြင်း

၉၃။ (၁) ဒုဝန်ကြီးများ၊ အစိုးရအဖွဲ့အတွင်းပါဝင်သည့် ပါတီခေါင်းဆောင်များနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် သမ္မတသည် ဒုဝန်ကြီးရာထူးများကို နေရာသတ်မှတ်နိုင်သည်။

(၂) ပါတီတစ်ခုသည် တူညီသောအချိုးဖြင့် ဒုဝန်ကြီးနေရာ တစ်နေရာ သို့မဟုတ် တစ်နေရာထက် ခွဲဝေရ ရှိနိုင်သည်။ အလားတူ နည်းလမ်း ဖြင့်ပင် အစိုးရအဖွဲ့အတွင်းရှိ ရာထူးများကိုလည်း ခွဲဝေရရှိနိုင်သည်။

(၃) ပုဒ်မ ၉၁(၁၀)မှ ၁၂ အထိ ပြဋ္ဌာန်းချက်များကို လိုအပ်သော ပြောင်းလဲမှု များနှင့်အတူ ဒုဝန်ကြီးများအတွက် ကျင့်သုံးနိုင်သည်။ ထိုသို့ကျင့်သုံးရာတွင် ဝန်ကြီးသို့မဟုတ် ဝန်ကြီးရာထူးတစ်ခုကို ထိုပုဒ်မတွင် ရည်ညွှန်းချက်သည် ဒုဝန်ကြီး သို့မဟုတ် ဒုဝန်ကြီးရာထူးကို ရည်ညွှန်းခြင်းဟု မှတ်ယူရမည်။

(၄) ဝန်ကြီးတစ်ဦးကို အပ်နှင်းသည့် ရာထူးတစ်ခုခုတွင် ဒုဝန်ကြီးအဖြစ် ခန့်အပ်ခံရပါက -

(က) ထိုဒုဝန်ကြီးသည် ယင်းဝန်ကြီးရာထူး၏ လုပ်ပိုင်ခွင့်အာဏာနှင့် လုပ်ငန်းတာဝန်များကို ဝန်ကြီးကိုယ်စား ကျင့်သုံးဆောင်ရွက်နိုင်သည်။ ဥပဒေပြဋ္ဌာန်းချက်အရသော်လည်းကောင်း၊ သမ္မတ၏ ညွှန်ကြားချက်အရ သော်လည်းကောင်း၊ ထိုဝန်ကြီး၏ တာဝန်ပေးအပ်ချက်အရသော်လည်းကောင်း ထိုအာဏာနှင့် လုပ်ငန်းတာဝန်များကို ဝန်ကြီးကိုယ်စား ထိုဒုဝန်ကြီးက ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) ဥပဒေပြဋ္ဌာန်းချက်မှန်သမျှတွင် ထိုဝန်ကြီးအား ရည်ညွှန်းချက်များကို အပိုဒ် (က) အရ ဒုဝန်ကြီးက ကိုယ်စားပြုသည့် ဝန်ကြီး၏တာဝန်ပေးအပ်မှုကြောင့် တာဝန်ထမ်းဆောင်နေသည့် ဒုဝန်ကြီးကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

(၅) ဒုဝန်ကြီးနေရာတစ်နေရာ လစ်လပ်လျှင်သော်လည်းကောင်း ထိုဒုဝန်ကြီးရာထူး၏ လုပ်ငန်းတာဝန်များ သို့မဟုတ် လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံး သို့ ထမ်းဆောင်ခြင်းမပြုနိုင်သည့် အကြောင်းပေါ်ပေါက်လျှင်သော်လည်းကောင်း သမ္မတသည် အခြားသော ဒုဝန်ကြီးတစ်ဦးဦး သို့မဟုတ် ထိုလစ်လပ် ဒုဝန်ကြီးကိုယ်စား အထွေထွေလုပ်ငန်းတာဝန်များ သို့မဟုတ် သီးခြား တာဝန် သို့မဟုတ် လုပ်ပိုင်ခွင့်ကိုကျင့်သုံး (သို့) ထမ်းဆောင်နေသည့် တာဝန်ထမ်းဆောင်နေသူတစ်ဦးကို သော်လည်းကောင်း ဒုဝန်ကြီးအဖြစ် ခန့်အပ်နိုင်သည်။

6. **Section 96 of the new Constitution is deemed to contain the following additional subsections:**

"(3) Ministers are accountable individually to the President and to the National Assembly for the administration of their portfolios, and all members of the Cabinet are correspondingly accountable collectively for the performance of the functions of the national government and for its policies.

(4) Ministers must administer their portfolios in accordance with the policy determined by the Cabinet.

(5) If a Minister fails to administer the portfolio in accordance with the policy of the Cabinet, the President may require the Minister concerned to bring the administration of the portfolio into conformity with that policy.

(6) If the Minister concerned fails to comply with a requirement of the President under subsection (5), the President may remove the Minister from office—

(a) if it is a Minister referred to in section 91(1)(a), after consultation with the Minister and, if the Minister is not a member of the President's party or is not the leader of a participating party, also after consultation with the leader of that Minister's party; or

(b) if it is a Minister referred to in section 91(1)(b), after consultation with the Executive Deputy Presidents and the leaders of the participating parties.".

၆။ **ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၉၆ တွင် အောက်ပါ ဖြည့်စွက်ပုဒ်မခွဲများပါဝင်သည်ဟု မှတ်ယူရမည်** -

“(၃) ဝန်ကြီးများသည် ၎င်းတို့၏ဝန်ကြီးဌာနများကို စီမံခန့်ခွဲခြင်းအတွက် ပြည်သူ့ လွှတ်တော်နှင့် သမ္မတ ကို ထံ တစ်ဦးချင်း တာဝန်ခံရမည်။ အလားတူ အစိုးရအဖွဲ့ဝင်များအားလုံးသည် နိုင်ငံ အစိုးရ၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုနှင့် အစိုးရ၏ မူဝါဒများအတွက် စုပေါင်းတာဝန်ခံရမည်။

(၄) အစိုးရအဖွဲ့က ဆုံးဖြတ်သည့် မူဝါဒနှင့်အညီ ဝန်ကြီးများသည် ၎င်းတို့၏ဝန်ကြီးဌာနများကို စီမံခန့်ခွဲရမည်။

(၅) အစိုးရအဖွဲ့၏ မူဝါဒနှင့်အညီ ၎င်း၏ ဝန်ကြီးဌာနကို စီမံခန့်ခွဲခြင်းပြုရန် ပျက်ကွက်ပါက ထိုမူဝါဒနှင့် လျော်ညီစွာ ဝန်ကြီးဌာနကို စီမံခန့်ခွဲစေရန် သက်ဆိုင်ရာ ဝန်ကြီးအား သမ္မတက တောင်းဆိုရမည်။

(၆) ပုဒ်မခွဲ (၅) အရ သမ္မတတောင်းဆိုမှုကို အဆိုပါဝန်ကြီးသည် လိုက်နာရန် ပျက်ကွက်ပါက သမ္မတသည် ထိုဝန်ကြီးကို ရာထူးမှ ဖယ်ရှားနိုင်သည်-

(က) အဆိုပါ ဝန်ကြီးသည် သမ္မတ၏ ပါတီမှမဟုတ်လျှင်သော်လည်းကောင်း၊ အစိုးရအဖွဲ့တွင်ပါရှိသည့် ပါတီတစ်ခု၏ ခေါင်းဆောင်မဟုတ်လျှင် သော်လည်းကောင်း၊ ထိုဝန်ကြီးနှင့် တိုင်ပင်ဆွေးနွေး၍ သို့မဟုတ် ထိုဝန်ကြီး၏ ပါတီခေါင်းဆောင်နှင့်လည်း တိုင်ပင်ဆွေးနွေးကာ သမ္မတသည် ပုဒ်မ ၉၁ (၁) (က) တွင်ရည်ညွှန်းသည့် ဝန်ကြီးဖြစ်ပါက ၎င်းအား တာဝန်မှ ဖယ်ရှားနိုင်သည်။

(ခ) ပုဒ်မ ၉၁(၁)(ခ) တွင် ရည်ညွှန်းသည့် ဝန်ကြီးဖြစ်ပါက ဒုသမ္မတများနှင့် အစိုးရအဖွဲ့တွင်ပါဝင်သည့် ပါတီခေါင်းဆောင်များနှင့် တိုင်ပင်ဆွေးနွေးကာ သမ္မတသည် ထိုဝန်ကြီးအား ရာထူးမှဖယ်ရှားနိုင်သည်။

## ANNEXURE C

## Government of National Unity: Provincial Sphere

1. **Section 132 of the new Constitution is deemed to read as follows:**

"Executive Councils

132. (1) The Executive Council of a province consists of the Premier and not more than 10 members appointed by the Premier in accordance with this section.

(2) A party holding at least 10 per cent of the seats in a provincial legislature and which has decided to participate in the government of national unity, is entitled to be allocated one or more of the Executive Council portfolios in proportion to the number of seats held by it in the legislature relative to the number of seats held by the other participating parties.

(3) Executive Council portfolios must be allocated to the respective participating parties according to the same formula set out in section 91(9), and in applying that formula a reference in that section to—

(a) the Cabinet, must be read as a reference to an Executive Council;

(b) a Minister, must be read as a reference to a member of an Executive Council; and

(c) the National Assembly, must be read as a reference to the provincial legislature.

(4) The Premier of a province after consultation with the leaders of the participating parties must—

(a) determine the specific portfolios to be allocated to the respective participating parties in accordance with the number of portfolios allocated to them in terms of subsection (3);

## နောက်ဆက်တွဲ ဂ

## အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြည်နယ်အဆင့်

၁။ **ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၁၃၂ ကို အောက်ပါအတိုင်း မှတ်ယူရမည် -**

"အုပ်ချုပ်ရေးအဖွဲ့များ

၁၃၂။ (၁) ပြည်နယ်တစ်ခု၏ အုပ်ချုပ်ရေး အဖွဲ့တွင် ဝန်ကြီးချုပ်နှင့် ဤပုဒ်မနှင့်အညီ ဝန်ကြီးချုပ်က ခန့်အပ်သည့် ၁၀ ဦးထက်မပိုသော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းသည်။

(၂) ပြည်နယ် ဥပဒေပြု လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ အနည်းဆုံး ၁၀ ရာခိုင်နှုန်းရရှိထားပြီး အမျိုးသားညီညွတ်ရေးအစိုးရတွင် ပါဝင်ဆောင်ရွက်ရန် ဆုံးဖြတ်သည့် ပါတီသည် ပြည်နယ် ဥပဒေပြု လွှတ်တော်တွင် အခြားပါတီများရထားသော ကိုယ်စားလှယ်နေရာ အရေအတွက်နှင့် ယင်းပါတီကရထားသည့် ကိုယ်စားလှယ်နေရာ အရေအတွက် အချိုးအရ ပြည်နယ် အုပ်ချုပ်ရေး အဖွဲ့ဝင် ရာထူးနေရာတစ်နေရာ သို့မဟုတ် တစ်နေရာထက်ပို၍ ရယူရန် အခွင့်ရှိသည်။

(၃) ပုဒ်မ ၉၁(၉) တွင်ဖော်ပြထားသည့် နည်းလမ်း နှင့်အညီ အစိုးရအဖွဲ့တွင်ပါဝင်သည့် ပါတီများကို အစိုးရအဖွဲ့(အမှုဆောင်ကောင်စီ) ဝင် ရာထူးနေရာများ ခွဲဝေပေးရမည်။ ထို နည်းလမ်း ကိုကျင့်သုံးရာ တွင် ထိုပုဒ်မ၌ ရည်ညွှန်းသည့် အောက်ပါပုဂ္ဂိုလ်များကို ပူးတွဲပါရာထူးဌာနများအတွက် ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

(က) အစိုးရအဖွဲ့သည် အုပ်ချုပ်ရေးအဖွဲ့ကို အမှုဆောင်ကောင်စီကို ရည်ညွှန်းသည်။

(ခ) ဝန်ကြီးသည် အုပ်ချုပ်ရေးအဖွဲ့ ၏ အဖွဲ့ဝင်ကို ရည်ညွှန်းသည်။

(ဂ) ပြည်သူ့ လွှတ်တော် သည် ပြည်နယ် ဥပဒေပြု လွှတ်တော်ကို ရည်ညွှန်းသည်။

(၄) ပါဝင် ဆောင်ရွက် သည့် ပါတီခေါင်းဆောင်များနှင့် တိုင်ပင်ဆွေးနွေးပြီးနောက် ပြည်နယ်ဝန်ကြီးသည်-

(က) ပုဒ်မခွဲ (၃) အရ လွှတ်တော်ရှိပါတီအသီးသီးအတွက် ခွဲဝေပေးထားသည့် ရာထူးအရေအတွက်နှင့်အညီ ပါတီအသီးသီးကို အစိုးရအဖွဲ့ရာထူးဌာန များ ခွဲဝေပေးရန် ဆုံးဖြတ်ရမည်။

(b) appoint in respect of each such portfolio a member of the provincial legislature who is a member of the party to which that portfolio was allocated under paragraph (a), as the member of the Executive Council responsible for that portfolio;

(c) if it becomes necessary for the purposes of the Constitution or in the interest of good government, vary any determination under paragraph (a), subject to subsection (3);

(d) terminate any appointment under paragraph (b)—

(i) if the Premier is requested to do so by the leader of the party of which the Executive Council member in question is a member; or

(ii) if it becomes necessary for the purposes of the Constitution or in the interest of good government; or

(e) fill, when necessary, subject to paragraph (b), a vacancy in the office of a member of the Executive Council.

(5) Subsection (4) must be implemented in the spirit embodied in the concept of a government of national unity, and the Premier and the other functionaries concerned must in the implementation of that subsection seek to achieve consensus at all times: Provided that if consensus cannot be achieved on—

(a) the exercise of a power referred to in paragraph (a), (c) or (d)(ii) of that subsection, the Premier's decision prevails;

(b) the exercise of a power referred to in paragraph (b), (d)(i) or (e) of that subsection affecting a person who is not a member of the Premier's party, the decision of the leader of the party of which such person is a member prevails; and

(c) the exercise of a power referred to in paragraph (b) or (e) of that subsection affecting a person who is a member of the Premier's party, the Premier's decision prevails.

(ခ) အပိုဒ် (က) အရ သက်ဆိုင်ရာရာထူးတစ်ခုကို ခွဲဝေပေးထားသည့် ပါတီမှ ပါတီဝင်ဖြစ်ပြီး ပြည်နယ် ဥပဒေပြု လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူကို ထိုရာထူးအတွက် တာဝန်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့ ၏ အဖွဲ့ဝင်အဖြစ် အဆိုပါရာထူးဌာနတွင် ခန့်အပ်ရမည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ရည်ရွယ်ချက်များနှင့် ကောင်းမွန်သော အစိုးရအုပ်ချုပ်ရေး၏ အကျိုးစီးပွား ကို ရည်မှျော်ကာ လိုအပ်လာပါက အပိုဒ် (က) အရ ဆုံးဖြတ်ချက်မှန်သမျှသည် ပုဒ်မခွဲ (၃)နှင့်အညီ အပြောင်းအလဲရှိနိုင်သည်။

(ဃ) အပိုဒ် (ခ) အရ မည်သည့်ရာထူးခန့်အပ်မှုကိုမဆို အောက်ပါအခြေအနေများတွင် ရုပ်စဲနိုင်သည်။

(၁) သက်ဆိုင်သည့် အုပ်ချုပ်ရေးအဖွဲ့ ၏ ပါတီခေါင်းဆောင်က ထိုသို့ရုပ်စဲရန် ဝန်ကြီးချုပ်ကို ပန်ကြားလာလျှင် သော်လည်းကောင်း

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ရည်ရွယ်ချက်များနှင့် ကောင်းမွန်သော အစိုးရအုပ်ချုပ်ရေး၏ အကျိုးစီးပွားကိုရည်မျှော်ရန် လိုအပ်လာလျှင်သော် လည်းကောင်း။ သို့မဟုတ်

(င) အပိုဒ် (ခ)အရ ထို အုပ်ချုပ်ရေးအဖွဲ့ ဝင်ရာထူးနေရာ၌ လစ်လပ်မှုဖြစ်ပေါ်လျှင် လိုအပ်ပါက လစ်လပ်ရာထူးကို ဖြည့်စွက်နိုင်သည်။

(၅) အမျိုးသားညီညွတ်ရေးအစိုးရ၏အယူအဆကို ထင်ဟပ်သည့် သရုပ်သကန်ဖြင့် ပုဒ်မခွဲ (၄) ကိုအကောင်အထည်ဖော်ရမည်။ ထိုပုဒ်မခွဲကို အကောင်အထည်ဖော်ရာတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အခြားအစိုးရဌာနများသည် အများသဘောတူညီမှုရရှိအောင် အစဉ်ကြိုးပမ်းကြရမည်။ အောက်ပါအခြေ အနေများတွင် သဘောတူညီမှုကို မရရှိသည့်အခါ-

(က) အဆိုပါ ပုဒ်မခွဲ၏ အပိုဒ်(က)၊ (ဂ) သို့မဟုတ် (ဃ) (၁) တို့တွင် ရည်ညွှန်းသည့် လုပ်ပိုင်ခွင့် အာဏာတစ်ရပ်ကို ကျင့်သုံးရာတွင် ဝန်ကြီးချုပ် ၏ ဆုံးဖြတ်ချက်က လွှမ်းမိုးသည်။

(ခ) ဝန်ကြီးချုပ်၏ ပါတီဝင်မဟုတ်သော ပုဂ္ဂိုလ်တစ်ဦး ပါဝင်သည့် အဆိုပါ ပုဒ်မခွဲ၏ အပိုဒ် (ခ)၊ (ဃ)(၂) သို့မဟုတ် (င) တို့တွင် ရည်ညွှန်းသည့် လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာတွင် ထိုသူ၏ပါတီခေါင်းဆောင်၏ ဆုံးဖြတ်ချက်က လွှမ်းမိုးသည်။

(ဂ) ဝန်ကြီးချုပ်၏ ပါတီဝင် ပုဂ္ဂိုလ်တစ်ဦး ပါဝင်ပတ်သက်သည့် ထိုပုဒ်မခွဲ၏ အပိုဒ် (ခ) သို့မဟုတ် (င) တွင် ရည်ညွှန်းသည့် လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာတွင် ဝန်ကြီးချုပ်၏ ဆုံးဖြတ်ချက်က လွှမ်းမိုးသည်။

(6) If any determination of portfolio allocations is varied under subsection (4)(c), the affected members must vacate their portfolios but are eligible, where applicable, for reappointment to other portfolios allocated to their respective parties in terms of the varied determination.

(7) Meetings of an Executive Council must be presided over by the Premier of the province.

(8) An Executive Council must function in a manner which gives consideration to the consensus-seeking spirit embodied in the concept of a government of national unity, as well as the need f or effective government.”.

**2. Section 136 of the new Constitution is deemed to contain the following additional subsections:**

“(3) Members of Executive Councils are accountable individually to the Premier and to the provincial legislature for the administration of their portfolios, and all members of the Executive Council are correspondingly accountable collectively for the performance of the functions of the provincial government and for its policies.

(4) Members of Executive Councils must administer their portfolios in accordance with the policy determined by the Council.

(5) If a member of an Executive Council fails to administer the portfolio in accordance with the policy of the Council, the Premier may require the member concerned to bring the administration of the portfolio into conformity with that policy.

(6) If the member concerned fails to comply with a requirement of the Premier under subsection (5), the Premier may remove the member from office after consultation with the member, and if the member is not a member of the Premier’s party or is not the leader of a participating party, also after consultation with the leader of that member’s party.”.

(၆) ပုဒ်မခွဲ (၄) (ဂ) အရ ရာထူးနေရာခွဲဝေမှုကို ဆုံးဖြတ်ချက်သည် အပြောင်းအလဲဖြစ်ပေါ်ပါက ပါဝင်ပတ်သက်သည့် အစိုးရအဖွဲ့ဝင်များသည် ၎င်းတို့၏ ရာထူးများမှ နုတ်ထွက်နိုင်သော်လည်း ၎င်းတို့၏ ပါတီများအတွက် ခွဲတမ်းပေးထားသော ရာထူးများတွင် အပြောင်းအလဲဖြစ်ပေါ်သည့်ဆုံးဖြတ်ချက်အရ ပြန်လည်ခန့်အပ်ခံရရန် အရည်အချင်းပြည့်မီသည်။

(၇) အုပ်ချုပ်ရေးအဖွဲ့ ၏ အစည်းအဝေးများကို သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးချုပ်က ကြီးမှူးရမည်။

(၈) အုပ်ချုပ်ရေးအဖွဲ့သည် ထိရောက်သော အစိုးရအုပ်ချုပ်ရေးဖြစ်ရန် လိုအပ်ချက်နှင့် အမျိုးသားညီညွတ်ရေး အစိုးရ၏အယူအဆကို ထင်ဟပ်သည့် သရုပ်သကန်ဖြင့် အများသဘောတူညီမှုရရှိရေးကို ထည့်သွင်းစဉ်းစားကာ တာဝန်ထမ်း ဆောင်ရမည်။"

၂။ **ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ပုဒ်မ ၁၃၆ တွင် အောက်ပါ ပုဒ်မခွဲများ ပါဝင်သည်ဟု မှတ်ယူရမည် -**

"(၃) ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များသည် ၎င်းတို့၏ ဝန်ကြီးဌာနများကို စီမံခန့်ခွဲမှုအတွက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ် ဥပဒေပြု လွှတ်တော်တို့အား တာဝန်ခံရမည်။ ပြည်နယ်အစိုးရ၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်းနှင့် ယင်း၏မူဝါဒများအတွက် ပြည်နယ်အစိုးရအဖွဲ့ဝင်များအားလုံး သည်စုပေါင်းတာဝန်ခံရမည်။

(၄) အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များသည် အဖွဲ့က ချမှတ်သည့်မူဝါဒ များနှင့်အညီ ဝန်ကြီးဌာနများကို စီမံခန့်ခွဲရမည်။

(၅) အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် တစ်ဦးသည် အဖွဲ့၏ မူဝါဒနှင့်အညီ ၎င်း၏ဝန်ကြီးဌာနကို စီမံခန့်ခွဲရန် ပျက်ကွက်ပါက ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါ မူဝါဒနှင့်အညီ ထိုဝန်ကြီးဌာနကို စီမံခန့်ခွဲရန် သက်ဆိုင်ရာ အဖွဲ့ဝင်အား တောင်းဆိုနိုင်သည်။

(၆) ပုဒ်မခွဲ (၅) အရ ဝန်ကြီးချုပ်၏တောင်းဆိုမှုကို အဆိုပါ အဖွဲ့ဝင်သည် လိုက်နာရန် ပျက်ကွက်ပါက အဆိုပါ အဖွဲ့ဝင်သည် ဝန်ကြီးချုပ်၏ ပါတီမှမဟုတ်လျှင်သော်လည်းကောင်း၊ အစိုးရအဖွဲ့တွင်ပါရှိသည့် ပါတီတစ်ခု၏ ခေါင်းဆောင်မဟုတ်လျှင် သော်လည်း ကောင်း၊ ထိုအဖွဲ့ဝင်နှင့် တိုင်ပင်ဆွေးနွေး၍ သို့မဟုတ် ထိုသူ၏ ပါတီ ခေါင်းဆောင်နှင့်လည်း တိုင်ပင်ဆွေးနွေးကာ ဝန်ကြီးချုပ်သည် ၎င်းအား တာဝန်မှ ဖယ်ရှားနိုင်သည်။

## ANNEXURE D

## Public Administration and Security Services: Amendments to Sections of the Previous Constitution

**1. The amendment of section 218 of the previous Constitution —**

(a) by replacing in subsection (1) the words preceding paragraph (a) with the following words:

"(1) Subject to the directions of the Minister of Safety and Security, the National Commissioner shall be responsible for—";

(b) by replacing paragraph (b) of subsection (1) with the following paragraph: "(b) the appointment of provincial commissioners;";

(c) by replacing paragraph (d) of subsection (1) with the following paragraph:

"(d) the investigation and prevention of organised crime or crime which requires national investigation and prevention or specialised skills;"; and

(d) by replacing paragraph (k) of subsection (1) with the following paragraph:

"(k) the establishment and maintenance of a national public order policing unit to be deployed in support of and at the request of the Provincial Commissioner;".

**2. The amendment of section 219 of the previous Constitution by replacing in subsection (1) the words preceding paragraph (a) with the following words:**

"(1) Subject to section 218(1), a Provincial Commissioner shall be responsible for—".

## နောက်ဆက်တွဲ ဃ

## အများပြည်သူ ဆိုင်ရာ စီမံခန့်ခွဲရေး နှင့် လုံခြုံရေး၊ ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မများကို ပြင်ဆင်ခြင်း

**၁။ ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၂၁၈ ကို အောက်ပါအတိုင်း ပြင်ဆင်သည် -**

(က) ပုဒ်မခွဲ (၁) အပိုဒ် (က) တွင်ပါဝင်သည့် စကားရပ်များကို အောက်ပါစကားရပ်ဖြင့် အစားထိုးရမည်။

"(၁) လုံခြုံရေးနှင့် ဘေးကင်းရေး ဝန်ကြီး၏ ညွှန်ကြားချက်နှင့်အညီ ရဲချုပ်သည် အောက်ပါကိစ္စရပ်များအတွက်တာဝန်ရှိသည်။"

(ခ) ပုဒ်မခွဲ (၁) ၏ အပိုဒ် (ခ) ကို အောက်ပါစာပိုဒ်ဖြင့် အစားထိုးသည်။

"(ခ)ပြည်နယ်ရဲချုပ်ခန့်အပ်ခြင်း"

(ဂ) ပုဒ်မခွဲ (၁) ၏ အပိုဒ် (ဃ) ကို အောက်ပါစာပိုဒ်ဖြင့် အစားထိုးသည်။

(ဃ) "ဂိုဏ်းဖွဲ့ကျူးလွန်သည့် မှုခင်းများ သို့မဟုတ် တစ်နိုင်ငံလုံးအတိုင်းအတာ ဖြင့် စုံစမ်းထောက်လှမ်းမှု နှင့် တားဆီးကာကွယ်မှု သို့မဟုတ် အထူးကျွမ်းကျင်မှုများ လိုအပ်သည့်မှုခင်းများကို စုံစမ်းထောက်လှမ်းခြင်းနှင့် တားဆီးကာကွယ်ခြင်း"

(ဃ) ပုဒ်မခွဲ (၁) ၏ အပိုဒ် (ငှ) ကို အောက်ပါစာပိုဒ်ဖြင့် အစားထိုးသည်။

"(ငှ) တနိုင်ငံလုံးငြိမ်ဝပ်ပိပြားမှု ထူထောင်ခြင်းနှင့် ထိန်းသိမ်းခြင်း ရဲလုပ်ငန်းအဖွဲ့ကို ပြည်နယ်ရဲချုပ်၏ တင်ပြတောင်းဆိုမှု၊ အားပေးကူညီမှုတို့ဖြင့် ဆောင်ရွက်ရမည်။

**၂။ ပုဒ်မခွဲ (၁) တွင် အပိုဒ် (က) တွင်ရှေ့မှ စကားရပ်များကို အောက်ပါ စကားရပ်များဖြင့် အစားထိုးကာ ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၂၁၉ ကို ပြင်ဆင်သည်။**

"(၁) ပုဒ်မ ၂၁၈ (၁) နှင့်အညီ ပြည်နယ်ရဲချုပ်သည် အောက်ပါကိစ္စရပ်များအတွက် တာဝန်ရှိသည်"

**3. The amendment of section 224 of the previous Constitution by replacing the proviso to subsection (2) with the following proviso:**

"Provided that this subsection shall also apply to members of any armed force which submitted its personnel list after the commencement of the Constitution of the Republic of South Africa, 993 (Act 200 of 1993), but before the adoption of the new constitutional text as envisaged in section 73 of that Constitution, if the political organisation under whose authority and control it stands or with which it is associated and whose objectives it promotes did participate in the Transitional Executive Council or did take part in the first election of the National Assembly and the provincial legislatures under the said Constitution.".

**4. The amendment of section 227 of the previous Constitution by replacing subsection (2) with the following subsection:**

"(2) The National Defence Force shall exercise its powers and perform its functions solely in the national interest in terms of Chapter 11 of the Constitution of the Republic of South Africa, 1996."

**5. The amendment of section 236 of the previous Constitution —**

(a) by replacing subsection (1) with the following subsection—

"(1) A public service, department of state, administration or security service which immediately before the commencement of the Constitution of the Republic of South Africa, 1996 (hereinafter referred to as "the new Constitution"), performed governmental functions, continues to function in terms of the legislation applicable to it until it is abolished or incorporated or integrated into any appropriate institution or is rationalised or consolidated with any other institution.";

၃။ **အောက်ပါပြဋ္ဌာန်းချက်ဖြင့် ပုဒ်မခွဲ (၂) ပါစည်းကမ်းချက်ကို အစားထိုးကာ ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၂၂၄ ကို ပြင်ဆင်သည်။**

"လက်နက်ကိုင်တပ်ဖွဲ့တစ်ခုကို ထိန်းချုပ်၍ ယင်းအဖွဲ့အပေါ် လုပ်ပိုင်ခွင့်အာဏာရသော သို့မဟုတ် လက်နက်ကိုင်အဖွဲ့နှင့် ဆက်စပ်သော နိုင်ငံရေးအဖွဲ့အစည်းသည် ၁၉၉၃ အခြေခံဥပဒေအရ အသွင်ကူးပြောင်းရေး အစိုးရအဖွဲ့ သို့မဟုတ် ပြည်သူ့ လွှတ်တော် ပထမဆုံး ရွေးကောက် တင်မြှောက်ရာတွင် ပါဝင်ဆောင်ရွက်မှုရှိပါက ၁၉၉၃ ခုနှစ် တောင်အာဖရိက သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၃ ခုနှစ် အက်ဥပဒေအမှတ် ၂၀၀) စတင်အာဏာတည်ပြီးနောက် ယင်း၏ဝန်ထမ်းအဖွဲ့စာရင်းကို တင်ပြသည့် လက်နက်ကိုင်တပ်ဖွဲ့များ၏ အဖွဲ့ဝင်တိုင်းသည် ထိုပုဒ်မခွဲတွင် အကြုံးဝင်သည့်တိုင် ထိုဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၃ တွင် ဖော်ပြသည့် အခြေခံဥပဒေသစ် ကျင့်သုံးမှုမတိုင်မီဖြစ်မှသာလျှင်"

၄။ **အောက်ပါ ပုဒ်မခွဲဖြင့် ပုဒ်မခွဲ (၂) ကိုအစားထိုးကာ ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၂၂၇ ကို ပြင်ဆင်သည်။**

"(၂) ၁၉၉၆ ခုနှစ် တောင်အာဖရိကသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁၁ အရ အမျိုးသား ကာကွယ်ရေးတပ်ဖွဲ့သည် အမျိုးသားအကျိုးစီးပွားအရသာ ယင်း၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်၍ လုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးရမည်"

၅။ **ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၂၃၆ ကိုအောက်ပါအတိုင်း ပြင်ဆင်သည်။**

(က) အောက်ပါ ပုဒ်မခွဲဖြင့် ပုဒ်မခွဲ (၁) ကို အစားထိုးသည်။

"(၁) (နောင်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဟု ရည်ညွှန်းမည်) ၁၉၉၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီ အစိုးရလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့သည့် ပြည်သူ့ဝန်ထမ်းအဖွဲ့၊ အစိုးရဝန်ကြီးဌာန၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးဝန်ထမ်းအဖွဲ့များသည် ယင်းတို့အတွက် အကြုံးဝင်သည့် ဥပဒေနှင့် အညီ ယင်းတို့ကို ဖျက်သိမ်းသည့်အချိန်ထိသော်လည်းကောင်း၊ သင့်လျော်သည့် အဖွဲ့အစည်း တစ်ခုအတွင်းသို့ ပေါင်းစပ်ဖွဲ့စည်းခြင်းဖြင့် သော်လည်းကောင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်းဖြင့်သော်လည်း ကောင်း၊ အခြား နှင့် ပေါင်းစပ်၍သော်လည်းကောင်း အစိုးရလုပ်ငန်းတာဝန် များကို ဆက်လက်ထမ်းဆောင်နိုင်သည်။"

(b) by replacing subsection (6) with the following subsection:

"(6) (a) The President may appoint a commission to review the conclusion or amendment of a contract, the appointment or promotion, or the award of a term or condition of service or other benefit, which occurred between 27 April 1993 and 30 September 1994 in respect of any person referred to in subsection (2) or any class of such persons.

(b) The commission may reverse or alter a contract, appointment, promotion or award if not proper or justifiable in the circumstances of the case."; and

(c) by replacing "this Constitution", wherever this occurs in section 236, with "the new Constitution".

## 6. The amendment of section 237 of the previous Constitution —

(a) by replacing paragraph (a) of subsection (1) with the following paragraph:

"(a) The rationalisation of all institutions referred to in section 236(1), excluding military forces referred to in section 224(2), shall after the commencement of the Constitution of the Republic of South Africa, 1996, continue, with a view to establishing—

(i) an effective administration in the national sphere of government to deal with matters within the jurisdiction of the national sphere; and

(ii) an effective administration for each province to deal with matters within the jurisdiction of each provincial government."; and

(b) by replacing subparagraph (i) of subsection (2)(a) with the following subparagraph:

"(i) institutions referred to in section 236(1), excluding military forces, shall rest with the national government, which shall exercise such responsibility in co-operation with the provincial governments;".

(ခ) အောက်ပါ ပုဒ်မခွဲဖြင့် ပုဒ်မခွဲ (၆) ကိုအစားထိုးသည်။

“(၆) (က) ပုဒ်မခွဲ (၂) တွင် ရည်ညွှန်းသည့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အခြားမည်သည့်ပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ ၁၉၉၃ ခုနှစ် ဧပြီလ ၂၇ ရက်မှ ၁၉၉၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်အတွင်း ပေါက်ပေါက်သည့် စာချုပ်စာတမ်းတစ်ရပ်ကို ချုပ်ဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ရာထူးခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ သတ်မှတ် လျော်ကြေး သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ် သို့မဟုတ် အခြားအကျိုးခံစားခွင့်တို့ကို ပေးအပ်ခြင်းတို့နှင့်စပ်လျဉ်း၍ သုံးသပ်လေ့လာရန် သမ္မတသည် ကော်မရှင်တစ်ခုကို ခန့်အပ်နိုင်သည်။

(ခ) ဖြစ်ရပ်၏အခြေအနေများအရ သင့်လျော်မှုနှင့် ကျိုးကြောင်းဆီလျော်မှုမရှိလျှင် စာချုပ်စာတမ်း၊ ရာထူးခန့်အပ်မှု၊ တိုးမြှင့်မှု၊ လျော်ကြေး စသည်တို့ကို ကော်မရှင်သည် ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မ ၂၃၆ တွင် လိုအပ်သည့်အခါတိုင်း “ဤဖွဲ့စည်းပုံအခြေခံဥပဒေ” ဟူသည့်စကားရပ်ကို “ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဟူသည့်စကားရပ်ဖြင့် အစားထိုးသည်။

**၆။ ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၂၃၇ ကို အောက်ပါအတိုင်း ပြင်ဆင်သည်။**

(က) ပုဒ်မခွဲ (၁) ၏ အပိုဒ် (က) ကို အောက်ပါစာပိုဒ်ဖြင့် အစားထိုးသည်။

‘(က) ပုဒ်မ ၂၂၄ (၂) တွင် ရည်ညွှန်းသည့် စစ်ဘက်လက်နက်ကိုင်တပ်များမှအပ ပုဒ်မ ၂၃၆ (၁)တွင် ရည်ညွှန်းသည့် အဖွဲ့အစည်းအားလုံးအား ပြင်ဆင်ဖွဲ့စည်းခြင်းကို ၁၉၉၆ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်အာဏာတည်ပြီးနောက် အောက်ပါကိစ္စရပ်များကို ထူထောင်ရန် ဆက်လက်ကျင့်သုံး ရမည်။

(၁) နိုင်ငံ အစိုးရအဆင့်တွင် ယင်းအဆင့်၏ စီရင်ဆုံးဖြတ်ပိုင်ခွင့်အတွင်းကျရောက်သည့် အရေးကိစ္စများကို ကိုင်တွယ်ဆောင်ရွက်ရန်ထိရောက်သောအုပ်ချုပ်ရေး

(၂) ပြည်နယ်အစိုးရအဖွဲ့ တစ်ဖွဲ့ချင်းစီ၏ စီရင်ဆုံးဖြတ်ပိုင်ခွင့်အတွင်း ကျရောက်သည့် အရေးကိစ္စများကို ကိုင်တွယ်ဆောင်ရွက်ရန် ပြည်နယ်တစ်ခုချင်းစီ အတွက် ထိရောက်သော အုပ်ချုပ်ရေး

(ခ) ပုဒ်မခွဲ (၂) (က) ၏ အပိုဒ်ခွဲ (i) ကို အောက်ပါ အပိုဒ်ခွဲဖြင့် အစားထိုးသည်။

“(၁) လက်နက်ကိုင်စစ်တပ်များမှအပ နိုင်ငံ အစိုးရလက်အောက်ရှိ ပုဒ်မ ၂၃၆ (၁) တွင်ရည်ညွှန်းသည့် အဖွဲ့အစည်းများသည် ပြည်နယ်အစိုးရအဖွဲ့များနှင့်အတူ ပူးပေါင်းဆောင်ရွက်ကာ တာဝန်ယူ ဆောင်ရွက်ရမည်”

**7. The amendment of section 239 of the previous Constitution by replacing subsection (4) with the following subsection:**

"(4) Subject to and in accordance with any applicable law, the assets, rights, duties and liabilities of all forces referred to in section 224(2) shall devolve upon the National Defence Force in accordance with the directions of the Minister of Defence.".

**၇။ ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၂၃၉ အား ပုဒ်မခွဲ (၄) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုး၍ ပြင်ဆင်သည်။**

"(၄) အာဏာသက်ရောက်မှုရှိသည့် သက်ဆိုင်ရာ ဥပဒေများ၊ ကာကွယ်ရေးဝန်ကြီး၏ ညွှန်ကြားချက်များနှင့်အညီ ပုဒ်မ ၂၂၄ (၂) တွင်ရည်ညွှန်းသည့် တပ်ဖွဲ့များ၏ ပိုင်ဆိုင်မှု၊ ရပိုင်ခွင့်၊ တာဝန်နှင့် ဝတ္တရားများကို အမျိုးသားကာကွယ်ရေးတပ်ဖွဲ့သို့ လွှဲအပ်သည်။

## SCHEDULE 6A

[Schedule 6A inserted by s. 6 of Constitution Tenth Amendment Act of 2003 and repealed by s. 6 of the Constitution Fourteenth Amendment Act of 2008.]

## ဇယား ၆က

[ဇယား ၆(က) *အား ၂၀၀၃ ခုနှစ်* စည်းပုံအခြေခံဥပဒေ ဒသမကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ *ပုဒ်မ ၆ အရ ထည့်သွင်းခဲ့ပြီး* ၂၀၀၈ *ခုနှစ်* စည်းပုံအခြေခံဥပဒေ ၁၄ ကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ *ပုဒ်မ ၆ အရ ပယ်ဖျက်ခဲ့သည်။*]

## SCHEDULE 6B

[Schedule 6B, previously Schedule 6A, inserted by s. 2 of the Constitution Eighth Amendment Act of 2002, amended by s. 5 of the Constitution Tenth Amendment Act of 2003, renumbered by s. 6 of the Constitution Tenth Amendment Act of 2003 and repealed by s. 5 of the Constitution Fifteenth Amendment Act of 2008.]

ဇယား ၆ခ

[ယခင်က ဇယား ၆ (က) ဖြစ်သည့် ဇယား ၆(ခ) *အား ၂၀၀၂ ခုနှစ်* စည်းပုံအခြေခံဥပဒေ အဋ္ဌမကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ *ပုဒ်မ ၂ အရ ထည့်သွင်းခဲ့ပြီး ၂၀၀၃ ခုနှစ်* စည်းပုံအခြေခံဥပဒေ ဒသမကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ *ပုဒ်မ ၅ အရ* ပြင်ဆင်ခဲ့ပြီး ၊ *ပုဒ်မ ၆ အရ ပုဒ်မ နံပါတ်ပြောင်းလဲခဲ့သည်။* ၂၀၀၈ *ခုနှစ်* စည်းပုံအခြေခံဥပဒေ ၁၄ ကြိမ်မြောက် ပြင်ဆင်ချက်အက်ဥပဒေ *ပုဒ်မ ၅ အရ ပယ်ဖျက်ခဲ့သည်။*]

## SCHEDULE 7

# LAWS REPEALED

| NUMBER AND YEAR OF LAW | TITLE |
|---|---|
| Act No. 200 of 1993 | Constitution of the Republic of South Africa, 1993 |
| Act No. 2 of 1994 | Constitution of the Republic of South Africa Amendment Act, 1994 |
| Act No. 3 of 1994 | Constitution of the Republic of South Africa Second Amendment Act, 1994 |
| Act No. 13 of 1994 | Constitution of the Republic of South Africa Third Amendment Act, 1994 |
| Act No. 14 of 1994 | Constitution of the Republic of South Africa Fourth Amendment Act, 1994 |
| Act No. 24 of 1994 | Constitution of the Republic of South Africa Sixth Amendment Act, 1994 |
| Act No. 29 of 1994 | Constitution of the Republic of South Africa Fifth Amendment Act, 1994 |
| Act No. 20 of 1995 | Constitution of the Republic of South Africa Amendment Act, 1995 |
| Act No. 44 of 1995 | Constitution of the Republic of South Africa Second Amendment Act, 1995 |
| Act No. 7 of 1996 | Constitution of the Republic of South Africa Amendment Act, 1996 |
| Act No. 26 of 1996 | Constitution of the Republic of South Africa Third Amendment Act, 1996 |

ဇယား ၇

ပယ်ဖျက်ပြီး ဥပဒေများ

| ဥပဒေအမှတ်နှင့် နှစ်ကာလ | ဥပဒေ၏ အမည် |
|---|---|
| ၁၉၉၃ ခုနှစ် အက်ဥပဒေအမှတ် ၂၀၀ | ၁၉၉၃ ခုနှစ် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ |
| ၁၉၉၄ ခုနှစ် အက်ဥပဒေအမှတ် ၂ | ၁၉၉၄ ခုနှစ် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ |
| ၁၉၉၄ ခုနှစ် အက်ဥပဒေအမှတ်၃ | ၁၉၉၄ ခုနှစ် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ |
| ၁၉၉၄ ခုနှစ် အက်ဥပဒေအမှတ်၁၃ | ၁၉၉၄ ခုနှစ် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ |
| ၁၉၉၄ ခုနှစ် အက်ဥပဒေအမှတ်၁၄ | ၁၉၉၄ ခုနှစ် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ |
| ၁၉၉၄ ခုနှစ် အက်ဥပဒေအမှတ်၂၄ | ၁၉၉၄ ခုနှစ် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆဋ္ဌမအကြိမ် ပြင်ဆင်သည့်ဥပဒေ |
| ၁၉၉၄ ခုနှစ် အက်ဥပဒေအမှတ်၂၉ | ၁၉၉၄ ခုနှစ် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေ |
| ၁၉၉၅ ခုနှစ် အက်ဥပဒေအမှတ် ၂၀ | ၁၉၉၅ ခုနှစ် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ |
| ၁၉၉၅ ခုနှစ် အက်ဥပဒေအမှတ်၄၄ | ၁၉၉၅ ခုနှစ် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ |
| ၁၉၉၆ ခုနှစ် အက်ဥပဒေအမှတ်၇ | ၁၉၉၆ ခုနှစ် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ |
| ၁၉၉၆ ခုနှစ် အက်ဥပဒေအမှတ် ၂၆ | ၁၉၉၆ ခုနှစ် တောင်အာဖရိကသမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ |

# INDEX

## (Please note: the figures after the entries refer to section numbers)

Anthem, 4
Auditor-General, 181, 188
Bill of Rights—
Access to courts, 34
Access to information, 32
Application, 8
Arrested, detained and accused persons, 35
Assembly, demonstration, picket and petition, 17
Children, 28
Citizenship, 20
Cultural, religious and linguistic communities, 31
Education, 29
Enforcement of rights, 38
Environment, 24
Equality, 9
Freedom and security of the person, 12
Freedom of association, 18
Freedom of expression, 16
Freedom of movement and residence, 21
Freedom of religion, belief and opinion, 15
Freedom of trade, occupation and profession, 22
Health care, food, water and social security, 27
Housing, 26
Human Dignity, 10
Interpretation, 39
Just administrative action, 33
Labour relations, 23
Language and culture, 30

နောက်ဆက်တွဲ
(စာရင်းများနောက်ရှိ နံပါတ်စဉ်များသည် ပုဒ်မ နံပါတ်များကို ရည်ညွှန်းကြောင်း ဂရုပြုရပါမည်)

နိုင်ငံတော်သီးချင်း - ၄
စာရင်းစစ်ချုပ် - ၁၈၁၊ ၁၈၈
နိုင်ငံသားအခွင့်အရေးများ -
    တရားရုံးများသို့ လက်လှမ်းမီခြင်း - ၃၄
    သတင်းအချက်အလက်များ ရရှိစေခြင်း
    လျှောက်ထားခြင်း - ၈
    ဖမ်းစီးခြင်း၊ ချုပ်နှောင်ခြင်း နှင့် စွပ်စွဲခြင်းခံရသူ - ၃၅
    စုဝေးခြင်း၊ ဆန္ဒဖော်ထုတ်ခြင်း၊ ဆန္ဒပြသူ နှင့် အသားနားခံလွှာ - ၁၇
    ကလေးသူငယ် - ၂၈
    ယဉ်ကျေးမှု၊ ဘာသာရေးနှင့် ဘာသာစကားဆိုင်ရာ လူမှုအသိုင်းအဝန်းများ - ၃၁
    ပညာရေး - ၂၉
    အခွင့်အရေးများကျင့်သုံးခြင်း - ၃၈
    သဘာဝပတ်ဝန်းကျင် - ၂၄
    သာတူညီမျှမှု - ၉
    လွတ်လပ်ခွင့် နှင့် လူတစ်ဦး၏ လုံခြုံရေး - ၁၂
    လွတ်လပ်စွာ စုဝေးခွင့် - ၁၈
    လွတ်လပ်စွာဖော်ထုတ်ခွင့် - ၁၆
    လွတ်လပ်စွာ ရွှေ့ပြောင်းနေထိုင်ခွင့် - ၂၁
    လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ယုံကြည်ခွင့် နှင့် ထင်မြင်ယူဆခွင့် - ၁၅
    ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာ၊ ရေ နှင့် လူမှု လုံခြုံရေး - ၂၇
    အိုးအိမ်နေရာထိုင်ခင်း - ၂၆
    လူဂုဏ်သိက္ခာ - ၁၀
    ဘာသာပြန်ဆိုခြင်း - ၃၉
    တရားမျှတသော စီမံအုပ်ချုပ်မှု - ၃၃
    အလုပ်သမား ဆက်ဆံရေးများ - ၂၃
    ဘာသာစကားနှင့် ယဉ်ကျေးမှု - ၃၀

Life, 11
Limitation of rights, 36

Political rights, 19
Privacy, 14
Property, 25
Slavery, servitude and forced labour, 13
States of emergency, 37
Broadcasting, Independent Authority to Regulate, 181, 192
Budget, 215
Central Bank, 223 - 225
Co-operative Government, 41
Citizenship, 3
Cabinet, 91 - 99, 101, 102
Commission for Gender Equality, 181, 187
Commission for the Promotion and Protection of the Rights of Cultural, Religious and Linguistic Communities, 181, 185, 186
Conflicting Laws, 146 - 150
Courts—
Constitutional Court, 167
Court procedures, 171
High Court of South Africa, 169
Inherent power, 173
Other courts, 170
Powers of courts in constitutional matters, 172
Supreme Court of Appeal, 168
Defence, 200 - 204
Electoral Commission, 181, 190, 191
Election procedures for Constitutional office-bearers, Schedule 3, Part A
Executive authority—
The Provinces, 125
The Republic, 85
Executive Councils, Provincial, 132 -141

အသက်ရှင်သန်ခွင့် - ၁၁
အခွင့်အရေးများ ကန့်သတ်ခြင်း - ၃၉

နိုင်ငံရေးအခွင့်အရေးများ - ၁၉
ပုဂ္ဂိုလ်ရေး အနှောင့်အယှက်ကင်းရာ - ၁၄
ပိုင်ဆိုင်မှု - ၂၅
ကျွန်ပြုမှု၊ ခိုင်းဖက်ပြုခြင်း နှင့် အဓမ္မခိုင်းစေခြင်း- ၁၃
အရေးပေါ်အခြေအနေ - ၃၇
သတင်းထုတ်လွှင့်ခြင်း၊ စည်းကြပ်ရန် လွတ်လပ်သော အာဏာပိုင်အဖွဲ့ - ၁၈၁၊ ၁၉၂
ဘဏ္ဍာငွေ - ၂၁၅
ဗဟိုဘဏ် - ၂၂၃- ၂၂၅
ပူးပေါင်းဆောင်ရွက်ရေး အစိုးရ - ၄၁
နိုင်ငံသားဖြစ်ခွင့် - ၃
ဝန်ကြီးများအဖွဲ့ - ၉၁ - ၉၉၊ ၁၀၁၊ ၁၀၂
ကျား၊မ သာတူညီမျှရေး ကော်မရှင် - ၁၈၁၊ ၁၈၇
ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု နှင့် ဘာသာစကားဆိုင်ရာ လူမှုအသိုင်းအဝန်းများ၏ အခွင့်အရေးများကို ကာကွယ်ရေးနှင့် မြှင့်တင်ရေး ကော်မရှင် - ၁၈၁၊ ၁၈၅၊ ၁၈၆
နိုင်ငံခြားနှင့် နီးနွယ်သော အမှုကို ပြည်တွင်းတရားရုံးမှ စစ်ဆေးရာတွင် အသုံးပြုသော ဥပဒေ - ၁၄၆ - ၁၅၀
တရားရုံးများ -
ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး - ၁၆၇
တရားရုံး လုပ်ထုံးလုပ်နည်းများ - ၁၇၁
တောင်အာဖရိကနိုင်ငံ၏ တရားလွှတ်တော် - ၁၆၉
ရုံးမြဲလုပ်ကိုင်ခွင့် အာဏာများ - ၁၇၃
အခြားတရားရုံးများ - ၁၇၀
ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များတွင် တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများ - ၁၇၂
အယူခံပိုင်ခွင့်ရှိသည့် တရားလွှတ်တော်ချုပ်ရုံး - ၁၆၈
ကာကွယ်ရေး - ၂၀၀ - ၂၀၄
ရွေးကောက်ပွဲကော်မရှင် - ၁၈၁၊ ၁၉၀၊ ၁၉၁
ဖွဲ့စည်းပုံအရ ခန့်အပ်ထားသည့် တဝန်ခံများအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်း - ဇယား ၃၊ အပိုင်း က
အုပ်ချုပ်ရေးအာဏာပိုင် -
ပြည်နယ်များ - ၁၂၅
သမ္မတနိုင်ငံတော် - ၈၅

အုပ်ချုပ်ရေးကောင်စီများ - ပြည်နယ် - ၁၃၂-၁၄၁

Finance, National, 213, 214, 216, 217

Finance, Provincial and local, 226 - 230
Financial and Fiscal Commission, 220 - 222
Flag, 5
Funding for political parties, 236
South African Human Rights Commission, 181, 184
Independent Authority to Regulate Broadcasting, 192
Intelligence, 209, 210
International Law, 231 - 233
Judicial Authority, 165
Judicial officers, 174 - 177
Judicial Service Commission, 178
Judicial system, 166
Languages, 6
Law-making, 73 - 82
Legislative Authority, 43, 44
Local government, 152, 163
Municipalities, 151 - 164
National Assembly—
    Composition and election, 46
    Decision, 53
    Evidence or information before National Assembly, 56
    Powers, 55
    Public access, 59
National Council of Provinces—
    Allocation of delegates, 61
    Composition, 60
    Decisions, 65
    Evidence or information before National Council, 69
    Participation by local government representatives, 67
    Party participation in provincial delegations, Schedule 3, Part B
    Permanent delegates, 62
    Powers, 68

ဘဏ္ဍာရေး၊ ပြည်နယ် နှင့် ဒေသန္တရ အဆင့် - ၂၂၆ - ၂၃၀
ဘဏ္ဍာရေးနှင့် အခွန်တော်ဆိုင်ရာ ကော်မရှင် - ၂၂၀ - ၂၂၂
အလံတော် - ၅
နိုင်ငံရေးပါတီများအား ငွေကြေးထောက်ပံ့မှု - ၂၃၆
တောင်အာဖရိက လူ့အခွင့်အရေး ကော်မရှင် ၁၈၁၊ ၁၈၄
ရုပ်သံထုတ်လွှင့်မှုများကို စည်းကြပ်ရန် လွတ်လပ်သော အာဏာပိုင်အဖွဲ့ ၁၉၂
ထောက်လှမ်းရေး - ၂၀၉၊ ၂၁၀
နိုင်ငံတကာဥပဒေ - ၂၃၁၊ ၂၃၃
တရားရေးလုပ်ပိုင်ခွင့်အာဏာ - ၁၆၅
တရားရေးအရာရှိ - ၁၇၄ - ၁၇၇
တရားရေးရာ ဝန်ထမ်းခန့်အပ်ရေး ကော်မရှင် - ၁၇၈
တရားစီရင်ရေးစနစ် - ၁၆၆
ဘာသာစကားများ - ၆
ဥပဒေပြုခြင်း - ၇၃ - ၈၂
ဥပဒေပြုရေး လုပ်ပိုင်ခွင့်အာဏာ - ၄၃၊ ၄၄
ဒေသန္တရ အစိုးရ - ၁၅၂၊ ၁၆၃
စီပင်သာယာရေးနယ်မြေများ - ၁၅၁ - ၁၆၄
ပြည်သူ့လွှတ်တော်
ဖွဲ့စည်းမှုနှင့် ရွေးကောက်တင်မြှောက်မှု- ၄၆
ဆုံးဖြတ်ချက် - ၅၃
ပြည်သူ့လွှတ်တော်သို့ တင်ပြသည့် အထောက်အထား (သို့မဟုတ်) သတင်းအချက်အလက် - ၅၆
လုပ်ပိုင်ခွင့်အာဏာ - ၅၅
အများပြည်သူမှ လက်လှမ်းမီနိုင်မှု - ၅၉
ပြည်နယ်များဆိုင်ရာ အမျိုးသားလွှတ်တော်
ကိုယ်စားလှယ်များ ခွဲဝေချထားမှု - ၆၁
ဖွဲ့စည်းမှု - ၆၀
ဆုံးဖြတ်ချက် - ၆၅
ပြည်နယ်များဆိုင်ရာ အမျိုးသာလွှတ်တာ်သို့ တင်ပြသည့် အထောက်အထား (သို့မဟုတ်) သတင်းအချက်အလက် - ၆၉
ဒေသန္တရ အစိုးရ ကိုယ်စားလှယ်များ၏ ပါဝင်မှု - ၆၇
ပြည်နယ်ကိုယ်စားလှယ်များတွင် ပါတီများ ပါဝင်မှု - ဇယား ၃၊ အပိုင်း (၁)
အမြဲတမ်းကိုယ်စားလှယ်များ - ၆၂
လုပ်ပိုင်ခွင့်အာဏာများ - ၆၈

Public access, 72
Parliament, 42
Police, 205 - 208
Premiers, 127 - 130
President, 83 - 89
Prosecuting authority, 179
Provinces, 103
Provincial Constitutions, 142 - 145
Provincial Legislatures, 104 - 121
Application by members to Constitutional Court, 122
Permanent delegates' rights, 113
Public access, 118
Public Administration, 195
Public Service Commission, 196
Public Service, 197
Public Protector, 181, 182
Security Services, 198, 199
Self-determination, 235
Supremacy of the Constitution, 2
Traditional leaders, 211, 212

အများပြည်သူမှ လက်လှမ်းမီမှု - ၇၂
လွှတ်တော် - ၄၂
ရဲ - ၂၀၅ - ၂၀၈
ဝန်ကြီးချုပ်များ - ၁၂၇ - ၁၃၀
သမ္မတ - ၈၃ - ၈၉
အစိုးရရှေ့နေများ- ၁၇၉
ပြည်နယ်များ - ၁၀၃
ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေ - ၁၄၂ - ၁၄၅
ပြည်နယ်လွှတ်တော်များ - ၁၀၄ - ၁၂၁
ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးသို့ ကိုယ်စားလှယ်များ၏ လျှောက်ထားချက် - ၁၂၂
အမြဲတမ်း ကိုယ်စားလှယ်များ၏ အခွင့်အရေးများ - ၁၁၃
အများပြည်သူမှ လက်လှမ်းမီမှု - ၁၁၈
ပြည်သူ့အုပ်ချုပ်ရေးစနစ် - ၁၉၅
ပြည်သူ့ဝန်ထမ်းကော်မရှင် - ၁၉၇
ပြည်သူ့ဝန်ဆောင်မှု - ၁၉၇
အများပြည်သူကာကွယ်စောင့်ရှောက်ရေးအဖွဲ့ - ၁၈၁၊ ၁၈၂
လုံခြုံရေးဝန်ဆောင်မှု - ၁၉၈၊ ၁၉၉
ကိုယ်ပိုင်ပြဋ္ဌာန်းခြင်း - ၂၃၅
ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အထွဋ်အထိပ်ဖြစ်မှု - ၂
ရိုးရာ ခေါင်းဆောင်များ - ၂၁၁၊ ၂၁၂

The translation of the Constitution of South Africa is supported by the Ministry of Foreign Affairs of Norway, the Grand Duchy of Luxembourg, the Ministry of Foreign Affairs of Finland and Sweden.